မဟိဒ္ဓိစာပေ

www.burmeseclassic.com

# ပြစ်မှု

မဂ္ဂဇင်း



- မန္တလေးမြို့မှ ကျားကြီးကျော်ညွန့် စားပြဂိုဏ်း (စာ-၄၁)
- ခင်မောင်ထွန်း(လမ်းမတော်)ရဲ့ အချစ်ကြီးတော့ အမျက်ကြီးတယ် (စာ-၄၆)
- ပဲ့ခွလက်ပြောတဲ့ ခြေနှစ်ဖက်ပြတ် လေသူရဲ (စာ-၇၀)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၁၉၆၀ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

# ပြစ်မှု

## မဂ္ဂဇင်း

# မာတိကာ

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ အမှတ်(၂၁၅)

BURMESE CLASSIC .com

## ကဗျာ ပြစ်မှု

ခက်လှိုင်းကျော်၊ မျှုးအိမ်ဇင်၊ ရွှေညာခိုင်စိုး။ တင်မိခိုင်၊ ဒေဝင်းလွင်၊ နန္ဒာမိုးကြယ်၊ နေရဲချို၊ ရဲဘော်ကျော်ဆန်း။

## ကာတွန်း ပြစ်မှု

မြေဇာ၊ မြင့်သန်း(မက်လာဒုံ)၊ Un Htoo Zaw၊ မြေရိုင်း၊ ရာဇာသာစည်၊ ရန်ကြီးအောင်၊ ကိုငယ်၊ သူရိန်။

## စာပေသုခမ သတင်းလွှာ

ပြစ်မှုစာအုပ်စင်
ကသစ်နီ ---------- ၂၅
သုခမသတင်းလွှာ
အမ်ကေ ---------- ၂၇

## ဥပဒေ ပြစ်မှု

ကင်းလွတ်ခွင့်နှင့် ခြွင်းချက်
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ---------- ၆၅
အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးစောလှိုင် ---------- ၈၅
မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ(၂)
စလင်း-ဦးအောင်သိန်း ---------- ၂၂၉

## ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ
ကိုရွှေတောသား ---------- ၂၉

www.burmeseclassic.com

www.burmeseclassic.com

## ရသ ပြစ်မှု


အချစ်ကြီးတော့ အမျက်ကြီးတယ်လို့ ဆိုရမှာလား
ခင်မောင်ထွန်း(လမ်းမတော်) ---------- ၄၆
ကွင်းပိုင်ကြီး
ခင်မောင်အေး(မန္တလေး) ---------- ၁၁၆
ကျောက်မြင်းရှင်ဘဘ
တာတေကြီး ---------- ၁၂၂
အဆိုးဝါးဆုံး တိုက်ဆိုင်မှု
ဗဟိုစော ---------- ၁၂၈
ရန်ငြိုးရန်စ
ဝင်းသောင်(ရမည်းသင်း) ---------- ၁၃၄
ခေတ်ဟောင်းကခရိနီ ရှင်းလင်းသုတ်သင်ပွဲ
ဇကျော်မင်းနိုင် ---------- ၁၆၀
လူသတ်မှုတစ်ခုနှင့် နောက်ဆက်တွဲ
ဇအောင်မြတ်ဦး ---------- ၁၈၄
ပန်းနိုင်အားပါဘူးလေ
ဝေအီကို ---------- ၁၉၀
ဆိတ်ကွယ်ရာမဲ့ရပ်ဝန်း
ဒါရိုက်တာမျိုးဇော်အောင် ---------- ၁၉၄
ငှက်ဖိုးတစ်ထောင်
ဒေါင်းနွယ် ---------- ၂၀၀
အကျင့်ဆိုး
ညွန့်မောင်ဦး ---------- ၂၀၆
အလွတ်စုံထောက်မြဒင်နှင့် အပေါက်ကျဉ်း
ဇော်မော်လင်း ---------- ၂၀၀
ငါးရာ့ငါး(ခ)
ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ) ---------- ၂၂၀
မဟူရာညစ်၏ ကြေကွဲပုံရိပ်
အောင်သာကျော် ---------- ၂၂၄
ဘဘ
ချိုသာ ---------- ၂၃၄
ဒေါ်သကပေးသော ကလေးများ
ဝင်းဇော်(သုံးဆယ်) ---------- ၂၃၈
သတင်းထောက်ဒီပဇော်နှင့် ကျားသစ်ဖြူ
ဗညားဦး(အိမ်မဲ) ---------- ၂၄၆
မြိုင်သာယာမှ ကျိန်စာရှင်
ဘိုဘို(ရွှေကံကူ) ---------- ၂၅၄
အမှောင်ခဏ ငါ့ဘဝ
မင်းရဲကျော် ---------- ၂၆၆


## နိုင်ငံရပ်ခြား ရသပြစ်မှု


ခြေနှစ်ဖက်ပြတ် လေသူရဲ
ပဥ္စလက် ---------- ၇၀
အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
လှမိုး(ပညာရေး) ---------- ၉၃
တည်ကြက်
ဘနှင်း(မြန်မာပြန်) ---------- ၁၃၄


## နိုင်ငံရပ်ခြားသတင်းပြစ်မှု


သေမှုသေခင်းမှ လွတ်မြောက်သူ
မောင်ကောင်းယဉ် ---------- ၄၅
နျူကလီးယားပြာများ တရားမဝင်စွန့်ပစ်၍ တရားစွဲဆို
ညှိုမင်းလွင်(မော်ကျွန်း) ---------- ၄၅
၄၄ နှစ် ကြာသည့်တိုင် မဖော်ထုတ်နိုင်သောငွေများကို
အေးမားပြတိုက်မှု


ရုရှားအကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့က
စစ်သွေးကြွများကို ချေမှုန်း

အိုးအိမ် ၅၀၀ ကျော် ပါသွားသည့် မီးပေါ့ဆမှု

လူသေမှုနှင့် လူသတ်မှု ဘယ်လိုခွဲခြားမလဲ

ခက်ခဲကျဉ်းမြောင်းသည့် တောင်ကြားလမ်းအန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com

ပေါက်ကွဲအားပြင်းသော ခါးပတ်အသေခံဗုံး
ညိုမင်းလွင်(မော်ကျွန်း)------------------------ ၂၃၃
USA တွင် အသက် ၂၁ နှစ်ရှိမှ ဆေးလိပ်ဖွာခွင့်ရှိ
ညိုမင်းလွင်(မော်ကျွန်း)------------------------ ၂၄၄
သားကောင်ဖြစ်သွားတဲ့ မုဆိုး
ကေတီအောင်သိန်း ------------------------ ၂၄၄
ကာကွတ်မြို့ရှိ ဟိုက်ဗလီအယ်လ်ကိုင်ဒါးဗုံးခွဲ
ညိုမင်းလွင်(မော်ကျွန်း)------------------------ ၂၄၅

## အခန်းဆက် ရသပြစ်မှု

ထောင်မှူးများ အလိုရှိသည်(၇၇)
ဗဟိုစော ------------------------------------ ၈၈
သိဒ္ဓိရှင်နေအေး(၇)
ကျော်မြသန်း------------------------------ ၉၆
ကြမ္မာငင် လင်မယား(ဇာတ်သိမ်း)
လှအောင် ------------------------------------ ၁၀၄
ယမ်းဘီလူးအောင်ဒင်နှင့် နှင်းဆီမမ(၁)
ရွှေမြိတ်သောင်းတင် ------------------------ ၁၄၈
တန်းမြင့်ဂျင်(ဇာတ်သိမ်းပိုင်း)
ပဥ္စလက် ------------------------------------ ၁၅၈
ဆင်ရိုင်းမောင်မောင်နှင့် ရေဘဝဲအမှုကြီး(၂)
မောင်မောင်(မြန်မာပြည်)--------------------- ၁၆၆

အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး
**လာဘ်မိုးဖွေ စာပေ**
အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

## တစ်မျက်နှာ ပြစ်မှု

ပိုက်မင်းဝေ၊ ကိုကိုသန်းဝင်း(တမာရွက်ပြုတ်)၊ ဆဲလ်ကျော့နိုင်၊ မှုခင်းသတင်းထောက်စိုးအောင်၊ ကိုရွှေတောသား၊ မောင်မြင့်မား(ဘိုကလေး)၊ ရှစ်ခွင်ကျော်(ဖောင်တော်သီ)၊ သျှက်ပြုံး(မြန်မာစာ)၊ အောင်ကြီးကြီးအောင်။

## ဆောင်းပါး ပြစ်မှု

အရှုးများ
ရွှေရိုး ------------------------------------ ၃၇
ကုသိုလ်ရယ် ကယ်ပေလို့
စန်းမြင့်အောင်(ရေကျော်) -------------------- ၃၉

## ဗေဒင် ပြစ်မှု

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုနွယ် -------------------- ၂၇၂

## ပြည်တွင်းသတင်း ပြစ်မှု

ကျွန်ုပ်နှင့် ကျားကြီးကျော်ညွန့်မှုခင်းသတင်း
ကိုမောင်သန်းဝင်း ---------------------------- ၄၁

မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - အလင်းရောင်၊ မယု(သင်းနိုင်)၊ အောင်မျိုးသန့်၊ တင်မိုးခိုင်။
စာအုပ်ချုပ် - ရှကီး(၁၁၄) လမ်း။
အတွင်းပန်းချီ - ကေလတ်၊ MK၊ ပညတ်၊ ဖိုးအောင်၊ စကျွ၊ ရဲရင့်နိုင်၊ ကျော်ဝင်းမောင်၊ သန့်ဇော်သစ်၊ လှသစ်အောင်၊ ကျော်ဦး၊ စိုးလွင်အောင်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...မမလေးကလည်း
ဒီလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ၊
ရဲကိုအကြောင်းကြားရင်
မမလေးကို အမှုပတ်မှာပေါ့"

ခင်မောင်ထွန်း(လမ်းမတော်) —— ၄၆



"ရန်သူကို တိုက်တဲ့အခါမှာ
အကောင်းဆုံးနည်းဟာ
ကျုပ်တို့က စုပြီး
ဝိုင်းပစ်တဲ့ နည်းတစ်နည်းပဲရှိတယ်"

ပဥ္စလက် —— ၇၀



"စိတ်တော့မရှိပါနဲ့ အဘရယ်
ကျွန်တော် သိချင်တာလေး မေးပါရစေ
အဘမှာ သားထောက်သမီးခံတွေ
မရှိဘူးလား"

ကျော်မြသန်း —— ၉၆



"ဩော်...ဒါနဲ့
ဒီခရစ္စမတ် တစ်နေရာရာများ
ခရီးထွက်ဦးမလား
မစွစ် ဘရှုးဝါးရေ..."

လူအောင် —— ၁၀၄

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီလေ...
ဆတ်ပေါက်တစ်ကောင်ဆိုလည်း
မရှုံးပါဘူး၊ အမဲက
တစ်ချက်တည်းနဲ့ ကိစ္စပြတ်သွားပြီ"

ခင်မောင်အေး(မန္တလေး) ———————— ၁၁၆

BURMESE CLASSIC .com



"ကျွန်တော်က ဆရာလေး
ကျောက်မြင်းရှင်နဲ့ တွေ့သွားပြီထင်တာ၊
ဆရာလေးကို ဒီတောထဲ
မသွားပါနဲ့ ပြောသားပဲ"

တာတေကြီး ———————— ၁၂၂



"ကဲ...ဒီလောက်ဆိုရင်
၄ ဂဏန်းရဲ့ အတွင်းသဘောကို
မောင်ရင် နားလည်လောက်ပြီ ထင်ပါရဲ့၊
တစ်ခုတော့ရှိတယ်..."

ဗဟိုစော ———————— ၁၂၈



"အေး...
အမေ သဘောပေါက်ပြီ ငြိမ်းမောင်၊
ရန်ငြိုးရန်စ ရှိနေကြရင်တော့
ခံကြရဦးမှာပေါ့ကွယ်"

ဝင်းသောင်(ရမည်းသင်း) ———————— ၁၃၄

www.burmeseclassic.com

www.burmeseclassic.com



"ပဲရူးကို ဟုတ်လား၊
ကားလမ်းက သိပ်မအေးလှဘူးနော်၊
ကျွန်းကလေးတာဆိုမှာ
တိုက်ပွဲတွေဖြစ်ထားတာ မကြာသေးဘူး"

ကျော်မင်းနိုင် ——— ၁၄၀



"ဘယ်လိုလဲ ဖိုးအောင်ဒင်၊
ဘာတွေများ အခက်တွေ့နေသတုံး၊
တို့ ပြန်တော့မယ်ဟေ့၊
အရေးကြီးတဲ့ကိစ္စတွေ ရှိသေးတာ"

ရွှေမြိတ်သောင်းတင် ——— ၁၄၈



"ဒုက္ခပါပဲဟာ
အိမ်ပြန်ရောက်ရင်တော့
လူကြီးတွေက
ကောင်းကောင်းဆော်တော့မှာပဲ"

ပဥ္စလက် ——— ၁၅၈



"ကဲ...
ခင်ဗျား ထပ်ပြီးစိမ်ခေါ်ချင်ရင်တော့
ကျွန်တော့်အိတ်ထဲမှာ
ငွေနှစ်သိန်း ကျန်သေးတယ်ဗျ"

မောင်မောင်(မြန်မာပြည်) ——— ၁၆၆

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဘာလုပ်နေတယ်ဆိုတာ
မင်းသိပါတယ်နော်၊
မင်းကို
အတိအကျ သိထားစေချင်လို့ပါ"
ဘနှင်း(မြန်မာပြန်) ———————— ၁၇၅



"မင်း ရဲကိုတိုင်မလား၊
ဒီကိစ္စနဲ့ ပတ်သက်လို့တော့
မျိုးဇော်နိုင် သိပ်လွန်တယ်၊
သက်သက်အနိုင်ကျင့်တာပဲ"
အောင်မြတ်ဦး ———————— ၁၈၄



...ကားသံတွေ ကြားနေရတယ်။
သူတို့တွေ ပြန်လာကုန်ကြပြီထင်တယ်။
ဟုတ်ပတော် လာကုန်ပြီ။
ကဲ...ဟင်းတွေခပ်ဖို့ ပြင်ကြတော့။
ဝေအီကို ———————— ၁၉၀



"သား...သား...ကောင်းမွန်၊
အဖေ လူမှားပြီး ခုတ်မိတာ၊
အဖေ မှားသွားတယ် သား၊
အဖေ မှားတယ်၊ သားကို သတ်မှာမဟုတ်ဘူး"
ဒါရိုက်တာမျိုးဇော်အောင် ———————— ၁၉၄

www.burmeseclassic.com

www.burmeseclassic.com

- အသုံးမဝင် ထင်းမရ
အဖေဟာသိက် ရှကွ။
- မီးဖက်ကြောင့်
အကျည်းတန်အသားမည်း
ငရဲနှစ်ခါကျ။

# မီးသွေး

ခက်လှိုင်းကျော်





www.burmeseclassic.com

www.burmeseclassic.com



# ဘဝဇာတ်အိမ် မီးငြိမ်းချိန်

မျှားအိမ်ဝင်

■ လောဘတက်ချိန်
တစ်ဖက်လူသား၊ ကျိုးစီးပွားကို
လုညှိစားတစ်မျိုး ရယူခဲ့လည်း ...။

■ ဒေါသထွက်ချိန်
တစ်ဖက်လူသား၊ ကျိုးစီးပွားကို
ပျက်ပြားအောင်ပြု၊ ရိုက်ချိုးခဲ့လည်း ...။

■ မောဟစွက်ချိန်
တစ်ဖက်လူသား၊ ကျိုးစီးပွားကို
ဝေဝါးခုံမင်၊ ပိုင်ချင်ခဲ့လည်း ...။

■ ဘဝဇာတ်အိမ်၊ မီးငြိမ်းချိန်ဝယ်
စည်းစိမ်ချန်လျက်၊ မြေတစ်ကွက်အား
အသက်ပုံတိုက်၊ ရင်းနှီးစိုက်ကာ
ဝယ်လိုက်ရသူချည်းပါတကား ...။



www.burmeseclassic.com

www.burmeseclassic.com



# ညို့မှုခြင်းကင်းမဲ့ငှက်

ရွှေသာခိုင်စိုး

- တချို့ ထားစရာမရှိ
  တချို့ စားစရာမရှိ။
- ကံကြမ္မာ မျက်နှာလိုက်တယ်
  စိတ်အိုက်ပါဘိ။ ။



www.burmeseclassic.com

www.burmeseclassic.com




# မနက်ဖြန်အတွက် ဆက်ရန်ကဗျာ

တင်မိခိုင်

■ မနေ့ကအကြောင်း
ပြောင်းသွားပြီ ...။

■ မနက်ဖြန်ဆိုတာ
ရောက်မလာသေး ...။

■ ဒီနေ့ကိုသာ ဖက်ပွေ့
လက်တွေ့ရင်ဆိုင် ...။

■ ကြုံဆုံရသမျှ
ပဋိပက္ခတွေဖြေရှင်း
ပျော်စရာသီချင်းလေးတွေဆို
မျက်ရည်မကျဘဲလည်း ငိုတတ်သော
အခါအခိုက်ကို ဖြတ်ကျော်ရင်း
ရင်ဘတ်ချင်းနီးတဲ့ မိတ်ဆွေများနဲ့
တွေ့ရာလေးပါး ပြောမကုန်
ယုံတမ်းစကားတွေက တောင်လိုပုံ ...။

■ ဒီနေ့ဟာ လက်ရှိ
ပစ္စုပ္ပန်ကိုတည့်တည့်ရှုဆဲ
တိုက်ပွဲဝင်ကျော်ဖြတ်ခဲ့ရ
ဒီနေ့တွေ ...
ဒီနေ့တွေ ...
စီးဆင်းနေလေသမျှ
ယုံကြည်စွာလက်တွဲကြမယ်
ဒါ ...
မျှော်လင့်ခြင်းရဲ့ သင်္ကေတ ...။



www.burmeseclassic.com

www.burmeseclassic.com



# မိခင်ရော

ဒေါ်ဝင်းလွင်

■ လှိုင်းတွေကြား
မြစ်ရေနဒီဝိုင်း
တုနှိုင်းလို့မမှာတင်
မွေးသမိခင်။

■ ရင်မှာရှင်
ရေအလျဉ်က မေ့သား။

■ တိုက်စားကာ သူပါပေမယ့်
မပြုနိုင် မွေးမေရယ်က
ရေလယ်မှာ သောပြန့်တွန်းတယ်
ညွှန်းဆိုတဲ့အား။



www.burmeseclassic.com

www.burmeseclassic.com

■ လောဘတွေ ကဲမြင့်မောက်
မြင်းမိုရ်လောက် မကပေ။

■ ရတိုင်းပင် အလိုမကျတာကြောင့်
ထပ်မံကာ သူတောင့်တတယ်
ဆန္ဒ တသွေ။

■ ပစ္စက္ခဘဝအနေ
အပူမီးတွေ ဝန်းရံထား။
အေးချမ်းမှု လွှဲဖယ်သွေ
ဒေါသတွေ တိုးလို့ပွား။

■ လောကမှာနော် ...
သောကရွာအလည်ခေါ်တော့
ဇမ္ဗူပေါ် ပြိုင်စံရှားလောက်ကဲ့
ရေနေးနောက်လျှင် မကြည်နိုင်လို့
တွေငိုင်ကာ လက်မှိုင်မချရအောင်
မေ့ကို ဘယ်မမေ့
ပွဲတွေ့တရား။ ။

# အစဉ်သဖြင့်

နန္ဒာမိုးကြယ်





www.burmeseclassic.com

www.burmeseclassic.com

- ဓာတုဆိုးဆေးတွေရဲ့
  ဘေးကိုမှ
  ရှေ့ပြီးခံတွင်းလိုက်နေကြတာ ...။

- ရေခဲမရိုက်၊ ဆေးလည်းမစိမ်
  အချိန်မီဈေးကွက်ဝင်လာမယ့်
  လတ်ဆတ်တဲ့သဘာဝ၊ အာဟာရတွေ
  တို့ရှေ့ကိုရောက်လာခဲ့ရင်ကော ...။

- ဒီပုံနဲ့
  အာရုံပြဒါးသေပြီး
  စားနေကျ ဓာတုဆိုးဆေးကိုပဲ
  (ရှေ့မတွေး နောက်မတွေး)
  ထပ်ပြီး ရွေးကြဦးမယ်ဆိုရင်တော့ ...။

# ချေးကြို

နေရဲချို






www.burmeseclassic.com

■ ဝေဖန်သံ ညံမဆုံး
မလွှကုန်းဘူတာဘေးက သံလမ်း
စံမြန်းနေလိုက်ကြတာများ
အဲဒါလား ... လေထန်ကုန်းဆိုတာ။

■ နိုင်ငံတကာနဲ့
ပြိုင်စံစရာ ယှဉ်တဲ့စကား
နိုင်ငံရေးလား ... လာထား။
စီးပွားရေးလား ... လာထား။
ဘာသာရေး,သာသနာရေး
ဘာအရေး,ညာအရေး
စာပေရေးကော ဆွေးနွေးမလား
လာထား ... လာထား။

■ သူမသိတာ ဘာရှိမှာလဲ
ဗဟုသုတအရာ တေဒဂ်
အရက်စားနဲ့ ပြောရရင်
ရေနည်းနည်းရောဖို့တော့ လိုပြီ။

■ အငြိုးအငြှိုးမှာတော့
မညည်းစေချင်ပေပဲပေါ့ ...
လေပွေလေပြင်းလောက်များ
သာစွာထယ်ဆိုပဲ ...
[illegible]သမျှ ပြုတ်ကျတဲ့သစ်ရွက်
[illegible] တံမြက်လှည်းလို့မကုန်
ပုံပြင်မဟုတ်ပါဘူး ... ယုံ။

# အူကလာတဲ့ အာဂလူ

ရဲဘော်ကျော်ဆန်း



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

07 JUN 2013






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## ဦးသန့်(လာဘ်မိုးစွေ)၏ ပထမံထွက်ရပ်ပေါက် ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများ

ဦးသန့်(လာဘ်မိုးစွေ) ပြုစုရေးသားထားသော ဤစာအုပ်တွင် ပထမံထွက်ရပ်ပေါက် ဝိဇ္ဇာပေါင်း (၆၀) နီးပါးခန့်၏အကြောင်းကို စိတ်ဝင်စားဖွယ် ဖတ်ရှုရမည် ဖြစ်၏။ ဝိဇ္ဇာဆိုသည်မှာ အသိပညာဉာဏ်ကို ခေါ်ဆိုခြင်း ဖြစ်၏။ ထိုအသိဉာဏ်ပညာသည် သင်္ခတဟုဆိုအပ်သော လောကီနယ်ရှိ သိနိုင်သော ဉာဏ်ပညာ၊ အသင်္ခတဟု ဆိုအပ်သော လောကီမှ လွန်မြောက်ခြင်းကို သိနိုင်သော ဉာဏ်ပညာဟူ၍ နှစ်မျိုးနှစ်စားရှိပေရာ ထိုပညာရပ်များ ကို ပိုင်ဆိုင်သော ဝိဇ္ဇာပုဂ္ဂိုလ်ထူးကြီးများ၏ အံ့ဩဖွယ် ဖြစ်ရပ်များကို ရှားပါးဓာတ်ပုံများနှင့်အတူ လေ့လာသိရှိ နိုင်ပေသည်။ ဘုန်းဇော်စီစဉ်မှုဖြင့် အရှေ့ဘက်ကောင်းကင် စာအုပ်တိုက်မှ တန်ဖိုး ၂၅၀၀ိ/- ကျပ်သတ်မှတ်ကာ ခန့်ခန့်ထည်ထည် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## မင်းသိမ်းခိုင်(ရွှေရမ်းထူးလင်း)၏ ခွေးတစ်ကောင်၏ ဘဝဒဿနများ

စာရေးဆရာ မင်းသိမ်းခိုင်(ရွှေရမ်းထူးလင်း)၏ တစ်မျိုးတစ်ဘာသာ ထွက်ရှိလာသော အတွေးဆန်းစရာ စာအုပ်တစ်အုပ် ဖြစ်သည်။

ဤစာအုပ်တွင် ခွေးတစ်ကောင်၏ ဘဝဒဿနများ အပါအဝင် ကျွန်တော့်ရဲ့ မွေးချင်းပေါက်ဖော်များ။ ကျွန်တော့် ဦးလေး။ ဗီဇ၊ အချစ်၊ အချစ်ဆိုသည်မှာ၊ ပါဝါ၊ အိမ်စောင့် ရက်သားကျခြင်း။ ခွေးမျိုးခွေးနွယ် ကြီးကျယ်တတ်၊ ပညာ၊ သမိုင်း။ ဘာသာရေး၊ နိုင်ငံအကျိုးဆောင်ရွက်သူများ။ နိုင်ငံ ရေးသမား။ ခွေးနှင့်လူ၊ ခေတ်မီခွေးသတ္တဝါ၊ ခွေးသတ္တဝါ နှင့် ဖိမ်ဆက်ဆံရေး · · ·အစရှိသဖြင့် အတွေးအမြင် အက်ဆေးစာစုပေါင်း အပုဒ်(၅၀)တိတိ ဖော်ပြထားရာ ဖတ်ရင်းတွေး,တွေးရင်းဖတ်ရမည့် စာအုပ်ဖြစ်ပေသည်။ အောက်တိုဘာအောင်ကြီး၏ မျက်နှာဖုံးအပြင်အဆင်ဖြင့် ရွှေရမ်းထူးလင်းစာပေတိုက်မှ တန်ဖိုး ၁၀၀၀ိ/- ကျပ် သတ်မှတ်ကာ ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်သည်။

## အင်္ဂလိပ်မြန်မာစတုတ္ထစစ်ပွဲနှင့် အခြားရသစုံ ဝတ္ထုတိုများ စုစည်းမှု

ဆရာဝင်းမောင်ကျော်၏ စီစဉ်မှုဖြင့် ဆရာတော် မေတ္တာရှင်(ရွှေပြည်သာ)၏ အင်္ဂလိပ်-မြန်မာ စတုတ္ထစစ် ပွဲ စာမူကို ရှေ့တန်းတင်ကာ အခြားသော ရသစုံဝတ္ထု တိုများနှင့် စုစည်းတင်ဆက်ထားသော စာအုပ်ဖြစ်၏။

ဤစာအုပ်တွင် ဆရာတော် မေတ္တာရှင်(ရွှေပြည် သာ)နှင့်အတူ စာရေးဆရာများဖြစ်ကြသည့် ဖိုးကျော့၊ ပြည်ပန်းမိုး၊ တြိစက္က၊ သန့်လျှင်မောင်မောင်ဦး၊ နန္ဒာမိုးကြယ်၊ မောင်မြင့်မား(ဘိုကလေး)၊ မောင်စောထွန်း(ကျောင်းကုန်း)၊ ချစ်မင်းသူ၊ ညီမေတ္တာ၊ စိုးပိုင်(ကညွတ်ကွင်း)၊ မော်ကျွန်း ညီအောင်၊ ကာတွန်းမြတ်နိုး၊ တင်ထွေးဆက်၊ ကျော်ခိုင် ခန့်၊ ချမ်းမင်း၊ သားစိန်ဒိုင်၊ မေဒေး၊ သန်းထိုက်သူ၊ ဝင်းမောင်ကျော်နှင့် မရည်မွန်(ကျုံပျော်)တို့၏ ရသမြောက် ဝတ္ထုတိုများကို တစ်လုံးတစ်ဝတည်း ဖတ်ရှုကြရမည်ဖြစ် ၏။ ဤစာအုပ်ကို ရွှေပြည်သာစာပေမှ တန်ဖိုး ၂၀၀၀ိ/- ကျပ်သတ်မှတ်ကာ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

## မောင်ညီဦး(က-စ-လ)၏ ရိုးသားခြင်းထက် မြတ်သောဂုဏ်နှင့် အခြားဝတ္ထုတိုများ

အတွေးထက်ထက်ဖြင့် အရေးသွက်လျက်ရှိသော စာရေးဆရာ မောင်ညီဦး(က·စ·လ)၏ ဒုတိယမြောက် ဝတ္ထုတိုပေါင်းချုပ်စာအုပ် ဖြစ်သည်။ ဤစာအုပ်တွင် စာရေး သူ၏ ရင်တွင်းစကားဖြင့် ဖွင့်လှစ်ပြီး ချစ်တတ်ကြရင်၊ ဖေဖေပြောသော သိုးသားပုံပြင်၊ မိုးကောင်းကင်မှ ကြယ်နဲ့ လ၊ မေတ္တာဖက်တော့ အမျက်ပြေ၊ မေမေ သူတို့တွေ သမီးကိုရိုက်တယ်၊ လေးနဲ့တစ်ကို မပေါင်းတတ်သူ၊ မောင်ငွေးမှာ ပိုက်ဆံငါးထောင်ရှိသည်၊ ဖေါ်ပန်းချစ်,ဖေါ်သန်း ချစ်တို့၏ မြေးမြစ်ဟုဆိုလျှင်၊ ကြံ့ထဲကကြံ့၊ ကျောင်းဆင်း သားအဖ၊ မညှိုးပန်းတစ်ပွင့်၊ အဖေအရေး သားအတွေး၊ ရိုးသားခြင်းထက် မြတ်သောဂုဏ် ···စသည့် ဝတ္ထုတိုပေါင်း (၁၃)ပုဒ်တိတိ ဖော်ပြထားသည်။ ပန်းချီဇော်နိုင်ထွန်း လက်ရာဖြင့် အရှေ့ဘက်ကောင်းကင်စာပေမှ တန်ဖိုး ၁၂၀၀ိ/- ကျပ်သတ်မှတ်ကာ ဖြန့်ချိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဂမ္ဘီရဆရာလှမျိုး(B.Sc)၏ ဗြိုဟ်ရှစ်ခွင်သင်္ချာတ်ဗေဒင်နှင့် ယတြာများ

ဗေဒင်ပညာရှင် စာရေးဆရာ ဂမ္ဘီရဆရာလှမျိုး (B.Sc) ၏ ဆဋ္ဌမမြောက် ပေါ်ထွက်လာသော စာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် ဗြိုဟ်ရှစ်လုံး စတင်ဖြစ်ပေါ်လာပုံ၊ (မြန်မာ့ရိုးရာဗေဒင်ပညာ) ဗြိုဟ်အိမ်နှင့် သက်ရောက်၊ ရာဟုသင်္ချာတ်(သက်ရောက်)အကြောင်း၊ သောကြာသင်္ချာတ်(သက်ရောက်)အကြောင်း၊ တနင်္ဂနွေသင်္ချာတ်(သက်ရောက်)အကြောင်း၊ တနင်္လာသင်္ချာတ်(သက်ရောက်)အကြောင်း၊ အင်္ဂါသင်္ချာတ်(သက်ရောက်)အကြောင်း၊ ဗုဒ္ဓဟူးသင်္ချာတ်(သက်ရောက်)အကြောင်း၊ စနေသင်္ချာတ်(သက်ရောက်)အကြောင်း၊ ကြာသပတေးသင်္ချာတ်(သက်ရောက်)အကြောင်း၊ ဘုမ္မိဗြိုဟ်ရှင်းတမ်း၊ ဗြိုဟ်အိမ်နှင့် သက်ရောက်ယတြာများ၊ ဆန်းပညာမှ တန်းစီး+တိုင် ထိပ်ကြာ···စသည်တို့ စုံလင်စွာပါရှိရာ စာဖတ်ပရိသတ်များကိုယ်တိုင် ဗေဒင်တွက်ပြီး ယတြာချေ၍ရနိုင်သော စာအုပ်ကောင်းတစ်အုပ်ဟု ဆိုပေသည်။

ဤစာအုပ်ကို ကြံ့တိုင်းအောင်စာပေက တန်ဖိုး ၁၂၀၀/- ကျပ်သတ်မှတ်လျက် ထုတ်ဝေလိုက်သည်။

---

## တောင်တွင်းမောင်သင်းကျော်၏ လောကခံ အပ့်အကြွေများ(ကဗျာပေါင်းချုပ်)

ယနေ့ မြန်မာစာပေဈေးကွက်၌ ကဗျာစာအုပ်၏ အခန်းကဏ္ဍသည် မှေးမှိန်သယောင်ရှိသော်လည်း အကျိုးအမြတ်ကို ရှေ့တန်းမတင်၊ ရဲရဲကြီးအရှုံးခံ၍ ဝံ့ဝံ့စားစား ဆိုသကဲ့သို့ ကဗျာစာအုပ်များ တစ်အုပ်ပြီးတစ်အုပ် ထွက်ပေါ်လာကြရာ ဆရာတောင်တွင်းမောင်သင်းကျော်၏ လောကခံအပ့်အကြွေများ ကဗျာပေါင်းချုပ် စာအုပ်သည်လည်း အပါအဝင် ဖြစ်သည်။

ဤစာအုပ်တွင် ကဗျာဆရာ မောင်စိမ်းနီ၏ မှတ်ချက်စကားနှင့် ဆရာကိုခါး(ကွမ်းခြံကုန်း)၏ အမှာကို ဖတ်ရှုရသည်။ ထိုအမှာစာတွင်···"မြန်မာကဗျာဆရာတို့သည် ကျွန်တော်တို့၏ လူ့အဖွဲ့အစည်းနှင့် ခေတ်များ၏ အသက်ရှုသံများကို စွဲစွဲနင့်နင့် သယ်ဆောင်ခဲ့ကြသူများ ဖြစ်သည်။ ထိုအထဲတွင် တောင်တွင်းမောင်သင်းကျော်သည်လည်း တစ်ဦးအပါအဝင် ဖြစ်သည်···"ဟု ဆိုထားသည်။ ဤစာအုပ်၌ ကဗျာပုဒ်ရေပေါင်း (၇၅)ပုဒ်ပါဝင်ပြီး ပန်းချီမှတ်သုံး၏ မြယ်မှုန်းရေးဆွဲမှုဖြင့် တန်ဖိုး ၁၀၀၀/- ကျပ်နှုန်း သတ်မှတ်ကာ ကြယ်နီစာပေမှ ဖြန့်ချိလိုက်ရာ ခေတ်ပေါ်ကဗျာကောင်းများ ဆာလောင်နေသူတို့အတွက် အာလူးပြေလိမ့်မည်ဟု ဆိုချင်သည်။

---

## အောင်ကျော်ဟိန်း ဘာသာပြန်သည့် လယ်သမားများအား ဆင်းရဲတွင်းမှ လွတ်ကင်းစေသူ

THE DAIDO LIFE FOUNDATION မှ ထုတ်ဝေသော ဂျပန်စာရေးဆရာ နီနိုမိယခင်းဂျိုလို(၁၇၈၇-၁၈၅၆)၏ အကြောင်းရပ်အား "လယ်သမားများအား ဆင်းရဲတွင်းမှ လွတ်ကင်းစေသူ"ဟူ၍ မြန်မာဘာသာပြန်ဆိုကာ စာပေဒါနအဖြစ် ကွာလတီစာအုပ်တိုက်က ရိုက်နှိပ်ထုတ်ဝေလိုက်သည်။

ဤစာအုပ်တွင် ဝဲန်းမဲခေတ် ကပ်ကြီးဆိုက်ခြင်း၊ ပေးကမ်းရက်ရောတတ်သည့် ဖခင်၊ ထင်းရှူးပင်ပေါက် (၂၀၀)၊ စံနမူနာက နီနိုမိယချင်းဂျိုလို၊ ညီအစ်ကို တကွဲတပြားစီ၊ မီးအိမ်လောင်စာဆီ၊ မြေကွက်များ ပြန်လည်ဝယ်ယူခြင်း၊ နယ်စား၏ အိမ်တော်ထိန်းတွင်လည်း အကြွေးမီးဝိုင်းနေခြင်း၊ နယ်စားထံမှ ချီးမြှင့်ခံရခြင်း၊ ခက်ခဲလှသည့် မေတ္တာရပ်ခံချက်၊ ထွက်ပြေးတိမ်းရှောင်သည့် ခင်းဂျိုလို၊ ကပ်ဆိုက်တော့မယ်ပေ့၊ ပြန်လည်ထူထောင်လာကြသော ရွာများ···စသဖြင့် အခန်းစဉ်များခွဲကာ စိတ်ဝင်စားဖွယ် ဘာသာပြန်ဆိုထားသည်။ ဤစာအုပ်ကို ဘာသာပြန်ဆိုသူ အောင်ကျော်ဟိန်းသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လားရှိုးမြို့ဇာတိဖြစ်ပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်ပိုရေးရှင်း(JICA) ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် NHK တယ်လီဗေးရှင်းဌာနတို့၏ ဘာသာပြန်လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိသူ ဖြစ်သည်။

**ကသစ်ဝနီ**



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာဘမော်၏ မြန်မာ့တော်လှန်ရေးခရီးကြမ်းမှ အောင်မြင်မှုမှတ်တမ်း စာအုပ်မိတ်ဆက်ပွဲ

ဒေါက်တာဘမော်ကိုယ်တိုင် အနှစ်(၂၀)ကျော် ရေးသား၍ ၁၉၆၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် BREAK THROUGH IN BURMA: Memoirs of a Revolution, 1939-1946 ကို မောင်ဝင့်သူ မြန်မာပြန်ဆိုသည့် "မြန်မာ့တော်လှန်ရေး ခရီးကြမ်းမှ အောင်မြင်မှုမှတ်တမ်း (၁၉၃၉-၁၉၄၆)စာအုပ် ဖြန့်ချိခြင်း အထိမ်းအမှတ်ကို (၁၀ ၊ ၅ ၊ ၂၀၁၃)၊ သောကြာနေ့ နေ့လယ်(၁း၀၀)နာရီမှ (၅း၀၀)နာရီထိ ရန်ကုန်မြို့ ၆ မိုင်၊ ပြည်လမ်း၊ အမှတ်(၈၈)ရှိ International Business Centre (IBC) တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ စာအုပ်ဖြန့်ချိခြင်း အထိမ်းအမှတ် အခမ်းအနားသို့ ဖိတ်ကြားထားသော စာနယ်ဇင်းအသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

---

## ပန်းချီကြည်ဝင်း(ရန်ကင်း)၏ တစ်ကိုယ်တော်ပန်းချီပြပွဲ

ပန်းချီကြည်ဝင်း(ရန်ကင်း)၏ Image of the Aesthetic Exprerinences အမည်ရှိ တစ်ကိုယ်တော်ပန်းချီပြပွဲကို အမှတ်(၆၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ လောကနတ်အနုပညာပြခန်း၌ (၁၊ ၅၊ ၂၀၁၃)မှ (၆၊ ၅၊ ၂၀၁၃)ရက်နေ့ထိ ပြသသွားခဲ့သည်။ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် လက်ရာပန်းချီကား (၄၉)ကားကို ခင်းကျင်းပြသထားရာ ကြည့်ရှုသူအပေါင်း လွန်စွာမှ ကျေနပ်အားရကြသည်။

ပန်းချီကြည်ဝင်း(ရန်ကင်း)သည် မြန်မာ့ရုပ်မြင်သံကြားမှ အငြိမ်းစားပန်းချီဆရာကြီးတစ်ဦးဖြစ်ပြီး စာနယ်ဇင်းလောက၊ ပန်းချီလောကများ၌ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သည်။ ဤပြပွဲသည် ၎င်း၏စိတ်ကြိုက်လက်ရာများကို စုစည်းပြသထားခြင်းဟု သိရှိရပါသည်။

---

## R-ဇာနည်၏ အဆိပ်တက်အိပ်မက် ဇာတ်စီးရီးမိတ်ဆက်

တေးသံရှင် R-ဇာနည်၏ "အဆိပ်တက်အိပ်မက်"အမည်ရှိ ဒီဗွီဒီ၊ ကာရာအိုကေတေးစီးရီးမိတ်ဆက်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်သရယ်ဟိုတယ်တွင် (၉၊ ၅၊ ၂၀၁၃)ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ တေးစီးရီးအား Iron Cross & PTL Studio တို့မှ တီးခတ်ပေးထားပြီး ဒါရိုက်တာ ကိုမျိုးဆွေသန်း၊ ဝဏ္ဏခွာနီ၊ ဖြိုးငွေစိုးနှင့် ဆန်းထွဋ်တို့မှ ရိုက်ကူးတင်ဆက်ထားကြောင်း သိရှိရပြီး ပရိမိုးရှင်းပွဲများ၌ R-ဇာနည်နှင့် သရုပ်ဆောင်များက အမှတ်တရလက်ဆောင်နှင့်တကွ လက်မှတ်များရေးထိုးပေးခဲ့ကြောင်း သိရှိရသည်။

---

## သရုပ်ဆောင်အုံ့သစ်ကျော်ဦးစီးသည့် အနုပညာဝန်ဆောင်မှုလုပ်ငန်းများ

လူငယ်သရုပ်ဆောင် အုံ့သစ်ကျော်ဦးစီးသည့် Life & Art Agency အနုပညာဝန်ဆောင်မှုလုပ်ငန်းသည် ဗီဒီယိုထုတ်လုပ်ရေး၊ တီဗွီကြော်ငြာရိုက်ကူးပေးခြင်း၊ အမ်တီဗွီ၊ ဗွီစီဒီ ရိုက်ကူးပေးခြင်း၊ အယ်လမ်ဘမ်တေးစီးရီး စီစဉ်ထုတ်လုပ်ခြင်း၊ ဘီလ်ဘုတ်များ စီစဉ်ရိုက်ကူးပေးခြင်း၊ အလှဓာတ်ပုံများ ရိုက်ကူးပေးခြင်း၊ ကုမ္ပဏီကြော်ငြာဓာတ်လမ်းတိုများ ရိုက်ကူးပေးခြင်း၊ မော်ဒယ်လ်ရှိုးပွဲများ စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် သရုပ်ဆောင်သစ်များ အနေဖြင့်လည်း အဆိုပါဝန်ဆောင်မှုလုပ်ငန်းများ၌ ပါဝင်လိုပါက C.V၊ အလှဓာတ်ပုံတို့နှင့်အတူ လျှောက်ထားနိုင်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

သိရသည်။

ဆက်သွယ်လှူဒါန်းလိုသူများအနေဖြင့် အမှတ်(၃)၊ ၃၄-လမ်း၊ မြေညီထပ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁ ၉၁ ၃၅၀ သို့ ဆက်သွယ်နိုင်ကြပါသည်။

## မင်္ဂလာပွဲကျင်းပခဲ့တဲ့ ရဲလေး

သရုပ်ဆောင်အဆိုတော်ရဲလေးနှင့် သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၏သမီးကြီး မအေးမြအောင်တို့၏ လက်ထပ်မင်္ဂလာပွဲကို (၁၈· ၅· ၂၀၁၃)နေ့က ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာတွင်လည်းကောင်း၊ မင်္ဂလာညစာ စားပွဲကို (၁၈-၅-၂၀၁၃)ရက်က ရန်ကုန်မြို့ ဆိုရီနားဟိုတယ်၌လည်းကောင်း ကျင်းပသွားခဲ့သည်။

သရုပ်ဆောင်အဆိုတော်ရဲလေးနှင့် မအေးမြအောင်တို့သည် (၂၆· ၂· ၂၀၁၃)ရက်နေ့က နှစ်ဖက်သော မိဘများနှင့် လူကြီးများ၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်သည်။ ရဲလေးသည် လက်ထပ်ပြီးခဲ့သည့်နောက်ပိုင်း သူ၏ အနုပညာလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သွားမည်ဟု ပြောဆိုခဲ့သည်။

## The Biggest 4 Hip Hop Show မျှော်စင်ကျွန်းတွင် ကျင်းပ

Bo Bo Entertainment က ဦးစီးပြီး (၂၆· ၅· ၂၀၁၃)ရက် တနင်္ဂနွေနေ့က နာမည်ကြီး Hip Hop Show ကို ရန်ကုန်မြို့ ကန်တော်ကြီးမျှော်စင်ကျွန်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် စိုင်းစိုင်းခမ်းလှိုင်၊ Snare၊ Bunny Phyoe နှင့် လွှမ်းပိုင်တို့ သီဆိုခဲ့ကြပြီး DJ အစီအစဉ်များ လည်း ပါဝင်သည်။ ရှိုးပွဲကို ညနေ(၅း၀၀)နာရီတွင် စတင်ပြီး ဝင်ကြေးမှာ ကျပ် ၆၅၀၀/- ဖြစ်သည်။ လာရောက်အားပေး ကြသော ပရိသတ်အပေါင်းအား ထူးခြားသော စင်မြင့်ထက်မှ ဖျော်ဖြေခဲ့ကြသည့်အပြင် အမှတ်တရလက်ဆောင်များလည်း ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

## စာအုပ်လှူဒါန်းပွဲကျင်းပ

၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက်၊ စနေနေ့ မွန်းလွဲ ၂း၃၀ နာရီမှ ၅း၀၀ နာရီထိ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ဂျပန်နိုင်ငံ၏ နှစ်ပေါင်း (၁၀၀)ကျော် သက်တမ်းရှိ အသက်အာမခံကုမ္ပဏီ Daido life Foundation အတွက် Quality Publishing House မှ ထုတ်ဝေသည့် ဆရာအောင် ကျော်ဟိန်း၏ ဟောင်သူလယ်သမားများ ဆင်းရဲတွင်းမှ လွတ်ကင်းစေသူ နီနိုမိယခင်းဂျီလို စာအုပ်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆရာသုရဇော်(အယ်ဒီတာချုပ်၊ ဓမ္မဒူတမဂ္ဂဇင်း)က အခမ်းအနား အစီအစဉ်ခုနစ်ရပ်ဖြင့် ကျင်းပဆောင်ရွက်ပြီး အခမ်းအနားသို့ စာပေပညာရှင်များ၊ သတင်းနှင့် စာနယ်ဇင်းသမားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ( )က်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

## အင်္ဂဝေ



www.burmeseclassic.com

www.burmeseclassic.com



## မိန်းမတို့မာယာ

ကိုညွန့်တင်နှင့် မခင်နှင်းတို့လင်မယား အကြီးအကျယ် နောင်ဂျိန်ပလေးကြ၏။

ဤတွင် မခင်နှင်းသည် ရှုပွရှုပွနှင့် ဒေါ်ကြီးဟာစ်ကျယ် သုပ်ရင်း အိပ်ခန်းအတွင်းသို့ ဝင်သွား၏။ ခဏအကြာတွင် အိပ်ခန်းအတွင်းမှ ခရီးဆောင်အိတ်ကိုဆွဲကာ ပြန်ထွက်လာလေ၏။

"ညော်···မင်းက အိမ်ပေါ်ကဆင်းမယ်ပေါ့လေ။ ဆင်းပါဟှာ··· ဆင်းပါ၊ ဆင်းပါ···ဟဲ··ဟဲ··ဟဲ"

ကိုညွန့်တင်က မခင်နှင်းကိုကြည့်လျက် တဟဲဟဲဖြစ်နေ၏။

"သြော်···ရှင်က ကျွန်မကို လျောင်တာပေါ့လေ ဟုတ်လား။ ဒီမှာ···ဒီမှာ ကျုပ်အိမ်ပေါ်ကဆင်းမှာ မဟုတ်ဘူး"

"ဘာ···အိမ်ပေါ်က မဆင်းဘူး ဟုတ်လား။ ဒါဖြင့် အဲသည်ခရီးဆောင်အိတ်ကြီးက ဘာလုပ်မှာတဲ့တုံး"

"ဘာလုပ်ရမလဲ။ ကျွန်မ ခု အမေ့ဆီသွားမလို့။ ရောက်တာနဲ့ အမေ့အဝတ်အစားတွေထည့်ပြီး အမေ့ကို တစ်ခါတည်း ခေါ်ချလာမှာ။ သိရဲ့လား"

"ဟိုက်···သေပြီဆရာ"

• • •

## အဆာပြေလို့ မဖြစ်ပါ

ယောကျ်ားဖြစ်သူသည် အလုပ်ခွင်မှ အိမ်သို့ မောမော နှင့် ပြန်လာရာ အိမ်ခန်းတံခါးမှာ သော့ပိတ်ရက်တန်းလန်း ဖြစ်နေသည့်အတွက် ပို၍ပင် အမောဆို့သွားရလေ၏။

"တောက်··ဘယ်သွားပြီး အလေလိုက်နေတယ် မသိဘူး။ ပြန်လာရင်တော့ ငါ့အကြောင်း ကောင်းကောင်းကြီး သိစေရမကွာ"



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ကြုံးဝါးရင်း ပေလျှက်ပင် အိမ်ရှေ့ကာပြင်၌ ယှိုင်ဆောင်ခြံ ထိုင်စောင့်နေလေ၏။

အချိန်တွေ တရွေ့ရွေ့ကုန်သွားသည့်တိုင် မိန်းမဖြစ်သူ၏ အရိပ်အငွေ့ကို မမြင်ရသေး။ ဗိုက်ထဲမှာလည်း တဂွီဂွီမြည်လျက် ဆာလောင်နေလေ၏။ ဆာလောင်လေလေ ပို၍ပို၍ ဒေါသထွက်လေလေပင်။

ဤတွင် ဘေးအိမ်ခန်းမှ မိတ်ဆွေတစ်ယောက် ထွက်လာပြီး…

"လာပါ ကိုညွှန့်တင်ရယ်။ ထမင်းစားချိန်လည်း ရောက်နေပြီပဲဟာ။ ကျုပ်တို့အိမ်က တစ်ယောက်စာမကာ ပိုချက်လေ့ရှိပါတယ်။ ထမင်းစားသောက်ပြီးတော့မှ ခင်ဗျားမိန်းမ မခင်နှင်းကို ဆက်စောင့်တာပေါ့"

ဟူ၍ မိတ်ဆွေဝတ္တရားနှင့်အညီ ပြောဆိုလေ၏။ ဤတွင် ကိုညွှန့်တင် ခေါင်းခါ၍ ပြောလိုက်သည်ကား…

"မစားတော့ဘူး ကိုတင်ယု။ ကျုပ် ခင်ဗျားတို့ကျွေးတာ စားမိရင် နေသာထိုင်သာရှိပြီး ဒေါသတွေပြေသွားလိမ့်မယ်။ ဒေါသတွေပြေသွားရင် ဒီမိန်းမကို နားပန်ကျင်းဖြစ်မှာ မဟုတ်ဘူး။ ဒါ့ကြောင့် ဆာလောင်လက်စနဲ့ပဲ ဆက်စောင့်ပါရစေဦး"

ဟူ၍ ဖြစ်လေ၏။ ဩော်…ယောက်ျားတို့ ဒေါသ။

• • •

## အတွေ့အကြုံချင်း ယှဉ်မလား

မြို့နယ်တရားရုံးတစ်ရုံး၌ အမှုကိစ္စတစ်ခုအတွက် နှစ်ဖက်သော အကျိုးဆောင်ရှေ့နေကြီးများက မိမိတို့၏ အမှုသည်များအတွက် အသီးသီးလျှောက်လဲချက်များ ပေးနေကြ၏။ ဦးစွာလျှောက်လဲချက်ပေးသူမှာ တရားခံအကျိုးဆောင် ရှေ့နေ ဦးနက်ပြောင် ဖြစ်၏။

"ရိုသေလေးစားရပါတဲ့ တရားသူကြီးမင်းခင်ဗျား။ အခုဖြစ်ပွားခဲ့တဲ့ ယာဉ်တိုက်မှုဆိုတာ တစ်ဖက်လူရဲ့ နမော်နမဲ့ လျှောက်မှုကြောင့် ဖြစ်ပွားခဲ့ရခြင်းပါ။ ဘာကြောင့် သည်လို [illegible] ကျွန်တော့်အမှုသည် ဆိုင်ကယ်သမားဟာ ဆိုင်ကယ်စီးသက် ၁၀ နှစ်ကျော်ခဲ့ပြီဖြစ်တာမို့ အတွေ့အကြုံ ရင့်ကျက်ပြီးသား ဖြစ်နေပါပြီ။ သည့်အတွက် လမ်းလျှောက်သူကို [illegible] ဘယ်လိုမှ မဖြစ်နိုင်ပါဘူးခင်ဗျာ"

ထိုသို့ [illegible] ချက်ပေးပြီး၍ ထိုင်လိုက်စဉ် တရားလို အကျိုးဆောင် [illegible] နေရာမှထလျက် ချက်ချင်းပင် ပြန်လည်ချေပလိုက်သည်ကား…

"ရိုသေလေးစားရပါတဲ့ တရားသူကြီးမင်းခင်ဗျား။ သည်လိုသာ တစ်ဖက်အကျိုးတော်ဆောင်ကြီး ပြောဆိုတဲ့အတိုင်း အတွေ့အကြုံချင်း ယှဉ်ရမယ်ဆိုရင် ကျွန်တော့်အမှုသည်ဟာ အခုဆို အသက် ၆၀ ရှိပါပြီ။ တစ်နှစ်သားကတည်းက ခြေလျှင် လျှောက်ခဲ့တာမို့ သူ့ရဲ့လမ်းလျှောက်မှုအတွေ့အကြုံဟာ ၅၉ နှစ် ခန့်ရှိပြီဆိုတာ ထည့်သွင်းစဉ်းစားပေးပါခင်ဗျား"

ဟူ၍ ဖြစ်၏။

တရားသူကြီးနှင့်တကွ တရားခွင်အတွင်းရှိသူအားလုံး မှာလည်း ပြုံးစေ့စေ့။

• • •

## ဘယ်ကလာ ဟုတ်ရမှာလဲ

လယ်ယာမြေဥယျာဉ်ခြံများကို ရောင်းချပြီး ကုန်သွယ် စီးပွားရေးလုပ်ရန် ကျေးတောသားလူရွယ်တစ်ယောက် မြို့သို့ တက်လာခဲ့သည်။

ဦးစွာ အခြေချနေထိုင်ရန်အတွက် အိမ်ကြီးအိမ်ကောင်း တစ်ဆောင် ဝယ်ယူဖို့အရေး လိုက်လံရှာဖွေရာ "အိမ်နှင့်ခြံ ရောင်းမည်" ဆိုင်းဘုတ် ဆွဲထားသည့် အိမ်ခြံကြီးတစ်ဆောင်ကို တွေ့လိုက်ရလေရာ ပတ်ဝန်းကျင်အား ဦးစွာ စုံစမ်းမေးမြန်း၏။

"ဈေးနှုန်းကတော့ မဆိုးပါဘူးကွယ်။ ဒါပေမဲ့ ဘယ်သူမှ မဝယ်ရဲကြဘူးဖြစ်နေတယ်"

"ဘာဖြစ်လို့လဲ အဘရယ်"





www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ဆိုတော့ အိမ်ကြီးထဲမှာ မကျွတ်မလွတ်တဲ့ သူတွေရှိနေပြီး အင်မတန်မှ သရဲခြောက်လို့ဆိုပဲကွယ့်"

တောသားလူရွယ်လည်း ဝယ်သင့်,မဝယ်သင့်ကို ချင့်ချိန်နေမိ၏။ ဈေးကလည်း အင်မတန်ချိုလေရာ ပတ်ဝန်းကျင်မှ ပြောဆိုသော စကားများ မဟုတ်ပါစေနှင့်ဟု ဆုတောင်းရင်း ခြံကြီးအတွင်းသို့ဝင်ကာ အိမ်ပိုင်ရှင်နှင့် တွေ့ဆုံဆွေးနွေးမည်ဟု ဆုံးဖြတ်လိုက်လေ၏။ အိမ်ကြီး၏ ဆင်ဝင်အောက်တွင် အသက် ၆၀ နှစ်ခန့် အမျိုးသမီးကြီးတစ်ဦး ထိုင်နေသည်။ တောသား လူရွယ်လည်း မိမိ၏ လာရင်းကိစ္စကို ပြောဆိုပြီး…

"ဒါထက်…အမေကြီးကို မေးပါရစေ"

"မေးများပါလိမ့်ကွယ်"

"ဒီအိမ်ကြီးမှာ မကျွတ်မလွတ်ရှိတယ်၊ သရဲကလည်း သိပ်ခြောက်တာပဲတဲ့။ အဲဒါ ဟုတ်သလားဟင်"

"ဘယ်ကလာ ဟုတ်ရမှာလဲကွယ်"

တောသားလူရွယ်လည်း လွန်စွာဝမ်းသာသွား၏။ သို့သော်ငြား နောက်ဆက်တွဲစကားကြောင့် ခြံထဲမှ သုတ်ခြေတင်သွားလေသတည်း။

"အမေကြီးဆို ကွယ်လွန်တာ နှစ်ပေါင်း ၆၀ လောက် ရှိပြီ။ သရဲခြောက်တာ တစ်ခါမှ မခံရသေးပါဘူးကွယ်"တဲ့။

* * *

## ပထမဆုံးသောပညာရပ်

ရှေ့နေကြီး ဦးနက်ပြောင်ထံသို့ အလွန်မတန်ရင်းနှီးသော မိတ်ဆွေတစ်ဦးက ၎င်း၏သားအား ချိန်ဘာဆင်းရန် အပ်နှံလေ၏။ သည့်အတွက် ဦးနက်ကြောင်လည်း မနိုင်ရင်ကာဖြစ်ရလေကား ချိန်ဘာအဖြစ် လက်ခံကာ ရှေ့နေ့ရှေ့ရပ်ပညာများကို သင်ကြားပို့ချပေးရလေ၏။

"မောင်ရင့်ကို ဆရာ မေးခွန်းတစ်ခု မေးမယ်"

"ဟုတ်ကဲ့…မေးပါဆရာ"

"ဒီလိုကွာ…ကိုယ့်ဆီကို အမှုသည်တစ်ယောက် အမှုလာအပ်ပြီဆိုပါစို့။ အဲသည်မှာ ပထမဆုံး ဘာလုပ်ရမလဲ"

"ဟုတ်ကဲ့ဆရာ။ ပထမဆုံးလုပ်ရမှာက အဲသည်အမှုသည်ဟာ ငွေကြေးဘယ်လောက်တတ်နိုင်တယ်ဆိုတာကို လေ့လာအကဲခတ်ဖို့ပါပဲ"

"ဟိုက်…"

* * *

## အပြစ်…

ညစ်ခံပွဲတစ်ခုတွင် ဖြစ်သည်။

စဝိုင်ကျကျ ဝတ်စားထားသော လူပျိုကြီးတစ်ဦးလည်း အဆိုပါညစ်ခံပွဲသို့ တက်လာရာ စားပွဲတစ်ဝိုင်းမှ မိန်းမချော ကလေးတစ်ဦးက ၎င်းအား ပြုံးစေ့ပြုံးစေ့ ကြည့်နေသည့်အတွက်

"ဟာ…ဒီကနေ့ ငါတော်တော်စန်းပွင့်နေပါလား။ ဟီး…ဟီး…လူပျိုကြီးဘဝက ကျွတ်တော့မယ်ထင်ပါရဲ့"

ဟု စိတ်လှုပ်ရှားနေမိတော့၏။ ထို့အတူ တခြားဝိုင်းမှ မိန်းမချောတစ်ဦးကလည်း ပြုံးစေ့စေ့လုပ်နေပြန်သည့်အတွက် ပို၍ပင် စိတ်လှုပ်ရှားမိပြန်၏။ သည့်အတွက် မိတ်ဆက်စကားဆိုရန် လှမ်းလာခိုက် နံဘေးဝိုင်းတွင် ထိုင်နေသော လူတစ်ဦးက -

"နောင်ကြီး…ခင်ဗျားဘောင်းဘီ ဇစ်မပိတ်ရသေးဘူး"

ဟု ပြောဆိုလိုက်ရာ လူပျိုကြီးခမျာ မျက်နှာမထား တတ်အောင် ဖြစ်သွားရလေသတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အထင်တော့ မသေးလိုက်နဲ့ဦး

တိုင်ကပ်နာရီ အရောင်းဆိုင်တစ်ဆိုင်သည် တစ်နှစ်တာ တရင်းပိတ်တော့မည်ဖြစ်၍ လက်ကျန် တိုင်ကပ်နာရီများအား အထူးလျှော့ဈေးဖြင့် ရောင်းချရာ နောက်ဆုံးတွင် တိုင်ကပ်နာရီ နှစ်လုံးသာ ကျန်တော့၏။ ထိုနှစ်လုံးအနက် တစ်လုံးမှာ တစ်မိနစ်ချင်းအဖြင့် လက်တံများရပ်လျက်ရှိပြီး ကျန်တစ်လုံးမှာ မူ လက်တံများ သွားလျက်ရှိသော်ငြား တစ်နာရီလျှင် ၅ မိနစ် ခန့် အမြဲလို နောက်ကျ၏။

ထိုစဉ် တောသားလူကြီးတစ်ယောက် ဆိုင်တွင်းသို့ ဝင်လာပြီး တိုင်ကပ်နာရီတစ်လုံး ဝယ်ယူလိုကြောင်းပြောရာ အရောင်းစာရေးလည်း နှစ်လုံးသာရှိတော့ကြောင်း၊ ထိုနှစ်လုံး၏ ပကတိအခြေအနေမှန်ကို ရှင်းလင်းပြောဆိုလေ၏။ ဤတွင် တောသားကြီးလည် လက်တံများရပ်လျက်ရှိသော တိုင်ကပ်နာရီ ကို ကျသင့်ငွေရှင်းလျက် ဝယ်ယူလေ၏။ အရောင်းစာရေးမှာမူ တအံ့တဩ။

"လက်တံတွေရပ်နေတဲ့ နာရီကို ဘာဖြစ်လို့များ ဝယ်ရ တာလဲခင်ဗျာ"

ဟူ၍ သိချင်ဇောဖြင့် မေးလိုက်၏ ဤတွင် တောသား ကြီးက -

"မောင်ရင် ဘာသိလို့တုံး။ လက်တံတွေသွားနေတဲ့နာရီ က တစ်နာရီ ၅ မိနစ် နောက်ကျတယ်ဆိုတော့ တစ်နာရီရောက် လေတိုင်း,ရောက်လေတိုင်း ၅ မိနစ် ပြန်ပြန်ပေါင်းထည့်နေရ တာ အလုပ်ရှုပ်တယ်။ ဟောဒီ လက်တံတွေရပ်နေတဲ့နာရီကမှ တစ်နေ့ကို အချိန်မှန် နှစ်ခါပြတယ်ကွယ့်။ ဒါကြောင့် ရွေးဝယ် တာပေါ့။ လူကို တောသားဆိုပြီး အထင်တော့ မသေးလိုက် ပါနဲ့"

ဟူသတတ်။

• • •

## နားထောင်ချင်ဘာ ဆိုပြပါ

လူ့ဘုံနိုင်ငံကြီးဘဝမှ မကြာခင်က လွတ်မြောက်လာသော ကိုစိုးအောင်တစ်ယောက် ရေကျော်ရပ်ကွက်မှ အဆိုတော် ပေါက်စ မိန်းကလေးတစ်ယောက်ကို ယူမိသည့်အတွက် ကနဦး ၌ ပျော်သလိုလို ဖြစ်ရသော်ငြား လအတော်ညောင်းသည့်အခါ တွင် စိတ်ညစ်ညူးစရာရသည်။ မိန်းကလေးက အသက်အရွယ် ငယ်သည်နှင့်အမျှ သီချင်းဆိုဝါသနာကလည်း ကြီးလွန်းလှသည့် အချက်အပြုတ်နှင့် အိမ်ထောင်ထိန်းသိမ်းမှုအပေါ် အာရုံသ မရှိ။

တစ်နေ့ ကိုစိုးအောင်တစ်ယောက် မောမောပန်းပ နှင့် အိမ်သို့ပြန်ရောက်လာ၏။ ဗိုက်ထဲမှာလည်း ဘာအစာ မရှိသည့်အတွက် တဂွီဂွီ တဂွမ်ဂွမ်။ အိမ်ပေါ်သို့ လှမ်းတက်ခ် ရှိသေး၊ သနပ်ခါးအဖွေးသားနှင့် ဇနီးသည်က ဆီးကြို၏။

"ကိုကို‥ဘယ်သီချင်းနားထောင်ချင်လဲဟင်။ L.ဆိုင်း လား၊ မြူမြူကျော်သိန်းလား၊ အေးသင်ချိုဆွေလား"

"ငါတကယ်နားထောင်ချင်တာ ပြောရမလား"

"ပြောလေကိုကိုရဲ့ ကိုကိုပြောမှ သိမှာပေါ့"

"အေး • • • ငါတကယ်နားထောင်ချင်တာက ထမင် အဆင်သင့်၊ ဟင်းအဆင်သင့်ဆိုတဲ့ အသံပဲပေါ့ • • •"

"ရှင် • • •"

• • •

## ဆုံးမချင်တိုင်း ဆုံးမခွင့်ရမလား

လုပ်ငန်းခွင်ကနေ မောမောပန်းပန်းနှင့် ပြန်လာခဲ့သည့် ဖခင်ဖြစ်သူမှာ အိမ်သို့ရောက်လျှင်ရောက်ချင်း အမောမပြေ ဖြစ်ရသည်။ အဘယ့်ကြောင့်ဆိုသော် သားဖြစ်သူသည် ဖွက် အိုင်အတွင်း၌ ငါးများကို လိုက်စမ်းနေ၍ ဖြင့်၏။ သည့်အတွက် တိုင်တွင်ချိတ်ထားသော ထားဝယ်ကြိမ်လုံးကို ဆွဲယူလိုက်၏။ ထိုအဖြစ်ကို ဇနီးသည်မြင်လေသော် ပျာပျာသလဲဖြင့် -

"အဖေကြီးရယ်‥ ဒီတစ်ခါတော့ဖြင့် သားကိုခွင့်လွှတ် လိုက်ပါနော်။ နောက်တစ်ကြိမ် ဖွက်ထဲဆင်းရင်တော့ အဖေကြီး သဘောပဲပေါ့"

ဟူ၍ သားအတွက် တောင်းပန်လိုက်လေ၏။

ဤတွင် ဖခင်ဖြစ်သူက -

"ဟ‥ငါက ဆုံးမခွင့်ရလို့ ဆုံးမ,မလို့ဟာ။ နောက်ပိုင်း သူဖွက်ထဲဆင်းမှာ မဟုတ်တော့ရင် ငါ့အတွက် ဘယ်မှာဆုံးမ ခွင့်ရတော့မှာလဲ"

ဟု ပြောလိုက်လေသတည်း။

မြို့မေတ္တာခ်ယ္မယ္

■ ကိုရွှေတောသား



www.burmeseclassic.com

www.burmeseclassic.com



# လွမ်းလားကွယ်

■ ပိုက်မင်းဝေ

မစ္စတာရော့ခ် စိတ်အလွန်ညစ်နေပေသည်။ အဘယ်ကြောင့်ဆိုသော် တစ်ဦးတည်းသောသမီးဖြစ်သူ မေဘယ်လ်မှာ လူရှုပ်တစ်ယောက်ဖြစ်သော ဂျင်မီနှင့် ငြိနေသောကြောင့် ဖြစ်သည်။ မစ္စတာရော့ခ်၏ စည်းစိမ်ချမ်းသာမှုကို လိုချင်တပ်မက်သဖြင့် မေဘယ်လ်အား ဂျင်မီက အပိုင်ကြံခြင်းဖြစ်သည်။

မေဘယ်လ်မှာ မနူးမနပ် ငယ်ရွယ်သူကလေးဖြစ်သဖြင့် ဂျင်မီ့မာယာတောတွင် မျောဝင်နေခြင်း ဖြစ်သည်။ ဖခင်ဖြစ်သူ သဘောမတူသဖြင့် ဂျင်မီနှင့် ဂျက်လေယာဉ်တစ်စင်းငှားကာ ထွက်ပြေးရန်ကြံလေ၏။ မစ္စတာရော့ခ်၏ လူယုံတော်များက သိသဖြင့် ရော့ခ်အား သတင်းပေးကြသည်။ မစ္စတာရော့ခ်မှာ အကြံရခက်သဖြင့် မိမိ၏ အကြံပေးအရာရှိဖြစ်သူ မစ္စတာဘာရောင်းအား ဖွင့်ဟအကူအညီတောင်းခံလိုက်၏။ မစ္စတာဘာရောင်းမှာ ဉာဏ်ကြီးသူပီပီ ခဏမျှသာ စဉ်းစား၍ ၎င်း၏အကြံအစည်ကို မစ္စတာရော့ခ်အား ပြောပြလိုက်လေသည်။ မစ္စတာရော့ခ်မှာ မစ္စတာဘာရောင်း၏ အကြံအစည်ကို လွန်စွာကျေနပ်လက်ခံလိုက်လေသည်။

အကြံအစည်မှာကား ...။

* * * * *

ဂျက်လေယာဉ်တစ်စင်းသည် အာဖရိကတောတန်းပေါ်မှ ဖြတ်သန်းမောင်းနှင်လျက်ရှိသည်။ ယာဉ်ပေါ်တွင် ပျော်ရွှင်ကြည်နူးနေသော စုံတွဲမှာ ဂျင်မီနှင့် မေဘယ်လ်တို့ပင်။ ထိုအခိုက် ယာဉ်မောင်းမှာ ရုတ်တရက် ဂျင်မီတို့ဘက်လှည့်၍ အရေးကြီးသောလေသံဖြင့် –

"စိတ်မကောင်းစရာပဲဗျာ။ လေယာဉ်စက်ချို့ယွင်းသွားပြီ။ မကြာခင် ပေါက်ကွဲတော့မယ်"

ဂျင်မီက –

"ဒါဆိုဘယ်လိုလုပ်မလဲ။ လေထီးပေး"

"ကျွန်တော့်ရဲ့ အသုံးမကျမှုပါဗျာ။ သည်မှာ လေထီးက တစ်ခုတည်းပါလာတယ်"

ဂျင်မီက ယာဉ်မောင်းပြောပြီးပြီးချင်း လေထီးအား ဆတ်ခနဲဆွဲယူဝတ်လိုက်ပြီး လေယာဉ်ပေါ်မှ အလျင်အမြန်ခုန်ချသွားလေသည်။ မေဘယ်လ်မှာ မျက်ရည်တွေ အတွေတွေစီးကျရင်း အော်ဟစ်ကာ ငိုယိုနေ၏။ လေယာဉ်မောင်း၏ အေးဆေးသောစကားကြောင့် ပျော်ရမလိုလို၊ ငိုရမလိုလို ဖြစ်သွားလေတော့သည်။

"ကလေးမ ... လေယာဉ်ဘာမှမဖြစ်ဘူး။ ခုကိစ္စဟာ မင်းအက်ဒီစီစဉ်လိုက်တာပဲ"

ပိုက်မင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



# သူ့အခြေ

■ ကိုကိုသန်းဝင်း(တမာရွက်ပြုတ်)

ကျွန်တော်နေတာက ဝန်ထမ်းရပ်ကွက်ဆိုတော့ သိတဲ့အတိုင်း အိမ်ရှေ့မှာရော၊ အိမ်နောက်မှာရော၊ ဝဲရော၊ ယာရော ဝန်ထမ်းတွေကြီးပဲပေါ့ခင်ဗျာ။ လှူပေါင်းစုံ၊ အလွှာပေါင်းစုံ၊ စရိုက်မျိုးစုံပေါ့ခင်ဗျာ။

ကျွန်တော့်ယာဘက်က တိုက်ခန်းလေးဟာ မိသားစုလေးစု နေနိုင်သော တိုက်ခန်းကလေး ဖြစ်သည်။ အိမ်ထောင်ဦးစီးများက သူ့ရာထူးနှင့်သူ မိသားစုလေးစု နေထိုင်ကြသည်။ ကျွန်တော့်အိမ်နှင့်နီးတော့ ဘယ်သူလာလာ စကားအဆင်ပြေအောင် ပြောတတ်တဲ့ ကျွန်တော့်ဇနီးသည်နှင့် သူတို့အလျှဉ်းသင့်ကာ ဝင်ထွက်သွားလာ ပြောဆိုနေကြသည်။

ဇနီးသည်မှ တစ်ဆင့် သူတို့ရဲ့ အကြောင်းတွေ ကျွန်တော်သိရ၊ ကြားရသည်။ တစ်နေ့ ဇနီးသည်က –

"ဆရာရေ ... ဟိုလေးခန်းတွဲက ဒေါ်ဝတုတ်ကို သိတယ်မဟုတ်လား။ သူ့ယောက်ျားက ထုပ်ပိုးဘက်ကလေ"

"အေး ... သိတယ်"

"နောက် သူတို့အခန်းဘေးက မအရှာဘီရော သိတယ်မဟုတ်လား။ အိမ်ကိုလာရင် ကျယ်ကျယ် ကျယ်ကျယ်နဲ့ စကားပြောတတ်တဲ့ မိန်းမလေ။ သူ့ယောက်ျားက ပြင်/ထိန်းဘက်ကလေ"

"အေး ... သိတယ်"

"သူတို့နှစ်ခန်းလုံး နှစ်လုံး,သုံးလုံးကိစ္စ တော်တော်ဝါသနာပါကြတယ်နော်။ ဒေါ်ဝတုတ်က လက်ခွဲဆိုလား။ ထွက်ခါနီးကျရင် ကြက်ကြော်တို့၊ အရက်ပုလင်းတို့၊ အချိုရည်ပုလင်းတို့၊ တခြားစားစရာတွေလည်း အစုံပဲ။ စီးကရက်ဆို မာဘိုရိုကို ဘူးလိုက်တင်တာ။ မအရှာဘီကျတော့ ထိုးတာဝါသနာပါလို့ ဖွင့်ခါနီးကျရင် လက်ဖက်ကလေး ဝယ်တင်၊ တစ်ခါတလေ မုန့်ဖက်ထုပ်ကလေးဝယ်တင် လုပ်တာတွေ့တော့ ကျွန်မကလည်း သိချင်နေတော့ မေးကြည့်တယ်။ လက်ဖက်တို့၊ မုန့်ဖက်ထုပ်တို့က ဘာလုပ်တာလဲဆိုတော့ ထုပ်ထုပ်ကလေးနဲ့ သုတ်သုတ်ကလေးဝင်အောင်လို့တဲ့"

"ဪ ... အဲဒီလိုလား။ ဆက်ပါဦး"

ဇနီးသည်က စဉ်းစားနေသည်။ အတော်ကြာမှ –

"ဒါဆိုရင် မအရှာဘီက ဒေါ်ဝတုတ်ဆီမှာ ထိုးတယ်။ ဒေါ်ဝတုတ်က ဒိုင်ကိုင်တယ်။ မအရှာဘီက သူပေါက်အောင် လက်ဖက်သုပ်၊ မုန့်ဖက်ထုပ်တွေ တင်တယ်။ ဒေါ်ဝတုတ်က ထိုးတဲ့လူတွေ မပေါက်မှ သူစားရမှာဆိုတော့ သူလည်း ကြက်ကြော်တွေ၊ အရက်ပုလင်းတွေတင်တယ်။ ဒါဆိုရင် နတ်က ဘယ်သူ့ကို မ,မှာလဲ"

"ဟော ... အဲ ... အဲဒါဆိုရင်"

ကျွန်တော် ခေါင်းနည်းနည်းစားသွားသည်။ မရှိတဲ့ဆံပင်ကြားကို လက်ထိုးပြီး ကုတ်လိုက်သည်။ စဉ်းစားမရ။ အဖြေမထွက်။ ဒီမိန်းမ အရေးမဟုတ်တာကို ပြဿနာလုပ်ပြီဟု တွက်လိုက်သည်။ အဲဒီအခါမှာ အိမ်မှာ စကားအနည်းဆုံး၊ တော်ရုံကိစ္စကို ခေါင်းထဲထည့်တတ်သူ မဟုတ်။ အေးအေးနေတတ်တဲ့ သမီးကြီးက ကောက်ကာငင်ကာ ပြောလိုက်သည်။

"ဒါကတော့ အမေရရယ်၊ မျှားရာကို မ,မှာပေါ့" ... တဲ့။

ဟုတ်လိုက်တဲ့ အဖြေ။

ကိုကိုသန်းဝင်း(တမာရွက်ပြုတ်)



www.burmeseclassic.com

www.burmeseclassic.com



# မွေးရာပါ အယူလွဲ

■ ဆဲလ်ကျော့နိုင်

ကိုကျော့မောင်က ဝန်ထမ်းတစ်ဖက်နဲ့ စာရေးဆရာတစ်ယောက်။ စာရေးဆရာဆိုတော့ စာပေသမားအပေါင်းအသင်းများနှင့် ဝင်ဆန့်သလို အကူအညီအမြဲပေးနေသော မရှိမဖြစ် ရင်းနှီးကျွမ်းဝင်သူတွေထဲမှာ ဆက်သွယ်ရေးဌာန စာပို့လုလင် ဆက်သွယ်ရေးဝန်ထမ်းများလည်း ပါဝင်ပါတယ်။

လဆန်း ၁၅ ရက်ကျော်၊ မဂ္ဂဇင်းတွေထွက်ရက်ဆိုရင် စာအုပ်အငှားဆိုင်၊ ဂျာနယ်ဆိုင်တွေကို အပြေးအလွှားသွားပြီး ကိုယ့်စာမူလေးများပါမလား မျက်နှာချီသွားပြီး လှန်လှောရှာရတာအမောပါပဲ။ စာမူများပါခဲ့ပြီဆိုတာနဲ့ အလုပ်က မပြီးသေး စာတိုက်ဖွင့်ချိန်ကိုစောင့်ပြီး စာအုပ်နှင့် စာမူခ(M.O.)ရောက်မရောက် သွားမေးရတာလည်း ကြာတော့ စာတိုက်က ဝန်ထမ်းတွေက (M.O.)ဆိုရင် NO တဲ့။ သဘောက 'နိုး'မရောက်ဘူး၊ မပါဘူး။ စာရေးဆရာတွေ (M.O.)ဆိုရင် ပေးချင်သွန်းလို့ No ဖြစ်တာတော့ မတတ်နိုင်ဘူးတဲ့။

ကြာတော့ စာရေးဆရာအစား NO အဖွဲ့လို့ အမည်ပြောင်ရှိလာပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ရံ စာရေးဆရာလည်း စိတ်နဲ့ကိုယ် မကပ်တဲ့နေ့စွဲတွေ ရှိတယ်။ ဒီတစ်ပတ် ကိုကျော့မောင် စာအုပ်ဆိုင်ဘက် မလှည့်ချင်လောက်အောင် ဖြစ်နေမိတယ်။ နိုဝင်ဘာ ၄ ရက်ရောက်မှာ တော်တော်ကြောက်နေမိတယ်။ ဒီနေ့ဆိုရင် နိုဝင်ဘာ ၁ ရက်ရှိပြီ။ စိတ်ညစ်ညစ်နဲ့ တစ်ယောက်တည်း ကုလားထိုင်မှာထိုင်နေတုန်း အိမ်က ကလေးမက ပါဆယ်ထုပ်တစ်ခု လာပေးလို့ ကြည့်လိုက်တော့ (----)မဂ္ဂဇင်းတိုက်ကြီးတစ်တိုက်က ပို့လိုက်တာဖြစ်ပြီး ၁၂ နှစ်ပြည့် အထူးထုတ် အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးလိုက်တာပါ။

ကိုကျော့မောင် အတိုင်းအဆမရှိ ဝမ်းသာသွားပြီး M.O ထုတ်ဖို့ စာတိုက်ကို ထွက်လာခဲ့တယ်။ စာတိုက်ရောက်တော့ မန်နီးအော်ဒါ M.O လက်မှတ်ထိုးထုတ်တော့ ငွေက တစ်သောင်းခုနစ်ကျပ်တိတိ။ အပူတစ်ဝက် လျှော့သွားပါပြီ။ ငွေထုတ်အပြီး ပြန်အထွက်မှာ လက်ဖက်ရည်လည်း မပါဘူးတဲ့။ ကိုကျော့မောင် စိတ်မကောင်းဖြစ်မိသွားတယ်။ လစာထုတ်ပြီးတာမှမကြာသေး၊ ရုံးအပြင်ရောက်တော့ အသိမိတ်ဆွေတစ်ယောက်နဲ့တွေ့တဲ့အတွက် –

"နိုဝင်ဘာ ၄ ရက် မနက်အရှေ့ဆွမ်းကပ်မှာ လာခဲ့နော်"

"ဘာအတွက် ဆွမ်းကပ်တာလဲ စာရေးဆရာ"

"ကျွန်တော့်သားအလတ်ဆုံးတာ တစ်နှစ်ပြည့်လေဗျာ"

မပြောချင်ဘဲနဲ့ ပြောလိုက်ရတဲ့ စကားတစ်ခွန်းကို စောစောက လက်ဖက်ရည်လည်းမပါဘူးပြောတဲ့သူ ကြားများကြားသွားရင် ...။

ဆဲလ်ကျော့နိုင်

www.burmeseclassic.com



# ကျားရှေ့မှောက်လျက် လဲခဲ့သူ

**မှုခင်းသတင်းထောက်စိုးအောင်**

ဒုစရိုက်လောကမှာ သူမကို စိန်လွှမ်းခင်မေဟု တင်စားကြ၏။ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ပေါက်က ရွှေဘိုမင်းအကြိုက်ဖြစ်ပြီး၊ မျက်နှာပေါက်က အမြဲလိုလိုပြုံးနေတတ်၏။ လုပ်ရပ်ကတော့ ငှက်ကြီးတောင်ဓား ထက်သည်ဆိုတာက စိန်လွှမ်းခင်မေနှင့် ကြုံလို့ကတော့ ဓားတုံးသွားမည်သာ ဖြစ်၏။

ငယ်စဉ်က စိန်လွှမ်းရပ်ကွက်မှာ ခင်မေကို မွေးဖွားခဲ့၏။ ပတ်ဝန်းကျင်၏ ဒုစရိုက်အငွေ့အသက်များက သူမကို လွှမ်းခြုံထားဆဲပင်။ သူတစ်ပါးကို မလိမ်မကောက်ရလျှင် ဆွေမျိုးများကိုပင် ချန်လှပ်မထား။ ရသမျှ ဘနဖူး သိုက်တူးမည့်သူ။

ဒုစရိုက်အငွေ့အသက် လုပ်ငန်းတွေ ဘယ်လိုကျွမ်းကျင်စွာ လွှမ်းခြုံနေပါစေ၊ ရာဇဝတ်ဘေး ပြေးမလွတ်ဟူသော ဆိုထုံးကို စိန်လွှမ်းခင်မေ တစ်ယောက် မေ့နေဟန်တူ၏။ ဥပဒေစက်ကွင်းအတွင်း ဝင်ရောက်လာမည့် နေ့တစ်နေ့ အချိန်တစ်ချိန်တွင် ခင်မေတစ်ယောက် နောင်တတရားတို့ဖြင့် နှောင်းနေပြီ ဖြစ်၏။

စိန်လွှမ်းခင်မေသည် တစ်ကိုယ်တော် လှုပ်ရှားတတ်၏။ ရုပ်ပုံအမျိုးမျိုး ပြောင်းတတ်၏။ တရုတ်၊ ကုလား စသည့် ရုပ်သွင်များကလည်း သူမကို အကာအကွယ် ပေးထားသလို ဖြစ်နေတတ်၏။

ခင်မေလမ်းလျှောက်သည့် နံနက်ခင်းမှာ ရွှေဆွဲကြိုး တစ်ကျပ်သားခန့် ဆွဲပြီး လမ်းလျှောက်တတ်သည့် အစ်ကိုကြီး တစ်ယောက်ကို သတိထားမိလာ၏။ အစ်ကိုကြီး၏ သွားမှုလာမှုမှအစ အစစ သတိထား၏။

အစ်ကိုကြီးနှင့် ဆုံမယ့်နေရာအရောက် လောဘအပြုံးနှင့် ကြိုဆိုတတ်၏။ ခင်မေရင်ထဲ အစ်ကိုကြီး၏ ဆွဲကြိုးကြီးက သူမရင်ခွင် ရောက်ရမည်ဟူ၍သာ။ အစ်ကိုကြီးကလည်း ခေသူမဟုတ်။

ခင်မေနှင့် ဆုံသည့်အခါ ခင်မေ၏ အပြုံးနှင့် အမူအကျင့်တို့ကို ဥပဒေ ဘက်တော်သားပီပီ သိ၏။ ရှေ့ရေးကို ကြိုမြင်တတ်သူလည်း ဖြစ်၏။

တစ်နေ့နံနက်ခင်း ငွေနှင်းမှုန်တို့ကျနေစဉ် ခင်မေက အစ်ကိုကြီးဘေးသို့ ဝင်ကပ်ပြီး –

"မအော်နဲ့ လည်ပင်းက ဆွဲကြိုးဖြုတ်ပေးပါ။ မပေးရင် မတရားကြံနေပါတယ်လို့ အော်လိုက်မယ် သိလား ..."

ဤတွင် အစ်ကိုကြီးက မကြားဟန်ပြုပြီး လက်ခြေဖြင့် –

"ဘာလဲ .. ဘာလဲ .. ဘာတွေပြောနေတာလဲ မကြားရဘူး"

"မအော်နဲ့ လည်ပင်းက ဆွဲကြိုးဖြုတ်ပေးပါ။ မဟုတ်ရင် မတရားကြံနေပါတယ်လို့ အော်လိုက်မယ်ဆိုတာ ပြောနေတာ"

ထိုခဏ သက်သေခံဖြင့် လက်ပူးလက်ကြပ်မိနေပြီဖြစ်လို့ ခင်မေကို ယခင်ကတည်းက မသင်္ကာသဖြင့် ရပ်ကွက်လူကြီးများသာမက စခန်းမှတာဝန်ရှိသားပုလင်း တင်ဝင်းနှင့် ရဲမေသက်မှူးခင်တို့ရဲ့ စောင့်ကြည့်အဖွဲ့မှ စတီးလက်ကောက်မှာ စိန်လွှမ်းခင်မေကို ခတ်ပြီးဖြစ်၏။

အမှန်စင်စစ် စိန်လွှမ်းခင်မေတစ်ယောက် အစ်ကိုကြီးကို အချဉ်ဟု သဘောထားခဲ့ငြား အစ်ကိုကြီးမှာ တစ်ချိန်က တရားသူကြီးတစ်ဦးဟုသာ သိလိုက်ရပါလျှင် ...။

မှုခင်းသတင်းထောက်စိုးအောင်



www.burmeseclassic.com

www.burmeseclassic.com



# အာရူးများ

**ရွှေရိုး**

ရွှေရိုးတို့ ဟိုင်းကြီးကျွန်းမှာ ကွမ်းယာဆိုင် ‌အရမ်းများပါတယ်။ အရမ်းများတယ် ‌‌ပေမဲ့ တစ်ရက်တည်း၊ တစ်ပြိုင်တည်း ဖွင့်ကြတာတော့ မဟုတ်ပါဘူး။ ‌အမတစ်ဆိုင်ဖွင့်လို့ ရောင်းကောင်းတာကိုတွေ့တော့ နောက်လူက ဆိုင်ထပ်ဖွင့်ပါတယ်။ ဥပမာ တင်တင်ဝင်းက ကွမ်းယာဆိုင်စဖွင့်လို့ အခြေအနေကောင်းတဲ့အတွက် ထက်ကြီး ကွမ်းယာဆိုင်ဖွင့်သည်။ ထက်ကြီးကွမ်းယာဆိုင် ရောင်းကောင်းတဲ့အတွက် သူငယ်ချင်းကွမ်းယာဆိုင်တစ်ဆိုင် ထပ်တိုးလာပြန်ရော။ အဲဒီနည်းနဲ့ ဟိုင်းကြီးကျွန်းမှာ ကွမ်းယာဆိုင်တွေများလာတာပါ။ ဘယ် လောက်များလဲ ဆိုတာကိုတော့ ရွှေရိုးရေမထားလို့ အတိအကျမသိပါဘူး။ ကွမ်းယာဆိုင်တွေများသလို ကွမ်းစားသူတွေလည်း အရမ်းများပါတယ်။ ဘယ်လောက်များသလဲဆိုတာကို ထက်ကြီးကွမ်းယာဆိုင်မှာ ရွှေရိုးစုံစမ်းကြည့်ပါတယ်။ ထက်ကြီးကွမ်းယာဆိုင်ရဲ့ တစ်နေ့ရောင်းရငွေက တစ်သောင်းအထက်မှာ ရှိပါတယ်။ ဆယ်ဆိုင်ရှိရင် တစ်နေ့ကွမ်းယာရောင်းရငွေက ဘစ်သိန်းအထက်မှာပါ။

ထားပါ။ ရွှေရိုးပြောချင်တာက ကွမ်းယာရောင်းရငွေအကြောင်း မဟုတ်ပါဘူး။ ကွမ်းဆော်ကြောင်ဖြူမင်းလက်ထက်က အကြောင်းလည်း မဟုတ်ပါဘူး။ နရသီဟပတေ့မင်းလက်ထက်က ပန်းကပ်ပုံအကြောင်းလည်း မဟုတ်ပါဘူး။ ရခိုင်ဘုရင်မင်းထီး လက်ညှိုးဖြတ်တဲ့အကြောင်းတွေလည်းမဟုတ်ပါဘူး။ အဲဒီအကြောင်းတွေ မဟုတ်သလို ကွမ်းစား



www.burmeseclassic.com

www.burmeseclassic.com

**ရွှေရိုးပြောချင်တာက ကွမ်းယာရောင်းရငွေ အကြောင်း မဟုတ်ပါဘူး။ ကွမ်းဆော်ကြောင်ဖြူမင်း လက်ထက်ကအကြောင်းလည်း မဟုတ်ပါဘူး။ နရသီဟပတေ့မင်း လက်ထက်က ပန်းကပ်ပွဲအကြောင်းလည်း မဟုတ်ပါဘူး။ ရခိုင်ဘုရင်မင်းထီး လက်ညှိုးဖြတ်တဲ့ အကြောင်းတွေလည်း မဟုတ်ပါဘူး။**

တာဟာ လည်ချောင်းကင်ဆာ၊ လျှာကင်ဆာ၊ သွားဖုံးကင်ဆာ၊ အစာမျိုပြွန်ကင်ဆာ၊ ဘာကင်ဆာ ညာကင်ဆာဆိုတဲ့ အကြောင်းတွေလည်း မဟုတ်ပါဘူး။ သူတို့ပိုက်ဆံနဲ့သူတို့ ကြိုက်လို့စားတာ ဘာဖြစ်ဖြစ် ရွှေရိုး ဘာမှပြောပိုင်ခွင့် မရှိပါဘူး။ ပြောလည်းမပြောပါဘူး။ ကျွဲပါးဆောင်းတီးတဲ့အလုပ် ရွှေရိုးမလုပ်ပါဘူး။ ရောဂါနှိုင်လည်း ရွှေရိုးဖြစ်တာမှမဟုတ်တာ၊ ...ပြောစရာလိုလဲ။ မ...ပြောပါဘူး။ သေ...ည်း သူတို့သေတာပဲ။ ရွှေရိုးသေတာမှ မဟုတ်တာ။ ဘာပြောစရာလိုလဲ။ သေချင်ရင် စိန်မစားဘဲ ကွမ်းယာစားလို့ ရွှေရိုး မပြောပါဘူး။ ဒါဆို ရွှေရိုး ကွမ်းယာဆိုင်တွေများတဲ့အကြောင်း ဘာလို့ပြောတာလဲဆိုတာ သိချင်ကြမှာပေါ့။

ဒီလိုပါ။ ရွှေရိုး စောစောကပြောခဲ့တဲ့အတိုင်း ဟိုင်းကြီးကျွန်းမှာ တင်တင်ဝင်းကွမ်းယာဆိုင် စဖွင့်တယ်။ ကွမ်းကြိုက်တဲ့သူတွေ အလုအယက် ဝင်စားကြတယ်။ ပလတ်စတစ်အိတ်နဲ့တင် ထုပ်တာမဟုတ်ဘူး။ ဘူးတွေနဲ့ပါ ထည့်ဝယ်ကြတာ။ တင်တင်းဝင်းထုံးက အရမ်းကောင်းတယ် ပြောကြပါတယ်။ ရေသန့်ဘူးနဲ့ထည့်ထားတဲ့ ထုံးဘူးတွေတောင် လုပ်ရောင်းရပါတယ်။ တင်တင်ဝင်းကွမ်းယာကွင်းဘွဲ့ ရသွားပါတယ်။

အဲ ... တင်တင်ဝင်း အိုကေမှာ စိုပြည်တော့ ထက်ကြီးကလည်း ကွမ်းယာဆိုင်ဖွင့်ပါတယ်။ တင်တင်ဝင်းဆိုင်က ဖောက်သည်တွေ ထက်ကြီးဆိုင် ပြောင်းကုန်ကြရော။ ထက်ကြီးက ကွမ်းယာကွင်းဘွဲ့ရသွားရော။ ဟော ... ဘာမှမကြာဘူး။ ထက်ကြီးရဲ့ ကွမ်းယာကွင်းဘွဲ့ကို လုမယ့်သူ ပေါ်လာတယ်။ သူငယ်ချင်းကွမ်းယာဆိုင်ပါ။ ထက်ကြီးကို ကွမ်းယာကွင်းဘွဲ့ပေးတဲ့ကွမ်းသမားတွေ သူငယ်ချင်းဆိုင်ဘက် ရောက်သွားကြပြန်ရော။ သူငယ်ချင်း ကွမ်းယာဆိုင်ပိုင်ရှင်မလေးကို ကွမ်းယာကွင်းဘွဲ့ ပေးလိုက်ပြန်ရော။ ရွှေရိုးပြောတာ သဘောပေါက်ကြပြီလား မသိဘူး။

ဗျာ ... မပေါက်သေးဘူး။ ဒီလိုဗျာ။ တင်တင်ဝင်းကွမ်းယာဆိုင် စဖွင့်တုန်းက ဖျော်ဘဲ့ထုံး ဖော်မြူလာက စဖွင့်ကတည်းက အတိုင်းပဲ၊ ဘာမှမပြောင်းလဲဘူး။ ဒါပေမဲ့ ထက်ကြီးဆိုင်ဖွင့်တော့ ထက်ကြီးထုံးက ကောင်းသွားပြန်ရော။ နောက် သူငယ်ချင်းဆိုင်ဖွင့်တော့ သူငယ်ချင်းထုံး ဖြစ်သွားကြပြန်ရော။ ကျန်တဲ့ နိုင်းတီးနိုင်းတို့၊ ဘာတို့၊ ညာတို့ တခြားပြည်က မှောင်ခိုဝင်လာတဲ့ အဆိပ်တွေ ... အဲ .. ကွမ်းယာဆေးတွေအကြောင်းတော့ ထည့်မပြောတော့ပါဘူး။ ကွမ်းယာမှာ ထုံးကအဓိကဖြစ်နေလို့ ထုံးအကြောင်းပဲ ပြောနေတာပါ။ ထုံးကိုဘာတွေနဲ့ရော...စပ်ပြီး ဖျော်ကြတယ်တော့ မသိပါဘူး။ အဲ ... ထုံးကလည်း အဆိပ်ပါပဲ။ လူ...ဘေးဖြစ်စေတာပါပဲ။

ထုံးဖျော်နည်း ဖော်မြူလာက တ...ဆိုင်နှင့်တစ်ဆိုင် မတူပါဘူး။ ကိုယ့်ဖော်မြူလာနဲ့ကိုယ် ဖျော်ကြတာပါ။ ဘာတွေနဲ့ရောစပ်ပြီး သေကြောင်းကြံ၊ အဲ ... ဖျော်တယ် မသိပါဘူး။ ဟိုအရင်တုန်းက ထောက်ကြန့်ကထွက်တဲ့ ထွေးညိုလို ဖော်မြူလာမျိုးပဲ ဖြစ်မှာပါ။ ထောက်ကြန့်ထွက် ထွေးညိုက အားပေးသူတွေကို မြန်မြန်သေစေသလို၊ ကွမ်းယာဆိုင်တွေက ထုံးတွေကလည်း အားပေးသူတွေကို မြန်မြန်သေစေမှာပါပဲ။ အရက်နဲ့ ထုံး တ...လုံးပေါင်းလေးတွေ ပြောင်းသွားပေမဲ့ "မြန်မြန် ဒုက္ခရောက်စေ"တာကတော့ မပြောင်းပါဘူး။ လုံးဝကြီးကိုမှ လုံးဝကြီးကို အတူတူပါပဲ။ တကယ်တော့ ရွှေရိုးပြောချင်တာက ကွမ်းစားသူတွေ မြန်မြန်သေတဲ့အကြောင်းလည်း မဟုတ်ပါဘူး။ သူတို့ဘာသာသူတို့ မြန်မြန်ဒုက္ခရောက်၊ စောစောဒုက္ခရောက်တာ ရွှေရိုးနဲ့ ဘာမှမဆိုင်ပါဘူး။

ရွှေရိုးပြောချင်တာက ဟိုးအရင်က "ခုစာကလေးကြော် ခုသီထမင်း" ဆိုတဲ့ စကားပုံရှိခဲ့တယ်မို့လား။ အဲဒီစကားအတိုင်း "ခုတင်တင်ဝင်း၊ ခုထက်ကြီး၊ ခုသူငယ်ချင်း"လို့ ပြောချင်တာပါ။ ဒါလည်း ရွှေရိုး အဓိက ပြောချင်တာမဟုတ်ပါဘူး။ ရွှေရိုး အဓိကပြောချင်တာက ဘယ်ဆိုင်ကကွမ်းယာပဲစားစား ဒုက္ခများမှာပဲ ဆိုတာပါ။ ပေါက်ပြီနော်။ ဘယ်ဆိုင်ကကွမ်းယာပဲစားစား ခင်ဗျားတို့ သေ...မှာကတော့ အသေချာပဲ။

ရွှေရိုး



www.burmeseclassic.com

www.burmeseclassic.com



# ကုသိုလ်ရယ် ကယ်ပေတော့

■ စန်းမြင့်အောင်(ရေကျော်)

လူ့ဘဝခရီးသည် မွေးသည်မှသေ ည်အထိ လူ့ဘဝခရီးလမ်း ဖြတ်သန်း ရသည့်အခါ ရတနာသုံးပါး မမေ့ ာသည့်စိတ်သည် လူတိုင်း လူတိုင်း က် အလွန်တရာ အရေးကြီးလှ ည်။

ာသည် နံနက်အလင်းအစ နိုးထ ည်နှင့် စိတ်ကြည်လင်ပါက ကုသိုလ်၊ ကြည် ါက အကုသိုလ်စိတ်တို့ ည်သာ ဒေါသ၊ မောဟ စသည့် င်းတို့ ဝင်လာတတ်ကြသည်။

ာရေးသူသည် ပင်စင်ရပြီး (၆)နှစ် ဘဝခရီးသည် အကောင်း နှံတွဲလျက် ကြုံတွေ့ရသည့် ချစ် င်သူနှင့် လိုသူ၊ မလိုသူများက အနုမတဂ္ဂ ပေါ်လာသည်။

စာရေးသူ ပင်စင်ရပြီးနောက် ဝါ သနာထုံရာ စာပေဝန်းကျင်ဘစ်ခိုတွင် နားခိုခဲ့သည်။ ခင်မင်သူ၊ နှစ်လိုသူရှိ၏။ အခြောက်တိုက် တီးတိုးသမားများက လည်း ဒုနှင့်ဒေး ရှိသည်။

ဘာပဲဖြစ်ဖြစ် ရတနာသုံးပါးကိုဖြင့် မျက်စိပွင့်သည်နှင့် နံနက်အလင်းရောင် စသည်နှင့် ဗိုလ်တထောင်ကမ်းနားဘက် လမ်းလျှောက်သည့် စေတီပရဝုဏ်အတွင်း ရှိ တနလာထောင့်မှ တနင်္ဂနွေထောင့်ရှိ ခေတီ၊ ရုပ်ပွားတော်များ ရေသပ္ပါယ်၏။ ရောက်သည့်အခါတိုင်း ပြုလုပ်နေကျ ကုသိုလ်အဖို့ဒါနပင် ဖြစ်သည်။

ရေသည် အေးမြခြင်း၊ အညစ် အကြေး ကင်းစင်စေခြင်း အစိပ္ပာယ်ဟု ယေဘုယျနားလည်ထားမိပါသည်။

စာရေးသူသည် အပျော်သမား၊ စိတ်ရှုပ်ထွေးမှုကို မည်သည့်အခါမျှမထား။ မိမိတာဝန်ကျသည့်အခါ နှုတ်ပိန့်ဖြစ်စေ၊ စည်းကမ်းမိန့်ဖြစ်စေ လိုက်နာတတ်၏။ ယင်းသို့ လိုက်နာခြင်းကပင် စေတနာ အမှား ဖြစ်သွားတတ်သည်များလည်း ကြုံရ၏။

စေတနာအမှားများ ဝေဒနာဖြစ် လာသည့်အခါ ဖိအားများသည့် အဘက် ဘက်မှ ပေါ်လာသည့်အခါမျိုး ကြုံရပြီး အိပ်မက်များပင် အိပ်မက်ဆိုးများ ဖြစ် လာရသည်။

ယင်းအခါမျိုးတွင် ဗိုလ်တထောင် စေတီရှိ ငြိမ်းပြေနှံ့ပြေ ဘုရားများတွင် ရေသပ္ပါယ်၏။ စိတ်ကြည်လင်အောင် သ တ အချိန်ရသမျှထိုင်၏။ ယင်းအခါ



www.burmeseclassic.com

www.burmeseclassic.com

စိတ်သည် ကြည်လင်၏။

ထိုအကြောင်းများကို ရောင်ပြန် အယ်ဒီတာချုပ် ဆရာအေးအား ပြောပြ၏။ ဆရာစိုးအောင်၊ ရတနာသုံးပါး မမေ့နှင့်။ မှန်မှန်လုပ်။ မွေးနေ့နံနက်မှာ မွေးနံသင့်ပန်းများ လှူဒါန်းရန် ပြောပြလှူဒါန်းစေခဲ့သည်။

လူသည် စိတ်ကြည်လင်နေသည့်အခါ ကုသိုလ်အဖို့ ဖြစ်သည့် ဘုရားရှိခိုး၊ ပုတီးစိပ်၊ သမထထိုင်ခြင်းတို့သည် စိတ်ငြိမ်းမြေ့ဖွယ် အေးအေးချမ်းချမ်း ဆောင်ရွက်ခွင့်ရသည်။

လူ့စိတ်သည် သောကတို့ဖြင့် စိတ်ရှုပ်ထွေးနေသည့်အခါ စိတ်တို့သည် ဟိုရောက်သည်ရောက် စိတ်တည်ငြိမ်မှု မရှိသည်ကို တွေ့ရခံစားရ၏။ ခံစားရသည်။

ဘာပဲဖြစ်ဖြစ် စာရေးသူသည် စိတ်၏ သဘောသဘာဝကို ရဟန်းဘောင်ကို သကြြန်တွင်း ဒုလ္လဘဝတ်ခဲ့စဉ်နှင့် စာရေးဆရာများ စုပေါင်း၍ ရွှေပြည်သာမြို့နယ်ရှိ ဆရာတော် အရှင်စန္ဒောဘာသ(စစ်ကိုင်းဆုလာဘ်) ဆရာတော်တို့ထံ ဒုလ္လဘ ရဟန်းဝတ်ခဲ့စဉ်က စိတ်တို့ဖြင့် ဖြေသိမ့်ခွင့်လွှတ်ခံစားခဲ့မိ၏။

အထူးတင်ပြလိုသည်မှာ ကုသိုလ်၊ အကုသိုလ်၏ သဘောတရား ခြုံငုံလေ့လာမိသမျှ တင်ပြလိုခြင်းနှင့် ရတနာသုံးပါး မမေ့မလျော့ခြင်း အကျိုးဆက်များ၏ ကိုယ်တွေ့အကြောင်းရပ်ပင် ဖြစ်တော့သည်။

ရုံးတာဝန်ထမ်းရန် ရုံးရောက်သည်နှင့် မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဖုန်း...တို့သည် စမ်းရေစီးသံ...ာ တသွင်သွင်...သည်။ နံနက်(၈း၃၀)နာ... ...ညနေ(၄း၀၀)နာရီအထိ ဖုန်းသံမပြတ်... ...ကြောင်းအရာကလည်း အမျိုးမျိုး။

ဤသို့ ...စီးမှု အခြေအနေတွင် (၄. ၁၁. ၂၀၀၉)... တာဝန်ပြီးဆုံးသည့် ညနေ(၅း၀၀)နာရီ ပန်းဆိုးတန်းကုန်းတက်အနား ကားအခြေအနေကြည့်ပြီး စာရေးသူ မျဉ်းအဖြူပေါ် ရပ်နေစဉ် (၃၈) လမ်းဘက်မှ သို့မဟုတ် ပန်းဆိုးတန်းအောက်လမ်းဘက်မှလာသည့် စလွန်းကား အငှားကား ည/----- ဟုထင်ရသည့် ကားသည် အခြားကားများကို ကျော်တက်လာပြီး စာရေးသူ၏ လွယ်အိတ်ကို နောက်ကြည့်မှန်ဖြင့် ဝင်တိုက်ပြီး မှန်ကွဲသွားကြောင်း မှန်အစအနများ လွင့်ကျလာ၍ သိလိုက်ရသည်။

စာရေးသူ ခြေအရွေ့တွင် ခြေပူခနဲဖြစ်သွားပြီး ခြေသည်းလန်သွားကာ သွေးတွေက မြင်မကောင်းအောင် ကျနေခဲ့သည်။

စာရေးသူသည် ကားရှင်း မရှင်း ကြည့်နေစဉ် ရတနာသုံးပါး ရွတ်နေခဲ့သည်။ ကားသည် မရပ်။ တစ်ဘက်လမ်းအကူး စာရေးသူ၏ဖိနပ်ညာဖက်က ဖြစ်သည့်နေရာတွင် ထောင်နေ၏။ ခင်မင်သူ မိန်းမငယ်လေးအား ကောက်ခိုင်းခဲ့ရသည်။

ယင်းနောက် မိန်းမငယ်လေး၏ အကူအညီဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ တစ်ယောက်တည်း သွားရောက်၍ ဆေးကုသမှုခံယူပြီး တတ်မှန်ရိုက်ကြည့်ရာ ညာခြေမထိပ်ရိုး ကျိုးသွားကြောင်းနှင့် တာဝန်ခံဆရာပန်ဒေါက်တာ ထူးထူးကျော်နှင့် တာဝန်ကျဆရာဝန် ဆရာမများက စနစ်တကျ POP ကိုင်ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ ကုသပေးခဲ့ပါသည်။

ယင်းအဖြစ်အပျက်များကို စာရေးသူ၏အထက် အကြီးအကဲများကို ဖုန်းဖြင့် ပန်ကြား သတင်းပို့ခဲ့ရာ ...

"ကိုစိုးအောင်၊ ရောဂါဝေဒနာ နေကောင်းအောင်နေ။ ရုံးကိစ္စဘာမှမပူနဲ့" ဆိုသည့်စကားသည် နှလုံးသား ရင်ခွင်ကို အေးမြစေခဲ့ပါသည်။

ဖြစ်စတွင် ဘာမျှကြောက်လ... ခြင်း မရှိသော်လည်း ၁၀. ၁၁. ၂၀... နေ့ ညနေပိုင်းလူနာလာမေးသည့် ဆ... ဦးဖုန်းမြင့်(စာရေးဆရာ ဆောင်းဝင်းလ...) က ...

"ကိုစိုးအောင်၊ ခင်ဗျားကံကော... တယ်။ တော်တော် ကံကောင်းတယ်... လွယ်ထားတဲ့လွယ်အိတ်က နောက်ကြ... မှန်နဲ့ ချိတ်မိပြီး ငြိပြီးပါသွားလို့ကဖြ... လူကိုယ်ပါ ဆွဲချပြီး ကားအောက်ရော... သွားလို့ကဖြင့် ခေါင်းထိ၊ ခြေကျိုး၊ လ... ကျိုးရုံမျှမက အသက်ပါ သေစေနိ... တယ်" လို့ ဆိုသဗျာ။

အောင်မယ်လေး ...။ ယခုကြ... ရချက်က နားဝမှာထိတ်လန့်ပြီး ကြော... အားပိုခဲ့ရတာ အမှန်ဖြစ်ပါသည်။

စာရေးသူသည် ခရီးသွားလျှာ... ၏ ဖွင့်စနှင့် နှစ်ပတ်လည်ပွဲများသို့ တ... ရောက်ဖူးသည်။ ယာဉ်စည်းကမ်း၊ လ... စည်းကမ်း၊ လူကူးစည်းကမ်းများသ... အလွန်အရေးပါကြောင်း သတိချပ်မိ... သည်။

ဘာပဲဖြစ်ဖြစ် ... ခြေမလေး... ချောင်း အရိုးကျိုးသွားရုံမျှမို့သာ၊ မဟု... ရင်ဖြင့် မတွေးဝံ့စရာ အမှန်ပင်ဖြစ်သ... ရတနာသုံးပါး သတိရခြင်းဖြင့် ဖြိုဟ်... ဘုရားများ ရေသပ္ပါယ်ခြင်း ကုသိုလ်... လည်း မကောင်းသည့် အကုသိုလ်စိ... များကို ဖယ်ရှားပစ်လိုက်သည်ဟု ခံ... မြဲ ယုံကြည်မိပါတော့သည်။

စန်းမြင့်အောင်(ရေကျော်...

[၄. ၁၁. ၂၀၀၉ နေ့ ကိုယ်တွေ့... အဖြစ်အပျက်ကို ဖော်ပြခြင်း ဖြစ်... သည်။]



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်

## နှင့်

# ကျားကြီးကောက်သည့် မှုခင်းသတင်း

ကိုမောင်သန်းဝင်း

အခုတလော သတင်းဂျာနယ်တွေ အတော်ရောင်းကောင်းနေကြတယ်။ လမ်းဆုံလမ်းခွ၊ မီးပွိုင့်တွေမှာလည်း လက်ပွေ့ရောင်းတဲ့ ဂျာနယ်အရောင်းသမားတွေကလည်း "သတင်းဦး၊ သတင်းထူးတွေပါတယ်"ဆိုပြီး အပြိုင်အော်ရောင်းနေကြပါတယ်။

ဂျာနယ်အယ်ဒီတာ၊ သတင်းသမားတွေကလည်း သတင်းဦး၊ သတင်းထူးရဖို့ကို အတော်လေးကြိုးစားနေကြပါတယ်။ တကယ်တော့ သတင်းဦး၊ သတင်းထူးရဖို့ဆိုတာက လွယ်လှတာတော့မဟုတ်ပါဘူး။ အချို့သတင်းတွေကတော့ ရယူနိုင်ဖို့ အသက်နဲ့တောင် ရင်းရပါတယ်။

ကျွုပ်ကတော့ ဗဟုခေတ်သတင်းစာခေတ်က မာတ်ပုံသတင်းသမားလေ။ သတင်းဦး၊ သတင်းထူးရဖို့ အသက်နဲ့ရင်းပြီးရယူခဲ့တဲ့အကြောင်း ပြောပြချင်သေးပ။

၂၀၀၇ ခုနှစ်လောက်ကပေါ့ဗျာ။ ကျွုပ်သတင်းအစအနတစ်ခု ရှတ်တရက်ရခဲ့တယ်။ ရတဲ့သတင်းက နယ်နယ်ရရသတင်းကြီး၊ မန္တလေးက နာမည်ကြီးဓားပြဂိုဏ်းကို ဖမ်းဆီးရမိဖို့ ကြိုးစားနေတဲ့သတင်း။

ဒီအမှုကို စုံစမ်းမထောက်လှမ်းနေတာက ယိုးဒယားဈေး ရဲစခန်းက စခန်းမှူး ဦးချစ်ကိုကိုပါ။ သူနဲ့လား၊ သိပ်ရင်းနှီးတာပေါ့ဗျာ။ ဒါပေမဲ့ သူနဲ့တွေ့တိုင်း အဲဒီသတင်းနဲ့ပတ်သက်လို့ နည်းနည်းလေးမှ မဟ။ အရိပ်အယောင်တောင် မပြပါဘူး။ ကျွုပ်လည်း ကိုယ့်နည်းကိုယ့်ဟန် ထောက်လှမ်းတယ်။ ရဲတွေ၊ လူဆိုးထိန်းတွေရဲ့ လှုပ်ရှားမှုကို လေ့လာတယ်။ စုံစမ်း၊ စပ်စုသလောက် အကျိုးရှိခဲ့ပါတယ်။

ဘူးတစ်ရာကို ပိတ်နိုင်ပေမယ်လို့ ပါးစပ်အပေါက်တစ်ရာကို ပိတ်ဖို့ကတော့ ခက်တယ်မဟုတ်လား။ အဲဒီပါးစပ်ပေါက်တစ်ရာထဲက အချို့ကို သတင်းအစအနထွက်လာအောင်လို့ ချူယူဖို့က အဓိကပဲလေ။ မောင်ပေါက်ကျိုင်းရဲ့ထုံး နှလုံးမူလို့ မေးပါများစကားရ သွားပါများခရီးရောက်၊ မအိပ်မနေ သတင်းရှာဖွေရတယ်။

ရဲအဖွဲ့ကလည်း သူ့အလုပ်သူလုပ်၊ သတင်းမှဆိုးကလည်း သတင်းသားကောင်မပျောက်ရလေအောင် မှဆိုးအလုပ် မှဆိုးလုပ်ပေါ့။ ထားပါတော့။

၂၀၀၇ ခုနှစ်၊ ဂု လပိုင်းနေ့တစ်နေ့၊ ည ၁၂ နာရီလောက် ကျွုပ်ရရှိတည်ဆောက်ထားတဲ့ သတင်းအရ အရှေ့တောင်မြို့နယ်ဖြစ်တဲ့ မဟာအောင်မြေမြို့နယ်ထဲက အရေးအကြီးဆုံးနေရာကို ရောက်ခဲ့တော့ ယိုးဒယားဈေး ရဲစခန်းမှူး ဦးချစ်ကိုကိုနဲ့ ပက်ပင်းတွေ့ခဲ့တယ်။ မြင်မြင်ချင်း ဦးချစ်ကိုကို အံ့အားသင့်သွားတယ်။ ပြီးမှ ...

"ခင်ဗျား ဘယ်ကသတင်းရလို့ ရောက်လာတာလဲဗျ"

"ဟဲ ... ဟဲ၊ သတင်းရတဲ့နေရာ ပြောရိုးထုံးစံမရှိဘူးလေ"

"ဟုတ်ပါပြီ ... လာဗျာ။ တော်ကြာ လူတွေသိကုန်မယ်"

ဒီလိုနဲ့ ကျွုပ်ဟာ သူတို့အဖွဲ့ရဲ့ နောက်ကို လိုက်ခဲ့တယ်။ ညအမှောင်အကာအကွယ်ယူပြီး ခြေသံလုံအောင် ချွတ်နင်းပြီး သွားကြရတယ်။

သတင်းရတဲ့ နေအိမ်တစ်အိမ်ရှေ့ကို ရောက်ရောဆိုပါတော့။ ဦးချစ်ကိုကိုက လူစုခွဲပြီး နေရာယူဖို့ အချက်ပြတယ်။ ပြီးတော့ သူက အိမ်တံခါးရှိရာကို ဖြည်းညင်းစွာကပ်သွားပြီး သူကိုင်ထားတဲ့ သေနတ်နဲ့ တံခါးကိုခေါက်ပြီး တံခါးဖွင့်ပေးဖို့ အသံနှိမ့်ပြီး ပြောတယ်။ ခဏကြာတော့ တံခါးပွင့်လာတယ်။ ဦးချစ်ကိုကိုကလည်း လျှပ်တစ်ပြက်အတွင်း တံခါးဖွင့်လာသူရဲ့ ရင်ဝကို သေနတ်နဲ့ထောက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

တံခါးဖွင့်သူက နှစ်ယောက်၊ တစ်ယောက်က ဓားရှည်ကိုင်ထားပြီး ကျန်တစ်ယောက်က လက်ပစ်ဗုံးတစ်လုံး ကိုင်လျက် အနေအထား။ ရဲတပ်သားတွေရဲ့ လျင်မြန်ဖျတ်လတ်မှုကို သူတို့သတိထားလိုက်တဲ့ အချိန်အတွင်းမှာပဲ အဖမ်းဆီးခံ၊ လက်နက်သိမ်း၊ လက်ထိတ်အခတ်ခံလိုက်ရတယ်။

ရဲစခန်းအရောက် စစ်ဆေးဖော်ထုတ်ချက်အရ သူတို့ဟာ ကျားကြီးကျော်ညွန့် ဓားပြအဖွဲ့ကို လက်နက်ငှားစားသူတွေဖြစ်ကြောင်း သိရတယ်။

''ကျားကြီးကျော်ညွန့်တို့အဖွဲ့ကို ဖမ်းဆီးနိုင်အောင် အကူအညီပေးရင် မင်းတို့ကို အမှုသက်သာဖို့ ငါကူညီမယ်'' လို့ ဦးချစ်ကိုကို ချော့တစ်ခါ ခြောက်တစ်လှည့်ပြောတော့ သူတို့က ကူညီပါ့မယ်လို့ ပြောပြီး ကျားကြီးကျော်ညွန့်ရှိနိုင်မယ့်နေရာကို ပြောတယ်။ လမ်းညွှန်လိုက်ပြမယ်လို့လည်း ပြောတော့ ကျားကြီးကျော်ညွန့်အဖွဲ့ကို ဖမ်းမိနိုင်ဖို့ နီးစပ်နေပြီလေ။

ကျားကြီးကျော်ညွန့်အဖွဲ့ဟာ မန္တလေးမှာ မကြာခဏ ဓားပြတိုက်နေကြသူတွေ။ မကြာသေးခင်က ဆိုင်းတန်းရပ်မှာ စိန်ရွှေအမြောက်အမြား တိုက်ယူသွားကြသေးတယ်။ တစ်ချိန်က မန္တလေးမှာ ပါးလေးတကျော် ဖြစ်ခဲ့တဲ့ စိန်ဓားမြှောင် ဓားပြအဖွဲ့ပြီးရင် ကျားကြီးကျော်ညွန့်အဖွဲ့က ဒုတိယအကြီးဆုံး။

ဖမ်းဆီးထားသူတို့ရဲ့ ဖော်ထုတ်ချက်အရ ဓားပြခေါင်းဆောင် ကျားကြီးကျော်ညွန့်တို့နေရာကိုတော့ သိရပြီ။ ဟုတ်၊ မဟုတ်၊ မှန်၊ မမှန်တော့ မသေချာသေး။ ဘာကြောင့်လဲဆိုတော့ တရားခံအချို့ဟာ သတင်းအမှားတွေ ပေးတတ်လို့ပါလို့ပါပဲ။

ကျားကြီးကျော်ညွန့်အဖွဲ့ရှိရာ သွားဖို့ စီစဉ်ညှိနှိုင်းကြတယ်။ အချိန်ပြည့်တော့ ည ၂ နာရီ ထွက်ကြမယ်ပေါ့။ ဦးချစ်ကိုကိုက ကျုပ်ကိုကြည့်ပြီး ... ''ဒီမှာ သတင်းထောက်ကြီး အမှုမှန်မပေါ်သေးခင် သတင်းမရေးလိုက်ပါနဲ့'' လို့ ပြောတယ်။

ဒါကလည်း စောင့်စည်းရမယ့်တာဝန်လေ။ သတင်းကျင့်ဝတ်မှာလည်းပါသေးတယ်။ ကျုပ်ပြုံးပြီး သူ့ကို ခေါင်းငြိမ့်ကတိပေးတယ်။ ဒီတစ်ခါ ရဲတပ်ဖွဲ့ဝင်တွေ များတယ်။ ကားသုံးလေးစီးရှိတယ်။ ကျုပ်က သတင်းစာတိုက်က ကားနဲ့ တစ်



ကျားကြီးကျော်ညွန့် ဓားပြဂိုဏ်းကို လိုက်လံဖမ်းဆီးနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူး ဦးချစ်ကိုကို



ကျားကြီးကျော်ညွန့်တပ်ဖွဲ့ဝင်များပြိုကျက်းက ဖမ်းဆီးရမိခဲ့သော လက်နက်ခဲယမ်းအချို့

ကိုယ်တော်မောင်းပြီး လိုက်ခဲ့တယ်ပေါ့။ ယိုးဒယားဈေး ရဲစခန်းကထွက်ပြီး ၂၆ လမ်း အရောက်မှာ ကျုံးလမ်းအဝိုင်း အရှေ့ ရှုးရှုးဆီ မောင်းခဲ့ကြတယ်။

ကားတွေအားလုံး ပန်တျာကျောင်း မြောက်ဘက် နန်းရှေ့လမ်းမကြီးပေါ်မှာ ရပ်လိုက်ကြပြီး လမ်းတောင်ဘက်က ရပ် ကွက်ထဲ ဝင်ခဲ့ကြတယ်။ အတော်လေး သွားမိတော့ လမ်းပြတရားခံ ညွှန်ကဲ့အိမ် ကို ရောက်တယ်။ ဦးချစ်ကိုကို တံခါးဖွင့် ခိုင်းတယ်။ သေနတ်နဲ့ခေါက်ပြီး အဖွင့်ခိုင်း တာ တံခါးက တော်တော်နဲ့ ပွင့်မလာ ဘူး။ အဲဒီအချိန်မှာ အိမ်နောက်ကျော ဘက် ငှက်ပျောပင်တွေကြားထဲ လူနှစ် ယောက် ဝင်သွားတာတွေ့လိုက်ရတယ်။

"ဟေ့ ... ရပ်လိုက်စမ်း"

ဦးချစ်ကိုကိုက လှမ်းအမိန့်ပေးပေမဲ့ လူနှစ်ယောက်က မရပ်ဘဲ ပြေးဝင်သွား တယ်။ အဲဒီမှာ ရဲသားတစ်ယောက်က သေနတ်နဲ့ လှမ်းပစ်တယ်။ တစ်ယောက် ထိသွားတယ်။ လဲကျမသွားဘဲ ယိုင်တိ ယိုင်တိုင်နဲ့ ကျန်လူကို တွဲကူပြီး ပြေး တယ်။ ရဲသားကလည်း ပြေးလိုက်မယ် လုပ်တာမို့ ...

"ဟေ့ ... အလျှင်မလိုနဲ့။ သူတို့ မှာလည်း လက်နက်ရှိနိုင်တယ်။ မှောင် လည်း မှောင်နေတယ်"လို့ ဦးချစ်ကိုကို ပြောတော့ ရဲသားပြေးမလိုက်တော့ဘူး။ ပြောတဲ့အတိုင်းပါပဲ၊ တစ်ဖက်က သေနတ် နဲ့ လှမ်းပစ်တယ်၊ ကာပစ်ပစ်ပြီး ပြေးတာ။

ပွဲဆိုးကွေ ဒဏ်ရာနဲ့ လွတ်သွား တဲ့အတွက် ဝေးဝေးမပြေးနိုင်ခင် အပူ တပြင်း စုံစမ်းရပါတယ်။ အဲဒီမှာ ထောက် လှမ်းရေးအဖွဲ့က ဗိုလ်မှူးဘဟန်လည်း ပါဝင်ကူညီလာပါတယ်။ မနက်မိုးလင်း တော့ သတင်းက အတိအကျရပါပြီ။

"ဒီတစ်ခါတော့ သတိ၊ ဝီရိယနဲ့ လုပ်ကြ။ ဒီတစ်ခါသွားရမှာက ပြည်တော် သာတိုက်ခန်း အမှတ်(----)"

ဦးချစ်ကိုကိုက မှာကြားပြီးပြီးချင်းပဲ သွားဖို့စီစဉ်ကြတယ်။ ပြည်တော်သာ တိုက်ခန်းဆီကိုရောက်တော့ လူစုခွဲပြီး သဝ်မှတ်နေရာယူကြတယ်။ အပေါ်ထပ် တက်တဲ့လှေကားက ခပ်ကျဉ်းကျဉ်းရယ်။

ဦးချစ်ကိုကိုက ရှေ့ဆုံးက ဦး ဆောင်တတ်တယ်။ လက်ထဲမှာ တော်မီ သေနတ်ကိုင်လျက်။ တော်မီသေနတ် မဂ္ဂဇင်းဘောက်က အဝိုင်းကြီး။ သူ့ရဲ့ နောက်ကပ်လျက်က ကျုပ်၊ ကင်မရာ လွယ်လျက်။ သတင်းထောက်အောင် ကျော်ရဲ့နောက်ကမှ ရဲများက အတန်း လိုက်။ လှေကားရဲ့ ဘယ်ဘက်မှာလည်း ရဲများက အတန်းလိုက်။

"ဟေ့ ... ကျားကြီးကျော်ညွန့် ငါ တို့ မင်းကို ဝိုင်းထားပြီးပြီ။ မင်း အသာ တကြည် ထွက်အဖမ်းခံပါ"လို့ ဦးချစ်ကိုကို ပြောပေမဲ့ တံခါးက ပွင့်မလာဘူး။ ထွက် လာတာက တံခါးဟစေ့စေ့အကြားက သေနတ်ပြောင်းဝတစ်ခု။

သူတို့ အပြန်အလှန်ပစ်ကြတော့ မလားမသိ။ ကျုပ်မှာက ဘာလက်နက်မှ ပါတာမဟုတ်။ အသက်နဲ့ခန္ဓာ အိုးစားကွဲ ရတော့မယ့် အနေအထား။ စိုးရိမ်စိတ်က မြင့်တက်လာပြီး ရင်တုန်ပန်းတုန် ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com





သက်သေခံပစ္စည်းများအား
ကြမ်းကြိုကြမ်းကြားပါမကျန် နေရာအနှံ့
ရှာဖွေဖော်ထုတ်နေကြပုံ

"ဟော့ … ကျားကြီးကျော်ညွှန့်၊ မင်းက ငါ့ကို ပြန်ပြီးပစ်မလို့လား။ မင်းပစ်ရင် ငါက ကျည်တစ်ကပ်လုံး ကုန်အောင် ပစ်သွင်းလိုက်မှာ သိလား"

ကျားကြီးကျော်ညွှန့်နဲ့ ဦးချစ်ကိုကိုတို့ အပြန်အလှန် ပြောနေကြတယ်။ ကြောက်စိတ်မွှန်နေတာမို့ သူတို့ရဲ့စကား ကြားတစ်ချက်၊ မကြားတစ်ချက်။ များသောအားဖြင့် ကြားရတာက …

"လက်နက်ကို မင်းချ ငါချ …" ဆိုတာရယ်။ "မသေချင်ရင် လက်နက်ချ။ လက်နက်မချဗရင် ပစ်တော့မယ်"ဆိုတာရယ်ပေါ့။ တကယ်ပစ်ကြတော့မယ့်အနေအထား။ သူသေကိုယ်သေ တိုက်ကြတော့မယ် ပုံစံ။ ကျုပ်တော့ ကင်မရာလွယ်ရင်း သေရတော့မယ်လို့ တွက်ဆလိုက်ပြီ။ ဒါပေမဲ့ …

အဖြစ်အပျက်က လျှပ်ပြက်သလို။ လက်နက်ကို "မင်းချ ငါချ"ပြောရင်းက ကျားကြီးကျော်ညွှန့်အနေနဲ့ ဦးချစ်ကိုကိုကို ချိန်ရွယ်ထားတဲ့ ကျည်ဆန်အတွဲလိုက်ထွက်နိုင်တဲ့ တော်မီသေနတ်ကို ဖြုတ်လို့လားမပြောတတ်။ သေရမှာစိုးကြောက်နေမိသလားမသိ။ ကျားကြီးကျော်ညွှန့်ချိန်ထားတဲ့ လက်နက်ချပြီး ပြန်အဝင် ခြသေ့်တွေက သားကောင်ကို ခုန်အုပ်သလို ရဲတပ်သားတွေက ခုန်ဝင်သွားပြီး ကျားကြီးကျော်ညွှန့်နဲ့ သူ့အစ်ကိုလှမောင်ကို လက်ရဖမ်းလိုက်ပါတော့တယ်။

အဲဒီတော့မှ ကျုပ်သေတွင်းကလွတ်ပြီဆိုတဲ့အသိနဲ့ အသက်ကို ဝအောင်ရှူမိတော့တယ်။ သတင်းရယူမှုတွေနဲ့ သေမင်းနှုတ်ခမ်းဝကို အကြိမ်ကြိမ်ရောက်ခဲ့တာပ။ အင်း … အခုလည်း သေတွင်းက လွတ်ခဲ့ပြန်ပြီ။

စောစောက ကျားကြီးကျော်ညွှန့်ကိုင်တဲ့ မော်ဇာသေနတ်နဲ့အတူ ခြောက်လုံးပြူးသေနတ်(ကျည်အပြည့်)၊ စက်သေနတ်နဲ့ ကျည်ဆန်ကဘ်များ ဖွက်ထားတဲ့ ရေစည်ပိုင်းအောက်က ဖော်ထုတ်သိမ်းဆည်းလိုက်ကြတယ်။ အဲဒီမှာ သတင်းဓာတ်ပုံကောင်းတွေ ရလိုက်ပေမဲ့ စောစောက လှေကားအတက်မှာ နှစ်ဖက်ပြော်ဆိုနေကြပုံတွေကိုတော့ မရလိုက်ဘူး။ သူတို့ရဲ့ နောက်ဆုံးစကားဟာ အဖြေဖြစ်နေလို့ ဘယ်သူက စပစ်မလဲဆိုတာကို နားစွင့်နေရင်း အသက်ဘယ်လိုထွက်ရမလဲဆိုတာ စဉ်းစားနေရတာနဲ့တင် ကင်မရာခလုတ်နှိပ်လိုက်ဖို့ သတိမရနိုင်တော့လို့ပါပဲ။

ဒါပေမဲ့ အဲဒီလို သက်စွန့်ဆံဖျား သတင်းလိုက်ခဲ့တဲ့အတွက် နောက်တစ်နေ့ သတင်းစာ စာမျက်နှာပေါ်မှာ ဓာတ်ပုံ၊ သတင်းများနဲ့အတူ မန္တလေးမြို့ပေါ်မှာ သောင်းကြမ်းနေတဲ့ ကျားကြီးကျော်ညွှန့်ဓားပြဂိုဏ်းကို ဖမ်းဆီးဖော်ထုတ်နိုင်ပြီဆိုတဲ့ သတင်းကို ရေးသားတင်ပြနိုင်ခဲ့ပါတယ်။

ဒီသတင်းဟာ သတင်းဦး။ သတင်းထူးဖြစ်ရုံသာမက ဖမ်းဆီးရာမှာ အသက်စွန့်ပြီး လိုက်ပါရိုက်ကူးခဲ့တဲ့ သတင်းဓာတ်ပုံများကြောင့် သူများထက် နှာတစ်ဖျားသာမက ခေါင်းတစ်လုံးလောက်သာနေတာ တွေ့ရတဲ့အတွက် ဖြစ်ပေါ်လာတဲ့ ပီတိတွေက မနေ့ကကြုံခဲ့ရတဲ့ အကြောက်တရားရော အမောတွေရော ပျက်ပြယ်သွားအောင် ချေဖျက်လိုက်ပါတော့တယ်။

အဲဒီအတွက် ဖော်ထုတ်ဖမ်းဆီးသူအားလုံး။ ကူညီသူအားလုံးနဲ့အတူ သတင်းလိုက်သူရော၊ ဓာတ်ပုံသတင်းထောက်ကိုပါ ဆုချီးမြှင့်ခံရပါတယ်။ ဂုဏ်ယူစရာမဟုတ်ပါလားဗျာ။ •

**ကိုမောင်သန့်ဝင်း**

**ရွှေရိုး(မန္တလေး)၏ မန္တလေးသတင်းခေတ်မှ ကိုးကားဖော်ပြသည်။**



www.burmeseclassic.com

www.burmeseclassic.com

## သေမှုသေခင်းမှ လွတ်မြောက်သူ



ဩစတြေးလျနိုင်ငံဖွား ပြင်သစ် ...သား ငါးဖမ်းသမားတစ်ဦးသည် ...ဘင်းဆွဲယူ ရေနက်ထဲဆွဲခြင်းခံခဲ့ရ ... သေဘေးမှ လွတ်မြောက်ခဲ့သည့် ...ကြုံယ်သော ဖြစ်ရပ်ကြုံခဲ့ရသည်။ ...သည် ညပိုင်း ဩစတြေးလျနိုင်ငံမြောက် ... ကမ်းခြေမှ မီတာ ၅၀ ခန့်တွင် ...သာလေှပေါ်၌ ရှိနေစဉ် ဖြစ်သည်။ ထိုစဉ် မိကျောင်းတစ်ကောင်ရောက်လာပြီး ဆွဲယူခြင်းခံခဲ့ရသည်။

မိကျောင်းသည် ၂ မီတာမှ ၂၅ မီတာခန့် ရှည်လျားပြီး ကီလိုဂရမ် ၄၀ ခန့် အလေးချိန်ရှိသည်ဟု သိရသည်။ မိကျောင်းက သူ၏ဦးခေါင်းပိုင်း လည်ကုပ်ကို ဆွဲကာ ရေနက်ပိုင်းသို့ ဆွဲခေါ်သွားသည်။ ရေထဲတွင် အကြိမ်ကြိမ်ခါယမ်းခဲ့ပေရာ အတော်ပင် ခံစားရသည်။ ထိုအခိုက် ငါးစက္ကန့်မျှလွတ်ထွက်သွားချိန်တွင် လူသားက လွတ်မြောက်အောင် ရေကူးခဲ့သည်။ ရေကူးရေငုပ်ကျွမ်းကျင်သဖြင့် ကံကောင်းစွာ အသက်ရှင်ခွင့်ရသွားသည်။ သို့ရာတွင် ဒဏ်ရာများစွာရသဖြင့် အနီးရှိ ဆေးရုံသို့ တင်လိုက်ရသည်။

သတ္တဗေဒပညာရှင်များ၏ စူးစမ်းချက်အရ မိကျောင်းသည် သေးငယ်သည်ဟု ဆိုနိုင်ကြောင်း၊ အရွယ်ရောက်မိကျောင်းမှာ လေးမီတာခန့်ရှိကြောင်း ပြောဆိုသည်။ ယခုဖြစ်ရပ်မှာ ရာနှုန်းပြည့် သေဆုံးနိုင်သော်လည်း ကံကောင်းထောက်မစွာ သေဘေးမှလွတ်မြောက်ခြင်းဖြစ်သည်။

မောင်ကောင်းယဉ်

*T.S.T.-20.4.13*

## နျူကလီးယား ပြာများ တရားမဝင်စွန့်ပစ်၍ တရားစွဲဆို

ဗြိတိန်နိုင်ငံမှ နျူကလီးယားဓာတ်အားပေးကုမ္ပဏီကို ရေဒီယိုသတ္တိကြွပစ္စည်းများ တရားမဝင်စွန့်ပစ်ခဲ့ခြင်းနှင့် ပတ်သက်၍ UK စည်းမျဉ်းဥပဒေထိန်းသိမ်းရေးအဖွဲ့က တရားစွဲဆိုလိုက်ကြောင်း သတင်းစာတွင် ဖော်ပြလိုက်သည်။

UK ရှိ စီလာဖီးလ်လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နျူကလီးယားလောင်စာသုံးစက်ရုံ ဖြစ်သည်။ ထိုစက်ရုံမှ အသုံးပြုပြီး နျူကလီးယားပြာများကို ၂၀၁၀ ခုနှစ်က လိုင်လီပေါ့ဒေသတွင် မြေမြှုပ်စွန့်ပစ်ခဲ့သည်။ ထိုပြာများသည် အိတ်လေးအိတ်စာသာရှိ၍ သေးငယ်သည်ထင်ရသော်လည်း အခန့်မသင့်သည့်အခါ ရေဒီယိုသတ္တိများကြွတက်လာပြီး လူကိုအန္တရာယ်ဖြစ်စေသည်။ ထိုပစ္စည်းများ မြေမြှုပ်ခဲ့စဉ်က အစိုးရ၏ ခွင့်ပြုပါမစ်မပါဟု ဆိုသည်။ ထိုကိစ္စနှင့် ပတ်သက်၍ အငြင်းပွားဖွယ်ရာနှင့် တိုင်ကြားစာများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သို့ ရောက်ရှိလာရာမှ တရားစွဲဆိုခြင်းဖြစ်သည်။ စွဲချက် ၉ ခုနှင့် ကုမ္ပဏီကို တရားစွဲဆိုထားသည်။ လွန်ခဲ့သည့်လက



ကုမ္ပဏီက ၎င်းစွန့်ပစ်ပစ္စည်းများအတွက် ပိုမိုကောင်းမွန်သော၊ လုံခြုံသော အစီအစဉ်တိုးချဲ့လုပ်ဆောင်ရန် ကတိပြုခဲ့သည်။ UK စာရင်းစစ်အဖွဲ့၏ အဆိုအရ နျူကလီးယားပြာများကို လည်ပတ်နေတဲ့ စက်ရုံအနီးရှိ အိုမင်းဟောင်းနွမ်းသော အဆောက်အဦထဲမှာ ထားရှိခြင်းသည် အလွန်အန္တရာယ်များသော စွန့်စားမှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ညီမြင်းလွင်(မော်ကျွန်းဘ်လက

*Ref: Internet News(25.4.13)*



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# အချစ်ကြီးတော့ အမျက်ကြီးတယ်လို့ ဆိုရမှာလား

ခင်မောင်ထွန်း (လမ်းမတော်)

ည(၁၂)နာရီပင် ကျော်ချေပြီ။

ရန်ကုန် - ပြည်ကားလမ်းမကြီးပေါ်တွင် တစ်စီးစ နှစ်စီးစ မောင်းနှင်သွားလာနေကြသော မော်တော်ယာဉ် အနည်းငယ်မျှသာ ရှိနေကြသည်။

မော်တော်ယာဉ်များ အသွားအလာကျဲစပြုနေပြီ ဖြစ်သည်။

နံနက် မိုးသောက်ချိန်လောက်မှစတင်၍ ... ဉ်အပြတ်၊ စည်ကားရှုပ်ထွေးစွာ သွားလာနေကြသော မော်တော်ယာဉ် အသံများ၏ ဆူညံသော အသံများသည် ည(၁၂)နာရီကျော်ကျော် အချိန်လောက်တွင် ငြိမ်သက်စပြုလာခဲ့သည်။

ဤသည်တို့ကား နေ့စဉ် နိစ္စဓူဝ မြင်နေကျ ကြားနေကျပင်ဖြစ်သည်။ အိပ်စက်၍ မပျော်နိုင်သေးသူများအတွက်မှာမူ ညတာသည် ရှည်လွန်းသည် ဟူ၍ပင် ဆိုရမည်ကဲ့သို့ဖြစ်နေသည်။

ယခု ကြည့်...

ဆရာမ မြရည်သန္တာသည် အိပ်၍မပျော်နိုင်သေး။

အိပ်ခန်းအတွင်းရှိ အိပ်ရာထက်တွင် လဲလျောင်းနေသော်လည်း အိပ်၍ မရသေး။

အိပ်ပျော်ရန် မဆိုထား နှင့် ဝိုက်မျဉ်းခြင်းပင်လျှင် အလျဉ်းမရှိ၊ လူ၏ခန္ဓာကိုယ်သာ အိပ်ရာထက်တွင် တည်ရှိနေသော်လည်း စိတ်အစဉ်က တည်ငြိမ်ခြင်းမရှိ၊ စိတ်ရေအလျဉ်တွင် ခိုဝင်စီးမျော နေပါသည်။

နှစ်ဦးပိုင်းရာသီ
ဇန်နဝါရီလ အကုန်
ဖေဖော်ဝါရီလသို့ အကူးတွင်

ဖြစ်သည်။

ငွေသားရောင် နှင်းပွင့်တို့က မြောက်ပြန်လေနှင့်အတူ မြူးတူးလျှက် မြေလွှာပြင်သို့ ကျရောက် လာနေကြသည်။

မြောက်ဘက်မှ ဖြတ်သန်းတိုက်ခတ်...သော မြောက်ပြန်လေက



www.burmeseclassic.com

www.burmeseclassic.com

အေးမြသော ရာသီဥတုကို ဖြစ်စေသည်။ ထို့ကြောင့် အအေးဒဏ်ကို ကာကွယ်နိုင်ရန်အတွက် နူညံ့၍ ထူထဲသော ခြုံစောင်ကိုတော့ လွှမ်းခြုံထားသည်။

ထို့ကြောင့် လက်ျာဘက်မှသည် လက်ဝဲဘက်သို့လည်းကောင်း၊ လက်ဝဲဘက်မှသည် လက်ျာဘက်သို့လည်းကောင်း ဘယ်ပြောင်းညာကူး လူးလိမ့်နေရင်း စဉ်းစားနေသည်။ အိပ်ပျော်နိုင်ရန်လည်း မျက်စိကို ကြိုးစား၍ မှိတ်ပြီး စိတ်ကို ငြိမ်အောင်ထားသည်။ သို့ရာတွင် မရ၊ အိပ်၍ကား မပျော်။

အဘယ်ကြောင့်ဆိုသော်. . .

အိပ်၍ မရစေနိုင်အောင်သော အကြောင်းအရာက ရင်တွင်းသို့ စိမ့်ဝင်ရောက်ရှိခိုတွယ်၍ နေသောကြောင့်ပင်တည်း။

ညကား တိတ်ဆိတ်နေပါသည်။ သို့ရာတွင် ထိုသို့ တိတ်ဆိတ်နေသော ညဥ့်ယံတွင် တိုးတိတ်၍ ညင်သာလွန်းလှသော အသံတစ်သံ ထွက်ပေါ်လာသည်။

"ကျွီ. . ."

ထိုအသံကို နားစွင့်၍ ထောင်လိုက်သည်။

နောက်ထပ်ငြိမ်ထပ်မံ၍ ထွက်ပေါ်သည့်အသံကို ကြားလိုက်ရပြန်သည်။

"ကျွီ

"ကျွီ. .

ထိုအသံကို စဉ်ဆက်မပြတ် ကြားလိုက်ရသည်။ အိပ်၍မရသော မျက်လုံးအစုံက ပြူး၍ကျယ်လာခဲ့သည်။

ထို့ကြောင့် အိပ်ရာပေါ်မှ ထရင်း အိပ်ရာဘေးတွင်ရှိနေသော စားပွဲပေါ်၌ တင်ထားသော "စီကို" အမျိုးအစား စားပွဲတင်နာရီကို ကြည့်လိုက်သည်။

မီးစုန်းသုတ်လိမ်းထားသည့် နာရီဒိုင်ခွက်နှင့် လက်တံများမှာ ညအမှောင်တွင်း၌ လင်းလက်နေသည်ကို တွေ့မြင်ရသည်။

ထိုနာရီက ၁-နာရီနှင့် ၅ မိနစ် ရှိနေပြီးဖြစ်ကြောင်း ပြသနေသည်။ ထိုအချိန်ကား သန်းခေါင်ကျော်ကာလဟု ဆိုရမည်ပင်ဖြစ်ပါသည်။ နာရီကို ကြည့်နေစဉ်မှာပင် အသံတစ်သံကို ကြားလိုက်ရပြန်သည်။

"ဒုတ်. . ."

ထိုအသံက လေးပင်၍ မာကြောသောအရာဝတ္ထု တစ်ခုနှင့်တစ်ခု သို့မဟုတ် တံခါးဘောင်နှင့် တိုက်မိလေသော အသံသာလျှင် ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် အိပ်ရာထက်တွင် လဲလျောင်းနေ၍ မဖြစ်တော့ကြောင်း သိလိုက်သည်။ လွှမ်းခြုံထားခဲ့လေသော စောင်ကို ခြေရင်းဘက်သို့ ပို့လိုက်ပြီး ခြင်ထောင်ကို မ,လျက် ခုတင်ပေါ်မှ ညင်သာစွာဆင်းလိုက်သည်။

ထို့နောက် စိတ်အတွင်းမှ မေးခွန်းတစ်ခုကို မေးလိုက်သည်။

"ဘာလုပ်သင့်သလဲ"

ထိုမေးခွန်းအတွက် အဖြေကို ချက်ချင်းပင် ရရှိလိုက်သည်။ ထိုသို့ ရရှိလိုက်သော အဖြေအတိုင်းလုပ်ဆောင်ရန်ကိုလည်း ချက်ချင်းပင် ဆုံးဖြတ်ချက်ကို ချမှတ်လိုက်သည်။

ထို့ကြောင့် သေနတ်ထားရှိရာ စာကြည့် စားပွဲသို့ လျှောက်သွားသည်။ စာကြည့် စားပွဲ အံဆွဲအတွင်း၌ ဝယ်(လ်)သာပီပီ ကေ အမျိုးအစား ဒသသမ ၃၂ ပစ္စတို တစ်လက်ရှိနေသည်။

ထိုသေနတ်ကား ဖခင်ဖြစ်သူ ဦးစိန်သော်မှ လိုင်စင်ဖြင့် ကိုင်ဆောင်ခဲ့သော သေနတ်ဖြစ်သည်။

စားပွဲအနားသို့ ရောက်သောအခါ အံဆွဲကို အသံမမြည်စေရန် အသာအယာဆွဲ၍ ဖွင့်လိုက်သည်။ အံဆွဲပွင့်သွားခဲ့သောအခါ အတွင်း၌ ရှိနေသော သေနတ်အား နှိုက်ယူ၍ စစ်ဆေးလိုက်သည်။

ထို့နောက် ကျည်ကပ်ကို ကျည်အိမ်အတွင်းသို့ ထည့်လိုက်သည်။ ထိုသေနတ်သည်ကား မန္တလေးသို့ ခရီးရှည်ထွက်သွားခဲ့သော ဖခင်ဖြစ်သူထားခဲ့သည့်အတွက် သိမ်းဆည်းထားသော သေနတ်ဖြစ်သည်။ သေနတ်တွင် ကျည်ကပ်အဖြုတ် အပစ်နှင့် ကျည်ထည့်ခြင်း ပစ်ခတ်ခြင်းကို ဖခင်က သင်ပြခဲ့ဖူးသည်။

မန္တလေးတွင် မမကြီး မဝတ်ရည်ဟုခေါ်သော ဆောင်းဝတ်ရည်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

...င် ဦးစိန်သော်နှင့် မိခင်ဒေါ်နှင်းမြ ...ဒ် ခနီးမောင်နှံနှစ်ဦးတို့မှာ မမကြီးရှိရာ ...လေးသို့ ယမန်နေ့ကမှ ရထားဖြင့် ...ထွက်ခွာသွားခဲ့သည်။

မမကြီး မဝတ်ရည်မှာ မန္တလေး ... မြို့ရုံးရောင် ရုပ်ရှင်ရုံအနီးတွင် ...သည်။ မိဘများက မမကြီးရှိရာသို့ ...သည်အပတ် သွားရောက်ကြခြင်း ...သည်။ အိမ်တွင် မြရည်သန္တာနှင့် ...ဖော်ဖြစ်သူ မကျော့တို့နှစ်ယောက် ... ကျန်နေရစ်ခဲ့ကြသည်။

မြရည်သန္တာက အိမ်အပေါ်ထပ် ...တွင် နေရာယူထားသည်။ အိမ်ဖော်ဖြစ် ... မကျော့က အိမ်၏ အောက်ထပ် ...မင်းစားသည့်အခန်း၏ ဘေးရှိအခန်း ...ခုတွင်နေသည်။

ယခု မြရည်သန္တာက သေနတ်ကို ...လက်ဖြင့် ကျစ်ကျစ်ပါအောင် ...ကိုင်ထားပြီး ခြေသံကိုလုံအောင် ...လေးနင်းပြီး အောက်ထပ်သို့ ဆင်း ...သည့် လှေကားရှိရာသို့ ရှရှကလေး ...ရောက်သွားသည်။

အခန်းများအတွင်းရှိ အမှောင်ထု ... ပိုးမိုးတားသည်။ သို့ရာတွင် အိမ်၏ ...ပြင်ဘက်တွင်မှ အိမ်၏ အဝင် ...ထွက် တံခါးပေါက်၏ အပေါ်တွင် ...ချိတ်ထားသော (၂၅)ဝပ်အားရှိသည့် ...၏ အလင်းရောင်ကြောင့် လင်း ...လက်နေသည်။

ထို...မှ ထိုမီးလုံးငယ်၏ အလင်း ...ရောင်က အိမ်၏အောက်ထပ်ရှိ အခန်း တွင်းသို့ပါ ဝင်ရောက် လင်းလက်နေ သည်။

ထိုအလင်းရောင်ကို ကျောပေး လျက် လှေကားအတိုင်းပေါ်သို့ ဖြည်း ညှင်းစွာ တက်လာနေသော လူတစ် ယောက်ကို တွေ့နေရသည်။

ထိုသူက အပေါ်ထပ်သို့ တက်လာ ရာ လှေကား၏ အလယ်သို့ပင်ရောက်ရှိ နေပြီဖြစ်ကြောင်း တွေ့မြင်နေရသည်။ ထိုသူကိုကြည့်ရင်း မြရည်သန္တာက ညာ ဘက်အောက်နှုတ်ခမ်းသားကို အပေါ် သွားဖြင့် ဖိ၍ကိုက်ထားသည်။ သေနတ် ကိုင်ထားသော ညာဘက်လက်ကို ဘယ်ဘက်လက်ဖြင့် ထပ်ကိုင် ဆုပ်ညှစ် လျက် ထိုသူထံသို့ ချိန်ရွယ်ထားသည်။

မြရည်သန္တာက အရေးကြုံလျှင် ပြတ်သားစွာ ဆုံးဖြတ်နိုင်ရန် အတွက် စိတ်ကိုတင်းထားလိုက်သည်။ တစ်ခဏ အတွင်းမှာပင် မြရည်သန္တာ၏ စကား သံများထွက်ပေါ်လာသည်။

"ဟေ့လူ ရပ်လိုက်စမ်း..."

မြရည်သန္တာ၏ အမိန့်ပေးသံကို ကြားလိုက်ရသော လှေကားအလယ်သို့ ရောက်နေသူက ရောက်နေသည့်နေရာ တွင်ပင် ရပ်နေလိုက်သည်။ ထိုအခါ မြရည်သန္တာက ထပ်၍မေးလိုက်သည်။

"ရှင်ဘယ်သူလဲ..."

ထိုလူက မဖြေ။ မြရည်သန္တာကို ဂရုမထားဘိသကဲ့သို့ အေးဆေးစွာပင် လှေခါးထစ်များကိုနင်း၍ အပေါ်သို့ တက် လာနေသည်။

ထို့ကြောင့် မြရည်သန္တာ ထံမှ စကားသံများ ထွက်ပေါ်လာခဲ့ပြန်သည်။

"ရှင် ဘယ်သူလဲလို့ မေးနေတာ မကြားဘူးလား..."

မြရည်သန္တာ ၏ ဒုတိယအကြိမ် မေးသော မေးခွန်းအဆုံးတွင် လှေကား အပေါ်မှလူက အပေါ်သို့ရောက်ရန် သုံး လေးထစ်မျှသာကျန်သောလှေကားထစ် များကို လှမ်းခနဲခုန်ကျော်ကာ မြရည် သန္တာ၏ အနီးသို့ ပြေးဝင်ရောက်ရှိလာခဲ့ သည်။

ထို့ကြောင့် မြရည်သန္တာ က လက်တွင်း၌ ဆုပ်ကိုင်ထားခဲ့သော သေနတ်မောင်းအား ဆွဲညှစ်လိုက်သည်။ ထိုအခါ ပေါက်ကွဲသံတစ်ခု ထွက်ပေါ် လာပြီး ပတ်ဝန်းကျင်၌ ဟိန်းခါသွားစေ ခဲ့သည်။

"ဒိုင်း"

ပေါက်ကွဲသံက မှောင်မိုက်၍ တိတ်ဆိတ်နေသော သန်းခေါင်ယံတွင် ဆူညံသွားသည်။

လှေကားထစ်များအတိုင်း အပေါ် ထပ်သို့ တက်ရောက်လာခဲ့သောသူမှာ သေနတ်ထိမှန်ပြီး အောက်ထပ်သို့ လှေကားအတိုင်း ဒလိမ့်ခေါက်ကွေး လိမ့်ကျသွားသည်။

"ဒုန်း...ဒုန်း...ဒုန်း..."

ထိုသူပြုတ်ကျသွား၍ အောက်ထပ် သို့ရောက်ရှိ သွားခဲ့လေသောအခါ... ကြောက်လန့်စွာ အော်ဟစ်လိုက်သည့် အမျိုးသမီးတစ်ယောက်၏ အသံက



www.burmeseclassic.com

www.burmeseclassic.com

ချည့်စွာ ထွက်ပေါ်လာခဲ့သည်ကို ကြား လိုက်ရသည်။

"မမလေး…မမလေး…"

ထိုအသံရှင်မှာ အိမ်ဖော်မလေး မကျော့ဖြစ်ကြောင်း မြရည်သန္တာ က သိလိုက်သည်။ ထို့နောက် မှုန်မွှားသော အလင်းရောင်အောက်တွင် ထဘီကို စွန်တောင်ဆွဲလျက် ပြေးထွက်လာသော မကျော့ကို တွေ့ရသည်။

မြရည်သန္တာက အပေါ်ထပ်လှေကားထိပ်တွင် ရပ်လျက် ကြည့်နေသည်။ မကျော့က ညှော့ခန်းအတွင်းသို့ ရောက်သည့်အခါ အောက်ထပ်လှေကားခြေရင်းတွင် ပုံလျက်သားလဲကျနေသော လူတစ်ယောက်နှင့် အပေါ်ထပ်လှေကားထပ်တွင်ရပ်နေသော မြရည်သန္တာ ကို တွေ့လိုက်ရသည်။

ထို့ကြောင့် မြရည်သန္တာ ကို မကျော့က မေးလိုက်သည်။

"သူ ဘယ်သူလဲ မမလေး…"

မကျော့အမေးကို မြရည်သန္တာ က မဖြေ ထို့ကြောင့် မကျော့က ထပ်၍ မေးသည်။

"ဘယ်လိုဖြစ်တာလဲ မမလေး"

မြရည်သန္တာ ထံမှ အဖြေက လုံးဝထွက်မလာခဲ့။ အပေါ်ထပ်လှေကားထိပ်တွင် ရပ်နေမြဲ။ မကျော့က အပေါ်ထပ်လှေကားထိပ်တွင် ရပ်နေသော မြရည်သန္တာ နှင့် လှေကားအောက်ခြေတွင် ပုံလျက်လဲကျနေသူတို့ကို တစ်လှည့်စီကြည့်နေသည်။

မကျော့က လှေကားအောက်ခြေရှိ သွေးအိုင်အတွင်း၌ လဲကျနေသူ၏ အနီးသို့ ချဉ်းကပ်သွားသည်။

မြရည်သန္တာက မကျော့၏ လှုပ်ရှားမှုများကို ကြည့်လျက် စိတ်ကို လျှော့ချလိုက်သည်။ မကျော့က သွေးအိုင်အတွင်းမှ လူကို အနီးကပ်ကြည့်ပြီး မြရည်သန္တာရှိရာ အပေါ်ထပ် လှေကားထိပ်သို့ မော့ကြည့်လိုက်သည်။

ထို့နောက် မကျော့ထံမှ စကားသံများ ထွက်ပေါ်လာခဲ့သည်။

"မမလေး သူ…သူ…သေသွားပြီ…"

မကျော့၏အသံကို ကြားလိုက်ရပြီးနောက် တစ်ခဏတွင် မြရည်သန္တာက ကျစ်ကျစ်ပါအောင် ဆုပ်ထားခဲ့သည့် လက်ချောင်းကလေးများကို ဖြေလျော့ဆန့်ချလိုက်သည်။

ထိုအခါ လက်တွင်း၌ ကိုင်ထားသော ပစ္စတိုသေနတ်က ကြမ်းပြင်ပေါ်သို့ ကျရောက်သွားခဲ့သည်။

"ဒေါက်…"

မြရည်သန္တာ၏ အသက်ရှူသံက မြန်ဆန်လာခဲ့သည်။ နလုံးသွေးတို့ ပွက်ပွက်ဆူလာသည်။ ရင်အစုံက မြင့်ချည် နိမ့်ချည်ဖြစ်လာသည်။ မျက်လုံးအစုံက သွေးအိုင်အတွင်း၌ တည်ရှိနေသောသူအား ကြည့်နေသည်။

ထိုသူကား လူလောက လူ့ဘဝမှ အပြီးအပိုင်ထွက်ခွာ သွားခဲ့ပြီးဖြစ်ကြောင်း တွေ့မြင်ရသည်။

ထိုသူ လူ့ဘဝမှ ဤသို့ ထွက်… သွားခဲ့ရခြင်းမှာ မိမိကြောင့်သာလ… ဖြစ်သည်။ မိမိ၏ ပယောဂကြောင့် ဖြ… သည်။ မိမိနှင့်ပတ်သက်ဆက်နွှယ်… လာခဲ့သောကြောင့်သာလျှင် ဖြစ်သည်…

မိမိမှာ လူသတ်တရားခံဖြစ်ရ… သည်သို့သော အသိစိတ်ကြော… မြရည်သန္တာ တစ်ကိုယ်လုံး ပူထူလာ… သည်။ ချွေးစေးတို့က နဖူးဆံစစီတွ… ထွက်ပေါ်လာခဲ့ကြသည်။

လူတစ်ယောက်ကို သတ်ခဲ့ပြီးသော… တရားခံများ။ မြင့်မားသော အုတ်နံ… များ။ အချုပ်ခန်းသံတိုင်များ။ သံမဏ… လက်ထိပ်များကို မြင်ယောင်လာသည်… အပြစ်ကျခံကြသောထောင်ကျ အကျ… သားအကြောင်း။ ထောင်များအကြောင်… နှင့် ရဲဘက်စခန်းများအကြောင်းတို့… ရေးသားခဲ့ကြသော စာရေးဆရာ ရ… အောင်မောင်မောင်၊ စာရေးဆရာကျော်… မြသန်း၏ ဝတ္ထုများတွင် ဖတ်ရှုမှတ်… သားခဲ့ရဖူးသည်။

မြရည်သန္တာက စိုးရိမ်စိတ်တ… လွှမ်းကဲသော အတွေးတွင် နစ်မြော… သည်။ မကျော့က မြရည်သန္တာကို… ကြည့်ပြီးမေးသည်။

"ကျွန်မ ဘာလုပ်ရမလဲ မမလေး"

အပေါ်ထပ် လှေကားထိပ်တွင် ရပ်… နေသော မြရည်သန္တာက တည်ငြိမ်စွာ… ပြောသည်။

"ရဲစခန်းကိုဖုန်းဆက်ပြီးအကြောင်း… ကြားလိုက်"



www.burmeseclassic.com

www.burmeseclassic.com

မြရည်သန္တာ၏ စကားကိုကြား လိုက်ရသည်။ မကျော့က နားမရှင်းဟန် ဖြင့် ပြန်မေးသည်။

"ရှင် မမလေး၊ ဘာပြောလိုက် တာလဲ"

ထိုအခါ မြရည်သန္တာထံမှ စကား သံများ ထပ်မံထွက်ပေါ်လာခဲ့ပြန်သည်။

"ရဲစခန်းကိုဖုန်းဆက်ပြီးအကြောင်း ကြားလိုက်လို့ ပြောတာ"

မြရည်သန္တာ၏ စကားကိုကြား လိုက်ရသည့်အခါ မကျော့၏ မျက်နှာ တွင် အံ့သြသော အသွင်သဏ္ဌာန်တို့ ပေါ်ထွက်လာကာ မျက်လုံးအစုံတို့ကို ပြူးကျယ်ပြူးကျယ်သွားခဲ့ပြီး၊ ပါးစပ်မှ လည်း ပွင့်ဟသွားခဲ့သည်။

တစ်ခဏအတွင်းမှာပင် မကျော့ ထံမှ စကားသံများတွင် ပေါ်လာခဲ့ပြန် သည်။

"ဟာ မမလေးကလဲ ဒီလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ၊ ရဲကို အကြောင်းကြား ရင် မမလေးကို အမှုပတ်မှာပေါ့"

"ဒီလိုဆို ဘာလုပ်ရမလဲပြော"

"စောစောက သေနတ်သံကို ဘယ်သူမှ ကြားလိုက်ပုံမရဘူး။ ဒီတော့ ကျွန်မ တစ်ခုခုလုပ်လိုက်ရင်"

"ကဲ...မကျော့"

"ရှင်...မမလေး"

"မမလေး ပြောသလိုသာ လုပ် စမ်းပါ"

"ဖြစ်ပါ့မလား မမလေးရယ်..."

"ဖြစ်ပါတယ် အခုရှုပ်မှ နောင်ရှင်း သတဲ့ လုပ်ရဲရင် ခံရဲရမှာပေါ့၊ သက်ဆိုင် ရာ ပုဂ္ဂိုလ်တွေရောက်လာခဲ့ရင် အကျိုး အကြောင်းပြောပြပြီး ရင်ဆိုင်မယ်၊ ဒီတော့ မမလေးပြောသလိုသာ ရဲစခန်း ကို ဖုန်းဆက်ပြီး အကြောင်းကြားလိုက် ပါ"

"ဟုတ်ကဲ့...ကောင်းပါပြီ မမလေး"

မကျော့က တယ်လီဖုန်းရှိရာသို့ ထွက်သွားသည်။ မြရည်သန္တာ က သူမ၏ အိပ်ခန်းရှိရာသို့ ပြန်လည်ဝင် ရောက်သွားခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးရဲမြင့်က မြရည်သန္တာ၏ ထွက်ဆိုချက်များကို စိတ်ပါဝင်စားစွာ ဂရုစိုက်နားထောင် မှတ်သားနေသည်။

မြရည်သန္တာ ၏ စကားအဆုံးတွင် စကားအဆုံးတွင် စခန်းမှူးဦးလှအောင် က မြို့နယ်မှူး ဦးရဲမြင့်ကို သတင်းပို့ သည်။

"အလောင်းသယ်ဖို့ ယာဉ်ရောက် လာပြီဆရာ"

ထိုအခါ ဦးရဲမြင့်က ပြောသည်။

"ဩော် ဟုတ်လား"

"ကျွန်တော်တို့အလောင်းကို သယ် သွားကြတော့မယ်"

"ကောင်းပြီလေ၊ ဦးလှအောင်တို့ လုပ်စရာတွေကို ဆက်လုပ်ပါ"

"ဟုတ်ကဲ့ ဆရာ"

စခန်းမှူး ဦးလှအောင်က မြို့နယ် မှူး ဦးရဲမြင့်ကို အလေးပြုလိုက်သည်။ ထို့နောက် စခန်းမှူးဦးလှအောင်နှင့် အဖွဲ့က အလောင်းကိုယ်ပေါ်တွင် ရှာဖွေ ခြင်း၊ အလောင်းအား ဓာတ်ပုံရိုက်ခြင်း၊ လက်ဗွေပုံစံယူခြင်း၊ အလောင်းရှိရာ အနီးပတ်ဝန်းကျင်တွင် ထူးခြားသော သဲလွန်စ စသည်တို့ကို ရှာဖွေခြင်းများ ကို ပြုလုပ်ခဲ့ကြသည်။

လူသတ်မှုတစ်ခု ဖြစ်လာခဲ့ပြီဆို လျှင် သေသူ၊ သတ်သူတို့ကိုလည်း ကောင်း၊ သေဆုံးရခြင်းအကြောင်းကို လည်းကောင်း၊ သတ်ခဲ့သည့်အကြောင်း ခြင်းရာကိုလည်းကောင်း၊ သေဆုံးခဲ့ရ သည့် အချိန်ကိုလည်းကောင်း သိရှိရန် လေ့လာရန် မှတ်သားရန် အကြောင်း ခြင်းရာများ ဖြစ်ကြသည်။

ထိုကဲ့သို့ အကြောင်းခြင်းရာများကို မဖြစ်မနေ ရှာဖွေစုဆောင်းရန် လိုအပ် ပါသည်။ ထိုလိုအပ်ချက်များကို စခန်းမှူး ဦးလှအောင်နှင့် အဖွဲ့က အသေးစိတ် စစ်ဆေးရှာဖွေနေကြသည်။

ဆောင်ရွက်ရမည့် လုပ်ငန်းများ ပြီးစီးသွားသည့်အခါ စခန်းမှူးဦးလှအောင် က မြို့နယ်မှူး ဦးရဲမြင့်ထံ လာရောက် သတင်းပို့ပြန်သည်။

"သေဆုံးသူရဲ့ ကိုယ်ပေါ်မှာတော့ ဘာအထောက်အထားကိုမှ မတွေ့ရဘူး ဆရာ၊ ငွေစက္ကူ ၅၀၀ ကျပ်နှင့်အတူ ပတ်ကားဖောင်တိန် တစ်ချောင်းရယ်၊ ရေဘင်အမျိုးအစား နေကာမျက်မှန် တစ်လက်ရယ်ကိုပဲ တွေ့ရတယ်ဆရာ၊ အသက်ကတော့ ၂၅-နှစ်နဲ့ ၃၀ အကြား လို့ပဲ ခန့်မှန်းလို့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

မြို့နယ်မှူး ဦးရဲမြင့်က စခန်းမှူး တင်ပြလာသမျှတို့ကို အလေးအနက်ထား၍ နားထောင်နေသည်။ စခန်းမှူး ဦးလှအောင်၏ စကားသံဆုံးသွားသည့်အခါ ဦးရဲမြင့်က ပြောသည်။

"လုပ်စရာရှိတာတွေကို ဆက်လုပ်ပါ။ ပြီးတော့ အလောင်းကို ဆေးရုံပို့လိုက်ဗျာ၊ နောက်တစ်ခုက . . ."

"သေဆုံးသူရဲ့ ဓာတ်ပုံတွေကို အမြန်ဆုံးကူးပါ၊ စခန်းတွေကို ဖြန့်ပေးရမယ်"

"ဟုတ်ကဲ့ပါ ဆရာ . . ."

စခန်းမှူး ဦးလှအောင်က စကားသံဆုံးသည့်အခါ ရဲစခန်းသို့ လင့်ရှိဘာကားဖြင့် လူသေအလောင်းကို တင်ပြီး စခန်းမှူးဦးလှအောင်နှင့်အဖွဲ့က မြရည်သန္တာတို့၏ အိမ်မှ ထွက်ခွာသွားကြသည်။

မြို့နယ်မှူး ဦးရဲမြင့်နှင့် ကျန်ရှိနေခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များ ရဲစခန်းသို့ ပြန်လာခဲ့ကြသည်။ မြို့နယ်မှူးနှင့်အဖွဲ့ ရဲစခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

မြို့နယ်မှူးနှင့်အဖွဲ့ ရဲစခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့ကြပြီး မကြာမီအချိန်မှာပင် စခန်းမှူးဦးလှအောင်နှင့် အဖွဲ့တို့လည်း ရောက်ရှိလာခဲ့ကြသည်။

ထို့ကြောင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးရဲမြင့်၊ စခန်းမှူးဦးလှအောင်၊ တာဝန်မှူးရဲအုပ်ဦးထွန်းချစ်ကျော်နှင့် နယ်ထိန်းအရာရှိ ဒုရဲအုပ် ဦးမောင်ညွှန့်တို့ ခေါင်းချင်းရိုက်၍ ဆွေးနွေးပြီး အကြံထုတ်နေကြသည်။ မြို့နယ်မှူးဦးရဲမြင့် က မေးလိုက်သည်။

"ကဲ . . . ဦးလှအောင် ခင်ဗျား စုံစမ်းရရှိလာခဲ့တဲ့ အခြေအနေတွေကို ပြောပြပါဦး"

"သေဆုံးသူဟာ ဘယ်သူဘယ်ဝါဆိုတာကို မသိရသေးပါဘူး ဆရာ၊ ဒါကြောင့် ရဲစခန်းအားလုံးကို ဓါတ်ပုံတွေ ဖြန့်ဝေပေးထားပြီး ပိုင်းဝန်းကူညီစုံစမ်းပေးကြဖို့ အကူအညီ တောင်းထားပါတယ်ဆရာ"

"သိမ်းထားခဲ့တဲ့ ပစ္စည်းတွေကိုရော ဘာလုပ်ထားသလဲ"

"သေဆုံးသူဆီက သိမ်းယူထားခဲ့တဲ့ ငွေကြေးနဲ့ အသုံးအဆောင်ပစ္စည်းတွေဟာ သေဆုံးခဲ့တဲ့သူရဲ့ ကိုယ်ပိုင်အသုံးအဆောင်တွေဖြစ်တယ်လို့ ယူဆရပါတယ်ဆရာ၊ ဒါကြောင့် သေဆုံးခဲ့ရတဲ့သူဟာ အဆင့်အတန်း အနိမ့် [illegible]ကမဟုတ်ဘူး ဆိုတာကတော့ သေချာလောက်တယ်လို့ ယူဆရပါတယ်ဆရာ"

"သေဆုံးသွားခဲ့တဲ့သူမှာ ဘယ်လိုရည်ရွယ်ချက်ရှိနိုင်မလဲ"

"ဒါကတော့ ဆရာ . . ."

"အိမ်ရဲ့ အောက်ထပ်မှာ ကက်ဆက်နဲ့ ရေဒီယိုအပါအဝင် အဖိုးတန်ပစ္စည်းတွေ စုံအောင်ရှိနေကြတာကို တွေ့ရပါတယ်"

"ဟုတ်ပါတယ်ဆရာ"

"အဲဒီ ပစ္စည်းတွေကို မယူဘဲ အပေါ်ထပ်ကို တက်သွားခဲ့ပုံရတယ်"

"ဟုတ်လိမ့်မယ် ဆရာ၊ သေသူရဲ့ ဦးခေါင်းပိုင်းမှာ အမြင့်ကကျပြီး ထိခိုက်ထားတဲ့ ဒဏ်ရာတွေကိုလဲ တွေ့ရတယ် ဆရာ"

"ဟုတ်တယ် ပြီးတော့ ဒီလူ အိမ်ထဲကိုရောက်အောင် တံခါးကို ဘယ်လိုဖွင့်ပြီး ဝင်လာခဲ့တာလဲ . . ."

"အဲဒါကိုလဲ ကျွန်တော်တို့ အထပ်ထပ် အပြန်ပြန် သေချာအောင်စစ်ဆေးကြည့်ခဲ့ကြပါတယ် ဆရာ"

"ဒီတော့ ဘာတွေကို တွေ့ခဲ့ကြရသလဲ"

"သော့ကို ဖျက်ထားတဲ့လက္ခဏာကို မတွေ့ရဘူးဆရာ"

"ဒါဆိုရင် . . ."

"တစ်ခုတော့ရှိတယ် ဆရာ"

"ဘာများလဲ ကိုလှအောင်"

"အတွင်းဘက်မှာရှိနေတဲ့ မင်းတုပ်ကတော့ အားနဲ့ဖိပြီးကွန်းထားလို့လား မသိဘူး၊ နည်းနည်း ကွေးနေတယ် ဆရာ"

"ဟုတ်ပါတယ် ဆရာ၊ မင်းတုပ် နည်းနည်းကွေးနေတာကလွဲလို့ တခြားကြီးကြီးမားမား ပျက်စီးအောင် ဖောက်ထွင်းထားတာ ဘာမှ မတွေ့ရဘူးဆရာ"

"ကဲ ဦးမောင်ညွှန့်ကရော မြရည်သန္တာဆိုတဲ့ မိန်းကလေးနဲ့ ပတ်သက်ပြီး ဘယ်လိုအခြေအနေမျိုးတွေကို စုံစမ်းလို့ရသလဲ"



www.burmeseclassic.com

www.burmeseclassic.com

မြို့နယ်မှူး ဦးရဲမြင့်က ဦးလှအောင်နှင့် ဆွေးနွေးနေရာမှ နယ်ထိန်းအရာရှိ ဦးမောင်ညွန့်အားမေးလိုက်သည်။

ဦးမောင်ညွန့်က မြို့နယ်မှူးနှင့် စခန်းမှူးတို့ ဆွေးနွေးနေသည့် စကားများကို ငြိမ်သက်စွာ နားထောင်နေရာမှ မြို့နယ်မှူးက သူ့ကိုမေးလိုက်သော မေးခွန်းကြောင့် ခန္ဓာကိုယ်အား ဆတ်ခနဲ မတ်လိုက်သည်။

ထို့နောက် သူ၏ တွေ့ရှိချက်များကို တင်ပြသည်။

"မြရည်သန္တာ ရဲ့ အသက်က ၂၇-နှစ်ပဲရှိပါသေးတယ် ဆရာ၊ အိမ်ထောင်မရှိသေးပါဘူး။ အလုပ်အကိုင်ကတော့ ကျောင်းဆရာမပါ"

"သူ့ မိဘတွေကရော…"

"သူ့အဖေက ဦးစိန်သော် အငြိမ်းစားသစ်တောအရာရှိပါ။ သူ့အမေကတော့ ဒေါ်နှင်းမြလို့ ခေါ်ပါတယ်။ ဒေါ်နှင်းမြက စိန်အရောင်းအဝယ်လုပ်ပါတယ်ဆရာ"

"သူတို့ မိသားစုနေတဲ့ အိမ်မှာ မိသားစု ဘယ်နှစ်ယောက်ရှိသလဲ"

"ဦးစိန်သော်နဲ့ ဒေါ်နှင်းမြတို့မှာ သမီးနှစ်ယောက်ရှိပါတယ်။

မြရည်သန္တာ က အငယ်ပါ၊ အကြီးမက ဆောင်းဝတ်ရည်လို့ခေါ်ပါတယ်ဆရာ၊ ဆောင်းဝတ်ရည်က အိမ်ထောင်ကျပြီး မန္တလေးမှာ နေပါတယ်ဆရာ"

"နောက်တော့ရော…"

"သူတို့မှာ မကျေဂ့လို့ခေါ်တဲ့ အိမ်ဖော်အမျိုးသမီးတစ်ယောက်ရှိပါတယ် ဆရာ"

မြို့နယ်မှူးဦးရဲမြင့်က နယ်ထိန်းအရာရှိ ဦးမောင်ညွန့် တင်ပြသော အချက်အလက်များကို နားထောင်ပြီး စဉ်းစားနေသည်။

အခြားသော ရဲအရာရှိများကလည်း အတွေးကိုယ်စီဖြင့် စဉ်စားနေကြသည်။

မကြာမီပင် ဦးရဲမြင့်က သက်ပြင်းတစ်ရှိုက်ကို ရှုရှိုက်သွင်းလိုက်ပြီး လေပူများကို အားရပါးရမှုတ် ထုတ်လိုက်သည်။

"ဟူး…"

ဦးရဲမြင့်ထံမှ ထွက်ပေါ်လာခဲ့သည့် အသံကြောင့် အတွေးကိုယ်စီဖြင့် ငြိမ်သက်စွာ ရှိနေကြသည့် ရဲအရာရှိများက အတွေးမျှင်များ ပြတ်တောက်သွားခဲ့ကြပြီး မြို့နယ်မှူး ဦးရဲမြင့်ကို ကြည့်လိုက်ကြသည်။

ထိုအချိန်တွင် ဦးရဲမြင့်က ပြောလိုက်သည်။

"အေးလေ ဘာပဲဖြစ်ဖြစ် သေသူဟာ အိမ်ဖောက်ထွင်းပြီး အိမ်ထဲကို ဝင်လာခဲ့တယ်ဆိုတာကတော့ ပထမအချက်အနေနဲ့ပဲ ထင်ရှားနေတယ်။ ဒီတော့ သေသူမှာ အပြစ်ရှိတယ်"

မြို့နယ်မှူးဦးရဲမြင့်က စကားကို ရပ်ထားပြီး အနီးတွင်ရှိနေကြသော ရဲအရာရှိများကို ကြည့်နေသည်။

ထို့နောက်မှ စကားကို ဆက်၍ ပြောသည်။

"အဲ…ဒုတိယအချက်အနေနဲ့ အပြစ်ရှိသူကတော့ မြရည်သန္တာပဲ၊ မြရည်သန္တာ က သေနတ်နဲ့ ပစ်ခဲ့တာပဲ၊ မြရည်သန္တာ ဆိုတဲ့ မိန်းကလေးက အချိန်မတော်မှ အိမ်အတွင်းကို ဝင်ရောက်လာခဲ့တဲ့ သူက သူမကိုဘေးအန္တရာယ်တစ်စုံတစ်ရာ ပေးမှာစိုးရိမ်လို့ ကြောက်ကြောက်လန့်လန့်နဲ့ ပစ်လိုက်ရတာပါလို့ ထွက်ဆိုခဲ့တယ်"

"ဟုတ်ပါတယ် ဆရာ"

"ဥပဒေက ခွင့်ပြုပေးထားခဲ့တဲ့ ကာကွယ် ခုခံပိုင်ခွင့်ဆိုတဲ့ ဘောင်အတွင်းမှာ အကြုံးဝင်တယ်၊ မဝင်ဘူးဆိုတာကိုတော့ ခိုင်မာအောင် စုံစမ်းရမယ်၊ တရားရုံးနရဲ့ အဆုံးအဖြတ်ယူရမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"အေး ဥပဒေက ခွင့်ပြုထားတာထက် ကျော်လွန်နေတယ်ဆိုခဲ့ရင်တော့ မြရည်သန္တာမှာ အပြစ်ရှိတယ်"

ဟုတ်ပါတယ် ဆရာ"

"နောက်…တတိယအချက်ရှိသေးတယ်…"

"ဘာများလဲ ဆရာ"

"အခင်းဖြစ်ပွားတဲ့ နေရာမှာ မြရည်သန္တာ အသုံးပြုခဲ့တဲ့ သေနတ်၊ ဒီသေနတ်ဟာ မြရည်သန္တာ ရဲ့အဖေ ဦးစိန်သော်က လိုင်စင်နဲ့ ကိုင်ဆောင်ခွင့်ရထားခဲ့တဲ့ သေနတ်ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် ဆရာ"

"ဦးစိန်သော်ဟာ လိုင်စင်နဲ့ ကိုင်ဆောင်ခွင့်ရထားခဲ့တဲ့ သေနတ်ကို သမီးဖြစ်သူရဲ့ လက်ထဲမှာ အပ်ထားခဲ့တယ်လို့ သိရတယ်။ ရဲစခန်းကို အပ်ခဲ့ရမှာဖြစ်တယ်၊ ဒီတော့ ဥပဒေအရကြည့်ရင် ဦးစိန်သော်ဟာ လက်နက် ကိုင်ဆောင်ခွင့် ဥပဒေကို ချိုးဖောက်ရာရောက်နေတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဟုတ်ပါတယ်၊ အခု ပထမဆုံးဖြစ်လာခဲ့ရတာက လူသတ်မှုပဲ၊ နောက်ဆက်တွဲအနေနဲ့ လက်နက်ကိုင်ဆောင်မှုဥပဒေနဲ့ ညှိစွန်းမှုပေါ်လာနိုင်တယ်။

"ဟုတ်တယ် ဆရာ"

"ဒီအမှုတွေမှာ အခုအချိန်အထိတော့တရားခံဟာ(၂)ယောက်ဖြစ်လာခဲ့ပြီ အင်း နောက်ထပ်တရားခံ တစ်ယောက်တိုးချင်ရင်လဲ တိုးလာလိမ့်ဦးမယ်"

"ဘယ်လိုကြောင့်လဲ ဆရာ..."

"အဲဒါကိုတော့ အင်း ငွေရောင်ပိတ်ကားပေါ်မှာ စောင့်ကြည့်ရလိမ့်မယ်ထင်တယ်ဗျာ"

မြို့နယ်မှူး ဦးရဲမြင့်က စကားကိုအဆုံးသတ်လိုက်သည်။ စခန်းမှူး ဦးလှအောင်နဲ့ နယ်ထိန်းအရာရှိ ဦးမောင်ညွန့်တို့အနေဖြင့် မြို့နယ်မှူး ဦးရဲမြင့် ပြောသကဲ့သို့ တရားခံများ တိုးပွားလာမည့် အခြေအနေကို သုံးသပ်နေကြသည်။ ဖြစ်ပေါ်လာခဲ့သော အမှုအား ဥပဒေနှင့်အညီ အမှန်တရားဘက်မှ ရပ်တည်ပြီး တိကျမှန်ကန်စွာ ဖော်ထုတ်ရန်မှာ ဥပဒေဘက်တော်သားများဖြစ်ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ တာဝန်နှင့် ဝတ္တရားများပင်ဖြစ်ပါချေသည်။

မြို့နယ်မှူး ဦးရဲမြင့်ကရုံးခန်းအတွင်း၌ အောက်မှ တင်ပြလာသော စာရွက်စာတမ်းများကို ဖတ်ရှုစစ်ဆေးနေသည်။

ထိုအချိန်တွင် အခန်းအဝင်ပေါက်၌ တပ်ဆင်ထားသော ဆင်နားရွက်ပုံတံခါးကို တွန်းဖွင့်ပြီး အခန်းတွင်းသို့ ဝင်ရောက်လာသူ တစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုသူအား မြို့နယ်မှူး ဦးရဲမြင့်က စေ့စပ်သေချာစွာ ကြည့်လိုက်သည်။ အခန်းတွင်းသို့ ဝင်လာခဲ့သူမှာ သပ်ရပ်စွာဝတ်ဆင်ထားပြီး မွန်ရည်သည့်အနေအထားကို တွေ့မြင်လိုက်ရသည်။ အခန်းတွင်းသို့ ဝင်ရောက်လာသူက စတင်၍ မေးလိုက်သည်။

"ဒီက မြို့နယ်မှူး ဦးရဲမြင့်ပါလား ခင်ဗျာ"

ထိုမေးခွန်းကို မြို့နယ်မှူး ဦးရဲမြင့်က ချက်ချင်းပင် တုံ့ပြန်ဖြေကြားလိုက်သည်။

"ဟုတ်ကဲ့ မှန်ပါတယ်၊ ကျွန်တော်က မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးရဲမြင့်ပါ"

ထိုအခါမှ ထိုသူက ဆက်၍ပြောသည်။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

မြို့နယ်မှူး ဦးရဲမြင့်က ထိုသူအား ကြိုဆိုဖိတ်ခေါ်လိုက်သည်။

"လာပါ၊ ထိုင်ပါ၊ ကျွန်တော်ဘာများ ကူညီပေးရပါမလဲ"

ထိုလူက ထိုင်ခုံတစ်ခုတွင် ဝင်ရောက်ထိုင်ရင်း ပြောသည်။

"ဒီကို ရောက်လာခဲ့ရတဲ့အကြောင်းကိစ္စကို မပြောသေးဘဲ ကိုယ့်ကိုယ်ကို မိတ်ဆက်ပေးပါရစေ"

"ဟုတ်ကဲ့ ပြောပါခင်ဗျ"

"ကျွန်တော့်နာမည် ဦးစိန်သော် လို့ ခေါ်ပါတယ်"

ထိုသူ၏ အမည်ကိုကြားလိုက်ရသောအခါ မြို့နယ်မှူးဦးရဲမြင့် အံ့ဩစွာကြည့်ရင်း ပြောလိုက်သည်။

"ခင်ဗျာ..."

ထို့နောက် မြို့နယ်မှူး ဦးရဲမြင့်က ဦးစိန်သော်ဆိုသူကို သေချာစွာကြည့်နေသည်။ ဦးစိန်သော်ဆိုသူမှာ အသက်အားဖြင့် ၆၀ ခန့်မျှလောက်သာ ရှိပေလိမ့်မည်။

"ဟုတ်ပါတယ်၊ ကျွန်တော့်နာမည် ဦးစိန်သော်ပါ"

ထိုအခါ မြို့နယ်မှူး ဦးရဲမြင့်က မေးသည်။

"ဒါဆိုရင် မမြသန္တာရဲ့ အဖေပေါ့နော်..."

"ဟုတ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကဲ ကျွန်တော်ဘာများ ကူညီရမလဲ"

"ဒီလိုပါ..."



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ . . . ပြောပါခင်ဗျာ"

"ကျွန်တော် မန္တလေးဘက်ကို ထွက်နေတဲ့အချိန်မှာ အိမ်အတွင်း သူခိုးဝင်ခဲ့တယ်၊ ဒါကို သမီးက တော့ အိမ်ထဲကို ဝင်လာတဲ့သူက သမီးကို အန္တရာယ်ပေးဖို့ ကြိုးစားခဲ့တယ်၊

ဒီတော့ သမီးက ကာကွယ်ခုခံတော့ အိမ်အတွင်းကို ဝင်လာတဲ့သူ သေဆုံးသွားခဲ့တယ်"

"ဟုတ်ပါတယ် ခင်ဗျ"

"ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၁၀၀) မှာ မိန်းကလေးတစ်ဦးကို မတရားသဖြင့် ခံရတော့မယ့်အခြေအနေမျိုး ရောက်လာခဲ့ရင် သေသည်အထိ ကာကွယ်ခုခံပိုင်ခွင့်ရှိတယ်လို့ ပြဌာန်းထားပါတယ်"

"ဟုတ်ပါတယ်ခင်ဗျ"

"ဒါကြောင့် ညဥ့်အချိန်မှာ အိမ်အတွင်းကိုဝင်လာပြီး အန္တရာယ်ပြုဖို့ ကြိုးစားခဲ့သူကို သမီးက သေနတ်နဲ့ ပစ်ခဲ့လို့ အဲဒီလူဟာ သေဆုံးသွားခဲ့တယ်"

"မှန်ပါတယ် ခင်ဗျ"

"ဒါပေမဲ့ အပြင်လောကမှာတော့ တစ်မျိုးတင်မှ ပြောဆိုနေကြတာကို ကြားနေရတယ်။ ဒါကြောင့် ဒီက မြို့နယ်မှူးကြီးဆီမှာ လာပြီးစုံစမ်းကြည့်တာပါ"

မြို့နယ်မှူးဦးရဲမြင့်က ဦးစိန်သော် ပြောသည်များကို နားထောင်ရင်းစဉ်းစားနေသည်။ ဦးစိန်သော် စကားများပြီးဆုံးသွားသောအခါ မြို့နယ်မှူးဦးရဲမြင့်က ပြောသည်။

"အခုဖြစ်ပွားခဲ့တဲ့အမှုမှာ သေဆုံးသွားခဲ့ရသူဟာ ဘယ်သူဘယ်ဝါဆိုတာကို သိဖို့အတွက် ကျွန်တော်တို့အနေနဲ့ ပထမဦးစားပေးအဖြစ်နဲ့ ကြိုးစားပြီး စုံစမ်းဖော်ထုတ်နေကြပါတယ်"

"ဟုတ်ကဲ့ ကြားရတာ ဝမ်းသာပါတယ်"

"ဘယ်သူတွေက ဘာကိုပဲပြောပြော အမှန်တရား အတိုင်းဖြစ်စေရပါမယ်။ ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေအားလုံးဟာ ဥပဒေဘက်က ရပ်တည်နေကြသူတွေဖြစ်ကြသလို လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ကို ဆောင်ရွက်တဲ့နေရာမှာလဲ ဥပဒေနဲ့အညီ ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်"

"ဟုတ်ကဲ့"

"ပြီးတော့ အမှုမှန်ကို အမြန်ဆုံးပေါ်ပေါက်လာအောင်လည်း ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်"

မြို့နယ်မှူး ဦးရဲမြင့်၏ စကားများပြီးဆုံးသွားသောအခါ ဦးစိန်သော်က ကျေးဇူးတင်စကားများ ပြောဆိုပြီး ဦးရဲမြင့် အခန်းတွင်းမှ ပြန်လည် ထွက်ခွာသွားသည်။ ထိုအခါ မြို့နယ်မှူး ဦးရဲမြင့်က ပြုံးနေသည်။

အဘယ်ကြောင့်ဆိုသော်သားသမီးအပေါ်တွင် ထားရှိသင့်သော ဖခင်တစ်ဦး၏ မေတ္တာတရားကို ဦးစိန်သော်ထံတွင် တွေ့မြင်လိုက်ရသောကြောင့်ပင်ဖြစ်ပါသည်။

ထိုမေတ္တာတရားကား မိဘတိုင်းတွင် ရှိသင့်ရှိထိုက်သော ကိစ္စတစ်ရပ်ပင် ဖြစ်ပါပေသည်။

မြို့နယ်မှူး ဦးရဲမြင့်က ရုံးခန်းအတွင်း၌ စာများကို ဖတ်ရှုလေ့လာနေသည်။ ထိုအချိန်တွင် စခန်းမှူးဦးလှအောင်က ရုံးခန်းအတွင်းသို့ဝင်ရောက်လာခဲ့ပြီး ဝမ်းသာအားရပြောသည်။

"ဆရာ သေသွားခဲ့တာ ဘယ်သူလဲဆိုတာကို သိခဲ့ရပြီဆရာ . . ."

စခန်းမှူးဦးလှအောင်၏ စကားကြောင့် မြို့နယ်မှူးဦးရဲမြင့် စာရွက်များကို လေဖြင့်ပါမသွားစေရန် စာအုပ်တစ်အုပ်ဖြင့် ဖိထားလိုက်ပြီး စခန်းမှူးဦးလှအောင်ကို မေးလိုက်သည်။

"ဘယ်သူတဲ့လဲ ဆိုစမ်းပါဦး . . ."

"ဒီလိုပါ ဆရာ၊ သေသွားခဲ့တဲ့သူ မောင်ရဲမင်းအောင်တဲ့ ဆရာအသက်က ၂၅ နှစ်ရှိပြီ၊ စက်မှုတက္ကသိုလ်ကျောင်းက မြို့ပြနောက်ဆုံးနှစ် ကျောင်းသားပါ၊ ပုဂ္ဂလိက ဘော်ဒါဆောင်ဖြစ်တဲ့ ပန်းချယ်ရီမှာ နေတယ်ဆရာ"

"သူက ဘယ်အရပ်သားလဲ"

"ပုံရွာမှာ နေပါတယ်၊ သူ့မိဘတွေကတော့ အထည်ကုန်သည်တွေလို့ သိရပါတယ်ဆရာ"

တခြားရော ဘာတွေသိရသေးသလဲ ကိုလှအောင်"

"ဟုတ်ကဲ့ မောင်ရဲမင်းအောင် ဟာ



www.burmeseclassic.com

www.burmeseclassic.com

> ‘ရဲမင်းအောင်က အချိန်မတော် ညဉ့်သန်းခေါင်ကျော်မှာ မြရည်သန္တာ တို့ အိမ်ကို ဘာအကြောင်းရှိလို့ သွားတာလဲ’

သေတဲ့နေ့ ညနေပိုင်းမှာ အင်းလျားက ရေလှော်ရှက်ဟိုက် အသင်းနားမှာ အမျိုးသမီးတစ်ယောက်နဲ့ လမ်းလျှောက်နေတာကိုတွေ့ခဲ့တဲ့သူရှိနေတယ် ဆရာ"

"မောင်ရဲမင်းအောင်ရဲ့ အကျင့်စာရိတ္တကရော ဘယ်လိုရှိသလဲ"

"မိဘတွေက ငွေကြေး ပြည့်စုံတယ်ဆရာ၊ ငွေကို သုံးနိုင်တဲ့အတွက် မောင်ရဲမင်းအောင်က ရည်းစားများတယ်၊ တခြားရှုပ်ရှုပ်ပွေပွေ ကိစ္စတွေတော့ မရှိဘူးလို့ စုံစမ်းသိရပါတယ် ဆရာ"

"အေးဗျာ အချိန်တိုအတွင်းမှာ ဒီလောက်သိရတာ မဆိုးပါဘူး။ ဒါပေမဲ့ မောင်ရဲမင်းအောင်ရဲ့ ရာဇဝင် အသေးစိတ်ကိုရအောင်တော့ ဆက်ပြီးစုံစမ်းပါဦးဗျာ"

"ဟုတ်ကဲ့ပါ ဆရာ"

မြို့နယ်မှူး ဦးရဲမြင့်နှင့် စခန်းမှူး ဦးလှအောင်တို့ စကားပြောနေကြစဉ် နယ်ထိန်း အဖွဲ့ခေါင်းဆောင်ဖြစ်သော ဒုရဲအုပ်မောင်ညွန့် ရောက်လာသည်။ ထို့ကြောင့် မြို့နယ်မှူး ဦးရဲမြင့်က မေးလိုက်သည်။

ဘာထူးသလဲ မောင်ညွန့်..."

"လူငယ်တစ်ယောက်က ဆရာနဲ့ တွေ့ချင်တယ်လို့ပြောပြီး စောင့်နေပါတယ်ဆရာ"

"ဘာကိစ္စတဲ့လဲ..."

"သူလာခဲ့တဲ့ကိစ္စကိုတော့ ဆရာနဲ့ တွေ့မှ ပြောချင်တယ်တဲ့ ဆရာ"

"အေးလေ ဒီကိုပဲ လွှတ်လိုက်ပါ"

"ဟုတ်ကဲ့ပါ ဆရာ"

ဒုရဲအုပ်မောင်ညွန့်က အလေးပြုပြီး အခန်းတွင်းမှ ပြန်ထွက်သွားသည်။ ခဏမျှအကြာတွင် လူငယ်တစ်ယောက်က မြို့နယ်မှူးဦးရဲမြင့်၏ ရုံးခန်းအတွင်းသို့ ဝင်ရောက်လာသည်။

ထို့ကြောင့် မြို့နယ်မှူး ဦးရဲမြင့်က ဖော်ရွေစွာ ဖိတ်ခေါ်လိုက်သည်။

"လာပါ ထိုင်ပါ ညီလေး..."

အခန်းတွင်းသို့ ဝင်ရောက်လာသော လူငယ်က စခန်းမှူးဦးလှအောင်ဘေးတွင်ရှိနေသော ထိုင်ခုံလွတ်တစ်လုံးပေါ်တွင် ထိုင်လိုက်သည်။ ထိုင်ခုံတွင် ထိုလူငယ်ထိုင်ပြီးသောအခါ မြို့နယ်မှူး ဦးရဲမြင့်က မေးသည်။

"ညီလေး နာမည် ဘယ်လိုခေါ်ပါသလဲ"

"မင်းဦးပါ ခင်ဗျာ"

"ဇာတိကရော"

"မုံရွာကပါ"

"အခု ဒီကို ရောက်လာခဲ့[...] ကိစ္စက"

"သေဆုံးသွားခဲ့တဲ့ ရဲမင်းအော[...] ပတ်သက်ပြီး ပြောချင်လို့ပါ"

"ဩော်...ဟုတ်လား၊ ဒါသ[...] မောင်ရဲမင်းအောင်နဲ့ ကိုယ်ညီက ဘ[...] လိုပတ်သက်နေလို့လဲ"

"ရဲမင်းအောင်က ကျွန်တော်[...] တစ်မြို့တည်း၊ တစ်ရပ်ကွက်တည်း [...] လာခဲ့ကြတဲ့ သူငယ်ချင်းတွေပါ"

"ကိုယ့်ညီက အခု ဘာလုပ်[...] နေသလဲ"

"စက်မှုတက္ကသိုလ် ကျောင်းသ[...] ပါ။ ရဲမင်းအောင်နဲ့ တစ်တန်းတည်း[...]"

"ဩော်...ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါထက် ကိုယ့်ညီကရော [...] ချယ်ရီဆောင်မှာပဲ နေသလား"

"မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်[...] အခြားဘော်ဒါဆောင်မှာ နေပါတယ်[...]"

မြို့နယ်မှူးဦးရဲမြင့်နှင့် မင်း[...] ဆိုသော လူငယ်တို့ စကားပြောနေ[...] စဉ်အချိန်တွင် ရဲအုပ်ထွန်းချစ်ကျော်[...] နယ်ထိန်းအဖွဲ့ ခေါင်းဆောင်ဖြစ်[...] ဒုရဲအုပ်မောင်ညွန့်တို့ကို မြို့နယ်မှူး[...] ခေါ်လိုက်သည်။ အခန်းတွင်းသို့ [...] ရောက်လာခဲ့ပုံကြသည်။ ထို့ကြော[...] မင်းဦးဆိုသော လူငယ် ပြောသမျှ[...]



www.burmeseclassic.com

www.burmeseclassic.com

…များကို နားထောင် ကြသူများမှာ …မှူးဦးရဲမြင့်၊ စခန်းမှူးဦးလှအောင်၊ …ဦးထွန်းချစ်ကျော်နှင့် နယ်ထိန်း …ခေါင်းဆောင်ဖြစ်သော ဒုရဲအုပ် …ညွှန့် စုစုပေါင်း ၄ ယောက် …သွားကြသည်။

စခန်းမှူးဦးလှအောင်က မင်းဦး …သမျှကို နားထောင်ရုံသက်သက် …တဲ့ စာဖြင့်ရေးသား မှတ်တမ်း …နေသည်။ မင်းဦးအား စခန်းမှူး …လှအောင်က မေးသည်။

"ကဲကိုယ့်ညီက မောင်ရဲမင်းအောင် အတန်းတူ တစ်မြို့တည်းသား …ငယ်ချင်းတွေဆိုတော့ ကိုယ့်ညီသိ …သမျှ အခြေအနေတွေကို ပြောပြ …သလား"

"ဟုတ်ကဲ့ ကျွန်တော်သိထားသမျှ …တွေကို ပြောပြပါ့မယ်"

"အေး ကိုယ့်ညီပြောသမျှထဲက …နိုးရှိတဲ့ စကားတွေ အထောက် …အထားတွေကို ရလိမ့်မယ်လို့ အစ်ကို …ထင်မိတယ်ကွာ"

"ဟုတ်ကဲ့ကျွန်တော်ကလဲ သိထား …သမျှတွေကို ပြောသင့်မပြောသင့်ဆို …ကိုစဉ်းစားပြီးမှ ဒီကိုလာခဲ့ရတာပါ"

"အေး…ဒီလိုဆိုရင် ပြောသင့် …တွေကို အကုန်ပြောပြပေတော့"

"…တော့ သူငယ်ချင်း ရဲမင်း အောင် …ဘာကလဲ သူများပစ္စည်းကို …ပြီးမှ ထမင်းစားရတဲ့ အတန်း …ထဲက မဟုတ်ပါဘူး။

သူလိုသလောက်ငွေကို သူ့မိဘ တွေက အမြဲပို့ပေးနေတာပါ။ အခုတော့ သူများအိမ်ကို ကျူးကျော်ဝင်ပြီး ပစ္စည်း ခိုးလို့ အသတ်ခံရတယ်ဆိုတဲ့ သတင်း က အရပ်ထဲမှာ ဟိုးလေးတကျော်ကျော် ဖြစ်နေတယ်။ ဒါကြောင့် ဒီသတင်းဟာ အမှန်မဟုတ်ဘူးဆိုတာ အစ်ကိုတို့ သိအောင်ရအောင် ကျွန်တော်က လာ ပြောတာပါ"

"ဒါဆိုရင် သတင်းမှန်ဆိုတာက ဘာတွေလဲ"

"ကျွန်တော် ပြောမယ်အစ်ကို··"

"အေး···ပြောပါ ညီလေးရာ"

ရန်ကုန်မြို့ …လမ်းဟုခေါ်သည့် မဟာဗန္ဓုလပန်းခြံလမ်း(အထက်လမ်း) ရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်···

အချိန်ကား ညနေ၄နာရီ(၃)နာရီပင် ကျော်လွန်နေပြီဖြစ်သော်လည်း လူများ ဖြင့် စည်ကားရှုပ်ထွေးနေသည်။

ထိုသို့ စည်ကားရှုပ်ထွေးနေကြ သောသူများမှာ ရုပ်ရှင် ညနေပွဲကြည့် ရန် လာသူများ၊ လက်ဖက်ရည်သောက် ရန်၊ မုန့်စားရန် ရောက်ရှိလာသူများ ဖြစ်ကြသည်။

ထိုသူများကြားတွင် ရဲမင်းအောင် ပါဝင်နေသည်။ သို့ရာတွင် ရဲမင်းအောင် က တစ်ယောက်တည်းမဟုတ်၊ အဖော် ပါသည်။ ရဲမင်းအောင်၏ အဖော်က အမျိုးသားမဟုတ်၊ အမျိုးသမီးတစ် ယောက်ဖြစ်သည်။ ရဲမင်းအောင်နှင့် အဖော်ပါလာသူ အမျိုးသမီးတို့က နန်း

ကြီးသုပ်မှာယူစားသောက်နေကြသည်။ ရဲမင်းအောင်နှင့် အဖော်ပါလာသူ အမျိုးသမီးက လှသည်၊ ကျက်သရေရှိသည်။

မင်းဦးက ရဲမင်းအောင်တို့ စား သောက်နေသည့် ဆိုင်အတွင်းသို့ ဝင် ရောက်လာသည်။ သို့ရာတွင် ထိုင်ရန် နေရာလွတ်မရှိ၍ မင်းဦးက ရပ်ကြည့် နေသည်။ ဦးခဲ့တဲ့

ထို့နောက် ထောင့်ကျသော နေ… တွင်ရှိသော စားပွဲဝိုင်းတွင် အမျိုးသား… တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သာ ရှိနေကြသဖြင့် ထိုင်ခုံနှစ်လုံးက အလွတ် ဖြစ်နေသည်။ လူမရှိ တို့ကြောင့် မင်းဦး က ထိုစားပွဲရှိရာသို့ လျှောက်သွားခဲ့ သည်။

စားပွဲအနီးသို့ ရောက်သည့်အခါ ခုံလွတ်တစ်လုံးကို ဆွဲယူပြီး မင်းဦးက ထိုင်လိုက်သည်။ ထိုသို့ မင်းဦးက ထိုင် လိုက်သောအခါ နန်းကြီးသုပ်ကို ငုံ၍ စားနေသော အမျိုးသားက မင်းဦးအား မော့၍ကြည့်လိုက်သည်။ မင်းဦးကလည်း ထိုအမျိုးသားအား ကြည့်လိုက်သည်။ တဒင်္ဂအတွင်းမှာပင်လျှင် နှစ်ယောက် စလုံးထံမှ အံ့သြ၍ဝမ်းသာသော စကား များ ထွက်ပေါ်လာခဲ့ကြသည်။

"ဟာ···မင်းဦး"

"ဟာ···သူငယ်ချင်း"

"သူငယ်ချင်း မင်းဦး ဘာစားမလဲ"

"တစ်ခုခုပေါ့ကွာ"

"အခု ဘယ်ကပြန်လာတာလဲ"

"ငါ…သားကြီးဆီက လူကြုံနဲ့ ပို့



www.burmeseclassic.com

www.burmeseclassic.com

လိုက်တဲ့ငွေနဲ့ ပစ္စည်းတွေကိုလာယူတာ"

"ဟော...ဟုတ်လား"

"မင်းကရော..."

မင်းဦးကမေးရင်း ရဲမင်းအောင်နှင့်ပါလာသော အမျိုးသမီးကို အကဲခတ်ိက်သည်။ ထိုအမျိုးသမီးအား ယခင်ာစ်ကြိမ်မျှပင် မမြင်ဖူးခဲ့။

သေဟိုအမျိုးသမီးက ပါတိတ်စိမ်းပြာှင် ဝမ်းဆက်ကို ကျစ်ကျစ်လျစ်လျစ် ဝတ်ဆင်ထားသည်။ ထိုပါတိတ်စိမ်းပြာရောင် ဝမ်းဆက်သည် ထိုအမျိုးသမီး၏ ဖြူဖွေးသော အသားအရည်နှင့် လိုက်ဖက်လွန်းလှသည်ဟု မင်းဦး၏ စိတ်တွင် မှတ်ချက်ချမိသည်။

ထိုအမျိုးသမီးကား မင်းဦးကို လုံးဝပင်မကြည့်၊ မန္တလေး နန်းကြီးသုတ်ကိုသာ ဣန္ဒြေရစွာပင် ဦးခေါင်းကိုငုံ့၍ စားနေသည်။ မင်းဦးက ထိုအမျိုးသမီးကိုကြည့်နေရာမှ ရဲမင်းအောင်ဘက်သို့ ကြည့်လိုက်သည်။

ထို့နောက် မင်းဦးက မေးဖျားကို ဆက်၍ ဘယ်ကလဲဟူသော အဓိပ္ပါယ် သက်ရောက်စွာ မေးလိုက်သည်။

ထိုအခါ ရဲမင်းအောင်က ဖြေသည်။

"မို့ ရှုပ်ရှုပ်ကြည့်မနေပါနဲ့ကွ၊ ရုပ်ရှင်ပြ...သို့သေးတာနဲ့ ဒီမှာ နန်းကြီးသုပ် ဝင်စားနေတာ၊ မင်းနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူ့နာမည်က မြရည်သန္တာတဲ့ ငါ့သူငယ်ချင်း...ပဲကွာ..."

ထိုအခါ မင်းဦးက မြရည်သန္တာဘက်သို့လှည့်၍ ပဋိသန္ထာရ စကားကို ပြောလိုက်သည်။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် မမြရည်သန္တာ"

မင်းဦးက စကားဆုံးသွားသည့်အခါ မြရည်သန္တာကို ကြည့်နေသည်။ မြရည်သန္တာက အစားအသောက်ပင် မပျက် နန်းကြီးသုတ်ကို ခေါင်းငုံ့၍ စားနေသည်။ ခဏအကြာတွင် မြရည်သန္တာက ငုံ့ထားသော ခေါင်းကို မော့ကြည့်သည်။ သူမကြည့်သည်က မင်းဦးကို မဟုတ်။ ရဲမင်းအောင်ကို ကြည့်ခြင်းဖြစ်သည်။

ထိုသို့ကြည့်လိုက်သော မျက်လုံးအစုံတို့တွင် မိတ်ဆက်ပေးသည်ကို မလိုလားသော သင်္ကေတများက ပေါ်လွင်နေသည်။ ထို့ကြောင့် မင်းဦးက ထိုင်ရာမှ ထပြီး နှုတ်ဆက်လိုက်သည်။

"ကဲ...သူငယ်ချင်း ရဲမင်းအောင် ငါသွားတော့မယ်"

"ဟေ့ကောင်ရ မြန်လှချည်လား"

"အေး ငါ့မှာ ကိစ္စလေးတွေ မပြတ်သေးလို့ပါ"

"အေးလေ ဒါဆိုလဲ သွားပေါ့ကွာ"

"ဩော်...ဒါထက်"

"ဘာလဲ သူငယ်ချင်း ပြော..."

"တနင်္ဂနွေနေ့မှာ မင်းအားသလား"

"အေး...အားပါတယ်"

"အားရင် ငါ့အဆောင်ကို လာခဲ့ဦးကွာ"

"အေး..လာခဲ့မယ်၊ မင်းအဆောင်မှာ စောင့်နေ"

"အေးပါ...ငါစောင့်နေပါမယ်"

"ငါမလာမချင်း မင်းအဆောင်က နေ ဘယ်မှ မသွားနဲ့နော်"

"အေးပါကွာ..."

မင်းဦးကပြောရင်း ဆိုင်အတွင်းမှ ထွက်သွားသည်။

"မင်းက ချိန်းခဲ့တဲ့ တနင်္ဂနွေနေ့မှာ ရဲမင်းအောင် လာသလား"

"ဟုတ်ကဲ့...လာပါတယ်"

"မင်းတို့ နှစ်ယောက်တွေ့ကြတော့ ဘာတွေကိုပြောကြသလဲ"

"ရဲမင်းအောင်က မြရည်သန္တာနဲ့ ရည်းစားဖြစ်နေတဲ့ အကြောင်းကို ပြောပါတယ်။ ပြီးတော့ မြရည်သန္တာနဲ့ ရည်းစားမဖြစ်မီက နုနုထွေးဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ချစ်ခဲ့ကြတယ်ဆိုတာကိုလဲ ပြောတယ်။ ရဲမင်းအောင်က မြရည်သန္တာနဲ့ တွဲပြီးသွားလာနေတာကို နုနုထွေးကသိတော့ မြရည်သန္တာ ဆီကို သွားပြီး သူနဲ့ ရဲမင်းအောင်တို့ ရည်စားဖြစ်နေပြီ ဖြစ်တဲ့အတွက်ရှောင်ပေးဖို့ မြရည်သန္တာ ကို ပြောခဲ့တယ်တဲ့"

"ဒီတော့ မြရည်သန္တာက ဘာပြောခဲ့သလဲ..."

"နုနုထွေးနဲ့ မြရည်သန္တာတို့တွေ့ပြီးနောက်တော့ မြရည်သန္တာက ရဲမင်းအောင်ကို အတွေ့မခံတော့ဘူးတဲ့"

"ရဲမင်းအောင် ဘာဆက်လုပ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com

မြရည်သန္တာဆီကို သွားတွေ့ပြီး ပြောချင်တဲ့အကြောင်း၊ တွေ့ခွင့်မရရင် အိမ်ကို သွားတွေ့မယ်လို့ ပြောခဲ့ပါတယ်"

"ရဲမင်းအောင်က မြရည်သန္တာ ကို သွားပြီး တွေ့ဖြစ်သလား"

"အိမ်ကိုသွားခဲ့တယ် ထင်ပါတယ်။ သူတို့နှစ်ယောက်တွေ့ပြီး ဆွေးနွေးဖြစ်သလားတော့ မသိပါဘူး။ အဲဒီနေ့ညမှာပဲ ရဲမင်းအောင်ဟာ မြရည်သန္တာတို့ အိမ်မှာပဲ သေနတ်နဲ့ အပစ်ခံပြီးတော့ သေဆုံးသွားခဲ့ရတာပါ"

မင်းဦးက စကားကို အဆုံးသတ်လိုက်သည်။ စခန်းမှူးဦးလှအောင်က မင်းဦးကိုကြည့်နေသည်။ ထို့နောက် စခန်းမှူးဦးလှအောင်က ပြောလိုက်သည်။

"အေးကွာ ငါ့ညီသိသမျှတွေကို အခုလိုလာပြီး ရှင်းပြတာ ကျေးဇူးတင်ပါတယ်"

"ကျွန်တော်ကလဲ သူငယ်ချင်းအတွက် မမှန်သတင်းတွေ ထွက်နေတာကို မကျေနပ်လို့ပါ အစ်ကို..."

"အေးလေ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ အမှုတစ်ခုဖြစ်လာပြီဆိုရင် အဲဒီအမှုနဲ့ ဆက်စပ်ပြီး သိကြ၊ မြင်ကြ၊ ကြားကြတဲ့ သက်သေမှန်သမျှကို ရှာဖွေပြီး စစ်ဆေးကြရမှာက အစ်ကိုတို့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ တာဝန်ပါ"

ဟုတ်ကဲ့ပါ အစ်ကို"

"အေး အခု ငါ့ညီ မောင်မင်းဦးတို့လို အမှန်တရားကို ဖော်ထုတ်ချင်ကြတဲ့သူတွေလိုပဲ တခြားသော သူတွေမှာလဲ အမှုနဲ့ပတ်သက်ပြီး သိသမျှ မြင်သမျှတွေကို သတင်းပို့ကြရမယ့် တာဝန်တွေရှိနေပါတယ်"

"ဟုတ်ကဲ့ အစ်ကို"

"ဟုတ်တယ်...၊ ဒီလိုတာဝန်ရှိကြောင်း သိတဲ့လူတွေ အားလုံးက တာဝန်သိစွာနဲ့ရဲစခန်းကိုလာပြီး သတင်းပေးကြတဲ့ ပြည်သူတွေရှိနေပါပြီ ငါ့ညီရယ်၊ ဒါကြောင့်လဲ မှုခင်းတွေကို ဖော်ထုတ်နေကြရတဲ့ ရဲတပ်ဖွဲ့ဝင်တွေ အားလုံးကလဲ အားတက်ပြီး ဝမ်းသာအားရနေကြပါတယ်ကွာ"

စခန်းမှူးဦးလှအောင်၏ စကားပြီးဆုံးသွားသောအခါ သတင်းလာရောက်ပေးသော မောင်မင်းဦးက နှုတ်ဆက်၍ ပြန်သွားသည်။

ထိုအခါ ရုံးခန်းအတွင်း၌ ကျန်ရစ်ခဲ့ကြသော မြို့နယ်မှူး ဦးရဲမြင့်၊ စခန်းမှူးဦးလှအောင်၊ ရဲအုပ်ဦးထွန်းချစ်ကျော်နှင့် နယ်ထိန်း၊ အဖွဲ့ခေါင်းဆောင် ဒုရဲအုပ်မောင်ညွန့်တို့က ရှေ့လုပ်ငန်းများကို ဆွေးနွေးခဲ့ကြရပြန်သည်။

မောင်မင်းဦး၏ သတင်းစကားများတွင် နနထွေးဆိုသော အမျိုးသမီးတစ်ယောက်၏ အမည်ပါဝင်နေသည်။

နနထွေးဆိုသည်က သေဆုံးသွားခဲ့ရသော ရဲမင်းအောင်၏ ချစ်သူ၊ ထို့ကြောင့် ရဲမင်းအောင်နှင့်ပတ်သက်စပ်ဆိုင်သော သတင်းစကားများကြားလို၍ စုံစမ်းရှာဖွေပြီး ရဲစခန်းသို့ခေါ်ဆောင်လာခဲ့ရသည်။

ရဲစခန်းသို့ နနထွေးဆိုသော အမျိုးသမီးရောက်ရှိလာသောအခါ စခန်းမှူး ဦးလှအောင်က သိလိုသမျှကို မေးသည်။

"ဒီက ...ညီ နာမည်က..."

"နနထွေးပါ"

"မောင်ရဲမင်းအောင် သေဆုံးခဲ့တဲ့ သတင်းကိုရော ကြားမိပါသလား"

"ဟုတ်ကဲ့...ကြားပါတယ်ရှင်"

"မနနထွေးက မောင်ရဲမင်းအောင်နဲ့ တရင်းတနှီး နေခဲ့ကြတယ်လို့ သိရတဲ့အတွက် မောင်ရဲမင်းအောင်ရဲ့ နောက်ကြောင်းအခြေအနေကို ပြောပြနိုင်မလားလို့ အခုလိုခေါ်ပြီး မေးမြန်းရတာကို ခွင့်လွှတ်ပါနော်"

"ရပါတယ် ဆရာ၊ ကျွန်မသိသလောက် ပြောပြမှာပါ"

"အခုလိုကြားရတာ ဝမ်းသာပါတယ်၊ ပြီးတော့ ကျေးဇူးလည်းတင်ပါတယ်။ ဒီတော့ မနနထွေးနဲ့ မောင်ရဲမင်းအောင်တို့ရဲ့ ဆက်ဆံရေးအပါအဝင်ပေါ့၊ မနနထွေး သိရှိခဲ့သမျှတွေကို ပြောပြစေချင်ပါတယ်"

"ဟုတ်ကဲ့ ကျွန်မပြောပါမယ်၊ ကိုရဲမင်းအောင် သေခဲ့ရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်မကလဲ ပြောပြချင်ပါတယ်။ ကျွန်မကို ရဲတပ်ဖွဲ့ကခေါ်လာပြီး မမေးရင်တောင် ရဲစခန်းကို ကျွန်မလာပြီး ကျွန်မသိထားခဲ့သမျှကို ပြောပြဖို့ စိတ်ပိုင်းဖြတ်ပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ကဲ့ပြောပါ မနုနုထွေး မနေ ထွေးပြောသမျှတွေ အားလုံးကိုလည်း လျှို့ဝှက်ထားပေးပါ့မယ်၊ ပြီးတော့ ဒီ လျှို့ဝှက်ထားတဲ့ ကိစ္စတွေကိုလဲအပြင် ကို မပေါက်ကြားစေရပါဘူးဆိုတဲ့ ကတိ ကိုလဲ ပေးပါတယ်”

“ကျွန်မအနေနဲ့ ပြောရမယ်ဆိုရင် တော့ ကိုအောင် အဲ ကိုရဲမင်းအောင် က ကျွန်မရဲ့ အသည်းထဲမှာ နှစ်နေ အောင်ချစ်ခဲ့ရတဲ့ ချစ်သူပါ…”

မနုနုထွေးက စကားပြောရင်း အသံလှိုင်း၏ တုန်ခါမှုများဖြစ်ပေါ်လာ ပြီး ဦးခေါင်းကို ငုံ့ထားလိုက်သည်။ ထို့ နောက် ကစ်ကိုယ်လုံး သိမ့်သိမ့်တုန် လာပြီး ပင့်သက်ရှိုက်သံနှင့်အတူ ရှိုက် ကြီးတငင် ငိုချလိုက်သည်။ မနုနုထွေး က စိတ်အတွင်း၌ အားရကျေနပ်သည် အထိ ငိုကြွေးနေသည်။ ထို့နောက်စီးကျ လာသော မျက်ရည်များကို သုတ်သင် ရှင်းလင်းလိုက်ပြီး ငုံ့ထားသော ခေါင်း ကို ပြန်မော့၍ စခန်းမှူး ဦးလှအောင် ကို ကြည့်သည်။

မြို့နယ်မှူးဦးရဲမြင့်၊ စခန်းမှူး ဦးလှ အောင်၊ ရဲအုပ်ထွန်းချစ်ကျော်တို့နှင့် နယ်ထိန်း အဖွဲ့ခေါင်းဆောင် ဒုရဲအုပ် မောင်ညွန့်တို့ကလည်း မနုနုထွေးကို ကြည့်နေကြသည်။

ထိုသို့ကြည့်နေကြစဉ်မှာပင် မနုနု ထွေးက စကားကို ဆက်၍ပြောသည်။

“ကျွန်မနဲ့ ကိုရဲမင်းအောင်တို့ နှစ်ယောက် ရည်ငံနေခဲ့ကြပြီး နှစ် ယောက်အကြားမှာ ကိုရဲမင်းအောင်က ကျွန်မကို ပြောခဲ့တယ်”

“ဘာတွေ ပြောခဲ့တာလဲ…”

“သူ့ကို အဆက်အသွယ် မလုပ်ဖို့ သူ့ကို မေ့ပစ်ဖို့ပါ”

“မနုနုထွေးမှာ ဘာအပြစ်တွေ ရှိလို့လဲ”

“အဲဒါကို ကျွန်မကလဲ မေးခဲ့ပါ တယ်၊ ဒါကို သူက အဖြေမပေးနိုင်ခဲ့ ဘူးလေ၊ ပြီးတော့ သူက ကျွန်မကို ရှောင်နေခဲ့တယ်၊ ဒါကြောင့် ကျွန်မက သူ့နောက်ကိုလိုက်ပြီးချောင်းနေခဲ့တယ်”

“ဒီတော့ ဘာတွေကို သိခဲ့ရသလဲ”

“ဘာတစ်ခုကိုမှ မသိခဲ့ရဘူးလေ၊ ဒါကြောင့် သူ့ သူငယ်ချင်းတွေဆီမှာ သွားပြီး စုံစမ်းခဲ့တယ်။ ဒီတော့ သူနဲ့ မြရည်သန္တာဆိုတဲ့ အမျိုးသမီးတို့ ရည်းစားဖြစ်နေကြတယ်ဆိုတာကို သိခဲ့ ရတယ်”

မနုနုထွေးက စကားကိုရပ်ထားပြီး စခန်းမှူးဦးလှအောင်ကို ကြည့်နေသည်။ စခန်းမှူးဦးလှအောင်ကလည်း မနုနု ထွေးကို ကြည့်နေသည်။ မည်သည့် စကားကိုမျှ ပြောဆိုခြင်းမရှိခဲ့။

ထို့ကြောင့် မနုနုထွေးက စကား ကို ဆက်ပြောသည်။

“မြရည်သန္တာဆိုတာက အထက် တန်းကျောင်းသူဘဝမှာ ကျွန်မနဲ့တစ် တည်းထဲအတူနေခဲ့ကြဟာ၊ ပြီးတော့ ၁၀-တန်းအတူ နေခဲ့ကြတဲ့ သူငယ် ချင်းတွေပါ”

“ဪ…ဟုတ်လား”

“ဟုတ်ပါတယ် မြရည်သန္တာ ဘွဲ့ရပြီးတဲ့အချိန်မှာ ကျောင်းဆရာ ဝင်လုပ်ခဲ့ပါတယ်။

ဒါကြောင့် ကိုရဲမင်းအောင်က ကျွန်မကို အဆက်ဖြတ်ဖို့ ပြောပြီးတဲ့ နောက် မြရည်သန္တာရှိနေတဲ့ ကျောင်းကို ကျွန်မလိုက်သွားပြီး ကိုရဲမင်းအောင် ဟာ ကျွန်မရဲ့ ချစ်သူဖြစ်ကြောင်း။ ယခု သူ့ရဲ့ခိုမ်းကားမှုကြောင့် ကျွန်မ အသည်း ကွဲမတတ်ခံစားနေရတဲ့ အကြောင်းတွေ ကိုပြောပြပြီး ကိုရဲမင်းအောင်က ကျွန်မ ကိုပေးထားခဲ့တဲ့ ရည်းစားစာတွေကို ရော ကိုရဲမင်းအောင်နဲ့တွဲပြီး ရိုက်ထား ခဲ့တဲ့ ဓာတ်ပုံတွေကို ရောထုတ်ပြခဲ့ တယ်”

“ဒီတော့ မြရည်သန္တာက ဘာပြော လိုက်သလဲ”

“မြရည်သန္တာ ဆိုတာက သဘော ထားပြည့်ဝတဲ့ ကျွန်မသူငယ်ချင်းပါ။ ကျွန်မတို့ ၁၀ တန်းကျောင်းသူဘဝက လပတ်စာမေးပွဲတိုင်းမှာ သူကအမြဲတမ်း ပထမချည်းရခဲ့တယ်၊ ကျွန်မကတော့ ဒုတိယ ချည်းပဲရခဲ့တာ၊ ဒါကြောင့် ကျွန်မက အမြဲတမ်းငိုခဲ့ရတယ်၊ ပထမ မရလို့ပါ”

“ဟုတ်လား”

“တစ်လမှာတော့ ကျွန်မဟာ ပထမရခဲ့တယ်၊ ကျွန်မ ဝမ်းသာလိုက် တာလေ၊ ဝမ်းသာလွန်းလို့လဲ မျက်ရည် ကျခဲ့ရပြန်တယ်၊ နောက် ကျွန်မမုံစမ်း



www.burmeseclassic.com

www.burmeseclassic.com

ဖြည့်တော့ ကျွန်မ ပထမရအောင် မြရည်သန္တာ က လျှော့ပြီး ဖြေခဲ့တယ်ဆိုတာကို သိခဲ့ရပါတယ်"

"ဒီလိုဆိုတော့ မြရည်သန္တာဟာ မနုနုထွေးရဲ့ သူငယ်ချင်းကောင်းပေါ့နော်"

"ဟုတ်ပါတယ်၊ ဒီအကြောင်းတွေကို မြရည်သန္တာက ပြန်မပြောပြလို့ ကျွန်မသိခဲ့ရတာပါ၊ မြရည်သန္တာဟာ ကျွန်မကို ပထမရအောင် လုပ်ပေးခဲ့တဲ့ သူငယ်ချင်းပါ"

"ကဲ...မနုနုထွေး"

"ဟုတ်ကဲ့ ဆရာ"

"မောင်ရဲမင်းအောင်နဲ့ ပတ်သက်ပြီး မြရည်သန္တာနဲ့ သွားဆွေးနွေးတာကို ပြောပါဦး"

"ဟုတ်ကဲ့ ပြောပါ့မယ် ဆရာ၊ ကျွန်မ မြရည်သန္တာကို ကျွန်မမှာ ခံစားနေရတာတွေကို ပြောလဲပြော၊ ဓာတ်ပုံတွေကိုလဲ ထုတ်ပြလိုက်တော့ မြရည်သန္တာက ဓာတ်ပုံတွေကိုကြည့်ပြီး ကျွန်မကိုလဲ နာကြည်းတဲ့မျက်လုံးတွေနဲ့ ကြည့်ခဲ့တယ်၊ ဒီတော့ ကျွန်မလဲ ရှက်နိုင် မကြောက်နိုင်တော့ဘဲ မြရည်သန္တာရဲ့ ရှေ့မှာပဲ ငိုမိခဲ့ပါတယ် ဆရာ"

"ဒီလို ငိုတော့ မြရည်သန္တာက ဘာပြောသလဲ"

"သူငယ်ချင်း မင်းအသည်းကွဲခံစားနေရတာကို ငါသိပါပြီတဲ့၊ ဒါကလဲ ကိုရဲမင်းအောင်ဟာ မင်းနဲ့ဖြစ်နေတယ်ဆိုတာကို မသိလို့ပါတဲ့၊ ပြီးတော့လဲ သူ့ကို တိကျတဲ့အဖြေမပေးရသေးပါဘူးတဲ့၊ အခုလို စောစောသိရတော့ ကျေးဇူးလဲတင် ဝမ်းလဲသာပါတယ်တဲ့။ ဒီတော့ ကိုရဲမင်းအောင်ကို သူ့ဆီလုံးဝ မလာစေရပါဘူးတဲ့"

"ဒါပဲလား မနုနုထွေး..."

"ပြီးတော့ ပြောသေးတယ်"

"ဘာတွေကို ပြောတာလဲ..."

"ငါ စိတ်ကြီးတယ်ဆိုတာကို မင်းသိတယ် မဟုတ်လားတဲ့၊ သူ့ကို လုံးဝမလာစေရဘူး။ ဒီကြားထဲ ဇွတ်တိုးလာရင်တော့ မလွယ်ဘူးဖြစ်သွားလိမ့်မယ်တဲ့၊ မြရည်သန္တာက ကျွန်မကို ကတိပေးနှစ်သိမ့်စကားတွေကို ပြောခဲ့ပါတယ်"

"မောင်ရဲမင်းအောင် ကရော မြရည်သန္တာနဲ့တွေ့ဖို့ အမျိုးမျိုးကြိုးစားပေမဲ့ အတွေ့မခံတော့ပါဘူးလို့ သိရပါတယ်"

"ဘာကိစ္စရှိလို့ သွားခဲ့ရတာလဲ"

"ဒါကိုတော့ ကျွန်မမသိပါဘူး"

မနုနုထွေး ထံမှ ထိုမျှသာ သိခဲ့ရသည်။ ထို့နောက် မနုနုထွေးအား ကျေးဇူးတင်စကားပြောကြားပြီး ပြန်လွှတ်လိုက်သည်။

မြို့နယ်မှူး ဦးရဲမြင့်၏ ရုံးခန်းအတွင်း၌ စခန်းမှူး ဦးလှအောင်နှင့် ရဲအရာရှိများ စုံညီစွာရောက်ရှိနေကြသည်။ ထို့ကြောင့် မြို့နယ်မှူးဦးရဲမြင့်က စတင်ပြောလိုက်သည်။

"ကဲ ဦးလှအောင် ရဲမင်းအောင် သေဆုံးခဲ့တဲ့ အမှုနဲ့ ပတ်သက်ပြီး အားလုံးရဲ့ အယူအဆတွေကို ဖလှယ်ပြီး အဖြေရှာရအောင်"

"ဟုတ်ကဲ့ပါ ဆရာ..."

"ဒီတော့ ဦးလှအောင် ခင်ဗျားက အရင်စပြီးပြောဗျာ"

"ဟုတ်ခဲ့ပါ ဆရာ..."

"ဒီတော့ ဦးလှအောင် ခင်ဗျားက အရင်စပြီးပြောဗျာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ဒီတော့ မြရည်သန္တာက အရင်စပြီးတင်ပြပါ့မယ်။ မြရည်သန္တာဆိုတာက သိက္ခာရှိတဲ့ ကျောင်းဆရာမတစ်ဦးပါ။ မိဘမျိုးရိုးကောင်းတယ်။ နာမည်ပျက် မရှိခဲ့ဘူး။ သူ့မိဘတွေ ခရီးသွားနေတဲ့ နေ့ အချိန်မတော် ည(၁)နာရီကျော်နေတဲ့အချိန်မှာ မြရည်သန္တာတို့ အိမ်ထဲကို ရဲမင်းအောင်က ဝင်ရောက်သွားခဲ့တယ်၊ အဖိုးတန်ပြီး သယ်ရလွယ်ကူတဲ့ ပစ္စည်းတွေရှိရာ ဧည့်ခန်းကို မသွားဘဲ မြရည်သန္တာအိပ်တဲ့ အပေါ်ထပ် အိပ်ခန်းရှိရာကို လှေကားကနေ တည့်တည့်မတ်မတ်သွားတယ်။ အိမ်တံခါးကို စပြီးဖွင့်ခဲ့တဲ့ အချိန်မှာ မြရည်သန္တာက အသံကိုကြားပြီး သူ့အဖေ လိုင်စင်နဲ့ကိုင်တဲ့ သေနတ်ကိုယူပြီး အိပ်ခန်းထဲက ထွက်လာခဲ့တယ်။ လှေကားထိပ်ကို ရောက်တဲ့အချိန်မှာ ရဲမင်းအောင်က လှေကားအတိုင်း အပေါ်ထပ်ကို တက်လာနေတာကို တွေ့ရတယ်။ မှောင်နေတဲ့ အခန်းထဲက လှေကားကနေ



www.burmeseclassic.com

www.burmeseclassic.com

အလင်းရောင်ကို ကျောပေးပြီးတက်လာတဲ့ လူကို မြရည်သန္တာက လှေကားထိပ်ကနေ သေနတ်နဲ့ ပစ်လိုက်တယ်။ ဒီတော့ အပေါ်ထပ်ကိုတက်လာခဲ့တဲ့ ရဲမင်းအောင်ဟာဒဏ်ရာရပြီး လှေကားပေါ်က ပြုတ်ကျသေဆုံးခဲ့တယ်"

စခန်းမှူး ဦးလှအောင်က စကားကို ခဏရပ်နားထားလိုက်ပြီး မြို့နယ်မှူး ဦးရဲမြင့်အပါအဝင် အခန်းတွင်းရှိ ရဲအရာရှိများကို ကြည့်လိုက်သည်။

ထိုသူများက စခန်းမှူးဦးလှအောင် ပြောသမျှကို စိတ်ဝင်စားလျက် ငြိမ်သက်စွာ နားထောင်နေကြသည်ကို တွေ့ရသည်။

ထို့ကြောင့် စခန်းမှူး ဦးလှအောင်က ဆက်၍ပြောသည်။

"ဒုတိယအကြောင်းကို ဆက်ပြီးတင်ပြပါ့မယ်။ သူကတော့ မြရည်သန္တာရဲ့အဖေ ဦးစိန်သော် ဖြစ်ပါတယ်။ ဦးစိန်သော်က သူ့သမီး မြရည်သန္တာဟာ ကာကွယ်ခုခံပိုင်ခွင့်အရ သေနတ်နဲ့ ပစ်ခဲ့ရတာပါလို့ ရဲစခန်းကိုရောက်လာပြီး တင်ပြခဲ့ပါတယ်။ အဲဒီဖြစ်ရပ်မှာ ပါဝင်နေခဲ့တဲ့ သေနတ်လိုင်စင်မှာ မြန်မာနိုင်ငံတစ်ဝှမ်းလုံး အတွင်းမှာ ကိုင်ဆောင်ခွင့်ပြုထားပါလျက်နဲ့ ခရီးသွားတဲ့အချိန်မှာ ယူဆောင်မသွားဘဲ ဘာကြောင့် အိမ်မှာထားခဲ့သလဲဆိုတဲ့ ကိစ္စကို စဉ်းစားစရာဖြစ်ပါတယ်"

စခန်းမှူး ဦးလှအောင်က စကားကို ရပ်ထားလိုက်ပြီး မြို့နယ်မှူး ဦးရဲမြင့်ကိုကြည့်လိုက်သည်။ မြို့နယ်မှူးဦးရဲမြင့် အပါအဝင် အခန်းတွင်းရှိ ရဲအရာရှိများကိုကြည့်လိုက်သည်။ စခန်းမှူး ဦးလှအောင် ပြောသမျှကို စိတ်ဝင်စားလျက် ငြိမ်သက်စွာ နားထောင်နေကြသည်ကို တွေ့ရသည်။ ထို့ကြောင့် စခန်းမှူး ဦးလှအောင်က ဆက်၍ပြောသည်။

"နောက်တစ်ယောက် ရဲမင်းအောင်၊ ရဲမင်းအောင်ဆိုတာက စက်မှုတက္ကသိုလ်က နောက်ဆုံးနှစ်ကျောင်းသား။ မိဘက ချမ်းသာတယ်၊ ဒါကြောင့် ရဲမင်းအောင် လိုအပ်သမျှ ငွေကြေးကို လုံလောက်အောင် ပေးကမ်းထောက်ပံ့နိုင်တယ်။ ဒီတော့ ရဲမင်းအောင်က ငွေကို ရေလိုသုံးခဲ့တယ်။ နောက် နန္ဒထွေးဆိုတဲ့ သရုပ်ပြဆရာမတစ်ယောက်နဲ့ သမီးရည်းစား၊ ဒီကြားထဲမှာ ရဲမင်းအောင်က မြရည်သန္တာဆိုတဲ့ အမျိုးသမီးနဲ့ တတွဲတွဲလုပ်လာခဲ့တယ်။

ဒါကို နန္ဒထွေးက သိတော့ မြရည်သန္တာဟာ ရဲမင်းအောင်ကို မကျေမနပ်ဖြစ်ခဲ့တယ်၊ ကျွန်တော်သိခဲ့ရသလောက်ကတော့ ဒီလောက်ပါပဲဆရာ"

စခန်းမှူးဦးလှအောင်က စကားကို အဆုံးသတ်လိုက်သည်။

ကျန်သော ရဲအရာရှိများက စခန်းမှူးဦးလှအောင်ကို ကြည့်နေကြသည်။ သူတို့အားလုံးက စခန်းမှူးဦးလှအောင်မှ စကားကိုဆက်၍ ပြောလိမ့်ဦးမည်ဟု မျှော်လင့်နေကြသည်။ သူတို့ အားလုံးတွင် အတွေးကိုယ်စီ ရှိနေကြသည်။

ထို အတွေးကား・・・

"ရဲမင်းအောင်က အချိန်မတော် ညဥ့်သန်းခေါင်ကျော်မှာ မြရည်သန္တာ တို့အိမ်ကို ဘာအကြောင်းရှိလို့ သွား တာလဲ"

"မြရည်သန္တာက အတွေ့မခံတော့ လို့ အိမ်ထဲသွားခဲ့တယ်လို့ ထင်ရပါ တယ်"

ဟု စခန်းမှူး ဦးလှအောင်က ထင်မြင်ယူဆချက်ပြောပြသည်။

သေဆုံးခဲ့ရသူ ရဲမင်းအောင်သည် မြရည်သန္တာတို့၏ အိမ်မှပစ္စည်းခိုးယူရန် ကြံရွယ်ချက်မရှိခဲ့။ သို့ရာတွင် မြရည်သန္တာနှင့် တွေ့ဆုံရန် ဆန္ဒဖြင့် သူတစ်ပါး၏ အိမ်တွင်းသို့ ညအချိန်၌ ပုန်းလျှိုး ဝင်ရောက်ခဲ့သည်။

လှေကားအတိုင်း အပေါ်ထပ်သို့ တက်ရောက်လာခဲ့သူအား ・・・・

"ဘယ်သူလဲ"

ဟု မေးမြန်းရင်း လက်တွင်း၌ ကိုင်ထားခဲ့သော ဖခင်ဖြစ်သူဦးစိန်သော်၏ သေနတ်ဖြင့် နှစ်ချက်ဆင့်၍ ပစ်ခတ်ခဲ့သည်။

မြရည်သန္တာဆိုသည်က ငယ်ရွယ်နုပျိုသော မိန်းမသားတစ်ဦးဖြစ်သည်။

သို့ရာတွင် ဘွဲ့ရပြီး ကျောင်းဆရာမအဖြစ် တာဝန်ထမ်းဆောင်သူ။

ထို့ကြောင့် ဆင်ခြင်တုံတရားရှိနိုင်သည့် အရွယ်ဖြစ်နေသည်။ ဤသို့သော အခြေအနေနှင့် အချက်အလက်များက စဉ်းစားစရာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ညည်သို့ပင်ဆိုစေကာမူ ပဝေမဦးဆုံး အမှုကို ကျူးလွန်ခဲ့သူမှာ ရဲမင်းအောင် ဖြစ်သည်။

ရဲမင်းအောင်က မြရည်သန္တာ တို့အိမ်ကို ညအချိန်မတော် ဖောက် ထွင်း ဝင်ရောက်ခဲ့သည်။

မြရည်သန္တာနှင့် ဖခင်ဖြစ်သော ဦးစိန်သော်တို့က ကာကွယ်ခုခံပိုင်ခွင့် အရ သေနတ်ဖြင့် ပစ်ခဲ့ရပါသည်ဟု ပြောဆိုခဲ့ကြသည်။

ထို့ကြောင့် ကာကွယ်ခုခံပိုင်ခွင့် အတွက် ပြဋ္ဌာန်းထားသော ဥပဒေကို ကြည့်ရမည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀ တွင် ကာကွယ်ခုခံပိုင်ခွင့်ရှိသော အခြေ အနေများကို ပြဋ္ဌာန်းထားသည်။

ကာကွယ်ခုခံပိုင်ခွင့်ရှိသော အခြေ အနေများမှာ အောက်ပါအတိုင်းဖြစ် ကြောင်း တွေ့ရှိရသည်။

ပထမ - မကာကွယ်၊ မခုခံလျှင် သေ ဘေးသို့ရောက်စေနိုင်သော လက်ရောက်မှု၊

ဒုတိယ- မကာကွယ်၊မခုခံလျှင်အပြင်း အထန်နာကျင်စေခြင်းဖြစ်စေ လောက်သောလက်ရောက်မှု၊

တတိယ- မုဒိမ်းကျင့်ရန် အကြံအစည် ဖြင့် ပြုလုပ်သော လက် ရောက်မှု။

စတုတ္ထ - ကာမရာဂစိတ်ကို ဖမ့်တာ အတိုင်းမဟုတ်ဘဲ ဖျော်ရဲ ရန်အကြံဖြင့် ပြုလုပ်မှု။

ပဥ္စမ - လူခိုးရန်၊ သွေးဆောင်ရန် အကြံနှင့် ကျူးလွန်သော လက်ရောက်မှု။

ဆဋ္ဌမ - မတရားချုပ်နှောင်ထားရန် အကြံဖြင့် ကျူးလွန်သော လက်ရောက်မှု။

ထို့ကြောင့် ပြဋ္ဌာန်းထားသော ဥပဒေနှင့်ညီညွတ်၍ အံ့ဝင်ခွင်ကျဖြစ် စေရန် အမှုအားနိုင်မာစွာကြည့်ဆောက် ရမည်။

ဤသည်ကား မြန်မာနိုင်ငံ ရဲတပ် ဖွဲ့ဝင်များ၏ တာဝန်သာတည်း။

မြို့နယ်မှူး ဦးရဲမြင့်၊ စခန်းမှူး ဦးလှအောင်နှင့် နယ်ထိန်းအဖွဲ့ခေါင်း ဆောင် ဒုရဲအုပ်မောင်ညွန့်တို့က မြရည် သန္တာတို့၏ နေအိမ်သို့တစ်ခေါက်ရောက် ရှိလာခဲ့ကြရ ပြန်သည်။

ထိုသို့ရောက်ရှိလာခဲ့ကြရသည်က အိမ်ဖော်ဖြစ်သော မကျော့အားစစ်ဆေး မေးမြန်းရန်အတွက်ဖြစ်သည်။

မြရည်သန္တာတို့၏ အိမ်သို့ရောက် သည့်အခါ အိမ်ဖော်မလေး မကျော့ကို ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သည်။ စစ်ဆေး မေးမြန်းသူက စခန်းမှူးဦးလှအောင်ပင် ဖြစ်သည်။

"မင်း နာမည်က . . ."

"မကျော့ပါရှင်"

"မင်းကို မေးစရာလေးတွေရှိလို့ပါ"

"ဟုတ်ကဲ့ မေးပါရှင်၊ ကျွန်မ သိသမျှ ပြောပါမယ်"

"အိမ်တံခါးကို ဘယ်သူပိတ်သလဲ"

"ကျွန်မ ပိတ်ခဲ့တာပါ။ ညတိုင်းပဲ ကျွန်မသာသေသေချာချာ ပိတ်ခဲ့ပါတယ်ရှင်"

"သေနတ်ကိစ္စကရော၊ မကျော့ သိသလား"

"ဟုတ်ကဲ့ သိပါတယ်ရှင့်၊ ဘဘ ဦးစိန်သော်မှာ သေနတ်ရှိတယ်ဆိုတာ ကို ကျွန်မသိပါတယ်၊ ဘဘ ဟာ သစ်တောအရာရှိ ဘဝကတည်းက သေနတ်ကို ကိုင်ခဲ့တာပါ။ ပင်စင်ယူပြီး တော့လဲ သေနတ်ကိုင်ထားဆဲပါပဲ၊ သေနတ်ကို တိုက်ချွတ်သေးကြောနေ တာကိုလဲ မကြာမကြာ တွေ့မိပါတယ်၊ အဲ ဒါပေမဲ့ ဘဘနဲ့ မေမေကြီးတို့ မန္တလေးကိုသွားကြတော့ ဒီသေနတ်ကို ဘယ်မှာ ထားသွားခဲ့တယ်ဆိုတာ ကို တော့ မကျော့ မသိပါဘူးရှင်"

"သူတို့နှစ်ယောက် ခရီးသွားခဲ့ကြ တော့ အိမ်မှာ ဘယ်သူတွေ ကျန်ခဲ့ သလဲ . . ."

"ဟုတ်ကဲ့ရှင်၊ ဘဘတို့ ခရီးထွက် သွားကြတဲ့အချိန် အိမ်မှာ ကျန်ရစ်ခဲ့ကြ တာက မမလေးမြရည်သန္တာနဲ့ မကျော့ တို့ နှစ်ယောက်ထဲပါ၊ အဲဒီနေ့ညက မအိပ်ခင်မှာ တံခါးတွေကို မကျော့ ပိတ်ခဲ့ပါသေးတယ်၊ စိတ်ချရပြီဆိုတော့ မှဘုရားရှိခိုးပြီး အိပ်ခန်းရှိရာကို မကျော့ သွားခဲ့ပါတယ်"

"အေး . . . နောက်တော့ရော . . ."

"အိပ်ရာထဲ ရောက်သွားခဲ့ပေမဲ့ ချက်ချင်းအိပ်မပျော်သေးလို့ အိပ်ရာထဲ မှာပဲ လှဲနေတဲ့အချိန်မှာ အိမ်ရှေ့က



www.burmeseclassic.com

www.burmeseclassic.com

တချွတ်ချွတ် အသံကိုကြားရလို့ မကျော့က မီးဖိုထဲမှာရှိနေတဲ့ ကြက်သွန်လှီးတဲ့ ဓားကို သွားယူပြီး အိမ်ရှေ့ကို ထွက်ကြည့်ခဲ့ပါတယ်"

"ဒီတော့ ဘာကိုတွေ့ရသလဲ"

"ဘယ်သူ့ကိုမှ မတွေ့ခဲ့ရဘူး။ ဒါကြောင့် မကျော့လဲ အိပ်ရာထဲကိုပြန်ဝင်လာပြီး အိပ်ရာဘေးမှာ လှဲနေခဲ့တယ်။

နောက်တော့ မမကျော့လဲမှေးခနဲ အိပ်ပျော်သွားခဲ့တယ်၊ သေနတ်သံကို ကြားလိုက်ရတဲ့အချိန်မှာ မကျော့လဲ အိပ်ရာကနိုးပြီး ကမန်းကတန်းထွက်ပြီး ကြည့်ခဲ့ပါတယ်"

"ဒီတော့..."

"အပေါ်ထပ်က လှေကားထိပ်မှာ ရပ်နေတဲ့ မမလေးကို တွေ့ရပါတယ်။ သူ့လက်ထဲမှာလဲ သေနတ်ကိုင်ထားတာကို တွေ့ရပါတယ်။ ပြီးတော့ လှေကားအောက်ခြေက ကြမ်းပြင်မှာလဲ လူတစ်ယောက် လဲကျနေတာကို တွေ့ရပါတယ်"

"အဲဒီလူက သူခိုးလား..."

"ဟုတ်မယ် ထင်ပါတယ်"

"နောက်တော့ရော ဘာတွေကို သိသလဲ"

"သူခိုးဝင်လာခဲ့တာကိုလဲ မသိပါ ... ... က သေနတ်နဲ့ ပစ်လိုက် ... စ်လိုက်ဘူးလားဆိုတာကိုလဲ မသိပါဘူး ... ကျော့ နောက်ထပ်ဘာမှ မသိပါဘူးရှင်"

"သေသွားတဲ့လူကိုရော အရင်က မြင်ဖူးသလား"

"ဟင့်အင်း မကျော့ မမြင်ဖူးပါဘူးရှင်"

ထိုနေ့က ထိုမျှလောက်နှင့်ပင် ကျေနပ်၍ တပ်ခေါက်ပြီး ရဲစခန်းသို့ ပြန်လာခဲ့ကြသည်။

လူသားတစ်ဦးသည်...

ဖြစ်သင့် ဖြစ်ထိုက်သည့်ထက် ဆန့်လွန်ကဲလာခဲ့သောအခါ သို့တည်းမဟုတ် ဖြစ်စေချင်သော စိတ်များက မိမိ၏ အသိစိတ်နှင့် အသိတရားကို လွှမ်းမိုး၍ အနိုင်ယူလာသောအခါ အမှားများကို တိုး၍ ကျူးလွန်တတ်ကြပါသည်။

ရဲမင်းအောင်...

မြရည်သန္တာ...

လူသားနှစ်ဦး ။

ရဲမင်းအောင်ဆိုသည်က စန်းပွင့်၍ ရည်းစားများသော စက်မှုတက္ကသိုလ်ကျောင်းသား။

သေဆုံးသည့်နေ့က မြရည်သန္တာ၏ အိမ်သို့ ပည်သည့်အကြောင်းကိစ္စဖြင့် သွားခဲ့သလဲ။

အိမ်အတွင်းကို ကျူးကျော်ဝင်ရောက်ခဲ့သည်။ ပစ္စည်းခိုးရန်မဟုတ်၊ မြရည်သန္တာနှင့်တွေ့ဆုံရန် သွားခဲ့ခြင်းဖြစ်သည်။

မြရည်သန္တာ ဆိုသူက ခွင့်လွှတ် ... တတ်သည်။

... အားတတ်ပါသည်။

သို့ရာတွင် ခံစားမှုတစ်ခုပေါ်တွင် မှု စိတ်ကြီးသည်။ ခံယူချက်ကြီးသည်။

ဆုံးဖြတ်ချက်ချ လျင်မြန်သည်။ ဆုံးဖြတ်ချက် ချခဲ့ပြီးလျှင်လည်း ဖြစ်အောင်လုပ်တတ်သည်။

ရဲမင်းအောင်က သူမကို အကြိမ်ကြိမ်တွေ့ခွင့် တောင်းခဲ့သော်လည်း ခွင့်မပြုရှောင်လွှဲခဲ့သည်။

မျက်နှာများ သူ့ကို အဆက်ဖြတ်ရန် တိကျသော ဆုံးဖြတ်ချက်ချခဲ့သည်။

ညက ကျူးကျော်ဝင်ရောက်လာသူမှာ ရဲမင်းအောင်မှန်း သိလျက် သေနတ်နှင့် ပစ်တာလားဆိုတာကတော့ သူမသာလျှင် သိပေတော့မည်။

ထို့ကြောင့် ဆုံးဖြတ်ချက်များ မှားယွင်းခဲ့ပြီလား ဆိုတာကတော့ တရားဥပဒေ၏ မှန်ကန်စွာ ဆုံးဖြတ်ချက် ချမှတ်ခြင်းကို ခံယူရပါလိမ့်မည်။

မြရည်သန္တာသည် ပြစ်မှုကျူးလွန်ခဲ့စဉ်က သူမ၏ ဖခင်ဦးစိန်သော်၏ သေနတ်ကို အသုံးပြုခဲ့သည်။

သို့ဖြစ်၍ ဦးစိန်သော်သည် လည်း ဥပဒေအရ ရှင်းလင်းရပါလိမ့်မည်။

"အမှားတည်းဟူသော
အမှောင်ကို
အနက်ရောင်ဆိုးခဲ့ကြသည်"
ဟု ဆိုလေ မည်လား။

ခင်မောင်ထွန်း(လမ်းမတော်)



www.burmeseclassic.com

www.burmeseclassic.com

# ကင်းလွတ်ချက် နှင့် ခြွင်းချက်

ပြစ်မှုဆိုင်ရာ ဥပဒေ အခန်း(၄)တွင် ပုဒ်မ(၇၆)မှ (၁၀၆) အထိ ကင်းလွတ်ရမြဲအချက်များကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ပေါင်း(၃၂)ခု ဖြစ်၏။ ထိုပုဒ်မများကို ကဏ္ဍခွဲလျှင် (၇)ခုရှိ သည်။ ပြစ်မှုမကင်းသော အကြံမရှိသည့် ကိစ္စများ၊ မတော်တဆ ဖြစ်ပွားမှုကိစ္စ၊ ကြောင်းခြင်းရာ အယူအဆလွဲမှားသည့်ကိစ္စ သဘောတူညီချက်ဖြင့် ပြုလုပ်သည့်ကိစ္စ၊ သေးနုပ်သော ဘေး အန္တရာယ်ဖြစ်စေသည့်ကိစ္စ၊ ကာကွယ်ခုခံပိုင်ခွင့်အတွက် ပြုလုပ် သည့်ကိစ္စနှင့် အခွင့်အရေးအရ ပြုလုပ်သည့်ကိစ္စတို့ ဖြစ်ပေ သည်။

ပြစ်မှုဆိုင်ရာမှုခင်းများတွင် တရားခံအပြစ်ရှိကြောင်း သက်သေထူပြရန် တာဝန်သည် တရားလိုဘက်၌ အစဉ်တစိုက် ဖြစ်၏။ သို့သော် တရားခံက ၎င်း၏ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပါ ကင်းလွတ်ရမြဲ အချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သည် ဟု ထုချေနိုင်ခွင့်ရှိပေသည်။ ထိုသို့ ထုချေခဲ့သော် ထိုထုချေချက် အား သက်သေထင်ရှားတင်ပြရန် တာဝန်သည် တရားခံဘက် သို့ ပြောင်းသွားပေသည်။ ထိုအချက်နှင့် ပတ်သက်၍ ဥပဒေ ပုဒ်မ-၁၀၅ တွင် ပြဋ္ဌာန်းထား၏။

သက်သေခံဥပဒေပုဒ်မ-၁၀၅ တွင် လူတစ်ဦးသည် ပြစ်မှုတစ်ခုဖြင့် စွဲဆိုခြင်းခံရလျှင် ထိုအမှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပါ အထွေထွေကင်းလွတ်ချက် တစ်ခုခုနှင့်ဖြစ်စေ၊ ပြစ်မှု ဆိုင်ရာဥပဒေ၏ အခြားအပိုင်း၊ ပြစ်မှုသတ်မှတ်သည့် အခြား ဥပဒေပါ အထူးကင်းလွတ်ချက် (သို့မဟုတ်) ခြွင်းချက်တစ်ခုခု ဖြစ်စေ အကျုံးဝင်သည့် အကြောင်းအရာများ တည်ရှိကြောင်း ထင်ရှားအောင် သက်သေပြရန် တာဝန်သည် ထိုသူအပေါ်၌ တည်ရှိသည်။ တရားရုံးမှ ယင်းအကြောင်းအရာများမရှိဟု မှတ် ယူရမည်ဟု ပြဋ္ဌာန်းထားပေသည်။ ဤပြဋ္ဌာန်းချက်အရ အထူး ပြဋ္ဌာန်းချက်တို့နှင့်လည်း ပုဒ်မ-၁၀၅သည် အကျုံးဝင်သက်ဆိုင် ကြောင်း တွေ့ရှိရ၏။

တရားရုံးသည် ကြားနာစစ်ဆေးသည့်အမှုတွင် တရားခံ ဘက်မှ ကင်းလွတ်ချက်နှင့် [illegible] နေပါသည်ဟု တင်ပြခြင်း [illegible]ကာမှ သက်သေ[illegible]ချက်[illegible]အပေါ် ထောက်ရှု၍ ထည့် သွင်းစဉ်းစားရန်လိုသည်ဟု ရှေးကျသော စီရင်ထုံးများတွင် တွေ့ရှိရပေသည်။ ဆိုလိုသည်မှာ တရားရုံးသည် တရားခံ၏ အကျိုးအတွက် တရားမျှတစွာ ဆောင်ရွက်မှုဖြစ်ပေသည်။ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များအရ ကင်းလွတ် ချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်နေပြီး ပြစ်မှုမမြောက်ကြောင်း ပေါ်ပေါက်နေလျှင် စွဲချက်မတင်ဘဲ တရားရှင်လွှတ်ပေးသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၂၅၃ တွင်လည်း တရားလိုနှင့် တရားလိုပြသက်သေများအား စစ်ဆေးပြီးနောက် တရားခံဘက်မှ ဆန့်ကျင်ဘက် သက်သေထွက်ဆိုခြင်း မပြုစေ ကာမူ၊ ပြစ်ဒဏ်စီရင်ရန် အထောက်အထားခိုင်လုံခြင်းမရှိပါက တရားရှင်လွှတ်ရမည်ဟု ပြဋ္ဌာန်းထားပေသည်။ ကင်းလွတ်ချက် အတွင်းကျရောက်ကြောင်း ထင်ရှားရှားပေါ်ပေါက်နေပါက တရားရုံးတော်သည် စွဲချက်တင် ဖြေရှင်းစေသည့် အမိန့်ချမှတ်

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com

မည်မဟုတ်ပေ။

ကင်းလွတ်ချက်နှင့် စပ်လျဉ်းပြီး ကျွန်တော်တို့ အများပြည်သူအကြားတွင် အသိများလှသော အသေရေပျက်မှု၌ ပြဋ္ဌာန်းထားသော အချက်များကိုလည်း ချန်လှပ်ထား၍မရပေ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၅၀၀ ဖြင့် အသရေပျက်မှုကို တရားစွဲဆို၏။ ပုဒ်မ–၄၉၉ တွင် အသရေဖျက်ခြင်းအနက်အဓိပ္ပာယ်ကို ပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မတွင် ရှင်းလင်းချက်နှင့် ကင်းလွတ်ချက်များကိုလည်း ပြဋ္ဌာန်းပေးထားသည်။ ပုဒ်မ–၄၉၉ ၏ ခြွင်းချက် (သို့မဟုတ်)ကင်းလွတ်ချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သက်ဆိုင်ကြောင်း စွဲဆိုခံရသူက ထုချေနိုင်၏။ ထုချေသက်သေထင်ရှားအောင် ပြသရန် တာဝန်သည် စွဲဆိုခံရသူဘက်တွင် ရှိပေသည်။

သက်သေခံဥပဒေအရ စွဲဆိုခံရသူသည် စွဲဆိုသည့်ပြစ်မှုကို ကျူးလွန်ကြောင်း အစဉ်တစိုက် သက်သေထင်ရှားပြရန် တာဝန်ရှိသည်ဟု အထက်တွင် ကျွန်တော်တင်ပြခဲ့ပါသည်။ မည်မျှအထိ တာဝန်ရှိပါသနည်း မေးရန်ရှိ၏။ ရှေးပညာရှင်ကြီးတို့၏ အဆိုအရ သံကြိုးကွင်းဆက်မပြတ် ခိုင်ခိုင်လုံလုံတင်ပြရန် တာဝန်ရှိပေသည်။ ကွင်းဆက်ပြတ်နေသည်ကိုလည်း ထင်ကြေးဖြင့် ဆက်၍မရပေ။ ထင်ထင်ရှားရှား ပေါ်ပေါက်ရန် လိုအပ်၏။ တရားသူကြီး၏ ဥပဒေမျက်စိအမြင်တွင် သံသယကင်းစင်အောင် တရားလိုဘက်မှ သက်သေထူရန်ဆိုခြင်းကို ဆိုလိုပေသည်။ ကင်းလွတ်ချက်(သို့မဟုတ်)ခြွင်းချက်နှင့် သက်ဆိုင်ကြောင်း တရားခံဘက်မှ သက်သေထူပြရာတွင်မူ ထိုသို့မဟုတ်ပေ။

ကျွန်တော်တို့ တရားစီရင်ရေး၏ သင်္ကေတသည် 'ချိန်ခွင်'အမှတ်အသား ဖြစ်ကြောင်း သိသူများပေသည်။ တစ်ဖက်တွင် တရားလိုရှိ၏။ အခြားတစ်ဖက်တွင် တရားခံရှိ၏။ တရားလိုဘက်သို့ ဓားကိုပေးထားသည်။ ထိုးနိုင်သည်။ ခုတ်နိုင်သည်။ ရိုက်နိုင်သည်။ စိတ်ကြိုက်ပြုစေ။ တရားခံဘက်သို့ ဒိုင်းကိုပေးထားသည်။ တရားလိုဘက်၏ ထိုးနှက်ချက်အပေါင်းကို ထိုဒိုင်းဖြင့် ခုခံကာကွယ်စေ၏။ နှစ်ဖက်လုံး ထိုးနှက်ချက်၊ ခုခံချက်တို့ကို ချိန်ခွင်တစ်ဖက်စီသို့ တင်လိုက်သည်။ တရား[illegible]ကြီးသည် ဥပဒေမျက်စိဖြင့် ကြည့်ရှု၏။ ဆင်ခြင်၏။ သုံးသပ်[illegible]ဆုံးဖြတ်၏။ တ[illegible]သူကြီးသည် ဒိုင်လူကြီးမဟုတ်ပေ။ တရားသူကြီးသည် သက်သေခံဥပဒေပုဒ်မ–၁၀၅ အရ တရားခံ[illegible] သက်သေပြရန် တာဝန်အတိုင်းအ[illegible]ကို သိ၏။ တရားလိုဘက်[illegible]က် တာဝန်မကြီး။

စွပ်စွဲ[illegible]သည့်အမှုနှင့် ပတ်သက်၍ ကင်းလွတ်ချက် (သို့မဟုတ်) ခြွင်းချက်နှင့် အကျုံးဝင်သက်ဆိုင်ကြောင်း တရားခံဘက်

အနေဖြင့် တင်ပြရပေသည်။ မည်သို့တင်ပြပါမည်နည်း။ တရားလိုနှင့် သက်သေများ ကြားနာစစ်ဆေးမှုပြုစဉ် ပြန်လှန်မေးမြန်းခြင်းအားဖြင့်လည်း တင်ပြနိုင်ပေသည်။ အမှုစစ်ဆေးသော တရားသူကြီးအနေဖြင့် လက်ခံစဉ်းစားရန် အချက်အလက်များကို ထုတ်ဖော်ပြရပေသည်။ တရားသူကြီး ဒွိဟသံသယဖြစ်လျှင် တရားခံ၏ သက်သေပြရန် တာဝန်ကျေပြီဟု ယူဆနိုင်ပေသည်။

ယနေ့ကာလတွင် ကားဟောင်းများအပ်နှံခြင်း၊ ကားသစ်များတိုးလာခြင်း၊ လမ်းများပေါ်တွင် ကားများပြည့်ကျပ်ခြင်း ဝေဒနာသည် ရန်ကုန်မြို့နေလူထု တိုက်ရိုက်ခံစားနေကြရသည်။ ယာဉ်မောင်းတို့၏ မဆင်မခြင်မောင်းနှင်ကြမှုကိုလည်း အချိန်နှင့်အမျှ ကြောက်ရွံ့နေကြရသေးသည်။ အစ္စလာမ်ဘာသာဝင်တို့သည် အလာရ်ကိုတမ်းတခြင်းဖြစ်လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်တို့သည် ယေရှုသခင်ကို အာရုံပြု၍လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်တို့သည် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို နှလုံးသွင်းရွတ်ပွား၍လည်းကောင်း ရုံးတက်ရုံးဆင်း၊ အလုပ်သွားအလုပ်ပြန်လိုင်းကားများကို အားကိုးကြရပေသည်။ ကားပေါ်မှဆင်းရန်ခြေနင်းခုံပေါ်အရောက် နောက်ကားမှ လျှပ်တစ်ပြက်ဝင်တိုက်မှုကြောင့် အိမ်ပြန်မရောက်ဘဲ ဆေးရုံသို့ရောက်ခဲ့ရသည့် ကားဖာတ်လမ်းတစ်ခုဖြင့် ဆက်လက်တင်ပြလိုပေသည်။

၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်နေ့ ဖြစ်သည်။ နေ့ခင်းအချိန် ဘ/၉၉၁ ဒေဝူးကားကြီးကို မြင့်အောင် မောင်းနှင်သည်။ ပြည်လမ်းအတိုင်း မောင်းနှင်လာရာ ရေကြည်အိုင်မှတ်တိုင်အရောက် ကိုစိုးလွင်မောင်းနှင်သည့် ဏ/၄၅၇၃ (၅၃)လိုင်းကားရပ်ထားသည်ကို နောက်မှဝင်တိုက်သည်။ ကားပေါ်ပါ ခရီးသည်နှစ်ဦး သေဆုံးသည်။ အများအပြား ဒဏ်ရာရသည်။ ယာဉ်မောင်းမြင့်အောင်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၀၄(က)/၂၀၂ အရ တရားစွဲတင်သည်။ မင်္ဂလာဒုံမြို့နယ် တရားရုံးမှ ကြားနာစစ်ဆေးပြီး မြင့်အောင်ကို အမှုမှ အပြီးအပြတ်လွှတ်သည်။

ရှေ့နေရုံးချုပ်မှ မင်္ဂလာဒုံမြို့နယ် တရားရုံး၏ စီရင်ချက်နှင့် အမိန့်ကို ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်သို့ အယူခံမှု တင်သွင်းသည်။ ရှေ့နေရုံးချုပ်မှ အယူခံအကြောင်းပြချက်အဖြစ် အယူခံတရားခံမြင့်အောင် မောင်းနှင်သည့် ဒေဝူးကားသည် ရပ်ထားသော ဒိုင်နာကားကို ဝင်တိုက်သဖြင့် ပေ ၄၀ ခန့်လွင့်ပြီး လူနှစ်ဦးသေဆုံး၍ လူအချို့ဒဏ်ရာရခဲ့ကြောင်း ပေါ်လွင်ပါလျက် အမှုမှ အပြီးအပြတ်လွှတ်ခြင်းမှာ မှားယွင်းပါကြောင်း တင်ပြသည်။ ယာဉ်မောင်းမြင့်အောင်ဘက်မှ ကိုယ်တိုင် လျှောက်လဲ[illegible]ခင်းမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com

တရားရုံးချုပ် တရားသူကြီးသည် မူလရုံးအမှုတွဲ ပေါ် က်ချက်များကို စိစစ်သုံးသပ်၏။ သေဆုံးသူများ၏ ဆေးစာ ကိုလည်း ကြည့်၏။ တရားခံမောင်းနှင်သည့် ဒေဝူးကားက သည့်တင် အမှတ်(၅၃)လိုင်းကားကို တိုက်မိသောကြောင့် ဦးသေ၊ (၇)ဦးဒဏ်ရာရခဲ့သည်မှာ အငြင်းမပွား။

မူလရုံးက တရားခံမောင်းနှင်သော ဒေဝူးကားသည် ပိတ်၍ အိမ်ပြန်ခြင်းဖြစ်သောကြောင့် မှတ်တိုင်၌ ရပ်ရန် ကြောင်းမရှိဟု မြင်သည်။ ရပ်တန့်ရန်အကြောင်းမရှိ၍ မှတ် င်အနီးဖြစ်သော်လည်း အရှိန်လျှော့ရန်မလိုဟု သုံးသပ်၏။ င်မခြင်မောင်းနှင်ခဲ့မည်ဆိုသော် ရှေ့မှကား၏ အလယ်တည့် ည့် ဝင်တိုက်နိုင်ဖွယ်ရှိ၏။ ဒိုင်နာကားက ကျော်တက်ပြီး တ်မလပ် ရုတ်တရက် ရပ်လိုက်စဉ် တရားခံအနေဖြင့် ဉာဏ် ရှိသရွေ့ ရှောင်တိမ်းသောကြောင့်သာ ရှေ့ကား၏ ဝဲအစွန်ကို သွားခြင်းဖြစ်သည်။ ကားအရွယ်အစားချင်း မမျှတမှုကြောင့် ကားမှာ လမ်းဘေးသို့ ပေ ၄၀ ခန့် ဆင်းသွားခြင်းဖြစ်သည်။ မှုဆိုင်ရာ ဥပဒေပုဒ်မ–၈၀ အရ ကင်းလွတ်ခွင့်ရသင့်သည် သုံးသပ်ကာ မူလရုံးတရားခံကို မူလရုံးမှ လွှတ်ခဲ့ခြင်းဖြစ်ပေ သည်။

တရားရုံးချုပ် တရားသူကြီးက ပုဒ်မ–၈၀ နှင့် အကျုံး င်ရန် အယူခံတရားခံ၏ ပြုလုပ်မှုသည် ဥပဒေနှင့် မဆန့်ကျင် ဲ ဥပဒေနှင့်ညီညွတ်သော အပြုအမူနည်းလမ်းအတိုင်း သတိ ကောင်းစွာထား၍ ပြုလုပ်ခဲ့ခြင်း ရှိရမည်ဖြစ်သည်။ အိမ်အပြန် ၍ ကားမှတ်တိုင်၌ ရပ်တန့်ရန်မလိုသည်မှန်သော်လည်း အရှိန် ၍မောင်းနှင်ရန် မလိုအပ်ဟူသော မူလရုံး၏ သုံးသပ်ချက် အရှိန်ပြင်းစွာမောင်းကလည်း မောင်းခွင့်ရှိသည့်သဘောဖြစ် ယာဉ်တိုက်မှုဖြစ်က ကင်းလွတ်ခွင့်ရသည့်ပမာ သုံးသပ်ရာ က်သဖြင့် လက်မခံနိုင်။ တရားရုံးချုပ်တရားသူကြီးက ကိုယ် ကားများနှင့် ဥပမာပေး၏။ ကိုယ်ပိုင်ကားများသည် ခရီးသည် င်ကား မဟုတ်သောကြောင့် မည်သည့်လမ်းစည်းကမ်း။ ယာဉ် ည်းကမ်းကိုမျှ မလိုက်နာဘဲ စိတ်ထင်တိုင်းမောင်းနှင်ခွင့်မရှိပေ။

ဒေဝူးကား၏ အရှိန်ကြောင့် အတိုက်ခံရသော ဒိုင်နာ ကားသည် စတင်တိုက်မိသည့်နေရာမှ ၄၆ ပေအကွာရှိ ရေကြည် မှတ်တိုင် အဆောက်အအုံကို ဝင်တိုက်သည်။ ရပ်တန့်ခြင်း သေးဘဲ နောက်ထပ် ၁၁ ပေအကွာသို့ ရောက်သွားခဲ့သည်။ ကားမောင်းသူသည် မဆင်မခြင် အရမ်းမောင်းနှင်ကြောင်း ငြင်းပွားဖွယ်မရှိ။

ဤအမှုတွင် ထူးထူးခြားခြား အမှတ်(၅၃) ယာဉ်လိုင်း မောင်းသူ ကိုစိုးလွင်အား လိပ်စာ၌ ရှာမတွေ့သဖြင့် စစ် ဆေးခြင်းမရှိပေ။ မစစ်ဆေးခဲ့ရသူ ကိုစိုးလွင်၏ ပေါ့လျော့မှု ကြောင့်ဟု တစ်ဖက်သတ်ဆိုခြင်းမှာလည်း မသင့်လျော်ဟု သုံး သပ်၏။

ကျွန်တော်တို့ ဥပဒေဘာသာတွဲတွင် ပထမနှစ်၌ ယုတ္တိ ဗေဒဘာသာ သင်ရ၏။ 'ယုတ္တိ'သည် ပါဠိဘာသာစကား ဖြစ် သည်။ လက်ခံယုံကြည်နိုင်လောက်သည့် အထောက်အထား အကြောင်းအချက်ဟု အနက်ထွက်ပေသည်။ တွေးတောဆင်ခြင် မှု ပညာရပ်ဟုဆိုရပေမည်။ ကျွန်တော်တို့ လုပ်ငန်းခွင်ထဲသို့ ရောက်သောအခါ ထိုပညာ၏သတ္တိကို ကောင်းစွာ သိခဲ့ရပေ သည်။ သဘာဝယုတ္တိ ရှိ/မရှိ ဆင်ခြင်ရပေသည်။ ယခု ကျွန် တော်တင်ပြနေသည့် အမှုတွင်လည်း ဒေဝူးယာဉ်မောင်း၏ ထွက် ချက်၌ အမှတ်(၅၃)ယာဉ်လိုင်းကားက ကျော်တက်ပြီး ယာဘက် သို့ဖြတ်ဝင်ကာ သုံးလေးပေအကွာတွင် ရုတ်တရက်ရပ်လိုက် သည် ဆိုခြင်းမှာ ယုတ္တိမတန်ပေ။ ယာဉ်မောင်းသူတိုင်း အရှိန် ပြင်းစွာမောင်းလာသည့် ရှေ့မှရပ်လျှင် အတိုက်ခံရမည်ကို သိကြ မည်ဖြစ်ပေသည်။ ဒေဝူးယာဉ်မောင်းက တစ်ဖက်ယာဉ်မောင်း၏ ပေါ့လျော့မှုကြောင့်ဟု အပြစ်ပုံချခဲ့သည်။ မူလရုံး၏ အမြင်နှင့် တရားရုံးချုပ်၏ အယူအဆ မတူကွဲပြားသည်။

မူလရုံးက တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ– ၈၀ အရ ကင်းလွတ်ချက်ဖြင့် အမှုမှ လွှတ်ခဲ့ခြင်းအား ပယ်ဖျက် သည်။

ကျွန်တော်သည် စာစုခေါင်းစည်းကို **"ကင်းလွတ်ချက် နှင့် ခြွင်းချက်"**ဟုပေးပြီး ကင်းလွတ်ခွင့်မရသည့် မှုခင်းဇာတ် လမ်းကို တင်ပြခဲ့ပါသည်။ ကင်းလွတ်ချက်တောင်းခံရာ၌ ယုတ္တိ တန်စွာရှိဖို့လည်း လိုအပ်လှသည်။ နောင်အလျဉ်းသင့်သည့် အခါ၌ ကင်းလွတ်ခွင့်ရခဲ့သော မှုခင်းဇာတ်လမ်းကို တင်ပြနိုင်ရန် ကြိုးစားရပေဦးမည်။

**ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)**


<u>ကိုးကား</u>

- ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ
- သက်သေခံဥပဒေပုဒ်မ–၁၀၅
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မြင့်အောင် (၁၉၉၅ မတစ ၉၈)
- ဒေါ်ချစ်မယ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (၁၉၇၁ မတစ ၄၆)




www.burmeseclassic.com

www.burmeseclassic.com

# ၄၄ နှစ်ကြာသည့်တိုင် မဖော်ထုတ်နိုင်သော ငွေများကို အေးအေးပြတိုက်မှု



၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ၏ မိုးရွာနေသော နေ့တစ်နေ့။ တိုကျိုမြို့၏ လမ်းတစ်လမ်းပေါ်တွင် တိုကျိုဘဏ်တိုက်တစ်တိုက်မှ ငွေများတင်လာသော ကားတစ်စီးသည် ခပ်မှန်မှန်သွားနေ၏။ ထိုအခိုက် ရဲမော်တော်ဆိုင်ကယ်တစ်စီးသည် ထိုကားရှေ့သို့ရောက်အောင် ကျော်တက်ပြီး ကားကိုရပ်နိုင်းလိုက်သည်။ ရဲမော်တော်ဆိုင်ကယ်ပေါ်မှ ရဲဝတ်စုံဝတ်ထားသူသည် ဆိုင်ကယ်ပေါ်မှ ခပ်သွက်သွက်ဆင်းလာပြီး ဘဏ်ကားပေါ်မှ လူများအား ကားပေါ်က မြန်မြန်ဆင်း။ ကားအောက်ပိုင်းမှာ ပေါက်ကွဲဗုံးရှိတယ်လို့ ငါသတင်းရထားတယ်ဟု ခပ်သွက်သွက်ပြောလိုက်ရာ ကားမောင်းသူအပါအဝင် ကားပေါ်မှ လူလေးယောက်သည် ကားပေါ်မှဆင်းလိုက်ကြသည်။

ထိုအခိုက် ရဲသားသည် ကားအောက်သို့ တွားဝင်လိုက်သည်။ ခဏအကြာတွင် ကားအောက်ပိုင်းမှ မီးခိုးငွေ့များ အလုံးလိုက်ထွက်လာရာ ကားအောက်မှ ရဲဝတ်စုံဝတ်ထားသူသည် ထွက်လာပြီး "ဟေ့လူတွေ၊ ပြေးကြပြေးကြ။ မြန်မြန်ထွက်ပြေးကြ။ ဗုံးပေါက်ကွဲတော့မယ်" ဟုပြောရာ ဘဏ်ကားပေါ်မှ ဆင်းလာသူ လူလေးယောက်သည် ဘဏ်ကားနှင့် ဝေးရာသို့ ထွက်ပြေးသွားကြ၏။ ကားတစ်ဝိုက်တွင် မီးခိုးငွေ့များဖုံးနေရာ ရဲဝတ်စုံဝတ်ထားသူသည် ဘဏ်ကားပေါ်တက်၍ ငွေပါသောကားကို မောင်းပြီး ထွက်သွားလေတော့သည်။ ဘဏ်ကားပေါ်၌ ဂျပန်နိုင်ငံသုံးယန်းငွေ သန်း ၃၀၀ ပါသွား၏။

လူဆိုးသည် (တစ်ကိုယ်တော်လူဆိုးသည်) ရဲအယောင်ဆောင်၍ ဘဏ်ငွေများကို အေးအေးပြတိုက်သွားခြင်းဖြစ်၏။

ဂျပန်နိုင်ငံသမိုင်းသည် ဤဖြစ်ရပ်မျိုး ရှေးက မပေါ်ပေါက်ခဲ့ဖူးပေ။ ရဲတို့သည် ငွေများစွာသုံး၍ ထိုအမှုပေါ်ရေးတရားခံကို ဖမ်းမိရေးကို အစွမ်းကုန်ကြိုးစားကြ၏။ ရဲစုံထောက် ရာပေါင်းများစွာသည် ထိုလူဆိုးကို ရုပ်ပုံတော်ဖွင့်ကြ၏။ လူပေါင်းတစ်သိန်းကျော်ကို စုံစမ်းမေးမြန်းသမှု ပြုခဲ့ကြ၏။ နှစ်ပေါင်း ၄၄ နှစ်ကြာလာသည့်တိုင် ထိုအေးအေးပြမှုကို မဖော်ထုတ်နိုင်သေး။ ဂျပန်လူထုကလည်း [ ]
ဖြစ်ရပ်ကို စိတ်ဝင်စားနေဆဲ။

ရဲအယောင်ဆောင်သူ စီးလာ[ ]
သော ယာမာဟာ မော်တော်ဆိုင်ကယ်[ ]
မှာလည်း အခိုးခံထားရသော မော်တော်[ ]
ဆိုင်ကယ်ဖြစ်ပြီး ရဲသုံးမော်တော်ဆိုင်ကယ်[ ]
နှင့်တူအောင် ဆေးမှုတ်ထား၏။

အဆိုပါ အေးအေးပြသည့် ခိုးထား[ ]
သော တိုယိုတာကားပေါ်သို့ ငွေများကို[ ]
ရွှေ့ပြောင်းပုံရ၏။ ထို့ကြောင့် ဘဏ်ကား[ ]
ကိုသာ လိုက်ရှာနေသော ရဲစုံထောက်[ ]
များသည် လမ်းစပျောက်သွားခြင်း ဖြစ်[ ]
အထက်ဖော်ပြပါ မော်တော်ကားဖြစ်[ ]
သော တိုယိုတာကားကို နောက်လေး[ ]
အကြာတွင် တိုကျိုမြို့စွန် တစ်နေရာ[ ]
၌ စွန့်ပစ်ထားသည်ကို ရဲတို့က တွေ့ခဲ့ကြ[ ]
၏။ ၎င်းတိုယိုတာကားပေါ်တွင် ဘဏ်[ ]
တိုက်ငွေထည့်သေတ္တာများကို ရဲတို့တွေ့[ ]
ကြရ၏။

ရဲစုံထောက်တို့သည် မော်တော်[ ]
ဆိုင်ကယ်စီးရဲဝန်ထမ်းတစ်ယောက်[ ]
အသက် ၁၉ နှစ်အရွယ် လူငယ်တစ်[ ]





www.burmeseclassic.com

www.burmeseclassic.com

ယောက်ကို သံသယရှိနေစဉ် ထိုလူရွယ်သည် အထက်ပါ အေးမားပြမှုဖြစ်အပြီး ငါးရက်အကြာ၌ မည်သည့်အကြောင်းကြောင့်မသိ၊ အဆိပ်သောက်ပြီး သူ့ကိုယ်သူ သတ်သေသွား၏။

ထိုလူရွယ်၏ ဖခင်က သူ့သားသည် အထက်ပါအေးမားပြမှုနှင့် လုံးဝမပတ်သက်ပါဘူးဟု အခိုင်အမာပြောဆိုသည်။

ရဲတို့သည် ဘဏ်ကားပေါ်ပါသူ ဘဏ်ဝန်ထမ်းများ၏ ပြောဆိုချက် မျက်နှာပုံပန်းသဏ္ဌာန်ကို ပုံတူကူးဆွဲထားကြ၏။ ရဲတို့ရေးဆွဲထားသော အေးမားပြ၏ ခန့်မှန်းပုံ ရုပ်ပုံနှင့်တူသော အသက် ၂၆ နှစ်အရွယ် ကနေဒါသံရုံးမှ ဒရိုင်ဘာတစ်ယောက်ကို အထက်ပါဖြစ်ရပ်ဖြစ်ပြီး တစ်နှစ်အကြာ၌ ရဲစုံထောက်တို့က ခေါ်ယူစစ်ဆေးကြရာ ထိုယာဉ်မောင်းက အဆိုပါဖြစ်ရပ်နေ့၌ သူမည်သည့်နေရာ၌ ရှိသည်ကို သက်သေများနှင့် အခိုင်အမာပြောပြနိုင်သောကြောင့် ရဲတို့သည် ထိုသူကို ပြန်လွှတ်လိုက်ကြရ၏။

ရဲတို့ ယနေ့ထက်တိုင် တရားခံကို မဖော်ထုတ်ပေးနိုင်သေးသော အေးမားပြမှုကို ဂျပန်နိုင်ငံတွင် ကာတွန်း၊ ပြဇာတ်၊ ရုပ်ရှင်များနှင့် ဝတ္ထုစာအုပ်များ၌ ရေးသားဖွဲ့သီလျက် ရှိကြ၏။

ဂျပန်ရဲဌာနချုပ်ကလည်း ထိုအမှုကို ယနေ့ထက်တိုင် ဖွင့်ထားဆဲ၊ ထောက်လှမ်းနေဆဲ ဖြစ်၏။

မြသိန်း

*Ref:- Star, 10.12.2012*

## ရုရှားအကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့က စစ်သွေးကြွများကို ချေမှုန်း



ရုရှားနိုင်ငံမြောက်ပိုင်း ကော့ကေးဆပ်ဒေသတွင် ရုရှားအော်သိုဒေါ့စ်၏ ခရစ်စမတ်ကာလ အားလပ်ရက်ပွဲတော်ကို ဖေါက်ခွဲဖျက်ဆီးရန် ကြံစည်သော အကြမ်းဖက်သမားတစ်စုကို အချိန်မီ တားဆီးနိုင်ခဲ့ကြောင်း ဇ ၁ ၁၂ အင်တာနက်က ဆိုသည်။

ရုရှားနိုင်ငံ၊ ကဘာဒီနိုဘယ်ကာရီ ဒေသတွင် မသင်္ကာဖွယ် ကားတစ်စီးကို အမျိုးသားအကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ရပ်တန့်စစ်ဆေးရန် ကြိုးစားစဉ် ထိုဗင်ကားသည် ရပ်တန့်ခြင်းမရှိဘဲ သေနတ်ဖြင့် စတင်ပစ်ခတ်ရာမှ တပ်ဖွဲ့ဝင်တို့နှင့် တိုက်ပွဲဖြစ်ကာ အကြမ်းဖက်စစ်သွေးကြွ သုံးဦး သေဆုံးကာ ဗင်ကားလည်း မီးလောင်ခဲ့သည်။ ကားအတွင်းမှ ဖောက်ခွဲရေးပစ္စည်းများ၊ ခဲယမ်းမီးကျောက်များနှင့် သေနတ်များ သိမ်းဆီးရမိသည်။ ၎င်းစစ်သွေးကြွတို့သည် ရုရှား အော်သိုဒေါ့စ်ကျောင်းတော်၏ ခရစ်စမတ်ပွဲကို ဖောက်ခွဲဖျက်ဆီးရန် ကြံစည်လာရောက်ကြခြင်း ဖြစ်သည်။ အလားတူ ရုရှားမြောက်ပိုင်း ကော့ကေးဆပ်ဒေသတွင် ရဲတပ်ဖွဲ့ဝင်များနှင့် ချီချင်ရာသူပုန်တို့ လမ်းပေါ်တွင် တိုက်ပွဲဖြစ်ပွားခြင်းသည် စစ်ဆေးရေးဂိတ်အနီး ဖြစ်ပွားခဲ့သည်။ မြောက်ကော့ကေးဆပ်ဒေသတွင် လူမျိုးစုများနေထိုင်ကြပြီး တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် သမ္မတအဖြစ်တာဝန်ထမ်းသော ပူတင်က ငြိမ်းချမ်းရေး/ ဘာသာရေး ဖြစ်လာအောင် ကြိုးပမ်းနေသည်။

ညိုမင်းလွင်(မော်ကျွန်း)

*Ref:- Internet News*



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ခြေနှစ်ဖက်ပြတ် လေသူရဲ

ပဥ္စလက်

**နောင်** တစ်ချိန် ကမ္ဘာကျော်လေသူရဲဖြစ်လာမည့် 'ဒေါက်တာဂလပ်စ်ဘေဒါ' ဆိုသည့် အင်္ဂလိပ်လူငယ်လေးကား လူမှန်းသိတတ်စအရွယ်ကပင် စွန့်လွှတ်စွန့်စားလိုသော စိတ်ဓာတ်ပြည့်ဝသူဖြစ်လျက် ထူးချွန်သောလေသူရဲတစ်ဦးဖြစ်ရန် ရည်မှန်းထားသူဖြစ်၏။ သူ၏ ရည်မှန်းချက်အတိုင်း အသက် ၁၉ နှစ်သို့ ရောက်သောအခါ ဘေဒါသည် အင်္ဂလန်ပြည် ကရန်းဝဲလ်မြို့ရှိ လေတပ်မတော် လေသူရဲလောင်းများအတတ်သင်ကျောင်းတွင် လေသူရဲသင်တန်းတက်ရောက်ခွင့် ရရှိတော့၏။ ကျောင်းသားဘဝကပင် လက်ဝှေ့၊ ဘောလုံးနှင့် အခြားအားကစားများကို အဆင့်မီမီကစားနိုင်သည့် အားကစားသမားတစ်ဦးပီပီ ယခုလေယာဉ်မောင်းသင်တန်းတွင်လည်း သူရသတ္တိပြည့်ဝစွာနှင့် အဆင့်မီမီသင်တန်းတက်ရောက်နိုင်သည့် လေသူရဲလောင်းတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ဘေဒါသည် လေသူရဲလောင်းဘဝကပင် ဇာတိပြ၏။ သူတစ်ပါးမလုပ်ဝံ့၊ မလုပ်ရဲသော အလုပ်မျိုးကို လုပ်တတ်၏။ ထို့ကြောင့် သင်တန်းဆရာများက. .

"ဒီကောင်လေးကတော့ သေရင်သေ၊ မသေရင် နာမည်ကြီးမယ့်ကောင်ပဲ"

ဟု အချင်းချင်း တီးတိုးပြောရသော အခြေအနေသို့ ရောက်ခဲ့၏။

သူ့အား အတိုက်အခံပြောလာသူများကို အရှုံးမပေး။ စကားအရာဖြင့်လည်းကောင်း၊ လက်တွေ့လုပ်ပြ၍လည်းကောင်း ချက်ချင်းတုံ့ပြန်တတ်၏။ ဘေဒါ၏အဆိုးရွားဆုံးသောဉာဉ်ကား မလုပ်ရဲဆိုသည်မှာ သူ့ဘဝတွင်မရှိ၊ ဘာမဆိုလုပ်ကို လုပ်ရဲသည်ဆိုသည်ကို လက်တွေ့ပြခြင်းပင်တည်း။ မလေသူရဲလောင်းသင်တန်းသားများအဖို့ကား လေယာဉ်ကို မောင်းနှင်ရာတွင် စည်းကမ်းများ တင်းကျပ်ထား၏။ ဥပမာ. . သတ်မှတ်ထားသည့်ပေထက် နိမ့်၍မပျံရ။ လေယာဉ်ကို ကျွမ်းမထိုးရ စသည့် စည်းကမ်းများ ဖြစ်၏။

ထိုသို့ စည်းကမ်းကြပ်မတ်ထားခြင်းမှာ အမောင်းသင်စလေသူရဲများအနေဖြင့် လေယာဉ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ မကိုင်နိုင်သေးသောကြောင့် ဖြစ်၏။ သာမန်ဆိုသော် ဘေဒါသည် ထိုစည်းကမ်းများကို လိုက်နာ၏။ သို့သော် တစ်စုံတစ်ယောက်က ရှိသဲ့သဲ့ဖြင့်. .

"မင်း ဒီလောက်နိမ့်နိမ့် မပျံရဲပါဘူးကွာ"

ဟု ဆိုလိုက်သည်နှင့် ပြောသည်ထက်နိမ့်၍ လေယာဉ်ကို ပျံပြတတ်၏။ ထို့ကြောင့် ဘေဒါသည် လေသူရဲလောင်း ဘဝကပင် လေတပ်ကျောင်းစည်းကမ်းများကို မကြာခဏ ချိုးဖောက်သူအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရ၏။

လေသူရဲသင်တန်းများ ပြီးဆုံးသွားသောအခါ ဘေဒါသည် မှတ်တမ်းဝင်လေကြောင်းအရာရှိလေးအဖြစ် တိုက်လေယာဉ်အုပ်စုတွင် ပါဝင်အမှုထမ်းရ၏။ မကြာမီပင် ဘေဒါသည် နာမည်ကြီးလာတော့၏။ အကြောင်းကား ဘေဒါသည် အလွန်နိမ့်သောနေရာများတွင် လေယာဉ်ကို ကျွမ်းအမျိုးမျိုး ထိုး ပြတတ်သောကြောင့် ဖြစ်လေ၏။

၁၉၃၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက်နေ့ အသက်(၂၁)နှစ် လေသူရဲပေါက်စ ဘေဒါသည် သူ၏သူငယ်ချင်းများရှိရာ ရီဒင်းမြို့ ဝူဒလေယာဉ်ကွင်းသို့ လေယာဉ်ဖြင့် အလည်အပတ် ရောက်ရှိလာလေ၏။ လူစွမ်းကောင်းအဖြစ် နာမည်ကြီးနေသော ဘေဒါအား သူငယ်ချင်း လေတပ်သားတစ်ယောက်က စွန့်စားခန်းတစ်ခုလုပ်ပြရန် တိုက်တွန်းလေ၏။ စွန့်စားရမည့်ကား လေထဲမှ ကွင်းသို့ အဆင်းတွင် လေယာဉ်ကို ဘေးတိုက်တစ်ပတ်လှည့်ပြီး မှ မြေပြင်သို့ ဆင်းရန်ဖြစ်၏။

ဤနည်းမှာ အလွန်နိမ့်သောနေရာတွင် ပြုလုပ်ရမည်ဖြစ်သဖြင့် အသက်အန္တရာယ်နှင့် နီးကပ်သော စွန့်စားခန်းတစ်ခုဖြစ်၏။ လေတပ်မတော်မှလည်း ဤနည်းကို မည်သူမျှ မပြုလုပ်ရဟု လေသူရဲအားလုံးနှင့် တပ်စခန်းအသီးသီးသို့ ကျပ်တည်းစွာတားမြစ်ထား၏။

ပထမတော့ ဘေဒါက ငြင်း၏။ အဘယ်ကြောင့်ဆိုသော် သူမောင်းနှင်လာသည့် လေယာဉ်မှာ 'ခွေးဘီလူး' လေယာဉ်ဖြစ်ပြီး မောင်းနှင်နေကျ တိုက်လေယာဉ်ထက် လေးခြင်း၊ အကွေ့အပတ်နှေးခြင်းကြောင့် ဘေဒါက မလုပ်ပါရစေနှင့်ဟု ငြင်းလိုက်ရာ လေတပ်သားက. .

"ဒါဆို ခင်ဗျား မလုပ်ရဲလို့ပေါ့ဗျာ"

ဟု ပြောလိုက်သဖြင့် ဘေဒါသည် မခံချင်စိတ်ဖြစ်ပေါ်လာပြီး လုပ်ပြရန်လက်ခံလိုက်၏။ မကြာမီ ဘေဒါသည် လေယာဉ်အား မောင်းနှင်ပြီး ကောင်းကင်သို့ ပျံတက်ကာ အဆင်း၌ မြေပြင်အနီးသို့ ရောက်သည်နှင့် လေယာဉ်ကို ဘေးတိုက်တစ်ပတ်လှိမ့်လိုက်ရာ လေးလံသောလေယာဉ်မှာ သူထင်ထားသကဲ့သို့လည်မသွားဘဲ တစောင်းနိမ့်ကျသွားကာ လက်ဝဲဘက်လေယာဉ်တောင်ပံအစွန်းသည် မြေကြီးနှင့် ဝင်၍ တိုက်မိကာ ခေါင်းပိုင်းသည် မြေကြီးကို ထိုးစိုက်တော့၏။

လေယာဉ်မှာ တောင်ပံကျိုးလျက် စက်ခေါင်းလည်း ပေါက်ကွဲသွား၏။ ထိုအဖြစ်အပျက်ကြောင့် 'ခွေးဘီလူး' လေယာဉ်မှာ ကြေမွတွန့်လိမ်ပျက်စီးသွားတော့၏။ ဘေဒါကား ကိုယ်သိုင်းကြိုးများချည်နှောင်ထားသည့်အတွက် လွင့်စင်၍ မကျသော်လည်း သတိလက်လွတ်ဖြစ်သွားလေ၏။ သတိပြန်လည်ရရှိလာသောအခါ မိမိပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်ကိုသတိပြုမိ၏။ ဦးခေါင်းမှာ တစစ်စစ်ကိုက်နေပြီး သူ၏ခြေထောက်များ၏ အနေအထားမှာ ကိုးယိုးကားယားဖြစ်နေသည်ကို သတိထားမိပြန်၏။ လက်ဝဲဘက်ခြေထောက်မှာ ပြုတ်ထွက်နေသည့် ထိုင်ခုံအောက်သို့ ရောက်ရှိနေပြီး လက်ျာခြေထောက်သည် [illegible] ထိုင်နေသည့်အခန်းငယ် [illegible]လေး



www.burmeseclassic.com

www.burmeseclassic.com

၏ယောင့်တွင် တန်းတန်းကြီး ဖြစ်နေလေ၏။

အဖြူရောင်ဘောင်းဘီ အောက်ပိုင်းမှာ စုတ်ပြတ်လျက် သွေးများစွန်းပေလျက်ရှိ၏။ ဘောင်းဘီဒူးခေါင်းနေရာတွင် ကျိုးသွားသည့် ခြေထောက်မှ အရိုးက ငေါ်ထွက်နေ၏။

"ဟ. . ဟယ်ဆန်းပါက လား"

ဟု ရွတ်ဆိုမိကာ ခြေထောက်ကျိုးသွားသည်ကို သိလိုက်ရသောအခါ. .

"ဒုက္ခပါပဲ. . ။ ခနနေ့ ကျရင်တော့ ဘောလုံးမကစားရတော့ပါကလား"

သို့ဖြင့် ဘေဒါသည် မြို့ပြ ဘက်ဆိုင်ရာဆေးရုံသို့ ပို့ရောက်ရှိခဲ့၏။ ကြေမွ၍ ပြတ်လုနီးဖြစ်နေသည့် ညာဘက်ခြေထောက်ကို ဒူးအထက်မှ ဖြတ်တောက်လိုက်ရ၏။ နောက်နှစ်ရက်သုံးရက်ကြာသောအခါ လက်ဝဲခြေထောက်သည် ရိုးတွင်းချဉ်ဆိုပ်လာသဖြင့် ဒူးအောက် ခြောက်လက်မခန့်အကွာမှ ဖြတ်ပစ်လိုက်ရပြန်၏။ ဤနည်းဖြင့် ဘေဒါ၏ ခြေထောက်နှစ်ဖက်မှာ ဆုံးရှုံးခဲ့ရတော့၏။

ဒဏ်ရာပြင်းလွန်းသဖြင့် ဘေဒါသည် နှစ်ရက်တိုင် သတိရတစ်ချက်၊ မရတစ်ချက် ဖြစ်နေလေ၏။ သူ၏စိတ်အစဉ်သည် တိမ်တိုက်တစ်ခုအတွင်း လွင့်မျောနေစဉ် အမျိုးသမီးတစ်ယောက်၏အသံကို ရုတ်တရက် ကြားလိုက်ရ၏။

"မဆူကြပါနဲ့ရှင်။ ဒီအခန်းထဲမှာ လေသူရဲလေးတစ်ယောက် သေလုမျောပါးဖြစ်နေပါတယ်"

ထိုအသံကို ကြားလိုက်ရသဖြင့် ဘေဒါသည် ထိတ်လန့်သွားကာ. .

'ဟ. . ငါသေလို့ဘယ်ဖြစ်မလဲ။ ဘာလို့သေရမှာလဲ'

ဟူသည့်အတွေးက ဘေဒါ၏ခေါင်းထဲတွင် လျှပ်စစ်မီးလက်သကဲ့သို့ လင်းလက်သွား၏။ သတိမလစ်တလစ်ဖြစ်နေနိုက် သူသေမည်ဆိုသည့်စကားကို ကြားလိုက်ရသည့်အတွက် မခံချင်စိတ်များ ဟုန်းဟုန်းပေါ်ပေါက်လာကာ သတိမလစ်အောင် စိတ်ကိုထိန်းရင်း မူလအခြေအနေသို့ ရောက်ရှိလာခဲ့၏။ ထိုအခါ ဖြတ်ထားသောခြေထောက်မှဒဏ်ရာသည် ဆူရှူနာ နိုပ်စက်တော့၏။

သို့သော် ဘေဒါသည် ဝေဒနာကိုကြိတ်မှိတ်ခံစားရင်း သူ့ကိုယ်သူ အားပေးလိုက်၏။

"ငါ ဘယ်မှာသေလို့လဲ။ သေကို မသေရဘူး"

ထို့နောက် ဘေဒါသည် အများထင်သကဲ့သို့ အသက်ဆုံးရှုံးခြင်းမရှိဘဲ တဖြည်းဖြည်း ကျန်းမာလာလေ၏။ ဆရာဝန်များအဖို့ ဘေဒါအပေါ် ခြေနှစ်ဖက်ဆုံးရှုံးရသဖြင့် အထူးပင် စိတ်မကောင်းကြ။

ဘေဒါကမူ သူ၏အခြေအနေကို သိပြီးသည့်အချိန်မှစ၍ သာမန်လူတစ်ယောက်ကဲ့သို့ လမ်းလျှောက်နိုင်ရမည်ဟု သန္နိဋ္ဌာန်ချထားလေ၏။ လေယာဉ်ပျက်ပြီး သီတင်း(၆) ပတ်ကြာသည့်အချိန်တွင် ဝဲဘက်ခြေထောက်ကို ခြေတုတစ်ဆင်ပေး၏။ ထိုခြေတုနှင့်တွဲကာ ချိုင်းထောက်များ အသုံးပြု၍ သွားလာနိုင်စေ၏။ ထိုသို့ လမ်းလျှောက်နိုင်ရန် ဘေဒါသည် သုံးရက်တိုင်အောင် လေ့ကျင့်ရ၏။

ထိုခြေတုမှာ ယာယီသာဖြစ်ပြီး ချိုင်းထောက်မသုံးဘဲ သာမန်လူတစ်ယောက်ကဲ့သို့ လမ်းလျှောက်နိုင်သော ခေတ်မီခြေတုများ တပ်ဆင်ပေးရန် စီစဉ်လျက်ရှိ၍ ဖြတ်ထားသောနေရာများမှ အနာရွတ်များသည် အသားမှုန်နှင့်ကြွက်သားများကို ရှုံ့ဝင်စေလေရာ အရိုးများသည် ခြေထောက်ငုံးတိနေရာများမှ အပြင်သို့ထွက်လာသကဲ့သို့ဖြစ်လာသဖြင့် ထွက်လာသော ခြေထောက်ရိုးများကို ထပ်မံဖြတ်တောက်ရလေ၏။ ဘေဒါအား ထိုသို့တစ်မံဖြတ်တောက်မှုကို ဝမ်းမြောက်စွာလက်ခံကာ ပြင်းပြသော ဝေဒနာကိုကြိတ်မှိတ်ခံစားရင်း ဒိပ်ရာထဲတွင် သီတင်းပတ်များစွာ ထပ်မံနေရပြန်လေ၏။

ဒိပ်ရာထဲတွင် ဝေဒနာကို ခံစားရင်း ခြေတုများတပ်ဆင်ပြီးပါက ဘောလုံးမကစားနိုင်တော့သော်လည်း လမ်းလျှောက်နိုင်ရမည်။ နှစ်ယောက်တွဲအက ကနိုင်မည်။ မော်တော်ကား မောင်းနိုင်မည်။ နောက်ဆုံး လေယာဉ် ပြန်မောင်းနိုင်ရမည်ဟု စိတ်အားတင်းကာနေမိ၏။ လေယာဉ်မောင်းနှင်ရာတွင် အရေးကြီးဆုံးမှာ ခြေထောက် မဟုတ်။ မျက်စိနှင့်လက်များသာ အဓိကမဟုတ်ပါကလား။

ဘေဒါသည် ပြန်၍ကျန်းမာလာပါက လေတပ်မတော်သို့ ပြန်လည်ဝင်ရောက်ရန်သာ စိတ်စောနေမိ၏။ သူ၏စိတ်ထဲတွင်လည်း. .

"သူတို့ ငါ့ကို လေတပ်ထဲက ထုတ်မပစ်နိုင်ဘူး။ ဘယ်နည်းနဲ့မှ ထုတ်ပစ်မှာမဟုတ်ဘူး"

ဟု သူ့ကိုယ်သူ အစဉ်အမြဲအားပေးနေလေ၏။

လေတပ်ထဲတွင် လေသူရဲတစ်ဦးရှိ၏။ ထိုသူမှာ တိုက်ပွဲတစ်ခုတွင် ခြေတစ်ဖက်ပြတ်ခဲ့၏။ သို့သော် ထိုလေသူရဲသည် လေတပ်မတော်တွင် တိုက်လေယာဉ်မောင်းနှင်ကာ ဆက်လက် အမှုထမ်းနေဆဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ပါသော ဘေဒါ၏သူငယ်ချင်းများကလည်း ဘယ်သူကဖြင့် ခြေတစ်ဖက်ပြတ်နေလျက် တင်းနစ်ကစားနိုင်ကြောင်း၊ ရေကူးနိုင်ကြောင်း စသဖြင့် အားပေးစကားများ ပြောလာကြ၏။ သို့ရာတွင် ခြေနှစ်ဘက်လုံး ပြတ်နေပါလျက်နှင့် အခြားသူများနည်းတူ နေထိုင်သွားနိုင်သူ တစ်ဦးတစ်ယောက်မျှ တွေ့ဖူးသူ မရှိသလောက် ဖြစ်နေသည်ကို ဘေဒါ သတိထားမိလေသည်။

ဆရာမတစ်ယောက်က ဘေဒါအား. .

"လေတပ်မှာမဟုတ်ပေမယ့် ရုံးခန်းမှာတော့ ကျကျနန အလုပ်လုပ်နိုင်ပါသေးတယ်ရှင်"

ဟု ပြောသောအခါ ဘေဒါသည် နှာခေါင်းရှုံ့လျက်. .

"ကျုပ်ကို တစ်နေ့လုံး ရုံးခန်းထဲက စားပွဲမှာ သံကြိုးနဲ့ချည်ပြီး သော့ခတ်ထားတဲ့ အလုပ်မျိုးလား။ ဟုတ်စ. .။ လေတပ်ကသာ ကျုပ်ထွက်ရရင် ကျုပ်သေပြီသာမှတ်"

ဟု ပြောလိုက်လေ၏။

အထက်အရာရှိများကလည်း လေယာဉ်မောင်းချင်စိတ် ပြင်းထန်လွန်းသော ဘေဒါအား ခြေနှစ်ဖက်ပြတ်ပစ်ရသည်အထိ ဝေဒနာခံစားရပြီးဖြစ်သည့်အတွက် လေယာဉ်ပျက်ရသည့် အကြောင်းရင်းကို သက်ညှာစွာ စဉ်းစားကြပြီး အပြစ်မှ ခွင့်လွှတ်ကြလေ၏။ မကြာမီ ဘေဒါအား စစ်ဆေးရုံသို့ ပြောင်းရွှေ့စေလေသည်။ တပ်မတော်နှင့် အနီးစပ်ဆုံး နေရာသို့ပြန်ရောက်ကာ ရဲဘော်များနှင့် မကြာခဏ တွေ့ရသဖြင့် ဘေဒါသည် ယခင်ကထက် ရွှင်ပျ၍လာလေ၏။

မကြာမီပင် ဘေဒါအတွက် ဝမ်းအသာဆုံးနေ့တစ်နေ့သို့ ရောက်ရှိလာ၏။ ထိုနေ့သည်ကား ဘေဒါအား ခြေတုများ တပ်ဆင်ပေးရန် အတိုင်းယူရသောနေ့ပင် ဖြစ်လေ၏။

"ခပ်မြန်မြန် တပ်ပေးစမ်းပါဗျာ။ ကျုပ် မဒီလေးတစ်ယောက်ကို ကပွဲခေါ်သွားစရာ ရှိလို့ဗျ"

ဟု ဘေဒါက ပြောသောအခါ ခြေတုလုပ်သူက ဘေဒါ ဟာသနှောနေသည်ထင်၍ ပြုံးလျက်နေ၏။ အမှန်တကယ်လည်း ဘေဒါတွင် ချစ်သူရှိနေသည်မှာ အမှန်ပင်ဖြစ်၏။ ခြေတုတပ်သောနေ့တွင် ဘေဒါသည် အလွန်ပျော်ရွှင်နေသော်လည်း သံကိုင်းများ၊ သိုင်းကြိုးများ၊ သားရေကြိုးများ တုပ်ဆိုင်းထားရခြင်းကြောင့် အလွန်ပင် အသက်ရှူကျပ်ရ၏။ ခြေတုနှစ်ဖက်လုံးတပ်ဆင်ပြီးသောအခါ ချိုင်းထောက်မပါဘဲ လမ်းလျှောက်ကြည့်ရာမရ။

ပခုံးနှင့်ခါးတွင် သိုင်းထားသည့်ကြိုးများကလည်း လူကို ဆွဲညှစ်ထားသကဲ့သို့ဖြစ်နေ၏။ ကိုယ်ကို အမျိုးမျိုးလှုပ်ရှားပြီး လျှောက်ကြည့်သော်လည်း လှုပ်ရှား၍မရ။

"ဘုရား. . ဘုရား. . ကျုပ်တော့ ကိုယ်ကျိုးနည်းပြီလား"

ဟု ညည်းမိ၏။ ခြေတုတပ်ဆင်ပေးသူက. .

"ဆက်ကျင့်စမ်းပါ။ နောက်ကျရင် အဆင်ပြေသွားပါလိမ့်မယ်။ ဟောဒီတုတ်ကိုဆောင်ထား"

ဟုပြောသောအခါ ဘေဒါသည် နဂိုမခံချင်စိတ်သည် နိုးထလာပြီး. .

"ကောင်းပြီ. . ကျုပ်လမ်းလျှောက်မယ်။ ဒါပေမဲ့ ခင်ဗျားတုတ်ကိုတော့ မသုံးဘူးဗျို့"

ဟုပြောပြီးလျှင် ခြေတုများနှင့် စတင်၍ လမ်းလျှောက်ကျင့်လေ၏။

ညွှန်ကြားချက်များကို လိုက်နာရင်းဘယ်ညာခြေလှမ်းများ လှမ်းတတ်လာ၏။ တစ်နေ့နှစ်နာရီ လေ့ကျင့်၏။ ချွေးပြိုက်ပြိုက်ကျ၏။ မကြာမီအချိန်အတွင်း ဘေဒါ၏ မလျှော့သောဇွဲကြောင့် တုတ်မကိုင်ဘဲ အလွတ်လျှောက်နိုင်လာလေ၏။ ခြေတုတပ်ဆင်ပေးသူပင် ဘေဒါကို အံ့အားသင့်ရတော့၏။

ခြေတုအလုပ်ရုံမှ ဆေးရုံသို့ပြန်ရောက်ပြီးနောက် ခြေတုဖြင့် သွားလာလှုပ်ရှားရေးမှာ အလွန်ပင် ခက်ခဲလှသော်လည်း နေ့စဉ်လမ်းလျှောက်လေ့ကျင့်၏။ ခြေတုများ အဆင်ပြေစေရန် ခြေတုကုမ္ပဏီသို့လည်း အကြိမ်ပေါင်းများစွာ သွား၍ပြုပြင်ရ၏။ ဤသို့ဖြင့် မရှော့

လေယာဉ်မောင်းစမ်းသပ်ခံရာတွင် ဘေဒါသည် ခြေနှစ်ဖက်လုံး ပြတ်နေစေကာမူ လေယာဉ်မောင်းရသည်မှာ မော်တော်ကားမောင်းရသည်ထက်ပင် လွယ်ကူကြောင်း ကိုယ်တွေ့ကြုံရတော့၏။ ဘေဒါသည် မည်သည့်လေယာဉ်မဆို မောင်းနှင်နိုင်ကြောင်း လက်တွေ့ပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

တမ်း ဖွဲ့ဖြင့် လေ့ကျင့်လေရာ လူကောင်းတစ်ဦးကဲ့သို့ ဖြစ်လာတော့၏။

တဖြည်းဖြည်း လမ်းလျှောက်ကျင်လည်လာသောအခါ သူ၏မူလလုပ်ငန်းဖြစ်သော လေတပ်ရာထူးတွင် ပြန်လည်ဝင်ရောက်အမှုထမ်းရန် ကြိုးစားလေ၏။ ပထမဦးစွာ ဆေးစစ်ခံ၏။ အောင်၏။ နွေနှောင်းရာသီသို့ရောက်သောအခါ လေတပ်မှ လေယာဉ်မောင်းနှင်နိုင်မှုကို စမ်းသပ်ရန် အမိန့်စာရောက်လာလေ၏။

လေယာဉ်မောင်းစမ်းသပ်ခံရာတွင် ဘေဒါသည် ခြေနှစ်ဖက်လုံး ပြတ်နေစေကာမူ လေယာဉ်မောင်းရသည်မှာ မော်တော်ကားမောင်းရသည်ထက်ပင် လွယ်ကူကြောင်း ကိုယ်တွေ့ကြုံရတော့၏။ ဘေဒါသည် မည်သည့်လေယာဉ်မဆို မောင်းနှင်နိုင်ကြောင်း လက်တွေ့ပြလိုက်လေသည်။ နောက်ဆုံးတွင် ဗဟိုကျောင်းမှ မူလရာထူးတွင် ပြန်ဝင်ရန် ဆေးစစ်ဌာ[illegible] ပို့လိုက်လေ၏။ ဘေဒါသည် ဆရာဝန်နှင့်တွေ့ရန်မလိုဘဲ လေတပ်ခွဲ ဗိုလ်မှူးနှင့်တွေ့ရလေတော့သည်။ ဗိုလ်မှူးက ပြော၏။

“မင်း လေယာဉ်ကို ကောင်းကောင်းမောင်းနိုင်တယ်။ ဒါပေမဲ့ လေတပ်ဥပဒေထဲမှာ မင်းကို ရာထူးပြန်ပေးဖို့ မပါတာက ခက်တယ်”

ဥပဒေစကားနှင့် နှစ်သိမ့်လိုက်ရာ ဘေဒါခမျာ မည်သို့မျှ မတတ်နိုင်တော့ဘဲ ဒတ်စ်ဖို့ဒ်မြို့ရှိ လေတပ်တွင် မော်တော်ယာဉ်မှူးအဖြစ် အလုပ်ပြန်ဝင်နေရလေ၏။ ဘေဒါအဖို့ကား ဒေါသအမျက်ချောင်းချောင်းထွက်နေသည်ကား ဖော်ပြရန်ပင် မလွယ်ပါချေ။ သို့သော် ထိုမျှနှင့်ပင် မတန်သေးဘဲ ဘေဒါအား လေတပ်ဝန်ကြီးဌာနက. . မကျန်းမာသောကြောင့် ဟုဆိုကာ ပင်စင်ပေးလိုက်လေ၏။

ဤသို့ဖြင့် ဘေဒါသည် အရပ်သားဘဝသို့ရောက်ကာ မကျေမချမ်းနှင့်ပင် ခေတ်ဆီကုမ္ပဏီတစ်ခု၌ စားပွဲတွင်ထိုင်ကာ အလုပ်လုပ်နေရတော့၏။ စိတ်တွင်း၌ကား လေတပ်သို့သာ ရောက်ရှိနေလေ၏။ မကြာမီ ဘေဒါသည် အလွန်ကြင်နာတတ်သော သယ်လမာဆိုသည့် မိန်းကလေးတစ်ဦးနှင့် လက်ထပ်လိုက်လေ၏။ သယ်လမာ၏အားပေးကူညီမှုကြောင့် ဘေဒါသည် တင်းနစ်၊ ဂေါက်သီးကစားနည်းများကို ကစားနိုင်သည့်အပြင် သယ်လမာနှင့်ပင်တွဲ၍ ကနိုင်ပေပြီ။

လေတပ်ကို သတိရတိုင်း ဘေဒါသည် မကျေမနပ်ဖြစ်ရလေ၏။ ၁၉၃၉ ခုနှစ်သို့ရောက်ရှိလာ၏။ ဟစ်တလာသည် ချက်ကိုစလိုဗေးကီးယားကို သိမ်းပိုက်၏။ ထို့ကြောင့် စစ်ကြီးဖြစ်ရန် နီးစပ်လာ၏၊ ထိုအချိန်တွင် ဘေဒါသည် လေတပ်ဝန်ကြီးဌာနသို့ တာဝန်ထမ်းဆောင်လိုကြောင်း စာတစ်စောင်ရေးလိုက်လေ၏။ ပြန်စာကား လုံးဝမလာချေ။ ဘေဒါသည် စာများဆက်၍ပို့၏။ နောက်ဆုံး အင်္ဂလန်က ဂျာမဏီကို စစ်ကြေညာပြီးသောအခါ ပြန်စာရလေ၏။ ဆေးစစ်ခံရ၏။ လေယာဉ်မောင်းပြရ၏။ မကြာမီ ဘေဒါအား မူရင်းရာထူးတွင် ပြန်လည်ခန့်အပ်လိုက်လေ၏။ ဤအကြိမ် ဥပဒေစကား မပြောကြတော့။

၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဘေဒါသည် ဒတ်စ်ဖို့ဒ်မြို့၌ တာဝန်ကျ၏။ ဘေဒါနှင့်အတူ တာဝန်ထမ်းဆောင်ခဲ့သူ မိတ်ဆွေရင်း ဂျော်ဖရေ စတက်ဖင်ဆင်(လေတပ်စုဗိုလ်)က ဘေဒါ ခြေပြတ်၊ မပြတ်ကို အမိကမထားဘဲ စွမ်းရည်ကို သိ၍ သူ၏တပ်စုသို့ ခေါ်ယူလိုက်ခြင်းဖြစ်၏။ လေတပ်သို့ ပြန်လည်ဝင်ရောက်လာသော ဘေဒါမှာ မိမိနှင့်လုပ်ဖော်ကိုင်ဖက်များသည် လေတပ်စုဗိုလ်များ ဖြစ်နေကြပြီး မိမိမှာကား သာမန်လေသူရဲတစ်ဦးသာ ဖြစ်နေသော်လည်း လေတပ်တွင် ဝင်ရောက်အမှုထမ်းရသဖြင့် အလွန်ပင် ဝမ်းသာလျက်ရှိ၏။ နွားအိုပေါင်ကျိုးသလောက် အစွမ်းပြလိုစိတ်လည်း ပေါ်ပေါက်လာ၏။

ဘေဒါတို့လေတပ်စုသည် ဌာနချုပ်မှ ပြဌာန်းထားသည့် ဗုံးကြဲလေယာဉ်ပစ်ချနည်းသုံးမျိုးကို လေ့ကျင့်ကြရ၏။ ပထမနည်းမှာ ရန်သူဗုံးကြဲလေယာဉ်ပျံကို မိမိတို့ တိုက်လေယာဉ်များက တစ်စီးနောက်က တစ်စီးလိုက်၍ အစဉ်လိုက်ပစ်ခတ်ပြီး ရန်သူဗုံးကြဲလေယာဉ်ဘေးမှကွေ့၍ မိမိလေယာဉ်ဝမ်းဗိုက်ကို ရန်သူစက်သေနတ်သမားအား အသားလွတ်ပစ်ခွင့်ပေးကာ ဆုတ်ခွာရသောနည်းဖြစ်၏။ ဌာနချုပ်၏သဘောကား ခေတ်မီတိုက်လေယာဉ်များသည် မြန်ဆန်လှသဖြင့် ပထမကမ္ဘာစစ်ကကဲ့သို့ ရန်သူက မိအောင်ပစ်နိုင်မည်မဟုတ်ဟု ယူဆထား၏။ ဘေဒါကမူ ထိုနည်းကို မနှစ်သက်ပေ။ ထို့ကြောင့် တပ်စုဗိုလ်အား. .

“ရန်သူကို တိုက်တဲ့အခါမှာ အကောင်းဆုံးနည်းဟာ ကျုပ်တို့က စုပြီးဝိုင်းပစ်တဲ့ နည်းတစ်နည်းပဲရှိတယ်။ တစ်ခါပစ်ရင် လေယာဉ်တစ်စီးဟာ ပစ်တာထက် သုံးလေးစီးက ဆောင့်သုံးလေးမျိုးက ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပစ်ရင် ရန်သူဗုံးကြဲလေယာဉ် ဘယ်ခံနိုင်ပါ့မလဲ"

ဟု ပြောသောအခါ လေ တပ်စုဗိုလ်က. .

"ကျုပ်တို့လည်း မသိဘူး ချို့၊ ဒီနည်းကို လေ့ကျင့်ရမယ် ဆိုလို့ ကျင့်ရတာ"

"ပထမကမ္ဘာစစ်ကတည်း က ဒီလိုတစ်စီးချင်းပစ်တဲ့နည်း ဟာ မှားကြောင်း သိခဲ့ကြပြီး သားပါဗျာ။ ရန်သူဗုံးကြဲလေ ယာဉ်တွေက ကျုပ်တို့တိုက်လေ ယာဉ်တွေ တစ်စီးပြီးတစ်စီး ပစ်နေတာကို ငြိမ်ခံနေမတဲ့ လား။ ပြီးတော့ ရန်သူဗုံးကြဲ လေယာဉ်တွေက အုပ်စုနဲ့လာ တာ။ အုပ်စုနဲ့ဆိုတော့ ကျုပ်တို့ ကိုဝိုင်းပြီး စုစုဝေးဝေး ပြန်ပစ် နိုင်တာပေါ့။ ရန်သူကို အုပ်ကွဲ အောင် ပထမလုပ်ရမယ်။ အုပ် ကွဲမှ လေယာဉ် စီးချင်းတိုက်ရ မယ်။ လေကြောင်းတိုက်ပွဲမှာ အရင်စစ်ကြီးတုန်းကလို အပေါ် စီးရပြီး နေရှိတဲ့ဘက်က လူက နိုင်တာပဲမဟုတ်လား"

ဘေဒါကို အချို့လေသူရဲ များက ခေတ်နောက်ကျသည် ဟု ထင်ကြ၏။ တချို့က တစ် ယူသန်ဟု သတ်မှတ်ကြ၏။ ဘေဒါအား ဂရုမစိုက်။ များ မကြာမီ ဘေဒါသည် ဗိုလ် လောင်းရာထူးသို့ တိုးမြှင့်ခန့် အပ်ခြင်းခံရ၏။ ထိုအခါ ဘေ ဒါသည် လေသူရဲများအား ဌာန ချုပ်၏တိုက်ခိုက်နည်းကို သင် ပေး၏။ ပြီးလျှင် လေယာဉ်တစ် စီးစီကို ရန်သူဗုံးကြဲလေယာဉ် အဖြစ်ထား၍ ဟန်ဆောင်တိုက် ပွဲလုပ်ပေး၏။ ထိုအခါ ရန်သူ လေယာဉ်ဟန်ဆောင်ရသော လေယာဉ်မှ လေသူရဲတို့သည် မိမိတို့အား လာ၍တိုက်သော တိုက်လေယာဉ်တို့သည် ဝမ်း ဗိုက်ဖောက်၍ပေးကာ ကွေ့ ထွက်သွားသဖြင့် လွယ်လင့်တကူ အသာလေး ပစ်ချနိုင်ကြောင်း ကိုယ်တွေ့ ဆတ်ဆတ်မြင်ကြရ လေသည်။

"အေး. . အဲဒါပဲကွ။ မင်း တို့ ဌာနချုပ်ကပုံစံနဲ့တိုက်ရင် ဘယ်လောက်သေဘေးနီးတယ် ဆိုတာ သိပြီလား"

ထိုနည်းပြီးမှ မိမိနည်းကို သင်ကြားပေး၏။ သူ၏နည်းမှာ နောက်မှနေ၍ ရုတ်တရက် ရန် သူဗုံးကြဲလေယာဉ်အား နှစ်စီး တွဲ၊ သုံးစီးတွဲ ပေါ်လာပြီး နှစ် ဖက်ညှပ်ပစ်ခတ်ကာ ရန်သူ လေယာဉ်အောက်မှ ရှောင်ထွက် သည့်နည်းဖြစ်၏။ လေယာဉ် စီးချင်းထိုးသည့် တိုက်ပွဲများကို လည်း သူ့နည်းသူ့ဟန်ဖြင့် သင် ပေး၏။ ဌာနချုပ်မှ နည်းများ ကိုကား ဝတ်ကျေတန်းကျေ သာ သင်ပေး၏။

စစ်ကြီးဖြစ်သည်မှာ (၈) လပင်ကြာပြီဖြစ်သော်လည်း ဘေဒါတို့ လေသူရဲများကား ဂျာမန်လေယာဉ်ဟူ၍ တစ်စီး အလေမှမမြင်ရသေးသဖြင့် တိုက်ပွဲဝင်လိုစိတ်များ ပြင်း ထန်လျက်ရှိ၏။ ဟစ်တလာက ပြင်သစ် ဘယ်လ်ဂျီယံနှင့် ဟော် လန်တို့ကို သိမ်းပိုက်လိုက်သော အခါ ဘေဒါတို့လူသိုက်မှာ တိုက်ပွဲဝင်ရတော့မည်ဟုထင် ကာ ဝမ်းသာနေမိကြ၏။ သို့ သော် မည်သည့်တိုက်ပွဲဝင်ရန် အမိန့်မှပေါ်မလာချေ။ အချိန် အတန်ကြာမှ ပြင်သစ်ပြည် ဒန်းကတ်နယ်သို့ ကင်းထောက် ရန် စေလွှတ်ခြင်းခံရ၏။

ထိုအချိန်သည်ကား အင်္ဂလိပ် တပ်များသည် ဒန်းကတ်မှ အင်္ဂလန်သို့ သေပြေးရှင်ပြေး ဆုတ်ခွာနေရသောအချိန်ဖြစ် ၏။ ဘေဒါတို့အုပ်စုကား နေ့ စဉ် ကင်းထောက်နေသော်ရ လည်း ဂျာမန်လေယာဉ်ဟူ၍ တစ်စီးမျှ မတွေ့ရပေ။ ဘေဒါ တို့ကင်းထောက်၍ ပြန်လာပြီး မှ ဂျာမန်လေယာဉ်များက အင်္ဂလိပ်မြေပြင်တပ်များကို လာ၍ တိုက်သည်ချည်း ဖြစ် နေလေ၏။ ကင်းထောက်၍ ခြောက်ရက်မြောက်သောနေ့ တွင် ဒန်းကတ်ကောင်းကင်ယံ တွင် ဘေဒါတို့လေတပ်အုပ်စု က မက်ရှာရှမစ် ၁၀၉ အမျိုး အစား ဂျာမန်လေယာဉ်အုပ် တစ်အုပ်နှင့် တွေ့ဆုံရတော့ ၏။ ဘေဒါသည် စက်သေနတ် ခလုတ်ကိုနှိပ်လိုက်ရာ ရှေ့တည့် တည့်ရှိ ဂျာမန်လေယာဉ်သည် မီးလောင်ကာ ထိုးကျသွားလေ တော့၏။

ဘေဒါသည် သူ့အစွမ်းကို ပို၍ယုံကြည်လာပြီး ဝမ်းသာ မဆုံး ဖြစ်ရ၏။ သို့သော် မိမိတို့ လေယာဉ်ကွင်းသို့ ပြန်လည် ရောက်ရှိသောအခါ လေတပ် အုပ်စုမှ လေယာဉ်နှစ်စီး ပျက် ကျခဲ့ကြောင်းသိရ၍ ဝမ်းသာ သမျှမှာ လွင့်စင်ပျောက်ကွယ် သွားရတော့၏။ ဒန်းကတ် တိုက်ပွဲပြီးသည့်နောက် (၂) ပတ် ခန့်အကြာတွင် ဘေဒါအား အမှတ်(၁၂)လေတပ်ဌာနချုပ် သို့ခေါ်ယူခြင်းခံရ၏။ ဌာနချုပ် မှူးဖြစ်သော ဒုဗိုလ်မှူးကြီး လေးမားလော်ရယ်က. .

"မင်းအကြောင်း ငါသိ တယ်။ မင်းကို ရေတပ်စုဗိုလ် ခန့်မယ်။ မင်းဦးစီးရမှာက ဟာ ရီကိန်းလေယာဉ်ပျံတွေပါ တဲ့ (၂၄၂)လေတပ်စုပဲ။ ဒီတပ် စုက ကနေဒါကတပ်စုဖြစ်တယ်။ တို့လေတပ်နဲ့တွဲထားတာ။ လေ သူရဲတွေဟာ စိတ်ဓာတ်ကျနေ ကြတယ်၊ ပြင်သစ်မှာ စစ်ရှုံးခဲ့ ပြီးပြေးခဲ့ရလို့ အားလုံးသုန် သုန် မှုန်မှုန်ချည်းပဲ။ မင်းကြည့် ပြီး အုပ်ချုပ်ပေတော့"

ဟု တည့်တိုးပြောချလိုက် လေ၏။

(၂၄၂) လေတပ်စုသည်



www.burmeseclassic.com

www.burmeseclassic.com

ကိုတီရှဲလေတပ်စခန်း၌ရှိ၏။ ဘေဒါမှာ လေတပ်စုဗိုလ်ရာထူးကို ချက်ချင်းလက်ခံရ၏။

သီတင်းရှစ်ပတ်အတွင်း ဘေဒါသည် လေသူရဲဘဝမှ လေတပ်စုဗိုလ်ရာထူး ရရှိလိုက်သဖြင့် တစ်ချိန်က မိမိနှင့်သက်တူရွယ်တူအရာရှိများနှင့် ရာထူးတူသွားပြီဖြစ်၏။ ဘေဒါသည် ကိုတီရှဲလေတပ်စခန်းသို့ သွားရောက်၍ (၂၄၂) လေတပ်အုပ်စုအကြောင်း စုံစမ်း၏။ စခန်းရှိ လေတပ်ခွဲဗိုလ်၏စကားအရ (၂၄၂)အုပ်စုမှာ ကနေဒါလေသူရဲများပါ၍ အလွန်အမိန့်ပေးရခက်ခဲကြောင်း သိရလေသည်။

ဘေဒါသည် လေယာဉ်ကွင်းစပ်ရှိ (၂၄၂) အုပ်စုလေသူရဲများရိပ်သာသို့ လာခဲ့၏။ ရိပ်သာထဲသို့ဝင်လိုက်သည်နှင့် အိပ်သူအိပ်၊ ထိုင်သူထိုင်နေကြသည်ကို တွေ့ရ၏။ အခန်းတွင်းသို့ ထော့နဲ့ထော့နဲ့နှင့်ဝင်လာသော ခြေတုတပ်ဘေဒါအား ကနေဒါလေသူရဲများ၏ မျက်လုံးအစုံတို့ ဝိုင်းကြည့်ကြလေ၏ မည်သူကမျှ မထ။ အားလုံး မတုန်မလှုပ်။

"ဒီမှာ ခေါင်းဆောင်ဘယ်သူလဲ"

ဘေဒါက ခပ်ထန်ထန်လေသံဖြင့်မေးလိုက်သည့်အခါ လူငယ်လေသူရဲတစ်ဦးက ခပ်လေးလေးထရင်း "ကျုပ်ပဲ" ဟု မထိတတိ ဖြေ၏။

"ဒီမှာ ဦးစီးလေသူရဲမပါဘူးလား"

"ပါတော့ပါတယ်။ ဒါပေမဲ့ မရှိဘူး"

"မင်းနာမည် ဘယ်သူလဲ"

"နာတာပါ"

ဟုဖြေပြီး အတန်ကြာမှ လူငယ်လေသူရဲက. .

"ခင်ဗျာ"

ဟု ဆက်ပြော၏။ ဘေဒါသည် လေသူရဲလူငယ်အား တွေတွေကြီး စိုက်ကြည့်လိုက်၏။ မထိလေးစားနိုင်လှသဖြင့် ဒေါသ မီးဟုန်းဟုန်းတောက်နေ၏။ ထို့နောက် ဘေဒါသည် ရုတ်တရက်လှည့်၍ ရိပ်သာထဲမှထွက်ခဲ့၏။ ရိပ်သာတံခါးဝအနီး၌ ဟာရီကိန်းလေယာဉ်တစ်စီးရပ်ထား၏။ လေထီး၊ ခေါင်းစွပ်နှင့် နေကာမျက်မှန်ကြီးများ လေယာဉ်ပေါ်တွင် အသင့်ရှိနေ၏။ ဘေဒါသည် သူ၏ခြေတုများကိုဖြုတ်ကာ လေယာဉ်ပေါ်သို့တင်လိုက်ပြီး လက်ကိုအားပြုကာ လေယာဉ်ထဲသို့ဝင်လိုက်၏။ စိတ်ထဲ၌မူ. . 'ဒီငနဲတွေ ငါ့ကို ခြေကျိုးဆိုပြီး အထင်သေးနေကြတာကိုး' ဟုတွေးကာ လေယာဉ်ကို စက်နှိုး၍ ပျံတက်ခဲ့၏။

နာရီဝက်မျှကြာအောင် ကောင်းကင်တွင် အမျိုးမျိုးပျံသန်းလိုက်၏။ အမြင့်သို့ မတက်ဘဲ ကျွမ်းအမျိုးမျိုးထိုးရင်း နောက်ဆုံး၌ လေယာဉ်ကို ဆွဲတင်လိုက်ပြီး အမြင့်ဆုံးသို့ ရောက်သောအခါ ဘေးသို့တစ်ပတ်လည်အောင်လိုမ့်၏။ လိမ့်နေရာမှလေယာဉ်ကို ပြန်လည်တည့်မတ်ရင်း လေယာဉ်ကွင်းသို့ ဆင်းလိုက်လေသည်။ ဘေဒါကောင်းကင်၌ လေယာဉ်အစွမ်းပြနေချိန်တွင် ကနေဒါလေသူရဲများသည် ရိပ်သာအပြင်သို့ ထွက်ကာ တအံ့တဩ ငေးမောကြည့်နေကြလေ၏။ မြေပြင်သို့ ရောက်သောအခါ ဘေဒါသည် လေယာဉ်ပေါ်မှ ဆင်းကာ ကနေဒါလေသူရဲများအား တစ်ချက်မျှပင် လှည့်မကြည့်ဘဲ လှေကားပေါ်ဘက်၍ မောင်းထွက်ခဲ့လေသည်။

နောက်တစ်နေ့နံနက်တွင် ဘေဒါသည် တပ်စုဝင် ကနေဒါလေသူရဲများအား သွန်သင်ခန်းသို့ ခေါ်၍တွေ့၏။ သည်တစ်ကြိမ်တွင် လေသူရဲများမှာ ခပ်ရွံ့ရွံ့ဖြစ်နေကြ၏။ သူတို့၏ဝတ်စားဆင်ယင်ပုံကား ဆွယ်တာဝတ်သူဝတ်၊ ယူနီဖောင်း အတွန့်အကြေများ ဝတ်သူဝတ်၊ ဆံပင်များရှည်သူရှည်နှင့် ဖြစ်ချင်တိုင်းဖြစ်နေကြ၏။ ဘေဒါသည် သူတို့ကို ခပ်စိမ်းစိမ်း ကြည့်လိုက်ပြီး. .

"ဟော့. . တကယ်တော်တဲ့ လေတပ်စုဟာ သပ်ရပ်ရတယ်ကွ။ ငါ့တပ်စုဟာ တော်ရမယ်။ သပ်ရပ်ရမယ်။ ခုတော့ မင်းတို့ကြည့်ရတာ စုတ်တီးစုတ်ချာနိုင်လှသကွာ။ နောင်ဆို ရိပ်သာကိုလာရင် ဒီလိုဝတ်မလာကြနဲ့၊ ကျကျနနဝတ်လာကြပါ"

ဟု ပြောလိုက်၏။ သည်တစ်ကြိမ် ဘေဒါ၏စကား မှားသွားလေပြီ။ အဘယ်ကြောင့်ဆိုသော် လေသူရဲခေါင်းဆောင် နာတာက. .

"ကျွန်တော်တို့မှာ ဘာမှ မရှိတော့ဘူးခင်ဗျ။ ခုဝတ်ထားတာတွေပဲ ရှိကြပါတယ်။ ပြင်သစ်ပြည်မှာ အားလုံးဆုံးခဲ့တယ်ခင်ဗျ"

ဟု အစချီရင်း မိမိတို့လေတပ်စုမှာ ဂျာမန်များကို ခုခံရင်း ဖြစ်ကတတ်ဆန်းဆုတ်ခွာခဲ့ရပုံ၊ လူတစ်ဝက်ကျဆုံးခဲ့ရပုံများကို ပြောပြလေ၏။ နာတာ၏စကားဆုံးသည်နှင့် ဘေဒါက. .

"အေး. . ငါ့စကား မှားသွားတယ်။ ငါ တောင်းပန်ပါတယ်"

ဟု ဆိုလိုက်၏။ နာတာက မိမိတို့ ယူနီဖောင်းအသစ်များဝယ်ရန် အစားထိုးစရိတ်တောင်းခဲ့သော်လည်း မည်သည့်ပြန်ကြားချက်မှ မရကြောင်း ရှင်းပြသောအခါ ဘေဒါက. .



www.burmeseclassic.com

www.burmeseclassic.com

"ဒါ တာဝန်ခံမယ်ကွာ။ မင်းတို့ အရပ်ထဲကဆိုင်တွေမှာ ယူနီဖောင်းမှာပြီး ချုပ်ဝတ်ကြ။ ငါ့ဆီမှာ ရှပ်အင်္ကျီအပိုတွေရှိတယ်၊ ရှိသမျှလာပြီးယူကြ"

ဟု ပြောလိုက်ပြီး ဘေဒါနှင့် ကနေဒါလေသူရဲများသည် ကောင်းကင်တိုက်ပွဲများအကြောင်း အချီအချ ဆွေးနွေးကြသည်။ လေသူရဲများသည် ဘေဒါကို အားကိုးယုံကြည်လာကြ၏။

နောက်တစ်နေ့တွင် ဘေဒါသည် လေသူရဲများအား သူဦးဆောင်လျက် အုပ်စုဖွဲ့တိုက်ခိုက်နည်းကို သင်ကြားပို့ချရာ ကနေဒါလေသူရဲများသည် လေယာဉ်ကို နိုင်နင်းစွာကိုင်နိုင်ကြကြောင်း တွေ့ရသဖြင့် အလွန်ပင် ကျေနပ်မိတော့၏။လေသူရဲများ ဝတ်စားပုံမှာလည်း သပ်သပ်ရပ်ရပ် ရှိလာပြီဖြစ်၏။ လက်ပွန်းတတီး ပေါင်းသင်းသော ဘေဒါအား လေသူရဲများက အထူးပင် ကြည်ညိုလေးစားလာကြ၏။ လေသူရဲတစ်ဦးက. .

"ဗိုလ်ကြီးကို ကျွန်တော်တို့က ဟိုဗိုလ်ကြီးဈေးလိုပဲ ဆက်ဆံနေရအုံမယ်ထင်မိတာ ခင်ဗျ"

ဟုပင် ထုတ်ပြောလေ၏။ ဘေဒါသည် သူ့ကိုယ်ပိုင် တိုက်ခိုက်နည်းများကို လေတပ်စုအား သင်ပြ၏။ လေသူရဲအားလုံးကလည်း လိုက်နာကြသဖြင့် များမကြာမီ အချိတ်အဆက်မိလာတော့၏။

ဤအချိန်ကား 'ဗြိတိန်တိုက်ပွဲ' ခေါ် အင်္ဂလိပ်-ဂျာမန် လေကြောင်းတိုက်ပွဲကြီး စတင်နေသည့်အချိန်၊ ၁၉၄၀ ပြည့်နှစ် ဩဂုတ်လဖြစ်၏။ (၂၄၂) လေတပ်စုသည်လည်း ပစ္စည်းအစုံအလင်နှင့် တိုက်ပွဲဝင်ရန် အဆင်သင့်ရှိနေလေပြီ။ ဟစ်တလာသည် ၁၉၄၀ ပြည့်နှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် အင်္ဂလန်ပြည်တောင်ပိုင်း၌ ဒီဗီဇံတပ်(၂၁)တပ်ကို တက်ရောက်စေပြီး တိုက်ခိုက်ရန် စီမံထား၏။ ထို့ကြောင့် ဂျာမန်လေကြောင်းဝန်ကြီး ဂီးရင်းမှာ စက်တင်ဘာလဝက်မကျိုးမီ အင်္ဂလိပ်လေတပ်ကို ချေမှုန်းပစ်ရန် တာဝန်ကျ၏။ ထိုအချိန်က ဂျာမန်တို့တွင် တိုက်ပွဲဝင်ရန် လေယာဉ်မျိုးစုံ (၄၀၀၀)ခန့် အသင့်ရှိနေပြီး အင်္ဂလိပ်တို့မှာကား (၅၀၀) လောက်သာရှိ၏။

ဂျာမန်လေတပ်သည် ဩဂုတ်လဆန်းပိုင်းမှစ၍ အင်္ဂလန်တောင်ပိုင်း ဆိပ်ကမ်းမြို့များကို ဗုံးမိုးရွာတော့၏။ တစ်နေ့တည်း လေယာဉ်အစီးပေါင်း ၆၀၀ ထိ စေလွှတ်ကာ တိုက်ခိုက်၏။ အင်္ဂလိပ်တိုက်လေယာဉ်များကား စီးရေနည်းပါးသော်လည်း တိုက်ခိုက်ရေးစွမ်းရည်ပြည့်ဝသဖြင့် ပထမသီတင်းပတ်တွင် ဂျာမန်လေယာဉ် ၂၀၀ ကျော်ကို ပစ်ချနိုင်ခဲ့၏။ ဘေဒါတို့လေတပ်စုကား တိုက်ပွဲမဝင်ရသေး။ အခြားလေတပ်အုပ်စုများကသာ လန်ဒန်မြို့ကို ကာကွယ်နေကြ၏။

ဘေဒါမှာ တိုက်ပွဲမဝင်ရသဖြင့် မခံချိမခံသာ ဖြစ်နေ၏။ ဇနီးဖြစ်သူ သယ်လမာက. .

"အမလေး မောင်ရယ်. . ရှေ့မှာ တိုက်ပွဲတွေ တစ်ပုံကြီးရှိသေးတယ်။ မောင့်အတွက် တိုက်ပွဲတွေ လာပါလိမ့်မယ်။ တိုက်လို့တောင် ကုန်မှာ မဟုတ်ဘူး"

ဟု ပြောသောအခါ ဘေဒါက. .

"ဘာလဲကွ တိုက်လို့မကုန်ဘူးဆိုတာ။ စစ်မပြီးခင် ငါ သေမှာမို့လို့လား။ ဒီမှာ ငါ့ထိုင်ခုံကျောမှာ သံမဏိအကာရှိတယ်။ ငါ့ခြေထောက်က သံခြေထောက်တွေ။ ငါ့ရှေ့မှာ အင်ဂျင်စက် ရှိတယ်။ ငါ့ကို ဒီဂျာမန်တွေ ဘယ်လိုမှ ပစ်မချနိုင်ဘူးကွ"

ဟု ခါးခါးသီးသီး ပြောလိုက်လေ၏။

၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၃၀ ရက်နေ့ ညနေ(၅)နာရီခွဲတွင် "၂၄၂ လေတပ်အုပ်စု. . လေယာဉ်ပေါ် တက်ကြတော့။ နော်ဝီးမြို့ဘက်ကို ရန်သူရောက်နေပြီ" ဆိုသည့် ညွှန်ကြားချက်ကြောင့် ဘေဒါတို့အုပ်စု လေထဲတက်ခဲ့ကြ၏။

လေထဲရောက်ပြီး မကြာမီ ဒတ်စ်ဖို့ဒ်လေတပ်စခန်း မှ တပ်မှူး၏အသံသည် ရေဒီယိုခွက်မှ ပေါ်လာ၏။

"ဟဲလို. . တပ်စုခေါင်းဆောင် နားထောင်။ ဒီဂရီ တစ်ကိုးသုည နော်ဝီးလ်စခန်းကို ရန်သူ (၇၀)ကျော် လာနေပြီ"

သူ့ပေါင်ပေါ်တွင် လေကြောင်းမြေပုံကိုဖြန့်ကြည့်ရာ တပ်မှူးညွှန်ကြားသည့်အတိုင်းသွားပါက ဂျာမန်တို့က နေထဲကထွက်လာကာ မိမိတို့တပ်စုအား အလွယ်တကူ ပစ်ချနိုင်ပေသည်။ ထို့ကြောင့် အနောက်ဘက်ဆီသို့ ဒီဂရီ ၃၀ ကွေ့ပစ်လိုက်၏။ ရန်သူလွတ်သွားနိုင်သောလမ်းကား ရှိ၏။ သို့သော် သေမင်းခံတွင်းသို့ တည့်တည့်မဝင်လိုပေ။ နော်ဝီးလ်လေတပ်စခန်းအနောက်တောင်ဘက်သို့ ဘေဒါတို့အုပ်စု ထိုးတက်နေကြစဉ် ကောင်းကင်၌ ရန်သူလေယာဉ်များကို အမဲစက်များသဖွယ် အဝေးမှမြင်တွေ့နေရ၏။ ဘေဒါသည် သူ၏



www.burmeseclassic.com

www.burmeseclassic.com

လေယာဉ်ကို ပို၍မတ်ထောင်တာ မြင့်တက်စေရင်း. .

"ရန်သူတွေ့ပြီ"

ဟုရေဒီယိုဖြင့် တပ်လှန့်လိုက်၏။

ဒေါ်နီးယားဂျာမန်ဗုံးကြဲလေယာဉ်များသည် ပေ ၁၂၀၀၀ မှနေ၍ ၄ စီးတစ်တွဲ၊ ၆ စီးတစ်တွဲ အတန်းလိုက် ၁၄ တန်း တန်းကာ ပျံသန်းလာကြ၏။ ထိုဗုံးကြဲလေယာဉ်ပျံအုပ်စု၏အပေါ်မှ တိုက်လေယာဉ်ပျံ ၃၀ ကျော် ပါလာသည်၊ ဘေဒါ၏ အုပ်စုတွင်ကား တိုက်လေယာဉ်ပျံ ၉ စီးသာပါ၏။ မကြာမီ ဘေဒါတို့အုပ်စုသည် ရန်သူများထက်မြင့်သည့်နေရာသို့ ရောက်သောအခါ ဘေဒါသည် သူ၏လေယာဉ်ကို ရန်သူဗုံးကြဲလေယာဉ်အုပ်စုထဲသို့ ထိုးစိုက်ဝင်လိုက်ရာ တစ်ဖွတ်ထိုးဝင်လာသော ဘေဒါ၏လေယာဉ်ကြောင့် ဂျာမန်တို့၏ဗုံးကြဲလေယာဉ်များသည် မိမိတို့လေယာဉ်ချင်း မတိုက်မိအောင် တိမ်းရှောင်ကြရလေရာ မကြာမီ အုပ်စုပျက်သွားလေ၏။

ဘေဒါ၏ရှေ့၌ ရန်သူလေယာဉ် ၃ စီးကို မြင်ရ၍ စက်သေနတ်ခလုတ်ကို ၃ စက္ကန့်မျှနှိပ်လိုက်၏။ ရန်သူဗုံးကြဲလေယာဉ်တစ်စီးမှာ ခဏချင်းမှာပင် မီးလောင်၍ထိုးစိုက်ဆင်းသွားလေတော့သည်။ ထိုစဉ် ဘေဒါအား ရန်သူမက်ဆာစမစ်တိုက်လေယာဉ်တစ်စီးက လိုက်၍ပစ်၏။ ဘေဒါက ရှောင်တိမ်း၍ ပြန်လည်ပစ်ခတ်ရာ ရန်သူလေယာဉ်ထိုးစိုက်ကျသွားပြန်၏။ ဘေဒါသည် တိုက်ပွဲဝင်ရင်း ပေ ၆၀၀၀ အထိ နိမ့်ဆင်းလာ၏။ ထို့ကြောင့် အပေါ်သို့ပြန်တက်ကာ ရန်သူလေယာဉ်ပျံများကို ထပ်မံရှာဖွေသော်လည်း မတွေ့ရတော့။ ရန်သူလေယာဉ်များကား ဆုတ်ပြေးကြလေပြီ။

လေတပ်စခန်းသို့ပြန်လည်ရောက်ရှိ၍ စာရင်းယူကြရာ ဘေဒါက ၂ စီး၊ မက်နိုက်က ၃ စီး၊ တာနာက ၁ စီး၊ ကရော်လေမီလင်က ၁ စီး စသည်ဖြင့် စုစုပေါင်း ၁၂ စီး အသေအချာပစ်ချနိုင်ခဲ့ကြသည်ကို တွေ့ရ၏။ ကျန်ဂျာမန်လေယာဉ်များ ထွက်ပြေးကုန်၏။ ဘေဒါတို့၏လေယာဉ်ပျံတွင်ကား ကျည်ဆန်ရာတစ်ချက်မျှ မထိခဲ့။ မိမိတို့ နော်ဝီးလ်လေတပ်စခန်းကိုလည်း ဗုံးတစ်လုံးမျှ အကြဲမခံခဲ့ရပေ။

တိုက်ပွဲပြီးချိန်တွင် ဘေဒါသည် ဗိုလ်မှူးဝုဒ်ဟောလ်အား မိမိ အဘယ်ကြောင့် ညွှန်ကြားချက်အတိုင်း မလိုက်နာဘဲ မိမိစိတ်တိုင်းကျ တိုက်ပွဲဆင်ခဲ့ရသည်ကို ရှင်းပြရ၏။

"ရန်သူတွေ ဗုံးကြဲရမယ့်နေရာ မရောက်ခင်ကတည်းက ရန်သူကို ကြိုပြီးပစ်ချမှ ဖြစ်မယ်။ ရန်သူက ဗုံးကြဲပြီးမှ တက်ပြီးတိုက်ရရင် အကျိုးမထူးပါ။ ဗိုလ်မှူးတို့ကသာ ရန်သူ အမြင့်ဘယ်လောက်၊ ဘယ်နေရာမှာရှိတယ်ဆိုတာ ညွှန်ကြားပါ။ တိုက်ပွဲကို ကျွန်တော်တို့ဘာသာ ကောင်းကင်မှာ ပရိယာယ်ရွေးပြီး တိုက်ပါ့မယ်။ ဒီလိုလုပ်ရင် ဂျာမန်တွေကို မှုစရာမလိုပါဘူး"

လေတပ်စခန်းမှူးသည် ဘေဒါ၏အကြံကို လက်ခံလေသည်။ ညနေပိုင်းတွင် ဒုလေတပ်ဗိုလ်ချုပ်ကြီး လေးမာလော်ရီက ဘေဒါတို့စခန်းသို့ ကိုယ်တိုင်လာရောက်၍ ဘေဒါအား ချီးကျူး၏။ ဘေဒါကလည်း အခွင့်ကောင်းယူ၍. .

"ကျွန်တော်တို့သာ တိုက်လေယာဉ်များများရရင် ရန်သူကို ဒီ့ထက်ပိုပြီး ပစ်ချနိုင်ပါမယ်။ လေယာဉ်တွေ အုပ်ဖွဲ့ပြီး ပျံသန်းကြတဲ့သဘောဟာ တိုက်ပွဲထဲကို လေယာဉ်အများဆုံးပါဝင်နိုင်ဖို့နဲ့ ပစ်အားများစေဖို့ပဲ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့အုပ်စုသုံးစုသာပါမယ်ဆိုရင် ရန်သူကို သုံးဆတိုးပြီး ပစ်ချနိုင်မှာပါ။ ကိုယ့်ဘက်က အားကောင်းမှ အနာသက်သာပါလိမ့်မယ် ခင်ဗျား"

ဟု တင်ပြလိုက်လေ၏။

မကြာမီ ဘေဒါသည် ဗိုလ်ချုပ်ကြီး၏အမိန့်ဖြင့် လေတပ်အုပ်စု ၃ စုတွဲ၍ ဦးစီးရလေ၏။ ၁၉၄၀ ပြည့်နှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ဘေဒါ၏ လေတပ်အုပ်စုသုံးစုမှာ တိုက်ပွဲဝင်ရန် အမိန့်ရသည်နှင့် လေထဲသို့ တက်ရောက်ခဲ့ရာ မြေပြင်မှ ဝေဟင်သို့ရောက်သည်အထိ အချိန်(၄)မိနစ်သာကြာ၏။ စက်တင်ဘာလ (၇)ရက်နေ့တွင် ဂျာမန်လေယာဉ်များသည် လန်ဒန်မြို့ကို သဲသဲမဲမဲ ဗုံးကြဲတော့၏။ ဘေဒါတို့အုပ်စု ကောင်းကင်သို့ပျံတက်ခဲ့ကြပြီး ပေ ၁၅၀၀၀ အရောက်တွင် ရန်သူလေယာဉ်များကို မိမိတို့ထက် ပေ ၅၀၀၀ ပို၍မြင့်သောနေရာ၌ တွေ့ရလေ၏။

ဘေဒါသည် ရန်သူထက်ပို၍မြင့်အောင်တက်ရန် အချိန်မရတော့ဘဲ အောက်ကပင်၍ တိုက်ပွဲဝင်ရလေ၏။ ဤတိုက်ပွဲတွင် ဘေဒါက ရန်သူလေယာဉ် ၂ စီးပစ်ချ၏။ သူ့လေယာဉ်တောင်ပံလည်း ကျည်ထိ၍ ပေါက်သွား၏။ တိုက်ပွဲအပြီး စာရင်းချုပ်သောအခါ ဘေဒါတို့ဘက်မှ လေယာဉ် ၄ စီးချွတ်ယွင်းလာ၏။ လေသူရဲတစ်ဦး ကျ၏။ ရန်သူလေယာဉ်(၁၁) စီး ပစ်ချနိုင်ခဲ့၏။ ဤတိုက်ပွဲတွင် ၂၄၂ အုပ်စုကသာ အများဆုံးတိုက်ခိုက်ရခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ ဗိုလ်ချုပ်ကြီးနှင့်တွေ့သောအခါ ဘေဒါက. .

"ကျွန်တော်တို့ဆီသတင်းပို့တာ သိပ်နောက်ကျပါတယ်။ တကယ်ဆိုရင် ဂျာမန်လေယာဉ်တွေ ပြင်သစ်ကမ်းခြေက ထွက်လာကတည်းက ရေဒါတွေက ကြိုပြီးသိနိုင်တာပဲ။ သူတို့မရောက်ခင် ကျွန်တော်တို့က ကြိုပြီး ကောင်းကင်ကိုတက်စောင့်ပြီး တိုက်ချင်ပါတယ်"

ဟု တင်ပြ၏။ ဘေဒါ၏ အကြံပေးချက်ကား ကောင်းလှ၏။ သို့သော် ပြင်သစ်ကမ်းခြေမှ ဂျာမန်လေယာဉ်များ ပျံတက်လာသည်ကို ရေဒါမှသိနိုင်သော်လည်း ဂျာမန်တို့သည် ပျံတက်လာသည့် လေယာဉ်များကို အင်္ဂလန်သို့မလာဘဲ ကမ်းခြေတွင်သာ ဝဲပျံနေပါက ကြိုတင်စောင့်နေသော ဘေဒါတို့လေယာဉ်အုပ်စုမှာ အကြာကြီးစောင့်ရသဖြင့် ဓာတ်ဆီကုန်မည်၊ ထိုဓာတ်ဆီကုန်ပါမှ ဂျာမန်လေယာဉ်များ ဒုတိယလေတပ်အုပ်စုကို စေလွှတ်တိုက်ခိုက်စေပါက မိမိတပ်များ အထိနာပေမည်။ ထိုပရိယာယ်ရှိနေသဖြင့် ရန်သူလေယာဉ်များ ရောက်ရှိလာမှ မိမိတို့တိုက်လေယာဉ်များကို တိုက်ခိုက်စေခြင်းဖြစ်၏။ ထိုသို့ တိုက်ခိုက်ရသည့်အတွက် ဘေဒါတို့အဖို့ အတက်နောက်ကျခြင်းဖြစ်၏။ ဤသို့ နောက်ကျခြင်းကို ဘေဒါက မကျေနပ်ခြင်းဖြစ်၏။

ဗိုလ်ချုပ်ကြီးလေးမာလော်ရီသည် ဘေဒါ၏အကြံပြုချက်ကို အရဲစွန့်ကာ လက်ခံ၍ စမ်းသပ်ကြည့်ရန် သဘောတူလိုက်၏။ နောက်တစ်နေ့တိုက်ပွဲတွင် ဘေဒါတို့သည် ကြိုတင်၍ ကောင်းကင်သို့ တက်ရသဖြင့် ပေ ၂၂၀၀၀ သို့ရောက်ရှိနေကာ ရန်သူထက်မြင့်နေကြပေပြီ။ ဘေဒါ၏ပရိယာယ် အောင်မြင်တော့၏။ ထိုနေ့တိုက်ပွဲတွင် ရန်သူလေယာဉ်အစီး ၂၀ ပစ်ချနိုင်ခဲ့၏။ ဘေဒါတို့ဘက်တွင်မူ ၄ စီးပျက်၍ လေသူရဲ ၂ ဦးကျဆုံး၏။ ဤအချိန်မှာ ဗြိတိန်လေကြောင်းတိုက်ပွဲကြီး အသဲမဲဆုံးဖြစ်လေရာ ဤမျှဆုံးရှုံးရသည်မှာ မမှုလောက်ပေ။ အောင်ပွဲကြီးတစ်ရပ်သာ ဖြစ်ခဲ့၏။

ဘေဒါကား မကျေနပ်နိုင်သေး။ ဗိုလ်ချုပ်ကြီးနှင့် သွားရောက်တွေ့ဆုံ၍ တိုက်လေယာဉ်များ ထပ်၍တောင်း၏။ ဗိုလ်ချုပ်ကြီးက လေတပ်အုပ်စု ၂ စု ထပ်၍ ပေးလိုက်၏။ ထိုသို့ဖြင့် ဘေဒါသည် အုပ်စု ၅ စု၊ တိုက်လေယာဉ်ပျံ ၆၀ ကျော်ကို ဦးစီးနေရပြီဖြစ်၏။ လက်ဦး၌ ဘေဒါကိုယ်တိုင် ဗိုလ်ချုပ်ကြီး၏လိုက်လျောမှုကို အံ့အားသင့်မိ၏။ သို့သော် စစ်ဦးစီးဌာနချုပ်က ဘေဒါ၏စစ်ပရိယာယ်သစ်ကို လက်ခံနေကြလေပြီ။

၁၉၄၀ ပြည့်နှစ် စက်တင်ဘာလ (၁၅)ရက်နေ့။

ဤနေ့ကား ဗြိတိန်လေကြောင်း တိုက်ပွဲကြီးတွင် အထူးခြားဆုံးသော နေ့ကြီးဖြစ်၏။ ဘေဒါဦးစီးသော လေတပ်အုပ်စု ၅ စု သည် လေယာဉ်အစီး ၆၀ ဖြင့် အမှတ် ၁၂ တပ်ဟူသော တပ်တစ်တပ်အနေဖြင့် လေကြောင်းတိုက်ပွဲကို ဆင်နွှဲခဲ့၏။ အရှက်တက်မှစ၍ ဂျာမန်လေယာဉ်များသည် အင်္ဂလန်ကို အဆက်မပြတ် ဗုံးကြဲတော့၏။ ဘေဒါတို့အမှတ်(၁၂)တပ်မှာလည်း တစ်နေ့တည်း (၂) ကြိမ်တိုက်ပွဲဝင်ရ၏။ ညနေ စာရင်းပေါင်းလိုက်သောအခါ ဘေဒါတို့တပ်က ရန်သူလေယာဉ် ၅၂ စီးကို အသေအချာပစ်ချနိုင်ခဲ့ပြီး ၈ စီးကို ပျက်စီးစေခဲ့၏။ ထိုနေ့က အင်္ဂလိပ်တို့ပစ်ချသော ရန်သူလေယာဉ်စုစုပေါင်းမှာ ၁၈၂ စီးဖြစ်ရာ ဗိုလ်ချုပ်ကြီးလေးမာလော်ရီသည် ဘေဒါအား တယ်လီဖုန်းဖြင့် ဆက်၍ ချီးကျူးရတော့သည်။

"ဟုတ်တယ် ဘေဒါရေ။ မင်းပြောတဲ့အတိုင်း တိုက်လေယာဉ်တွေက အုပ်စုဖွဲ့တိုက်တဲ့နည်းနဲ့ တို့အမြတ်ထွက်နေပြီကွ"

ဟု ဆိုရာ ဘေဒါက. .

"ဒါတောင်မှ ဒီကနေ့ နောက်တစ်ကြိမ်တက်ရတာ နောက်ကျနေသေးတယ်။ ကျွန်တော်တို့တက်သွားတော့ ဂျာမန်တွေ ရောက်နှင့်နေကြပြီခင်ဗျ။ စောစောကသာ တက်နိုင်ရင် ရန်သူလေယာဉ်တစ်စီးမကျန် ပစ်ချနိုင်မှာပဲ ဗိုလ်ချုပ်ကြီးခင်ဗျား"

ဟု ပြောနေသေးသည်။

စက်တင်ဘာလ(၈)ရက်နေ့တွင် ဘေဒါ၏ တစ်စီးမကျန်ပစ်ချချင်သောဆန္ဒ ပြည့်ဝလေတော့၏။ ညနေ ၄ နာရီခွဲတွင် ဘေဒါ၏တပ်စု ၅ စု ကောင်းကင်သို့တက်ရန် အမိန့်ရ၏။ ပေ ၂၁၀၀၀ သို့ရောက်သောအခါ အပေါ်မှ တိမ်လွှာတစ်ခုဖုံးနေသဖြင့် ရန်သူက အလစ်ဝင်စီးမည်ကို မစိုးရိမ်ရတော့ပေ။ ထိုအခိုက် ပေ ၁၆၀၀၀ ၌ ရန်သူလေယာဉ် ၄၀ ကျော်ကို တွေ့ရလေ၏။ နီး၍လာသော် ရန်သူလေယာဉ်အားလုံးမှာ ဗုံးကြဲလေယာဉ်များ ဖြစ်နေသည်ကို သိရလေ၏။ ဘေဒါသည် ရန်သူလေယာဉ်အုပ်ထဲသို့ ထိုးဆင်းသွားရာ သူ၏တပ်စုများကလည်း ထက်ကြပ်မကွာလိုက်ခဲ့ကြ၏။

ထိုနေ့ညနေ စာရင်းချုပ်



www.burmeseclassic.com

www.burmeseclassic.com

ရာတွင် ရန်သူ့လေယာဉ်စုစုပေါင်း ၃၈ စီးပျက်ကျကြောင်း သိရ၏။ ဘေဒါကိုယ်တိုင် ၂ စီး ပစ်ချခဲ့၏။ ဘေဒါ၏တပ်စုထား တစ်စီးမျှမပျက်ခဲ့။ လေသူရဲလည်းတစ်ယောက်မှ မကျဆုံးခဲ့ပေ။ ထိုနေ့မှစ၍ ဂျာမန်လေယာဉ်များ ပုံးလာ၍ကြခြင်းမှာ နည်းသည်ထက် နည်းလာလေ၏။ ပုံးကြလေယာဉ်လေးလေးကြီးများကိုစေလွှတ်မည့်အစား တိုက်လေယာဉ်များတွင်သာ ဗုံးအပေါ့စားများတင်၍ ခိုးကြောင်ခိုးဝှက်လာ၍ ဗုံးကြဲကြ၏။ ဤတွင် အင်္ဂလန်ကို ဂျာမန်တို့ ဝင်ရောက် စီးနင်းမည့်အန္တရာယ်ကြီးမှ ကင်းဝေးသွားရလေတော့သည်။

ဤအချိန်တွင် ဘေဒါတို့လေတပ်အုပ်စုသည် ရန်သူ့လေယာဉ် ၁၅၂ စီး ပစ်ချနိုင်ခဲ့၏။ ဘေဒါတို့ဘက်မှ လေသူရဲ ၃၀ ကျဆုံး၍ လေယာဉ် ၃၀ ကျော် ပျက်စီးခဲ့၏။ ဘေဒါသည် အမှုထမ်းကောင်း ကျက်သရေတံဆိပ်များ ရရှိခဲ့၏။ ဘေဒါ၏ တိုက်ပွဲပရိယာယ်ကိုလည်း လေကြောင်းဝန်ကြီးဌာနမှ ဦးစားပေးနေလေပြီ။ လေကြောင်းတိုက်ပွဲကြီး အရှိန်လျော့ကျသွားပြီးနောက် ၁၉၄၁ ခုနှစ်တွင် ဘေဒါသည် လေးမာလော်ရီ၏ အမိန့်နှင့် တန်းမဲယားလေတပ်စခန်းသို့ ဗိုလ်မှူးကလေးအဖြစ် ရာထူးတိုးမြှင့်ကာ ပြောင်းရွှေ့ခဲ့ရ၏။ ရာထူးတိုး၍ ဝမ်းမြောက်ဖွယ်ဖြစ်သော်လည်း ဘေဒါမှာ စိတ်တိုင်းကျ ဖွဲ့စည်းခဲ့သော ၂၄၂ လေတပ်အုပ်စုနှင့် ခွဲခဲ့ရ၍ ဝမ်းနည်းခဲ့ရပြန်၏။ သို့သော် ဗိုလ်ချုပ်ကြီးက ဘေဒါ၏ တွဲဖက်များဖြစ်သော ဝုဒ်ဟောလ်အား ရာထူးတိုးပေးကာ ဘေဒါ၏စခန်းသို့ ပြောင်းပေး၏။ တာနာနှင့်ကရော်လီမီလင်းတို့ကိုလည်း ဘေဒါ၏တပ်သို့ ပြောင်းရွှေ့ပေးလေသည်။

ဤအချိန်၌ကား အင်္ဂလိပ်တို့က ဂျာမန်ပိုင် ပြင်သစ်နယ်ကိုပင် ပြန်လည်၍ ဗုံးကြဲစပြုနေပြီဖြစ်၏။ အင်္ဂလိပ်တို့၏ နောက်ဆုံးပန်းတိုင်မှာ ပြင်သစ်ကမ်းခြေကို ဝင်၍စီးနင်းရန်ဖြစ်ရာ လက်ဦးဆုံးအဆင့်၌ ဂျာမန်တို့၏ တိုက်လေယာဉ်အင်အားကို ချိုးဖွဲ့ပစ်ရန် ကြံစည်ထား၏။ ထို့ကြောင့် ဂျာမန်တိုက်လေယာဉ်များ ကောင်းကင်သို့တက်လာအောင် စစ်မြူရတော့သည်။ အင်္ဂလိပ်တို့က တိုက်လေယာဉ်များကို ပြင်သစ်နယ်မြေပေါ်သို့ လွှတ်၏။ ဂျာမန်တို့က တက်၍မတိုက်ကြချေ။ ဤတွင် အင်္ဂလိပ်တို့သည် ပြင်သစ်အတွင်းပိုင်းနယ်မြေကို ခရီးဝေးပျံသန်းကာ ဗုံးကြဲ၍ခံကြ၏။ ထိုမှသာ ဂျာမန်တိုက်လေယာဉ်များသည် ကောင်းကင်သို့ အများအပြား တက်ရောက်လာကြတော့သည်။

ထိုသို့ တက်ရောက်လာကြသော လေယာဉ်များကို အင်္ဂလိပ်တိုက်လေယာဉ်များက ပစ်ချကြ၏။ အပျက်အစီးမှာ ဂျာမန် ၃ စီးပျက်လျှင် အင်္ဂလိပ် ၂ စီးပျက်၏။ ဘေဒါသည် ထိုတိုက်ပွဲများတွင်လည်း မနားတမ်းပါဝင်လျက်ရှိ၏။ တစ်ကြိမ်တစ်ခါမှ ဒဏ်ရာမရဖူးသော ဘေဒါအား 'ပြီး' နေသောသူဟုပင် ထင်လာကြ၏။ ထို့ကြောင့် ဘေဒါ၏အုပ်စုမှ လေသူရဲတို့သည် ကြောက်စိတ်မရှိသလောက် ဖြစ်ကြရလေသည်။

၁၉၄၁ ခုနှစ် ဇူလိုင်လသို့ရောက်သောအခါ စစ်ဌာနချုပ်က ဘေဒါပင်ပန်းလှပြီဖြစ်ကြောင်း ရိပ်မိကာ စိုးရိမ်စပြုလာ၏။ သတင်းစာများကလည်း အာဇာနည်ခြေထောက်မဲ့ဘေဒါကို အနားပေးရန် ရေးသားလာကြ၏။ အဘယ်ကြောင့်ဆိုသော် ဘေဒါသည် တိုက်လေယာဉ်တပ်မှန်သမျှတွင် အများဆုံးတိုက်ပွဲဝင်ခဲ့ပြီး လက်ပေါင်းလေသူရဲကြီးများအနက်မှ တစ်ဦးတည်းသော မသေဘဲ တင်ကျန်ရစ်ကာ တိုက်ပွဲဆက်လက်ဆင်နွှဲ၍ ကောင်းနေဆဲဖြစ်၏။

ဗိုလ်ချုပ်ကြီးလေးမာလော်ရီကပင်. .

"မင်း အနားယူဖို့ကောင်းပြီ"

ဟု ပြောသည်ကိုဘေဒါက. .

"ကျွန်တော် မပန်းသေးပါဘူး"

ဟု ငြင်း၏။ ဗိုလ်ချုပ်ကြီးကလည်း အလျှော့ပေးကာ. .

"အေး၊ ခုတော့ မင်းသဘောပဲ။ စက်တင်ဘာလကျရင်တော့ မင်းကို ငါကိုယ်တိုင် အမိန့်နဲ့ နားခိုင်းမယ်"

ဟု ဆိုလေ၏။ အထက်အရာရှိများက အမျိုးမျိုး အနားယူရန် တိုက်တွန်းကြတိုင်း ဘေဒါသည် ခါးခါးသီးသီးငြင်းဆန်နေခဲ့၏။ ယခုကဲ့သို့ ငြင်းဆန်ပြီး ခွန့်ခွန့်စားစား တိုက်ခိုက်နေခြင်းမှာ ဂုဏ်ရှိန် မြင့်လိုသောကြောင့် မဟုတ်ပေ။ ဘေဒါသည် ယခုအချိန်ထိ ရန်သူ့လေယာဉ်ပျံ ၂၁ စီးပစ်ချခဲ့ပြီးဖြစ်၏။ လေတပ်မတော်တွင် ရန်သူ့လေယာဉ်အများဆုံးပစ်ချနိုင်သော လေသူရဲစာရင်း၌ ပဉ္စမဖြစ်လာ၏။ ပထမဖြစ်ရန် အာသီသမရှိ။ ခြေလက်အင်္ဂါစုံလင်သော အခြားလေသူရဲများကိုလည်း ဝန်တိုစိတ်မရှိ။ သူ့အတွက် သူအုပ်ချုပ်ရသော လေတပ်အုပ်စု၏ ဂုဏ်သတင်းသာလျှင် အဓိကဖြစ်နေသည်။

သူ့အုပ်စုတွင် သူဦးစီးမှ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မည်ဟု ယုံကြည်သည်။ ထို့ [illegible] သောက်ရှိသည့် သာမန်လူများ နှင့်မခြား စွမ်းဆောင်နိုင်ကြောင်း ပြလိုသောဆန္ဒကို တိုက်ပွဲများက ဖြည့်စွမ်းပေးလျက်ရှိသည် မဟုတ်ပါလား။

၁၉၄၁ ခုနှစ် ဩဂုတ်လ(၉)ရက်နေ့။

ထိုနေ့ကား ဘေဒါအတွက် ကြမ္မာငင်သော နေ့ဖြစ်လေရာ အစကနဦးကပင် အလွဲလွဲ အချော်ချော်ဖြစ်နေတော့၏။ တိုက်ပွဲဝင်ရန် အမိန့်ရောက်လာသောအခါ ကောင်းကင်သို့ ပျံတက်ကြပြီး အမြင့်ဆုံးမှလိုက်၍ ကာကွယ်ပေးရမည်ဖြစ်သော အုပ်စုမှာ လမ်းမှားပျံသန်းသွား၏။ ထိုအုပ်စုကို ရေဒီယိုဖြင့် ခေါ်ယူနိုင်သော်လည်း ရန်သူက အသံဖမ်းမိပြီး မိမိတို့ ဘယ်မှာရှိသည်ကို သိသွားမည်စိုးသဖြင့် ရေဒီယိုမခေါ်ဘဲ နေလိုက်ရ၏။ အင်္ဂလိပ်ရေလက်ကြားကို တစ်ဝက်ခန့် ပျံသန်းပြီးသောအခါ ဘေဒါ၏လေယာဉ်မှ အမြန်နှုန်း တိုင်းသော ကိရိယာ ပျက်သွားလေ၏။ ထိုကိရိယာပျက်သွားသဖြင့် မိမိတို့လေယာဉ်များနှင့် လီလီ [illegible]သို့ချိန်းထားသည့်အချိန်တွင် ရောက်၍ လွယ်ကူတော့မည်။

ပြင်သစ်ကမ်းခြေသို့ ရောက်သည်နှင့် [illegible] ဘေဒါ၏အုပ်စုသည် ဂျာမန်တိုက်လေယာဉ် ၁၂ စီးကို ရှေ့တွင်မြင်ရ၏။ ထိုလေယာဉ်များမှာ ဘေဒါတို့ထက် ပေ ၂၀၀၀ နိမ့်၍ ပျံသန်းနေကြဆဲဖြစ်၍ ဂျာမန်လေယာဉ်များသည် ဘေဒါတို့၏စက်သေနတ်များကို ကျောပေးကာ စင်း၍ ခံနေသလို ဖြစ်နေ၏။ ဘေဒါသည် တိုက်ပွဲဝင်ရန် အခြားလေယာဉ်များအား အချက်ပေးလိုက်ပြီးနောက် ရန်သူများရှိရာသို့ ထိုးစိုက်ချလိုက်လေ၏။ သို့သော် လေ၏အမြန်နှုန်းကိရိယာ ပျက်နေသောကြောင့် လေယာဉ်၏အပြေးနှုန်းကို အတိအကျတွက်၍ မရနိုင်တော့ပေ။ ထို့ကြောင့် လေယာဉ်သည် လိုသည်ထက်ပိုမိုလျင်မြန်စွာ စိုက်ဆင်းသွားသဖြင့် ဂျာမန်လေယာဉ်တစ်စီးနှင့် ဝင်၍ ဆောင့်မိတော့မလို ဖြစ်သွား၏။ သို့ဖြစ်၍ ဘေဒါသည် သူ၏လေယာဉ်ကို ရန်သူလေယာဉ်ပျံနှင့် မဆောင့်မိအောင် အောက်တည့်တည့်သို့ စိုက်ချလိုက်ရလေသည်။

ဘေဒါသည် ကိရိယာပျက်သည်ကို ဒေါသထွက်မိ၏။ လေယာဉ်ကို စိုက်ချရာမှ ပေ ၄၀၀၀ အရောက်တွင် ပြန်၍ မတ်ကာ ပျံသန်းရင်း နောက်ဘက်သို့ကြည့်လိုက်ရာ ဘေဒါမှာ သူတစ်ဦးတည်း နယ်ကျွံ၍ မိမိ၏လေယာဉ်အုပ်စုမှကွဲကာ ကျန်ရစ်ပြီဖြစ်ကြောင်း သိရလေ၏။ ရှေ့သို့ပြန်ကြည့်လိုက်သောအခါတွင် ရန်သူလေယာဉ် ၆ စီးတို့သည် ၂ စီးစီတွဲကာ မိမိပျံသန်းနေသည့်ဘက်သို့ပင် ဦးတည်ပျံသန်းနေသည်ကို မြင်ရလေသည်။ ရန်သူများသည် ဘေဒါ နောက်က ရောက်နေသည်ကို မသိကြ။ ခပ်အေးအေးပင် ပျံသန်းနေကြ၏။

ဘေဒါသည် လေကြောင်းတိုက်ပွဲတိုင်း အုပ်စုဖွဲ့၍ တိုက်သောနည်းကို လက်ကိုင်ထားသူဖြစ်၏။ အုပ်စုကွဲသွားပါက တစ်ဦးတည်း တိုက်ပွဲမဝင်ရ။ အုပ်စုကိုတွေ့အောင်ရှာပြီး ပြန်၍ စုပေါင်းရမည်။ မတွေ့ပါက စခန်းသို့ပြန်ခဲ့ရမည်ဟု တင်းကျပ်စွာ အမိန့်ထုတ်ထား၏။ ယခု သူကိုယ်တိုင် လေယာဉ်အုပ်စုကွဲ၍ ကျန်ရစ်ပြီး လွယ်လွယ်နှင့် ပစ်ချနိုင်သော ရန်သူများကို မိမိရှေ့တွင် မြင်ရသောအခါတွင်မူ ဘေဒါသည် ရန်သူကို ပစ်ချချင်သည့် ဇောကို မလွန်ဆန်နိုင် တော့ဘဲ ပစ်ခတ်ရန် ဆုံးဖြတ်ပြီး မိမိအား နောက်မှဝင်ရောက် တိုက်ခိုက်နိုင်သော ရန်သူလေယာဉ်များ ရှိမည်လားဟု တွေးကာ နောက်သို့ ပြန်လှည့်ကြည့်လိုက်ရာ မည်သည့်လေယာဉ်မျှ မတွေ့သဖြင့် အေးကင်းစွာ တိုက်ပွဲဝင်နိုင်လေပြီ။

ဘေဒါသည် ရရှိသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ ရန်သူလေယာဉ် ၂ စီးတွဲ ၃ စုအနက် အလယ်ခေါင်အတွဲနားသို့ တိုးကပ်ခဲ့၏။ ရန်သူတို့ကား မရိပ်မိသေး။ ကိုက် ၁၀၀ အကွာသို့ ရောက်သောအခါ ဘေဒါသည် စက်သေနတ်ခလုတ်ကို ဆွဲလိုက်ရာ ရန်သူလေယာဉ် တစ်စီးမှာ မီးဟုန်းဟုန်းတောက်ကာ ထိုးကျသွားတော့သည်။ အခြားရန်သူလေယာဉ်များကား ရှေ့သို့သာ ပျံ၍ပြေးကြ၏။ ဘေဒါသည် နောက်ထပ်ကိုက် ၅၀ အကွာတွင်ရှိသည့် ရန်သူလေတပ်ခေါင်းဆောင်၏ လေယာဉ်ကို သုံးစက္ကန့်မျှ စက်သေနတ်နှင့် ပစ်ပြန်၏။ ရန်သူလေယာဉ်မှ အတောင်ပံများသည် ပဲ့ထွက်ကုန်ပြီး ဝုန်းခနဲ မီးထတောက်ကာ ထိုးကျသွားပြန်လေ၏။ ထိုအခိုက် လက်ဝဲဘက်မှ ရန်သူလေယာဉ် ၂ စီးတွဲသည် ဘေဒါရှိရာသို့ ကွေ့ဝိုက်ကာ အပြင်းမောင်းနှင်လာကြ၏။ -

ဘေဒါသည် လေယာဉ်ကိုလက်ကျာဘက်သို့ကွေ့ရှောင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။ ဤတွင် လက်ျာဘက်က ရန်သူလေယာဉ် ၂ စီး၏ အနီးသို့ ရောက်လာခဲ့တော့သည်။ ထိုနှစ်စီးမှာ အတော်ကွာခြားနေလေရာ ဘေဒါသည် ရန်သူလေယာဉ်နှစ်စီး၏ကြားမှ သူ၏လေယာဉ်ကို ပျံသန်းလိုက်၏။ ဤပျံသန်းခြင်းမှာ အစွမ်းပြခြင်းသက် သက်ဖြစ်၏။ ဘေဒါက အလယ်သို့ရောက်နေ၍ ရန်သူလေယာဉ်များမှာ ကိုယ့်အချင်းချင်း ထိမှန်မည်စိုး၍ နှစ်ဖက်ညှပ်၍ မပစ်နိုင်ရန် ပြုလုပ်ခြင်းလည်း ဖြစ်၏။ ထိုစဉ် ဘေဒါ၏လေယာဉ်မှာ သိမ့်သိမ့်ခါသွားသည်ကို သတိပြုမိလိုက်၏။ ကြောက်စိတ်ကား လုံးဝမပေါ်။ မိမိလေယာဉ်နောက်ပိုင်းကို တစ်စုံတစ်ခုက ဆွဲထားပြီး မြေပြင်ဆီသို့ ဇောက်ထိုးကျအောင် ဖန်တီးနေသည်ဟုသာ နားလည်လိုက်၏။ ဘာဖြစ်ပါလိမ့် ဟုတွေးပြီး လေယာဉ်၏ပဲ့ပိုင်းသို့ သမင်လည်ပြန် ကြည့်လိုက်မိ၏။ ထိုအခါမှ အကြောင်းစုံသိရလေတော့သည်။

ဘေဒါ၏လေယာဉ်သည် လေသူရဲထိုင်ခုံနောက်မှ တစ်ပိုင်းလုံး မရှိတော့။ လေယာဉ်၏ ကိုယ်ထည်၊ ပဲ့ပိုင်းနှင့် ပဲ့ရွက်များ မရှိတော့။ နောက်မှလိုက်လာသော ရန်သူလေယာဉ်တစ်စီး၏ပန်ကာနှင့် ဆောင့်မိ၍ ဘေဒါ၏လေယာဉ်မှာ နှစ်ပိုင်းပြတ်သွားချေပြီ။ ဘေဒါသည် ခေါင်းစွပ်နှင့် ဓာတ်ငွေ့ရှူမျက်နှာဖုံးကို ဆွဲဖြုတ်လိုက်ပြီး လေယာဉ်ခေါင်မိုးရှိ သားရေဘောလုံးကလေးကို ဆွဲလိုက်ရာ ပေါင်းမိုးသည် ပြုတ်ထွက်သွားလေ၏။ ပေါင်းမိုးမရှိသည့်နောက် လေတိုးသံသည် ဘေဒါ၏နားထဲတွင် တရှိန်ရှိန်မြည်လာတော့သည်။ ဘေဒါသည် လေယာဉ်၏နံရံထိပ်ကိုကိုင်ကာ ထရန်ကြိုးစား၏။ ခြေထောက်မရှိသူဖြစ်၍ ကန်အားမရှိ။ ထို့ကြောင့် သူ၏ခေါင်းကို လေကာမှန်ထက်မြင့်အောင် ထုတ်လိုက်၏။ သူ၏အကြံမှာ ပြင်းထန်သောလေအရှိန်ဖြင့် ခေါင်းကို လေကဆွဲပြီး သူ့အား လေယာဉ်ပျက်အတွင်းမှ ဆွဲထုတ်ပေးနိုင်လိမ့်မည်ဟု ယူဆသောကြောင့် ဖြစ်၏။ သူထင်သည့်အတိုင်း လေက ဆွဲထုတ်သော်လည်း လက်ကျာဘက်ခြေတုသည် တန်းတစ်ခုအောက်၌ ညပ်နေ၏။ ဘေဒါသည် ညပ်နေသော ခြေတု ပြုတ်ထွက်ရန် အတင်းရုန်း၏။ လေယာဉ်ကား မြေပြင်သို့ ထိုးစိုက်ဆင်းရင်း သေမင်းတိုင်းပြည်သို့ ဆွဲခေါ်နေလေပြီ။ ကံအားလျော်စွာ ခြေတုသည် ပြုတ်ထွက်သွား၏။

ဘေဒါလည်း လေယာဉ်ကွင်းမှ လွတ်ထွက်ကာ ကောင်းကင်မှလွှတ်ချလိုက်သလို ကျဆင်းလာနေ၏။ ဘေဒါသည် လေထီးကြိုးကို ဆွဲလိုက်ရာ လေထီး ဖြတ်ခနဲ ပွင့်သွားပြီး တွဲလဲခိုလျက် အသာအယာ နိမ့်ဆင်းနေ၏။ ကံကောင်းစွာပင် အောက်တွင် စိမ်းစိုနေသော မြေပြင်ကို လှမ်း၍မြင်နေရလေသည်။ ထိုခဏတွင် တစ်စုံတစ်ခုက ဘေဒါ၏မျက်နှာကို လာ၍ရိုက်ခတ်သဖြင့် ကြည့်လိုက်ရာ ညာဘက်ဘောင်းဘီစကြီး ဖြစ်နေလေ၏။ ညာဘက်ခြေတုကြီးကား လေယာဉ်ပျက်နောက်သို့ ပါသွားချေပြီတကား။

ဘေဒါသည် လေထီးခိုရင်း ပြုံးမိ၏။ ခြေတုတပ်ထားခြင်းသည် မိမိအတွက် အလွန်ပင် ကံကောင်းလှ၏။ အကယ်၍သာ ခြေထောက်အစစ်များသာ ဖြစ်ပါက ခြေထောက်ပြုတ်မထွက်ဘဲ လေယာဉ်ပျက်နှင့်အတူ ပါသွားကာ မုချသေရမည်မှာ မလွဲပေ။ တဖြည်းဖြည်း မြေပြင်သည် နီးသည်ထက် နီးလာ၏။ ရုတ်တရက် နံရိုးများအောင့်သွားကာ မိမိ၏ဒူးတစ်ဖက်က ရင်ဘတ်သို့ လာ၍ဆောင့်လိုက်ရာ ဘေဒါသတိမေ့သွားတော့၏။ ဘေဒါ လေထီးဖြင့်ဆင်းလာသည်ကိုတွေ့သော ဂျာမန်စစ်သားများသည် မြေပြင်သို့ကျကာ သတိလစ်နေသော အင်္ဂလိပ်လေသူရဲကို ပြေးလွှား ကြည့်ရှုကြသောအခါ အင်္ဂလိပ်လေသူရဲမှာ ခြေထောက်နှစ်ဖက်စလုံးမပါသူတစ်ဦး ဖြစ်နေပေရာ များစွာအံ့အားသင့်သွားကြလေတော့သည်။

ဘေဒါသည် ဂျာမန်တို့၏ သုံ့ပန်းအဖြစ် သုံးနှစ်ခွဲ အဖမ်းခံခဲ့ရ၏။ ပထမ ပြင်သစ်ပြည်ဆေးရုံတစ်ရုံ၌ တက်ရောက်နေရာ ဘေဒါသည် ဂျာမန်များအား ဗြိတိသျှလေတပ်မှ ခြေတုတစ်စုံမှာ၍ပေးရန် မရမကပြော၏။ မကြာမီ ဗြိတိသျှလေတပ်မှ ခြေထောက်တုတစ်စုံကို လေထီးနှင့် လာချပေးလေသည်။ ထိုခြေထောက်တုရသောအခါ ဘေဒါသည် ဂျာမန်များအား ကျေးဇူးဆပ်တော့၏။ ဆပ်ပုံဆပ်နည်းကား ပေ ၄၀ မြင့်သော သုံးထပ်တိုက်မှ အိပ်ရာခင်းများကို ဆက်၍ ကြိုးလုပ်ကာ ဆေးရုံမှထွက်ပြေးခြင်းဖြစ်၏။ နောက်တစ်နေ့တွင် ဘေဒါကို ဖမ်းမိကြရာ ဂျာမန်များက ဘေဒါကို ဂျာမနီသို့ ပို့လိုက်ကြရလေသည်။

ဂျာမနီသို့ရောက်သောအခါတွင်လည်း ဘေဒါသည် အခွင့်အရေးရတိုင်း ထွက်ပြေးနေ၏။ လက်တွန်းလှည်းကလေးနှင့်သာ အေးအေးလူလူနေဖို့ကောင်းသော သုံ့ပန်းက ထွက်၍သာ ပြေးနေသဖြင့် ဂျာမန်များသည် မတတ်သာ



www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ သုံ့ပန်းဆိုးများထား ရာ 'တောလစ်' နယ် ရွှေတောင် နဲ့ရှိ ကပြီးတစ်ခုသို့ပို့တာ အကျဉ်းချ ထားရလေတော့ သည်။ ထိုမှတ်တော်ကြီးမှာ ထုံခြိုလှသဖြင့် ၁၉၅၅ ခုနှစ် ဧပြီလ သို့ရောက်သောအခါမှ မဟာမိတ်တပ်များ ဂျာမဏီကို သိမ်းပိုက်ပြီးမှ ဘေဒါသည် သုံ့ပန်းဘဝမှ လွတ်မြောက်ခဲ့ရ ပေသည်။

အင်္ဂလန်သို့ ပြန်ရောက် သောအခါ ဘေဒါသည် မိမိ ကိုယ်မိမိ မယုံနိုင်အောင် ဖြစ် နေရ၏။ အဘယ်ကြောင့်ဆို သော် တစ်နိုင်ငံလုံးက မိမိအား အမျိုးသားအာဇာနည်သူရဲကောင်း ကြီးအဖြစ် ချီးကျူးနေကြသည် ကို တွေ့ရသောကြောင့် ဖြစ် လေသည်။ လာရောက်တွေ့ဆုံ သူများ၊ ချီးကျူးသူများ များ လွန်းလှသဖြင့် ဘေဒါသည် ဇနီးသည်သယ်လမာနှင့်အတူ တောပိုင်းရှိ အိမ်တစ်အိမ်၌ ပုန်းခိုကာ အပန်းဖြေ၍နေရ လေ၏။ သို့သော် ကြာရှည်မနေ နိုင်ပေ။ စစ်ကြီးကား တိုက်ခိုက် နေဆဲဖြစ်ရာ ဘေဒါသည် အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ပါဝင်ထမ်းဆောင် ရန်အတွက် နောက်ဆုံးပေါ် စပစ်ဖိုင်းယားတိုက်လေယာဉ် ကို မောင်းနှင်ကြည့်၏။ ကောင်း ကင်တွင် အမျိုးမျိုး ကျွမ်းထိုး ကြည့်၏။ ဤတွင် ဘေဒါသည် မိမိ၏စွမ်းရည် မပျက်သေးဘဲ ယခင်အတိုင်း လေယာဉ်ကို ပိုင်နိုင်စွာကိုင်နိုင်သေးကြောင်း တွေ့ရလေ၏။

နှစ်ရက်အတွင်း ဘေဒါ သည် ကမ္ဘာ့အရှေ့ဖျားသို့သွား ရောက်၍ ဂျပန်များကို တိုက် ခိုက်ရန် အဆင်သင့်ရှိကြောင်း လေတပ်ဝန်ကြီးဌာနသို့ လျှောက် လွှာတင်လိုက်၏။ ဝန်ကြီးဌာန မှ အရာရှိများသည် ဘေဒါ၏ သတ္တိနှင့် မျိုးချစ်စိတ်ဓာတ်ကို ချီးကျူးကြပြီး စစ်မှုပြန်လည် ထမ်းဆောင်ခွင့်ကိုကား ခွင့် မပြုတော့ချေ။ အဘယ်ကြောင့် ဆိုသော် ဘေဒါသည် နိုင်ငံတာ ဝန်ကို သာမန်လူများထက် ပိုမို ထမ်းဆောင်ခဲ့ပြီးသောကြောင့် ဖြစ်လေသည်။ ဘေဒါကမူ ခွင့်ပြုချက်ရရှိအောင် အထက် အရာရှိကြီးများကို တောင်းဆို လျက်ရှိ၏။ ထိုအချိန်တွင် အနု မြူဗုံးကြဲ၍ ဂျပန်လက်နက်ချ ကာ စစ်ကြီးပြီးဆုံးသွားသဖြင့် ဘေဒါသည် ပြန်လည်၍ စစ်မှု မထမ်းလိုက်ရတော့ပေ။

ဒေါက်ဂလပ်ဘေဒါအား ဒုတိယကမ္ဘာစစ်ကြီးတွင် အကောင်းဆုံး လေသူရဲ၊ အကောင်းဆုံးတိုက်လေယာဉ် တပ်စုခေါင်းဆောင်၊ စစ်ပရိ ယာယ်အကြွယ်ဝဆုံးပုဂ္ဂိုလ်အဖြစ် ကမ္ဘာက အသိအမှတ်ပြုရလေ ၏။ ဘေဒါအဖို့တွင်မူကား သူ ၏ အကြီးဆုံးသောအောင်ပွဲ သည် လေကြောင်းတိုက်ပွဲများ မဟုတ်ဘဲ ဒုက္ခိတတစ်ဦးအနေ ဖြင့် အများနည်းတူဖြစ်စေရ မည်ဟူသော ဇွဲလုံ့လနှင့် အခြား သူများထက် ပိုမိုထူးခြားစွာ ဆောင်ရွက်နိုင်သည့် ကိုယ်ရေး ကိုယ်တာ မဟာအောင်ပွဲကြီး ဖြစ်ပေသည်။

၁၉၄၆ ခုနှစ်သို့ ရောက် သောအခါ ဘေဒါသည် သူ၏ ကိုယ်ပိုင်လေယာဉ်ဖြင့် ဥရောပ၊ ကမ္ဘာ့အလယ်ပိုင်း၊ အရှေ့ဖျား၊ အာဖရိက စသည့်နေရာများရှိ ဆေးရုံများသို့ သွားရောက်၍ ခြေလက်အင်္ဂါချွတ်ယွင်းနေသော ကလေး၊ လူငယ်၊ လူကြီး၊ တပ် မတော်သား စသည်များကို အားပေးကာ မိမိဘဝနှင့်နှိုင်း ယှဉ်လျက် မည်သည့်အခြေအနေ ဆိုးကိုပင် ရောက်စေကာမူ မလျော့သော ဇွဲလုံ့လဖြင့် ကြိုး စားပါက ကောင်းကင်တမွတ် ကြယ်ကိုပင်ဆွတ်နိုင်ကြောင်း ဟောပြောနှစ်သိမ့်လေ၏။

ဝေဒနာရှင် လူနာများ အနေဖြင့် ဘေဒါ၏အားပေး နှစ်သိမ့်မှုကို ကျေနပ်စွာလက် ခံရင်း စိတ်ဓာတ်များတက်ကြွ လာကြလေ၏။ အမှန်တကယ် ဆိုသော် ဘေဒါဆိုသည့် လူစွမ်း စားတစ်ယောက်ကား တပ်မ တော်တွင် ထူးခြားပြောင်မြောက် စွာ တာဝန်ထမ်းဆောင်နိုင်ရုံ သာမက စိတ်ဓာတ် ကျဆင်းနေ သော ကိုယ်အင်္ဂါ ချို့တဲ့နေသည့် လူနာများအတွက်လည်း အား ဆေးကြီးတစ်ခွက်ကဲ့သို့ အစွမ်း ထက်လှသော စံနမူနာဖြစ်ပါ ကြောင်းတင်ပြလိုက်ရပါသည်။

**ပဥ္စလက်**

၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ထုတ် ပဒေသာမဂ္ဂဇင်း အတွဲ (၁)၊ အမှတ် (၂)မှ မှုရင်းဝတ္ထု ရေးသူ ပေါလ်ဘရစ်တီး၏ 'Catching for the Star' ဘာသာပြန်ဆိုသူ 'စံရှား' ၏ 'ကောင်းကင်တမွတ် ကြယ်ကို ဆွတ်ဖို့' ဝတ္ထုကို အနည်းငယ် ပြုပြင်၍ ပြန်လည်ဆန်းသစ်ပါ သည်။

**ဘေဒါအဖို့တွင်မူကား သူ၏ အကြီးဆုံးသောအောင်ပွဲသည် လေကြောင်းတိုက်ပွဲများ မဟုတ်ဘဲ ဒုက္ခိတတစ်ဦးအနေဖြင့် အများနည်းတူဖြစ်စေရမည်ဟူသော ဇွဲလုံ့လနှင့် အခြားသူများ ထက် ပိုမိုထူးခြားစွာ ဆောင်ရွက်နိုင်သည့် ကိုယ်ရေးကိုယ်တာ မဟာအောင်ပွဲကြီးဖြစ်ပေသည်။**



www.burmeseclassic.com

www.burmeseclassic.com

# အမှုတွေပြေအောင်စေမယ့် ဥပဒေအမေးအဖြေ

ဦးစောလှိုင် [ B.A (HIST.) H.G.P., R.L ]

**အိမ်ငှားအတွက်ကော ဥပဒေက အခွင့်အရေးပေးမထားဘူးလား**

ဆရာခင်ဗျား ...

ကျွန်တော်ဝန်ထမ်းဘဝက သက်ပြည့်ပင်စင်ယူပြီး နှစ်သုံးဆယ်ကျော် တာဝန်ထမ်းဆောင်ခဲ့တဲ့ လုပ်သက်ဆုငွေလေး မပျောက်ပျက်ရလေအောင် တောင်ဒဂုံမှာရထားတဲ့ မြေကွက်ကလေးမှာ သင့်တင့်တဲ့ အိမ်တစ်လုံးဆောက်ဖို့ စီစဉ်ခဲ့ပါတယ်။

အိမ်ဆောက်ချိန်ကာလ လေးငါးလလောက်ကြာမယ်ဆိုတာနဲ့ တစ်ရပ်ကွက်တည်းမှာရှိတဲ့ အိမ်တစ်လုံးကို ခြောက်လ အငှားစာချုပ် ချုပ်ပြီး ငှားနေလိုက်ပါတယ်။ အိမ်လခ ခြောက်လစာကို စာချုပ်ချုပ်တဲ့နေ့မှာ အပြီးပေးချေခဲ့ရပါတယ်။

ကျွန်တော်ကတော့ ငှားရမ်းထားတဲ့ လက်သမားအဖွဲ့နဲ့အတူ လိုက်နေပြီး အိမ်အတွက် လိုအပ်တာတွေကို အချိန်နဲ့တစ်ပြေးညီ ဝယ်ပေးရင်း အိမ်မြန်မြန်ပြီးရေး လောဆော်နေရတာပေါ့ဆရာ။

…ပုံနဲ့ အချိန် လေးလလောက်အကြာမှာ အိမ်ရဲ့အခြေခံပုံကြမ်းပေါ်လာတယ်။ နောက်ထပ်တစ်လကျော်လောက်ဆိုရင် အပြီးသတ်နိုင်မယ်လို့ လက်သမားဆရာက ပြောပါတယ်။

ဒါပေမယ့် မှာထားတဲ့ သစ်ခွဲသားတွေ အချိန်မီရောက်မ…ာသေးတာကြောင့် ခြောက်လကျော်လာတဲ့အထိ အိမ်ကို …က်စမ်သတ်နိုင်ဘူး ဖြစ်နေတယ်။ ကျွန်တော်ငှားနေတဲ့အိမ်ရှင်…လည်း ငှားရမ်းချိန် ခြောက်လကျော်လာတော့ တခြားတစ်ယောက်ကို တင်ချင်နေပြီပေါ့။ ဒါမှလည်း သူ့အတွက် နောက်ထပ် အိမ်လခ ခြောက်လစာ လုံးခနဲရမှာကိုး။

ကျွန်တော့်မှာ ခက်နေတာက အိမ်က နောက်ထပ်တစ်လမဟုတ်ရင်တောင် နှစ်လလောက်အတွင်း ပြီးနိုင်တယ်။ ဒါကြောင့် နောက်ထပ် ခြောက်လစာချုပ် ချုပ်ဖို့မလိုအပ်ဘူး။ အမှန်အတိုင်းဝန်ခံရရင် အဲဒီလောက် စာချုပ်ချုပ်ဖို့လည်း ကျွန်တော့်မှာ ငွေကြေးမလုံလောက်တော့ဘူး။ ရှိတာလေး ထုခွဲရောင်းချပြီး မြိုးမြိုစားနေရတဲ့ အခြေအနေပါ။

အိမ်ရှင်က ပထမတစ်လစာ အိမ်လခကိုတော့ အားနာနာနဲ့ လက်ခံခဲ့ပေမယ့် ဒုတိယလရောက်တော့ နောက်ထပ် ခြောက်လစာ စာချုပ်မချုပ်နိုင်ရင် တခြားပြောင်းပေးဖို့ တောင်းဆိုလာပါတော့တယ်။ ကျွန်တော်က အိမ်မပြီးသေးလို့ ခဏသည်းခံပေးဖို့ တောင်းဆိုပေမယ့် အိမ်ရှင်က ခုလကုန်မဆင်းရင် တရားစွဲပြီး နှင်ချမယ်လို့ ရာဇသံပေးလာပါတယ်။

ကျွန်တော်သိချင်တာက အိမ်ငှားတစ်ယောက်ဟာ အငှားစာချုပ်သက်တမ်းပြည့်သွားပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အိမ်ပေါ်က မဆင်းနိုင်သေးရင် တစ်လတန်သည်၊ နှစ်လတန်သည် ဆက်နေပိုင်ခွင့် မရှိတော့ဘူးလားဆရာ။

ဒီကိစ္စကို ဥပဒေနဲ့အညီ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ အမြန်ဆုံး ဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

အစဉ်လေးစားလျက်
ဦးခင်မောင်ကျော်
(၃၆) ရပ်ကွက်၊ တောင်ဒဂုံ

www.burmeseclassic.com

ဦးခင်မောင်ကျော်ခင်ဗျား . . .

ဒုစ်ဓဝ ပြည်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ–၂(ဆ)မှာ “အိမ်ငှားဆိုသည်မှာ အိမ်ရှင်၏ သဘောတူညီချက်အရဖြစ်စေ၊ သဘောတူညီချက်အရမဟုတ်ဘဲဖြစ်စေ လက်ရှိနေထိုင်မြဲနေထိုင်သူ”လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

အဲဒီဥပဒေမှာပဲ “အိမ်ငှားဆိုသည်မှာ အငှားချထားမှုကုန်ဆုံးပြီးနောက် ငှားရမ်းသည့်ဥပစာတွင် ဆက်လက်နေထိုင်မြဲနေထိုင်သူ”လို့ ဆိုထားပါတယ်။

ဒါကြောင့်မို့ ဦးခင်မောင်ကျော်မိသားစုအနေနဲ့ လက်ရှိငှားနေတဲ့ အိမ်မှာ အငှားစာချုပ် သက်တမ်းကျော်လွန်သွားပေမယ့် အိမ်ရှင်ကို အိမ်လခပေးပြီး ဥပဒေအရ ဆက်လက်နေထိုင်နိုင်ပါတယ်။ အိမ်ရှင်ရာဇသံပေးသလို တရားစွဲပြီး နှင်ချလို့မရနိုင်ပါဘူး။

ဒါပေမယ့် ကြာလာရင်တော့ အိမ်ရှင်က အိမ်လစာလက်မခံတာတို့ အိမ်မှာကြာကြာမနေရဲအောင် နည်းအမျိုးမျိုးနဲ့ အနှောင့်အယှက်ပေးလာနိုင်ပါတယ်။

ဒါကြောင့်မို့ အကောင်းဆုံးကတော့ ဆောက်လက်စအိမ်ကို ဖြစ်တဲ့နည်းနဲ့ အမြန်ဆုံးပြီးအောင်ဆောက်ပြီး အမြန်ဆုံးပြောင်းရွှေ့နေထိုင်ကြဖို့ တိုက်တွန်းအကြံပြုပါရစေဗျာ။

××× ××× ×××

## ကာလပေါက်ဈေးထက်နည်းနေလို့ လောဘတက်ပြီး ဝယ်ထားမိရင်

ဆရာရှင့် . . .

*တစ်နေ့က ကျွန်မနဲ့ ညီအစ်မလို ခင်မင်ရင်းနှီးနေတဲ့ အစ်မကြီးတစ်ယောက် ရတနာပစ္စည်းတွေ ပိုက်ပြီး မြန်းစားကြီး ရောက်လာပါတယ်။ အရေးတကြီးငွေလိုနေလို့ ၁၀ သိန်းတန် ရတနာတွေကို ၇ သိန်းနဲ့ ယူထားလိုက်ဖို့ ပြောပါတယ်။*

*အစ်မကြီးရဲ့ ရတနာတွေက ကာလပေါက်ဈေးထက် လျော့နည်းနေတာကတစ်ကြောင်း၊ မိတ်ဆွေအချင်းချင်း ကူညီရာလည်းရောက်ချင်တာက တစ်ကြောင်းကြောင့် ရတနာတွေကို ကျွန်မ ဝယ်ယူထားလိုက်မိပါတယ်။*

*ဒါပေမယ့် အဲလိုဝယ်ထားလို့ တစ်ပတ်တောင်မကြာလိုက်ပါဘူး ရတနာတွေကို ရဲဘက်က လာသိမ်းသွားပါတယ်။ အစ်မကြီးကိုလည်း ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုဥပဒေပုဒ်မ ၄၀၆ နဲ့ တရားစွဲထားတယ်လို့ ကြားသိရပါတယ်။*

*အဲဒီအမှုပြီးသွားတဲ့အခါ အစ်မကြီး ထောင်ကျသွားပါတယ်။ သက်သေခံရတနာပစ္စည်းတွေကို တရားရုံးက မူလပိုင်ရှင်ဆီ ပြန်အပ်လိုက်ပါတယ်။*

*အခုပြဿနာက ကျွန်မမှာသာ ကြားထဲကနေ ဘုမသိဘမသိနဲ့ ငွေ ၇ သိန်း နစ်နာဆုံးရှုံးနေပါတယ်။ ဒါကြောင့် ကျွန်မ ဆုံးရှုံးခဲ့ရတဲ့ ငွေတွေကို ဥပဒေအရ ပြန်ရအောင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ ဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ် ဆရာရှင့်။*

*အထူးကျေးဇူးတင်စွာဖြင့်*
*မအေးသာ*
*၃၅ လမ်း၊ ရန်ကုန်မြို့။*

မအေးသာခင်ဗျား . . .

ရတနာပစ္စည်းတစ်ခုကို ငွေလိုလို့ ရောင်းချင်တယ်ဆို ဘယ်ရတနာဆိုင်မှာမဆို ကာလပေါက်ဈေးနဲ့ ပြန်ရောင်းလို့ ရနိုင်ပါတယ်။ ခုတော့ ဒီလိုမဟုတ်ဘဲ မအေးသာဆီမှာ လျှော့ဈေးနဲ့ ကြိတ်ပြီး လာရောင်းတာကိုက အစ်မကြီးရဲ့ လုပ်ရပ်ဟာ မရိုးသားဘူးဆိုတာ သိသာလှပါတယ်။

တစ်ခါ မအေးသာကလည်း ကာလပေါက်ဈေးထက် လျှော့ဈေးနဲ့ရမယ်ဆိုတာကို လောဘတက်ပြီး မဆင်မခြင် ဝယ်လိုက်မိတာကိုက အမှားကြီးမှားခဲ့တာပါ။

တကယ်တော့ အစ်မကြီးက ရတနာပစ္စည်းပိုင်ရှင် အမြန်ရောင်းပေးဖို့ အပ်နှံထားတာကို အလွဲသုံးစားလုပ်ပြီး မအေးသာဆီမှာ မလိမ့်တစ်ပတ်နဲ့ လူမသိအောင် လာရောင်းစားသွားတာပါ။ အဲဒါကြောင့်လည်း အစ်မကြီးဟာ ရတနာပိုင်ရှင်ရဲ့ တရားစွဲဆိုတာခံရပြီး ထောင်ဒဏ်ခံသွားရတာပါ။

အမှုပြီးလို့ တရားရုံးတော်အနေနဲ့ သက်သေခံရတနာပစ္စည်းတွေကို မူလပိုင်ရှင်ဆီ ပြန်ပေးလိုက်တာကလည်း ဥပဒေလုပ်ထုံးလုပ်နည်းအမှန်ကန်ပါပဲ။

ဒါကြောင့်မို့ မအေးသာရဲ့ မေးခွန်းကို စိတ်မကောင်းစွာနဲ့ ဖြေရရင် ငွေ ၇ သိန်း နစ်နာဆုံးရှုံးတာထက် ခိုးရာပါပစ္စည်း လက်ခံမှုနဲ့ အရေးယူမခံရတာကိုပဲ ဘုရားမတာလို့ နှလုံးသွင်းပြီး စိတ်ဖြေလိုက်တာက အကောင်းဆုံးပါပဲလို့ ဖြေလိုက်ပါရစေတော့ဗျာ။

**ဦးစောလှိုင် [B.A(Hist:) H.G.P.,R.L]**



www.burmeseclassic.com

www.burmeseclassic.com

## အိုးအိမ် ၅၀၀ ကျော် ပါသွားသည့် မီးပေါ်ဆမှု



မလေးရှားနိုင်ငံ၏ ပင်လယ်ကမ်းခြေမြို့တစ်ခုဖြစ်သော ကမ်ပေါင်းနမ်ဘစ်စ်မြို့တွင် မီးလောင်မှုဖြစ်ပွားကြောင်း။ စတင်ဖြစ်ပွားမှုကို မသိရသော်လည်း အိမ်ခြေ ၅၀၀ ကျော် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ ထောင်ပေါင်းများစွာသော မိသားစုများ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပေသည်။

ကယ်ဆယ်ရေး၊ ငြိမ်းသတ်ရေး လုပ်ငန်းများ ရှုပ်ထွေးသွားပြီး ဒုက္ခသည်များကို နေရာချထားပေးရသည်။

မောင်ကောင်းယဉ်

*N.S.T. 30.3.13*

---

## အင်ဒိုနီးရှား လေယာဉ်မတော်တဆအန္တရာယ်



အင်ဒိုနီးရှားနိုင်ငံ ခြသေ့်လေကြောင်းလိုင်းသည် မတော်တဆဖြစ်ပွားမှုများကြောင့် အန္တရာယ်မကင်းသည်ကို စိုးရိမ်ရပေသည်။ မကြာမီက ဘာလီကျွန်းအနီး ပင်လယ်တွင်း ထိုးကျခဲ့ရာ လေယာဉ်ပေါ်ရှိ ခရီးသည် ၁၀၈ ဦး ဒဏ်ရာရကာ၊ ဆေးဝါးကုသမှုခံကြရသည်။

ယင်းသို့ မတော်တဆမှုမှာ ၁၁ လအတွင်း ခြောက်ကြိမ်ဖြစ်ပွားခဲ့ပြီး ပထမငါးခုမှာ ပြေးလမ်းချော်မှုကြောင့် ဖြစ်သည်။ စုံစမ်းစစ်ဆေးမှုများအရ ဖြစ်ပွားရသည့်အကြောင်းရင်းများတွင် လေယာဉ်မှူးများ မူးယစ်ဆေးဝါးသုံးစွဲခြင်းလည်း ပါဝင်ပေသည်။ လေကြောင်းလိုင်းများတွင် လေယာဉ်အစီးငါးရာခန့်ရှိသည်ဆို၏။



တစ်ချိန်တည်းတွင် လုပ်ငန်းကျွမ်းကျင်မှုနှင့် လေယာဉ်ကြံ့ခိုင်မှုများအား ထုတ်ရန်လိုအပ်သည်ဟု ဆိုပေသည်။ လေယာဉ်မှူးများသည် လုပ်ငန်းနှင့် အင်အားမမျှတရာမှ မူးယစ်ဆေးဝါးသုံးစွဲကြသည်ဆို၏။ သို့ဖြင့် နောက်ဆက်တွဲပြဿနာလည်း ပေါ်ခဲ့သည်။ ၂၀၀၄ ခုနှစ်ကလည်း ဂျာဗားကျွန်း၌ ပြေးလမ်းပေါ် လေယာဉ်ချော်ရာတွင် ၂၅ ဦးသေဆုံးခဲ့သည်။ သို့ဖြစ်၍ အင်ဒိုနီးရှားနိုင်ငံ၏ လေကြောင်းဆိုင်ရာ ဂုဏ်သိက္ခာမြင့်မားရန် အားထုတ်ရန်လိုကြောင်း သုံးသပ်ကြလျက် ရှိပေသည်။

မောင်ကောင်းယဉ်

*T.S.T.-24.4.13*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ထောင်မှူးများအလိုရှိသည်

## အပိုင်း(၇၇)

## လျှို့ဝှက်ဆန်းကြယ်သော ဒီအီးတစ်ပုဒ်

တူးတူးတို့ရေ ...

ဟာ၀န်ခံအရာရှိ(ထောင်ပိုင်)တွေအနေနဲ့ ဘယ်သူမှ စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ (ဒီအီးဥက္ကဋ္ဌ)တာဝန်ကို အထက်အမိန့်အရသာ တာဝန်ကျေအောင်ဆောင်ရွက်ကြရပေမယ့် မိမိအလိုအလျောက်ဆိုရင်တော့ ဒီတာဝန်ကို တတ်နိုင်သမျှရှောင်ကွန်နရီ လုပ်ချင်ကြတာ အမှန်ပဲမဟုတ်လားဗျာ။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဖိဖိစီးလုပ်ကိုင်နေတဲ့ ထောင်ပိုင်တာဝန်နဲ့ အထွေထွေကိစ္စအရပ်ရပ်တွေကို လက်အောက်က ဒုတိယတာဝန်ခံအရာရှိလက်ထဲ ခေတ္တခဏ ပကွက်အပ်နှံပြီးမှ ထွက်ခွာကြရတာလေ။ အဲ ... ဒုတိယတာဝန်ခံအရာရှိ(2.I.C) ဆိုတာကလည်း တူးတူးတို့သိကြတဲ့အတိုင်းပဲနော်။

ထောင်ပိုင်ရှိတဲ့အချိန်မှာတော့ "ဟုတ်ကဲ့ဆရာ"ချင်း မိုးမွန်အောင် ပုတ်သင်ညိုလုပ်ပြီး ထောင်ပိုင်ခိုင်းသမျှ မပြီးပြီးအောင် လုပ်ခဲ့ရပေမယ့် သူ့လက်ထဲအာဏာရောက်လာတဲ့ အခိုက်အတန့်လေးမှာတော့ လူ့ဇီဇသဘာဝအရ သွေးပြောင်းတတ်ကြတယ် မဟုတ်လားဗျာ။ ဘယ်လောက်ပဲ သစ္စာရှိတဲ့ အရာရှိပဲဖြစ်ဖြစ် "အခုချိန်မှာ ငါထောင်ပိုင်ပဲ"လို့ မာန်ဝင့်ပြီး လုပ်ပိုင်ခွင့်ကို ထိကပါးရိကပါးတော့ လုပ်တတ်ကြသေးတာပဲလေ။

တချို့ ခေတ္တတာဝန်ခံတွေများဘေးကနေ မြှောက်ပေးလို့ အောက်ခြေလွတ်ပြီး အကျဉ်းထောင်လက်စွဲဥပဒေကိုတောင် ကျော်လွှန်ပြီး အလွဲသုံးစားလုပ်ထားတာကြောင့် တာဝန်ခံအရာရှိ ဒီအီးမှ ပြန်ရောက်မှ ပြဿနာမကြီးထွားလာအောင် ဖုံးတန်ဖုံး၊ ဖိတန်ဖိနဲ့ မနည်းဦးဖွလုပ်ခဲ့ရတာမျိုးတောင် ရှိတတ်ကြတယ်မဟုတ်လားဗျာ။

ဒါ့ကြောင့်လည်း ထောင်ပိုင်ကြီးတွေ ဒီအီးဥက္ကဋ္ဌမလုပ်ချင်ကြတာ ဆန်းမှမဆန်းတော့တာပဲဟာ။

ဒါပေမယ့် မယုံကြည်နိုင်လောက်အောင် ဆန်းကြယ်လွန်းတဲ့ ထူးထူးခြားခြား ပုဂ္ဂိုလ်တစ်ယောက်တော့ ရှိခဲ့ဖူးသဗျ။ သူကတော့ တခြားလူမဟုတ်ဘူး၊ ကိုယ်တို့ တူးတူးအဖွဲ့ထဲက နာမည်ကြီးထောင်ပိုင်တစ်ယောက်ပါပဲ။

သူ့ကြည့်ရတာ ထောင်ပိုင်လုပ်ဖို့ထက် ဒီအီးဥက္ကဋ္ဌလုပ်ဖို့များ မွေးဖွားလာ

ဗဟိုဓာ



www.burmeseclassic.com

www.burmeseclassic.com

လေသလား မသိဘူး။ ထောင်စခန်းတွေမှာ အမှုကြီးတစ်ခုပေါ်ပြီဆိုရင် သူ့ကိုများ ဒီအီးဥက္ကဋ္ဌ ခန့်လေမလားလို့ မျှော်လင့်နေတက်တာလေ။ လက်ထဲက ပုတီးကိုလည်း တဂျောင်းဂျောင်းပြေးစိတ်ပြီး ဆုတောင်းလိုက်သေးသဗျ။

ဒါက မွေးရာပါ ဗီဇလား။ ကြီးမှရတဲ့ရောဂါလားတော့ မသိဘူး။ ဒီအီးဥက္ကဋ္ဌ ဖြစ်ချင်စိတ်က တားမနိုင်၊ ဆီးမရအောင် ပြင်းထန်လွန်းအားကြီးသဗျ။ အင်မတန် အံ့ဩစရာကောင်းတာက သူသံမဏိ လက်ကိုင်ထားတဲ့ လက်စွဲဆောင်ပုဒ်ပဲ။ သူတာဝန်ယူစစ်ဆေးရတဲ့ ဒီအီးမှုန်သမျှ အပြစ်မရ မရှိစေရတဲ့ဗျ။ အဲဒါကြောင့် ထင်ပါရဲ့။ ဝန်ထမ်းလောကမှာ လက်ဖက်တစ်ဖွန်း၊ ကွမ်းတစ်ရွက်မကပ်ရဘဲ ဟိုးဟိုးကျော်သွားခဲ့ပါပကော။ 'ဒီအီးဖော်မုန်း' ဆိုပြီးတော့။

အဲလို နာမည်ကြီးသွားသလိုပဲ သူ ဥက္ကဋ္ဌလုပ်ပြီး စစ်ဆေးခဲ့တဲ့ ဒီအီးတွေကို ကြည့်ရင် အပြစ်မရတဲ့ ဒီအီးက မရှိသလောက် ရှားတာဗျ။ အဲဒီ ဒီအီးအများစုက ဟဲဗီး(အမှုကြီး)တွေ ဖြစ်နေတော့ သူထောက်ခံပေးလိုက်တဲ့ ပြစ်ဒဏ်ကလည်း ကြီးလေးနေမယ်ဆိုရင် ခံရတဲ့ ဝန်ထမ်း ဘဝပျက်မတတ်ပါပဲ။

ခက်တာက ကိုယ်တို့ လက်ခံကျင့်သုံးနေတဲ့ 'အကျဉ်းထောင်လက်စွဲဥပဒေ' ကြီးပဲဗျ။ ဒီဥပဒေကြီးက ဘယ်လောက်အထိ ရေပက်မဝင်အောင်၊ အကွက်စေ့ထောင့်စေ့သလဲဆိုရင် ထောင်မှာ အမှုတစ်ခုဖြစ်ပြီဆိုမှဖြင့် တစ်ထောင်လုံး အပြစ်ကင်းတဲ့သူ မရှိအောင် ပြဋ္ဌာန်းထားခဲ့တာလေ။

သွားလေသူ ဆရာရန်အောင် မောင်မောင်စကားနဲ့ ပြောရမယ်ဆိုရင် "နောက်ချေးပုံ ခဲကျသလို အနားမှာရှိတဲ့သူမှန်သမျှ ဘယ်သူမှမလွတ်အောင် စဉ်" တော့တာကိုးဗျ။

ကိုဖော်မုန်းက ဦးနှောက်အတော် ပြေးသား။ သူက အဲဒီ လက်စွဲဥပဒေကြီးကိုစွဲကိုင်ထားပြီး နောက်ချေးစဉ်စဉ်၊ မစဉ်စဉ် ဘေးမှာရှိသမျှ လူတွေအားလုံး သိမ်းကျုံးပြီး 'စဉ်' ပစ်လိုက်တတ်တာမျိုးဗျ။

သူအဲလိုစစ်ဆေးအပြစ်ပေးခဲ့တဲ့ အမှုတွေထဲမှာ သူ့ရဲ့အတွင်းဗီဇကို ခြေရာကောက်နေစရာမလိုဘဲ ရှင်းခနဲ လင်းခနဲ ထင်သာမြင်သာရှိစေတဲ့ အမှုကြီးတစ်ခုကိုတော့ တူးတူးတို့ မှတ်မိကြမယ်ထင်ပါရဲ့။ အဲဒီအမှုကတော့ မွန်ပြည်နယ်၊ တောင်စွန်းကျောက်ထုတ် အလုပ်စခန်းက ထောင်မှူးဦးချစ်လှိုင် ရိုင်ဖယ်ကျည်မှန်ပြီး သေဆုံးရတဲ့ အမှုပါပဲ။

အမှန်တော့ ဒီအမှုဟာ ရှေ့တန်းအလုပ်ခွင်က ရဲဘက်ပြေးတစ်ဦးကို လိုက်ဖမ်းကြရာက မမျှော်လင့်ဘဲ ပေါ်ပေါက်လာတဲ့ ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်တစ်ခုပါ။ အမှုဖြစ်စဉ်က ဒီလိုပါ။

ရဲဘက်ညိုကြီးဆိုသူက ရှေ့တန်းကျောက်ထုတ်လုပ်ငန်းခွင်မှာ အလုပ်လုပ်နေရင်း ရုတ်တရက်ထပြီး တောထဲဝင်ပြေးတယ်။ အဲဒါကို တာဝန်ရှိတဲ့ ထောင်မှူးဦးချစ်လှိုင်၊ တပ်သားသန်းထွန်း အပါအဝင် အရာရှိဝန်ထမ်းလေးဦး သေနတ်ကိုယ်စီ ချိန်ရွယ်ပြီး နောက်က လိုက်ကြတယ်။

ထွက်ပြေးတဲ့ ရဲဘက်ရဲ့ ပြေးလမ်းကို ပိတ်မိနေဖို့ ရည်ရွယ်ချက်နဲ့ သူတို့လေးယောက် ခွပ်ကျဲကျဲ ရင်ပေါင်တန်းပြီး ရဲဘက်ကို မီအောင်အမြန်ပြေးလိုက်ကြတယ်။ ထောင်မှူးဦးချစ်လှိုင်က ညာဘက်အစွန်ဆုံးကလိုက်ပြီး သူ့လက်ဝဲဘက်မှာ တပ်သားသန်းထွန်းနဲ့ အခြားဝန်ထမ်းနှစ်ယောက် ရင်ပေါင်တန်း ပါလာတယ်။

"ဒိုင်း ...

သစ်ပင်အကွယ်မှာ ပြုန်းခနဲ[illegible] လိုက်ရတဲ့ အရိပ်တစ်ခုကို တပ်သားသ[illegible] ထွန်းက ပြေးရင်းလှမ်းရင်း သူ့ရိုင်ဖ[illegible] သေနတ်နဲ့ ရှေ့တည့်တည့်ကို ထိုးချိန်ပ[illegible] လိုက်မိတယ်။

"အား ..."

နာကျင်စွာ အော်မြည်လိုက်[illegible] အသံတစ်ခု ကြားလိုက်ရတယ်၊ တပ်သာ[illegible] သန်းထွန်းက သူ့ပစ်ချက်က ရဲဘက်[illegible] ထိသွားပြီအထင်နဲ့ စောစောက အရိ[illegible] တွေ့လိုက်ရတဲ့ နေရာကို သွားကြည့်[illegible] တယ်။ အံ့ဩစရာကောင်းတာက အဲ[illegible] နေရာမှာ ကျောက်တုံးခပ်ကြီးကြီးတစ်တုံ[illegible] ကလွဲပြီး ဘာအရိပ်အယောင်မှ မတွေ့ မမြင်ရဘူးတဲ့ဗျ။

"အား ..."

ဒါ့ထက် အံ့ဩစရာကောင်းတာက စောစောက နာကျင်စွာအော်မြည်လိုက်တဲ့အသံမျိုး သူ့ညာဘက် ခပ်လှမ်းလှမ်းက ထပ်ကြားလိုက်ရတာပါပဲ။ အသံကြားရာကို လှည့်ကြည့်လိုက်တော့ သူနဲ့ ရင်ပေါင်တန်းလိုက်လာတဲ့ ထောင်မှူးဦးချစ်လှိုင်ကို ရင်ဘတ်ကို လက်နဲ့ဖိကိုင်ပြီး မြေကြီးပေါ်ခွေလဲနေတာကို တထိတ်တလန့် မြင်လိုက်ရတာပါပဲ။

ထောင်မှူးဦးချစ်လှိုင်ကို အမြန်ဆုံး ဘီးလင်းပြည်သူ့ဆေးရုံကို ပို့ပေးခဲ့ကြပေမယ့် ကံမကောင်းစွာနဲ့ပဲ အဲဒီနေ့ညနေမှာ သေဆုံးသွားခဲ့ရှာပါတယ်။ ဆရာဝန်က လက်ဝဲဘက်ရင်အုံကတစ်ဆင့် နှလုံးကို ဖောက်ထွင်းသွားတဲ့ ကျည်ဖူးကြောင့် သွေးလွန်ပြီး သေရတာလို့ မှတ်ချက်ပြု တယ်။ လက်နက်ပါရဂူက သက်သေခံ ရိုင်ဖယ်ကျည်ဖူးဟာ တပ်သားသန်းထွန်းရဲ့ ရိုင်ဖယ်သေနတ်က ထွက်လာတာဖြစ်တယ်လို့ ဆိုပါတယ်။

ဒီအမှုကို ဒီအီးဖော်မုန်းက ဥက္ကဋ္ဌအဖြစ် စစ်ဆေးတဲ့အခါ သာမန်ရဲဘက်



www.burmeseclassic.com

www.burmeseclassic.com

ပြေးအမှုနဲ့ မတူတော့ဘဲ ရောမ လူသတ်မှုကြီးတစ်ခုလို အသွင်သဏ္ဌာန်ပြောင်းသွားပါလေရောဗျာ။ လူသတ်မှုဆိုရင် ပြစ်မှုဆိုင်ရာ ဥပဒေအရ အမှုဖြစ်ရတဲ့ အကြောင်းနောက်ခံ (Motive) ကို ရှာရပြီပေါ့လေ။

ဒါပေမယ့် ထောင်မှူးဦးချစ်လှိုင်နဲ့ တပ်သားသန်းထွန်းတို့ရဲ့ ဆက်ဆံရေးမှာ ဘာရန်ငြိုးရန်စမှ မရှိတဲ့အပြင် သူတို့နှစ်ဦးစလုံး ရခိုင်အမျိုးသားချင်းဖြစ်နေတာကြောင့် ညီရင်းအစ်ကိုလို ချစ်ခင်ကြင်နာကြကြောင်း စစ်ဆေးပေါ်ပေါက်လာပါတော့တယ်။

အဲဒီအခါ ဥက္ကဋ္ဌက လူသတ်မှုကို အားဖယ်ပြီး ရဲဘက်ပြေးတဲ့ လမ်းကြောင်းပေါ်က အချင်းဖြစ်နေရာကို ကွင်းဆင်းစစ်ဆေးကြည့်တဲ့အခါမှာတော့ ဒီအီးအဖွဲ့ဟာ လုံးဝမျှော်လင့်မထားတဲ့ ထူးခြားဖြစ်ရပ်တစ်ခုကို ကွင်းကွင်းကွက်ကွက် တွေ့မြင်လိုက်ကြရသတဲ့ဗျ။

အဲဒါကတော့ တပ်သားသန်းထွန်းချွတည့်တည့်ကို ပစ်လိုက်တဲ့ ရိုင်ဖယ်ကျည်ဆန်ဟာ ကျောက်တုံးကြီးတစ်တုံးကို သွားမှန်ရာကတစ်ဆင့် ညာဘက်ကိုကျည်ထောက်ပုံဖြစ်ပြီး ရင်ပေါင်တန်းပြေးလာတဲ့ ထောင်မှူးဦးချစ်လှိုင်ရဲ့ ဘယ်ဘက်ရင်အုံထဲကို ထိုးဖောက်ဝင်ရောက်သွားတယ်ဆိုတာပါပဲ။

ဒါဆိုရင် ဒီအမှုကို သုံးသပ်ကြည့်နိုင် ရဲဘက် ၁မှတ်နဲ့ ထိုးပစ်လိုက်တဲ့ တပ်သားသန်းထွန်းရဲ့ ကျည်ဆန်ဟာ ထောင်မှတ်ဘဲ ကျည်ထောက်ပုံဖြစ်ပြီး ကံဆိုး ထောင်မှူးဦးချစ်လှိုင်ကို သေစေခဲ့တာပါလို့ ရှင်းရှင်းလေး အဖြေထွက်လာပါတယ်။

ဒီတော့ ဒီအမှုဟာ လူကို သေစေလိုတဲ့ ဘာရည်ရွယ်ချက်မှ မရှိတဲ့ 'မတော်တဆ' (Accidental Case) ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလာပါပြီ။ အဲဒါကြောင့် ဒီအီးအဖွဲ့အနေနဲ့ အမှုပိတ်သိမ်းလို့ ပတ်စာခွာ၊ ဖျာသိမ်းပြီး ပြန်ကြရုံပဲ မဟုတ်လားဗျာ။

ဒါပေမယ့် သူစစ်တဲ့အမှုမှန်ရင် အပြစ်မရ မရှိစေရဆိုတဲ့ မူကို အသေစွဲကိုင်ထားတဲ့ ကိုဖော်မုန်းက အမှုကို မပိတ်သိမ်းသေးဘဲ ဆက်စစ်ဆေးသဗျ။ ဘယ်အထိ ဆက်စစ်ဆေးလဲဆိုတော့ အချင်းဖြစ်နေရာကို ကျော်လွန်ပြီး သေသူထောင်မှူးဦးချစ်လှိုင်ရဲ့ ဈာပနအခမ်းအနားအထိ ရောက်သွားပါလေရောလားဗျာတို့။

သိကြတဲ့အတိုင်း ထောင်မှူးဦးချစ်လှိုင်ဟာ တာဝန်ထမ်းဆောင်ရင်း ကျည်သင့်ပြီး ကျဆုံးသွားတာမို့လို့ သူ့ကို သေနတ်ဖောက်အလေးပြုရတဲ့ စစ်အခမ်းအနားနဲ့ သဂြိုဟ်မှု ပြုခဲ့တယ်ဗျ။

အဲဒီမှာ ကိုဖော်မုန်းက ကတ်သီးကတ်သတ် ဘာသွားတွေ့လဲဆိုတော့ ဒီအခမ်းအနားမှာ အသုံးပြုခဲ့တဲ့ ကျည်ဆန်တွေကို ရုံးချုပ်ရဲ့ခွင့်ပြုချက်မတောင်းဘဲ အသုံးပြုထားတာကိုပါ။

ဒါကြောင့် 'ဦး'ထောင်မှူးမှာ တာဝန်ရှိတယ်လို့ သုံးသပ်ပြီး သတိပေးပြစ်ဒဏ် ချမှတ်ခဲ့ပါတော့တယ်။ သတိပေးပြစ်ဒဏ်ဆိုတာ ၆ လ သက်တမ်းရှိတော့ အဲဒီကာလအတွင်း ကျင်းပဖြစ်ခဲ့တဲ့ ထောင်မှူးကြီးစာမေးပွဲကို တာဝန်ရှိတဲ့ 'ဦး'ထောင်မှူး ဦးဆန်းအောင်ခမျာ ဖြေဆိုခွင့်မရလိုက်နိုင်တော့ဘူးပေါ့ တူးတူးတို့ရေ ..။

အမှန်တော့ မဆီမဆိုင် လက်ပံသားမားနဲ့ချိုင် ဆိုသလို အမှုရဲ့ မူလရင်းမြစ်နေရာမှာ အပြစ်ရှာမရလို့ အကိုင်းအခက်အထိ ပိုက်စိပ်တိုက်ပြီး အပြစ်ရှာတဲ့သဘော သက်ရောက်နေတယ်မဟုတ်လားဗျာ။ ကိုယ့်စိတ်ထဲမှာတော့ တော်တော်ဆိုးတဲ့ ဒီအီးတစ်မှုအဖြစ် မှတ်တမ်းတင်နေမိတယ်။ ဒါ့ထက်ဆိုးတဲ့ ဒီအီးမျိုး မရှိတန်ကောင်းရဲ့လို့လည်း တွေးခဲ့မိသေးတယ်။

ဒါပေမယ့်ဗျာ။ မယုံကြည်နိုင်စရာ၊ လက်မခံနိုင်စရာ အဆိုးဝါးဆုံး ဒီအီးတစ်ပုဒ် ပေါ်လာတဲ့အခါမှာတော့ ကိုဖော်မုန်းရဲ့ ဒီအီးမှုဝါဒတွေတောင် လွှင့်စဉ်ပျောက်ကွယ်သွားမတတ်ပါပဲ။

အဲဒီအမှုကတော့ တူးတူးတို့သိကြတဲ့အတိုင်း 'အင်းစိန်ဗဟိုအကျဉ်းထောင် ဘူးဝတံခါးကြီးကနေ ၅ ည အချုပ်သား မြင့်အောင် ထောက်လှမ်းရေးအယောင်ဆောင်ပြီး ထွက်ပြေးလွတ်မြောက်သွားမှု ဖြစ်တယ်ဗျ။

ကဲ ... ကြည့်။

အမှုခေါင်းစဉ်ကို ကြားလိုက်ရတဲ့ ဒီအမှုဟာ ဘယ်လောက်ကြီးကျယ်လေးနက်ပြီး အမှန်တရားကို စစ်ဆေးဖော်ထုတ်ဖို့ ဘယ်လောက်ခက်ခဲလိုက်မလဲလို့ စိုးရိမ်ပူပန်မိကြမှာ အမှန်ပါပဲ။ ဒါပေမယ့် အင်မတန်အံ့ဩစရာကောင်းတာက ပေါ်မယ်ပေါ်တော့လည်း ငှက်ပျောသီးအခွံနွှာစားရတာထက်တောင် လွယ်သေးသဗျ။

မလွယ်လို့ ခံနိုင်ရိုးလား။ တာဝန်ယူစစ်ဆေးဖော်ထုတ်ခဲ့တဲ့ ဒီအီးအဖွဲ့ကိုလည်း ကြည့်ဦး။ ဝါရင့်ထောင်ပိုင်ကြီး ထောင်ပိုင်အဆင့်(၂) ဦးဘိုကြည်က ဥက္ကဋ္ဌ၊ ဒုတိယထောင်ပိုင်ကြီးများဖြစ်ကြသော ဦးစံသိန်းနှင့် ဦးတင်ငွေတို့ မဟုတ်လားဗျာ။

ဒီအမှုရဲ့ အဓိကသော့ချက်ဘာရားခံက ဒု-တပ်ကြပ်မြွေးတဲ့လေ။ သူက အချုပ်ရုံးက မနက်တိုင်း အချုပ်သားတွေကို ရုံးထုတ်ပေးရတဲ့ ဝန်ထမ်း။ တစ်နေ့သာကေတမြို့နယ်တရားရုံးမှာ အမှုရင်ဆိုင်နေရတဲ့ ၅ ည အချုပ်သား မြင့်အောင်က မြွေးကို ပြောတယ်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

ထောင်ဘူးဝကနေ ထွက်ပြေးနိုင်အောင် ကူညီရင် နောက်တစ်ပတ်အကြာမှာ ငွေငါးသောင်း လာပေးမယ်လို့ ပြောတယ် ဆိုပဲ။

ပေါ်ကြည့်နိုင်စရာက ထောင်လုပ်သက် ငါးနှစ်ကျော်နေပြီဖြစ်တဲ့ ဒုတပ်ကြပ် မြင့်ဆွေက အချုပ်သား မြင့်အောင်ရဲ့ တောင်းဆိုချက်ကို ယုံယုံကြည်ကြည် လက်သင့်ခံလိုက်သတဲ့ဗျ။ အဲဒါကြောင့် တစ်နေ့မှာ အချုပ်သား မြင့်အောင်ကို ထောက်လှမ်းရေးက ရဲအုပ်မြင့်အောင် အယောင်ဆောင်ခိုင်းပြီး ထောင်ဘူးဝက နေ အပြင်ကို ထွက်ပြေးခွင့်ပြုလိုက်လေ သတတ်။

ဒါက ဒီအီးအဖွဲ့ဝင်တွေ ရှေ့မှောက်မှာ ဒုတပ်ကြပ်မြွေး အစစ်ခံထွက်ဆိုခဲ့ တာတဲ့ဗျာ။ အဲဒီကိစ္စကို ထောင်ဘူးဝ တာဝန်ခံ ထောင်မှူးနဲ့ တံခါးတာဝန်ကျ ဝန်ထမ်းတွေကို စစ်ဆေးတော့ တိကျ သေချာတဲ့ အဖြေမရခဲ့ဘူးတဲ့။

အဲဒီအချိန်က ထောင်ထဲကို အရပ် ဝတ်နဲ့ ထောက်လှမ်းရေးတွေ မကြာခဏ ဝင်ထွက်နေလေတော့ တံခါးကြီးမှတ် တမ်းအရ တကယ်ထောက်လှမ်းရေးက ရဲအုပ်မြင့်အောင် အဝင်အထွက်သာ ပေါ် လွင်ပြီး ဒုတပ်ကြပ်မြွေး ထွက်ဆိုသလို ၅ ည အချုပ်သား မြင့်အောင်ကို ထောက်လှမ်းရေးက ရဲအုပ်မြင့်အောင် အယောင်ဆောင်ပြီး ထွက်ခွင့်ပြုလိုက် တယ်ဆိုတဲ့ အချက်က ထောက်ခံထွက် ဆိုချက် မရှိသလို ဖြစ်နေတယ်ဆိုပဲ။

ပြဿနာက အရေးကြီးတာရားခံ ၅ ည အချုပ်သားမြင့်အောင် ထောင်ထဲမှာ ရှိမနေခဲ့တော့တာပါပဲ။ ရုံးချိန်းနေ့လည်း မဟုတ်ဘဲနဲ့ ထောင်ထဲမှာ ရှာမရတော့ဘဲ ပျောက်ဆုံးနေသတဲ့။

ကဲ ... ဒါဆို ဒီအီးအဖွဲ့ ဘာလုပ် မလဲ။

ဆင်ကြီးတစ်ကောင်လုံး ပျောက် နေတာ သေချာနေမှတော့ ဆင်ခြေရာ ရှာဖို့ လိုမှမလိုတော့တာ။ အမှုရဲ့ လက် သည်တရားခံ မြွေးကတောင် ဝန်ခံ ထွက်ဆိုထားမှဟာ။ ဒါကြောင့် ဒီအီး ထုံးစံရှိတဲ့အတိုင်း တွေ့ရှိချက်၊ သုံးသပ် ချက်တွေ ရေးသားပြီး ထောက်ခံတင်ပြ လိုက်တယ်။

✦ ဒုတိယ တပ်ကြပ်မြွေးအား နယ်ဘက်တရားရုံးတွင် တရားစွဲဆိုရန်၊

✦ အချုပ်ရုံးတာဝန်ခံ ထောင်မှူး ကြီးဦးအောင်ကျော်ဖွေနှင့် ဒုတိယတာဝန် ခံ ထောင်မှူးဦးလှဝေတို့အား ရာထူးမှ ထုတ်ပယ်ရန်၊

✦ တံခါးတာဝန်ခံ ထောင်မှူးဦးမင်း ရွှေသိန်းအား နှစ်တိုးလစာ တစ်နှစ်ရပ် ဆိုင်းရန်၊

တူးတူးတို့ရေ ...

အဲဒီ ဒီအီးရဲ့ ထောက်ခံချက်က တော့ ကိုယ်တို့အကျဉ်းဦးစီးသမိုင်းမှာ ပတ်တုတ်လို့မရအောင် ဟိုးဟိုးကျော်သွား ပါလေရဲ့။ အထူးသဖြင့် ဒီထောက်ခံချက် တွေဟာ ဝါရင့်သမ္မာရင့် ထောင်ပိုင်ကြီး တွေကြားမှာ မပြုံးဘဲနဲ့ ဝါးလုံးကွဲရယ်ရ မတတ် အလွန်ဒုက္ခာရီဆန်တဲ့ အံ့ဖွယ် သရဲ ဒီအီးတစ်ခု ဖြစ်နေပါသတဲ့။

"တစ်အချက်က ဒုတပ်ကြပ်မြွေး ရဲ့ ထွက်ဆိုချက်ပဲ။ အပြင်ရောက်သွားတဲ့ ဘယ်အကျဉ်းသားမှ ထောင်ကိုပြန်လာပြီး ငွေမပေးဘူးဆိုတာ လုပ်သက်ငါးနှစ်ကျော် ရှိနေတဲ့ ဒုတပ်ကြပ်မြွေးက မသိဘဲနေပါ့ မလားဗျာ။ နှစ်အချက်က မြွေးက တံခါး ကြီးတာဝန်ခံ ဝန်ထမ်းလည်းမဟုတ်ဘဲနဲ့ အချုပ်သားတစ်ယောက်ကို ဘယ်လိုလုပ် ထောင်အပြင် ထုတ်ပေးနိုင်မလဲ။ ကြည့် လေ။ တကယ်တာဝန်ရှိတဲ့ တံခါးကြီး ထောင်မှူးနဲ့ ဝန်ထမ်းတွေထဲက ဘယ်သူ က မြွေးကို ထောက်ခံထွက်ဆိုထားလို လဲ။ ဒါကြောင့် အချုပ်သား ထောင်ထဲမှာ မရှိတိုင်း တံခါးကြီးက ထွက်သွားတယ်လို့ ဘယ်သူပြောနိုင်လို့လဲ။ နောက်ဆုံးအချက် က ထောင်ထဲက အချုပ်ရုံးမှာ အလုပ် လုပ်နေတဲ့ တာဝန်ခံထောင်မှူးကြီးနဲ့ ထောင်မှူးကိုတော့ ရာထူးက ထုတ်ပယ်ပြီး တံခါးကြီးထောင်မှူးကိုတော့ နှစ်တိုးလစာ ပဲ ရပ်ဆိုင်းတဲ့ကိစ္စ။ တကယ်ဆို အချုပ် သား အဝင်အထွက်က တံခါးထောင်မှူး မှာပဲ အပြည့်အဝတာဝန်ရှိတာပဲဟာ။ ထောင်ထဲ အချုပ်ရုံးကလူက ဘယ်လို လုပ်ပြီး သိနိုင်မှာမို့လို့လဲဗျာ။ ခုတော့ သူ တို့ထောက်ခံချက်က ပြောင်းပြန်ကြီး။ အံ့ ရော။ ပရိစ်ဂျာအောက်လွန်းတယ်။

ဒါက ဝါရင့် သမ္မာရင့် ထောင်ပိုင် ကြီးတွေရဲ့ ရင်ဖွင့်သံတွေပါ။

ဒီကိစ္စမှာ ကိုယ်ကတော့ တစ်မျိုး သုံးသပ်မိတယ်။ ဒီအီးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင် တွေဟာ ဒီအီးပေါင်းများစွာ အတွေ့ အကြုံရှိကြတဲ့ သမ္မာရင့် ဝါရင့် ထောင်ပိုင် ကြီးတွေပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ လည်း ဒီလို ပရိစ်ဂျာအောက်တဲ့ ဆုံးဖြတ် ချက်မျိုး သိသိကြီးနဲ့ မျက်နှာပြောင်တိုက် ပြီး ချချင်ကြပါ့မလား။

အဲဒါကြောင့် ဟုတ်သော်ရှိ မဟုတ် သော်ရှိ ကိုယ်တွေးမိတာကတော့ အဲဒီ ဒီအီးအဖွဲ့ရဲ့ နောက်ကွယ်မှာ ကိုယ်တို့ ဦးနှောက်နဲ့ လိုက်မမီနိုင်လောက်အောင် ရှုပ်ထွေးကောက်ကွေ့တဲ့ ထိပ်တန်းလျှို့ ဝှက်ချက်တစ်ခု ပုန်းကပ်နေမလားလို့များ ပရိစ်ဂျာအောက်နေသလားလို့ပါ။

*(ဆက်လက်ဖော်ပြပါမည်။)*

**ဗဟိုဇော**



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်မှ
# ဖြစ်ရပ်မှန်မှုခင်းများ

၂၀၁၂ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင်လည်းကောင်း၊ စီအင်အင်ရုပ်သံလွှင့်အစီအစဉ်နှင့် စီစီတီဗီရုပ်သံလွှင့်အစီအစဉ်များတွင်လည်းကောင်း၊ ဘီဘီစီရုပ်သံလွှင့်အစီအစဉ်တွင်လည်းကောင်း တောင်အမေရိကတိုက် ကိုလံဘီယာနိုင်ငံ၊ ဘိုလီဗီယားနိုင်ငံ၊ အီကွေဒေါနိုင်ငံများတွင် မူးယစ်ဆေးပြား သန်းပေါင်းများစွာနှင့် ကိုကင်းတန်ချိန်ပေါင်းများစွာ ဖမ်းဆီးရမိသည့်သတင်းကို ဖတ်ရှုခဲ့ရသည်။ ထို့အတူ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ကျွန်တော်တို့ မြန်မာနိုင်ငံတို့တွင် ကာလတန်ဖိုး ဒေါ်လာသိန်းချီတန်သော မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိသည့် သတင်းများကို ဖတ်ရှုခဲ့ရသည်။

မှန်ပါသည်။ ဤကဲ့သို့ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိသည့်သတင်းသည် ဘာဆန်းသလဲဟု ဆိုရတော့မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တောင်အမေရိကတိုက်၊ လက်ပတင်အမေရိကနိုင်ငံများ၊ မက်ဆီကိုနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ရှိ မူးယစ်ဆေးဝါးဂိုဏ်းများသည် ရေငုပ်သင်္ဘောများ၊ လေယာဉ်ငယ်များ၊ ရဟတ်ယာဉ်များအသုံးပြု၍ မူးယစ်ဆေးဝါးမျ..ကို မှောင်ခိုသယ်ဆောင်ခဲ့ကြသည်။ တောင်အမေရိကတိုက်ရှိ အချို့နိုင်ငံ ..းတွင် အင်အားကြီးမားသော မူးယစ်မှောင်ခိုဂိုဏ်းများသ..ည် လက်ရှိအာဏာရအစိုးရအား ယှဉ်ပြိုင်အစိုးရသဖွယ် အ..ာအခံပြုကြသည်သာမက ဥပဒေဘက်တော်သားအများအ.. လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်ကြလေ့ရှိသည်သာမက ..းအချင်းချင်း မကြာခဏ တိုက်ခိုက်မှုများလည်း ပေါ်ပေါက်..လေ့ရှိရကား လူအမ်များ ရာထောင်ချီ၍ သေဆုံးကြရသည်။

မက်ဆီကိုနိုင်ငံမှ မူးယစ်မှောင်ခိုဂိုဏ်းသားများသည် မက်ဆီကိုနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော အမေရိကန်ပြည်ထောင်စုသို့ မြေအောက်ဥမင်လိုဏ်ခေါင်းတူး၍ မူးယစ်ဆေးဝါးများ၊ ကိုကင်းများ တင်သွင်းခဲ့ကြသည်ဟု သိရ၏။ ထိုဂိုဏ်းများကို တည်ထောင်သူ ဂိုဏ်းခေါင်းဆောင်များမှာ သန်းကြွယ်သူဌေးများဖြစ်ကြပြီး နည်းလမ်းအမျိုးမျိုးဖြင့် အာဏာရရှိထားသော အစိုးရအဖွဲ့ဝင်များကိုပင် ကြိုးကိုင်ထားကြသည်။ ဤဆောင်းပါးရေးနေသည့်အချိန်ထိ အမေရိကန်ပြည်ထောင်စုနှင့် တောင်အမေရိကတိုက်ရှိ လက်တင်အမေရိက တိုင်းပြည်များမှ မူးယစ်ဆေးဝါးဂိုဏ်းများသည် ပန်းပန်လျက်ရှိရကား ပြည်သူအများမှာ ကျိုးလန့်စာစားဖြစ်ကြရသည်။ မူးယစ်ဂိုဏ်းခေါင်းဆောင်များ၊ သို့မဟုတ် မူးယစ်ရာဇာများသည် မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများသည် ယခုမှပေါ်သည့် ရွှေကြာပင်မဟုတ်ကြပါ။ ၂၀ ရာစု အစပိုင်းကပင် သည်းထိတ်ရင်ဖိုဖွယ်ရာကောင်းသော ကမ္ဘာကျော်မာဖီးယားဟူသော ဂိုဏ်းကြီးသည် အမေရိကန်ပြည်ထောင်စုတွင် လှုပ်ရှားခဲ့သည်။ ဤဂိုဏ်းကြီးသည်ကား အလွန်ထူးခြားပြီး စိတ်ဝင်စားစရာ ကောင်းသည်။ ယင်းမာဖီးယားဂိုဏ်းကြီးသည် သာမန်ဓားပြဂိုဏ်း၊ ပြန်ပေးဂိုဏ်း၊ ဖောက်ထွင်းဂိုဏ်းမျိုးများနှင့် မတူ၊ ထူးထူးခြားခြား ထိတ်လန့်ဖွယ်ကောင်းလှသည်။ ထိုဂိုဏ်းကြီး၏ ဩဇာကြီးမားမှုမှာ အံ့မခန်းပင် ဖြစ်၏။

ထိုစဉ်ကာလက အမေရိကန်ပြည်ထောင်စုတွင် ဖိုးကျစိုးမိုးနေသော မာဖီးယားဂိုဏ်းကြီးအား ဦးဆောင်နေကြသူများမှာ လူစီယာနို၊ ဂျီနိုဗီ(စ်)လန်စကီးတို့ပင် ဖြစ်ကြသည်။ ထိုဂိုဏ်းခေါင်းဆောင်ကြီးတို့သည် အလွန်ဩဇာရှိသည့်ပြင် ထိုဂိုဏ်းသားတို့၏ အသက်သည် ထိုသူတို့လက်ခုပ်ထဲ၌ ရှိကြသည်။ ထို

လှမိုး(ပညာရေး)



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းကြီးအား သစ္စာဖောက်သူတို့မှာ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ခြင်းခံကြရသည်။ ထိုဂိုဏ်းကြီးသည် အပေါ်စားဆန်သော ရာဇဝတ်မှုမျိုးကို မည်သည့်အခါမျှ မကျူးလွန်ချေ။

ဤကဲ့သို့ ဂိုဏ်းကြီးမျိုးသည် ကျွန်တော်တို့နိုင်ငံမျိုးတွင် ပေါ်ပေါက်လာမည်ဟု မထင်ပါ။ မှန်ပါသည်။ အမေရိကန်ပြည်ထောင်စုနိုင်ငံမျိုး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအနေအထားများသည် ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံများနှင့်မျှ မတူ၊ တစ်မူထူးခြားသည်ဟု ဆိုနိုင်ပါသည်။ ကျွန်တော်တို့ စာဖတ်ပရိသတ်အဖို့ ဤဂိုဏ်းကြီးများနှင့် ပတ်သက်သော ဝတ္ထုများ၊ ဆောင်းပါးများ၊ ထိုဂိုဏ်းကြီးကို ဦးဆောင်နေသော ခေါင်းဆောင်များ၏ မှတ်တမ်းများကို ဖတ်ရှုဖူးကြမည် ဖြစ်ပါသည်။ ထိုဖြစ်ရပ်များကို နောက်ခံထား၍ ရိုက်ကူးသော ရုပ်ရှင်ကားများကိုလည်း ကြည့်ရှုပြီးကြမည် ဖြစ်ပါသည်။

ထိုဂိုဏ်းကြီး အမေရိကန်ပြည်ထောင်စုတွင် ဟိုးဟိုးကျော်နေစဉ် အမေရိကန်ပြည်ထောင်စုရှိ ကမ္ဘာ့စုံထောက်အဖွဲ့ကြီးများက မော့ကြည့်ရသော အက်(ဖ်)ဘီအိုင်အဖွဲ့ကြီးသည် ထိုဂိုဏ်းကြီးအကြောင်း ရေငုံနှုတ်ပိတ်နေခဲ့သည်။ ထိုစဉ်ကာလက မာဖီးယားဂိုဏ်းကြီးသည် ဒေါ်လာငွေ သန်းပေါင်းများစွာ ကာန်သော ဒုစရိုက်လုပ်ငန်းများကို အုံနှင့်ကျင်းနှင့် ပြောင်ပြောင်တင်းတင်း မြှုလုပ်ခဲ့ကြသည်။ ထိုဂိုဏ်းကြီးအဖို့ အမြတ်အစွန်းအကြီးအကျယ်ရသော မူးယစ်ဆေးဝါးရောင်းဝယ်ရေးနှင့် လောင်းကစားဝိုင်းများကို လက်ဝါးကြီးအုပ်၍ လုပ်ကိုင်ကြ၏။ ထိုဂိုဏ်းကြီးများသည် ဒေါ်လာငွေသန်းနှင့်ချီရသော မူးယစ်ဆေးဝါးရောင်းချသည့်လုပ်ငန်းကို ပြောင်ပြောင်တင်းတင်း ရောင်းဝယ်ခဲ့ကြသသည့်သာမက အခြားအမြတ်အစွန်း ဆို့ဆို့ပို့ပို့ရသော လုပ်ငန်းမှန်သမျှ လက်ဝါးကြီးအုပ်လုပ်ကိုင်ခဲ့ကြသည်။ လူကု
ကူးမှုနှင့် ပြည့်တန်ဆာလုပ်ငန်းများကိုလည်း လုပ်ကိုင်လာခဲ့ကြ
ပြီး၊ သူတို့ဂိုဏ်းအား သစ္စာဖောက်သူ၊ သို့မဟုတ် သူတို့ဂိုဏ်း
ဆူးငြောင့်ခလုတ်ဟု မှတ်ယူထားသူများကို သတ်ဖြတ်ခဲ့သည်သာ
မက အလောင်းများကိုပင် ဖျောက်ဖျက်ခဲ့သည်ဟု မှတ်တမ်းများအရ သိရ၏။

ထိုဂိုဏ်းများ၏ ရက်စက်မှုကား မည်မျှကြောက်ခလန်
လိလိ ဖြစ်ခဲ့ရသည်ဆိုသော် အမေရိကန်ပြည်ထောင်စု တစ်
တစ်လျား အလောင်းများထပ်အောင် သတ်ဖြတ်ခဲ့ကြရာ အမေ
ရိကန်ပြည်ထောင်စု လူထုမှာ မာဖီးယားဂိုဏ်းဟုဆိုလျှင် ဖိ
ဖိတုန်အောင် ကြောက်ရွံ့ခဲ့ကြသည်။ ၁၉၄၀ နှင့် ၁၉၅၀ ခုနှ
အတွင်း မာဖီးယားဂိုဏ်းများသည် နယူးဂျာစီပြည်နယ်တွင် အကြီးအကျယ်ဆုံး လောင်းကစားဝိုင်းကြီးကို ပြောင်ပြောင်တင်းတင်း ဖွင့်ခဲ့ပြီး ထိုကစားဝိုင်းနှင့်တွဲဖက်၍ ပြည့်တန်ဆာခန်းများကိုပါ ဖွင့်ထားခဲ့သည်။ နယူးမြို့နယ်နှင့် လားဗိဂတ်(စ်)မြို့များတွင်လည်း လောင်းကစားဝိုင်းများ ဖွင့်ခဲ့ကြသည်။ ဤသို့ အံ့မခန်းကြီးမားသည့် လောင်းကစားဝိုင်းနှင့် မူးယစ်ဆေးဝါးပြောင်ပြောင်တင်းတင်း ရောင်းချမှုများကို အဘယ်ကြောင့် အမေရိကန်ပြည်ထောင်စုမှ တာဝန်ရှိသူများသည် ဥပဒေအရ အရေးမယူခဲ့ကြသနည်း။

မှန်ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် သမိုင်းအစဉ်အလာကြီးမားသော အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့ကြီးဆိုလျှင် နိုင်ငံတကာမှ စုံထောက်အဖွဲ့များက မော့ကြည့်ခဲ့ကြရပြီး လူမိုက်ခေတ်တစ်ခေတ် တည်ထောင်ခဲ့ကြသော လူဆိုးလူရမ်းကားကြီး ဒီလင်ဂျာ၊ မားဘာကာ လူသတ်သမားမိသားစု၊ မစ်ရှင်ဂန်းထာဝစဉ်ကိုင်ဆောင်ပြီး ဘဏ်တိုက်များ၊ အစိုးရငွေတိုက်များမီးရထားများကို ဝင်ရောက်လုယက်၊ တိုက်ခိုက်သည့် မစ်ရှစ်ဂန်းကယ်လီ စသော လူမိုက်များကို အပြတ်ရှင်းနိုင်ခဲ့သည်။ သို့သော် ထိုအဖွဲ့ကြီးသည် အဘယ်ကြောင့် မာဖီးယားဂိုဏ်းကို လက်ရှောင်နေခဲ့သနည်း။

ဤအက်(ဖ်)ဘီအိုင်အဖွဲ့ကြီးသာမက အမေရိကန်သမ္မတကြီးများနှင့် မိသားစုများ၏ လုံခြုံရေးကို တာဝန်ယူကြရသော လျှို့ဝှက်စုံထောက်အဖွဲ့ (Secret Services) အပါအဝင် စုထောက်အဖွဲ့များ လက်ဆစ်ချိုး၍ ရေတွက်မရအောင် ရှိခဲ့သည်။ မှန်ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် အထက်ဖော်ပြပါ ထောက်လှမ်းရေးအဖွဲ့များအပြင် ဌာနဆိုင်ရာ ထောက်လှမ်းရေးအဖွဲ့များလည်း ရှိနေသည်။ သာဓကအားဖြင့် တပ်မတော်ထောက်လှမ်းရေးအဖွဲ့၊ ရေတပ်ထောက်လှမ်းရေးအဖွဲ့၊ လေတ



www.burmeseclassic.com

www.burmeseclassic.com

ထောက်လှမ်းရေးအဖွဲ့၊ ကမ်းခြေစောင့် ထောက်လှမ်းရေးအဖွဲ့ စသည်တို့ ရှိကြ၏။ သို့သော် ထိုအဖွဲ့များသည် မာဖီးယားအား လက်ရှောင်နေကြသည်။

အက်(ဖ်)ဘီအိုင်အဖွဲ့ကြီး၏ ရာသက်ပန်ညွှန်ကြားရေးမှူးဟု ကင်ပွန်းတပ်ခံရသော အက်ဂါဟူးဗားသည် မာဖီးယားဂိုဏ်းကြီးနှင့် ပတ်သက်၍ နှုတ်ဆိတ်နေခဲ့သည်။ ထို့ပြင် အက်ဂါဟူးဗားသည် အမေရိကန်ပြည်ထောင်စု၌ မာဖီးယားဟူသော ဒုစရိုက်ဂိုဏ်းအဖွဲ့ကြီးမရှိပါဟု သတင်းမီဒီယာများကို ထုတ်ဖော်ပြောဆိုခဲ့သည်။ သို့ဖြစ်၍ ယင်းဂိုဏ်းကြီးနှင့် ပတ်သက်၍ အယူအဆအမျိုးမျိုး ထွက်ပေါ်လာခဲ့၏။ အမှန်အားဖြင့် မာဖီးယားဂိုဏ်းကြီးအား စတင်တည်ထောင်သူများသည် စစ်စလီကျွန်းဖွား စစ်စလီလူမျိုးဖြစ်သည်။ သူတို့သည် အကြောင်းအမျိုးမျိုးကြောင့် စစ်စလီကျွန်းမှ အမေရိကန်ပြည်ထောင်စု လာရောက်၍ အခြေစိုက်နေထိုင်သူများဖြစ်သည်။ မာဖီးယားဂိုဏ်းကြီး၏ ခေါင်းဆောင်များမှာ တစ်ဦးနှင့်တစ်ဦး ဆွေနီးမျိုးစပ်တော်ကြသူများဖြစ်၏။ ဂိုဏ်းဝင်များ၊ ဂိုဏ်းခေါင်းဆောင်များမှာ စစ်စလီအမျိုးသားများနှင့် အီတလီနွယ်ဖွားများသာဖြစ်သည်။ ယင်းဒုစရိုက်ဂိုဏ်းကြီးအား အများက မာဖီးယားဂိုဏ်းဟု ခေါ်ဝေါ်ခဲ့ကြ၏။

မှတ်တမ်းများအရ ၁၉၅၇ ခုနှစ်တွင် နယူးယောက်ပြည်နယ် အပါလာချင်မြို့တွင် အမေရိကန်ပြည်ထောင်စု၌ ခြေကုပ်ယူထားသော မာဖီးယားဂိုဏ်းဝင်များသည် မာဖီးယားဂိုဏ်းခေါင်းဆောင်တစ်ဦးပိုင်ဆိုင်သော အိမ်ကြီးတစ်အိမ်တွင် ညီလာခံကြီးတစ်ခုကို ပြောင်ပြောင်တင်းတင်း ပြုလုပ်ခဲ့ကြ၏။ ရဲအဖွဲ့၏ မှတ်တမ်းအရ ထိုညီလာခံကို မာဖီးယားဂိုဏ်းခေါင်းဆောင် ၆၀ တက်ရောက်ခဲ့သည်ဟု ဆိုသည်။

ဤညီလာခံကြီးနှင့် ပတ်သက်၍ သတင်းမီဒီယာများကလည်း အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြရာ အမေရိကန်ပြည်ထောင်စုတစ်ခုလုံး ပွဲဆူလာတော့၏။ ပြည်သူအများကလည်း ယင်းမာဖီးယားဂိုဏ်းကြီးအား အရေးယူရန် တစ်နိုင်ငံလုံးက တောင်းဆိုခဲ့ကြတော့၏။ အက်(ဖ်)ဘီအိုင်ကမူ ထိုမာဖီးယားဂိုဏ်းအား ဒေသခံရဲအဖွဲ့ကသာ ကိုင်တွယ်ဖြေရှင်းရမည်ဟု ဆိုကာ ရှောင်ခဲ့သည်။ သို့သော် မာဖီးယားဂိုဏ်းဝင်တစ်ဦး ဖြစ်သော 'ဂျိုးဗလာချီ' ဆိုသူကို ဖမ်းဆီးရမိရာမှ မာဖီးယားဂိုဏ်းကြီး၏ အကြောင်းကို အမေရိကန်ပြည်ထောင်စုသားများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သိခွင့်ရခဲ့သည်။

ဂျိုးဗလာချီသည် ဗလာချီ၏ ဖြောင့်ချက်များဟူသော စာအုပ်တစ်အုပ်ကို အကျဉ်းထောင်အတွင်း ရေးသားပြုစုခဲ့၏။ ဂိုဏ်းကြီးတွင် မိသားစုပေါင်း ၂၄ ခုရှိပြီး အဖွဲ့ဝင်ပေါင်း




၃၀၀၀ မှ ၅၀၀၀ ထိ ရှိသည်ဟု ခန့်မှန်းထား၏။ မှတ်တမ်းအရ ထိုဂိုဏ်းကြီး၏ တစ်နှစ်ဝင်ငွေမှာ ဂျိုးဇက် ဗလာချီ၊ သို့မဟုတ် ဂျိုးဗလာချီသည် မာဖီးယားဂိုဏ်း၏ ပထမဆုံးသစ္စာဖောက်သူဖြစ်၏။ သူ၏ ဖြောင့်ချက်အရ အက်(ဖ်)ဘီအိုင်ညွှန်ကြားရေးမှူး ဟူးဗားကမူ မာဖီးယားဂိုဏ်း၊ သို့မဟုတ် လာကိုဆာနော(စ်)တြာ ဆိုသည့် မာဖီးယားဂိုဏ်း အမှန်တကယ် ရှိပါသည်ဟု ဝန်ခံခဲ့ရပြီး မာဖီးယားဂိုဏ်းဝင်အများအား တရားဥပဒေအတိုင်း အရေးယူရန် ဆောင်ရွက်ခဲ့ရပါကြောင်း။

လှမိုး(ပညာရေး)

<u>ကျမ်းကိုး</u>

**100 Years of Lynchings**
**By R-Gingburg**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ခင်လမှအဆက်

ဆဲယ့်တစ်နာရီကျော် ...င် သူ့အတွက် ပြင်ဆင်ပေး ...ည့် လက်ဖက်သုပ်နှင့် ...င်းစားပြီး ငှက်ပျောသီး ...ကို လွယ်အိတ်ထဲ ထည့် ဘုရားသို့ ထွက်ခဲ့သည်။

ရွှေတိဂုံကို လက်ျာရစ် ...မုခ်လေးမုခ်တွင် ဘုရား ...ပြီးနောက် နောင်တော်ကြီးဘုရားတွင် အဓိဋ္ဌာန်ယူ၊ ပုတီးစိပ်သည်။

ပုတီးစိပ်နေသည့် အာရုံပေါ်သို့ စိတ်ကို စူးစူးစိုက်စိုက်ထားသည့်တိုင် သမာဓိအကြည့်ခေတ်ကို တော်တော်နှင့် မရ။

ချယ်ရီအကြောင်းနှင့် လုပ်ငန်းခွင် ပြဿနာက ခေါင်းထဲ ဘိုးဝင်နေသည်။

သိသည်။ ကြိုးစားဖျောက်ရသည်၊ ခဏသာ ရွေ့လျားပြီး ပြန်၍ ပြန်၍ ဝင်လာသည်။

သည်လိုနှင့် ဂုဏ်တော်ကွန်ချာ ပုတီးပတ် ပြည့်သွားသည်။

အညောင်းအညာဖြေရန် ခေတ္တထလိုက်သည်။

ညနေစောင်းသည်အထိ နောင်တော်ကြီး ဘုရားမှာ ပုတီးစိပ်ပြီး ရင်ပြင်တော်ပေါ်သို့ ပြန်ဆင်းခဲ့သည်။

စိတ်အေးချမ်းမှုနှင့် မနောအကြည်ခေတ်ကလေး ရရုံလောက်ပဲ ရှိသည်။ ဘုရားကို လက်ျာရစ်ပတ်၍ ရှိခိုးပြီး အိမ်ပြန်ခဲ့သည်။

ကိုးရက်အဓိဋ္ဌာန်မပျက်အောင် သန့်သန့်စင်စင် ထိန်းသိမ်းနိုင်ခဲ့သည်။ ထွေပြားအာရုံများ လုံးဝ မပျက်သွားသော်လည်း လျော့ပါးလာသည်။

အထိုက်အလျောက်သော မနောအကြည်ခေတ်လေး ဖြစ်လာသည်။ စိတ်အေးချမ်းသည့် သဘောဆောင်လာသည်။

ထိုကိုးရက်အတွင်း ဦးကြည်မောင် ချယ်ရီဆီ နှစ်ခေါက် ရောက်သည်။

နေထိုင်းကောင်းရဲ့လားဟု မေးဖော်ရသည်က လွဲ၍ သဘောထား ပြောင်းမည့် လက္ခဏာ မပြ။

သူ့ပြဿနာ သူရှင်းလို့အားလုံးကိစ္စတွေ ပြီးသွားမှပဲ သူတို့နှစ်ယောက်ကိစ္စကို ဆက်ရမည် ဆိုသည့်အပြော ပါလာသည်။

သူတို့မိသားစု ဂုဏ်သိက္ခာ ထိခိုက်ရသည့် အကြောင်း၊ သူ့မဏိမိခင်က



www.burmeseclassic.com

www.burmeseclassic.com

လူကြီး တစ်ယောက်အနေနှင့် ကရုဏာဒေါသော ပြောသည်ကို ခုလို ကလန်ကဆန် လုပ်မသွားသင့်ကြောင်း ကိုလွင်ဦးဘက်သို့ အပြစ်ဖို့သည့် ဘာညာဘာညာ အပြောတွေလည်း ပါလာသည်။

ဦးကြည်မောင်လည်း အတော်လေး စိတ်ပျက်လာသည်။ လက်ရှိ အနေအထားအရ ကြားဝင်ဖို့ မလွယ်ကြောင်း သဘောပေါက်လာသည်။

သို့တစေ ကိုလွင်ဦးကိုတော့ ထိုအကြောင်းတွေ ဘာမှ ပြန်မပြော၊ လေသံသော်မှ မဟခဲ့။

သုံးရက်နားပြီး နောက်တစ်ကြိမ် အဓိဋ္ဌာန်ဝင်ရန် ပြင်နေဆဲ ရုံးအမိန့် ထွက်လာသည်။

ရာထူးတစ်ဆင့် လျှော၍ ဝေးရပ်နယ်မြေ ပြည်နယ်ဌာနသို့ ပြောင်းရွှေ့လိုက်သည့် အမိန့်။

ပေးသည့် အပြစ်မှာ များသည်ဟု မဆိုသာပေမယ့်တော့ ထဲ[illegible]ဝင်ဝင်ကြီး ခံစားလိုက်ရသည်။

နောင်တ ဆိုသည်မှာ နောင်မှတလို့ မရ။

အမိန့်အတိုင်း ပြောင်းရွှေ့မည့်နေရာကို သွားမလား။ ဒါမှမဟုတ် အလုပ်က နုတ်ထွက်မလား။

စဉ်းစားစရာ လမ်းနှစ်သွယ်ပဲ ရှိသည်။

ပြောင်းရိုးပြောင်းစဉ် ပြောင်းရွှေ့ရမည့် မဟုတ်ဘဲ မကောင်းသော မှတ်တမ်းတင်ခံရပြီး ပြောင်းရွှေ့ရမည်ကြောင့် ရောက်သည့်နေရာမှာ မျက်နှာငယ်ရမည်။ အနှိမ်ခံရမည်။

သူ ရရှိမည့်လစာက သူ တစ်ယောက်စာအတွက်ပဲ လုံလောက်မည်။ အိမ်ကို ငွေပြန်ပို့ဖို့ အခြေအနေ ဘယ်လိုမှ ပေးသည် မဟုတ်။

ဒါဆိုရင် ချယ်ရီနှင့် ပြဿနာ ရှင်းဖို့က မလွယ်။

အမိန့်ထွက်ပြီးနောက် ရုံးသို့သွား၍ ချယ်ရီနှင့် တွေ့ဆုံရမည်။

မပြင်ရ၊ မတွေ့ရသည်မှာ ကြာပြီဖြစ်သည့် ရင်နှင့်အောင် ချစ်ခဲ့ရသူ ချယ်ရီကို ...လိုက်တော့ ရင်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရသည်။

ရင် ...င့်အောင် ချစ်ခဲ့ရသလို သူမကြောင့် ရင်နှင့်အောင် ခံစားရသည်ကိုပင် မေ့ပျောက်သလို ရှိသွားသည်။

ချယ်ရီ၏ ဆက်ဆံရေးပုံစံ ပြောင်းသွားသလို အခေါ်အဝေါ်လည်း ပြောင်းသွားသည်။

ခေါ်နေကျ 'ကို' အစား 'ကိုလွင်ဦး'ဟု သူစိမ်းဆန်ဆန် ခေါ်လာသည်။

ချယ်ရီက သူ ပြောင်းရွှေ့ရမည့်နေရာကို မလိုက်နိုင်သည့် အကြောင်းနှင့် လွင်ဦးအနေနှင့် ရန်ကုန်ကို ပြန်လည် ပြောင်းရွှေ့ရမည့် အခွင့်အလမ်း လုံးဝမရှိသောကြောင့် ဘယ်လိုသဘောထားရှိ၍ ဘယ်လိုလုပ်ချင်သည့် ဆန္ဒရှိကြောင်း မေးလာသည်။

**"ကိုလွင်ဦး ကျွန်မကို ထိုက်ထိုက်တန်တန် ထားနိုင်မယ့် အခြေအနေမျိုး ဘယ်တော့ ရှိလာနိုင်မှာလဲ"**

ချယ်ရီ ဘာကို ရည်ရွယ်၍ မေးသည်ကို သဘောပေါက်သလို သူကလည်း သူမ ဆန္ဒကို ပြန်မေးလိုက်ရသည်။

သူတို့နှစ်ယောက် တွေ့ဆုံပြောဆိုမှုမှာ အဆင်မပြေခဲ့။

"ကိုလွင်ဦးက ကျွန်မအတွက် ဘယ်လိုတာဝန်မျိုး ယူနိုင်မယ့် အခြေအနေ ရှိသေးတယ်ဆိုတာလည်း ပြောဦးလေ"

"ကိုယ်ကတော့ ရတဲ့ လစာထဲက ထိုက်သလောက် ပို့ပေးသွားမယ်၊ အရင်ကလို အပိုဝင်ငွေရှာတာမျိုးတော့ လုံးဝ မလုပ်တော့ဘူး"

"ဒါဆိုလည်း ရှင်းပါတယ်လေ၊ ကိုလွင်ဦး ကျွန်မကို ထိုက်ထိုက်တန်တန် ထားနိုင်မယ့် အခြေအနေမျိုး ဘယ်တော့ ရှိလာနိုင်မှာလဲ"

"ဒါ ချယ်ရီ မေးသင့်တဲ့ မေးခွန်းမှ မဟုတ်ဘဲ"

"ဘယ်နှယ် မမေး... မလဲ၊ ချယ်ရီက တစ်လကို ... ငါးဆယ်လောက် ထောက်... တာကို လက်ဝေခံပြီး ကိုလွ... ဦးရဲ့ဇနီးအဖြစ်နဲ့ ဆက်... စခန်းသွားရမှာလား"

"ဒီတော့..."

"ကိုလွင်ဦးက ချယ်ရီ... ဘာမှ ထောက်ပံ့စရာ ... ဘူး၊ လွတ်လပ်ခွင့်ကို... အနှောင့်အယှက် မပေး..."



www.burmeseclassic.com

www.burmeseclassic.com

ချယ်ရီကလည်း ကိုလွင်ဦးရဲ့ လွတ်လပ်ခွင့်ကို အနှောင့် အယှက် မပေးဘူး၊ ချယ်ရီ ပြောတာ ကိုလွင်ဦး သဘော ပေါက်ပါတယ်နော်"

"ဒါ ချယ်ရီရဲ့ သဘော ထားအတည်ပဲပေါ့"

"ဟုတ်ပါတယ်"

"ဒါဖြင့် စိန်လိုက်လေ"

"ဒီလိုနဲ့ မပြီးဘူး ကိုလွင်ဦး"

"ဘာလိုသေးလို့လဲ"

"နှုတ်ပာစ်ရာ စာပာစ် လုံးဆိုတော့"

"ကောင်းပြီလေ၊ ချယ်ရီ ကြိုက်သလို ရေး၊ ကိုယ် လက်မှတ်ထိုးပေးမယ်"

ကွာရှင်းပြတ်စဲကြောင်း စာချုပ် မဟုတ်သော်လည်း သဘောသက်ဝင်သည့် စာ ရွက်စာတမ်းပေါ်တွင် အသိ သက်သေထား၍ လက်မှတ် ထိုးပေးလိုက်ရသည်။

အိမ်ထောင်ဘက်အရွေး မှားသွားပြီဟု ဦးကြည်မောင် ပြောခဲ့သည်မှာ ခုတော့ ပြက် ပြက်ထင်ထင် ပုန်နေပြီ။

အဆိုးဝါးဆုံးနှင့် အနံ့ ချာဆုံး ဘဝကံပိုင်ရှင် ဖြစ် သွားရပြီ။

လောကကွင် ပြုပြုသမျှ သော အမှုဟူသမျှတို့တွင် တစ်ပါးသူကြောင့်ဟု အပြစ်ပုံ ချလို့ မရ။

ဘယ်သူမပြု မိမိမှုသာ လျှင် ပဓာနဖြစ်၏။

လုပ်ငန်းခွင်သို့ စွန့်ခွာ ရန် အခြေအနေ မပေးသည့် အလျောက် ဝေးသီခေါင် သော ဒေသသို့ တစ်ကိုယ် တည်း ထွက်ခဲ့ရသည့်နောက်။

▸ ▸ ▸ ▸ ▸

(ခြောက်)

သူ ရောက်ရှိသွားသည့် ဒေသမှာ ရာသီဥတု ဆိုးဝါး သလို လမ်းပန်းဆက်သွယ် ရေးလည်း ခက်ခဲသည်။

မြို့ဟု ဆိုရသော်လည်း ပြည်မက မြို့များလို မဟုတ်။

လူစည်ကားရာ နေရာ ဟူ၍ နှစ်နေရာသာ ရှိသည်။

အဖြစ်ဆောက်ထား သည့် ရုပ်ရှင်ရုံနှင့် စားစရာ များနှင့် အရက်ကို အဓိက ထားရောင်းသည်စားသောက် ဆိုင်။

ရုပ်ရှင်ရုံက နေ့စဉ်မပြ။

တစ်ပတ်မှာ နှစ်ရက် တစ်ခါတစ်ရံ သုံးရက်ပြသည်။

အရက်ဆိုင်ကတော့ နေ့တိုင်းဖွင့်သည်။

အစည်ကားဆုံး အချိန် မှာ ညနေပိုင်းနှင့် ညဦးပိုင်း။

ရှစ်နာရီကျော်လျှင် မြို့ ထဲမှာ သွားလာလှုပ်ရှားနေသူ တစ်ယောက်စ၊ နှစ်ယောက်စ လောက်ပဲ ရှိသည်။

ဈေးက ငါးရက်တစ် ဈေး။

မြို့၏ အစည်ကားဆုံး နေ့မှာ ဈေးနေ့။

သူ့အတွက်တော့ ကောင်းသည်။ အလုပ်တာဝန် သိပ်မကြီးလေးသလို အလည် အပတ် သွားစရာ လာစရာ လည်းမရှိ။

စိတ်ထွေပြားမှု အား လျော့သွားပြီ ဖြစ်သည့် အလျောက် ပုတီးစိပ်ခြင်းဖြင့် သာ အချိန်ကို ကုန်လွန်နေစ ရသည်။

ညနေတိုင်း မြို့အစွန် တောင်ကုန်းပေါ်ရှိ စေတီသို့ တက်၍ ပုတီးစိပ်ခဲ့သည်။

စေတီမှာ ကုန်းမြင့်ပေါ် တွင် တည်ထားသည့် အလျောက် တိတ်ဆိတ်သည့် ပတ်ဝန်းကျင် ရှုခင်းသာယာ သည်။

စိတ်ကြည်လင်သည်။

အေးမြသည်။ စေတီ ရင်ပြင်သို့ လာရောက်သူ လည်း နည်းပါးသည်။

ပုတီးစိပ်ရသည်မှာ ထိ ထိမိမိရှိသည်။

မနောအကြည် ပို၍ တည်ငြိမ်အေးစက်လာသည်။

စေတီရင်ပြင်တွင် နေ့ စဉ်တွေ့နေကျ ပုဂ္ဂိုလ်တစ်ဦး နှင့် မျက်မှန်းတန်းမိလာ သည်။

ထိုပုဂ္ဂိုလ်မှာ ယောဂီ ဝတ်စုံ အမြဲဝတ်၍ ဥပမိရုပ် သန့်ပြန့်သည်။ မျက်နှာကြည် လင်၍ အေးချမ်းရိပ်ထင် သည်။ အသက်အရွယ်မှာ ခြောက်ဆယ်ခန့်လောက် ရှိ မည်။

ပုတီးစိပ်ပြီးတိုင်း စေတီ ရင်ပြင်တစ်ခုလုံးကို တံမြက် စည်းတစ်ချောင်းနှင့် သန့်စင် စင်ကြယ်စေသည်မှာ ထို ပုဂ္ဂိုလ်၏ နေ့စဉ်အမြဲ ဝတ္တရား ပင်။

အတွေ့အမြင် များလာ ပြီးနောက် အပြုံးမိတ်ဆက်ဖြင့် သူတို့၏ သိကျွမ်းမှုကို စတင် ခဲ့သည်။

"မောင်ရင်က ဒီဖရပ် ဒေသခံ မဟုတ်ဘူးဆိုတာ တော့ သိတယ်၊ ဘယ်အရပ် ဒေသကလဲ စပ်စုတယ်လို့ တော့ မထင်ပါနဲ့နော်"

သူက အခိုက်အလှည့် မသင့်လို့ ဌာနသို့ ရန်ကုန်မှ ပြောင်းရွှေ့ လာရကြောင်း ပြောပြသည်။

တစ်စတစ်စ ရင်းနှီး လာရာမှ စေတီရင်ပြင် သန့် ရှင်းရေးကို သူကပါ ဝိုင်းဝန်း ကူညီလုပ်ကိုင်သည်။

နေ့စဉ် သန့်ရှင်းရေး လုပ်ပြီးနောက် နားနေချိန် တွင် ထွေရာလေးပါး စကား စမြည်ပြောဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

> "မောင်ရင် ပုတီးစိပ်ရင် ရိုးရိုးစိပ်နော်။ အဲတာမျိုး ကွန့်တွေနဲ့ မပတ်သက်စေနဲ့။ တော်ကြာ ကုသိုလ် မဖြစ်ဘဲ အကုသိုလ် ဖြစ်လိမ့်မယ်"

သူတို့ ပြောကြဆိုကြသည်မှာ လောကီရေးထက် လောကုတ္တရာ အကြောင်းဘက်သို့ အလေးသာသည်။

အဘဉာဏ်က အပြောသမား၊ သူက နားထောင်သမား။

တစ်နေ့တွင်အဘဉာဏ်ထံမှ ပပြောစဖူး အပြောထူးသည့် သူနှင့် ပတ်သက်ရာ ပုဂ္ဂိုလ်ရေးအကြောင်း တစ်ခု ပါလာသည်။

"မောင်ရင်ရဲ့ ပင်ကို စိတ်က သန့်စင်တယ်၊ ရိုးသားတယ်၊ ဒါပေမဲ့ အမှောင့်ပယောဂသမားနဲ့ ဆက်နွယ်လာရင် မောင်ရင်ဟာ ပင်ကိုရိုးသားမှုကို မထိန်းသိမ်းနိုင်ဘူး၊ အရောင်ဆိုးရာအဆက်ကို အလွယ်တကူ ပါတယ်တယ်။ ဒါကြောင့် မောင်ရင်ဟာ ဒုက္ခအထွေထွေနဲ့ ရစ်ထွေးခဲ့ရတာပဲ၊ မကုန်သေးဘူး၊ ကုသိုလ်ရေးများများလုပ်"

အမေးအမြန်း မရှိဘဲ လွှတ်ခနဲ ပြောလိုက်သည့် စကား။

သူ့ဘဝ ဖြစ်စဉ်နှင့် ကွက်တိကိုက်နေသည်။

"အဘပြောတာနဲ့ ကျွန်တော့်ဖြစ်စဉ်ကတော့ ကွက်တိကို ကိုက်နေတယ်။ မကုန်သေးဘူးဆိုတော့ ကျွန်တော် ဘာပေါ့များ ယပ်ဖြစ်ဖို့ ရှိသေးလို့လဲအဘ"

"အဲဒီ ထိအောင်တော့ အဘလည်း မပြောနိုင်ဘူး။ ခု မောင်ရင့်အပေါ် မြင်ရတဲ့ အမြင်ကို ပြောရတာ"

"အကြားအမြင်သဘောမျိုးလား အဘ"

"မောင်ရင်က မရှိတဲ့ အကြောင်းကို အရှည်ပြောနေပြန်ပြီကိုး၊ အကြားအမြင်ဆိုတာ မရှိပါဘူး။ မောင်ရင်ရဲ့ ဘာလိမ့်ဝိဇ္ဇာတွေ ကည်ထွင်ယိုက်လို့ ခေတ်စားလာတဲ့ စကားပါ။ အဘပြောတဲ့ အမြင်က အဘကတ်ကဲ့ ဘာဝိဇ္ဇာနည်းနဲ့ ကြည့်လို့မြင်လို့ မြင်သလောက်ပြောဒီတာပါ"

"ကျွန်တော် ကြားဖူးနားဝရှိတဲ့ အကြားအမြင်ဆိုတာမျိုးများလားလို့ ထင်ပြီး မေးမိတာပါအဘ၊ ကျွန်တော် မှားသွားရင် ခွင့်လွှတ်ပါ"

"မောင်ရင် ကြားဖူးတဲ့ အကြားအမြင်တို့ဆိုတာက ဘယ်လိုဟာမျိုးလဲ"

"ဘိုးတော်တို့ မဟာဒိဗ္ဗရှင်၊ သိဒ္ဓိရှင် အမည်ခံပုဂ္ဂိုလ်တွေက အကြားဓာတ်၊ အမြင်ဓာတ်ရတယ် ဆိုပြီး ဟောပြောနေတာမျိုးလားလို့ပါ"

"မောင်ရင် ပုတီးစိပ်ရင် ရိုးရိုးစိပ်နော်။ အဲဟာမျိုး ကွန့်တွေနဲ့ မပတ်သက်စေနဲ့။ တော်ကြာ ကုသိုလ်မဖြစ်ဘဲ အကုသိုလ်ဖြစ်လိမ့်မယ်။ ပုတီးစိပ်တယ်ဆိုတာ စိတ်ညောင်းညာတောင့်တင်းမှုဝေဒနာကို အနည်းနဲ့ အများ ခံစားရတယ်နော်။ အကျိုးရှိအောင် မလုပ်တတ်ရင် ညောင်းညာတောင့်တင်းတာပဲ အဖတ်တင်မှာပေါ့။ အကြားဓာတ်၊ အမြင်ဓာတ်ရအောင်ဆိုတဲ့ ရည်စူးချက်နဲ့ ပုတီးစိပ်ရင် ညောင်းညာတာပဲ အဖတ်တင်မယ်၊ မရှိတဲ့အရာကို ရှိအောင် လုပ်လို့မှ မရတာဘဲဟင်"

"အဘ ပြောသလိုသာဆိုရင် ခုခေတ်မှာ ခေတ်စားနေတဲ့ အကြားအမြင်ဆိုတာ မဟုတ်ဘူးပေါ့နော် အဘ"

"မောင်ရင်လည်းခေတ်ပညာတတ် တစ်ယောက်ပဲဟာ ဒီပွဲနည်းကျ တွေးကြည့်ရင် အဖြေပေါ်မှာပေါ့။ ကဲ. . အဘက မောင်ရင့်ကို မေးမယ်။ ခုမောင်ရင် ပြောတဲ့ အကြားအမြင် ဟောနေတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကို ဘယ်သူက လာပြောလို့ သူတို့က ကြားနေတာလဲ။ ဘယ်သူက လာပြလို့ သူတို့က မြင်နေတာလဲ၊ အဲဒါကို မောင်ရင် ကြားဖူးနားဝ ရှိသလို ဖြေကြည့်စမ်း"

"ဂန္ဓာရီ ဝိဇ္ဇာပညာပေါက်မြောက်သွားတဲ့ ပုဂ္ဂိုလ်

www.burmeseclassic.com

တွေ၊ သမထအကျင့် ပေါက်ပြောက်သွားတဲ့ ပုဂ္ဂိုလ်တွေက အကြားဓာတ်၊ အမြင်ဓာတ် ပေးလို့ သူတို့က တစ်ဆင့် အဲဒီ ပုဂ္ဂိုလ်တွေ ပြောတာကို ကြားလို့ ပြောတာကို မြင်လို့ ပြောနိုင်တာလို့ ပြောကြတာပဲအဘ"

"ဂန္ဓာရီဝိဇ္ဇာပညာတို့၊ ပဟိဒ္ဓိတို့၊ သိဒ္ဓိတို့၊ သမထကျင့်စဉ်တို့က ကျင့်စဉ်ပဲ၊ လောကီကိစ္စနဲ့မှ မဆိုင်တာပဲဟာ။ စီးပွားရေးကိစ္စ၊ ရာထူးရာခံကိစ္စ၊ အိမ်ထောင်ရေးကိစ္စ၊ အိမ်တွင်းရေးကိစ္စ၊ ဟိုကိစ္စဒီကိစ္စ ပေါင်းစုံကိစ္စတွေကို ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဆိုသူတွေက ဘယ်လိုလာပြီး ဆက်နွယ်ပတ်သက်မှာလဲ၊ အဲဒါ အလွယ်ဆုံး စဉ်းစားနိုင်မယ့် အဖြေပဲ၊ မောင်ရင့်ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားပေါ့၊ ကဲ. . . အမှောင်ရိပ်လည်း သမ်းလာပြီ အဘတို့ ပြန်ကြစို့"

စေတီတော် တောင်ကုန်းအောက်ခြေသို့ ရောက်သောအခါ မြို့ဘက်သို့ ခြေဦးတည်၍ အဘညာဏ်က မနီးမဝေးသော အုပ်ကလေးရှိရာသို့ ခြေဦးတည်ပြီး လမ်းခွဲကြသည်။

မည်သို့ပင် ဆိုစေကာတော့ အဘညာဏ်ကို အထင်ကြီးလေးစားသည်။ ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်လိမ့်မည်ဟု ယုံကြည်နေသည်။

ခါတိုင်း သူက အရင်ပြန်၍ အဘညာဏ်က နောက်ချန်ပြန်သောကြောင့် အဘညာဏ်ကို မြို့ထဲမှာနေသူ တစ်ယောက် ဖြစ်လိမ့်မည်လို့ ထင်ခဲ့သည်။

ဒီနေ့မှ မြို့ထဲဘက်ကို ခြေဦးမတည်ဘဲ တောအုပ်ကလေးဘက်သို့ ခြေဦးတည်ပြီး ပြန်သွားသည်ကို မြင်တွေ့လိုက်ရတာကြောင့် ပို၍ စိတ်ဝင်စားသွားသည်။

နောက်တစ်နေ့ညနေ စေတီရင်ပြင်ပေါ်တွင် ဆုံမိကြသည့်အခါ အဘညာဏ်က အပြုံးဖြင့်နှုတ်ဆက်ပြီး တစ်စုံတရာသော နှုတ်ဖွင့်စကားဆိုမလာသောကြောင့် သူ စကားအစရ ခက်နေသည်။

နောက်တစ်နေ့တွင် အဘညာဏ် ပုတီးစိပ်သည့် အချိန်နာရီကြည့်ပြီး မှတ်သားလိုက်သည်။

ဘုရားရှိခိုးချိန် ပါ ပုတီးစိပ်အချိန်မှာ တစ်နာရီနှင့် မိနစ်နှစ်ဆယ်ကြာသည်။ ဘုရားရှိခိုးချိန်နှင့် အမျှအတန်းဝေသည့် အချိန်ပါ ထည့်ပေါင်းလိုက်ရင် နှစ်နာရီခန့် ကြာသည်။

အထိုင်မပြောင်းသည်ကတော့ ထားဘိတော့။ ခါး၊ ခေါင်းစသည်တို့ပါ စတင်ထိုင်သည့် ပုံစံအတိုင်း၊ အပြောင်းအလဲမရှိ မတ်တတ်တည်ငြိမ်သည်။

လွင်ဦး ထိုင်နိုင်သည့် အချိန် အတိုင်းအတာမှာ အဘညာဏ် ထိုင်သည့် အချိန်တစ်ဝက်ပင် မပြည့်။

သို့တစေ သူကအထိုင်မငြိမ်။ လေးဆယ့် ငါးမိနစ်ကို အထိုင်ငြိမ်အောင် အတော်ကြီး သတိထား ကြိုးစားရသည်။

ထို့ကြောင့်လည်း အဘညာဏ်ကို ပို၍စိတ်ဝင်စားမိသည်။ ဆည်းကပ်မှီဝဲသင့်သော ပုဂ္ဂိုလ်အဖြစ် သတ်မှတ်မိရခြင်းဖြစ်သည်။

တစ်နေ့တွင် စေတီရင်ပြင် တံမြက်စည်း လှဲရင်း စကားပြောခွင့်ရအောင် ကြိုးစားပြီး သူပြောချင်သည့် အကြောင်းကို ပြောရသည်။

အဘဆီမှာ ကျွန်တော် ခွင့်တောင်းစရာ ရှိလို့ပါဟု အစချီပြီး အဘညာဏ်နေထိုင်သည့် နေရာသို့ ဝင်ထွက်သွားလာခွင့် တောင်းရသည်။

"မောင်ရင်က ကျုပ်ကို တော်တော် စိတ်ဝင်စားနေပြီ ထင်တယ်၊ ကျုပ်အကြောင်းကိုကော မောင်ရင်က သိပြီးပြီလား"

"မသိသေးပါဘူး အဘ၊ ကျွန်တော် အဘဆီ လာချင်တာက အဘကို ကြည်ညိုလေးစားမိလို့ပါ၊ ပြီးတော့ အဘဟာ ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်လိမ့်မယ်လို့ ကျွန်တော့် စိတ်ထဲမှာ ထင်မိလို့ပါ"

**"ဒီကနေ့ လှမ်းမြင်ရတဲ့ တောအုပ်ကလေးဟာ ကျုပ်နေတဲ့ နေရာပဲ"**



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ ဆိုရင်တော့ မောင်ရင့်တွက်ကိန်း မှားလိမ့်မယ်။ ကျုပ်ဟာ ဘာမှမထူးတဲ့ သူလိုငါလို့ လူထဲက လူတစ်ယောက်ပါ။ အေးလေ မောင်ရင်ဆန္ဒရှိရင် စကားစမြည်လေး ဘာလေးပြောဖို့ လာခဲ့ပေါ့"

"အဘနေတဲ့ နေရာနဲ့ အဘကို အနှောင့်အယှက် မဖြစ်အောင် ဘယ်အချိန်မျိုး လာရမယ်ဆိုတာ အဘက ပြောမှ ကျွန်တော်လာလို့ ဖြစ်မှာပါ"

"ဒီကနေ လှမ်းမြင်ရတဲ့ တောအုပ်ကလေးဟာ ကျုပ်နေတဲ့ နေရာပဲ။ မောင်ရင် လာချင်းသပဆိုရင် နေ့လယ်တစ်နာရီကနေ သုံးနာရီပြား တွင်းလာပေါ့။ အဲ တစ်ခုတော့ ရှိတယ်။ ကျုပ်ဆီ မလာခင် ကျုပ်အကြောင်းကို မောင်ရင်နဲ့ ရင်းနှီးတဲ့ ဗြို့ခံလူတွေဆီမှာ မေးမြန်းစုံစမ်းကြည့်ဦး။ ပြီးမှ ကျုပ်ဆီ လာသင့် မလာသင့် ဆုံးဖြတ်"

"ကျွန်တော် အဘကို လေးစားကြည်ညိုပြီးသားမို့ အဘအကြောင်းကို သူစိမ်းတစ်ရံဆံတွေဆီမှာ မမေးမြန်းချင်ပါဘူး။ ကျွန်တော် လာဖို့ကိုသာ အဘ ခွင့်ပြုပါ"

အဘဉာဏ်က ပြုံးပြုံး ခေါင်းညိတ်လိုက်သည်။

နောက်တစ်နေ့ နေ့လယ်ဘက် အဘဉာဏ်ညွှန်ပြလိုက်သည့် တောအုပ်ကလေးသို့ ရောက်သွားသည်။

လူတစ်ယောက် ချောင်းချောင်းချိချိ နေသာရုံအောက်ထားသည့် တဲကလေး တစ်တဲကို တွေ့ရသည်။

ပတ်ဝန်းကျင်မှာ လူနေအိမ်ခြေဟူ၍ မတွေ့ရ။

အဘဉာဏ်နေသည့် တဲကလေး တစ်တဲသာ ရှိသည်။

ပတ်ဝန်းကျင် အနေအထားမှာ တိတ်ဆိတ် ငြိမ်သက်ပြီး သာသာယာယာ ရှိသည်။

သူ ရောက်သွားသည့် အချိန်မှာ အဘဉာဏ်ကို တဲကလေးရှေ့ ဝါးပက်လက်ကုလားထိုင်တွင် ထိုင်လျက်တွေ့ရသည်။ လက်ထဲတွင် ပုတီးကိုင်လျက် ပုတီးစိပ်နေသည်။

"ကဲ... မောင်ရင်ထိုင်" ဟု ပြော၍ တဲကလေး ပေါ် လက်ညှိုးညွှန်ပြသည်။

တဲကလေးပေါ်မှာ ထူးထူးထွေထွေ ဘာပစ္စည်းမှ မရှိ။ ရှင်းလင်းနေသည်။

ထရံကာထားသည့် ဖက်တွင်းဘက်မှာ အဘဉာဏ် အိပ်သည့်နေရာ ဖြစ်လိမ့်မည်။

အရှေ့ဘက်မှာ ဘုရားစင်ရှိသည်။

ဘုရားစင်ရှေ့မှာ သားရေနွယ်တစ်ချပ် ခင်းထားသည်။

အဘဉာဏ်ဘုရားဝတ်ပြု ပုတီးစိပ်သည့် နေရာ ဖြစ်လိမ့်မည်။

အဘဉာဏ်က ပုတီးပတ်ဆုံးသည်အထိ ပက်လက်ကုထားထိုင်မှာ ထိုင်မြဲထိုင်လျက် ပုတီးစိပ်နေသောကြောင့် သူလည်း ငြိမ်သက်စွာပင် ထိုင်နေလိုက်ပေသည်။

ပုတီးပတ် ဆုံးတော့မှ ပက်လက်ကုလားထိုင်မှ ထပြီး တဲပေါ်တက်လာပြီး ခေါင်းရင်းဘက်မှာ ပင်ထိုင်သည်။

"ကဲ... မောင်ရင် ကျုပ်နဲ့တွေ့ပြီး ဘာတွေများ မေးချင်၊ စမ်းချင်၊ ပြောချင်သလဲ။ မေးစရာရှိတာ မေး၊ ပြောစရာ ရှိတာပြော"

အဘဉာဏ်က ဤသို့ ဖြင့် စကားလမ်းကြောင်း စလိုက်သည်။

"အဘဉာဏ်က ဒီမှာ တစ်ယောက်တည်း နေတာပေါ့နော်"

"ဟုတ်ပ"

"အဘရဲ့ စားရေးသောက်ရေးအတွက် အဘကိုယ်တိုင်ပဲ ချက်ပြုတ် စားသောက်ရတာပေါ့နော်"

"ဟုတ်ပ။ အခက်အခဲ မရှိပါဘူး။ ဆန်၊ ဆီ၊ ဆား၊ မြေပဲ လက်ဖက်နဲ့ ငှက်ပျောသီး ရှိရင် ကိစ္စပြီးတာပဲ။ ကျုပ်က ဥပုသ်ရက်ရှည်ဆိုတော့ တာဝန်အေးတာပေါ့"

"အဘ ကျန်းမာရေး ပထိခိုက်ဘူးလား"

"မြင်တဲ့အတိုင်းပဲလေ၊ ခုထိတော့ ဒေါင်ဒေါင်မြည်ပဲ။ မြဲတော့ မမြဲဘူးပေါ့လေ။ နိယာမအတိုင်း ဇရာအရွယ်ရောက်နေပြီပဲဟာ၊ ဗျာဓိ၊ မရဏ လမ်းကြောင်းပေါ် ရောက်ဦးမှာပေါ့"

"အဘ တစ်ယောက်တည်းနေတော့ တခြား အနှောင့်အယှက်တွေ ဘာတွေများ မတွေ့ဘူးလား"

"ကောင်းတာလုပ်နေတာပဲဟာ၊ မကောင်းတာနဲ့ ဆုံစည်းဖို့ မရှိပါဘူး"

"စိတ်တော့ မရှိပါနဲ့ အဘရယ်။ ကျွန်တော် သိချင်တာလေး မေးပါရစေ။ အဘမှာ သားယောက်သမီးခံတွေ ဘာတွေ မရှိဘူးလား"

"အဲဒီအကြောင်းကို ပြောရရင် အဘရဲ့ အတိတ်အကြောင်းကို ပြောမှ ပိုပြီး ပြည့်စုံမယ်။ ဒါပေမဲ့ ဒါတွေကို ပြန်ပြောချင်တဲ့ ဆန္ဒတော့ မရှိဘူး"

"အဘ စိတ်အနှောင့်



www.burmeseclassic.com

www.burmeseclassic.com

အယုက် ဖြစ်မယ်ဆိုရင်တော့ မပြောပါနဲ့။ ကျွန်တော်အဘကို များ လာပြီး အနှောင့်အယှက် ပေးမိနေပြီလားလို့ ကျွန်တော် တောင်းပန်ပါတယ် အဘ"

"အေးလေ၊ မောင်ရင်က အဘနဲ့ ပဋ္ဌာန်းဆက်ရှိလို့ရှိခဲ့မှန်းမှ မသိဘဲကိုး။ မောင်ရင့်ကို တွေ့တွေ့ချင်း အဘရင်ထဲမှာ ကိုယ်နဲ့ကွဲကွာနေတဲ့ သားတစ်ယောက်ကို ပြန်တွေ့လိုက်ရသလို ခံစားလိုက်ရတယ်။ အဲဒါကြောင့်ဆိုပါတော့ မောင်ရင်ကို အဘအကြောင်း ပြောပြမယ်"

အဘဉာဏ်ခေါ် ဦးဉာဏ်ဖေမှာ တစ်ကျွန်းပြန်။

ကျွန်းပြန်ကြီး ဦးဉာဏ်ဖေမှာ ခိုးဆိုးတိုက်ခိုက် လုယက်သည့် ရာဇဝတ် ပြစ်မှုကြီးများကို ကျူးလွန်ပြီး တစ်ကျွန်းသို့ ရောက်သွားခဲ့သည် တော့မဟုတ်။

လူသတ်မှုနှင့် တစ်ကျွန်းသို့ ရောက်သွားခဲ့သူ ဖြစ်၏။

အဘဉာဏ်က သူသည် လူကောင်း တစ်ယောက် မဟုတ်ခဲ့သည်ကိုမူ ဝန်ခံ ပြောကြားသည်။

လူမှုရေး ဖောက်ဖျက်မှုများကို ကမ်းကုန်အောင် လုပ်ခဲ့သည်များကိုလည်း ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့သည်။

မိဘတွေက မြေပိုင်ရှင် ချမ်းသာကြွယ်ဝသူများ ဖြစ်၏။

သူက တစ်ဦးတည်းသော သား။

သူတို့နယ်မြေမှာ လယ်ယာတွေ လက်ညှိုးထိုးမလွဲအောင် ပိုင်ဆိုင်သလို စိန်၊ ရွှေ စသည့် ရတနာပစ္စည်းများကိုလည်း တနင့်တပိုး ပိုင်ဆိုင်ကြသည်။

သူ၏မိဘများ ပိုင်ဆိုင်သည့် စိန်ထည်ပစ္စည်းများမှာ နည်းနည်းနောနောမဟုတ်။

သူတို့ တစ်သက်စာမက နှစ်သက်၊ သုံးသက် ပေးနိုင်၊ သုံးနိုင် စွဲနိုင်လောက်အောင် ပိုင်ဆိုင်သည်ဟု ပြောရမည် သို့အောင် များပြားသည်။

လယ်ယာမြေဝင်ငွေအပြင် စိန်ထည်ရွှေထည် အပျားး အပေါင်ခံသည့် လုပ်ငန်းကိုလည်း လုပ်သည်။

ဝင်ငွေထားစရာ မရှိအောင် ပေါသော အပြောစကားတွင်လောက်အောင် ချမ်းသာသည်။

၇၅ ပေ ပတ်လည် ဆောက်ထားသည့် သူတို့၏ နှစ်ထပ်တိုက်ကြီးမှာ သူတို့ မြို့နယ်တွင် အုံ့မခန်း တိုက်ကြီးပါကလားဟု ပြောစမှတ်တွင်အောင် ကြီးမားခဲ့ထည်သည်။

"ကျုပ်အကြောင်းကို ပြန်ပြောဖို့ ဝန်လေးတာမှ အကြောင်းဟာ အဓိက အကြောင်းတစ်ပေါ့။ ကျုပ်ရဲ့ လက်ရှိဘဝ အခြေအနေနဲ့ အတိတ်ဘဝ အခြေအနေက မိုးနဲ့မြေလောက် ကွာတော့ အကြောင်းမသိသူ လူတစ်ရာကိုပြော၊ တစ်ရာလုံး ယုံမှာ မဟုတ်ဘူး။ နားထောင်နေရပေမယ့် ရင်ထဲမှာ ကလိကလိ ဖြစ်လာတဲ့ ရယ်ချင်စိတ်ကို မနည်းကြီး မျိုသိပ်ပြီး နားထောင်နေရမှာ မဟုတ်လား"

အဘဉာဏ်မှာ လူပျိုပေါက် အရွယ်အထိ လူကောင်း လူတော်လေး တစ်ယောက်အဖြစ် အသိအမှတ်ပြု ခံရသည်။ ပညာရေး မထွန်းပေါက်ပေမယ့် သူလိုငါလို တစ်နှစ်တစ်တန်း မှန်မှန်အောင်သည့် ကျောင်းသားတစ်ယောက် ဖြစ်ခဲ့သည်။

ဆယ်တန်းရောက်သည် အထိ သူ၏ဘဝမှာ တည်တည်ငြိမ်ငြိမ်ပင် ရှိခဲ့သည်။

သူ ဆယ်တန်းစာမေးပွဲ ဖြေမည့်ဆဲဆဲ နာမည်ကြီး ဓားပြပေသီးတို့အဖွဲ့ သူတို့တိုက်ကို စီးမိသွားသည်။

ပေသီးတို့အဖွဲ့က အင်အား နှစ်ဆယ်လောက်ရှိသည့် ဓားပြအဖွဲ့ကြီးဖြစ်သည့်အလျောက် အရပ်က မကူရဲ။

ရဲအဖွဲ့ ကပင်လျှင် အတော်ကြီး သတိထားပြီး ချဉ်းကပ်ခဲ့ရသည်။

အဘဉာဏ်၏ မိဘများ ထံ မီးခံသေတ္တာသော့ တောင်းသည်။ သော့ကို အလွယ်တကူ ပေးလိုက်ပေမယ့် မီးခံသေတ္တာကို ဖွင့်ပြီးနောက် မီးခံသေတ္တာထဲမှာ တွေ့ရသည့် ပစ္စည်းများနှင့် ပတ်သက်၍ ဓားပြတွေက မကျေမနပ် ဖြစ်စေသည်။

သူတို့ ရထားသည် သတင်းနှင့်မကိုက်၊ ပြောပြီး ပစ္စည်းဖွက်ထားသည့် အခြားနေရာကို ပြခိုင်းသည်။

အဘဉာဏ် မိဘတွေက တခြားနေရာမှာ မထားကြောင်းနှင့် မီးခံသေတ္တာထဲ ရှိသမျှ ပစ္စည်းများမှာ သူတို့ ချမ်းသာသမျှ ပစ္စည်းများ ဖြစ်ကြောင်း ရှိခိုးဦးတင်တောင်းပန်ပြီး ပြောသည်။ မရ။

ပေသီးက တပည့်တွေကို ရိုက်နှက်ခိုင်းပြီး နေရာပြရမည်ဟု အတင်းအကြပ် လုပ်သည်။

အဘဉာဏ်မိဘတွေက မပြ။

(ရှေ့လဆက်ရန်)

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




# ကြမ္မာငင်လင်မယား

## THE MAN WHO ROBBED HIS OWN POST OFFICE

by
**JEFFERY ARCHER**

■ လူအောင်

(ဓာတ်သိမ်းစိုင်း)

[အဆုံး]

နောက်နေ့မနက်တွင် စောစီးစွာ အိပ်ရာမှ ထကြသည်။ ခြုံပြောရလျှင် လူတို့တွင် နောက်သုံးလအတောအတွင်း လုပ်စရာတွေက တစ်ပုံကြီး ဖြစ်သွားပြီ။ ဒါကတော့ ဇန်နဝါရီလ ၁ ရက်နေ့၌ အနားယူဖို့ လက်ထဲတွင် မတည်ငွေ အလုံအလောက် ရှိပြီလာရေးကို ရည်မှန်းချက်ထားသည်ဆိုလျှင် ဖြစ်ပါသည်။

ခရစ္စကို ဆူးက သတိပေးသည်။ သူကြံစည်သည့်အတိုင်း အောင်မြင်ဖို့ဆိုလျှင် အကွက်စေ့သော ပြင်ဆင်မှု ပိရိစွာ လုပ်ရန် လိုသည်ဟူ၍ ...။

အမှန်တွင် သူတို့လင်မယား နှစ်ယောက်စလုံးလည်း သိပါသည်။ နိဝင်ဘာလ ဒုတိယသောကြာနေ့ မတိုင်မချင်း ခလုတ်ကြီးနှိပ်ပြီး အရဲစွန့်လုပ်လို့ မရသေးသည့်အဖြစ်ကို ဖြစ်သည်။ 'လန်ဒန်က ဆရာကြီးတွေ' သူတို့လင်မယား ဘာကြံနေသည်ဆိုခြင်းကို တွက်မိမသွားခင် သူတို့တွင် (ခရစ္စ စကားနှင့်) သီတင်းပတ် ခြောက်ပတ်ဟူသော အခွင့်အလမ်းကြီးရှိသည်။ သို့ရှိသည်ကို ဆန္ဒဇောပြီး အလျင်စလိုလုပ်လို့မရသေး။ သို့သော် တစ်ပြိုင်တည်းတွင် ယခုလောလောဆယ်က တည်းက အပြီးလုပ်ထားစရာ ရှေ့ပြေးအလုပ်တွေ မရှိသေးဟူ၍ မဟုတ်။ အမှန်တွင် စလျှင်စချင်း ဆရာကြီးတွေဘက်က နိုးနှိုက်ယူထားသည့်ငွေကို တစ်စုံတစ်ရာ ပြန်ရရေးအတွက် မလုပ်ခင် သူတို့တွက်ပေါက်ကို အကွက်ချထားဖို့တော့ လိုသည်။ ငွေလိမ်လည်ထုတ်ယူမှုအတွက် မိသွားပါက ဘယ်သောင်ကမ်းဆိုက်မည်ဆိုခြင်းကို လင်မယားနှစ်ယောက်စလုံး ထည့်တွက်မထားကြ။

ဆူးက စာတိုက်ကောင်တာပေါ်တွင် ဥရောပမြေပုံလိပ်ကြီးတစ်ခု ဖြန့်ခင်းသည်။ နှစ်ယောက်သား မြေပုံကိုကြည့်ပြီး မတူကွဲပြားသော နေရာဒေသများ



www.burmeseclassic.com

www.burmeseclassic.com

အတွက် ရက်အတော်ကြာ တိုင်ပင်သည်။ နောက်ဆုံးတွင် ပေါ်တူဂီကိုပဲ သဘောတူသွားကြသည်။ ပေါ်တူဂီကျတော့ စောစီးစွာ အနားယူရေးအတွက် စံပြဖြစ်တန်သည်ဟု သဘောထားကြသည်။

အယ်လ်ဂါ့ဖ်သို့ အခေါက်များစွာ ခရီးထွက်ရာတွင် အယ်လ်ဗျူဖေးရားသို့ သူတို့အမြဲ ပြန်ဝင်လေ့ရှိသည်။ မင်္ဂလာဦးပျားရည်ဆမ်းခရီးထွက်တုန်းက ရက်ပိုင်းတိုတိုကလေးသာ နေခဲ့ရသောမြို့။ သို့သော် ဆယ်နှစ်မြောက်၊ အနှစ်နှစ်ဆယ်မြောက်နှင့် တခြားမင်္ဂလာနှစ်ပတ်လည်အခေါက်များ၌လည်း အယ်လ်ဗျူဖေးရားကို ပြန်ရောက်သည်ချည်းပင်။ ထိုမျှ ပေါက်လာခဲ့လျှင် သည်မှာပဲ အခြေချမည်ဟု သူတို့ကိုယ်သူတို့ ကတိပေးထားခဲ့သည့် မြို့လည်း ဖြစ်သည်။

ဆူးသည် နောက်တစ်နေ့တွင် ‘စတင်သင်ကြားသူများအတွက် ပေါ်တူဂီဘာသာစကားပြော’ တိတ်ခွေတစ်ခု ဝယ်လိုက်သည်။ သူတို့လင်မယား မနက်တိုင်း မနက်စာ မစားခင် တိတ်ခွေဖြင့် စကားပြောကျင့်ကြသည်။ ညနေပိုင်းတွင် အချိန်တစ်နာရီယူ၍ ကျင့်သည်။ ပေါ်တူဂီဘာသာစကားပြောမှု ကျွမ်းကျင်ရည်ကို စမ်းသပ်ကြသည်။

သည်မှာ နှစ်ယောက်သား ကြည်နူးရသည်။

နှစ်ကာလတွေအတွင်း ပေါ်တူဂီသို့ အရောက်အပေါက်များခဲ့သဖြင့် ပေါ်တူဂီစကားပြောကို သူတို့သင်ထားသည်ထက် နားယဉ်တတ်မြောက်ထားသည့်အဖြစ်ကို တွေ့လာ၍ ဖြစ်သည်။ သွက်သွက်လက်လက်ကြီး မဟုတ်သေးသည့်တိုင် သူတို့နှစ်ယောက်စလုံး အသေအချာကို ခုမှ စကားပြောသင်ခါစများလည်း မဟုတ်။

သူတို့နှစ်ဦး အဆင့်မြင့် စကားပြောတိတ်ခွေများဆီသို့ ကူးလှမ်းလိုက်ကြသည်။

"တို့မှာ ရှိထားပြီးသား ကိုယ်ပိုင်နိုင်ငံကူးလက်မှတ်စာအုပ်တွေ သုံးလို့တော့ မဖြစ်ဘူး မိန်းမ"

တစ်မနက်တွင် ခရစ္စက မှတ်ဆိတ်ရိတ်နေရင်းမှ ဇနီးသည်အား ထောက်ပြနေသည်။

"ဒီတော့ ကိုယ်တို့လင်မယား ဥပဒိရုပ်တွေ အပြောင်းအလဲလုပ်ရလိမ့်မယ်။ မဟုတ်လို့ကတော့ အာဏာပိုင်တွေက ကိုယ်တို့ကို အချိန်မရွေး အုပ်မိသွားနိုင်တယ်"

"ဆူးလည်း ဒါကို တွေးဝဲ့ပြီးသားပါနော်။ ဒီအတွက်ကတော့ ကျွန်မတို့ရဲ့ ကိုယ်ပိုင်စာတိုက်လုပ်ငန်းအပေါ်ကပဲ အခွင့်အရေးယူပြီး လုပ်ယူရမှာပဲ"

ခရစ္စ မုတ်ဆိတ်အရိတ် ရပ်သွားသည်။ ဇနီးသည်ဘက် လှည့်နားထောင်သည်။

ဆူးက ဆက်ပြောသည်။ "မမေ့နဲ့ယောက်ျား။ နိုင်ငံကူးလက်မှတ်စာအုပ်လိုချင်ကြတဲ့ ကျွန်မတို့ စာတိုက်လုပ်ငန်းက ဖောက်သည်တွေအတွက် လိုအပ်သမျှ ပုံစံတွေအားလုံး ကျွန်မတို့ ဖြည့်ပေးရတာ ရှိပါရော ..."

ခရစ္စက သူ့မိန်းမစကားကို ကြားဝင်မစွက်ဖက်ဘဲ အသာငြိမ်နားထောင်သည်။

ဆူးက ထပ်ဆက်သည်။ နာမည်တုများဖြင့် နိုင်ငံတွင်းမှ လွှတ်လွတ်ကျွတ်ကျွတ် ထွက်နိုင်ရေးအတွက် သေချာစိတ်ချရစေရန် သူကြံစည်ထားပုံကို ရှင်းပြသည်။

ခရစ္စက ခပ်သာသာရယ်တော့သည်။

"ကောင်းတယ်ကွ။ ကိုယ်တော့ မုတ်ဆိတ်တောင် ထားတန်ထားရတော့မယ်"ဆိုပြီး သူ့လက်ထဲက သင်တုန်းဓားကို ပြန်ချသည်။

နှစ်ကာလတွေအတွင်း ခရစ္စ ဆူးသည် သူတို့စာတိုက်သို့ မှန်မှန်လာ အားပေးကြသည့် ဖောက်သည်အ များများနှင့် အသိမိတ်ဆွေတွေ ဖြစ် ကြသည်။ ထိုသူတွေအနက် သူတို့အ အစည်တွင် စံချိန်စံညွှန်းဝင်မည့် ဆူ ထားသည့် ဖောက်သည်အားလုံး အမည်များကို သီးခြားစာရွက်များဖြင့် ယောက်သား ချရေးသည်။ အကြံအ အတွက် လျှောက်ထားသူ အလော အလျာ လူနှစ်ဒါဇင်ရှိသော စာရင်းတ စောင်ဖြင့် အဆုံးသတ်သွားသည်။

မိန်းမဆယ့်သုံးယောက်၊ ယောက်ျ ဆယ့်တစ်ယောက် ...။

ထိုလူပ်ရှားမှုမှ ရှေ့ဆက်သည် အနေဖြင့် သူတို့အပေါ် သံသယဖြစ်စ မရှိနိုင်သော မှန်မှန်လာ၍ အားပေးသူတွေ ထဲမှ ဖောက်သည်တစ်ဦး စာတိုက် အတွင်းဝင်လာပါက ထိုသို့ဝင်လာသည့် အခါတိုင်း ဆူးကဖြစ်စေ၊ ခရစ္စကဖြစ်စေ တစ်ခုတည်းသော ရည်ရွယ်ချက်ပါသည့် စကားစမြည်ပြောဆိုမှုတစ်ခုဖြစ်အောင် တမင်ဖန်တီးယူတော့သည်။

"ဩော် ... ဒါနဲ့ ဒီခရစ္စမတ် တစ် ဂနေရာရာများ ခရီးထွက်ဦးမလား မစ္စစ် ဘရှူးဝါးရေ"

"မထွက်တော့ပါဘူး မစ္စစ်ဟဲ့ စကင်းစ်ရယ်။ အိမ်ကို သားနဲ့ သူ့မိန်းမ ခရစ္စမတ်အကြိုနေ့မှာ ရောက်လာကြလိမ့် မယ်။ မြေးမအသစ်ကလေးနဲ့လည်း ဆုံ ဖြစ်အောင်ပေါ့ရှင်"

"ရှင့်မှာ ဟန်ကျလိုက်တာ မစ္စစ် ဘရှူးဝါးရယ်။ ခရစ္စနဲ့ ကျွန်မတော့ ဒီခရစ္စ မတ်မှာ အမေရိကသွားပြီး ပျော်ကြမလား လို့ စိတ်ကူးနေတာပဲ"

ဒုတိယအချီအထိ မစ္စစ်ဘရှူးဝါး တက်လာခဲ့သည်။ သို့သော် စာတိုက်သို့ သူ နောက်ထပ်တစ်ခေါက် မလာခင်ကြား



www.burmeseclassic.com

www.burmeseclassic.com

အမေးအမြန်း ထပ်လုပ်မနေဘဲ လွှတ်ပေးထားလိုက်သည်။ ခက်တင် ကုန်ချိန်တွင် တခြားအမည်ခုနစ် ဆန့်ခါတင်စာရင်းပေါ်က မစ္စစ်ဘရှူး အမည်နှင့် လာ၍ပေါင်းသွားသည်။ လေးယောက်၊ ယောက်ျားသုံး ယောက်။

ထိုသူအားလုံး အသက်အရွယ်တွေ ငါးဆယ့်တစ်နှင့် ငါးဆယ့်ခုနစ်အတွင်း ရှိကြသည်။ တစ်ခုတည်းသော တူညီ ကိုယ်စီရှိသည်။ နိုင်ငံရပ်ခြားသို့ အခါကမျှ ခရီးမထွက်ဖူးသည့် ဖြစ် ...။

သည်မှာ ဟဲ့စကင်းစ်တို့ နောက်ရင် ရသည့် ပြဿနာက မွေးစာရင်းလက် အတွက် လျှောက်လွှာပုံစံဖြည့်သည့် သည်ကိစ္စက အလျင်က မေးမြန်း ခေါက်ကြည့်ရသည့် အလုပ်ထက် အသေးစိတ်မေးရမြန်းရသည့်အလုပ် ရှိ လာသည်။ ဆန်ခါတင်စာရင်းပေါ်သို့ လာသည့် အလျောင်းအလာတစ်ဦး ဦးက နှိက်နှိက်ချွတ်ချွတ် အမေးခံရသည် ကို သံသယအရိပ်အယောင် အနည်း အပါး ပြလာပါက ဆူးနှင့် ခရစ္စမှာ မြန် မြန်ထက်ထက် နောက်ဆုတ်ပစ်ရသည်။

အောက်တိုဘာလဆန်းသို့ ရောက် လာချိန်တွင် ဖောက်သည်လေးဦး၏ အမည်တွေပေါ်၌သာ သူတို့လင်မယား ဇောက်ချလိုက်တော့သည်။ ထိုလေးဦးမှာ သူတို့မွေး ရာဇ၊ သူတို့မွေးရာအရပ်၊ သူတို့ ၏ အပျိုဘဝအမည်၊ ဖခင်၏ ပထ အမည် စသည်များကို သူတို့ဘာ သာ လိုအလျောက် ပေးသွင်းလာသူ မှ ဖြစ်သည်။

ဟဲ့စကင်းစ်တို့လင်မယား နောက် ရောက်သွားသည်က စိန့်ပီးတားရိပ်သာရှိ ဘုသ်ဆေးဆိုင် ဖြစ်သည်။ ထိုဆိုင်တွင်းရှိ အခန်းအကန့်ကလေးထဲတွင် သူတို့လင် မယား အလှည့်နှင့် တာဝန်ယူထိုင်၍ တစ် ပုံလျှင် နှစ်ပေါင်ခွဲဖြင့် ဓာတ်ပုံအတွဲတွေ အတော်များများ ရိုက်ပေးသည်။ နောက် ဆူးသည် သူတို့အပေါ်ဘယ်လိုမျှသံသယ မဝင်သော ဖောက်သည်လေးဦး၏ကိုယ် စား နိုင်ငံကူးလက်မှတ်စာအုပ်အတွက် လျှောက်ထားသော လိုအပ်ရာပုံစံများ ဖြည့်သည့်အလုပ် စတော့သည်။

ဆူးသည် ဆက်စပ်ရာ အသေး စိတ် အချက်အလက်အားလုံးကို ဖြည့် ထည့်သည်။ သူနှင့် ခရစ္စ၏ ဓာတ်ပုံတွေ ကို လျှောက်လွှာအသီးသီးတွင် ပူးတွဲ သည်။ စာတိုက်မန်နီအော်ဒါ ၄၂ ပေါင်ပါ ပါသည်။

ခရစ္စက သည်တစ်ခါတော့ စာ တိုက်ဗိုလ်တစ်ယောက်အနေဖြင့် သူ့လက် မှတ်အစစ်အမှန်ကို ပျော်ပျော်ပါးပါးထိုး ပေးသည်။ ဆူးဖြည့်ပေးသော ပုံစံအသီး သီး၏ အောက်ခြေတွင် ဖြစ်သည်။

လျှောက်လွှာပုံစံလေးခုကို လန်ဒန်၊ ပက်တီး ဖရန့်စ်ရှိ ပတ်စ်ပို့ရုံးသို့ စာတိုက် မှပို့လိုက်သည်။ အောက်တိုဘာ နောက် ဆုံးအပတ်ထဲတွင် တနင်္လာ၊ ကြာသပ တေး၊ သောကြာနှင့် စနေနေ့များတွင် ရက်ခြားပို့လိုက်ခြင်း ဖြစ်သည်။

နိုဝင်ဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပထမဆုံးနိုင်ငံကူးလက်မှတ်စာအုပ် ဝိတို ရိယခရဲဆင့်ရိပ်သာ စာတိုက်သို့ ရောက် လာသည်။ မစ္စတာ ရက်ဂ်အဲ့ပဲယာ့ဒ် အမည်ဖြင့် လိပ်မူထားသည်။ နှစ်ရက် ကြာသောအခါ မစ္စစ်အော်ဒရေ ရင်းမ်စ် ဘော့တွန်အတွက် ဒုတိယစာအုပ်ရောက် လာသည်။ နောက်နေ့တွင် မစ္စစ် ဘက်တီ ဘရှူးဝါးအတွက်၊ နောက်ဆုံးတွင် တစ် ပတ်အကြာ၌ မစ္စတာ စတန်းဂျားရတ် အတွက်။

ဆူးက ခရစ္စကို ထောက်ပြသည်။ နိုင်ငံကူးလက်မှတ်စာအုပ်တစ်စုံကို အသုံး ပြုလျက် နိုင်ငံတွင်းမှ ထွက်ကြမည်။ ထို အစုံကို နောက်ပိုင်းတွင် ဖျောက်ဖျက်ပစ် ဖို့လိုသည်။ သို့သော် ဒါကလည်း အယ်လ် ဗျူဖေးရေးတွင် အခြေချနေထိုင်စရာနေရာ မတွေ့သေးသမျှ ဒုတိယအစုံပြောင်းမသုံး ခင်အထိ စပ်ကြားတွင်တော့ သုံးရဦးမည် စသည်ဖြင့် ရှင်းပြသည်။

သည်လိုနှင့် ခရစ္စနှင့် ဆူးသည် စာတိုက်အတွင်း သူတို့ချည်းရှိသည့်အခါ တိုင်း ပေါ်တူဂီစကားပြောကျင့်သည့် အလုပ်ကို ဆက်လုပ်ကြသည်။ တစ်ဖက် ကလည်း စာတိုက်သို့ ပုံမှန်လာသည့်သူ များအား သူတို့ဇနီးမောင်နှံ အမေရိကသို့ ခရီးထွက်ရန် စီစဉ်ထားသဖြင့် ခရစ္စမတ် ပွဲတော်ရက်အတွင်း ရှိမည်မဟုတ်ကြောင်း သတင်းလွှင့်ထားသည်။ သည်လောက် နှင့် ပြီးမသွားဘဲ စပ်စုလာသူများကိုကျ တော့ ဆန်ဖရန်စစ္စကိုတွင် သီတင်းတစ် ပတ် ကြာမည်၊ နောက်ဆက်တွဲအနေနှင့် ဆီးတဲတွင် ရက်အနည်းငယ်စသဖြင့် သတင်းဆုလာဘ် ချီးမြှင့်လွှတ်လိုက် သည်။

နိုဝင်ဘာလ ဒုတိယအပတ်မတိုင် ခင် အစစ နေရာတကျ အံကိုက်ဖြစ်သွား ပြီ။ 'ငွေပြန်ရရေး အာမခံချက်အော်ပရေး ရှင်း'အတွက် ခလုတ်ကြီးနှိပ်ချလိုက်ရေး ဖြစ်သည်။

✤ ✤ ✤ ✤ ✤

ဆူးသည် သောကြာနေ့မနက် ကိုး နာရီတွင် လန်ဒန်စာတိုက်ဌာနချုပ်သို့ အပတ်စဉ် သူဆက်နေကျအတိုင်း တယ် လီဖုန်းလှမ်းဆက်သည်။ ဆူးသည် ဘဏ္ဍာ ရေးဌာနသို့ လိုင်းလွှဲပြောင်းအပို့မခံရခင် သူ့ပုဂ္ဂိုလ်ရေးသကေ်တ သွင်းထားနှင့် လိုက်သည်။

သည်တစ်ခါ ဖုန်းဆက်ရာတွင် တစ်ခုပဲ ကွာခြားသည်။ ဆူးအဖို့ သူ့နှလုံး



www.burmeseclassic.com

www.burmeseclassic.com

ခုန်သံကို ကြားနေမိသောအဖြစ်

ဆူးသည် သင်္ကေတကို ထပ်ထည့်လိုက်သည်။ ဒါ ငွေပေးအရာရှိကို လာမည့်သီတင်းပတ်အတွက် သူ့တွင်ငွေသားဖြင့် ပိုက်ဆံမည်ရွေ့မည်မျှလိုကြောင်း အသိမပေးခင်ကလေးတွင် ဖြစ်သည်။ ငွေပမာဏကတော့ နည်းနည်းများသည်။ များရသည့်အကြောင်းက စာတိုက်စုငွေစာရင်းမှ ငွေထုတ်ယူနေကြမှု၊ ပင်စင်လစာနှင့် စာတိုက်ငွေလွှဲစာများမှ ငွေထုတ်ယူနေကြမှု အဝဝအားလုံးအပေါ် ခြုံငုံမိရေးအတွက် ဖြစ်ပါကြောင်း ရှင်းပြလိုက်သည်။

လစဉ် လကုန်တိုင်း ဌာနချုပ်မှ စာရင်းကိုင်က လက်အောက်ခံစာတိုက်တွင် ငွေစာရင်းလက်ကျန်များ အမြဲလာစစ်သည်။ သို့တိုင် ခရစ္စမတ်ပွဲတော်နှင့် နီးကပ်လာသည့်ကာလဖြစ်သည့်အလျောက် လက်ကျန်ငွေ အတော်အတန် ဆုတ်လျော့နေမှုကို ခွင့်ပြုရစမြဲ ဖြစ်သည်။ နောက်တော့မှသာ စာရင်းအင်းတွေ ငွေလက်ကျန်နှင့်အညီ ရှိမရှိ သေချာစေရအောင် ဇန်နဝါရီလကျမှ စေ့စေ့စပ်စပ် စာရင်းစစ်လေ့ရှိသည်။

သို့သော် ဘယ်လိုပဲဖြစ်ဖြစ် ခရစ္စနှင့် ဆူးက ဇန်နဝါရီလတွင် တိုင်းပြည့်၌ရှိစေရန် ရည်ရွယ်သည်မှ မဟုတ်တော့ဘဲ။ နောက်ပြီး တစ်ခုရှိသည်က ကုန်ခဲ့သည့် ခြောက်နှစ်လုံး ဆူး၏ စာတိုက်ငွေစာရင်းတွေက အမြဲတစေ လက်ကျန်ငွေဟန်ချက်အညီရှိခဲ့သည်ချည်း မဟုတ်လား။ ဒါကြောင့်လည်း သူ့အပေါ် ဌာနချုပ်က စံပြစာတိုက်မန်နေဂျာတစ်ဦးအဖြစ် သဘောလေးခဲ့သည်လေ။

ဆူးမှာ မနှစ်က သူ သည်အပတ်ထဲ အလားတူထုတ်ယူခဲ့သည့် ငွေပမာဏကို စိတ်တွင်အမှတ်ရှိထားရအောင် မှတ်တမ်းကို ပြန်ကြည့်ထားခဲ့သည်။ မနှစ်က ထည့်သည့်ငွေက ပေါင် ၄၀,၀၀၀။

သူ့တွင် အမှန်တကယ်လိုသည်ထက် ပေါင် ၈၀၀ ကျော်နေသည့်အဖြစ် ပေါ်လာသည်။ သည်နှစ် သူက ပေါင် ၆၀,၀၀၀ အထိ တက်တောင်းသည်။ သို့တောင်းဆိုပြီး ငွေပေးအရာရှိ ဘာပြောလာမလဲဟု နားစွင့်နေလိုက်သည်။ သို့သော် ဌာနချုပ်ဘက်က အံ့အားသင့်သွားမှု၊ သို့မဟုတ် စိုးရိမ်သွားမှု စသည့် လေသံ ထွက်မလာ။

တနင်္လာနေ့ကွင် သူတောင်းသည့် ငွေပမာဏ အပြည့်အဝကို လုံခြုံရေးအစောင့်အရှောက်ပါသည့် ဗင်ကားဖြင့် ဆိုက်ဆိုက်မြိုက်မြိုက် လာပို့သည်။

ဆူးနှင့် ခရစ္စသည် သီတင်းတစ်ပတ်အတွင်း စာတိုက်၏ ဖောက်သည်များ၏ ကိစ္စအဝဝကို ဖြည့်ဆည်းပေးသည်။ သည်နေရာ၌ ပုံမှန်မိတ်များကို ဘယ်သူ့အပေါ်မဆို ဖြတ်စားလျှပ်စားလုပ်သည့် စိတ်ကူး ဘယ်အခါမျှ မထား။ သို့ပါလျက် သီတင်းပတ်'တစ်'အကုန်တွင် သူတို့အတွက် ပိုလျှံငွေ ပေါင် ၂၁,၀၀၀ အဖတ်တင်ကျန်သည့်အဖြစ်ကို တွေ့လာကြရသည်။ ထိုငွေသားကို အာမခံသေတ္တာထဲထည့်၍ သော့ခတ်သိမ်းထားလိုက်သည်။ အဆာကျယ်ကျယ် အရာထမ်းတစ်ဦးဦးက ရှောင်တခင်ဝင်၍ စစ်ပါက ဘေးဆီးရန်ကာ ဖြစ်အောင် အရန်သင့်ဆောင်ထားသည့်သဘော ဖြစ်သည်။

ညနေဘက် ခြောက်နာရီထိုး၍ ဆူးက စာတိုက်ရှေ့တံခါးပိတ်ပြီး ယင်းတွေကို ဆွဲချပြီးသွားပြီးသည်နှင့် နှစ်ယောက်သား ပေါ်တူဂီစကားဖြင့်သာ ပြောဆိုကြတော့သည်။ သို့ပြောရင်း တစ်ချိန်တည်းတွင် ကျန်ညဦးပိုင်းတစ်လျှောက်လုံး စာတိုက်ငွေလွှဲစာများ ပုံစံဖြည့်ခြင်း၊ ကံစမ်းမဲ ခဲခြစ်ကတ်တွေ ခြစ်ခြင်း၊ ထီနံပါတ်တွေ ရေးသွင်းခြင်း စသည် အလုပ်လုပ်ရင်း မကြာခဏ ငိုက်မျဉ်းကာ အိပ်ပျော်သွားတ... ကြသေးသည်။

ခရစ္စက မနက်တိုင်း စောစီး... အိပ်ရာထသည်။ သူ၏တစ်ဦးဘည်းသော... အဖော်ဖြစ်သည့် 'တံဆိပ်ခေါင်း'နှင့်အ... သက်တမ်းအိုနေပြီဖြစ်သော လင့်ရိုး... ကားဟောင်းကြီးပေါ်တက်သည်။ အ... အနောက်၊ တောင်၊ မြောက် စသော... အရပ်များသို့ ခရီးထွက်သည်။

တနင်္လာနေ့တွင် လင်ကွန်း၊ အ... နေ့တွင် လောက်သ်၊ ဗုဒ္ဓဟူးနေ့တွ... စကက်နက်စ်၊ ကြာသပတေးနေ့တွ... ဟားလ်နှင့် သောကြာနေ့တွင် အင်မင်ဂမ်...

ထိုအရပ်လေးမျက်နှာ၌ စာတိုက်... ငွေလွှဲစာ အတော်များများကို ငွေထုတ်... သည်။ ကံစမ်းမဲ ခဲခြစ်ကတ်များနှင့် ထီ... လက်မှတ်များမှ ပေါက်မဲဆုများကို လိုက်... ကောက်သည်။ သည်နည်းဖြင့် သူတို့လင်... မယား အသစ်ရှာဖွေရယူထားသော... စုစည်းငွေအပေါ် ဘူ့ဘက်ကပါ ထမ်း... ဆောင်နိုင်စွမ်းရှိလာ၏။

နိုဝင်ဘာလ သီတင်းပတ်'နှစ်' နောက်ဆုံးသောကြာနေ့တွင် ဆူးက ဌာနချုပ်မှ ပေါင် ၇၀,၀၀၀ ထုတ်သည်။ သည်လိုနှင့် စနေနေ့ကျတော့ မမြင်ရနိုင်သော ငွေရှာမှုအပေါ်တွင် လင်ကိုယ်မယား ပေါင်ငွေ ၃၂,၀၀၀ ပေါင်းထည့်နိုင်ခြင်း ရှိသွားပြန်တော့သည်။

ဒီဇင်ဘာလ ပထမသောကြာနေ့တွင် ဆူးသည် ကံစွပ်ကံညား လုပ်သည့်ကိစ္စကို ပေါင် ၈၀,၀၀၀ အထိ မြှင့်လိုက်သည်။ သူအံ့အားသင့်ရပြန်တော့သည်။ ယခုအချိန်အထိ ဌာနချုပ်က ဘာတစ်ခွန်းမျှ ခွန်းတုံ့ပြန်မလာသောအဖြစ်ကြောင့် ဖြစ်သည်။ ခြုံလိုက်လျှင် ဆူးဟဲ့စကင်းစ်ဆိုသည်မှာ ဌာနချုပ်ဘုတ်အဖွဲ့၏ အထူးထောက်ခံချက်ဖြင့် 'တစ်နှစ်တာ၏ စံပြမန်နေဂျာ'ဖြစ်ထားခဲ့သည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

တနင်္လာနေ့မနက်တွင် ငွေသား ...အဝကို လုံခြုံရေးအစောင့်အရှောက် ...သော ဗင်ကားဖြင့် တာဝန်ကျေစွာ ...စေစီးစီး လာပို့သွားကြသည်။

အမြတ်တွေ တိုးမြင့်ပေါ်နေသည့် ...ကာ်သီတင်းပတ်ကလည်း ဆူးဟဲ့ ...စ်အား ငွေအိုးကြီးထဲသို့ နောက် ...ပေါင် ၃၉,၀၀၀ ထပ်ထည့်ခွင့်ပြုခဲ့ ...သည်။ စားပွဲဝိုင်းပတ်လည် ထိုင် ...နေကြသူတွေအနက် ဘယ်တစ်ဦး ... ဆူးကို "မင်းလက်ပြစမ်း" ဟူ၍ ...ာင်းဆိုလာခြင်းမရှိကြ။ သူတို့လင် ...ယား၌ ယခုဆိုလျှင် ပေါင် ၁၁၀,၀၀၀ ...ကြီးပင် ပိုလျှံငွေ ပြနေပြီ။ ထိုငွေ ...ပုံအခဲကြီးကို သုံးစွဲထားပြီးသားငွေ ...များဖြင့် အပုံလိုက် သေသေသပ် ...၍ အာမခံသေတ္တာအောက်ခြေတွင် ...ထားသည့် နိုင်ငံကူးလက်မှတ်စာအုပ် ...ပေါ်တွင် တင်ထားလိုက်ကြသည်။

ခရစ္စသည် ညဘက်များ၌ အိပ်ခဲ ...သည်။ သူ့တွင် မရေမတွက်နိုင်လောက် ...အောင်များလှသော စာကိုက်ငွေလွှဲစာများ ... လက်မှတ်ထိုးနေရသည်။ ခဲခြစ်ကတ် ...အပုံလိုက်ကြီးတွေကို ခြစ်ရပွတ်ရသည်။ ...တော့ အိပ်ရာမဝင်ခင် များလှသော ...လက်မှတ်တွေကို မဆုံးနိုင်သော အတွဲ ...အက်များဖြင့် ဖြည့်ရပြန်သည်။

နေ့ဘက်တွင် မိုင်ငါးဆယ်ပတ် ...ည်အတွင်းက စာတိုက်များကိုသွားရ သည်။ ခိုးရာပါငွေများကို လိုက်လံစုစည်း ...ောက်ရသည်။ သို့သော် သူ သည် ...လောက်ပုံအောလုပ်ပါလျက် ဒီဇင်ဘာ ...ုတိယအပတ်ရောက်ချိန်အထိ သူတို့လင် ...ယားလက်ထဲ၌ မူလထည့်ဝင်ရင်းထားရ သော ပေါင် ၂၅၀,၀၀၀ ပြန်ရရေးအတွက် လိုငွေပမာဏ၏ တစ်ဝက်ကျော်ရုံကလေး သာ ပြန်ရသေးသည်။

သို့နှင့် ဆူးက သတိပေးလာတော့ သည်။ ခရစ္စမတ်အကြိုနေ့ရောက်ချိန်တွင် ငွေအပြည့်ပြန်ရပြီးသားဖြစ်နေဖို့ ယခုအထိ မျှော်လင့်နေသေးသည်ဆိုလျှင် ကံစွပ်ကံ ညား အလုပ်ကို ယခုထက်ပို၍ ကြိုးကြိုး မားမား စွန့်လုပ်တန် လုပ်ရတော့မည်ဟူ ၍ ဖြစ်သည်။

သီတင်းပတ်'လေး'ဖြစ်သည့် ဒီဇင် ဘာလ ဒုတိယသောကြာနေ့တွင် . ဆူး သည် ဌာနချုပ်က ငွေပေးမန်နေဂျာကို ဖုန်းဆက်သည်။ ပေါင် ၁၅,၀၀၀ အထိ တောင်းခံခြင်းပြုပြန်သည်။ ထိုအခါ လိုင်း တစ်ဖက်စွန်းမှ "ခင်ဗျား ဒီခရစ္စမတ် တယ်အလုပ်များသားနော်" ဟူ၍ အသံ တစ်သံက ပြောလာသည်။ စိတ်ထဲတွင် ဒါ သံသယတစ်ခုခုဖြစ်ခြင်းရဲ့ ပထမဆုံး လက္ခဏာပဲဟု ဆူးအတွေးဝင်သွားသည်။ သို့သော် သူ့ဇာတ်ညွှန်းက အသေအချာ ပြင်ဆင်ထားသည်ပဲ။

"အို ... ဂျင်ခြေလည်နေတာပေါ့ ရှင်"

ထိုပုဂ္ဂိုလ်ကို ဆူးက ဟုတ်တိပတ် တိ ပြန်ပြောလိုက်သည်။ "ဒါပေမဲ့ မေ့ တော့ မမေ့နဲ့ပေါ့လေ။ လူအတော်များများ က ကလီးသော့ပ်မှာပဲ လာအနားယူကြ တာမဟုတ်လား။ ငြိတိန်မှာ ရှိတဲ့ ရှိရှိသမျှ ဘယ်ဆိပ်ကမ်းမြို့ထက် မဆိုလေ"

"ခင်ဗျားကတော့ နေ့စဉ်နဲ့အမျှ အသစ်အဆန်းတစ်ခုခုချည်း သိနေတာပဲ နော်" ဟု လိုင်းတစ်ဖက်မှ အသံက ပြန် ပြောသည်။ နောက်ဆက်၍ "ပူမနေပါနဲ့။ ငွေက တနင်္လာနေ့ ခင်ဗျားဆီ ရောက် လာပါလိမ့်မယ်။ အလုပ်သာ ကောင်း ကောင်းဆက်ထိန်းထား"

"ထိန်းမှာပါနော်"

ဆူး ကတိပေးလိုက်သည်။

ဆူးသည် ထိုသို့ အပြန်အလှန်ပြော ဆိုရခြင်းမှနေ၍ စိတ်ရဲသွားပြီဖြစ်ရာ ခရစ္စမတ်မတိုင်ခင် နောက်ဆုံးသီတင်း ပတ်အတွက် ပေါင်ငွေ ၁၄၀,၀၀၀ အထိ ထပ်မံ တောင်းလိုက်သည်။ ပေါင် ၁၅၀,၀၀၀ အထက် တောင်းသည့်ပမာဏ ဖြစ်နေလျှင် လန်ဒန်ဌာနချုပ်သို့ အမြဲတင် ပြအသိပေးရသည်ကို ဆူး အမှတ်ထင် ထင် ရှိထားသည်။

✣✣✣✣✣

ခရစ္စမတ်အကြိုနေ့ ညနေခြောက် နာရီထိုးသည်ဆိုလျှင်ပင် ဆူးသည် စာ တိုက်ယင်းတွေကို ဆွဲချလိုက်သည်။ စာ တိုက်ပိတ်ပြီးသွားသောအချိန်တွင် လင် မယားနှစ်ယောက်မှာ အတော်ကြီးကို ပန်း နေကြပြီဖြစ်သည်။

သည်မှာ ဆူးက ပထမစ၍ အသိ ဝင်လာသည်။

"အချိန်ဖြုန်းနေဖို့ ခဏလေး တောင် မရတော့ဘူးနော်" ဟု လင်တော် မောင်အား သတိပေးရင်း ဆူးက ငွေတွေ ပြည့်လျှံနေသော အာမခံသေတ္တာကြီးဆီ တန်းသွားသည်။

သေတ္တာ၌ သက်တသွင်းပြီး တံခါးဆွဲဖွင့်လိုက်သည်။ သူတို့ကိုယ်ပိုင် စာရင်းထဲ ရှိရှိသမျှကို ဆွဲထုတ်သည်။ ငွေ သားက ပေါင်ငါးဆယ်တန်၊ နှစ်ဆယ် တန်၊ တစ်ဆယ်တန်၊ ငါးပေါင်တန် စသ ဖြင့် အထုပ်လိုက် သေသေသပ်သပ် ထုပ် ထားသည်။ ငွေထုပ်တွေကို ကောင်တာ ပေါ်တင်သည်။ နောက်မှ ခိုးရာပါ သူတို့ ငွေများကို နှစ်ယောက်သား ရေသည့် အလုပ် စတော့သည်။

ခရစ္စက နောက်ဆုံးရေလို့ရသော စုစုပေါင်း ဂဏန်းကို စစ်ပြီးသွားသောအခါ သူတို့၌ ပေါင်ပေါင်း ၂၆၇,၀၀၀ အထိ ပင် ပိုင်နေပြီဖြစ်ကြောင်း အကဲသည့်ပြုပြော သည်။ ပိုငွေ ပေါင် ၁၇,၀၀၀ ကို အာမခံ သေတ္တာထဲ ပြန်ထည့်လိုက်ကြသည်။ တံခါးကို သော့ခတ်ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မြို့ပြောရလျှင် သူတို့လင်မယားက မူလထည့်ဝင်ရင်းနှီးထားခဲ့သော ငွေပေါ်တွင် အပိုအမြတ်အစွန်း တစ်စုံတစ်ရာ ရရေးအတွက် ဘယ်တုန်းကမျှ ရည်ရွယ်လုပ်ခဲ့သည်မဟုတ်။ သို့လုပ်လိုက်လျှင် ခိုးမှုပဲ ဖြစ်တော့မည် မဟုတ်လား။

ဆူးက ငွေတွေကို ထောင်လိုက်မျှော့ကြိုးဖြင့် စည်းပေးသည်။ ခရစ္စက ပေါင်နှစ်သိန်းနှင့် ငါးသောင်းကို သူတို့လေတပ်သုံး သက္ကလတ်အိတ်ကြမ်း အဟောင်းကြီးတွင် ထည့်လိုက်သည်။

ညရှစ်နာရီရှိလျှင် သူတို့လင်မယား ထွက်ဖို့အသင့်ဖြစ်သွားပြီ။

ခရစ္စက လှန့်ဘဲလ်ကို ချိန်ကိုက်လုပ်ထားခဲ့ပြီး စာတိုက်နောက်ပေါက်မှ အသာလျှိုထွက်ခဲ့သည်။ သူသယ်ထုတ်လာသည့် သက္ကလတ်ကြမ်းအိတ်ကြီးကို သူ့လင်ရှိဗာကားနောက်ပိုင်းတွင် တင်သည်။ သူ့ဇနီး ထိုမနက်အစောပိုင်းက ထုပ်ပိုးတင်ထားသည့် တခြားဘူးတွေပေါ်၌ တင်ထားလိုက်သည်။

ဆူးက ခရစ္စနှင့်အတူ ကားရှေ့ခန်းတွင် ဝင်ထိုင်သည်။ ခရစ္စက ကားစက်နှိုးသည်။ သည်မှာ ဆူးက ကားကို တံခါးဆွဲပိတ်ရင်းက "ကျွန်မတို့ တစ်စုံတစ်ခု မေ့ကျန်ခဲ့ပြီ" ဟု ပြောလာ၏။

"တံဆိပ်ခေါင်း ..." ဟု နှစ်ယောက်သား သံပြိုင်ထွက်သွားသည်။

ခရစ္စက ကားကိုစက်ပြန်ပိတ်ကာ ကားပြင်သို့ ထွက်ရပြန်သည်။ စာတိုက်ဆီသို့ တစ်ချီပြန်သွားသည်။ နောက်သကော်တပြန်သွင်းပြီး လှန့်ဘဲလ်ကို ခလုတ်ပိတ်လိုက်သည်။ နောက်ဖေးတံခါးဖွင့်ဝင်ပြီး တံဆိပ်ခေါင်းကို ရှာရသည်။ ခွေးကို မီးဖိုချောင်အတွင်း အိပ်လျက်သား တွေ့လာသည်။

ခွေးမှာ သူ့အိပ်ရာခြင်းထဲ၌ သူ့ဟာသူ နွေးနွေးထွေးထွေး အိပ်လျက်ရှိရာမှ သူ့သခင်နောက်သို့ မလိုက်ချင်ဘဲ ပါသွားရကာ ကားနောက်ခန်းထိုင်ခုံပေါ်၌ သွားအချခံသွားရသည်။ အေးလိုက်သည်မှ ဒါ ခရစ္စမတ်အကြိုညဆိုတာ သူတို့မေ့နေရော့သလားပဲ။

ခရစ္စမှာ လှန့်ဘဲလ်ကို ချိန်ကိုက်ပြန်လုပ်၍ နောက်ဖေးတံခါးကို ဒုတိယအကြိမ် သော့ခတ်ရပြန်သည်။

ညရှစ်နာရီနှင့် ဆယ့်ကိုးမိနစ်တွင် မစ္စတာနှင့် မစ္စစ်ဟဲ့စကင်းစ်တို့သည် အင်္ဂလန်အရှေ့တောင်ပိုင်း၊ ကင့်တောင်တီခရိုင်ရှိ အက်ရှ်ဖို့ဒ် မြို့ကလေးဆီသို့ ခရီးနှင်လာကြတော့သည်။

ဆူးက သူ့ယောက်ျားအား သူတို့လင်မယား မရှိတော့သည့်အဖြစ်ကို လူမသိသေးခင် သူတို့တွင် လေးရက်လုံး အချိန် လွတ်လွတ်ကျွတ်ကျွတ် ရသည်ကို တွက်ပြသည်။ ခရစ္စမတ်နေ့၊ ဘောက်ဆင်နေ့၊ တနင်္ဂနွေနှင့် (ဘဏ်ပိတ်ရက်) တနင်္လာနေ့တွေ ဖြစ်သည်။ သဘောအားဖြင့် အင်္ဂါနေ့မနက်ပိုင်း ...။ ထိုအချိန်ဆိုလျှင် သူတို့လင်မယား အယ်လ်ဂါ့ဗ်တွင် နေစရာ အိမ်လိုက်ရှာနေလောက်ပြီဖြစ်သည်။

ကင့်သို့သွားရာ ခရီးရှည်တစ်လျှောက်လုံး သူတို့လင်မယား စကားကို တစ်ခွန်းတလေကလေးပင် ပြောခဲ့သ[...] ပေါ်တူဂီစကားနှင့်ပင် မပြောကြ။ ဆူး[...] ထဲတွင် သူတို့လင်မယား သည်ကိစ္စ[...] ထမြောက်အောင်မြင်ခဲ့သည်ကို မယုံ[...] အောင် ဖြစ်နေသည်။ ခရစ္စကလည်း[...] သည်ကိစ္စကြီးနှင့် သူတို့ထွက်ပြေးလွ[...] မြောက်လာနိုင်သည်ကို ပိုလို့ပင် အံ့[...] သည်။

"တကယ်ကတော့ ကျွန်မတို့[...] မပြီးသေးဘူးနော်" ဟု ဆူးက သူ[...] သတိပေးသည်။

"အယ်လ်ဗျူဖေးရားမြို့ထဲအရော[...] မောင်းမသွားနိုင်မချင်းလေ။ မေ့လည်[...] မမေ့နဲ့ဦး မစ္စတာအဲ့ပဲယာ့ဒ်ရဲ့၊ ကျွန်မ[...] မှာ မူလနာမည်တွေမရှိတော့ဘူး ဆို[...] ကို"

"အေး .. အဆုံးတော့ နှစ်ကာ[...] တွေနဲ့ချီပြီး ဒီဒုစရိုက်အပြစ်ကြီးနဲ့ [...] လျှောက်လုံးနေသွားရမှာက ကိုယ်တို့[...] မယားပဲ မစ္စစ်ဘရှူးဝါးရေ့ ..."

ညသန်းခေါင်လွန်ပြီးစအချိန်တွ[...] ခရစ္စသည် သူ့မော်တော်ကားကို သူ[...] သမီးထရေစီ့အိမ်ရှေ့တွင် ရပ်လိုက်[...] သည်။ ထရေစီက အိမ်ရှေ့တံခါးဖွင့်ထွ[...] လာသည်။ မင်အအား ဆီးကြိုနှုတ်ဆ[...] သည်။

ကားကို ခရစ္စက ဝိတ်ိုရိယခရဲဆင့်ရိပ်သာထဲ
နောက်ဆုံးချိုးဝင်လိုက်သော အချိန်တွင် ဆူး၏ နှုတ်ခမ်းပေါ်၌
အပြုံးတစ်ခုရောက်လာတော့သည်။ ထိုအပြုံးသည်
တဖျပ်ဖျပ်လက်နေသော အပြာရောင်မီးတွေ
လှမ်းမြင်လိုက်ရသည်နှင့် ပျောက်သွားသည်။ သူတို့ကားအို
ရိုတာကြီး ရပ်သွားသည်တွင် တစ်ဒါဇင်မျှသော ပုလိပ်တွေက
ကားကို ဝိုင်းထားလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထရေစီမှာ သူ့မိဘနှစ်ယောက်ကို သည်လောက်ကြီး နွမ်းနယ်နေ အဖြစ်နှင့် မတွေ့စဖူး ဖြစ်နေ၏။ ယ်တော့လည်း ပြီးခဲ့သည့် နွေရာသီက သူတို့နှင့် နောက်ဆုံးတွေ့ခဲ့ရပြီး ည်းက ယခုဆိုလျှင် အသက်တွေ ည်း ထောက်လာကြပါကောဟု ခံစား ရသည်။ တကယ်က ဒါ ခရီးရှည်ကြီး ခဲ့ လာခဲ့ရလို့လည်း ဖြစ်တန်ကောင်း ည့်မဟုတ်လား။

ဖအေနှင့် မအေကို မီးဖိုဆောင် တွင်းသို့ ထရေစီ တောက်လျှောက်ခေါ် သွားသည်။ နေရာထိုင်ခင်း ပေးရ ည်။ ကော်ဖီတစ်ခွက်စီ ဖျော်တိုက် ည်။ သူတို့နှစ်ဦးကတော့ စကားပင် မဆိုသလောက်ရှိသည်။ နောက်ဆုံး ွင် ထရေစီသည် ဖအေနှင့် မအေအား ရာထဲအရောက်ပို့ပြီး နွေးနွေးထွေး ဖြစ်အောင် လုပ်ပေးလိုက်သည်။ သူ သက္ကလတ်အိတ်ကြီးကို ညွှန်သည် ည်းသည့် အခန်းတွင်းသို့ သယ်သွား ပြုသည်တွင် ဖအေဖြစ်သူက သူ့ကို ယ်ခွင့်မပြု။

ဆူးမှာ တစ်ညလုံးဆိုသလို အိမ် လမ်းပေါ်၌ ကားတစ်စီးစီးရပ်သွား ည့်အခါတိုင်း နိုးနေတော့သည်။ စိတ် ထဲတွင် ထိုကား၌ 'ပုလိပ်'ဟုရေးထား ည့် မီးစုန်းတောက်တောက်စာလုံးကြီး ား ပါနေမလားဟု စိတ်မအေးနိုင်ဖြစ်နေ ၏

ခရစ္စသည်လည်း တထင့်ထင့်နှင့် စောင့်မျှော်နားစွင့်နေပါသည်။ အိမ်ရှေ့ ခါးက လူခေါ်ဘဲလ်ပဲ မြည်လာမလား။ လှကားမှနေ၍ တစ်ယောက်ယောက် ဒုန်းဒုန်းနှင့် တက်လာမလား။ ခုတင် အောက် ထိုးသွင်းထားသည့် သက္ကလတ် အိတ်ကြီး လာခွဲမလား။ သူတို့လင်မယား ကို ဖမ်းချုပ်ပြီး နီးရာရဲစခန်း ခေါ်သွား မလား စသည်ဖြင့်။

အိပ်ပျက်ရသောည လွန်မြောက် လာပြီးသည်တွင် သူတို့လင်မယား မနက် စာစားရန် မီးဖိုဆောင်ရှိ ထရေစီ့ထံ ရောက်သွားကြသည်။

"ဟဲ့ပီး . . . ခရစ္စမတ်"

ထရေစီက နှုတ်ခွန်းဆက်သည်။ ဖအေနှင့် မအေကို ပါးတွင် ကိုယ်စီနမ်း လိုက်သည်။ သို့သော် နှစ်ယောက်စလုံး က သမီးဖြစ်သူအပေါ် တုံ့ပြန်မလာကြ။ ထရေစီ့စိတ်ထဲတွင် ကေန္တ ခရစ္စမတ်နေ့ ဆိုတာ သူ့ကို မေ့များနေရော့လားဟုပင် အတွေးဝင်သွားသည်။

သူတို့လင်မယားမှာတော့ သမီးဖြစ် သူက စားပွဲပေါ်ယူလာတင်ထားသည့် စက္ကူပတ်ဘူးနှစ်ဘူးဆီသို့သာ မျက်လုံး မကြာခဏရောက်နေပြီး မှုပျက်သလိုရှိ နေသည်။ နောက်ပြီး သမီးဖြစ်သူအတွက် ခရစ္စမတ်လက်ဆောင်ကလေးတစ်ခုတလေ ပင် ဝယ်လာပေးဖို့ အနည်းဆုံးမုန့်ဖိုးပေး ချေးသိပ်ဖို့ပင် သတိမရကြ။ အမှန်က တော့ ဒါထရေစီ ဆယ်ကျော်သက် အရွယ်ကတည်းက သူတို့လုပ်မလာခဲ့ သည့် ကိစ္စလေ။

ထရေစီကတော့ ဒါ ခရစ္စမတ်တွင် ဖြစ်တတ်သည့် ကမ္ဘာ့ရှူးထိုးနိုင်မှုသက် သက်ဖြစ်သည်။ ဒါ့ထက်ဘာမျှမပို။ နောက်ပြီး အမေရိကကို သွားလည်ကြရ မည်ဆိုသော အသိကြောင့် စိတ်လှုပ်ရှား နေကြသည်။ ဒါကပဲ သူတို့စရိုက်မဟုတ် သည့် အမူအရာတွေ ဖြစ်နေစေတာ ဖြစ် ပါစေလို့ပဲ မျှော်လင့်သည်။

မဘာက်ဆင်နေ့ကတော့ အနည်း အပါး ကောင်းလာသည့်အဖြစ်နှင့် ပေါ် လာသည်။ ဆူးနှင့် ခရစ္စ မနေ့ကထက် စိတ်ဖြေကိုယ်လျှော့ ဖြစ်လာပုံရသည်။ နှစ်ယောက်စလုံး တစ်ချီတစ်ချီ အတော် ကြာ နှုတ်ဆိတ်နေတတ်သေးသည့်တိုင် ဖြစ်သည်။

နေ့လယ်စာစားပြီးသွားကြသော အခါ ထရေစီက ဖအေနှင့် မအေအား ခွေးကို လေကောင်းလေသန့်ရအောင် ဒေါင်းစ်အထိ လမ်းလျှောက်ခေါ်ထုတ် သွားပြီး သူ့ဘာသာ လွတ်လွတ်လပ်လပ် ပြေးလွှားဆော့ကစားခိုင်းပါလားဟု အကြံ ပြုသည်။ သို့နှင့် သူတို့လင်မယား အတော်ဝေးဝေးရောက်သည်အထိ လမ်း လျှောက်ထွက်ကြသည်။ သို့သော် လမ်း တွင် တစ်ဦးဦးက စကားတစ်ခွန်းလောက် ဟလာပြီး နောက်ချက်ချင်း တိတ်သွား တတ်သည်။ ခဏနေမှ ထိုစကားစကို တစ်ဦးက အဆုံးသတ်ပေးရသောအဖြစ် ဖြစ်နေ၏။

တနင်္ဂနွေနေ့ မနက်ပိုင်းကျတော့ ထရေစီ့စိတ်ထဲတွင် သူတို့နှစ်ယောက် အမေရိကသို့သွားမည့် ခရီးအကြောင်းကို ပင် ပြောလို့ဆိုလို့ရှိကာ အတော်ကြီး ဟန် ဟန်ပန်ပန် ဖြစ်လာပုံရှိသည်ဟု ခံစားရ သည်။ သို့သော် ဘာပဲပြောပြော အရာ နှစ်ခုကတော့ သူ့ကို ဇနောင့်ဇနင်းဖြစ်ရ စေသည်သာ ဖြစ်သည်။

သူတို့နှစ်ယောက် တံဆိပ်ခေါင်းက နောက်ကပါလာရင်း ကတ္တီပါအိတ်ကြီးကို လှေကားအတိုင်း သယ်ချလာရင်း ပေါ်တူ ဂီစကားဖြင့် ပြောဆိုဆင်းလာကြသည်ကို ထရေစီ ကျိန်လို့ပင် ပြောသေးသည်။ နောက်ပြီး တံဆိပ်ခေါင်းကို ဘာလို့ ဒုက္ခ ခံပြီး အမေရိကကို ခေါ်သွားရမှာလဲ။ သူ တို့သွားနေခိုက် ခွေးကို မိမိစောင့်ရှောက် ပေးထားပါမည်ဟု အတန်တန်ပြောနေ သည့်ကြားကလေ။

နောက်တစ်ခု အံ့အားသင့်ရသည် က မနက်စာစားအပြီး ဟီးသရိုးလေဆိပ် သို့အထွက်မှာ ဖြစ်သည်။

ဖအေဖြစ်သူ သူ့ကတ္တီပါအိတ်ကြီး နှင့် ဝတ်စုံသေတ္တာတွေ ကားပေါ်သွား



www.burmeseclassic.com

www.burmeseclassic.com

အတင်မှာ ကားနောက်ခန်းထဲ၌ အိတ်ခပ်ကြီးကြီးသုံးအိတ် တင်ထားသည်ကိုတွေ့ရ၍ အံ့အားသင့်ရပြန်သည်။ ဆယ့်ငါးရက်လောက်သွားမည့်ခရီးကို ဝန်စည်စလှယ်တွေက ဘာကြောင့် သည်လောက်အများကြီး ဒုက္ခခံသယ်သွားရမှာလဲ။

သူ့မိဘတွေ လမ်းအတိုင်း တဒိန်းဒိန်း တဒိုင်းဒိုင်းနှင့် ကားမောင်းထွက်သွားကြသောအခါ ထရေစီမှာ အိမ်ရှေ့ဝရန်တာတွင် ရပ်လျက် လက်ဝှေ့ယမ်းပြရင်းကျန်ခဲ့၏။ သည်မှာပင် လင့်ရိုဗာကားအိုကားဟောင်းကြီး လမ်းဆုံးရောက်သည့်အခါ ဘယ်ဘက်ကို ကွေ့ရမည့်အစား ညာဘက်သို့ ကွေ့မောင်းသွားသည်ကို တွေ့ရသည်။ ညာဘက်လမ်းက သူတို့ကို ဟီးသရိုးလေဆိပ်နှင့် ဆန့်ကျင်ဘက်ကိုသာ ရောက်သွားစေမှာလေ။ သို့သော် ဘာပဲဖြစ်ဖြစ် ဒီအမှားအယွင်းကြီးကို ထရေစီ သူ့ခေါင်းထဲက ဖျောက်ထုတ်လိုက်ပါသည်။ ဘာကြောင့်ဆို သည်အမှားကြီးကို သူ့မိဘတွေ ကားလမ်းမကြီးဆီမရောက်ခင် အတော်ကြာကတည်းက ပြင်နိုင်သေးသည်ကို သိ၍ဖြစ်သည်။

ဆူးနှင့် ခရစ္စကတော့ ကားလမ်းမကြီးနှင့် သွားဆုံသည်နှင့် ဒိုဗာသို့ဟူ၍ လမ်းညွှန်ဆိုင်းဘုတ် ပြထားသည့်အတိုင်း ရှေ့ဆက်သွားကြတော့သည်။ သည်လိုနှင့် တစ်မိနစ်ပြီးတစ်မိနစ် ရှိလာသည်နှင့်အမျှ နောက်ကြောင်းပြန်လှည့်စရာ မရှိတော့သည့်အဖြစ်ကို သိသိကြီးရှိလာကြသည်။ စိတ်တွေလည်း ဂနာမငြိမ် ဖြစ်သထက်ဖြစ်လာကြသည်။ တံဆိပ်ခေါင်းတစ်ကောင်သာ ပျောက်နေပုံရှိသည်။ ခွေးက သူကြုံနေရသည့် စွန့်စားခန်းကို မြူးထူးနေကာ ကားနောက်မှန်ပေါက်ကနေ အပြင်ကိုကြည့်ရင်း အမြီးတနှန့်နှန့်နှင့် ပါလာသည်။

မစ္စတာ အဲ့ပဲ့ယာ့ဒ်နှင့် မစ္စစ် ဘရူးဝါးတို့ သူတို့အစီအစဉ်ကို ထပ်မံညှိကြပြန်သည်။

မော်တော်ဆိပ်သို့ရောက်လျှင် ဆူးက ကားထဲက အမြန်ထွက်မည်။ ကူးတို့မော်တော်ပေါ်တက်ရန် တန်းစီစောင့်သည့် ခြေကျင်ခရီးသည် လူတန်းနောက်တွင် ဝင်၍တန်းစီမည်။ ထိုအချိန်တွင် ခရစ္စက သူ့ရိုဗာကို ကားအဆင်းအတက်လုပ်သည့် ဆင်ခြေလျှောပေါ်အထိ ယူသွားပြီး မော်တော်ပေါ်အရောက် မောင်းတက်မည်။ ကဲလေး(အင်္ဂလန်၊ ဒိုဗာရေလက်ကြားတစ်ဖက်က ပြင်သစ်ဆိပ်ကမ်း)တွင် မော်တော်ဝင်ကပ်သည့်အခါ ကားကို ကုန်းပေါ်သို့ မောင်းတက်မည်။ သူ့ဘက်က ဒါတွေမပြီးသေးသရွေ့ တစ်ဦးနှင့်တစ်ဦး လူချင်းမဆုံစတမ်းဟု နားလည်မှု ယူလိုက်ကြသည်။

ယခု ဆူးမှာ မော်တော်ကုန်းပေါင်အောက်ခြေ၌ ရပ်နေသည်။ သူတို့ ရိုဗာကား မော်တော်ကုန်ပေါက်အဝဆီသို့ တရွေ့ရွေ့သွားနေရသည့်အဖြစ်ကို လှမ်းမျှော်ကြည့်နေရင်းက ဆူးသည် ရင်ထဲ၌ တဒိန်းဒိန်း ခုန်နေတော့သည်။ သူ့ယောက်ျားနှင့် အကောက်ခွန်အရာရှိပြောနေသည်များကို ပြေးလို့သာ နားထောင်လှချင်သော်လည်း စိတ်ကို မနည်းချုပ်နေရသည်။ တကယ်ဆို သူတို့နှစ်ဦးက လက်ထပ်ထားရသေးသည်မဟုတ်သဖြင့် အရဲစွန့်လုပ်နေ၍ မဖြစ်သေး။

"ကောင်းသောမနက်ခင်းပါ မစ္စတာအဲ့ပဲယာ့ဒ်"

အကောက်ခွန်အရာရှိက ခရစ္စကို နှုတ်ဆက်သည်။ နောက် ကားနောက်ခန်းထဲကိုကြည့်ရင်း မေးလာသည်။ "ခွေးကို ခေါ်သွားဖို့ စိတ်ကူးပါသလားခင်ဗျာ"

"ဩော် . . ဟုတ်ကဲ့၊ သူမပါဘဲ ကျွန်တော်တို့ ခရီးမသွားတတ်လို့ပါ"

မစ္စတာအဲ့ပဲယာ့ဒ်၏ နိုင်ငံကူးလက်မှတ်စာအုပ်ကို အကောက်ခွန်အရာရှိ နောက်တစ်ကြိမ် စေ့စေ့စပ်စပ်ကြည့်ပြန်သည်။

"ဒါပေမဲ့ ခွေးကို ခင်ဗျားနဲ့ တစ်ပ ဘည်း နိုင်ငံခြားခေါ်သွားဖို့ သူ့မှာ လိုအပ တဲ့ စာရွက်စာတမ်းတွေလည်း မပါပါလာ ဗျာ"

ခရစ္စသည် နဖူး၌ ချွေးပြန်လာ သည့်အဖြစ်ကို ခံစားလာရတော့သည တံဆိပ်ခေါင်းအတွက် စာရွက်တွေက မစ္စတာဟဲ့စကင်းစ်၏ နိုင်ငံကူးလက်မှတ စာအုပ်တွင် တွဲထားသည်။ စာအုပ်က ကလီးသော့ပ်မြို့က အာမခံသေတ္တာထ ထားခဲ့ပြီ။

"သေတော့။ ကျွန်တော်အိမ်မှ ကျန်ခဲ့တာပဲ ဖြစ်မယ်"

"ကံဆိုးတာပေါ့ဗျာ။ ဒါပေမဲ့ . . . ခင်ဗျားအဝေးကြီးပြန်ယူနေရမယ် မဟုတ် ဘူးလို့ထင်တာပဲ။ ဘာကြောင့်ဆို နောက် တစ်ခါထွက်မယ့် မော်တော်က မနက်ပြ ဒီအချိန်ထိ ရှိဦးမှာမဟုတ်တော့လို့လေ"

ခရစ္စသည် ကယ်ရာမဲ့အဖြစ်နှ ဇနီးသည်ရှိနေရာဆီသို့ လှမ်းမျှော်ကြည သည်။ ကားထဲက တံဆိပ်ခေါင်းကိုလည ကြည့်မိသည်။ ခွေးကတော့ သူ့ကြော ဖြစ်ရသော ပြဿနာကို မထိနိုင်ဘူးလေ အခုဆို နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်နေပြ

ကားကို ခရစ္စ ဇွေ့ခနဲ ပြန်ကွေ့ သည်။ ရတက်မအေး ဖြစ်နေသော ဆ ဆီသို့ မောင်းလာခဲ့သည်။ ဆူးမှာ ခ ဘာကြောင့် မော်တော်ပေါ်သို့ သွား အပြုမခံရသလဲဆိုသည်ကို သိချင်နေ ပြီ။ စိတ်မရှည်နိုင်စွာ စောင့်နေသည

ဆူးကို ဖြစ်ရသည့်ပြဿနာ ရှ ပြလိုက်လျှင်ပင် ဆူးဆီမှ ပေါ်လာသည စကားက "ကျွန်မတို့ ကလီးသော့ပ် ဘယ်ပြန်သွားလို့ဖြစ်မလဲရှင့်"ဟူ၍ ဖြ သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းပြောတာ ကိုယ်လည်းသဘောကျပါတယ်။ အက်ရှ်ဖို့ဒ်ကိုတော့ ပြန်သွားဖို့ လိုတယ်။ အဲဒီမှာ ဘဏ်ရုံးပိတ်ရက်ဖြစ်ပေမဲ့ ဆေးခန်းဖွင့်တဲ့ တိရစ္ဆာန်ဆရာဝန်တစ်ယောက်လောက် တွေ့တန်ကောင်းရဲ့လို့ မျှော်လင့်ရတာပဲ"

"ဒါ ကျွန်မတို့အစီအစဉ်ရဲ့ အစိတ်အပိုင်း မဟုတ်ဘူးလေ"

"ဟုတ်ပါတယ်။ ဒါပေမဲ့ တံဆိပ်ခေါင်းကို ထားခဲ့ဖို့လည်း မလိုလားလို့ပါ"

သူ့စကားကို ဆူးကလည်း သဘောတူ ခေါင်းညိတ်သည်။

ခရစ္စသည် လင့်ရိုဗာကို ကားလမ်းမကြီးပေါ်သို့ ဇွေ့ခနဲမောင်းတင်လိုက်သည်။ သည်လိုနှင့် သူတို့သမီးနေထိုင်ရာ အက်ရှ်ဖို့ဒ်သို့ အပြန်ခရီး စရတော့သည်။ မစ္စတာနှင့် မစ္စစ်ဟဲ့စကင်းစ်တို့နှစ်ယောက် သမီးဖြစ်သူ၏အိမ်သို့ နေလယ်စာစားချိန်အမီ ပြန်ရောက်သွားကြတော့သည်။

ထရေစီမှာ ဖအေနှင့် မအေ သူနှင့်အတူ နောက်ထပ် ရက်တွေ နေသွားနိုင်မှန်သဖြင့် ဝမ်းသာနေတော့သည်။ သို့သော် သူ့မိဘတွေက ခွေးကို သူနှင့်အတူ ထားခဲ့ရမည့်အရေးကို ဘာကြောင့် မလိုလားနိုင်ဖြစ်နေရသလဲဆိုသည်ကို ယခုအထိ နားမလည်နိုင်ဖြစ်နေ၏။ တကယ်ဆို သူတို့ခရီးထွက်လာကြသည့်ကိစ္စမှာ တစ်သက်လုံး အပြီးသွားနေတော့မည့် ကိစ္စမဟုတ်ဘူးလေ။

ခရစ္စနှင့် ဆူးကတော့ နောက်ထပ် ပြောပြောဆိုဆို သိပ်မရှိလှသော နေ့တာ၊ အိပ်ပျော်ရသော ညတစ်ည လွန်မြောက်ခဲ့နိုင်သည်။ ပေါင်ငွေ သန်းတစ်မတ်ထည့်ထားသော ကတ္တီပါအိတ်ကြီးမှာလည်း ခေါင်အောက်၌ ထိုးသွင်းခံထားရပြန်ပြီ။

တနင်္လာနေ့တွင် စာနာစိတ်ရှိသော အသေခံတိရစ္ဆာန်ကုဆရာဝန်တစ်ဦးက သူတို့ခွေးကို လိုအပ်သည့်ဆေးများ ထိုးပေးရန် သဘောတူသွားခဲ့သည်။ ဆရာဝန်က မစ္စတာအဲ့ပဲယာ့ဒ်၏ နိုင်ငံကူးလက်မှတ်စာအုပ်တွင် ခွေး၌ ရောဂါကင်းရှင်းပါကြောင်း ထောက်ခံချက်လက်မှတ် တွဲပေးလိုက်သည်။ သို့တိုင် သူတို့လင်မယား၌ ထိုနေ့ထွက် ကူးတို့မော်တော်အုပ်မီနိုင်လောက်အောင် အချိန်မီခြင်း မရှိတော့ပါပေ။

ထိုတနင်္လာနေ့ညတွင် ဟဲ့စကင်းစ်တို့လင်မယား တစ်မှေးမျှ အိပ်မပျော်ကြ။ နောက်နေ့မနက် လမ်းမီးတွေ ငြိမ်းသွားချိန်တွင် သူတို့ မူလစီစဉ်ထားသည့်အတိုင်း ရှေ့ဆက်သွား၍မဖြစ်နိုင်တော့သည့်အဖြစ်ကို နှစ်ယောက်စလုံး သဘောပေါက်လာတော့သည်။ နှစ်ယောက်သား အိပ်ရာထဲတွင် သည်အတိုင်း မျက်စိတွေ အကြောင်သား လှဲနေကြရင်းက အကြံသစ်တစ်ခုကို တိုင်ပင်ကြပြန်သည်။ အင်္ဂလိပ်ဘာသာစကားဖြင့် ...။

နောက်နေ့မနက် မနက်စာစား အပြီးတွင် ခရစ္စနှင့်ဆူးသည် နောက်ဆုံးတော့ သမီးဖြစ်သူနှင့် ခွဲခွာလာခဲ့ကြတော့သည်။ ကားကို လမ်းဆုံးအထိ မောင်းသွားကြသည်။ သည်တစ်ကြိမ် ထရေစီ၌ စိတ်သက်သာရာ ရသွားသည်က သူတို့မော်တော်ကား ညာဘက်သို့မဟုတ်ဘဲ ဘယ်ဘက်သို့ကွေ့ပြီး ကလီးသော့ပ်သို့ လားရာအတိုင်း ဦးတည်မောင်းသွားသည့် အဖြစ်ပင်။

ဟီးသရိုးလေဆိပ်အဝင်လမ်းကို သူတို့ကား အရှိန်ဖြင့်ဖြတ်မောင်းလာချိန်တွင် ပြန်လည်ပြင်ဆင်ထားသည့်အကြံက နေရာတကျ ဖြစ်သွားပြီ။

"ကျွန်မတို့ အိမ်ပြန်ရောက်တာနဲ့ ချက်ချင်းပိုက်ဆံတွေအားလုံးကို အာမခံသေတ္တာထဲ ပြန်ထည့်ထားလိုက်တော့မယ်"ဟု ဆူးက ပြောလာ၏။

"ကိုယ်တို့လက်ထဲမှာ ဒီလောက် ငွေအလုံးအရင်းပမာဏကြီး ရှိနေတာကို လာစစ်ရင် ဘယ်လိုရှင်းပြမလဲ။ ဌာနချုပ်စာကိုင်းကိုင်က နှစ်စဉ် လုပ်နေကျအတိုင်း နောက်လ လာစစ်တဲ့အခါလေ"

ခရစ္စက ပြန်မေးသည်။

သည်တော့ ဆူးက "အာမခံသေတ္တာထဲရှိတဲ့ ငွေသားကို စစ်ဆေးဖို့ ဖြစ်လာတဲ့အချိန်လောက်ကျရင် ကျွန်မတို့ကလည်း နောက်ထပ်ငွေထုတ်ဖို့ ထပ်မလျှောက်သေးသမျှ အဲဒီကာလကြားချိန်အတွင်းမှာ ဒီငွေပမာဏရဲ့ အများဆုံးငွေသားတွေကို ပုံမှန်လုပ်နေတဲ့ ငွေအလွှဲအပြောင်းအလုပ်တွေ ဆက်လုပ်သွားနေရင်းနဲ့ပဲ ကျွန်မတို့ဘက်က အလိုလိုချေဖျက်ပြီးသား ဖြစ်နိုင်ကောင်းပါတယ်ရှင်"

"ကိုယ်တို့ ငွေသားထုတ်ယူခဲ့တဲ့ စာတိုက်ငွေလွှဲစာတွေကျတော့ကော"

"အဲဒါတွေကို ကာမိအောင် အာမခံသေတ္တာထဲမှာ ငွေသား ရှိပါတယ်နော်"

"ဒါပေမဲ့ ထီလက်မှတ်တွေနဲ့ ကံစမ်းမဲ ခဲခြစ်ကတ်တွေ"

"အဲဒီငွေကွာနေတာကို ကျွန်မတို့ ကိုယ်ပိုင်ပိုက်ဆံနဲ့ ထေယူရတော့မှာပဲ။ ဒါဆို သူတို့ဘက်က ရွှေဉာဏ်တော်မစူးရောက်ဘဲ အဆုံးသတ်သွားမှာပါရှင်"

"သဘောတူတယ်" ခရစ္စက ဆိုလိုက်သည်။

သူသည် သည်ရက်တွေအတွင်း ပထမဆုံးအကြိမ် စိတ်နှလုံးပေါ့ပါးသွားသည့် လေသံဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ နောက်တော့မှ နိုင်ငံကူးလက်မှတ်စာအုပ်များကို သူသတိရသွားသည်။

"ဒါတွေလည်း ဖျက်ဆီးပစ်တာပေါ့။ အိမ်ပြန်ရောက်ရောက်ချင်း"

လင်ကွန်းရှိုင်းယားနယ်စပ်ကို ဖြတ်ကျော်လာချိန်တွင် မစ္စတာနှင့် မစ္စစ်ဟဲ့စကင်းစ်တို့နှစ်ဦး စာတိုက်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်သွားရန် ဆုံးဖြတ်ချက်



www.burmeseclassic.com

www.burmeseclassic.com

ကျသွားတော့သည်။ စာတိုက်က အခဆင့် လျော့ကျသွားသည့်တိုင် ဖြစ်သည်။ ပြီးတော့ စာတိုက်ကောင်တာပေါ်တွင် သူတို့တင်ရောင်းနိုင်သမျှသော တိုလီမိုလီ အမယ်ပစ္စည်းကလေးများ ရောင်းချသွားရန်၊ နောက်ပြီး တစ်ဖက်ကလည်း သူတို့လုပ်ကိုင်ခွင့်ရှိသမျှ ကျန်စာတိုက်လုပ်ငန်းကို အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်သွားရန်အတွက် ဆူး၌ အကြံအစည် ပေါင်းစုံ ပေါ်လာသည်။

ကားကို ခရစ္စက ဝိတိုရိယခရဲဆင့်ရိပ်သာထဲ နောက်ဆုံးချိုးဝင်လိုက်သော အချိန်တွင် ဆူး၏ နှုတ်ခမ်းပေါ်၌ အပြုံးတစ်ခုရောက်လာတော့သည်။ ထိုအပြုံးသည် တဖျပ်ဖျပ်လက်နေသော အပြာရောင်မီးတွေ လှမ်းမြင်လိုက်ရသည်နှင့် ပျောက်သွားသည်။ သူတို့ကားအို ရိုဗာကြီး ရပ်သွားသည်တွင် တစ်ဒါဇင်မျှသော ပုလိပ်တွေက ကားကို ဝိုင်းထားလိုက်တော့သည်။

"သောက် ..."ဟု ဆူးဆိုလိုက်သည်။

မိခင်များသမဂ္ဂ၏ ဥက္ကဋ္ဌကြီးနှုတ်မှ ထွက်လာသည့် အဆုံးစွန်သော ဘာသာစကားပါလားဟု ခရစ္စတွေးမိသွားသည်။ သို့သော် တစ်ဖက်က ကြည့်ပြန်တော့လည်း သူ့မှာ မိန်းမနှင့် သဘောတူဖို့ပဲ ရှိတော့သည်။

မစ္စတာနှင့် မစ္စစ် ဟဲ့စကင်းစ်တို့ လင်မယား ဒီဇင်ဘာ ၂၉ ရက်နေ့ညနေတွင် အဖမ်းခံသွားကြရသည်။ သူတို့နှစ်ဦးကို ကလီးသော့ပ်ရဲစခန်းသို့ ကားနှင့်တင်ခေါ်သွားကာ [illegible]အင်တာဗျူးအခန်းများ၌ ထည့်ထားလိုက်ကြသည်။

ဤတွင် ဒေသခံရဲအဖွဲ့၌ ကောင်းသောပုလိပ်၊ ဆိုးသောပုလိပ်ဆိုသော သမားရိုးကျလုပ်ထုံးကြီး ကျင့်သုံးနေရန် မလိုအပ်တော့။ [illegible]နှစ်ဦးစလုံးက ချက်ချင်းလက်ငင်း ဖြောင့်ချက်ပေး ထွက်ဆိုလာသောကြောင့် ဖြစ်သည်။

ထိုညက သီးခြားအချုပ်ခန်းများ၌ သူတို့နေခဲ့ရသည်။ မနက်ကျတော့ ပေါင်ငွေ ၂၅၀,၀၀၀ တည်းဟူသော စာတိုက်ကြီးပိုင် ပစ္စည်းဥစ္စာ လိမ်လည်ထုတ်ယူမှု၊ ပြီးတော့ နိုင်ငံကူးလက်မှတ်စာအုပ်လေးအုပ် လှည့်ဖြားရယူမှု စသော စွဲချက်များဖြင့် ရုံးအတင်ခံရသည်။

သူတို့လင်မယားက စွဲချက်နှစ်ရပ်စလုံး၌ အပြစ်ရှိပါကြောင်း တရားရုံးတော်၌ ထွက်ဆိုဝန်ခံလိုက်ကြသည်။

✤✤✤✤✤

ဆူးဟဲ့စကင်းစ်သည် လေးလပြစ်ဒဏ် ကျခံပြီးနောက် မော်တင်ဟော အကျဉ်းထောင်မှ လွတ်လာခဲ့သည်။ တစ်နှစ်ကြာသွားသောအခါ ခရစ္စက ဆူးနှင့်လာ၍ ပေါင်းဆုံသည်။

ထောင်တွင်း အကျဉ်းကျနေစဉ်အတွင်း နောက်ထပ် အကြံအစည်သစ်တစ်ခု ခရစ္စကြံလာခဲ့ပြန်သည်။ သို့သော် ဘယ်လိုပဲဖြစ်စေ သူထောင်ကထွက်လာသောအခါ ဘရစ်တန်နီးယားဘဏ္ဍာရေးဝန်ဆောင်လုပ်ငန်းကုမ္ပဏီက သူ့အပေါ် ကျောထောက်နောက်ခံပြုပေးနိုင်လောက်အောင် ခံစားလို့မရတော့။ သည်ကိစ္စကို သင့်မြတ်အောင်ပြောရလျှင် မစ္စတာ ထရီမိန်းကြီးကလည်း ပင်စင်ယူသွားခဲ့ပြီလေ။

မစ္စတာနှင့် မစ္စစ် ဟဲ့စကင်းစ်တို့ ဝိတိုရိယခရဲဆင့်ရိပ်သာက သူတို့ပိုင် အိုးအိမ်ကို ပေါင်ငွေ ၁၀၀,၀၀၀ ဖြင့် ရောင်းလိုက်သည်။ သီတင်းတစ်ပတ်ကြာသော အခါ ရှေးရိုဗာကားအိုကားဟောင်းကြီး ပေါ်သို့ တက်ပြန်သည်။ ဒိုဗာသို့မောင်းသွားကြပြန်သည်။ ဒိုဗာတွင် သည်တစ်ခါတော့ နိုင်ငံကူးလက်မှတ်စာအုပ် အစစ်အမှန်များတင်ပြလျက် ကူးတို့မော်တော်ပေါ်သို့ သူတို့လင်မယား တက်သွားသည်။

အယ်လ်ဗျူဖေးရားရှိ ပင်လယ်ဆိပ်မျက်နှာစာတွင် နေရာကလေးတစ်ခု အသင့်အတင့်တွေ့သည်နှင့် ထိုနေရာတွင် သူတို့ဇနီးမောင်နှံ မုန့်နှစ်ငါးကြော်ဆိုင်ကလေးတစ်ဆိုင်ဖွင့်ပြန်သည်။ ဟဲ့စကင်းစ်တို့ဆိုင်ကလေးမှာ ဒေသခံဖောက်သည်မိတ်များအပေါ် ဖမ်းစားနိုင်ခြင်းမရှိလှသေးပါ။ သို့သော် အယ်လ်ဗျူဖေးရားသို့ ဗြိတိန်သားတွေ နှစ်စဉ် သိန်းနှင့်ချီ၍ လာနေကြသည်ကြောင့် သူတို့ဆိုင်ကလေး၌ ဖောက်သည်မပြတ်လပ်ဘူးဆိုတာတော့ သက်သေပြပါသည်။

ကျွန်တော်သည်လည်း ထိုလုပ်ငန်းသစ်ကလေး၌ အရဲကိုးပြီး ရင်းနှီးထည့်ဝင်မှုအသေးစား ပြုထားကြသူတွေထဲက တစ်ဦးဖြစ်ပါသည်။ နောက်ပြီး ကျွန်တော့်တွင် သူတို့ဆိုင်လုပ်ငန်း၌ ကျွန်တော်ပါဝင်ထည့်ထားသော ခြူးပဲနီတိုင်းအပေါ် အတိုးအညွန့်နှင့်တကွ မှန်မှန်ပြန်လည်ရရှိနေပါကြောင်း တင်ပြအစီရင်ခံရသည်ကို ကျွန်တော့်တွင် ပျော်ပါသည်။

ပြောရမည်ဆိုလျှင် လောကကြီးသည် ရယ်စရာအကောင်းသားနော်။ တရားသူကြီး မစ္စတာ ဂျပ်စတစ်ဂရေးကတော့ သိမှတ်သွားပါသည်။ မစ္စတာနှင့် မစ္စစ် ဟဲ့စကင်းစ်တို့ ဇနီးမောင်နှံ ရာဇဝတ်ကောင်တွေ မဟုတ်ဘူးဆိုတာလေ။

*တစ်ခုတည်းသော အောက်ခြေမှတ်စု ။ 'တံဆိပ်ခေါင်း'တစ်ကောင် ဆူးနှင့် ခရစ္စ ထောင်တွင်းရှိစဉ် သေသွားခဲ့ပါကြောင်း။။*

**လူအောင်**



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

လိပ်ခေါင်းရောဂါမှန်လျှင် ဒိဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂

၃၃-၃၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - စ၁/ ၀၉၃၄၈/ထလ

® Vital

ဗိုက်တယ် သောက်ရေသန့်.

Purified drinking water

20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်း၀ (၇)လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၈၀၃၂၇၁၂


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်းပိုင်ကြီး

ခင်မောင်အေး(မန္တလေး)

[ တစ် ]

ငွေချောင်းဆင်စခန်းသို့ ကျွန်တော်တို့ နံနက်စောစောပင် ရောက်ရှိလာကြသည်။ ငွေချောင်းရွာနှင့်နီး၍ သစ်ထုတ်လုပ်ရေး ဆင်လုပ်သားများ၏ သည့်စခန်းကို ငွေချောင်းစခန်းဟုပင် လွယ်လွယ်ခေါ်လိုက်ကြခြင်း ဖြစ်ပါသည်။ လက်ထောက်မန်နေဂျာ ကိုကျော်တင့် တာဝန်ယူရသော ဆင်ဝိုင်းများစွာအနက် ငွေချောင်းဆင်ဝိုင်းသည်လည်း အပါအဝင်ဖြစ်၏။ ငွေချောင်းဆင်ခေါင်းမှာ မဘိန်းဒေသ ချောင်းများစခန်းတွင် ကျွန်တော်တို့ ဆင်ရိုင်းများ နှိမ်နင်းခဲ့စဉ်က ဆုံခဲ့ဖူးသော ဖိုးထိန်ပင် ဖြစ်လေသည်။ ဖိုးထိန်သည် ဆင်ဦးစီးအဆင့်မှ ဆင်ခေါင်းအဆင့်သို့ တိုးတက်ရောက်ရှိခဲ့လေသည်။

နမြစ် နဂါးချောင်းဖျား တစ်ဝိုက်မှာ ပြောင်တစ်အုပ် ဆင်းနေကြောင်း သတင်းရရှိသဖြင့် ကျွန်တော်တို့ မန္တလေးမှ တက်လာခဲ့ကြခြင်း ဖြစ်၏။ ကျွန်တော်တို့ ဆိုရာမှာ ကျွန်တော်နှင့် ကျွန်တော့်ရုံးမှ တပ်ကြပ်ကြီးရာရေး ညီညီ နှစ်ယောက်တည်းသာ ဖြစ်ပါသည်။ ပြောင်အုပ်သတင်းရရှိလျှင် ရရှိချင်း ချက်ချင်းထလိုက်လာခဲ့ရခြင်းဖြစ်သည်။ မန္တလေးမှ မတ္တရာ၊ ထိုမှ မိုးကုတ်သို့ အတက်လမ်းအတိုင်း ရေနံ့သာမရောက်မီ တောင်ဘက်လမ်းခွဲဘက်သို့ ဆင်းသွားသည့်အခါ ငွေချောင်းစခန်းသို့ ရောက်သည်။ ငွေချောင်းဆင်စခန်းမှ ရှေ့ဘက်သို့ နမြစ်နဂါးချောင်းအတိုင်း ဆက်တက်သွားလျှင် ချောင်းဖျားတစ်ဝိုက်တွင် ပြောင်တစ်အုပ်ကို မီနိုင်သည်။ ညီညီက ကျွန်တော်နှင့် မကြာခဏ တောလည်လိုက်ဖူး၍ အတွေ့အကြုံ ရင့်ကျက်နေပြီးဖြစ်သည်။ အဲန်ဖီးလ် ၃၀၃ စစ်သုံး အင်္ဂလိပ်ရိုင်ဖယ်တစ်လက် ကိုင်ဆွဲလျက် အမဲအတော်များများ လှဲခဲ့ပြီးလည်း ဖြစ်ပါသည်။ ငွေချောင်းစခန်းသို့ရောက်တော့ နံ[illegible] ရွာမှ · မုဆိုးစိန်မောင် ရောက်နေ[illegible]။ စိန်မောင်နှင့် ကျွန်တော်တို့ မကြာခဏတွဲ၍ တောလည်ဖူးသည်။ ဖွဲ့ကောင်းသည်၊ စိတ်ရှည်သည်၊ တည်ငြိမ်ပြီး သတ္တိရှိသည်။ ကျွန်တော်တို့ လာမည်ကို ကြိုတင်ပြောပြထား၍ လာရောက်စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ ပြောင်အုပ်က ချောင်းများတွင်ပင် လှည့်လည်ကျက် စားနေဆဲပင် ရှိသည်။ ကလေးသားငယ် နှစ်ကောင်လောက်ပါသဖြင့် စားစားသွားသွား



www.burmeseclassic.com

www.burmeseclassic.com

နားနားနေနေ ရှိနေကြောင်း ဆင်သမားများထံမှ သတင်းရရှိသည်။

နမြစ်ချောင်းဖျားဘက်သို့ ကျွန်တော်က ဖိုးထိန်နှင့်သွားပြီး စိန်မောင်နှင့် ညီညီက နဂါးချောင်းဖျားဘက်သို့ လိုက်ရန် ညှိနှိုင်းစီစဉ်ကြ၏။ နမြစ်နဂါးဆိုသည်က နမြစ်ချောင်းနှင့် နဂါးချောင်း နှစ်ချောင်းကို ပေါင်းစုခေါ်ဆိုခြင်း ဖြစ်၏။ ချောင်းနှစ်ခုက ချောင်းအမြွာသဖွယ် မျဉ်းပြိုင်စီးဆင်းလျက်ရှိသည်။ ချောင်းနှစ်ခု၏အလယ်မှာ မြေပြန့်လျှိုကြီးဖြစ်ပြီး ချောင်း၏ဝဲဘက်နှင့် ယာဘက်မှာ တောင်ကြောများရှိသည်။ ကြောပေါ်မှာက လွင်ပြန့်ရှိသည်ဖြစ်ရာ မှက်ခြင်ယင် နည်းပါးရာ ကြောထိပ်တွင် ပြောင်များက နားနားနေနေ ခိုနေတတ်ပြီး လျှိုထဲသို့ဆင်း၍ အစာစားကြခြင်း ဖြစ်လေသည်။

နံနက်စာ တဝကြီးစားပြီး ကျွန်တော်တို့ နှစ်ဖွဲ့ခွဲလျက် ချောင်းဖျားဘက်သို့ အသီးသီး တက်သွားကြ၏။ ချောင်းဖျားတွင် ပြောင်အုပ်ရှိနေသေးသည်ကို ကျွန်တော်တို့ သေချာပေါက် သိထားကြပြီဖြစ်ရာ ခြေကြောင်းတွေ့သည်နှင့် အလွတ်မပေးစတမ်း လိုက်ကြရမည် ဖြစ်ပါသည်။ ကြုံသလိုစား တော်သလိုနားပြီး ရေဆုံးမိုးဆုံးလိုက်ဖို့ မုဆိုးနှစ်ဖွဲ့စလုံး ညှိနှိုင်းသဘောတူထားကြ၏။ တောကျွမ်းသော ဆင်ခေါင်းဖိုးထိန်နှင့် ဌာနေမုဆိုး စိန်မောင်တို့ ပါရှိသဖြင့် ယင်းသို့ စိတ်ချလက်ချ ဆုံးဖြတ်စီစဉ်ကြခြင်းလည်း ဖြစ်၏။ ချောင်းရိုးအတိုင်း သဲပြင်ပေါ်သို့နင်းလျက် ကျွန်တော်တို့ လျှောက်ခဲ့ကြသည်။ နမြစ်ချောင်းရေသည် ကြည်လင်စွာ တငြိမ့်ငြိမ့် စီးဆင်းလျက်ရှိသည်။ ချောင်းတွင်းသို့ တောင်ကြောပေါ်မှ ရေသောက်ဆင်းကြသည့် တောကောင်များ၏ ခြေရာဟောင်းများကို သဲပြင်ပေါ်တွင် တွေ့မြင်ရသည်။ ကျွန်တော်တို့က လောလောလတ်လတ် နင်းထားသော ခြေရာများကို ရှာဖွေကြ၏။ စခန်းနဲ့ သုံးလေးမိုင်ခန့် အကွာအဝေးသို့ ရောက်လာကြသည့်တိုင် ခြေရာသစ်များ မတွေ့ကြရသေးသဖြင့် ခြေလှမ်းများလည်း နှေးကွေးလာသည်။

"ရှေ့တစ်မိုင်လောက် သွားလိုက်ရင် မအူကျစ်ကို ရောက်မယ်ဆရာ။ မအူကျစ်ကို ဆတ်တွေ တအားဆင်းတတ်တယ်။ ဂရုစိုက်သွားရင် ကျုပ်တို့နဲ့ တိုးနိုင်တယ်"

ဖိုးထိန်က ပြောသည်။ မအူကျစ်ဆိုသည်က ကမ်းပါးယံတွင် မြေငန်များရှိသောနေရာ ဖြစ်၏။ မြေသားမှာ ဆားငန်ဓာတ်ရှိသဖြင့် တောတွင်းသားကောင်များ လာ၍ကျက်စားကြလေ့ရှိသည်။ သဘာဝအလျောက် ဖြစ်ပေါ်နေသော ဆားကျင်းဟု ဆိုနိုင်ပါသည်။ ယင်းဆားငန်မြေသို့ တောတိရစ္ဆာန်ကြီးငယ်များ မကြာခဏ လာရောက်ကြသည်။ ဆားမြေကို တောတိရစ္ဆာန်များ လျက်ဖဲ့စားသောက်ကြရင်းက ကမ်းပါးယံတွင် လိုဏ်ခေါင်းပေါက်ကြီး ဖြစ်နေတတ်သည်။ နမြစ်ချောင်းဘေးရှိ မအူကျစ်က လူပြောသူပြောများသည်။ မြေက ဆားငန်ဓာတ်များ၍ပဲလား၊ သို့တည်းမဟုတ် လူသူအရောက်အပေါက်နည်းပြီး ချောင်ကျလို့လား မပြောတတ်။ သားကောင်များများစားစား လာလျက်ကြလွန်းသဖြင့် လိုဏ်ခေါင်းက အတွင်းသို့ တော်တော်ရှည်နေပြီ။ ကျွန်တော်နှင့် ဖိုးထိန်တို့နှစ်ဦး ကျစ်အနီးသို့ ခြေသံလုံလုံဖြင့် ခပ်ဖြည်းဖြည်း တိုးကပ်လာခဲ့ကြ၏။ သားကောင်များ အိပ်ကျင်းဝင်ချိန်ဖြစ်၍ အသံဗလံများ တိတ်ဆိတ်ငြိမ်သက်နေသည်။ ကမ်းပါးယံကို ကပ်၍ တရွေ့ရွေ့ ချဉ်းကပ်လာကြသော ကျွန်တော်တို့ ချောင်းကွေ့သို့ ရောက်လာသည်။ ဖိုးထိန်က ကျွန်တော့်ပခုံးကို အသာတို့လိုက်သည်။ မအူကျစ်ကို ရောက်ပြီဟု သတိပေးလိုက်မှန်း ကျွန်တော် သိသည်။ ဖိုးထိန်ကို ကျွန်တော် နားလည်ကြောင်း ခေါင်းဆတ်ပြလိုက်၏။ ကျွန်တော်က ၃၀-၀၆ စပရင်းဖီးလ် ရိုင်ဖယ် လုံခြုံရေးခလုတ်ကို လက်မနှင့်တွန်း၍ ရှေ့လိုက်သည်။ တစ်ဆစ်ချိုး ကမ်းပါးယံကို ကွေ့ဝင်မသွားမီ အသာကပ်၍ လှမ်းကြည့်လိုက်၏။ ကျစ်အဝမှာ သားကောင်တစ်ကောင်၏ နောက်ပိုင်းတစ်ခုကို ဖြတ်ခနဲ မြင်လိုက်ရ၏။ ဆားငန်မြေကို ငုံ၍လျက်နေသည်လား မပြောတတ်နိုင်။ ညိုမောင်မောင် အမြီးပြားပြားက တဆတ်ဆတ် လှုပ်ရမ်းနေသည်။ တင်ပါးဆုံပိုင်းကိုသာ တွေ့မြင်နေရသေးသဖြင့် မပ
သာသေးပေ။ အတော်ကြီးကြာမှ သားကောင်သည် ဆတ်ခနဲ နောက်ဆုတ် ပြ
ရှေ့လာသည်။ ကောင်လုံးပေါ်သည်နှ
အမဲ၏ လက်နောက်သို့ချိန်လျက် သေန
မောင်းကို ဆွဲလိုက်သည်။ "ဒိုင်း" သ
သေနတ်သံ ဟိန်းထွက်သွားပြီး ဆ
ပေါက်သည် တုံးခနဲ ညာတစောင်း ပ
သွားသည်။ သည့်နောက် ကျစ်အတွ
ပိုင်းမှ သားကောင်တစ်ကောင်က လှ
အရိပ်တစ်ခုလို ခုန်၍ ထွက်ပြေးလာ
စွေစောင်းစောင်း တောင်ကြောပေါ်
လေဟွေ့လိုက်သည့်နှယ် ပြေးတက်ပျော
ကွယ်သွားသည်။ သွားပြီ။ ဆတ်မ
ဖြစ်၏။

"အတွင်းက ဆတ်မကို မမြင်
လေ။ ကျစ်အဝက ဆတ်ပေါက်ကို
မြင်ရတာ။ နောက်ပြန်ဆုတ်လာ
ကောင်လုံးပေါ်တာနဲ့ ပစ်ထည့်လို
တယ်။ ဆတ်မကို ချိန်တောင်မချိန်
ရဘူး။ မြန်ပါ့ဗျာ"

"တော်ပါပြီလေ။ ဆတ်ပေါက်
ကောင်ဆိုလည်း မရှုံးပါဘူး။ အမဲက
ချက်တည်းနဲ့ ကိစ္စပြတ်သွားပြီ။ စခန်း
ပြီး ဆင်တစ်ကောင် သွားခေါ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

ဖိုးထိန်က စကားပြောရင်း လဲနေသည့် ဆတ်၏ ဒူးကောက်ကြောများကို ဓားမြှောင်ဖြင့် လှီးဖြတ်လိုက်၏။

"နမြစ်ချောင်းဖျားက ပြောင်လည်း ကျွန်တော်တို့ သေနတ်သံကြောင့် ရှိတော့မှာ မဟုတ်ဘူး။ ခင်ဗျား အစီအစဉ်အတိုင်းပဲ ကောင်းပါတယ်ဗျာ"

အသားစိုစိုပြတ်နေသော ငွေးချောင်းစခန်း ဆင်သမားများ ပျော်နေကြ၏။ ဆတ်ဝမ်းတွင်းသားနှင့် ဆတ်သားတင်းကို တစ်ဝကြီးစားကြရန် ဖြစ်ပါသည်။ ယင်းညအဖို့ မုဆိုးစိန်မောင်နှင့် ညီညီတို့နှစ်ဦး ပြန်ရောက်မလာ။ အမဲကြီးပစ်ရန် ဖြစ်နိုင်သည်။ နမြစ်ချောင်းဖျားဘက်တွင် ပြောင်အုပ်မတွေ့ရသော်လည်း စိန်မောင်တို့ တက်သွားကြသည့် နဂါးချောင်းဖျားဘက်တွင် မုချတိုးနိုင်မည် မဟုတ်ပါလား။

[ နှစ် ]

အရုဏ်သည် လင်းလက်သစ်လွင်စွာ နီးကြားလာသည်။ ငှက်ကျေးသာရကာတို့၏ သာယာနာပျော်ဖွယ် ရာသီဆိုကျူးရင့်သံများ ဝန်းကျင်မှာ ပျံ့လွင့်နေသည်။ ဖိုးထိန်၏တဲတွင် ဖိုးထိန်ကတော် မအေးတည်ခင်းသော ကောက်ညှင်းထိုတ်ပေါင်း၊ ဆတ်သားကြော်နှင့် ရေနွေးကြမ်းကို စားသောက်လျက် စိန်မောင်တို့ကို မျှော်နေမိ၏။ အခြေအနေ မည်သို့ရှိသည် မသိရသေးသောကြောင့် ကိုယ့်လူတို့အတွက် စိတ်မအေးနိုင်သေးချေ။ ကဖြည်းဖြည်း နေမြင့်လာသည်။ တောအကြားမှာ စခန်းအဝင်ဝမှ ရှတ်ရှတ်ခွဲ အသံများ ကြားရ၏။ လှမ်းမျှော်ကြည့်လိုက်တော့ စိန်မောင်နှင့်ညီညီ၊ စိန်မောင်ပခုံးမှာ ပုဆိုးနှင့်ထုပ်၍ ထမ်းလာသော အထုပ်တစ်ထုပ်၊ ညီညီကမူ အိပ်အမှ ယောင်၍ထလျက် လမ်းလျှောက်လာသလို ငူငူငိုင်ငိုင်နှင့် မလှုပ်မရှားလျှောက်လှမ်းလာနေသည်။ မကြာမီ စိန်မောင်တို့ တဲပေါ်ရောက်လာကြသည်။ စိန်မောင် အထုပ်ကို ကြမ်းပေါ်သို့ ချလိုက်၏။ ညီညီက တဲရှေ့ကပြင်တွင် ထရံကိုမှီ၍ ထိုင်လိုက်သည်။

"ဟ ... ဘယ်လိုဖြစ်တာလဲ။ ပြောစမ်းပါဦးဗျာ"

ကျွန်တော်က မေးလိုက်၏။ စိန်မောင်က ကျွန်တော့်အမေးကို အဖြေပေးရင်းက ပုဆိုးဖြင့်ထုပ်လာခဲ့သည့် အထုပ်ကိုဖြည်လျက် ဖိုးထိန်ဇနီး မအေးကို လှမ်းပေးလိုက်၏။ အထုပ်ထဲက ထွက်ပေါ်လာသည်က အသားခြောက်များ ဖြစ်၏။

"ပြောင်တစ်ကောင် ပစ်ရတယ်ဗျာ။ မှောင်သွားလို့ စခန်းပြန်လာဖို့ကလည်း ခရီးကလှမ်းတာမို့ ပြောင်လဲတဲ့နေရာမှတင် ဖျက်ပြီး ကျပ်စင်ဆောက်၊ ကျပ်တိုက်လိုက်တယ်။ သန်းခေါင်ကျော်မှပဲ လက်စသတ်တယ်။ အသားစိုတွေနဲ့မို့ လင့်တစ်ခုထိုးပြီး တက်နေလိုက်တယ်။ မကြာပါဘူး။ တောခြောက်တော့တာပဲဗျာ"

စိန်မောင်က မနေ့ညက သူတို့တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံကို ပြောပြခဲ့လေသည်။

[ သုံး ]

စိန်မောင်နှင့် ညီညီတို့ နဂါးချောင်းဖျားသို့ ရောက်သည့်အခါ တောကောင်များ၏ လတ်လတ်ဆတ်ဆတ် ခြေရာများကို တွေ့ကြရ၏။ ပြောင်အုပ်ခြေရာ ဖြစ်ပါသည်။ လျှိုထဲတွင် လှည့်ပတ်စားထား၍ များပြားလှသော ခြေရာများ။ လတ်လတ်ဆတ်ဆတ်ယိုထားသော ချေးပုံများကိုပါ တွေ့ရသည်။ ခြေရာများက ကောင်ရေများသဖြင့် စွပ်ကြောင်းကြီးလို ဖြစ်နေသည်။ နှစ်ဦးစလုံးက အတွေ့အကြုံရင့်ကျက်သော မုဆိုးများဖြစ်၍ စွပ်ကြောင်းနောက်သို့ ခြေသံလုံနိုင်သမျှလုံအောင် လိုက်ခဲ့ကြ၏။ လျှိုထဲတွင် စိတ်ကြိုက်လှည့်လည်၍ တဝကြီး အစားစားထားပြီးဖြစ်သဖြင့် ပြောင်အုပ်က လွင်ပြင်နှံ့ပေါ်သို့ တက်သွားကြ၏။ လွင်ပေါ်တွင် လေက တဖြူးဖြူးရှိနေ၍ အမဲသားကောင်များအတွက် မှက်ကိုက်သည့် အန္တရာယ်မှ သက်သာသည်။ အပေါ်စီးကနေ၍ ဝန်းကျင်မှ ရန်သူကိုလည်း လှမ်းမျှော်တွေ့မြင်နိုင်သည်။

မွန်းတည့်နေက ခေါင်းပေါ်တည့်တည့်မှာ ခြစ်ခြစ်တောက်အောင် ပူနေပြီ။ လေအောက်မှ တဖြည်းဖြည်း လွင်ပြန့်ပေါ်သို့ ချဉ်းကပ်လာခဲ့ကြပြီး ကြောပေါ်သို့ ရောက်လုရောက်ခင်တွင် စိန်မောင်က ကင်းစောင့်ပြောင်ပေါက်ကို မြင်လိုက်ရ၏။ ပြောင်သားလေးနှစ်ကောင်က မလှမ်းမကမ်းတွင် ဝါးပင်များအကြားမှာ လှုပ်၍ဆော့ကစားနေကြသည်။ ပြောင်ပေါက်သည် ပြောင်သားကလေးများကိုသာ အာရုံစိုက်လျက် ရှိသည်ဖြစ်ရာ လူသားမုဆိုးနှစ်ဦး ရောက်ရှိနေခြင်းကို သတိမထားမိ။

တစ်မနက်လုံး ညီညီကိုင်လာခဲ့ပြီး လျှိုထဲက ထွက်သည့်အခါမှ စိန်မောင်က ရိုင်ဖယ်သေနတ်ကို တစ်လှည့်ပြောင်းကိုင်လာခဲ့ခြင်း ဖြစ်သဖြင့် သားကောင်ကိုတွေ့ချိန်တွင် စိန်မောင်ကပင် ပစ်လိုက်ခဲ့၏။ ဘေးတိုက်ဘစောင်းရပ်လျက်ရှိသော ပြောင်ပေါက်၏ လက်နောက်သို့ ဒဿမ ၃၀၃ ရိုင်ဖယ်ကျည်ဆန် ဖောက်ထွင်းသွားသည်နှင့် ဝေါခနဲ တောဝိုးပြေးထွက်သွားသည်။ လွင်ပြန့်ပေါ်တွင် ဟိုနေရာတစ်ကောင်၊ သည်နေရာတစ်ကောင် ရှိနေသည့် ကျန်သောအကောင်များလည်း ဖြုန်းဖြုန်းဒိုင်းဒိုင်း ပြေးလွှားပျောက်ကွယ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

စိန်မောင် ပြောင်ကိုပစ်ခဲ့သည့်နေရာတွင် သွေးစက်များကို တွေ့ရ၏။ သွေးများက နီခြေပြီး ပျစ်နေသည်။ နလုံးထိသွားခြင်းဖြစ်မည်။ သိပ်ဝေးဝေး ပြေးနိုင်မည်မထင်။ မုဆိုးနှစ်ဦး ဒဏ်ရာရထားသည့် သားကောင်နောက်သို့ တောက်လျှောက်လိုက်သွားခဲ့ကြ၏။ နေအတော်စောင်းတော့မှပင် ကောင်ကြောအခြေတစ်နေရာမှာ လဲနေသည့် ပြောင်ပေါက်ကို တွေ့ရသည်။ နလုံးကို ကျည်ဆန်ကဖောက်ထွင်းသွားခဲ့သည့်တိုင် တလောထိုးပြေးသွားနိုင်ခဲ့သည်မှာ အံ့သြစရာဖြစ်သည်။ သူတို့ရောက်တော့ တဖူးဖူးနှာမှုတ်လျက်ပင် ရှိသေး၏။ ဒဏ်ရာကပြင်းလွန်း၍ တစ်ကြောင်း၊ သွေးတွေ တော်တော်များများ ထွက်ခဲ့ပြီးဖြစ်၍တစ်ကြောင်း ပြောင်ပေါက်သည် ဆက်လက်မပြေးနိုင်တော့ဘဲ လဲသွားခဲ့ခြင်းဖြစ်သည်။ နားနောက်သို့ တစ်ချက်ထပ်ပစ်လိုက်တော့ ငြိမ်သွားသည်။ အချိန်လင့်နေပါပြီ။ စခန်းသို့ ပြန်အကြောင်းကြားပြီး ဆင်ခေါ်လာဖို့ကလည်း ခရီးက လှမ်းလေသည်။ ပြောင်လိုသားကောင်မျိုးက အသားပုပ်လွယ်သည်။ ပြီးတော့ အချိန်ပေါင် တစ်ထောင့်ငါးရာအထက် အလေးချိန်ကြီးသော အကောင်မျိုးဖြစ်သဖြင့် ယခုလဲ၍သေနေသော အချိန်မှာပင် ချက်ချင်းဖျက်မယူက ပိနေသောဘက်က အသားများပုပ်သွားနိုင်သည်။ သို့နှင့် စိန်မောင်နှင့် ညီညီက ပြောင်သေကို ချက်ချင်းဖျက်၍ ကျပ်စင်ပါဆောက်ပြီး ကျပ်တိုက်ကြရခြင်းဖြစ်၏။ ပြောင်ကို ဖျက်ရခြင်း၊ ဝါးခုတ်၍ ကျပ်စင်ဆောက်ရခြင်း၊ ထင်းရှာရခြင်း၊ ညစာအတွက် ဟင်းချက်ရခြင်း ပြီးတော့ ညရှေ့သွားဘာ အသားစိမ်းအသားစိုရှိနေခြင်းဖြစ်၍ လုံခြုံမှုရှိအောင် လင့်စင်လုပ်ရခြင်းများကြောင့် အချိန်များစွာ ကုန်သွား၏။

အသားများအားလုံး ကျပ်စင်ပေါ်သို့ ရောက်သွားပြီး ညစာလည်း စားပြီးသွား၍ စိန်မောင်နှင့်ညီညီတို့နှစ်ဦးသား လင့်ပေါ်သို့ တက်ခဲ့ကြ၏။ လင့်မှာ နှစ်ယောက်ထိုင်သာရုံသာ ဖြစ်သည်။ အမြစ်ဆောက်ထားခြင်းလည်း ဖြစ်၏။ ကျပ်စင်အောက်မှာ ထင်းမီးများ တောက်လောင်နေသည်။ အသားစိုများက မီးအပူရှိန်ကြောင့် အဆီများထွက်လျက် အောက်သို့ အဆီများ တစက်စက် ကျနေသည်။ မီးတောက်က ဆီစက်ကြောင့် ဖြိုးခနဲ ဖျတ်ခနဲ တဖျစ်ဖျစ်မြည်၍ ထတောက်သည်။ သန်းခေါင်ကျော်မှာ ထွက်ပေါ်လာသော လရောင်ဖြင့် ဝန်းကျင်ကို မှုန်ဝါးဝါး မြင်ရသည်။ ဒီးကွက်တစ်ကောင်နှင့် တောလုံငှက်တစ်ကောင်၏ အသံမှလွဲ၍ ပကတိငြိမ်သက်နေ၏။ ပြောင်ပေါက်ကို လတ်လတ်ဆတ်ဆတ် ဖျက်ထားခြင်းဖြစ်၍ ညီစို့စို့ရနံ့က အနီးတစ်ဝိုက်မှာ မွှန်နေသည်။ သည်အနံ့ကြောင့် ဟင်းမျိုးသားကောင်ကြီးများ ရောက်လာနိုင်သည်ဖြစ်၍ စိန်မောင်ရော ညီညီပါ သတိမလစ်စေဘဲ ဝန်းကျင်ကို မပြတ်လေ့လာရှုစမ်းနေရ၏။ ညရှည်လာလေလေ အအေးဓာတ်ကလည်း ပြင်းလာလေလေ ဖြစ်သည်။ ကျပ်စင်အောက်မှာ ထင်းမီးများ တောက်လောင်နေသော်လည်း မီးအပူငွေ့က သူတို့ရှိရာ လင့်ပေါ်အထိ မရောက်နိုင်။ ချမ်းအေးလွန်းလှသဖြင့် တစ်ဦးနှင့်တစ်ဦး ပူးကပ်ရင်း ကွေးနေကြရ၏။

သည်အခိုက် လေတွေက တဝုန်းဝုန်းတိုက်လာသံ ကြားရသည်။ အစပိုင်းမှာ မကြမ်းလှသော်လည်း တစ်စထက်တစ်စ လေက တန်လာသည်။ ဝိုးခနဲ ဝေါခနဲ လေသံတန်နေသည်။ လေတိုက်ကြမ်းသဖြင့် သစ်ကိုင်းသစ်ခက်များ တဝုန်းဝုန်းရိုက်ခတ်နေသည်။ ဖြောင်းခနဲ ဒိုင်းခနဲ သစ်ကိုင်းများ ကျိုးကျလာသည်။ သည်နောက် တစ်တောလုံး အုန်းအုန်း

ကျွက်ကျွက် ဆူညံလာသည်။ တောတွ[...] သားငှက်တိရစ္ဆာန်များ တောင်ပံခတ်[...] ပျံသန်းလာသည့်အသံများ ကြားရသည်[...] တောင်ပံတစ်ဖျတ်ဖျတ် ခတ်နေသံမျ[...] ညံနေသည်။

ဆက်လက်၍ သားကောင်ကြီးမျ[...] ၏ ဝူးခနဲ ဝူးခနဲ မာန်သွင်းသံ၊ တဖူး[...] နှာမှုတ်သံများ ကြားရသည်။ ဝိုးတဝ[...] အလင်းရောင်အောက်တွင် သားကော[...] ယေကလေးများ တောကို တရကြမ်း[...] ၍ ပြေးလာကြသည်။ ယုန်ယေကသေ[...] များ၊ ဖြူကောင်များ၊ မြွေပါနှင့် တော[...] ကြောင်များဖြစ်သည်။ သည့်နောက် ဆ[...] (ကျီ)၊ ဒရယ်နှင့် သမင်များ ယင်းနော[...] ဆတ်၊ စိုင်နှင့် ပြောင်များ သူတို့ရှိရာ က[...] စင်ရှေ့မှာ သားကောင်ကြီးငယ်များ ဝေ[...] ခနဲ ဝေါခနဲ ဖြတ်သန်းပြေးလွှားကြသ[...] တောအားလုံး မိုးပြိုသည့်အလား သိ[...] သိမ့်တုန်အောင် ဆူညံလျက်ရှိသည်။ မ[...] ကြည်နိုင်ဖွယ်ရာ ချောက်ချားစရာ မြ[...] ကွင်းကိုကြည့်ကာ စိန်မောင်နှင့် ညီညီ[...] နှစ်ဦးစလုံး မလှုပ်နိုင်မရှားနိုင်ဘဲ ကြော[...] လန့်တုန်လှုပ်လျက်ရှိသည်။ စွဲကိုင်ထာ[...] သောသေနတ်များကို ကျစ်ကျစ်ပါအောင[...] ဆုပ်ကိုင်ထားသည့်တိုင် ကြောက်ရွံ့ထိ[...] လန့်ခြင်းက ပြေပျောက်မသွား။ ဆံပင်မ[...] ညွှင်းများထောင်၊ ကြက်သီးများ တဖြ[...] ဖြင်းထလျက် ဒူးအစုံက ဆတ်ဆတ်တု[...] နေသည်။ လင့်စင်ထက်မှ ပြုတ်ကျမသွ[...] အောင် တစ်ယောက်နှင့်တစ်ယောက် [...] ကပ်တွယ်ကာ လှုပ်ပင်မလှုပ်ဝံ့ဘဲ ငြိမ်[...] သက်သက်ထိုင်နေကြသည်။ သူတို့မျက်[...] ရှေ့မှာ တဝုန်းဝုန်းပြေးလွှား သွားနေ[...] သည့် သားကောင်များကား ကုန်ပဲမကု[...] နိုင်ရှေ့သလား ထင်မှတ်ရသည်။ မြေ[...] မှာ သားကောင်များ၏စုန်ဆိုင်း၍ ပြေ[...] လွှားနေကြသည့် ခြေသံများ အုန်းအု[...] ထနေသည်။ ကျပ်စင်ပေါ်မှ အသာ[...]



www.burmeseclassic.com

www.burmeseclassic.com

...ာ ဆီတစ်စက်တစ်စက် ယိုလျက်ရှိ ...မ်းတောက်လောင်နေသော ထင်းစရဲရဲ ...ပေါ်သို့ ဆီစက်များ ကျသွားသဖြင့် ...တောက်များ ထတောက်လျက်ရှိသည်။ ...ဖြည်းဖြည်း လင်းလာသော လရောင် ...ကြောင့်တစ်ကြောင်း၊ ကျပ်စင်အောက်မှ ...ရောင်ကြောင့်တစ်ကြောင်း ပတ်ဝန်း ...ကျင်ကို ထင်ထင်ရှားရှား မြင်လာရ၏။

မကြာပါချေ။ သမင်၊ ဒရယ်၊ ဂျီ၊ ...ချေငယ်၊ စိုင်နှင့် ဆတ်အပြင် ပြောင်တစ် ...အုပ်ပါ ကဆုန်စိုင်း၍ သူတို့ရှေ့မှာ ပြေး ...လွှားဖြတ်သန်းသွားခဲ့ပြီးနောက် အသံဗလံ ...များ ငြိမ်သက်သွားသည်။ တောအပြင် ...ရှိ သစ်ပင်သစ်ကိုင်းများ လေပြင်းသံ ...ကြောင့် တဖြောင်းဖြောင်း ကျိုးကျနေခြင်း ...သည်း မရှိတော့။ ထိန်ထိန်လင်းနေသော ...လရောင်အောက်တွင် သူ့ရှေ့မှ သစ်ဆင် ...ကြီးတစ်ကောင် ဖြည်းဖြည်းချင်း လှမ်း၍ ...ဖြတ်သွားနေသည်ကို မြင်ရသည်။ တော ...ဆင်ကြီးသည် မုဆိုးနှစ်ဦးကို သတိမပြု ...မိသည့်အလား ငုံ့စောင်း၍မျှ မကြည့်ဘဲ ...ရှေ့မှ တောတိရစ္ဆာန်များ ပြေးလွှားသွား ...သောလမ်းအတိုင်း တရွေ့ရွေ့ လျှောက် ...သွားသည်။ ဆက်လက်၍ တောဘုရင် ...ဆို ဟင်းမျိုးကြီးတစ်ကောင် သစ်ပင်များ ...ကြားမှ ထွက်လာသည်။ ဟင်းမျိုးကျား ...ကြီးကား ကြီးမားလှသည်။ လရောင် ...အောက်တွင် ကျား၏ ခန္ဓာကိုယ်ပေါ်မှ ...အဝါခံအနက်စင်းများ ဖိတ်ဖိတ်လက်မျှ ...တောက်ပြောင်နေသည်။ တင်းတောင်း ...တစ်ခုမက ကြီးမားလှသော ဦးခေါင်းကြီး ...ကို ဘယ်ညာငဲ့၍ ကြည့်ရှုလျက် ခါးသိမ် ...ကြီးကို နွဲ့ကာနွဲ့ကာ လျှောက်သွားသည်။ ...တိုးတောင်မက ကြီးမားလှသည့် ကျား ...ကြီးကိုမြင်နေရသည့် မုဆိုးနှစ်ဦး ကြောက် ...လွန်း၍ အကြောတွေ ဆိုင်းသွားသည့် ...နှယ် မလှုပ်နိုင် မရှားနိုင် ဖြစ်သွားသည်။ ...နားသင်နားရင်းတွေ ထူပူလျက်ရှိပြီး နှလုံးက တဒိုင်းဒိုင်း ခုန်နေစေကာမူ ကျားကြီး သတိပြုမိသွားမည်စိုး၍ အသက်ကိုပင် ရဲရဲမရှူရဲဘဲ နှစ်ဦးစလုံး ငြိမ်နေကြရသည်။ ကျားသည် ''ဟင်း''ခနဲ တစ်ချက် မာန်သွင်းလျက် ဝမ်းခေါင်းသံကြီးဖြင့် မြေတုန်ခမန်း ဟိန်းလိုက်၏။ မိုးကြိုးထစ်ချုန်းလိုက်သည့်အလား ကြောက်မက်ဖွယ်ရာ ကျယ်လောင်လှသည့် ဟိန်းသံသည် ပဲ့တင်သံကြောင့် တဝုန်းဝုန်း မြည်ဟိန်းသွားသည်။

သည့်နောက် စိန်မောင်ရော ညီညီပါ တစ်သက်လုံးမမေ့နိုင်စရာ အကြောက်တရားက အထွတ်အထိပ်သို့ ရောက်သွားရသည်။ ခန္ဓာကိုယ်တစ်ခုလုံး ထိန်းချုပ်၍ မရနိုင်အောင် တုန်ရီလျက် သွားများ တဂတ်ဂတ်မြည်အောင် ရိုက်ခတ်နေသည်။ မုဆိုးနှစ်ဦး သားကောင်ကြီးများရန်ကို ကြောက်ရွံ့သဖြင့် ကျပ်စင်နှင့် ကပ်လျက်ရှိသည့် ဖင်ပြွန်းပင်ထက်မှာ လင့်ထိုး၍ တက်နေခဲ့ကြသည်။ လင့်မှာ မြေပြင်မှအထက် ပေအစိတ်ခန့်အမြင့်တွင် ရှိနေသည်။ ထိန်ထိန်သာနေသည့် လရောင်ဖွေးဖွေးအောက်မှာ မုဆိုးနှစ်ဦး မြင်တွေ့လိုက်ရသည်ကား၊ သူတို့နှစ်ဦး ထိုင်နေသည့် လင့်ထက်မှ မော့၍ကြည့်ရလောက်အောင် တန်းပင်တစ်ဖျားသာသာခန့် မြင့်မားလှသော အရပ်အမောင်းနှင့် လူကြီးတစ်ယောက်ဖြစ်၏။ သျှောင်ကို တစောင်းထုံးထားပြီး ကိုယ်ခန္ဓာ အပေါ်ပိုင်းမှာ အကျီမပါ ဗလာဖြစ်သည်။ ပုဆိုးကို ခါးတောင်းကျိုက်လျက် တောဘုရင်ဟင်းမျိုးကျားကြီးနောက်မှ တစ်လှမ်းချင်း လျှောက်လာလျက်ရှိသည်။ ခါးတောင်းကျိုက်ထားသဖြင့် အဝတ်လပ်နေသော ပေါင်နှစ်ဘက်တွင် ဒူးဆစ်အထိ ထိုးကွင်းမင်ကြောင်ထိုးထားသည့် နက်ပြောင်ညိုမှောင်သော လူကြီး၏တစ်ကိုယ်လုံး လရောင်တွင် ဆီစိမ်ထားသည့်အလား တောက်ပြောင်နေသည်။

ထိုလူကြီးသည် တောတွင်းတိရစ္ဆာန်များ ပြေးလွှားသွားရာလမ်းအတိုင်း တစ်လှမ်းချင်းသွားနေရာမှ မုဆိုးနှစ်ဦးရှိရာ လင့်စင်ဘက်သို့ မျက်နှာကိုလှည့်၍ တွေခနဲ တစ်ချက်ကြည့်လိုက်သည်။ စိန်မောင်ရော ညီညီပါ ရင်တွင်းမှ နှလုံးက လည်မျိုသို့ ပြေးတက် ဆောင့်ကပ်သွား၏။ လည်ချောင်းတစ်ခုလုံး ခြောက်သွေ့၍ နားနှစ်ဘက်စလုံး လေတဝူးဝူးထွက်အောင် အူနေသည်။ ကြောက်လိုက်သည်မှာ ပြောဖွယ်ရာမရှိ။ ထန်းပင်တစ်ပင်မက မြင့်မားသော ထိုလူကြီးက မုဆိုးနှစ်ဦးကို ကြည့်ရာမှ မျက်နှာကို ပြန်လှည့်လျက် တစ်လှမ်းချင်း ဆက်လက်လျှောက်သွားသည်။ သည့်နောက် တဖြည်းဖြည်း တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။ သူတို့မြင်တွေ့လိုက်ရသည့် မြင်ကွင်းမှာ အမှန်တကယ် မြင်တွေ့လိုက်ရခြင်းလား၊ စိတ်ချောက်ချား၍ ထင်ရာမြင်ရာ တွေ့ကြရခြင်းလား။ တစ်နေကုန်ပြောင်အုပ်နောက်လိုက်ခဲ့ရပြီး ပင်ပန်းလွန်း၍ အိပ်ပျော်သွားကာ အိပ်မက်မက်ခဲ့ခြင်းလား ဝေခွဲမရနိုင်။ သို့ရာတွင် စိန်မောင်ရော ညီညီပါ သူတို့နှစ်ဦး တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်ကို အမှန်ကန်ဖြစ်ပါသည်ဟု ခိုင်ခိုင်မာမာ ပြောကြားခဲ့ကြ၏။ သူတို့နှစ်ဦးစလုံး မျက်စိနှင့် တပ်အပ်မြင်တွေ့ခဲ့ကြရသော လူကြီးသည် နမြစ် နဂါးချောင်းဖျားဒေသကို ပိုင်စားသည့် ကွင်းပိုင်ကြီးဖြစ်လေမလား။ တောခြောက်သဖြင့် ထင်ယောင်မြင်ယောင် ဖြစ်ခဲ့လေသလား။ အဖြေမရှိသော ပဟေဠိများ ကျွန်တော်တို့ရင်ထဲမှာ ကိုယ်စီဖြင့် ဝေခွဲမရ သံသယများ ပွားများလျက် ရှိနေဆဲပင်။

**ခင်မောင်အေး(မန္တလေး)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကျောက်မြင်းရှင် ဘာဘာ

တာတေကြီး

(၁)

မျက်စိလည်လမ်းမှားပြီး တောအုပ်ကြီးအလယ်တွင် မည်သည့်အရပ်သို့ ဆက်လျှောက်ရမှန်းမသိ၊ အတုလာသည့် အဖော်များနှင့်လည်းဝေး၊ အဖော်လည်းပြတ် နေလည်းငတ်နေသည့် ကျွန်ုပ်၏ ဒေါသ၊ သောက၊ အပူမီး မည်မျှတောက်လောင်ကြီးမားမည်ကို ခန့်မှန်းကြည့်၍ပင် ရနိုင်မည် မထင်ပါ။ ကိုယ်တွေ့ကြုံမှ ခံစားနားလည်ပေးနိုင်မည် ထင်ပါသည်။

မြင်မြင်ရာ အေးပတ်ပတ်လည်တွင် သစ်ပင်ကြီးများ အုပ်ဆိုင်း၊ ခြုံနွယ်များ ပိတ်ဖုံးကာ မည်သည့်အရပ်ကိုမှ ရမ်းရော် မှန်းမျှော်ကြည့်၍ မရပါ။ သစ်ရွက်ခြောက်များကိုနင်းပြီး တစ်ကိုယ်တည်းအားငယ်စွာ လျှောက်လှမ်းနေမိပါသည်။ အချိန်ကား အလင်းကွယ်ပျောက် အမှောင်ရောက်တော့မည့်အချိန်။



www.burmeseclassic.com

www.burmeseclassic.com

ခပ်လှမ်းလှမ်းတစ်နေရာတွင် ခြံပုတ်များလှုပ်သွားသည်ကို ဖျတ်ခနဲတွေ့လိုက်ရသည့် ခဏတာတွင်း အတွေ့အကြုံအထိုက်အလျောက်ရှိသည့် ကျွန်ုပ်၏ မှုဆိုးမျက်လုံးသည် သားကောင်ကို ရှာမိသည်။ တစ်ဆက်တည်းမှာပင် လက်ထဲရှိ နှစ်လုံးပြူးပြောင်းရှည် အမဲလိုက်သေနတ်ကိုလည်း မောင်းတင်ပြီး အသင့်ပြင်လိုက်သည်။

သေချာစွာ စောင့်ကြည့်နေရာ မြင်ကွင်းထဲ ထွက်ပေါ်လာသည်က ဧရာမ ကျားကြီးတစ်ကောင် ဖြစ်နေသည်။ ကျွန်ုပ်က သေနတ်ခလုတ်ကို ဆွဲညှစ်လိုက်ရာ မည်သို့ဖြစ်သည်မသိ။ ကျည်က မထွက်ပေ။ နောက်တစ်ကြိမ် ကြိုးစားသည်။ ကျည်ကား မထွက်သေး။ ကျားကြီးကလည်း ကျွန်ုပ်အား တွေ့သွားရာ ကျွန်ုပ်ထံသို့ ဦးတည်၍ လာနေပြီဖြစ်သည်။ ကျွန်ုပ်သေနတ်ကျည် မထွက်နိုင်တော့ပြီကို ရိပ်မိရကား နောက်သို့ဆုတ်ပြေးကာ အနီးရှိ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ကုတ်ဖွဲတက်ပြေးပြီး သစ်ပင်ခွဆုံ ရောက်မှ ထိုင်ချလိုက်သည်။

အောက်သို့ ငုံ့ကြည့်တော့ ကျားကြီးသည် ပါးစပ်ဖြဲမာန်ဖီကာ ကျွန်ုပ်အား အသင့်စောင့်ကြိုနေသည်ကို တွေ့ရသည်။ ဘုရား ဘုရား အသက်ဘေးနှင့် လွှန်စွာနီးကပ်နေပါပေါ့လား။

သစ်ခေါင်းတစ်ခုကို ကျွန်ုပ်ထိုင်နေသည့် ခွဆုံအနီးတွင် တွေ့ရလေရာ ကျွန်ုပ်၏ မျက်လုံးက ထိုသစ်ခေါင်းဆီသို့ ရောက်သွားသည်။ ဟင် အထဲမှာ ခွေပြီးနေသော မြွေကြီးတစ်ကောင်ပါလား။

ကျွန်ုပ်၏ မျက်နှာသည် ဆီး(ဖီး)ကင်းခန့် ငယ်သွားသည်။ ချွေးသီးချွေးပေါက်များ လည်းကျလာသည်။

"အရှေ့မှာ ဘုရား၊ အနောက်မှာ တရား၊ တောင်မှာ ပစ္စေက၊ မြောက်မှာ ရဟန္တာတပည့်တော်ကို အလယ်မှာထား ကယ်တော်မူပါဘုရား ကယ်တော်မူပါဘုရား၊ ကယ်တော်မူပါဘုရား"

ပါးစပ်မှ တိုးတိတ်ညင်သာစွာ ရွတ်ဆိုစဉ် မျက်စိကိုလည်း မှိတ်ထားမိသည်။ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို အောက်မေ့နေမိသည်။

"ဟေ့ သစ်ပင်ပေါ်က သားငယ်၊ အောက်ကို ဆင်းခဲ့လာ"

သစ်ပင်အောက်မှ အသံကို ကြားရသဖြင့် ကြည့်လိုက်ရာ ဝတ်ဖြူစင်ကြယ် ဝတ်ထားသည့် သျှောင်ထုံးနှင့် အဘိုးကြီး တစ်ဦးကို တွေ့ရသည်။ ကျားကြီးကို သူက ခေါင်းကိုင်ပြီး ပွတ်ပေးနေလေ၏။

ကျွန်ုပ်သည် လွန်စွာအံ့ဩသွားမိသည်။ ရတနာသုံးပါးဂုဏ်ကျေးဇူးက ကျွန်ုပ်သေဘေးမှ လွတ်ပြီထင်သည်။

ကျွန်ုပ်က သစ်ခေါင်းကို အသာကြည့်နေမိသည်။

"ဆင်းသာဆင်းခဲ့ပါကွယ်၊ သစ်ခေါင်းထဲက မြွေက သူ့ဟာသူနေတာ မင်းကို ရန်ရှာမှာ မဟုတ်ပါဘူး"

ထိုအဘသည် ကျွန်ုပ်၏ လှုပ်ရှားမှုအား မည်သို့မြင်သည်မသိ၊ အောက်မှနေ၍ လှမ်းပြောသည်။ ကျွန်ုပ်လည်း ထိုအခါမှ သစ်ပင်ပေါ်က ရဲတင်းစွာ ဆင်းလာမိသည်။

ကျွန်ုပ်မြေပြင်သို့ ရောက်သောအခါ အဘိုးအိုသည် ရှေ့မှထွက်ပြီး ကျားကြီးက သူ၏ရှေ့မှ လျှောက်သွားကာ ကျွန်ုပ်က သူတို့နောက်သို့ လိုက်သွားရ၏။ သည်လိုနှင့် တောင်ပေါ်ရှိ ခြုံနွယ်ဖုံးနေသော ဂူဟောင်းကြီးတစ်ခုသို့ ရောက်ရှိသွားခဲ့သည်။

"ကဲ သားငယ် ဘယ်လိုဖြစ်လာတယ်ဆိုတာ ဘဘကို ပြောပြပါလား"

"ဟုတ်ကဲ့ ပြောပြပါ့မယ် ဒီလိုပါ ဘဘ"

***

(၂)

ကျွန်ုပ်သည် ဖြူးမြို့ အုတ်ဖြတ်လမ်းမှ ဆန်စက်ပိုင်ရှင်သူဌေး ဦးရွှေမောင်၏ သားကျော်အောင်ဖြစ်သည်။ ဖခင်၏ ဆန်စက်လုပ်ငန်းကို ကူညီလုပ်ဆောင်ပေးရင်း တစ်ခါတစ်ရံ အမဲလိုက်လေ့ရှိသည်။

ကျွန်ုပ်၏ ဖခင်သည် ကျွန်ုပ်အား ဆီစက်ပိုင်ရှင် ဦးဟန်စော၏ သမီးခင်ခင်အုနှင့် လူကြီးချင်း သဘောတူလက်ထပ်ပေးခဲ့သည်။ အိမ်ထောင်သက် အတန်ကြာချိန်တွင် ကျွန်ုပ်၏ ဆန်စက်၌ အလုပ်လုပ်သော သူငယ်ချင်း လှသန်း၏အိမ်သို့ အလည်လိုက်သွားမိသည်။ ထိုအိမ်သို့ ရောက်မှ လှသန်းမိန်းမ ထားကို ပထမဆုံး တွေ့ဖူးသည်။

ထားသည် ချော၏။ လှ၏။ ညို့ယူဆွဲဆောင်အားရှိ၏။ ရှင်းရှင်းပြောရလျှင် လှသန်းနှင့် မတန်ဟုပင် ဆိုရပေမည်။ ကျွန်ုပ်သည် မှန်ရာကို ဝန်ခံရလျှင် ဇနီးသည် ခင်ခင်အုကို မေ့ပြီး အိမ်ထောင်သည် ထားကို သဘောကျမိသည်။ တစ်ဖက်ကလည်း သူငယ်ချင်းမို့ မကြံကောင်း မစည်ရာကို မတွေးသင့်ဟု ဆုံးမနေရသည်။ စားစားသွားသွား အိပ်အိပ် မျက်စိထဲတွင် မြင်နေသည်က ထား။

သည်လိုနှင့် အမဲလိုက်ထွက်ဖို့ဖြစ်လာသည်။ လှသန်းနှင့် ကျွန်ုပ်တပည့် ဖိုးထောင်ခေါ်ကာ အမဲလိုက်ဖို့ အနောက်ရိုးမဘက် ထွက်ခဲ့ကြသည်။ ရိုးမထဲ ဝင်တိုးဖို့ တောင်ခြေရှိ တဲအိမ်စု လေးဆယ်စုခန့်သို့ရောက်သော် ထိုအစုတွင်နေသည့် ဦးကြာမြိုင်ကို ဝင်ခေါ်ဖြစ်သည်။ ဦးကြာမြိုင်က တောကျွမ်းသဖြင့် လမ်းပြအဖြစ် ရော အခြားအထောက်အကူများစွာပါရသည်။

"ဆရာလေးက သွားနေကြဘက် မဟုတ်ဘဲ ဟိုးဘက်တောအုပ်ထဲရွှေ့ချင်နေတာလား၊ အဲဒီဘက်က သူတို့



www.burmeseclassic.com

www.burmeseclassic.com

ကောင်းဘူး၊ တချို့လူတွေက ပြောတယ် တော်ကြီးတယ်တဲ့ ကျောက်မြင်းရှင်ဘဘဆိုတာရှိတယ် တောထဲ သားကောင်သတ်တာ မကြိုက်သလို ငါးပါးသီလလုံတဲ့သူ တောတောင်ကို ဖျက်ဆီးနှောင့်ယှက်မယ့်လူဆို အရှင်မထားဘူးတဲ့"

"မဖြစ်နိုင်တာတွေ ဦးကြာမြိုင် ခင်ဗျားကိုယ်တိုင်တွေ့ဖူးတယ်ဆိုရင် ပြော ကျွန်တော် ယုံလိုက်မယ်၊ သူပြော ငါပြော ပြောနေတာကိုတော့ ကျွန်တော့်ကို လာမပြောနဲ့ မယုံဘူး"

"ကျွန်တော်ကိုယ်တိုင်တော့ မမြင်ဘူးပေါ့၊ ဆရာလေး အဲဒီဘက်လည်း ကျွန်တော်က မရောက်တာကြာပြီ"

"ကျွန်တော်ကတော့ မသွားလို့ကို မဖြစ်ဘူး၊ အကြောင်းရှိတယ် သွားမယ် ခင်ဗျားလိုက်မလား မလိုက်ဘူးလားဘဲပြော"

ကျွန်ုပ်သည် ထိုစကားကိုပြောနေစဉ်အတွင်း သူမယားလိုချင် သူ့လင် လုံ့နှင့်ထိုးဆိုသည့်စကားကို သတိရနေမိသည်။ ကျွန်ုပ်၏အကြည့်က သူငယ်ချင်း လှသန်းဘက် ရောက်သွားသည်။ လှသန်းက ဘုမသိ ဘမသိ ခေါင်းညိတ်ပြသည်။ ကျွန်ုပ် ပိုပြီးသဘောကျသွား၏။

"ခက်တယ်ဆရာလေး တလောလေးကတင် ဟိုဘက်ရွာက ကောင်တစ်ကောင် အဲဒီတောဘက် အမဲသွားလိုက်တာ ကျ[illegible]ကိုက်လွှတ်လို့ သေပါရောလားဗျာ၊ ဒါပေမဲ့ ဆရာလေးမိဘတွေ ကျေးဇူး ကျွန်တော့်အပေါ်ရှိထားတော့ ဆရာလေး သွားချင်တယ်ဆိုရင် ကျွန်တော် လိုက်ပို့ပါ့မယ်"

သည်လိုနှင့် မြသိန်းတန်စေတီ၏ အနောက်ဘက် တောင်စွယ်နက်ထဲသို့ ကျွန်ုပ်တို့လူစုဝင်ခဲ့ကြသည်။ ဝါသနာအရ အမဲပစ်ဖို့က ပထမဦးစားပေးမို့ အမဲအရင်ရှာစဉ် တောဝက်ကလေးတစ်ကောင်တွေ့ရာက ကျွန်ုပ်သည် လိုက်ရင်းက တောနက်ထဲ ရောက်ခဲ့ခြင်း ဖြစ်သည်။ လူစုကွဲသွားခဲ့ကြခြင်းလည်း ဖြစ်သည်။

ယခုလောက်ဆို ကျန်ခဲ့သူများသည် ကျွန်ုပ်အား ခေါင်းတောက်အောင်ရှာနေလေတော့မည်။

***

(၃)

"သားငယ်က ဘဘကို မှန်တဲ့အတိုင်း ပြောသားပဲ"

"ဗျာ"

"ဘဘက သားငယ်ရဲ့ စိတ်ကို စမ်းသပ်ချင်လို့မေးတာကွဲ့၊ ဘဘက အားလုံးကို သိတယ်။ သားငယ်ရဲ့ ဒီတောထဲဝင်လာတဲ့ ရည်ရွယ်ချက်က အမဲပစ်ဖို့ရယ်၊ သူငယ်ချင်းကို ရှင်းပစ်ဖို့ရယ်မဟုတ်လား။ အဲဒီလောက်သိတယ်ဆို သားငယ် သဘောပေါက်ပါ"

"ဘဘ ဒီအကြောင်းကို သိတယ်"

"မကြံကောင်း မကြံစည်သင့်တာ မကြံပါနဲ့သား၊ သားကို ရန်မူတဲ့ ကျားတွေ့လား အဲဒီကျားက အရင်ဘဝက သူများမယားကို ပစ်မှားကျူးလွန်ခဲ့ပြီး လင်ကြီးက သိသွားတော့ လင်ကြီးကိုပါ သတ်ပစ်ခဲ့တယ်၊ သူလည်း ရာဇဝတ် သင့်ခဲ့သလို အခုဘဝမှာတော့ ကျားဆိုတဲ့ အဟိတ်တိရစ္ဆာန် လာဖြစ်တယ်။ ဒါပေမဲ့ ဘဘလို သူတော်ကောင်းနဲ့ တွေ့တော့ ယဉ်ပါးတဲ့ ကျားဖြစ်လာပြီကွယ့်၊ မိန်းမတစ်ယောက်ထက် ပိုယူတာ ပြဿနာ မရှိပေမယ့် ကာမပိုင်ရှိတဲ့သူကိုတော့ စည်းစောင့်ပါ သားငယ်"

"ကျွန်တော် မှားပါတယ် ဘဘ၊ ကျွန်တော့်အမှားတွေ ပြင်ပါတော့မယ်"

"အေး သာဓုကွယ် သာဓု သာဓု"

ဘဘသည် ကျွန်ုပ်အား ငှက်ပျောသီးများကို ကျွေး၏။ ပြီးနောက် ပြာကဲ့သို့သော အမှုံလေးများကို လျက်ဆားသဖွယ် လျှာနှင့် ရက်စေ၏။

"အဲဒါ အဟာရဖြစ်စေတဲ့ ပြာပဲ သားငယ်၊ မင်း ထမင်းစားမိသလို ဗိုက်ပြည့်သွားလိမ့်မယ်"

ဘဘပြောသည်မှာ အမှန်ပင် ဖြစ်သည်ကိုတွေ့ရသည်။ ကျွန်ုပ်သည် ဘဘကို စိတ်ဝင်စားကာ ရှိသေလေးစားရသည့် အသက်သခင်ကျေးဇူးရှင်လည်း ဖြစ်သဖြင့် သိလိုသည်များကို ဆက်မေးမိသည်။

"ဘဘ ကျောက်မြင်းရှင်ဘဘဆိုတာ ဘဘပဲလား"

ဘဘသည် ကျွန်ုပ်အားကြည့်ပြီး ပြုံး၏။ သားငယ်ကို ဖခင်တစ်ဦးက ကြည့်သည့် အကြည့်မျိုးဟု ဆိုနိုင်သည်။ ဘဘက ထိုင်ရာမှ ထသွားသောအခါ ကျွန်ုပ်လည်း ထိုနောက်သို့ လိုက်ရသည်။

ဂူပြင် တစ်နေရာတွင် လူတစ်ရပ်သာသာမြင့်သည့် ပေါင်းအိုနေသော ကျောက်မြင်းရုပ်ကြီးကို တွေ့ရသည်။

"ဒါ ဒါဆို ဘဘက ကျောက်မြင်းရှင် ဘဘပေါ့နော်"

ဘဘက ပြုံးပြီး ခေါင်းညိတ်သည်။

"ဘဘအသက်က တစ်ရာကျော်နေပြီ သားငယ်၊ ဘဘက ဒီတောထဲမှာ တရားအားထုတ်နေတဲ့ သူတော်စင်တစ်ဦးပါ သားငယ်၊ ဘဘကို တောထဲ သွားရင်းလာရင်း တွေ့ဖူးတဲ့သူတွေက စကားတွေ ချဲ့ကားပြီး ပြောချင်ပြောလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ရတနာသုံးပါးကို မမေ့မလျော့ရှိပြီး ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင်ကျင့်ရင် ဘုရားလည်းကြိုက်၊ နတ်လည်းကြိုက် ဘဘတို့အားလုံးကြိုက်ကြတယ်ကွယ့်"

"ဘဘ ကျွန်တော် တစ်ခုလောက် မေးပါရစေ၊ အခု ကျွန်တော်နဲ့လာတဲ့ ကျွန်တော့်အဖော်တွေ ဒုက္ခများ ရောက်နေလားဘဘ ကြည့်ပြီး ကယ်ပါဦး"

ဘဘသည် ခေါင်းတညိတ်ညိတ်ဖြင့် မျက်စိစုံမှိတ်ကာ ခဏနေလိုက်ပြီး ပြန်ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com

"သူတို့ ဘာမှမဖြစ်ဘူး သားငယ် သူတို့မှာ ရိက္ခာကလည်း ကျန်သေးတယ် မောင်လှသန်းဆိုတဲ့ သူငယ်လေးကတော့ သားငယ်ကို မတွေ့လို့ အရမ်းစိတ်ပူပြီး သောကရောက်နေတယ်"

ကျွန်ုပ်သည် ထိုစကားကိုကြားပြီး မျက်လွှာချကာ စိတ်မကောင်း ဖြစ်သွားသည်။ သည်မျှ ကိုယ့်အပေါ် ကောင်းသည့် သူငယ်ချင်းကို မှားတော့မလို့"

***

(၄)

"ကဲ သားငယ်ကို ဘဘ ပြန်ပို့မယ်လာ"

ကျွန်ုပ်သည် ကျောက်မြင်းရှင်ဘဘအား ဦးသုံးကြိမ်ချကန်တော့လိုက်သည်။

"သာဓု သာဓု သာဓု သားငယ်က ခုလိုလိမ္မာတော့လည်း ဘဘက မင်းဆီက အလှူခံချင်တာရှိတယ်"

"ဟုတ်ကဲ့ အမိန့်ရှိပါ ဘဘ"

"သားငယ် သေနတ်ကျည်ဆံတွေ ဘဘကို လှူခဲ့နိုင်မလား သေနတ် မပါဘူးနော်"

"ရပါတယ် ဘဘ သား လှူခဲ့ပါ့မယ်"

ကျွန်ုပ်သည် ကျွန်ုပ်တွင် ရှိသမျှကျည်ဆံအားလုံးကို ဘဘရှေ့ရှိ ကျောက်တုံးပေါ်သို့ စုပုံပြီး တင်ထားခဲ့သည်။

"သားငယ် ဘဝရှေ့လျှောက်အများကြီး ပိုပြီးကောင်းစားမှာပါကွယ်"

ဘဘသည် ပီတိဖြစ်ကာ နှမိတ်ဖတ်သည့် စကားပေလား ရှေ့ခရီးကို ကြိုမြင်ပြီး ပြောသည်လားမသိ ပြောလိုက်လေ၏။

ဘဘသည် ကျောက်မြင်းပေါ် လွှားခနဲ ခုန်တက်ပြီး ကျွန်ုပ်အား သူ့နောက်မှ တက်စေသည်။ ဘဘက မြင်းဇက်ကြိုးကို နှင်သည်နှင့် ကျောက်မြင်းကြီး ရွေ့လျား အသက်ဝင်လာသည်ကို အံ့ဩစွာ တွေ့ရှိရသည်။

"ကဲ သားငယ် မျက်လုံးစုံမှိတ်ထား ဖွင့်မထားနဲ့နော်"

"ဟုတ်ကဲ့ ဘဘ"

ခရီးက သိပ်မကြာလိုက်ဟု ထင်ရသည်။ ဘဘ၏ အသံကို ကြားရသည်။

"သားငယ် မျက်လုံးကို မှိတ်ထား၊ မြင်းခွာသံ ပျောက်သွားမှ မျက်စိဖွင့်ရမယ်နော် ကြားလား"

"ဟုတ်ကဲ့"

ဘဘသည် ကျွန်ုပ်အား မြင်းပေါ်မှ ဆင်းစေပြီး မတ်တတ်ရပ်ခိုင်းထားသည်။ မြင်းပေါ်သို့ ဘဘ ပြန်တက်သွားပြီး မြင်းခွာသံ ကြားရပြီးနောက် ကျွန်ုပ်က မျက်စိကို ဖွင့်လိုက်၏။ တောနက်တစ်နေရာသို့ ကျွန်ုပ် ရောက်နေသည်။

တောတိုးရင်းထွက်လာသည့် လှသန်းတို့ သုံးယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရရာ ဝမ်းသာမဆုံးအောင် ဖြစ်သွားသည်။

"သူငယ်ချင်း ကျော်အောင်"

"လှသန်း"

လှသန်းသည် ကျွန်ုပ်ထံသို့ ပြေးလာပြီး ဝမ်းပမ်းတသာ ဖက်လိုက်သည်။ ကျွန်ုပ်လည်း တုံ့ပြန်ပြီး ဖက်ထားမိ၏။

"စိတ်ပူလိုက်တာ သူငယ်ချင်းရာ မင်းသေသွားလား ပျောက်သွားတာလား ပြန်တွေ့ပါ့မလားဆိုပြီး ငါခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတာကွ"

"ဟုတ်တယ် ဆရာလေး ကိုလှသန်းက ဘုရားကန်တော့ နတ်ကွေ့ကို တိုင်တည်နဲ့ ဆရာလေး ကောင်းကောင်းမွန်မွန် ပြန်တွေ့ရဖို့ ဆုတောင်းနေတာ"

"အေးကွာ ငါ မျက်စိလည်ပြီး ဒုက္ခရောက်သွားလို့ဆိုပါတော့"

"ကျွန်တော်က ဆရာလေး ကျောက်မြင်းရှင်နဲ့ တွေ့သွားပြီထင်တာ ကျွန်တော် ဆရာလေးကို ဒီတောထဲ မသွားပါနဲ့ ပြောသားပဲ ခုတော့ တော်ပါသေးရဲ့"

ကျွန်ုပ်သည် ကျောက်မြင်းရှင်ဘဘနှင့် အမှန်တကယ် တွေ့ခဲ့ကြောင်းကို ပြောမပြချင်တော့ပေ။ ထိုသို့ပြောပါက အများကြီးဆက်ပြီး ရှင်းပြနေရမပေဦးတော့မည်။

"အေးဗျာ... ဦးကြာမြိုင်စကားနားမထောင်မိတာ ကျွန်တော့်အပြစ်ပါ၊ ရော့ ဦးကြာမြိုင် ဒီသေနတ် ခင်ဗျားပဲ ယူထားလိုက်တော့ ကျည်ဆံတော့ လောလောဆယ် မရှိဘူး၊ မြို့ရောက်မှ ခင်ဗျား ကျွန်တော့် စက်ဖဲဝင်ယူလိုက်ပေါ့"

"ဆရာလေး အမဲမလိုက်တော့ဘူးလား"

"မလိုက်တော့ဘူး အဲဒီသေနတ် ခင်ဗျားကို အပြီးအပိုင်ပေးလိုက်တာ"

ဦးကြာမြိုင်သည် ဝမ်းသာသွားပုံရသည်။ သေနတ်ကို ကိုင်ကြည့်ပြီး ပီတိတွေဖြစ်နေ၏။

"မင်းဆီက ဒီလိုမျိုးစကားကြားရတာ ဝမ်းသာတယ်ကွာ"

လှသန်းက ထိုစကားကို ဝမ်းသာလှိုက်လှဲစွာ ပြောသည်။

"မင်း ဒီထက်ပိုပြီး ဝမ်းသာသွားအောင် ပြောရဦးမယ်၊ ဒီကပြန်တာနဲ့ မင်းကို ငါတို့ စက်ထဲမှာ စာရေးခန့်ထားတာကနေ မန်နေဂျာရာထူးကို ပြောင်းခန့်မယ်၊ ဖိုးလောင်ကိုတော့ မှန့်ဖိုးတစ်ထောင်ပေးမယ်"

"မင်း မင်း တကယ်ပြောတာလား သူငယ်ချင်း"

"တကယ်ပေါ့ကွာ တကယ်ပေါ့"

ကျွန်ုပ်သည် ဝမ်းသာပျော်ရွှင်နေသည့် သူတို့ သုံးဦးကိုကြည့်ပြီး အတူကူးစက်ကာ ပျော်သွားပါသည်။ သူ့ည် အဖြစ်ကို ကျောက်မြင်းရှင်ဘဘ မသိမရှိ၊ သိခဲ့ပါလျှင် ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ပေဦးတော့မည်။

တာတေကြီး



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံရှိ တကောင်းအဘိရာဇာမင်းမှသည် သီပေါမင်းအထိ မင်းဆက်များ၊
ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ဖ•ဆ•ပ•လခေတ်၊ အိမ်စောင့်အစိုးရခေတ်မှသည်
ယနေ့အစိုးရခေတ်အထိတိုင် မြန်မာ့သမိုင်းဖြစ်ရပ်မှန်များကို
ဓာတ်ပုံပေါင်းများစွာဖြင့် မှတ်တမ်းပြုစုထားသည့် စာအုပ်ဖြစ်သည်။

(စာမူခွင့်ပြုချက်အမှတ် - ၃၁၀၂၇၀၀၈၁၂)

# ခေတ်အဆက် သမိုင်းဝင် မြန်မာ့မှတ်တမ်းပုံရိပ်များ

## ဦးသန့်(လာဘ်မိုးစွေ) ပြုစုသည်။

မြန်မာ့သမိုင်းဖြစ်စဉ်များကို လေ့လာဖတ်ရှု မှတ်သားလိုသူများအတွက် ရေးသားထားခြင်းဖြစ်သည်။ အုပ်ချုပ်ရေး စနစ်သစ်များ အုပ်ချုပ်သူ လူတန်းစားတို့၏ အမည်များနှင့် ဖြစ်စဉ်အကြောင်းအရာများကိုလည်းကောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများကိုလည်းကောင်း၊ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များကိုလည်းကောင်း ခေတ်စနစ်တို့အား တစ်ခေတ်ပြီးတစ်ခေတ် ပြုစုထားရှိသည်။

မြန်မာနိုင်ငံ သမိုင်းကို ဓာတ်ပုံများစွာဖြင့် စုစည်းဖော်ပြထားသည့် ဗဟုသုတစာအုပ်ကြီးဖြစ်ပြီး စာကြည့်တိုက်များအတွက်လည်းကောင်း၊ သမိုင်းသုတေသီများအတွက်လည်းကောင်း မဖြစ်မနေ ဝယ်ယူထားသင့်သည့် စာအုပ်လည်း ဖြစ်သည်။

**ထွက်ပြီ**

(တန်ဖိုး - ၁၀၀၀၀ ကျပ်)

**ဖြန့်ချိရေး**

လာဘ်မိုးစွေစာပေ

အမှတ်(၂၁၂)၊ ပ-ထပ်၊ ၃၆-လမ်း(အထက်)၊ ၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၄၃၀၇၅၃၁၁၊ ၀၉-[illegible]၀၉၂၄၇၇။

မန္တလေးမြို့ - ထွန်းဦး စာပေ၊ နဂါး စာပေ

ကျော်ကျော် စာပေ(မော်လမြိုင်)၊ သဇင် စာပေ(ပဲခူး)၊ စောဦး စာပေ(ရန်ကုန်)။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အ ဆို း ဝါ း ဆုံ း

# တိုက်ဆိုင်မှု

■မဟိုဇော

ချူလိုင်လ၏ နံနက်ခင်း၊ မိုးသည် ...စိမ့် ဖွဲခနေ၏။

ကျွန်ုပ်သည် မွေးကင်းစ ဘူတော် ...လေးအတွက် နာမည်ရွေးရင်း ဗေဒင် ...များဖြင့်အလုပ်ရှုပ်လျက်ရှိ၏။ ကျွန်ုပ် ...လေးမှာ အင်္ဂါသား၊ ရာဇဘွားလေး ...ဖြင့် မဟာဘုတ်အလိုအားဖြင့် ပုတိ၊ ... မရဏ ကျနေသော ကြာသပတေး၊ ...ကြာနှင့် တနင်္ဂနွေနံ အက္ခရာများကို ...ရှောင်ရပေမည်။ အဓိပတိ၊ ရာဇ၊ သိုက် ... အတွန်းကျသော နံများကိုသာ ရွေး ...မှည့်ခေါ်ရန် စိတ်ကူးမိသည်။

ဗေဒင်ပညာတွင် နာမည်မှည့်နည်း ...မျိုးတွေ့ရသည့်အနက် ဆန်းဗေဒင် ...ဖြင့် နာမည်ပေးပုံကို ကျွန်ုပ်အနှစ် ...ဆုံးဖြစ်သည်။ ထိုဆန်းနည်းအရ ...ကြည့်ရာ ဗုဒ္ဓဟူးနံ အတွန်းကို တိုင် ...တွင် တွေ့ရသဖြင့် နာမည်၏ နောက် ...လုံးသည် ဗုဒ္ဓဟူးနံ ရ၊ ယ၊ လ၊ ဝ တစ် ...ဖြစ်ရပေမည်။ သို့မှသာ ကျွန်ုပ်၏ တူ ...မောင်အဖို့ ဘဝတစ်သက်တာတွင် ...မြင့်မှုများ တစ်ခုပြီးတစ်ခုရကာ ...ဆုံးတွင် အထွတ်အထိပ်သို့ တက် ...နိုင်ပေလိမ့်မည်။

ကျွန်ုပ်၏အာရုံများသည် ဗေဒင်ကိန်း ...န်းများထဲ၌ နစ်မြုပ်နေစဉ် အိမ်ရှေ့ ...သံလိုလို ကြားမိ၍ လှည့်ကြည့်လိုက် ...ည်။ အိမ်တံခါးဝတွင် ခါးထောက် ...က် ပြုံးပြုံးကြီး ရပ်ကြည့်နေသော ...ပ်၏ဆရာ အငြိမ်းစားထောင်ပိုင်ကြီး ...ဇော်အား တွေ့လိုက်ရ၏။

"ဟဲလို ... ဗဟို"

ဦးအုံးဇော်သည် သူ၏ လေသံအ တိုင်း နှုတ်ဆက်ကာ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်လေသည်။ ကျွန်ုပ်လည်း စာကြည့်စားပွဲမှထ၍ ခရီးဦးကြိုပြုလိုက်ရသည်။

"ဟာ ဆရာ၊ စောစောစီးစီး ဘယ်က လှည့်လာလဲ၊ မတွေ့ရတာတောင် အတော်ကြာပြီနော်"

"ရွာမအလယ် ရပ်ကွက်တင်ပါ၊ ကိုယ့်အမှုသည် တစ်ယောက်ဆီလာရင်း လမ်းကြုံနေတာနဲ့ လှည့်ဝင်လာတာပါ"

ဦးအုံးဇော်သည် ဥပဒေဘွဲ့ရထားသူ ဖြစ်ကာ အငြိမ်းစားယူပြီးမှ ရှေ့နေလိုက်နေသူဖြစ်ပေသည်။

ကျွန်ုပ်သည် ဦးအုံးဇော်ရှေ့ ကုလားထိုင်တွင် ဝင်ထိုင်ရင်း စားပွဲပေါ်၌ အသင့်ရှိနေသော ခေတ်ပူးထဲမှ ရေနွေးတစ်ခွက် ငှဲ့ကာ လှမ်းပေးလိုက်သည်။ ဦးအုံးဇော်သည် ရေနွေးကြမ်းကို တဖြည်းဖြည်းသောက်နေရာမှ သူ၏ မျက်လုံးအကြည့်သည် စာကြည့်စားပွဲပေါ်သို့ ရောက်သွား၏။ ဦးအုံးဇော်သည် မျက်ခုံးနှစ်ဖက်ကို မြှင့်လိုက်ကာ ကျွန်ုပ်အား ပြုံးကြည့်သည်။

"ဟ မောင်ရင်က ဗေဒင်တွေဘာတွေ ဖတ်လို့ပါလား၊ ဘာလဲ ကိုယ်တို့ ထောင်ပိုင်ကြီး ဦးတင်ရှိန်လို ပုရောဟိတ်လုပ်တော့မလို့လား"

"ဟဲ ဟဲ၊ မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော့် တူလေးတစ်ယောက် အတွက် နာမည်ပေးဖို့ တွက်ကြည့်နေတာပါ"

"ဟုတ်လား၊ အေး ဗေဒင်ပညာမှာတော့ ကိုယ်သိသလောက် နာမည်ပေးနည်း လေးငါးမျိုးလောက်တော့ ရှိလိမ့်မယ်။ မောင်ရင်က ဘယ်နည်းနဲ့ ပေးမလို့တုံး"

"ကျွန်တော်တော့ ဆန်းဗေဒင်နည်းကို အကြိုက်ဆုံးပဲ ဆရာ၊ လက်ရှိ ဗေဒင်ဆရာတွေကလဲ ဒီနည်းပဲ အသုံးများနေတယ်လေ"

"အင်းပေါ့လေ မဆိုးပါဘူး။ ကိုယ်ကြိုက်တဲ့နည်းဟာ အကောင်းဆုံးပဲပေါ့ မောင်ရင်၊ အဲ ကြုံတုန်း တစ်ခုတော့ အကြံပြုလိုက်မယ်။ ဘယ်နည်းနဲ့ပဲ ပေးပေး၊ နာမည်အားလုံး ပေါင်းလိုက်ရင် ၄ ဂဏန်းတော့ မရပါစေနဲ့"

"၄ ဂဏန်းက ဘာဖြစ်လို့လဲ ဆရာ"

ဦးအုံးဇော်က ရေနွေးပန်းကန်လုံးကို စားပွဲပေါ်တင်လိုက်သည်။

"မောင်ရင် ကြားဖူးမှာပါ။ ၄ ဂဏန်းဟာ မကောင်းတဲ့ နတ်ဆိုးတစ်ပါးပိုင်တဲ့ ဂဏန်းတဲ့။ ဒီဂဏန်းဟာ ကောင်းကျိုးမပေးရင်သာ နေရမယ်။ ဆိုးကျိုးတော့ အတော့်ကို ပေးတတ်တဲ့ ဂဏန်းပဲ။ အနောက်နိုင်ငံတွေမှာဆိုရင် ဒီဂဏန်းကို သိပ်ကြောက်ကြတာပေါ့။ ၄ ဂဏန်းကျတဲ့နေ့၊ ၄ ဂဏန်းကျတဲ့ နာမည်တွေကို ရှောင်ကြတယ်။ အထူးသဖြင့် သူတို့ အကြောက်ဆုံးက ၁၃ ဂဏန်းဘဲ။ ကံမကောင်းတဲ့ ဂဏန်း (Unlucky number) လို့တောင် ယုံကြည်နေကြတယ်။ တချို့ တည်းခိုခန်းတွေမှာဆိုရင် အခန်းနံပါတ် (၁၃) ကိုတောင် မထားကြတော့ဘူး။ တည်းမယ့်သူ မရှိလို့တဲ့။ ဒါကြောင့်မို့ နာမည်ပေးတဲ့အခါ ၄ ဂဏန်း မကျစေချင်ဘူး"

"ဒါကတော့ဆရာ၊ ကိုင်ရိုရဲ့ ဂဏန်းဗေဒင်နည်းအပေါ် အခြေခံထားတဲ့ အ



www.burmeseclassic.com

www.burmeseclassic.com

နောက်တိုင်း အယူအဆကတော့ သူတို့နည်း သူတို့ဟာနဲ့ မှန်နိုင်ပါတယ်။ ကျွန်တော်တို့ မြန်မာ့ရိုးရာ ဗေဒင်ကိန်းခန်းမှာတော့ ဒီ ၄ ဂဏန်းနဲ့ ပတ်သက်တဲ့ အယူအဆမရှိဘူးလို့ ကျွန်တော် ထင်တယ်''

ဦးအုံးဖော်သည် စီးကရက်တစ်လိပ် ထုတ်၍ မီးညှိသည်။ မီးခိုးငွေ့များကို ရှူထုတ်ရင်း အိမ်အပြင်ဘက်ဆီသို့ လှမ်းကြည့်သည်။ သူ၏ မျက်လုံးများသည် ပြတင်းပေါက်မှ လှမ်းမြင်နေရသော အကျဉ်းထောင် အုတ်ရိုးများကို ခဏမျှ စိုက်ကြည့်နေသည်။ ပြီးမှ ...

''မောင်ရင့် ဒီလိုပြောလိုက်တော့ ကိုယ့်စိတ်ထဲ ပုသိမ်ထောင်ကြီးကို ပြန်သတိရမိတယ်၊ အင်း .. နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ၊ ပုသိမ် ထောင်ဖောက်မှုကြီးအကြောင်း မောင်ရင် ကြားဖူးတယ် မဟုတ်လား''

''ဟုတ်ကဲ့ ကြားတော့ ကြားဖူးပါတယ်''

''အေး အဲဒီတုန်းက ကိုယ် ပုသိမ်ထောင်မှာ တာဝန်ကျနေတဲ့ အချိန်ပေါ့၊ ကဲ မောင်ရင် တွက်ကြည့်စမ်းပါ။ ကိုယ့်နာမည် အုံးဖော်ဆိုတော့ ဘာဂဏန်း ကျနေလဲ''

ကျွန်ုပ်က စိတ်တွက် တွက်ကြည့်လိုက်သည်။ အုံးသည် တနင်္ဂနွေနံ ၁ ဂဏန်း၊ ဖော်မှာ အင်္ဂါဖြစ်၍ ၃ ဂဏန်း။ ၁ နှင့် ၃ ပေါင်းလျှင် ၄ ဂဏန်းရနေလေသည်။

''၄ ဂဏန်းရတယ် ဆရာ''

''မှန်တယ်၊ ကိုယ့်နာမည် ၄ ဂဏန်းကျသလိုဘဲ ကိုယ့်မွေးရက်ကလဲ ၄ ရက်နေ့ဘဲ။ အစကတော့ ကိုယ်လဲ ဒီဂဏန်းတွေဘာတွေ သိပ်အယုံအကြည်ရှိခဲ့တာ မဟုတ်ဘူး။ ဒါပေမယ့် ဘဝမှာ ထူးထူးခြားခြားကြုံတိုင်း ဒီ ၄ ဂဏန်းကျတဲ့နေ့တွေချည်း ဖြစ်နေတော့ ကိုယ်သံသယဝင်လာတယ်။ ၄ ဂဏန်းကျတဲ့နေ့ ဆိုရင် သတိယားနေတတ်တဲ့ အကျင့်တွေ အလိုလို ပါလာတယ်။ ဒီလိုနဲ့ ပုသိမ်ထောင်မှာ ကိုယ်တာဝန်ကျတဲ့ တစ်နေ့ မနက် အာရုံတက်မှာပေါ့။ ထောင်ထဲဝင်ပြီး ကင်းတွေလှောက်စစ်နေတုန်း အုတ်ရိုးနဲ့ မလှမ်းမကမ်း တစ်နေရာမှာ လူရိပ်လိုလို မြင်လိုက်မိတယ်၊ ဒါနဲ့ ကိုယ်ရပ်ပြီး သေချာစူးစိုက်ကြည့်လိုက်တော့လဲ ဘာမှ မတွေ့ရပြန်ဘူး။ ပထမတော့ ကိုယ့်စိတ်ထဲ ထင်တာပဲလို့ ယူဆမိတယ်၊ ဒါပေမယ့် ခဏအကြာမှာ စောစောကနေရာမှာလဲ လူရိပ်တစ်ခုထပ်မြင်ရပြီး ချက်ချင်းပျောက်သွားတာ တွေ့လိုက်ရတော့ ကိုယ့်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားတယ်''

''ကိုယ်လဲ ချက်ချင်း အဲဒီနေရာကို ပြေးသွားပြီး အသင့်ပါလာတဲ့ လက်နှိပ်ဓာတ်မီးနဲ့ ထိုးလိုက်တော့၊ ဟ အဲဒီနေရာမှာ လူတစ်ကိုယ်စာ ဝင်နိုင်ရုံ ကျင်းလေးတစ်ကျင်း ဖြစ်နေတာ တွေ့ရတော့တာကိုး။ ကိုယ်လဲ တခြားအမှုထမ်းတွေကို ခေါ်ပြီး သေချာ စစ်ဆေးကြည့်တော့မှ လားလား ရွှေကိုယ်တော်တွေက ထောင်ထဲကနေ ထောင်ပြင်အထိ အုတ်ရိုးအောက်က ဖြတ်ပြီး ဥမင်လိုဏ်ခေါင်း တူးထားကြတာကိုး။ ကြည့်စမ်း ကိုယ် အတွေ့ဦးပေလို့ပဲ။ နောက်မှာ ထွက်ပြေးဖို့အသင့် တန်းစီပြီးစောင့်နေတဲ့ အကျဉ်းသားတွေ နည်းမှမနည်းဘဲ။ ဒါတောင်စောစောက နှစ်ယောက် လွတ်ပြေးသွားကြပြီလေ။ ဒါပေမယ့် မကြာပါဘူး နှစ်ယောက်စလုံး ပြန်မိတာပါဘဲ။ အဲ ပြန်မိတာက မိတာတစ်ပိုင်း၊ ဝန်ထမ်းတွေ ပေါ့လျော့တာက တစ်ပိုင်းပဲ၊ သိတယ်မဟုတ်လား။ ထောင်မှာက ထိပ်ဆုံး ထောင်ပိုင်ကြီးကနေ အောက်ဆုံးထပ်သားအထိ အမှည့် တဖြုတ်ဖြုတ် အကောင်းလျှောက်ပြုက် ဆိုသလို ပြုတ်တဲ့လူကပြုတ်၊ ရာထူးကျတဲ့လူကကျ။ ရုံးတင်တရားစွဲခံရတဲ့လူက ခံရနဲ့။ တကယ့်ကို နွားချေးပုံ ခဲကျတဲ့ အတိုင်းပဲ ကိုယ်တောင် ကံကောင်းလို့ မောင်ရင် ၄ ဂဏန်းကို သတိထားကျင့် ရှိနေလို့သာ ပေါ့။ နို့မို့ ဘယ်လွယ်လိမ့်မလဲ၊ ဘာဖြ လို့လဲဆိုတော့ အဲဒီနေ့ဟာ ဇန်နဝါရီ ရက်နေ့ ဖြစ်နေလို့ဘဲ။ လွတ်လပ်ရေး ကြီးမှာ လွတ်ပြေးဖို့ အကြံကြီး ကြံခဲ့ တာပေါ့''

ကျွန်ုပ်သည် စီးကရက်တစ်လိပ် မီးညှိ၍ ခေတ္တမျှ စဉ်းစားဟန် ပြု သည်။ ပြီးမှ ဦးအုံးဖော်အား ကျွန်ုပ်အယ အဆကို ပြောလိုက်ရသည်။

''ဆရာသိတဲ့အတိုင်း ထောင်မှာ နေ့ကြီးရက်ကြီး ရုံးပိတ်ရက်နေ့ဆိုရင် ထမ်းအင်အားကို နှစ်သုတ်ခွဲပြီး တာ ချထားရတယ်လေ။ ဒါကို ရိပ်မိတဲ့ ကျဉ်းသားတွေက ရုံးပိတ်ရက်ကို ရွေး ထွက်ပြေးဖို့ ကြံကြတာဆိုတော့ ဒီ ၄ နေ့ဟာ တိုက်ဆိုင်မှု သက်သက် မဖြစ်နိုင်ဘူးလား ဆရာ''

ဦးအုံးဖော်သည် နှုတ်ခမ်းထောင့် တစ်ဘက်ကွေး၍ ပြုံးလိုက်ကာ စီးက ပြာတစ်ပွင့် ခွေချလိုက်သည်။ သူ ခေါင်းကို နှစ်ချက်သုံးချက်မျှ တဆ ဆက် ညိတ်ပြီးမှ ကျွန်ုပ်အား စိုက်ကြ သည်။

''မောင်ရင်ဟာ စာရေးဆရာ ယောက်ဖြစ်နေတဲ့အပြင် ဥပဒေသမား ဖြစ်နေပြန်တော့ ဘာကိုမှ လွယ်လွယ် လက်မခံတတ်ဖူးဆိုတာ ကိုယ်သိပါတ ကိုယ်တို့ဥပဒေမှာ သက်သေပြရန် ဝန် (Burden of proof) ဟာ ပြောသ ပေါ်မှာ ကျရောက်တယ်လို့ ဆိုထား ကိုယ် စမိတဲ့ ကိစ္စကို ကိုယ်ကဘဲ သ သေအထောက်အထားပြဖို့ တာဝန်ရှိ ပြီပေါ့လေ။ ဒီ ၄ ဂဏန်းနဲ့ ပတ်သက် နိုင်မာတဲ့ အချက်တွေ ကိုယ့်မှာ အ ကြီးရှိပါတယ်။ ဒါပေမယ့် မောင်ရင် ခံလာအောင် ဆိုရင်တော့ အနိုးဆုံး



www.burmeseclassic.com

www.burmeseclassic.com

...သက်သေပြမှ ဖြစ်မယ်။ တခြားမ ...တ်ဘူး။ ကိုယ်တို့ရဲ့ လွတ်လပ်ရေး ဗိသု ...ကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းပါပဲ''

ဗိုလ်ချုပ်အောင်ဆန်း၏ အမည် ပါ ...သဖြင့် ကျွန်ုပ် စိတ်ဝင်စားလာမိ ...ည်ကား အမှန်ပင်ဖြစ်ပါသည်။ ငယ်စဉ် ...ကျောင်းသားဘဝမှသည် ယနေ့အချိန်တိုင် ...အောင် ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပ ...ဆိုင်ရာ စာအုပ်စာတမ်း အတော်များ ...များကို ကျွန်ုပ် လေ့လာဖူးခဲ့ပြီ ဖြစ်ပေ ...သည်။ သို့ဖြစ်၍ ဤ ၄ ဂဏန်းသည် ...ည်သို့ စပ်ဆိုင် ပတ်သက်နေပါသနည်း။

''ပထမဆုံး ဗိုလ်ချုပ်ရဲ့ နာမည်ကို ကြည့်၊ အောင်ဆန်းတဲ့။ အောင်ဆိုတာ တနင်္ဂနွေဆိုတော့ ၁ ဂဏန်း၊ ဆန်းက အင်္ဂါဖြစ်လို့ ၃ ဂဏန်း၊ ၁ နဲ့ ၃ ပေါင်း ...ရင် (၄) မဟုတ်လား''

ကျွန်ုပ် ခေါင်းညိတ်ပြလိုက်သည်။

''ဗိုလ်ချုပ်ကို ဖေဖော်ဝါရီလ ၁၃ ...ရက်နေ့မှာ မွေးခဲ့တယ်။ အဲဒီ ၁ နဲ့ ၃ ...ကိုပေါင်းရင် (၄) ရတယ် မဟုတ်လား''

ကျွန်ုပ် ခေါင်းညိတ်ပြလိုက်ရပြန် သည်။

''ဗိုလ်ချုပ်ကတော် နာမည်က ဒေါ် ခင်ကြည်ဆိုတော့ ခင်ဆိုတာ တနင်္လာနံ ၂ ဂဏန်း၊ ကြည်ဆိုတာလဲ တနင်္လာ ၂ ဂဏန်းဘဲ။ အဲဒီ ၂ နဲ့ ၂ ပေါင်းရင် ၄ ရပြန်ရော မဟုတ်လား''

ကျွန်ုပ် ခေါင်းညိတ်ပြလိုက်ရပြန် ပါသည်။

''ပြီးတော့ ဗိုလ်ချုပ်တို့မှာ သားသမီး ၄ ယောက် ထွန်းကားခဲ့တယ်လေ''

ဤတစ်ကြိမ်တွင်မူ ကျွန်ုပ် ခေါင်း မညိတ်နိုင်တော့ပါ။

''အာ ဆရာကလွဲ၊ အောင်ဆန်းဦး ရယ်၊ အောင်ဆန်းစုကြည်ရယ်၊ အောင် ဆန်းလင်းရယ် ၃ ယောက်ထဲ မဟုတ်လား ဆရာရဲ့''

ဦးအုံးဇော်က တစ်ချက်ပြုံးကာ ခေါင်းခါပြသည်။

''မဟုတ်ဘူး။ ၁၉၄၆ ခုနှစ်မှာ စတုတ္ထမြောက် သမီးကလေးတစ်ယောက် ရခဲ့သေးတယ်။ ဒါပေမယ့် နံပါတ် ၄ ဖြစ် လို့ပဲလား မသိဘူး။ အဲဒီ သမီးလေးဟာ အဖတ်မတင်ခဲ့ရှာဘူး။ ရက်ပိုင်းလေးမှာပဲ ဆုံးသွားရှာတယ်''

ကျွန်ုပ်ကဘာမှ စောဒက မတက် တော့ဘဲ ငြိမ်၍ နားထောင်နေမိသည်။

''အာဇာနည်နေ့ ရောက်တိုင်း အသံ လွှင့်နေတဲ့ မိန့်ခွန်းဟာ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့က မြို့တော်ခန်းမ လူထုအစည်းဝေးပွဲကြီးမှာ ပြောခဲ့တဲ့ ဗိုလ်ချုပ်ရဲ့ နောက်ဆုံးမိန့်ခွန်းဘဲ ဒီတော့ နောက်ဆုံး မိန့်ခွန်း ပြောခဲ့တဲ့ နေ့ဟာလဲ ၄ ဂဏန်း ဖြစ်မနေပြန်ဘူးလား''

ကျွန်ုပ် ခေါင်းမခါ ခေါင်းမညိတ်မိ သော်လည်း စိတ်ထဲကတော့ ထောက်ခံ လိုက်သည်။

''နောက်တစ်ခုက ဒီလုပ်ကြံမှုကြီးရဲ့ အဓိက တရားခံဟာ ဂဠုန် ဦးစောနော်၊ ကဲကြည့် ဦးက တနင်္ဂနွေ ၁၊ စောက အင်္ဂါ ၃၊ ၁ နဲ့ ၃ ပေါင်း ၄ ဘဲ မဟုတ်လား။ အဲဒီတုန်းက ဂဠုန် ဦးစောဟာ အေဒီလမ်း မှာနေတယ်၊ သူ့ခြံနံပါတ် ဘယ်လောက် လဲလို့၊ ၄ ပဲဖြစ်နေပြန်တယ်၊ ဒါတင် ဘယ်ကမလဲ အကွင်းဝန်ရုံး အစည်းအ ဝေး ခန်းမထဲဝင်ပြီး ဗိုလ်ချုပ်တို့ကို သေ နတ်တွေနဲ့ ပစ်သွားတဲ့ လူသတ်သမား ကလည်း ၄ ယောက်တိတိပဲ မောင်ရင်''

ဤအချက်ကို ကျွန်ုပ် ဘဝင်မကျ ပေ။ ကျွန်ုပ် သိထားရသလောက် လူ သတ် သမားများမှာ ၅ယောက် ဖြစ်၏။

''ဒါတော့ ဆရာလွဲသွားပြီထင် တယ်။ စိန်ကြီး သက်နှင်း၊ ရန်ကြီးအောင်၊ မောင်စိုးနဲ့ သုခတို့ ၅ ယောက်လေဆရာ''

ဦးအုံးဇော်က ပြုံးလိုက်ပြန်သည်။

''မလွဲဘူး မောင်ရင်၊ သူတို့ ၅ ယောက်လာတာတော့ မှန်တယ်၊ ဒါပေ မယ့် တကယ် သေနတ်နဲ့ဝင်ပစ်တော့ ၄ ယောက်ထဲ၊ သုခက ဘာမှမသိဘူး၊ သူ့ က ကားမောင်းရုံသက်သက် လိုက်လာ ခဲ့ရတာလေ၊ အဲဒီ ၄ ယောက် ဗိုလ်ချုပ် တို့ကို လုပ်ကြံနေတုန်း သုခက ကားပေါ် စောင့်ကျန်ရစ်ခဲ့ရတာ''

''ဗြော်''

''သူတို့ ၄ ယောက် အစည်းအဝေး ခန်းမထဲ ဝင်ပြီး သေနတ်နဲ့ ပစ်တာနဲ့ ဝန်ကြီး ပျော်ဘွယ် ဦးမြနဲ့ အတွင်းဝန် ဦးရွှေဘော်တို့ နှစ်ယောက် ရုတ်တရက် ထပြီး သူတို့နောက်ဘက် ပြတင်းပေါက် ကနေ ထွက်ပြေးနိုင်လို့ လွတ်သွားကြ တယ်၊ ဝန်ကြီး ဦးဘဂျမ်းကလည်း ဦးအောင်ဇံဝေရဲ့ လက်ကို ဆောင့်ဆွဲပြီး ကြမ်းပြင်ပေါ် ပြိုင်တူလှဲချလိုက်ကြလို့ သေကံမရောက်ခဲ့ကြဘူး၊ ဒါ့ကြောင့် လုပ်ကြံခံရတဲ့အထဲမှာ အသက်မသေဘဲ လွတ်သွားတာသည်း ၄ ယောက်ပဲ ဖြစ် မနေဘူးလား''

''အင်း ... ဆရာပြောလိုက်တော့ လဲ ဟုတ်နေတာဘဲ၊ ဒါနဲ့ဆရာ အဲဒီအချိန် မှာ ဗိုလ်ချုပ်ရဲ့ အပါးတော်မြဲ ဗိုလ်ထွန်းလှ လဲ ရှိနေတယ် မဟုတ်လား''

ဦးအုံးဇော်က ခေါင်းညိတ်ပြသည်။

အဲဒီနေ့က မနက် ၁၀ နာရီ ၁၅ မိနစ်လောက်မှာ အစည်းအဝေးစနေပြီ၊ ဗိုလ်ထွန်းလှဟာ ဗိုလ်ချုပ်အတွက် လိုအပ် တဲ့ စာရွက်စာတမ်းတွေ လာပို့လိုက်၊ သူ့ ရုံးခန်းထဲ ပြန်သွားလိုက်နဲ့ အစည်းအဝေး ခန်းမထဲ ၃-၄ ခေါက်ရောက်ပြီးပြီ၊ အဲဒီ နေ့မှာ သယ်ယူပို့ဆောင်ရေးနဲ့ လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီး စောစံဖိုးသင် ခ ရီးထွက်နေလို့ အစည်းအဝေး မတက်နိုင် ဘူး၊ သူ့ကိုယ်စားအတွင်းဝန် ဦးအုံးမောင် လာရမယ်၊ ဒါပေမယ့် အစည်းအဝေး စတဲ့အထိ ဦးအုံးမောင်ကို မတွေ့တော့ ဗိုလ်ချုပ်က ဗိုလ်ထွန်းလှကို 'ဦးအုံးမောင် မရောက်သေးဘူးလား' လို့ မေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ထွန်းလှက 'မရောက်သေးဘူး ဗိုလ်ချုပ်' ပြောတော့ ဗိုလ်ချုပ်က 'အေး ... ရောက်ရင် ဒီကို ခေါ်ခဲ့စမ်းပါ' လို့ပြောတယ်၊ ဗိုလ်ထွန်းလှက 'ဟုတ်ကဲ့' ဆိုပြီး သူ့ရုံးခန်းကို ပြန်လာတယ်၊ အဲဒီအချိန်မှာဘဲ ဦးအုံးမောင် ရောက်လာပြီး ဗိုလ်ထွန်းလှ ရုံးခန်းထဲ ဝင်ထိုင်တယ်၊ ဗိုလ်ထွန်းလှက 'ဟာ အတော်ဘဲ၊ ခင်ဗျားကို ဗိုလ်ချုပ်မေးနေတယ်' လို့ ပြောရင်း ဦးအုံးမောင်ကို အစည်းအဝေး ခန်းမထဲ ခေါ်သွားပြီး နေရာ ချပေးလိုက်တယ်၊ ဗိုလ်ချုပ်ကိုလည်း ဦးအုံးမောင် ရောက်ကြောင်း သတင်းပို့လိုက်တယ်၊ ပြီးမှ သူ့ရုံးခန်းထဲ ပြန်လာတယ်၊ အဲဒီလို''

''ဒါနဲ့ ဖြတ်မေးပါရစေ ဆရာ၊ ဒီ ဗိုလ်ချုပ်နဲ့ ဗိုလ်ထွန်းလှတို့ စကားပြောခန်းတွေ ဘယ်စာအုပ်ထဲမှာ ပါတာလဲ၊ ကျွန်တော် မတွေ့မိသေးလို့ပါ''

''ဟုတ်တယ် ကိုယ်လည်း မဖတ်ဖူးသေးဘူး''

''ဒါဖြင့်ဆရာ ဘယ်လိုလုပ် သိနေတာလဲ''

''ဒီလိုပါ၊ လွန်ခဲ့တဲ့ ၁၄ နှစ်လောက်က ထင်ပါရဲ့၊ အထက ၁ ပုဇွန်တောင်ကျောင်းမှာ ဗိုလ်ထွန်းလှကိုယ်တိုင် အာဇာနည်နေ့ အကြောင်း ဟောပြောမယ်ဆိုတာနဲ့ ကိုယ်သွားနားထောင်ခဲ့ရတယ်၊ အဲဒီတုန်းက ကြားခဲ့ရဟာတွေပါ''

''ဩော်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်ရင် ဆရာအဖော် လေ့လာတာဘဲနော်''

''ကိုယ် ငယ်ငယ်ထဲက ဗိုလ်ချုပ်ရဲ့ မျိုးချစ်ပြည်ချစ် စိတ်ဓာတ်ကို သိပ်လေးစားလာတော့လည်း ဗိုလ်ချုပ်နဲ့ ပတ်သက်လာရင် သိပ်စိတ်ဝင်စားမိတာကိုး''

''ဒါနဲ့ ဆက်ပြောပါဦးဆရာ''

''အဲ အဲ့ဒီလို ဗိုလ်ထွန်းလှ သူ့ရုံးခန်းထဲ ပြန်ရောက်လို့ ထိုင်ရုံ ရှိသေးတယ်၊ အစည်းအဝေး ခန်းမထဲက မမျှော်လင့်ဘဲ သေနတ်သံတွေ ကြားရတော့တာပါဘဲ၊ ဗိုလ်ထွန်းလှလဲ သေနတ်သံမှန်း သိလိုက်တာနဲ့ ချက်ချင်းဘဲ အစည်းအဝေးခန်းမဘက်ကို တဟုန်ထိုးပြေးသွားမိတယ်၊ သေနတ်ပစ်တဲ့ အချိန်ဟာ စက္ကန့်ပိုင်းလေးဘဲ ကြာလိုက်တာဆိုတော့ သူရောက်သွားတဲ့ အချိန်မှာ လူသတ်သမားတွေ မရှိတော့ဘူး သူ ဆင်နားရွက်တံခါးကို တွန်းဖွင့်လိုက်တော့ အစည်းအဝေး ခန်းမ တစ်ခုလုံးဟာ ယမ်းခိုးယမ်းငွေ့တွေနဲ့ နှင်းကျနေသလို ဖြစ်နေတာ တွေ့ရတယ်၊ အဲဒီအချိန်မှာ မိုင်းပွန်စော်ဘွားကြီးက သွေးအလိမ်းလိမ်းနဲ့ သူ့ဆီကို ဒယီးဒယိုင် ထလာလို့ သူက လဲမကျအောင် ထိန်းပြီး ကုလားထိုင်မှာ ထိုင်ခိုင်းလိုက်ရသေးတယ်၊ ပြီးမှ ဗိုလ်ချုပ်ရှိတဲ့ ထိပ်ဆုံးစားပွဲဆီကို ပြေးသွားခဲ့တယ်၊ ဗိုလ်ချုပ်ကို ကုလားထိုင်ချော လျှပ် လဲကျနေတာ တွေ့လိုက်ရတော့တယ်၊ ဗိုလ်ချုပ်ရင်ဘတ်က စီးကျနေတဲ့ သွေးတွေဟာ သနပ်ခါးရောင် ပိုးတိုက်ပုံမှာ ချင်းချင်းနီနေသလို၊ ဗိုလ်ထွန်းလှက ကမန်းကတန်း ပွေ့ပြီးကိုယ်ကို စမ်းကြည့်တယ်၊ ဗိုလ်ချုပ်အသက် မရှိရှာတော့ဘူး''

ဦးအုံးဖေ၏ အသံသည် ပြောနေရင်းမှာပင် တိမ်ဝင်သွား၏။ ဗိုလ်ချုပ်တို့ ကျဆုံးခဲ့ရပုံကို ပြန်တွေးမိကာ နှမြောတသမိဟန် တူပေသည်။ ကျွန်ုပ်က ရေနွေးကြမ်းတစ်ခွက် ထပ်ငှဲကာ ဦးအုံးဖေအား လှမ်းပေးလိုက်ရသည်။ ဦးအုံးဖေက ရေနွေးခွက်ကို ယူရင်းစီးကရက်တိုကို ပြာခံခွက်တွင်း၌ ထိုးချေနေသည်။ ကျွန်ုပ်က–

''ဒါနဲ့ ဆရာ ၄ ဂဏန်းအကြောင်း ဆက်ပါဦး''

ဦးအုံးဖေက ရေနွေးနှစ်ကျိုက်မျှ သောက်ပြီးမှ–

''အေး–ဘယ်ရောက်သွားပါလိမ့်၊ အဲ လုပ်ကြံမခံရဘဲ လွှတ်သွားတာက ၄ ယောက်ဟုတ်တယ်၊ ပြီးတော့ အဲဒီအစည်းအဝေး ခန်းမကြီးကလဲ ပေ ၄၀ ပတ်လည် ရှိတယ်တဲ့၊ ဒီတော့ ၄ ဂဏန်းဘဲ ကျပြန်ရော၊ မတိုက်ဆိုင်လွန်းဘူးလား ကြည့်စမ်း ဒါ့ထက်ပိုပြီး အံ့ဩစရာကောင်းတာက ဗိုလ်ချုပ်ရဲ့ ကိုယ်ထဲမှာ ကျည်ဆံ ၁၃ တောင့်တိတိ တွေ့ရတာဘဲ မောင်ရင်''

''ဟာ ဒါတော့ တကယ် အံ့ဩဖို့ ကောင်းနေပြီ''

''ဟုတ်တယ်၊ ပထမတော့ သုံးချက်ထဲ ထင်ရတယ်၊ ရန်ကုန် ဆေးရုံကြီး ရောက်လို့ ဆရာဝန်ကြီးတွေ စစ်ဆေးကြည့်တော့မှ ၁၃ ချက်တိတိ ဖြစ်နေတော့တယ်''

''တော်တော် ရက်စက်တဲ့ လူတွေပါလား''

''ဒါပေါ့ သူတို့က ဗိုလ်ချုပ်ကိုချည်းမဲပြီး ပစ်ကြလို့ ဒီလောက် ဒဏ်ရာတွေ များနေတာဘဲ၊ အဲ ကျည်ဆံ ၁၃ ချက်ဟာလဲ ၄ ပဲ ရပြန်တယ် မဟုတ်လား''

ကျွန်ုပ်သည် ဗိုလ်ချုပ်နှင့် ၄ ဂဏန်း ပတ်သက်ပုံကို အံ့ဩလာရသလို ဦးအုံးဖေ၏ စူးစမ်းမှု အပေါ်မှာလည်း ချီးကျူးချင်လာသည်။

''ကဲ ဒါလောက်ဆိုရင် ၄ ဂဏန်းရဲ့ အတွင်းသဘောကို မောင်ရင် နားလည်လောက်ပြီ ထင်ပါရဲ့၊ တစ်ခုတော့ရှိတယ်၊ ဒါတွေကို မောင်ရင်က တိုက်ဆိုင်မှုလို့ ယူဆချင်သေးရင်တော့ ဒီတိုက်ဆိုင်မှုဟာ ကိုယ်တို့တိုင်းပြည်အတွက် အကြီးမားဆုံး တိုက်ဆိုင်မှုလို့သာ မှတ်လိုက်ပါတော့လေ၊ ကဲ မိုးလဲစဲပြီ ကိုယ်ပြန်ဦးမယ်''

ဦးအုံးဖေသည် သူ့စကားကို လက်စသတ်ကာ နေရာမှ ထလိုက်သည်။ ကျွန်ုပ်က အိမ်ပေါက်ဝအထိ လိုက်ပို့သည်။ လှေကားလေးထစ် ဆင်းပြီးမှ ဦးအုံးဖေက ခဏရပ်ကာ ကျွန်ုပ်အား ပြန်၍ မော့ကြည့်သည်။

''ကိုယ်ပြောတာတွေနဲ့ ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အထောက်အထား လိုချင်ရင်တော့ ကိုယ်တာအုပ်လေးအုပ် ညွှန်လိုက်မယ်၊ ဒေါက်တာ မောင်မောင်ရဲ့ နိုင်ငံတော်လုပ်ကြံမှု၊ လင်းယုန်မောင်မောင်ရဲ့ သွေးစွန်းသောနေ့ရက်များ၊ တက္ကသိုလ် နေဝင်းရဲ့ အောင်ဆန်းဦးတို့ အဖေနဲ့ အောင်သန်း၏ အောင်ဆန်းစာအုပ်တွေပဲ၊ အဲဒီစာအုပ်တွေ ဖတ်ကြည့်ရင် ကိုယ်လုပ်ကြံပြောနေတာ မဟုတ်ဘူးဆိုတာ မောင်ရင် တွေ့လာရလိမ့်မယ်''

ဦးအုံးဖော်သည် လေ့ကားအတိုင်း တဖြည်းဖြည်း ဆင်းသွားလေသည်။ ကျွန်ုပ်သည် ဦးအုံးဖော် မြင်ကွင်းမှ တရွေ့ရွေ့ပျောက်ကွယ် သွားသည်အထိ ငေးမျှော်ကြည့်နေလိုက်မိသည်။

ဦးအုံးဖော်သည် အတွေ့အကြုံ ရင့်ကျက်သော အငြိမ်းစား ထောင်ပိုင်ကြီး တစ်ဦးဖြစ်သည့်ပြင် ဥပဒေဘွဲ့ရ ရှေ့နေတစ်ဦးလည်း ဖြစ်ပေသည်။ သူ၏ နာမည်သည် ပေါင်းလိုက်လျှင် ၄ ဂဏန်းရနေသည်။ သူ၏ မွေးရက်မှာ ၄ ရက်နေ့ပင် ဖြစ်၏။ ဘဝတစ်ကွေ့ဝယ် ထူးခြားသောဖြစ်ရပ်များနှင့် ကြုံရလေတိုင်း ထိုနေ့သို့ရောက်သည့် ၄ ဂဏန်းကျသော နေ့ရက်ဖြစ်နေသည်ဟု ဆိုသည်။ ဤ ၄ ဂဏန်းသည် သူ့ဘဝတစ်လျှောက် ကောင်းကျိုးထက် ဆိုးကျိုးများသာ ပို၍ပေးခဲ့ပေလိမ့်မည်။ သို့သော်လည်း ဦးအုံးဖော်အား အတွေ့အလမ်းကြီးမားသူ၊ တစ်ယူသန် အယူသည်းသူအဖြစ် ယတိပြတ် သတ်မှတ်ရန် ခဲယဉ်းလှပေသည်။ သူ့နည်းသူ့ဟန် သူ့အတိုင်းအ... အားဖြင့် မှန်ကန်နေပါလိမ့်မည်။

...တို့သည် ဖြစ်ရပ်တစ်ခုကို နှစ်ကြိမ်သုံးကြိမ် ကြုံတွေ့ပါက တိုက်ဆိုင်မှုဟု လ...ခဲ့ကြသည်။ ထိုဖြစ်ရပ်ကိုပင် ထပ်တလဲလဲ ကြိမ်ဖန်များစွာ ကြုံတွေ့လာရလျှင် ...သယ ပွားလာကြသည်။ တိုက်ဆိုင်မှု ...အနေဖြင့် လက်ခံရန် ဝန်လေးလာတတ်ကြ၏။ လက်တွေ့ဘဝမှ ကင်းကွာသော ကာ မသိစိတ်အတွင်း၌ ခိုအောင်းနေသော ရှေးဟောင်း အစွဲအလမ်းများနှင့် ချိန်ထိုးဆန်းစစ် ကြည့်လာတော့သည်။ ဤတွင် အဟုတ်ပြင်းစွာ ရှေ့သို့ ချီနေသည့် ခေတ်ရေစီးကြောင်းနှင့် ထိုခေတ်နောက်ပြန်ဆွဲ အယူအဆတို့၏ ပဋိပက္ခလွန်ပွဲကို ရာဇဝင်သမိုင်းတစ်လျှောက် တွေ့မြင်ရတော့၏။

စင်စစ်လက်ကို သောကြာကြယ်ဖောက်၍ သီပေါမင်း ပါတော်မူရသည်ဆိုသော အယူအဆ၊ အနောက်ဘက် ကောင်းကင်၌ ကြယ်တံခွန်ပေါ်၍ ဒုတိယကမ္ဘာစစ် ဖြစ်ရသည်ဆိုသော အယူအဆတို့မှာ အကြောင်းယုတ္တိ ကင်းမဲ့သော အစွဲအလမ်းများသာ ဖြစ်ပေသည်။ အကယ်၍ လက်ကို သောကြာကြယ် မဖောက်ခဲ့လျှင် သီပေါမင်း ပါတော်မမူတော့ပြီလား။ ကြယ်တံခွန်သာ မပေါ်ပေါက်ခဲ့ပါက ကမ္ဘာစစ် မဖြစ်တော့ပြီလား။ စင်စစ် ယင်းဖြစ်ရပ်များသည် တိုက်ဆိုင်မှုသာ ဖြစ်ပေသည်။

သမိုင်းတစ်ကွေ့ ခေတ်တစ်ခေတ်၏ ပြောင်းလဲရွေ့လျားမှု နိယာမသည် ထိုခေတ် ထိုသမိုင်း၏ လိုအပ်တောင်းဆိုမှုအရ ဖြစ်ပေါ်ခဲ့ရပေသည်။ အကျိုးအကြောင်း ဟူသည် အဆိုးအကောင်း အပေါ်တွင် မူတည်နေသည် မဟုတ်ပါလား။

သို့ကာစေ ကျွန်ုပ်တို့ ဗိုလ်ချုပ်နှင့် ၄ ဂဏန်းတို့၏ တိုက်ဆိုင်မှုသည်ကား မယုံကြည်နိုင်အောင်ပင် ဆန်းကြယ်လွန်းလှပေသည်။ ဦးအုံးဖော်က ထိုဖြစ်ရပ်ကို အကြီးမားဆုံး တိုက်ဆိုင်မှုအဖြစ် မှတ်ယူလိုက မှတ်ယူနိုင်ကြောင်း ပြောခဲ့သည်။ ကျွန်ုပ် အနေနှင့်မူ အကြီးမားဆုံး တိုက်ဆိုင်မှုဆိုခြင်းထက် အဆိုးဝါးဆုံး တိုက်ဆိုင်မှု ဟူ၍သာ ဆိုလိုက်ချင်ပါတော့သည်။ အဘယ်ကြောင့်ဆိုသော် ဤဖြစ်ရပ်သည် ကျွန်ုပ်တို့ တစ်မျိုးသားလုံး၏ နှလုံးအိမ်ကို သည်းထန်စွာ ငိုကြွေးခဲ့ရသည်သာမက မြန်မာ့ တရားစီရင်ရေးစာမျက်နှာတွင်လည်း အရက်စက်ဆုံး၊ အယုတ်မာဆုံး ပြစ်မှုကြီး တစ်ရပ်အဖြစ် သွေးစွန်း စေခဲ့ရသည် မဟုတ်ပါလား။

ဤနိုင်ငံ ဤလူမျိုးတို့ ကိုလိုနီထမ်းပိုးအောက်မှ ရုန်းထွက်နိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် ဆယ်စုနှစ်လေးခုပင် ကျော်လွန်ခဲ့ပေပြီ။ လွတ်လပ်ရေး၏ အရသာကိုလည်း အပြည့်အဝ ခံစားခဲ့ရလေပြီ။ ထိုလွတ်လပ်ရေးအတွက် သွေးအသက်များ ပေးဆက်ခဲ့ရသော ဗိုလ်ချုပ်နှင့်တကွ အမျိုးသား ခေါင်းဆောင်ကြီးများမှာကား ယနေ့ မရှိကြတော့ပြီ။ ဤနိုင်ငံ၏ လွတ်လပ်ရေး အဓွန့်ရှည်အောင် ကာကွယ်စောင့်ရှောက် ရန်မှာ နိုင်ငံသားတို့၏ တာဝန်သာ ဖြစ်ပေသည်။

ဤမိုးဖြိုင်ဖြိုင်ရွာသည့် လဂျူလိုင်သို့ရောက်လေတိုင်း ၁၉၄၇ ခုနှစ် ဂျူလိုင်လ (၁၃) ရက်နေ့ မြို့တော်ခန်းမ လူထုစည်းဝေးပွဲတွင် ဗိုလ်ချုပ်မိန့်ကြားခဲ့သော မိန့်ခွန်းတစ်ခုကို ပြန်လည် သတိရလာမိပါသည်။ ယင်းမှာ ...

ဒီလွတ်လပ်ရေး ရတဲ့အခါမယ် လွတ်လပ်ရေးရဲ့ အခွင့်အရေးတွေ ရမယ်၊ လွတ်လပ်ရေး ရတဲ့အခါမယ် ခင်ဗျားတို့ အခွင့်အရေးတွေ ပိုရလာတာ တွေလည်းရှိမယ်၊ အခွင့်အရေးတွေ ပိုရလာသလိုပဲ တာဝန်တွေမှာလည်း ပိုလာလိမ့်မယ်၊ ဘယ်လို တာဝန်တွေ ပိုလာလိမ့်မလဲ ဆိုရင် ဒီတိုင်းပြည်ကို အင်္ဂလိပ်တွေက အုပ်ချုပ်နေတဲ့ အခါတုန်းက ဒီဗမာပြည်ကို ကာကွယ်ဖို့ တာဝန်ဟာ အင်္ဂလိပ်တွေရဲ့ တာဝန်သာဖြစ်တယ်၊ သို့သော်လည်း ဒီဗမာပြည်ကို ကျုပ်တို့ လွတ်လပ်ရေး ရတဲ့အခါမယ် ကျုပ်တို့ ဗမာတွေကသာ ဒီဗမာပြည်ကို ကာကွယ်ရမယ့် တာဝန်ဟာ အဓိက ဖြစ်တယ်''

(အာဇာနည် ခေါင်းဆောင်ကြီးများအား ဦးညွှတ်လျက်)

ဗဟိုစော



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ရန်ငြိုးရန်စ

ဝင်းသောင်(ရမည်းသင်း)

"ရန်ငြိုး . . . ရန်စ"

"ရန်စ . . . ရန်ငြိုး"

ဒီစာလုံးလေး နှစ်လုံးကို ရှေ့ကထားထား နောက်ကထားထား ဘယ်ကထားထား၊ အို . . . ကုန်ကုန်ပြောလိုက်မယ်။ ဘယ်သူဘယ်ဝါမှ မမြင်အောင်ရင်ဝယ်ပဲ သိမ်းထားထား။ ဒီစာလုံးလေးတွေဟာ ဘယ်သူ့ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးဘူး။

"ရန်ငြိုး . . . ရန်စ"ဆိုတဲ့ ဒီစကားလုံးမလေးတွေကို လက်ခံလိုက်ပြီဆိုတာနဲ့ မီးလောင်[illegible]ကမသွင်းရဘဲ တငွေ့ငွေ့လောင်မြိုက်တော့တာပဲ။ ကြာကြာအပူမီး [illegible]လောင်မြိုက်ခံရပြီဆိုရင်တော့ ဒီရန်ငြိုး[illegible]ကို လက်ခံထားမိလိုက်တဲ့ ဘယ်သူ[illegible]ဖြစ် အနည်းနဲ့အများ သောကတွေ[illegible]ယ်ဝေတော့တာပဲ။ ဘယ်သောအခါ[illegible] စိတ်မအေးရတော့ဘူး။

အဲဒီလို သောကတွေ ပင်လယ်ဝေမှတော့ သူ့ရဲ့အပေါင်းအသင်း ရောင်းရင်းတွေဟာလည်း သူ့ကိုအားဖြည့်ဖို့ ဒုက္ခဒေါမနဿတွေကိုပါ လက်တို့ခေါ်ပြီး ရန်ငြိုးသိုထားသူထံ အလုံးအရင်းနဲ့ ဝင်လာတော့တာပဲ။ အဲဒီအခါမှာ ဘာပဲလုပ်ရလုပ်ရ ဝန်မလေးတော့ဘူး။ သင့်မသင့်လည်း မတွေးတော့ဘဲ လုပ်ဖြစ်အောင်လုပ်တော့တာပဲ။ ရန်ငြိုးရန်စဆိုတာ အဲဒီလိုမျိုး။

ရန်ငြိုးရန်စနဲ့ပတ်သက်လို့ သေလိုက်တဲ့လူတွေ များလိုက်တာမှ သွေးချောင်းစီးပဲ။ ရန်ငြိုးရန်စအကြောင်း ပြောရရင် ဒီကနေ့ မျက်မှောက်ခေတ်ကိုပဲကြည့်။ လူမျိုးတူ၊ အရည်အသွေး ပုံသဏ္ဌာန်တူ၊ ကိုးကွယ်မှု ဘာသာတရားလည်းတူ၊ သတ်မှတ်ချက်လေး တစ်ခုတလေကွဲတာကို ရေးကြီးခွင်ကျယ်လုပ်ပြီး တစ်ယောက်တစ်ပြန် သတ်လိုက်ကြတာ ဝက်ဝက်ကွဲပဲ။ ဒီနေ့ ကမ္ဘာ့ရွာခေတ်ကြီးမှာ အိုင်တီဆိုတဲ့ခေတ် တစ်ခေတ်ဆန်းသစ်လာတော့ ဘယ်မှာ အပ်ကျသလဲ။ ဘယ်မှာ ဥက္ကာပျံကြီးကျသလဲဆိုတာ အချိန်မီ တစ်ပြေးတစ်ညီ ကမ္ဘာအဝန်းက သိနိုင်ကြတယ်။ ယနေ့ လူသားက အင်္ဂါဂြိုဟ်ပေါ်တက်ပြီး ရေတွင်းတောင် တူးနေကြပြီလေ။

ရန်ငြိုးရန်စဆိုတာ ကမ္ဘာ့နယ်ပယ်အသီးသီးမှာ ရှိတတ်ကြတယ်။ သိသာထင်ရှားတဲ့ သက်သေပြရမယ်ဆိုရင် တီဗွီဖန်သားပြင်အသီးသီးမှာ ပြနေတဲ့ နိုင်ငံတကာသတင်းကိုကြည့်။ ဘယ်တိုင်းပြည်ဘယ်မြို့ဘယ်ဒေသမှာ ကားဗုံး၊ ထောင်ဗုံးပေါက်ကွဲလို့ လူဘယ်နှစ်ယောက်သေဘယ်လောက်ဒဏ်ရာရကြတယ်ဆိုတာတွေ။ တစ်နေ့မပြတ် ထာရစပ် တွေ့ကြမှာပါ။ ဒီကိစ္စ အပျော်လုပ်နေကြတာ မဟုတ်ဘူး။ အဲဒါ ကြီးမားတဲ့ ရန်ငြိုးရန်စတွေကြောင့် လူတစ်စုက လူတစ်စုကို၊ လူမျိုးတစ်မျိုးက အခြားလူမျိုးတစ်မျိုးကို ပျက်စီးအောင် ရန်ငြိုးရန်စတွေထားပြီး တိုက်နေ ခိုက်နေကြတာ။

တကယ်ဆို ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆိုတဲ့ မူအတိုင်း အငြိုးအတေး ရန်ငြိုးရန်စတွေမထားကြ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာသူကမ္ဘာသားအားလုံး ငြိမ်းချမ်းစွာ အကျူးယှဉ်တွဲပြီး ချစ်ချစ်ခင်ခင်နေထိုင်ကြမယ်ဆို ဘယ်လောက်များ ကောင်းလိုက်မလဲ။

အေးလေ . . .။ ဒါကလည်း ဆန္ဒသက်သက်သာ ပြောရတာပါ။ တကယ်တော့ ဘယ်လိုမှ ဖြစ်လာမှာမဟုတ်ပါဘူး။ တစ်အိမ်တည်း၊ မိသားတစ်စုတည်းမှာတောင် အကြိုက်မညီတာ ရှိတတ်ကြတာကို။ စေတနာအရင်းခံနဲ့ ပြောဆိုသုံးမတာကို နိုင်ပြောတယ်လို့ထင်ပြီး ငြိုးတေးထားတတ်တာမျိုး။ အားမတန်လို့ မာန်လျှော့ခဲ့ပေမဲ့ "ဗုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်ပါကွာ မင်းတစ်နေ့သိမယ်"၊ "တူဖြစ်တုန်း နှံထားဦး။ ပေဖြစ်ရင် မင်းခံလှည့်ပေါ့။ အဲဒီအခါ မင်းခံနိုင်အောင် ခံပေတော့"စသဖြင့် ရန်ငြိုးဖွဲ့ထားတာမျိုးဟာ တခြားသူအတွက် မကောင်းသလို မိမိအတွက်လည်း ပူလောင်စေတယ်ဆိုတာ ကြုံဖူးသူတွေ သိကြပါလိမ့်မယ်။

ရောမခေတ်ကို သက်သေတည် ပြောရမယ်ဆို ဟယ်လင်ဆိုတဲ့ မင်းသမီးအလှဘုရင်မကာစ်ယောက်အတွက် ခေါမ၊ ရောမပြည်ထောင်အချင်းချင်း မင်းတွေစစ်ခင်းလိုက်ကြတာ ဆယ်နှစ်ဆယ်မိုးကြာသတဲ့။ သေလိုက်ကြတဲ့ ခေါမ၊ ရောမ စစ်သားတွေ၊ ကျေးကျွန်တွေ အတုံးအရုံးပေါ့။ သာမာန်တိုင်းသူပြည်သားတွေ လွတ်သလားဆိုတော့ မလွတ်ဘူး၊ သေကြတာပဲ။

မိန်းမတစ်ယောက်အတွက်နဲ့များ ဒီလောက်ဖြစ်ရသလား။ မိန်းမဒီလောက် ရှားသလားဆိုတဲ့ ကန့်ကွက်မေးခွန်းမျိုးတွေ မေးမေးသိသိ မေးချင်ကြမယ်ဆိုတာ တွေ့က်မိပါတယ်။ ကလေးအတွေးနဲ့ ပြောရိုးဆို ကိုယ့်လက်ထဲက မိန်းမချော၊ မိန်းမလှ ဘာကြောင့်ပဲဖြစ်ဖြစ် သူ့လက်တွင်းပါသွားပြီးမှတော့ မှဲ့အဆင်ထပ် စွန်းထင်းပြီးပြီပေါ့။ ဒါကို အသက်ပေါင်းပြောက်မြားစွာရင်းပြီး သူ့နိုင်ကိုယ်နိုင်တိုက်ပြန်ယူမယ်ဆိုတဲ့သဘောက ဒီမိန်းမကို ချစ်လွန်းကြိုက်လွန်းလို့ မထင်နဲ့။ ရှေးက ရန်ငြိုးရန်စကြောင့် စစ်ပွဲတစ်ရာ ဆင်နွှဲရဖို့စေတော့ ဝန်မလေးတာပါ။

ရန်ငြိုးရန်စ ဆိုတာများ တယ်ကြောက်စရာကောင်းတာကို။ အလောင်းတော် ဆဒ္ဒန်ဆင်မင်းဘဝက ဖြစ်စဉ်ကို ပဲကြည့်။ အင်ကြင်းတောလယ်က ဆဒ္ဒန်သာ ရေကန်ကြီးမှာ စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒါလို့ အမည်ရတဲ့ အလောင်းတော် ဆဒ္ဒန်ဆင်မင်းရဲ့ ကြင်ရာတော် ဆင်မများ ဦးစီးတဲ့ ဆင်ပျိုမတစ်ထောင်နဲ့ အလောင်းတော်ကြီးဟာ အေးချမ်းသာယာစွာ ရေချိုးရေကစားကြတယ်။

ဆဒ္ဒန်ဆင်မင်းတို့ဟာ အဟိတ်တိရစ္ဆာန်တွေဖြစ်လင့်ကစား ဘုရားဆုပန်နဲ့ ပါရမီရှင် ပါရမီဖြည့်ဘက်တွေမို့ အလွန်နူးညံ့သိမ်မွေ့ပြီး အေးချမ်းစွာ ချစ်ချစ်ခင်ခင်နေထိုင်ကြတယ်။ တစ်နေ့ အဲဒီလို ရေကစားရင်း အလောင်းတော် ဆင်မင်းက စူဠသုဘဒ္ဒါ ဆင်မယဉ်သာကို ချစ်စနိုးနဲ့ ရေစင်ပက်ဖျန်းပါတယ်။ ရေစင်ပက်ဖျန်းတယ် ဆိုရာမှာလည်း အလောင်းတော်အနေနဲ့ ဆင်တို့ရဲ့ သဘာဝအတိုင်း နှာမောင်းတော်နဲ့ ရေစင်ရေသန့်ကို စုပ်ယူပြီး မှုတ်ထုတ်ရတာပေါ့။ နှာမောင်းတော်အတွင်း ရေစင်ရေသန့်တွေ စုပ်ယူထားဆဲ လူတွေ သကြန်ကာလမှာ တစ်ဦးကို တစ်ဦးရေလောင်းတော့မယ်ဆို တစ်ဦးက ဟန်ပြင်၊ တစ်ဦးက မျက်နှာ၊ ဦးခေါင်း ဆံပင်ထိမှာစိုး၍ ရှောင်တိမ်းရသလိုမျိုး အလောင်းတော်နဲ့ ကြင်ရာတော် ဆင်မယဉ်သာလေးဖြစ်နေတဲ့ မြင်ကွင်းဟာ ကြင်ရာတော် မဟာသုဘဒ္ဒါ အပါအဝင် အခြားရံရွေတော် ဆင်မယဉ်သာအားလုံးအတွက် ပျော်ရွှင်စရာ၊ အားကျစရာ မြင်ကွင်းဖြစ်လို့နေတာ အမှန်ပဲ။

အခြားအခြားသော ရံရွေတော် ဆင်ပျိုမလေးတစ်သင်းရဲ့ စိတ်ထဲမှာ တို့များလည်း အစ်မတော်လို အလောင်းတော်ကြီးက ချစ်ခင်ယုယတာခံရရင် ဘယ်လောက်များကောင်းမလဲလို့ ဆန္ဒတွေဖြစ်ပြီး အားကျကြတယ်။

အဲဒီလို အပျော်တွေဆက်နေတုန်း ဘဝတစ်ကွေ့မှာ အခက်တွေ့စေရမယ့် ပြဿနာနဲ့ ကြုံကြိုက်ရတော့တယ်။

အဲဒီပြဿနာကတော့ တခြားဟုတ်ပါရိုးလား။ အလောင်းတော်ကြီး စိတ်လက်ကြည်ရွှင်စွာ ကြင်ရာတော်လေးကို နှာမောင်းတော်နဲ့ ရေကစားတော်မူပြီး ဦးခေါင်းတော်ကို ဘယ်ညာယိမ်းလိုက်တာ ဦးခေါင်းတော်ထက်က အင်ကြင်းကိုင်းဖျားနဲ့ နှာမောင်းတော် ရိုက်မိသွားတယ်။ အလောင်းတော်ကြီး အနေနှင့် အင်ကြင်းကိုင်းနဲ့ နှာမောင်းတော် ထိခိုက်မိခြင်းအတွက် မည်သို့မျှ မထောင်းသာသော်လည်း ကြင်ရာတော်လေး စူဠသုဘဒ္ဒါ ကျောပြင်မှာတော့ ခါချဉ်ထုပ်အထုပ်လိုက်ပြုတ်ကျကာ ခါချဉ်ကောင်များကိုက်တာ ခံလိုက်ရတယ်။

မောင်တော် ဆဒ္ဒန်သခင် ငါ့ချစ်သလို သူမချစ်ဘူး။ ငါ့ကို အများအလယ်မှာ ဣန္ဒြေပျက်အောင် ရေနဲ့လည်း နှစ်မွန်းစေတယ်၊ ခါချဉ်ထုပ်နဲ့ပါ ကျောပြင်ထက် ပစ်ချအရှက်ရစေတယ်။ ဒီအကြေးငါပြန်တောင်းဖြစ်အောင် တောင်းရမယ်ဆိုပြီး ရန်ငြိုးထား ဆုပန်ခဲ့တယ်။ တိုတိုပြောရရင် စူဠသုဘဒ္ဒါဟာ သေသည်ရဲ့အခြားမဲ့မှာ ဘုရင်ကတော် ဘုရင်ဧကရာဇ်ရဲ့ချစ်ချင်းကို အများကြီးခံရတဲ့ မိဖုရားခေါင်ကြီးတစ်ပါး ဖြစ်လာပြီး ဆဒ္ဒန်အိုင်နဲ့ မနီးမဝေး အင်ကြင်းတောအလယ်မှာ နေထိုင်ကျက်စားတဲ့ အလောင်းတော် ဆဒ္ဒန်ဆင်မင်းအစွယ်ကို ဖြတ်ခိုင်းတယ်။

ဒီ ရန်ငြိုးရန်စ ဘယ်ကစသလဲဆိုတာ အလောင်းတော် ဆဒ္ဒန်ဆင်မင်း သိတယ်။ ဒါကြောင့် အလောင်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဒီဝင်္ကြွေး ဒီလောက်နဲ့ ကျေပါစေ တော့လို့ ဆုတောင်းပြီး မိဖုရားကြီး စေ လိုက်ကဲ့ သောနုတ္တိုလ် မုဆိုးကြီးကို လောင်းတော်ကြီးကိုယ်တိုင် အစွယ် တ်ယူမယ့်ကိစ္စ ခွင့်ပြုလိုက်တယ်။ င်လတ်လတ် အစွယ်ကို လွှနဲ့တိုက် တာ ဘယ်လောက် နာကျင်ခံစားရ ဲ စဉ်းစားကြည့်ပေါ့။

ပြည်တော်ပြန်ဝင်လာတဲ့ မုဆိုးဟာ တ်ယူလာတဲ့ ဆဒ္ဒန်ဆင်မင်းရဲ့အစွယ် ကို မိဖုရားခေါင်ကြီးထံ အပ်တော့ စသွေးနလေးတွေ စွန်းထင်နေတဲ့ ယ်နှစ်ချောင်းကို အမြန်ဆွဲယူပြီး ရားကြီးရင်ခွင်မှာ ပွေ့ပိုက်လိုက်တယ်။ ကြာမှ မိဖုရားက သွေးစသွေးနလေး ငြင်ပြီး အစွယ်နှစ်ချောင်းကို တင်း ရင်းရင်း ရင်မှာဖက်ထားရင်းက ...

''ငါ ... မှားပြီ။ ငါ့ချစ်လင် သူ ကောင်းကြီးအပေါ် ပြစ်မှားခဲ့မိပြီ''လို့ ရားနှုတ်က အရူးတစ်ယောက်လို ရေ ရင်း သယွန်တော်ပေါ် ပက်လက်လန် ကျ သေပွဲဝင်သွားတယ်။ ခံစားချက် ငြင်းလွန်းတော့ ရင်ကွဲနာကျတဲ့သဘော ။

တစ်ယောက်နဲ့တစ်ယောက် ဘယ် ကာက်တောင် ယိုင်ခဲ့တည်းလည်း မခံ ခံသာ သည်းမခံနိုင်လောက်အောင် ခဲ့လို့လဲဗျာ။ ဒီကိစ္စမှာကြည့်။ နှစ်ဦးနှစ် က် ပျက်စီးတာပဲ။ ဒါကြောင့် ရန်ငြိုး ဆိုတာ မကောင်းဘူးလို့ ပြောကြတာ။

ရန်ငြိုးရန်စအကြောင်း ပြောရရင် ၃၃ ခု၊ ကျွန်တော် ၁၀ နှစ်သားအရွယ် ရန်ငြိုးရန်စကြောင့်ဖြစ်ခဲ့တဲ့ လူသတ် တစ်ပွဲ မြင်ဖူးကြုံဖူးခဲ့တယ်။ ဖြစ်ခဲ့တာ ပေါင်း ၆၀ ရှိပြီမို့ အတော်ကြာခဲ့ပြီ။ ယ်လောက်ပဲကြာကြာ ကျွန်တော့် ာ်စိထဲမှာ အဲဒီတုန်းက မြင်ကွင်းကို တိုင်းသားမြင်နေဆဲပဲ။ အခင်းဖြစ်တဲ့နေ က ရမည်းသင်းမြို့၊ ကြည့်တော်ကုန်း ရပ် ကျွန်တော့်အဘွားအိမ်ဝိုင်းထဲမှာ ဖြစ်ခဲ့ တာ။ အဘွားဆိုပေမဲ့ ကျွန်တော်တို့ တူ သားမြေးတွေ အားလုံးက အညာမြေလတ် မလေ့အတိုင်း အမေလို့ ခေါ်ကြတယ်။

ကျွန်တော်တို့ ညီအစ်ကို တူဝရီး တွေအားလုံး အမေ့ဝိုင်းထဲမှာ နံနက်ငါး နာရီ ခြောက်နာရီလောက်က စပြီး ရေ နွေးကြမ်းသောက်ရင်း မီးလှုံနေကြတယ်။ ကျွန်တော်တို့မြို့ ဆောင်းရာသီအေးချက် က စောင်ဖြူ စောင်ကြား ဘာစောင်ခြုံ ခြုံ မလုံဘူး။ မီးဖိုဘေးကပ်ပြီး မီးလှုံလိုက် ပါမှ အနွေးဓာတ်ရတာ။ အဲဒီနေ့က ကျွန် တော်တို့ မီးလှုံနေခိုက် ဒုတိယကမ္ဘာစစ် လက်ကျန် ဂျစ်ကားအမိုးဖွင့်တစ်စီး။ လက် နက်ကိုယ်စီကိုင် လူငါးယောက် အမျိုး အမည်မသိ မော်တော်ဆိုင်ကယ် တစ်စီးနဲ့ လူတစ်ယောက်။ သူက ကာကီရောင်ဝတ် စုံဝတ်ထားပြီး၊ ခါးတွင် ခြောက်လုံးပြူး ချိတ်ထားကာ လက်တွင် အင်္ဂလိပ်စတင်း သေနတ်ကိုင်ထားသည်။

မဖိတ်ခေါ်ဘဲရောက်လာတဲ့ ဧည့် သည်တွေအနက် ခြောက်လုံးပြူးခါးချိတ် ထားသူသည် မည်သူမည်ဝါဖြစ်သည်ကို ကျွန်တော်တို့နှင့်အတူ မီးလှုံနေသော ကိုကြည်မောင် သိသည်။ ဒါကြောင့် ဘာ မပြော ညာမပြော အမြန်ထကာ အိမ် ခေါင်းရင်း ပြတင်းကို ခုံဆွဲ၍ အိမ်ပေါ်သို့ ကျွမ်းပစ်တက်သွားသည်။

''ဟေ့ကောင် ကြည်မောင်၊ မပြေး နဲ့။ ဒက် ... ဒက် ... ဒက်''

''မင်း အိမ်ပေါ်ပြေးတက်တာ ငါ မြင်တယ်။ ဒက် ... ဒက် ... ဒက်''

''ခွေးမသား ... မအေမသား .. ကြည်မောင် .. ဒက် .. ဒက် .. ဒက်''

''ဟဲ့ ... နင် ... နင် တင်အောင် မဟုတ်လား''

''ဟုတ်တယ် အမေ။ ကျုပ် တင်အောင်ပဲ။ အမေဖယ်နေ၊ လွတ်ရာ မှာနေ။ တစ်ချိန်က ကျုပ်ဘယ်လို ခံစား ခဲ့ရတယ်ဆိုတာ အမေအသိဆုံး။ ခုတော့ လက်စားချေခွင့်ကြုံပြီ အမေရေ။ ဟား ... ဟား ... ဟား''

''ငါ့သား တင်အောင်။ အမေပြော တာ ခဏနားထောင်စမ်း။ မင်းလည်း ငါ့ သား၊ ကြည်မောင်လည်း ငါ့သားပဲ။ မင်း တို့ညီအစ်ကိုချင်း ပစ်ကြခတ်ကြ၊ သတ် ကြတာကို အမေ မကြည့်ရက်ဘူး။ အမေ တောင်းပန်ပါတယ်။ အငြိုးအတေးတွေ ရှိတောင် အမေ့မျက်နှာထောက်ပြီး ကျေ ပါတော့ကွယ်''

''ကျန်တဲ့သူတွေကို ကျွန်တော် တစ်စိုးတစ်စေ့မှ ထိခိုက်အောင် မလုပ်ပါ ဘူး အမေ။ ဒီခွေးမသားကိုတော့ မသေ မချင်းသတ်ပြီး ရာဇဝင်ကြွေးဆပ်မယ်လို့ ဟိုကတည်းက ဆုံးဖြတ်ပြီးသား အမေ။ ကဲ ... ကဲ အားလုံး အနားမကပ်နဲ့ လွတ် လွတ်ဖယ်ကြ''

''ဒက် ... ဒက် ... ဒက် ... ဒက် ... ဝုန်း''

စက္ကန့်ပိုင်း မိနစ်ပိုင်းအတွင်း ကျွန် တော်တို့ အဘွားဝိုင်းအတွင်း ယမ်းနံ့ယမ်း ငွေ့တွေ ဝေသွားသလို သွေးစိမ်းသွေးနံ့ တွေလည်း နေအိမ်အနှံ့ နံစော်ကုန်တယ်။ ဒီလောက်နဲ့ ကိုတင်အောင်ရဲ့ အငြိုး အတေး ရန်ငြိုးတွေ ပြေမယ်ထင်သလား။ မပြေဘူးဗျို့ မပြေဘူး။ တစ်ကိုယ်လုံး ကျည်ဆန်ရာ ဆန်ခါပေါက်ဖြစ်နေတဲ့ ကိုကြည်မောင်ရဲ့ မသေမရှင်ဖြစ်နေတဲ့ ဘောင့်တင်းသန်မာတဲ့ ကိုယ်ကြီးကို အိမ် ပေါ်ကနေ လှေကားအတိုင်းကန်ချ လမ်း မပေါ်အရောက်တင်၊ ဂျစ်ကားနဲ့ ကူသည် ခေါက်သည် ဖြတ်မောင်းကြိတ်ပြီးတော့ ကားပေါ်က ငနဲများက အောင်သေ အောင်သားစားတဲ့ပုံနဲ့ အော်ဟစ်ကာ စတင်းဂန်းနဲ့ပစ်ကြတာ မကြည့်ရက် မမြင် ရက်စရာပဲ။

မင်းမဲ့တိုင်းပြည်မို့လားလို့ မေးစရာ ရှိတယ်။ မင်းမဲ့တိုင်းပြည်တော့ မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစ အချိန်ဆိုတော့ အာဏာလုတဲ့အချိန်။ တစ်ပိုလ်တစ်မင်း သူ့အဖွဲ့ငါ့အဖွဲ့ အဖွဲ့တွေကွဲပြီး လွတ်လပ်ရေးရဖို့ ကြိုးပမ်းကြစဉ်က လည်ပင်းဖက်ပေါင်းသင်းကြ၊ အတူတိုက်ပွဲဝင်ခဲ့ကြသော်လည်း သဘောတွေကွဲကြတော့ တိုင်းပြည်ဖရိုဖရဲဖြစ်တာပေါ့။ အစိုးရကိုတောင် ရန်ကုန်အစိုးရလို့ ပြက်ရယ်ပြု ပြောကြဆိုကြအချိန်မို့ ဘယ်သူကဆရာ၊ ဘယ်သူကတပည့်ဆိုတာ မကွဲဘဲ ဖြစ်နေကြချိန်ဆို ပိုမှန်တယ်။

အဲဒီတုန်းက အစိုးရအနေနဲ့ အုပ်ချုပ်မှုယန္တရား ကောင်းကောင်းမလည်ပတ်နိုင်သေးတော့ တစ်ပိုလ်တစ်မင်းသမားတွေအတွက် ရောက်တဲ့မြို့ရွာမှာ ဥပဒေနဲ့ညီညွတ်ခြင်း မညီညွတ်ခြင်းဆိုတာ အဓိကမဟုတ်တော့ဘဲ သူတို့လုပ်ချင်တာ လုပ်ကြတာ။ အဲချင်းဖြစ်ချိန်က ၁၉၄၉ ခုဆိုတော့ အဲဒီကာလမှာ ရဲဘော်ဖြူ၊ ရဲဘော်ဝါ၊ အလံနီဆိုတဲ့ အဖွဲ့တွေဟာ အစိုးရအာဏာစက် မဖြန့်ကျက်နိုင်သေးတာကို အခွင့်ကောင်းယူပြီး တစ်ပိုလ်တစ်မင်းဖြစ်နေကြတာ။ ဖြစ်ချင်တော့ ထန်းသီးကြွေခိုက် ကျီးနင်းလိုက်ဆိုသလို ဖြစ်ပြီး ကိုတင်အောင်ဟာ နယ်မြေတာဝန်ခံ ရဲဘော်ဖြူ ဗိုလ်ဖြစ်လာခဲ့တယ်။

တကယ်တော့ ကိုတင်အောင်၊ ကိုကြည်မောင်တို့ဟာ လွတ်လပ်ရေးမရခင် သူ့ကျွန်ဘဝမှာကတည်းက နယ်ချဲ့လက်ပါးစေ ပုလိပ်အဖွဲ့မှာ တာဝန်ထမ်းဆောင်ကြတဲ့ ပုလိပ်သားတွေပါ။ ကျွန်တော့်အဘွားရဲ့ သားသမက်ဟာလည်း လွတ်လပ်ရေး မရမီကတည်းက ပုလိပ်တပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပုလိပ်အရာရှိပါပဲ။ လွတ်လပ်ရေးရပြီးတော့ တက်လာတဲ့ မြန်မာအစိုးရက စိစစ်ပြီး ဗမာတွေလည်း ဖြစ်တယ်။ တာဝန်ထမ်းဆောင်ဖို့ အရွယ်လည်း ကောင်းသေးတာမို့ ပုလိပ်တပ်ဖွဲ့မှာပဲ ဆက်လက် တာဝန်ထမ်းဆောင်စေခဲ့ပါတယ်။ သူတို့ရဲ့ HEAD QUARTER ကတော့ ရမည်းသင်းမြို့အနောက်ဘက် စစ်တပ်ဝင်းထဲမှာ ရှိပါတယ်။

အဘွားရဲ့ သားသမက်ဟာ သူနဲ့အတူပြောင်းလာတဲ့ ပုလိပ်သား ကိုတင်အောင်နဲ့ ကိုကြည်မောင်တို့ကို သူ့သားတွေလို သဘောထားပြီး အိမ်မှာခေါ်ထားတယ်။ တာဝန်ချိန် ဘာဝန်ရှိတဲ့ အရပ်သွား။ တာဝန်မရှိ အိမ်မှာ အိမ်အလုပ်ပိုင်းလုပ်ပိုင်းစား ကလေးတွေထိန်းပေါ့။

တစ်နေ့တော့ ဘာအကြောင်းကြောင့်လည်း မသိဘူး။ ကိုတင်အောင်နဲ့ ကိုကြည်မောင်တို့ ရန်ဖြစ်ကြတယ်။ ရန်ဖြစ်စဉ်က ကိုတင်အောင်ဟာ ထင်းခွဲနေချိန်ဆိုတော့ လက်ထဲမှာ ထင်းခွဲတဲ့ဓားနဲ့ ကိုကြည်မောင်ကို ယှဉ်တယ်။ ကိုတင်အောင်ရဲ့ဓားနဲ့ တိုက်ခိုက်လာတာကို သတိထားရှောင်တိမ်းရင်း ကိုကြည်မောင်က ကိုတင်အောင်ကို လက်သီးနဲ့ ထိထိမိမိထိုးပစ်လိုက်တယ်။ ကိုတင်အောင် တစ်မျက်နှာလုံး သွေးချင်းချင်းနီသွားတယ်။ သွေးထွက်သံယို ဖြစ်တာလောက်ဆို တော်သေးတယ်။ ခုတော့ ကိုကြည်မောင် လက်သီးချက်ကြောင့် အပေါ်သွားငါးချောင်း၊ အောက်သွားနှစ်ချောင်း ကျိုးသွားတယ်။ အချင်းဖြစ်ချိန်က အဘွားသားသမက်က ခရီးသွားနေတော့ မရှိဘူး။ အဘွားကပဲ ဆူပူကြိမ်းမောင်း ဆုံးမပြီး ကိုတင်အောင်ကို ဈေးအနောက်ဘက်က ကုလားဆရာဝန်ဆေးခန်းမှာ ဆေးထိုး၊ ဆေးထည့် လုပ်ပေးရတယ်။ ဒဏ်ရာအနာကျက်တော့ ဈေးမြောက်ဘက်စန်းငွေယုံအပေါင်ဆိုင်ဘေးက ဦးအေးမောင်ဆိုတဲ့ သွားကျွမ်းကျင်ဆရာကြီးရဲ့ သွားစိုက်ဆိုင်မှာ ရွှေသွားခုနစ်ချောင်း စိုက်ပေးခဲ့ရတယ်။ အဲဒီတုန်းက ရွှေသွားခုနစ်ချောင်းစိုက်တာ ငွေ ၂၉ဝ ပဲ ပေးရတယ်။

အဲဒီကတည်းကစပြီး ကိုတ[င်]အောင်ကို အများက လက်ဖက်ရည်[…] မတိုက်၊ မုန့်မကျွေးရဘဲ ရွှေသွားတ[င်]အောင်လို့ ခေါ်ကြသတဲ့။ ကိုတင်အောင်[…] ဟာ အလုပ်ခွင်မှာ နေထိုင်ရတာ ရှက်[…] တယ်ထင်တယ်။ မကြာခင်ပဲ အလုပ်က[…] ထွက်သွားတယ်၊ အဲဒီကတည်းက ပျောက်[…] သွားလိုက်တဲ့ ကိုတင်အောင် ဒီတစ်[…] ပြန်တွေ့တော့ ရဲဘော်ဖြူအဖွဲ့က ဗိုလ်[…] တစ်ယောက်အဖြစ် ပြန်တွေ့ကြရတာပ[…]

ကိုကြည်မောင်က နှစ်ကာလတွေ[…] ကြာညောင်းသွားလို့ မေ့တောင်မေ့နိုင်[…] မဲ့ ဒီရန်ငြိုးရန်စကို တစ်နေ့ပြန်ရအောင်[…] တောင်းမယ်လို့ ရန်ငြိုးသိုထားတဲ့ ကိုတ[င်]အောင်ကတော့ တစ်နေ့မှ မေ့မရဘူး[…] ဒါကြောင့် ရက်ရက်စက်စက် ကလဲ့စ[ား]ချေခဲ့တာပဲ။ ကလဲ့စားချေလိုက်ပြီးပြီမို့ [...] ကြေးကျေသွားပြီ ထင်သလားဟင်၊ မကျေ[…] ဘူးဗျို့။ တစ်ကျော့ပြန်ကြွေးတင်သွား[…] တယ်။ တကယ့်အဖြစ်အပျက်တွေဟာ[…] ဝတ္ထုရုပ်ရှင်ဇာတ်လမ်းတွေထက် တစ်[…] တစ်ရံ ပိုပြီးဆန်းကြယ်တယ်ဆိုတဲ့ စကား[…] လို ကိုကြည်မောင်နဲ့ ကိုတင်အောင်တို့[…] အဖြစ်ကလည်း အလွန်ပဲ ဆန်းကြယ်ပ[…] တယ်။ ပြောရင် ယုံမှာမဟုတ်ဘူး။ မယုံ[…] လည်း တကယ့်အဖြစ်အပျက်မို့ ပြော[…] လိုက်ဦးမယ်။

BURMESE CLASSIC .com

× × × × ×

"အမေ"

"ဟေ ... ဘယ်သူလဲ"

"ကျွန်တော် ငြိမ်းမောင်ပါ"

"ဟဲ့ ... ဘယ်က ငြိမ်းမောင်လဲ"

"အမေကြီးတပည့် ကားပြင်တဲ့ ငြိမ်းမောင်ပါ"

"သြော် ... ကျေးဇူးရှင်ပဲ၊ နင်တို့[…] တင်အောင်တို့ မသေကြသေးဘူးလာ[း…] သတ်ဖို့ဖြတ်ဖို့ လာတာဆိုရင်တော့ ငါ[…] အဘိုးကြီးကိုပဲ သတ်သွား။ အိမ်မှာ [...]

www.burmeseclassic.com

www.burmeseclassic.com

သူမှ မရှိတော့ဘူး။ နင်တို့အမေကြီးနဲ့ အိမ်သားတွေ နင်တို့ရန်ကြောက်လို့ တစ်ခြားရွှေ့ပြောင်းသွားကြပြီ”

“ကျွန်တော်လာတာ ဘယ်သူမှ ရှာပေးဖို့ လာတာမဟုတ်ပါဘူး။ အဖြစ်မှန်တွေ ပြောပြဖို့ လာတာပါ”

“ဝုတ် … ဝုတ် … ဝုတ်”

“ဟဲ့ … အောင်နက်သွားစမ်း။ ခွေးကောင်နဲ့။ ဒီကောင်တွေက နင်တို့ထက် ဆိုးတဲ့လူတွေ။ သံယောဇဉ်မရှိ၊ ကျေးဇူး မသိသူတွေ။ နင်ပါ အသတ်ခံရဦးမယ်။ သွား … သွား … သွားစမ်း”

အမေသည် ရောက်လာသည့်ညွှေ့သည်ကို ခပ်ပြတ်ပြတ် ပြောဆိုမေးမြန်းမှု ကိုတင်အောင်နှင့် ကိုကြည်မောင်တို့ အခင်းဖြစ်စဉ်က ကားပေါ်တွင်ပါလာသူ တစ်ယောက်ဆိုတာ သိသဖြင့် ဒေါသ ထိန်းနိုင်ဖြစ်ကာ ဒေါသသံပါနေခြင်း ဖြစ်သည်။ ကျွန်တော်တို့၏ အဘွားလေး ကောက်ရှိသည့်အနက် အငယ်ဆုံးအဘွားသည် အချောဆုံး၊ အလှဆုံး၊ အနူးညံ့ဆုံး ဖြစ်သည်။ သို့သော် ရက်စက်ကြမ်းကြုတ်သူတွေနဲ့တွေ့ရင်လည်း ကြောက်တတ်သူတစ်ယောက် မဟုတ်ပါ။

“အမေ … ကျွန်တော်ပြောတာ နားထောင်ပေးပါ အမေ။ အဲဒီနေ့က ရွှေသွားတင်အောင် ကျွန်တော်နေတဲ့ အရေးပိုင်ရွာကို ရောက်လာပါတယ်”

ငြိမ်းမောင်သည် အမေ့ရှေ့က ခုံတန်းလျားတွင် ထိုင်မိသည်နှင့် ဖြစ်ကြောင်းကုန်စင် ပြောဖြစ်သည်။

“ဟော့ … ငြိမ်းမောင်။ ငါ့ကို မှတ်မိသလား”

“မှတ်မိပါတယ် ရွှေ … ဩော် … ဩော် … တင်အောင်”

“မင်းကြိုက်သလို ခေါ်စမ်းပါ ငြိမ်းမောင်ရယ်”

တင်အောင်သည် ရွှေသွားတင်အောင်လို့ ခေါ်မယ်လုပ်ပြီးမှ အိုးတိုးအမ်းတမ်း ဖြစ်သွားသော ငြိမ်းမောင်ကို ကြိုက်သလိုခေါ်ဖို့ ပြောလိုက်သည်။

“သူငယ်ချင်း ခုဘယ်ရောက်နေလဲ”

“ငါ ရဲဘော်ဖြူအဖွဲ့မှာ နယ်မြေတာဝန်ခံ ဖြစ်နေပြီ။ ငါတို့အဖွဲ့မှာ ကားမျိုးစုံရှိတယ်။ အဲဒါ ငါ့သူငယ်ချင်းကို မော်တော်ယာဉ်မှူးခန့်ဖို့ လာခေါ်တာ”

“မလုပ်ပါနဲ့ သူငယ်ချင်းရာ။ ငါ့မှာ ကလေးတွေလည်းများ၊ မိန်းမကလည်း မမာဘူးကွ”

“အေးကွာ။ ဒါဆိုလည်း ဇွတ်မတိုက်တွန်းတော့ဘူး။ ဒါပေမဲ့ ဒီနေ့တစ်ရက်တော့ ငါ့ကို အကူအညီပေး။ ဒီနေ့ ငါ့မှာ အလုပ်ကြီးအကိုင်ကြီး လုပ်စရာရှိတယ်။ ပြီးရင် ပျောက်ဘွယ်သွားမယ်။ ပျောက်ဘွယ်ရောက်တော့ မင်းပြန်ပေါ့။ ပျောက်ဘွယ်မှာ စက်ပြင်ဆရာကော၊ မော်တော်ယာဉ်မှူးပါ ရှိထားတော့ ငါ့ကားအတွက် ပြင်ဖို့ဆင်ဖို့ မပူရတော့ဘူးပေါ့”

ရွှေသွားတင်အောင်သည် သူငယ်ချင်းမို့ ချိုသာစွာ ပြောနေသော်လည်း အထက်စီးက ပြောဆိုနေသည်ဆိုတာ ငြိမ်းမောင်သိသည်။ သို့သော် အခြေအနေ အချိန်အခါအရ စလိုက်စရော ဆက်ဆံနေလိုက်သည်။ တိုင်းပြည် အခြေအနေက သူတစ်လူ ငါတစ်မင်းနဲ့ ကောင်းမှ မကောင်းဘဲကိုး။

“အဲသလိုနဲ့ အခင်းဖြစ်တဲ့နေ့က ကျွန်တော် ဘုမသိ ဘမသိ တင်အောင် ကားပေါ်မှာ ကျွန်တော်ပါလာတာပါ။ ကြည်မောင်ကို သတ်မယ်ကြံစည်တာ ကျွန်တော် လုံးဝမသိပါဘူး။ အဲနေ့ကမှ ကျွန်တော်နဲ့တင်အောင် တွေ့ခဲ့တာပါ အမေ။ ရက်စက်ယုတ်မာတဲ့ တင်အောင်တို့ အဖွဲ့လည်း သူ့အကုသိုလ်နဲ့သူ တင်အောင်ပါ ငါးယောက်လုံး သေကုန်ကြပါပြီ”

“ဟဲ့ … ဟဲ့ ငြိမ်းမောင်၊ တကယ်လားဟဲ့ ဘာတွေဖြစ်ကုန်တာလဲ”

“အင်ကြင်းကန်ရွာ မြောက်ဘက် ရထားလမ်းနဲ့ ကားလမ်းဆုံတဲ့နေရာ အမေ သိတယ်မို့လား”

“အေး … သိတယ်”

“အဲဒီနေရာလည်းရောက်ရော ကားထိုးရပ်သွားတယ်။ ကားဘာဖြစ်တာ ပါလိမ့်ဆိုပြီး ကျွန်တော် အောက်ဆင်းတော့ ဂျစ်ကားခေါင်းပေါ်မှာ ကြည်မောင် မားမားကြီးရပ်ပြီး ကားပေါ်က လူတွေကို ခပ်စိမ်းစိမ်းကြည့်နေတာ ကျွန်တော်တွေ့တယ်။ ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံးမှာ ကျည်ဆန်ဒဏ်ရာတွေ ပွစာကြဲနေပြီး သွေးတွေက ရဲနေတယ်။ ကျွန်တော်လည်း ကြောက်စိတ်ကို မထိန်းနိုင်တော့ဘဲ ကြည်မောင် … ကြည်မောင်လို့အော်ပြီး လာလမ်းအတိုင်း ပြန်ပြေးခဲ့တယ်။ ကျွန်တော် ပြေးပြေးချင်း သေနတ်သံတွေ ကြားတော့ ကျွန်တော့်ကို လိုက်ပစ်တယ် ထင်လို့ အသားကုန် ဇွတ်ဘင်ပြေးခဲ့တာ လမ်းမှာ ကျောင်းဖြူကုန်းရွာက ဦးသိန်းမြင့်တို့ အဖွဲ့နဲ့တွေ့မှ အကြောက်ပြေသွားတယ်။ အားလုံးက ပြန်ကြည့်ချင်တာနဲ့ သွားကြည့်ကြတော့ လေးယောက်က ကားပေါ်မှာ သေနတ်ဒဏ်ရာတွေနဲ့ သေနေပြီး ရွှေသွားတင်အောင်ကတော့ တစ်ကိုယ်လုံး သေနတ်ဒဏ်ရာတွေ ပွစာကြဲနေပြီး သူ့မျက်နှာပေါ်မှာတော့ ဂျစ်ကားညာဘက်ရှေ့ဘီးက တက်ကြိတ်ထားသလိုဖြစ်နေတာ တွေ့ခဲ့တယ်”

“အေး … အမေသဘောပေါက်ပြီ ငြိမ်းမောင်။ ရန်ငြိုးရန်စရှိနေကြရင်တော့ သူတစ်ပြန် ကိုယ်တစ်လှည့် ခံကြရဦးမှာပေါ့ကွယ်”

“ဟုတ်ကဲ့ … ကျွန်တော် မျက်မြင်ကိုယ်တွေ့မို့ ယုံပါတယ် အမေ”

ဝင်းသောင်(ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ခေတ်ဟောင်း၏ ခရိုနီရှင်းလင်းသုတ်သင်ပွဲ

## ကျော်မင်းနိုင်

(၁)

အင်းစိန်စီအိုင်ဒီရုံးအဝင်းမှ ထွက်လာသော ‘ဝရဇိန်ဘမင်း’၏ ခြေလှမ်းတွေက ခပ်မှန်မှန်။

အမှုတစ်ခုအတွက် ညွှန်ကြားရေးမှူးက သူ့ကို ခေါ်ယူတာဝန်ပေးလိုက်ခြင်းကြောင့် ထိုအမှုသည် သူ့ခေါင်းထဲရောက်ရှိနေကာ အမှုအကြောင်းခြင်းရာအား တွေးတောတွက်ဆနေခြင်းကြောင့် ထိုသို့ ခြေလှမ်းမှန်မှန်နှင့် လျှောက်လာမိခြင်းပင်။

အပြင်ဘက်၌ နေရောင်ခြည်သည် ကျဲကျဲတောက်ပူပြင်းလျက်ရှိ၏။ ထိုအပူကို ဂရုမထားနိုင်၊ သူချက်ချင်းခရီးထွက်ရပေတော့မည်။ သူ့စားပွဲမှာရှိနေသော ဖိုင်တွဲများက ရှုံ့ခန်းဇီရိုထဲ ထည့်နေစဉ်

“ . . လဲ . . ကိုဘမင်းကြီး အလုပ်တာဝန်အပေးခံရပြန်ပြီလား”

“ဟုတ်တယ်ဗျာ။ ပဲခူးကို ခရီးထွက်ရလိမ့်မယ်”

“ပဲခူးဆိုတော့ မြရာရောပေါ့။ ပဲခူးမှာက မြရာပင်တွေ ဖုံးနေတယ်လေ”

လုပ်ဖော်ကိုင်ဘက် ရဲအုပ်ခင်မောင်နူးစပ်းသလို မေးလိုက်သဖြင့် –

“မြရာတောပဲပြောပြော ဟသာ်ာမောင်နှံကုန်းလို့ပဲဆိုဆို တာဝန်ပေးရာအလုပ်ဆိုတော့လည်း သွားရမှာပေါ့ ကိုခင်မောင်ရယ် . . . ”

အလိုက်သင့်ပြောပြီး သူ့အခန်းမှ ယူဆောင်စရာရှိသည်တို့ကို ယူဆောင်ပြီး ထွက်လာခဲ့သည်။

“ကိုဘမင်းက အရေးပါတဲ့အမှုကြီးဆိုရင် မရရအောင် ဖော်ထုတ်နိုင်တော့ ညွှန်မှူးမျက်စိကျစရာ ဖြစ်နေတာကိုး။ အောင်မြင်ပါစေဗျာ . . . ”

ကိုခင်မောင်မှတ်ချက်စကားကို ကြားပြီး သူပြုံးမိလေသည်။

× × × × ×

(၂)

အမှန်တော့ သူ့ကို အင်းစိန် စီဒီအိုင်ဒီရှိ အရာထမ်း၊ အမှုထမ်းတွေအားလုံးက ရဲအုပ်ကြီးဘမင်းအဖြစ်နှင့်သာ သိထားကြသည်။

ပြင်ပတွင် ဝရဇိန်အမည်နှင့် လူပ်ရှားလျက်ရှိသည်ကို မသိကြ။ ဒါကလည်း အမျိုးသားရေးစိတ်ဓာတ်နှင့် ဆိုင်နေလေသည်။ ထိုခေတ်ထိုအခါသည် အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးရပြီးစ ပါလီမန်နိုင်ငံရေးခေတ်ဖြစ်၍ အမှုဖြစ်စဉ်တွေကလည်း ရှုပ်ထွေးနေတတ်သည်။

အာဏာရှိသူတွေ၊ ငွေကြေးချမ်းသာ ကြွယ်ဝသူတွေသည် အမှုကြီးတွေနှင့် တစ်ခါတစ်ရံ ပတ်သက်နေတတ်၏။

ထိုအခါမျိုးမှာ ရိုးရိုးစီအိုင်ဒီစုံထောက်ရဲဝန်ထမ်းထက် နာမည်ဝှက်ဖြစ်သော ဝရဇိန်အနေနှင့် အလွတ်လှုပ်ရှားရသည်က ပို၍ခရီးရောက်သည်။

ယခုလည်း ပဲခူးငွေတိုက်ဖောက်ထွင်းမှုဖြစ်သည်။ လူတစ်ယောက်ကိုပင် သတ်ထားသော အမှုကြီးဖြစ်၏။ စကားဝှက်အားဖြင့် ‘တောကြောင်စစ်ဆင်ရေး’

× × × × ×

(၃)

ဟုတ်ပါသည်။ သူတို့ကို မြွေကြွက်များဟု ခေါ်ဆိုသက်မှတ်ထားသည်။ အမှန်တော့ မြေအောက်သောင်းကျန်းသူဟု ဆိုလေ့ရှိသော တောခိုသူပုန်များနှင့် အဆက်အစပ်ရှိသောသူတွေ ဖြစ်၏။ သူတို့သတ်ထားသူမှာ နာမည်ကြီးဖောက်ထွင်းဝိဇ္ဇာ ရဲဒင်ဆိုသူပင်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် ခံယူချက်၊ ယုံကြည်ချက်ရှိသူများ မဟုတ်ကြ။ သူတို့ထက် ခံယူချက်ပြင်းသော အဖွဲ့အစည်းဝင်များက ထိုအချိန်က ရန်ကုန်မြို့သာသာ အဝန်းအဝိုင်းကိုသာ အာဏာစက်ပြန့်နိုင်သော ဖဆပလအစိုးရကို ဆန့်ကျင်ကာ ပြောင်ပြောင်တင်းတင်း လက်နက်စွဲကိုင် တောခိုသွားကြသည်။ ပဲခူးရိုးမ မြရာတောကို ဝင်သူဝင်ကြသည်။

အချို့က ပျဉ်းမနားနယ်နှင့် မသုံးလုံးနယ်မြေက ဆိုအပ်သော မကွေး၊ မြင်းခြံ၊ မိတ္ထီလာနယ်မြေများကို စိုးမိုးထားကြသည်။

ပဲခူးတိုင်းမှာ ဆိုအပ်သော ပဲခူးမြို့ကြီးမှလွဲပြီး ပြည်၊ ပေါက်ခေါင်း၊ တောင်ငူတစ်ဝိုက်ကို ပဲခူးရိုးမ မြရာတောကြီးကို ခြေကုပ်ယူပြီး လှုပ်ရှားနေကြသည်။ ထိုသို့သော အခြေအနေမျိုးတွင် တောမီးလောင် တောကြောင်လက်ပမ်းပေါက် ခတ်ဆိုသလို ရောင်တော်ပြန်နှင့် လှုပ်ရှားနေသော ဓားပြသူခိုးတွေလည်း ရှိနေသည်။

ထိုဓားပြသူခိုးတွေကို ရှင်းရတာ လွယ်ကူသော်လည်း နိုင်ငံရေးအဖွဲ့အစည်း တစ်ခုခုကို နောက်ခံယူထားပြီး လူကြီးလူကောင်းယောင်ဆောင် လှုပ်ရှားနေကြသော ဦးချိုကားကား၊ အမြီးရှည်ရှည် မြေကြွက်ကြီးများကိုမူ ရှင်းရခက်ပြီး အင်မတန်မှ လက်ဝင်လှလေသည်။

အရှင်းမတတ်ပါက အလုပ်ပါပြုတ်ပြီး ထမင်းငတ်သွားနိုင်သည်။ ဒါက အနည်းဆုံးအဆင့်၊ ထို့ထက်မူ ထိုဂုဏ်သမား မြေအောက်ကြွက်ကြီးများအား ရှင်းလင်းရသော ပုဂ္ဂိုလ်မျိုး နောက်ထပ်ပေါ်ထွက်မလာစေရန် အသက်ဇီဝိန်ခြွေ နှုတ်ပိတ်ပစ်လိုက်နိုင်လေသည်။

ယခုပင်ကြည့် ... ဗိုလ်ကြီးဘမင်း ခရီးထွက်ရန်ကိစ္စနှင့် အိမ်သို့ နေ့လွှဲပြန်ရောက်လာစဉ်မှာ ဘယ်ကဘယ်လို သတင်းပေါက်ကြားသွားသည်မသိ။ ခြိမ်းခြောက်စာတစ်စောင်က ခြံတံခါးဝမှာ သော့ခလောက်နှင့်ညှပ်လျက်သား ရောက်နှင့်ဆီးကြိုနေလေပြီ။ သူစာရွက်ခေါက်ကို ကားပေါ်မှလှမ်းယူလိုက်ပြီး ဖြန့်ဖတ်သည်။

ဘမင်း ...

ပဲခူးခရီးဟာ မင်းအတွက် ရှင်လမ်းမရှိတဲ့ အသေခရီးပဲ။ ဒီတာဝန်က မင်းရှောင်ထွက်သွားပါ။

စာမှာ တိုတိုတုတ်တုတ် ရှင်းရှင်းလင်းလင်း ရှိ၏။ လက်နှိပ်စက်စာလုံး။ အောက်ခြေမှာ နာမည်မရေး။ လက်မှတ်မထိုး။

ကိုဘမင်း စာဖတ်နေစဉ်မှာ ခြံတံခါးပွင့်လာသည်။ ခြံထဲမှာ သူ့အစ်ကိုကြီး ကိုဘလင်းရှိနေပြီး သူရုံးသွားနေစဉ် အစ်ကိုကြီးကိုဘလင်းက ခြံတံခါးကို အတွင်းဘက်မှ သော့ခတ်ပြီး သူတို့အိမ်ကြီးထဲမှာ စာရေးရင်းသော်လည်းကောင်း၊ စာဖတ်လျက်သော်လည်းကောင်း ကျန်ရစ်လေ့ရှိသည်။

ယခုလည်း အစ်ကိုကြီးကိုဘလင်း သူ့ကားသံကြား၍ ခြံတံခါးလာဖွင့်ပေးခြင်းပင်။

"ငါ့ညီ ဒီနေ့ ပြန်လာတာ စောလှချည်လား"

"စောဆို ပဲခူးဘက်ကို ခရီးထွက်စရာ အကြောင်းပေါ်လာလို့ အစ်ကိုကြီးရယ်"

"ပဲခူးကို ဟုတ်လား။ ကားလမ်းက သိပ်မအေးလှဘူးနော်။ ကျွန်းကလေးတာဆုံမှာ တိုက်ပွဲတွေဖြစ်ထားတာ သိပ်မကြာသေးဘူး"

သူ့ကားပေါ်တက်ရင်းက အစ်ကိုကြီးကိုဘလင်းက ပြောသည်။

ကိုဘမင်း ကားကို ခြံတွင်း၌ ဘီးလိမ့်သာရုံမောင်းရင်း ကားရုံရှေ့မှာ ရပ်လိုက်သည်။

"ကျွန်တော် ကားနဲ့သွားမှာမဟုတ်ပါဘူး အစ်ကိုကြီးရဲ့ ရထားနဲ့ သွားမှာပါ"

ပြောရင်း ညီအစ်ကိုနှစ်ယောက် အိမ်ကြီးပေါ်တက်လာကြသည်။

အိမ်ကြီးမှာ နှစ်ထပ်တိုက်အိမ်ကြီးဖြစ်ပြီး နှစ်ဦးစလုံး လူပျိုလူလွတ်များဖြစ်သော ညီအစ်ကိုနှစ်ယောက်၏ မိဘဘိုးဘွားလက်ထက်ကတည်းက အမွေဆိုင်တိုက်အိမ်ကြီးဖြစ်၏။

ခြံကြီးမှာ အင်းစိန်ကြို့ကုန်းအရှေ့တွင်ရှိပြီး ကေဝက်ခန့်ကျယ်၍ သီးပင်စားပင်၊ မာလကာပင်များကို မိဘဘိုးဘွားများက အမြော်အမြင်ကြီးစွာနှင့် စိုက်ပျိုးထားခဲ့၍ သူတို့လက်ထက်မှာ ခြံထွက်သီးနှံများကို သုံးစားနေရပြီး ပိုလျှံနေသည်ကိုလည်း ရောင်းတန်ရောင်း၊ လှူတန်လှူ ပေးတန်ပေး လုပ်နိုင်ကြလေပြီ။

သူတို့ စေတနာ အပေးအကမ်းရက်ရောမှုကြောင့် ခြံနီးချင်းများသည် သူတို့ညီအစ်ကိုနှစ်ဦးကို ခင်မင်လျက်ရှိကြသည်။

"အစ်ကိုကြီး ကျွန်တော့်ကို အကူအညီတစ်ခုတော့ ပေးရလိမ့်မယ်"

"ဘာများလဲ ငါ့ညီ"

"အစ်ကိုကြီးနဲ့ ကျွန်တော်က အထက်အောက် ညီအစ်ကိုဆိုတော့ ရုပ်ချင်းခပ်ဆင်ဆင်မို့ ကျွန်တော့်ကားကို မောင်းပြီး ပဲခူးဘက် ခရီးသွားသလို အယောင်ပြပေးဖို့ပါ"

"ဖြစ်ပါတယ်ကွာ။ ဘယ်တော့လုပ်ရမှာလဲ"

"ခု ညနေသုံးနာရီဆိုတော့ နောက်နှစ်နာရီအကြာ ညနေ ငါးနာရီမှာ အင်းစိန်မြို့ထဲကဖြတ်၊ ပြည်လမ်းကိုဝင်၊ ထောက်ကြန့်ရောက်ရင် ကားကို ပြန်လှည့်မောင်းပြီး ပြန်လာရုံပဲ။ ဒီကိုပြန်အဝင် ဦးထုပ်ဆောင်း၊ ရုပ်ဖျက်၊ ကားထဲကမီးကိုမထွန်း



www.burmeseclassic.com

www.burmeseclassic.com

ဘဲထား။ ဒီလောက်ပါပဲ''

"သြော် ... သြော် ... မင်းက အမှုစုံစမ်းရမယ့် ပဲခူးကို ကိုယ်တိုင်ကားနဲ့ ထွက်သွားတဲ့ပုံစံမျိုး မင်းရဲ့အမှုကစားဘက် ပါတနာတွေကို ကွက်ကျော်ရိုက်တဲ့ ပုံစံမျိုးပေါ့ ဟုတ်လား''

"ဟုတ်တယ် အစ်ကိုကြီး။ ကျွန်တော်တို့ စီအိုင်ဒီအလုပ်ဆိုတာ ဉာဏ်ကစားရတဲ့အလုပ်ပဲ''

× × × × ×

(၄)

ကိုဘမင်း သူ့အစ်ကိုကြီးကိုဘလင်းနှင့် အစီအစဉ်များ တိတ်တဆိတ်ဆွဲပြီးနောက် ရပ်ဖျက်ကာ အင်းစိန်ဘူတာကြီးသို့ မြင်းလှည်းဖြင့် ထွက်လာခဲ့သည်။ အင်းစိန်ဘူတာမှ ရန်ကုန်သို့ မီးရထားစီးလာခဲ့သည်။ မီးသွေးခေါင်းရထားဖြစ်၍ တစ်နာရီခန့် စီးရလေသည်။

ရန်ကုန်–ကွမ်းခြံ ဘူတာကြီးအရောက်တွင် ပဲခူးလော်ကယ်ရထားစီးပြီး ပဲခူးဘက်သို့ ဆက်လိုက်လာခဲ့၏။

ပဲခူးလော်ကယ်ရထားမှာလည်း ထိုစဉ် မီးရထားဌာနမှ ပြေးဆွဲပေးနေသော မီးသွေးစက်ခေါင်းများဖြစ်၍ ထုံးကြီးဘူတာအနီးတွင် မီးပေါင်ကျသဖြင့် စက်ရှိန်ကျကာ ဆယ့်ငါးမိနစ်ခန့် ရပ်နားရသည်မှအပ အခြားကြန့်ကြာမှုမရှိဘဲ ပဲခူးဘူတာသို့ ဆိုက်ရောက်ခဲ့၏။

ပဲခူးဘူတာမှအထွက် မြင်းလှည်းစီးပြီး ပဲခူး ပြောကန်ရှိ ကျောင်းနေဘက်သူငယ်ချင်း ကိုစိန်ဝင်းအိမ်သို့ လာခဲ့လေသည်။

"ဟာ ... ဘမင်း။ လော်ကယ် ရထားဝင်လာတဲ့ ဥသြသံကြားကတည်း က မင်းရောက်လာတော့မယ်ဆိုပြီး ငါမျှော်နေတာ''

"အေးကွာ ... အရေးတကြီးကိစ္စပေါ်လို့ ချက်ချင်းထွက်လာရတာ မင်းကို ငါ ဖုန်းကြိုဆက်ထားတဲ့အတိုင်း မိုးကုတ်က ရောက်လာတဲ့ ကျောက်ကုန်သည် တစ်ယောက်အနေနဲ့ မင်းလူတွေကို သတင်းလွှင့်ထားပါရစေကွာ ...''

"အေးကွာ .. မင်းပြောတဲ့အတိုင်း ငါစီစဉ်ထားပြီးသားပါ''

ကိုစိန်ဝင်းမှာ ပဲခူးမြို့တွင် နာမည်တစ်လုံးနှင့် နေထိုင်သော သူဌေးသား တစ်ဦးဖြစ်၍ သူ့ခြံကြီးထဲမှာ သူ့မိသားစုနှင့်အတူ နေထိုင်သော တိုက်အိမ်ကြီးတစ်လုံးအပြင်၊ သူငယ်ချင်းသည့်သည်ဆောင်သည်များ ရောက်လာလျှင် လွတ်လွတ်လပ်လပ်နေရအောင် သူ့ခြံဘေးတွင် ခြံတစ်ခြံ၊ အိမ်တစ်လုံး သီးသန့်စီစဉ်ထား၍ ဝရမိန်ဘမင်းကို ထိုအိမ်၌ နေရာချထားပေးလေသည်။

ဝရမိန်ဘမင်း သူ့ပစ္စည်းများ နေရာချထားပြီး ထိုညရောက်ရောက်ချင်းပင် နားနေဆိုင်းငံ့ခြင်းမရှိဘဲ မြို့ခံသူငယ်ချင်း ကိုစိန်ဝင်းနှင့် အပြင်ထွက်ရန် အဖော်ညှိတော့သည်။

"ငါတို့ မြို့ထဲက အကောင်းဆုံးဟိုတယ်တစ်ခုခုကို သွားကြရအောင် သူငယ်ချင်း''

"ဘာလုပ်မလို့လဲကွ။ စားဖို့သောက်ဖို့ဆိုရင် မင်းရောက်လာရင် အဆင်သင့် စားသောက်နိုင်အောင် ငါ့အိမ်မှာ စီစဉ်ပြီးသားပဲ''

"မင်း အိမ်ရှင်ဝတ္တရားကျေတယ်ဆိုတာ ငါသိပြီးသားပါကွာ။ ဒါပေမဲ့ ငါ့အလုပ်က ခပ်မြန်မြန်လုပ်နိုင်လေ ကောင်းလေမို့ ငါမင်းအိမ်မှာ စားစားသောက်သောက် နားနားနေနေ မနေနိုင်သေးလို့ပါကွာ ...''

"ဒါဆိုလည်း ပြီးရောလေ။ မင်းကို ငါ ငါတို့မြို့က လူကုံထန်တွေ ပျော်ပျော်ပါးပါး စားသောက်အပန်းဖြေတဲ့ 'ဥဿာသီရိ' ဟိုတယ်ကြီးကို ပို့ပေးပါ့မယ်''

သို့ဖြင့် ပဲခူးရွှေမော်ဓောဘုရားလမ်းမှာရှိသော ဥဿာသီရိဟိုတယ်ကြီးသို့ ပဲခူးကိုစိန်ဝင်းက သူ၏ ဝီလီဂျစ်ကားလေးဖြင့် ရှမ်းအမျိုးသားဝတ်စုံဝတ်ထားသော ဝရမိန်ဘမင်းအား လိုက်ပို့ခဲ့လေသည်။

× × × × ×

(၅)

ထိုညက ဝရမိန်တို့ ရောက်သွားချိန်မှာ ညရှစ်နာရီသာသာခန့်။

အားလုံးသော စားနိုင်သောက်နိုင်သူတွေ စားသောက်ကြ၊ ပျော်ပါးကြလို့ ကောင်းသောအချိန်ပင်။

အင်္ဂလိပ်ကိုလိုနီခေတ်ဟောင်း လက်ကျန်တီးဝိုင်းက အနောက်တိုင်းတေးသံနှင့် ဖျော်ဖြေနေသလို အနောက်တိုင်းဆန်ဆန် စုံတွဲတွေလည်း ရှိသည်။ စုံတွဲအကတွေကိုလည်း မြင်ရသည်။

ကိုလိုနီခေတ်အရာထမ်းဟောင်းတွေ၊ လက်ကျန်သူဌေးကြီးတွေ၏ မပြောင်းလဲနိုင်သေးသော အနောက်တိုင်းဝတ်စုံတွေကြားမှာ ခေတ်ဆန်ဆန် နိုင်လွန်လက်ပြတ်အင်္ကျီ၊ ဖဲဘော်ဒီကိုတ်ထဘီဝတ်၊ စကတ်ဝတ်၊ မိတ်ကပ်ခြယ်လှူး အလှထူးနေသော မိန်းမချောလေးတွေကို ပျားကောင်မလေးတွေ ဟိုသည်လှူးလာခေါက်တုံ့ ပျံဝဲနေသည့်အလား တွေ့မြင်နိုင်နေသေးသည်။

ဝရမိန်ဘမင်းသည် ကိုစိန်ဝင်းနှင့်အတူ ရှေ့ကျကျ စားပွဲတွင် ပြောင်ပြောင်တင်းတင်းပင် ဝင်ထိုင်နေရာယူပြီး စားသောက်စရာ မှာသည်။ သူ့သူငယ်ချင်း ကိုစိန်ဝင်းက သူဌေးသားပီပီ အကောင်းဆုံးအရက်နှင့် အကြိုက်ဆုံး အစားအသောက်ကို မှာသည်။

ဝရမိန်ဘမင်းက အသောက်သမားမဟုတ်သော်လည်း မိတ်ဖြစ်ဆွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com

စကားပြောကောင်းအောင် ဝီစကီနှစ်ပက် လောက်မှာပြီး ပီကင်းဘဲကင်နှင့် မြည်း သည်။

ကိုစိန်ဝင်းမှာ မြို့မျက်နှာဖုံးဖြစ်၍ အသိအကျွမ်းပေါလှသည်။ သူတို့ဝိုင်းကို ရစ်သီရစ်သီလာလာလုပ်နေကြသော ပျားမကလေးတွေကလည်း မရှားလှ။ ယို ပျားမကလေးတွေကတစ်ဆင့် ကိုစိန်ဝင်း က ဝရဖိန်ဘမင်းကို မိုးကုတ်ကျောက် အရောင်းအဝယ်ရောက်လာသူအဖြစ် သတင်းပြန့်အောင် လုပ်ပေးသည်။

သိပ်မကြာလိုက်။ သူဌေးကိုစိန်ဝင်း ၏ အသိအကျွမ်း မိတ်ဆွေတွေ၊ ကုန် သည်ပွဲစားတွေ တစ်ယောက်စ၊ နှစ် ယောက်စ ရောက်ရှိလာပြီး သူတို့စားပွဲ ဝိုင်းတွင် စိုစိုပြည်ပြည် ဖြစ်လာသည်။

ခေတ်အပြောင်းတွင် လုပ်ပိုင်ခွင့် ရှိနေသေးသော အရာရှိဟောင်းတွေပါ သည်။ ပွဲလန့်တုန်း ဖျာခင်း၍ ကြီးပွား ချမ်းသာလာသော ခေတ်ပျက်သူဌေးတွေ လည်း ပါသည်။ ကိုလိုနီအင်္ဂလိပ်လက် ထက် မစ္စတာ မစ္စတာ၊ ဂျပန်ဖက်ဆစ် တက်တော့ မာစတာ မာစတာ၊ ပါလီမန် နိုင်ငံရေးခေတ်ဦး ဗိုလ်သခင်လုပ်၍ ခေတ် အဆက်ဆက် လူတွင်ကျယ်လုပ်နိုင်သော အရောင်ပြောင်း ပုတ်သင်ညိုကြီးတွေကို လည်း တွေ့ရသည်။

သူတို့အားလုံး သောက်နိုင်စားနိုင်၊ သုံးနိုင်ဖြုန်းနိုင်သူများ ဖြစ်နေကြသည်။ အရှိန်အဝါကြီးနေကြဆဲ ရှိကြသေးသည်။ ထိုအထဲမှာ လုပ်ငန်းလိုင်စင်စီ သူဌေးကြီး ဦးမောင်ကြီးသည် ဝရဖိန်၏ စိတ်ဝင်စား စရာ ပစ်မှတ်ဖြစ်လာသည်။ လုပ်ငန်းလိုင် စင်စီဆိုသည်မှာ ပါလီမန်နိုင်ငံရေးခေတ် အခါ၌ လုပ်ပိုင်ခွင့်ရှိသော နိုင်ငံရေးသမား အမတ်များနှင့် ပေါင်းပြီး သွင်းကုန်ထုတ် ကုန် အထူးလိုင်စင် ရယူကာ အစိုးရစီမံ ကိန်းများ၊ ဌာနဆိုင်ရာများအတွက် ပစ္စည်းများ ပေးသွင်းခြင်း အခွင့်အာဏာ ရယူထားခြင်း ဖြစ်၏။

ဦးမောင်ကြီးကို ပဲခူးဦးမောင်ကြီး ဟု ခေါ်ကြသည်။ ဦးမောင်ကြီးသည် ပဲခူး မြို့တွင်မက ရန်ကုန်အထိ နာမည်ကြီးသူ ဖြစ်၏။ ထိုစဉ်က ရန်ကုန်မြို့တော်သည် ပဲခူးတိုင်းအတွင်းမှာသာ ရှိ၍ အထူးသဖြင့် ခေတ်စားနေသော မြင်းပွဲတွေကလည်း ရှိနေ၏။

မြင်းပွဲလောင်းကစားရာ မြင်းပြိုင် ကွင်း(ယခု ကျိုက္ကစံကွင်း)၌ မြင်းပွဲရှိသည့် တနင်္ဂနွေနေ့ဆိုလျှင် ပဲခူးဦးမောင်ကြီး ရှိ နေတတ်သည်။

ဦးမောင်ကြီးကိုနာမည်ရှေ့က ဦး တပ်၍ သူ့အရှိန်အဝါအရ ခေါ်ဆိုနေ သော်လည်း အသက်အားဖြင့် သိပ်ကြီး သေးသည်မဟုတ်။ လေးဆယ်ကျော်ရုံမျှ ပဲရှိဦးမည်။ စားကောင်းတုန်း၊ သောက် ကောင်းတုန်း၊ အလုပ်အကိုင်မှန်သမျှ ခြေ သွက်လက်သွက် လုပ်ကောင်းတုန်းရှိ သေးသည်။

ဦးမောင်ကြီး၏ဝိုင်းမှာ ငွေကြေးသုံး ဖြုန်းနိုင်သဖြင့် ပျားမလေးတွေ ဝိုင်းဝိုင်း လည်နေ၏။ ပြီးတော့ လုပ်ပိုင်ခွင့် ရာထူး ရာခံရှိသောသူအချို့ကိုပါ သောက်သောက် စားစား တွေ့မြင်နေရပြန်သည်။

"ဗျို့ . . . ကိုစိန်ဝင်း၊ ဦးမောင်ကြီး ဝိုင်းမှာ ဦးမောင်ကြီးကို အနီးကပ်ပြုစုနေ တဲ့ ဖိသားအနီရောင်ဝတ်စုံနဲ့ ကောင်မ လေးက တော်တော်ချော၊ တော်တော်နိုပ် တာပဲ။ သူလေးက ဘယ်သူလေးလဲဗျာ"

"အဲဒီကောင်မလေးနာမည်က ကစ်တီတဲ့။ ရန်ကုန်က ရောက်လာတာ သိပ်မကြာသေးဘူး။ သူက အပြုအစု ကောင်း၊ အညှုအစရာကောင်းဆိုတော့ ကိုမောင်ကြီးက ဉဿာသီရိကို ရောက် လာရင် လက်မလွှတ်ဘဲ အပိုင်ကိုင်ထား တယ်ဗျာ"

"ဒါဆို ကစ်တီနဲ့ ကျွန်တော့်ကို ခင်ဗျားဆက်ပေးနိုင်မလား"

"စိန်ဝင်းကလည်း ပဲခူးမှာ နာမည် ဟစ်လုံးနဲ့ နေတာပဲဗျာ။ ဆက်ပေးနိုင်တာ ပေါ့။ ဒါပေမဲ့ ဘီလူးစည်း၊ လူ့စည်းဆိုတာ တော့ ရှိတယ်။ ဦးမောင်ကြီးဝိုင်းဝင်နေတဲ့ ဟာမလေးတွေကို ကျွန်တော် ကြားဖောက်ပြီး မဆက်သွယ်ချင်သလို၊ ကျွန် တော်တို့ဝိုင်းဝင်နေတဲ့ ဟာမလေးတွေကို လည်း ဦးမောင်ကြီးတို့ ကြားဖောက်ပြီး ဆက်သွယ်လေ့မရှိကြဘူးဗျ"

"အေးဗျာ၊ ရှိပါစေ။ နောက်နေ့ ပေါ့။ ဒါထက် ဦးမောင်ကြီးတစ်ယောက် ခုတလော မြင်းပွဲမှာ တော်တော်အရှုံးကြီး ရှုံးနေတယ်လို့ ကြားရသဗျာ"

"ဟုတ်တယ်။ တော်တော်အထိနာ နေတယ်။ ဒါပေမဲ့ သူက သူ့အဆက် အသွယ်တွေနဲ့ လုပ်ငန်းတွေ မပြတ်ရနေ တော့ အသောက်အစား အသုံးအဖြုန်း မပျက်ပေါ့ဗျာ"

"အေးပေါ့လေ။ တတ်နိုင်တဲ့သူ တွေအတွက်တော့ ဆင်ပိန်ရင် ကျွဲ လောက်တော့ ကျန်ကြသေးတာပဲ။ ကျွန် တော့်မှာပါလာတဲ့ ကျောက်တွေကိုလည်း သူ့ကိုရောင်းဖို့ စပ်ဟပ်ကြည့်ရဦးမယ်"

"သူ့ဖုန်းနံပါတ် ကျွန်တော့်ဆီမှာ ရှိတယ်။ သူ့ကိုလည်း နောက်နေ့ဆက် သွယ်တာပေါ့ဗျာ။ သူက ရတနာစုဆောင်း နေတဲ့ ခေတ်ပျက်သူဌေးဆိုတော့ ခင်ဗျား ဆီက ကျောက်တွေ သူ့အကြိုက်တွေ့ရင် ဝယ်ထားနိုင်ပါတယ်"

သူတို့ အချိန်ယူ၍ စားသောက်နေ စဉ် ညကိုးနာရီကျော်လာခဲ့ချေပြီ။ အချို့ စားသောက်ဝိုင်းမှာ လူတွေပင် ပြန်ကြပြီ။

"ဟော . . . ဟော . . . ဦးမောင် ကြီးတို့ဝိုင်းကလူတွေ ပြန်ဖို့ထကြပြီဗျာ"

"ဟုတ်တယ်။ ခင်ဗျားပြောတဲ့ ရန်ကုန်က အသစ်ရောက်လာတယ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com

…တီဆိုတဲ့ အချောအလှလေးပါ ဦးမောင် …သက်ကို အမိအရတွဲလို့ သူပါလိုက် …တော့မလို့နဲ့တူတယ်''

''ဒီလိုဟာတွေအတွက် ဒါတွေ …နေ်းမဟုတ်ပါဘူးဗျာ။ ကိုဘမင်းက …ည်း သိရဲ့သားနဲ့''

သူတို့ပြောနေကြစဉ် ဦးမောင်ကြီး …် အချောအလှ ကစ်တီတို့ သူတို့ဝိုင်း …မှ ဖြတ်လျှောက်လာကြသဖြင့် ပြော …က်စ စကားကို ဘရိတ်အုပ်လိုက်ကြရ …သည်။

ဦးမောင်ကြီးက ကိုစိန်ဝင်းကို တွေ့ …ပြီး –

''အိုင်ဆေး ကိုစိန်ဝင်း။ ခုတလော …်များ ငြိမ်ချက်သားကောင်းလို့ဗျာ။ …သသီရိကိုရောက်တာတောင် ကျွန် …တော့်ဝိုင်း ဘာလို့မဝင်တာလဲဗျာ့''

''ကျွန်တော့်ညီ့သည် မိုးကုတ်က …ကျောက်သူဌေးရောက်လာလို့ပါဗျာ''

''ဪ … ဒီညီ့သည်က မိုးကုတ် …က ကျောက်သူဌေးကိုး။ ကျွန်တော့်ဆီ …ဆက်သွယ်လေဗျာ။ ကျွန်တော်လည်း …ကြိုက်တွေ့ရင် အားပေးရတာပေါ့''

ဦးမောင်ကြီးက ဝရဖိန်ဘမင်းအား …စိတ်ဝင်စားသလို တစ်ချက်ကြည့်ပြီး ပြော …လိုက်ရာ ဝရဖိန်ဘမင်းက ဏမင်တကာ …င် ရှမ်းသံခပ်ဝဲဝဲနှင့် –

''ဟုတ် … ဟုတ်ကဲ့ခင်ဗျ။ ကျွန် …တော်လည်း လူကြီးမင်း ကျောက်မျက် …ဆာနာတွေ ဝါသနာပါတာသိရလို့ မနက် …ဖြန်အရောက်လာခဲ့ပါ့မယ်ခင်ဗျာ''

''ကျုပ်က အလုပ်တွေခပ်များများ …ဆိုတော့ ကျုပ်ဆီမလာခင် ဖုန်းတော့ ကြို …ဆက်နော်။ ခင်ဗျားမိတ်ဆွေ ကိုစိန်ဝင်းဆီ …မှာ ကျုပ်ရဲ့ဖုန်းနံပါတ်ရှိပါတယ်''

''ကောင်းပါပြီခင်ဗျာ့''

ဝရဖိန်ဘမင်းက အရောင်းအဝယ် …သမားဟန်နှင့် အပိုးသေသေ အချိုးကျ ကျ ပြန်၍ပြောနေစဉ် ဦးမောင်ကြီးသည် သူ့လက်မောင်းကို ကန္နဲ့ကလျ ယီးလေးခို မတတ် ဆွဲတွယ်ကပ်ထားသော ကစ်တီ အချောအလှမကလေးဘက် လှည့်၍ ရီဝေဝေလှည့်၍ ပြောသည်။

''ကဲ … သွားစို့ကစ်တီ၊ ညဉ့်နက် နေပြီ''

''ရက်စ် … ဒါလင်၊ သွားစို့''

ဦးမောင်ကြီးနှင့် အချောအလှ ကစ်တီတို့ ဦးမောင်ကြီးကားရပ်ထားရာ ဆီသို့ လျှောက်လှမ်းသွားကြသည်။

× × × × ×

(၆)

နောက်တစ်နေ့မနက်တွင် ဝရဖိန် သည် ကိုစိန်ဝင်း၏ ဧည့်ဂေဟာတိုက် ကလေး၌ နားနားနေနေနေပြီး ပဲခူး ဦးမောင်ကြီးထံ ဖုန်းအဆက်အသွယ်ရယူ သည်။ ဦးမောင်ကြီးနှင့် ဖုန်းအဆက် အသွယ် ချက်ချင်းရသည်။

''ဟဲလို … ပြောပါ။ ကျွန်တော် ပဲခူးဦးမောင်ကြီးပါ''

''ဟုတ်ကဲ့ … ကျွန်တော် စိုင်းနော်ခမ်းပါ ခင်ဗျာ''

စကားသံကို ရှမ်းသံဝဲဝဲကလေးနှင့် တမင်လုပ်ပြီး ပြောလိုက်သဖြင့် တစ်ဖက် မှ ဖုန်းလက်ခံပြောသော ဦးမောင်ကြီး တွေဝေသွားပုံရသည်။

''ဘယ်က စိုင်းနော်ခမ်းလဲခင်ဗျာ''

''ဪ … ဪ … လူကြီး မင်းမေ့သွားလို့ ထင်ပါရဲ့။ ကျွန်တော်နဲ့ လူကြီးမင်းတို့ မနေ့ညက ဥသဿာသီရိ ဟိုတယ်မှာ ဦးစိန်ဝင်းမိတ်ဆက်ပေးထား ခဲ့တဲ့ မိုးကုတ်က ကျောက်ကုန်သည် စိုင်းနော်ခမ်းပါခင်ဗျာ''

''ဟုတ်ပြီ … ဟုတ်ပြီ။ ကျုပ်မှတ် မိပြီ။ ခင်ဗျား ကျုပ်ဆီလာမလို့လား။ ကျုပ် ဆီလာရင် ပါချီပါချက်ကျောက်တော့ ယူ မလာနဲ့နော်။ ကျုပ်နဲ့ အလုပ်ဖြစ်မှာမဟုတ် ဘူး။ အနည်းဆုံး သိန်းကျော်ကျောက်မျိုး မှ ကျုပ်က ဝယ်မှာ …''

''ဟုတ်ကဲ့။ ကျွန်တော်ကလည်း သိန်းကျော်တန်ကျောက်မပါဘဲ မိုးကုတ် ကနေ ဆင်းလာမှာမဟုတ်ပါဘူး။ သိန်း ကျော်တန်ကျောက်မကိုင်နိုင်ရင် မိုးကုတ် နာမည်ပျက်တယ်ဗျာ့''

''အင်း … အင်း … ခင်ဗျား စကားကိုတော့ ကြိုက်သွားပြီ။ လာခဲ့လေ ဗျာ။ ခင်ဗျားရဲ့ အပြောအဟောနဲ့ ညီမညီ ခင်ဗျားယူလာတဲ့ ကျောက်ကိုကြည့်ပြီး အကဲဖြတ်ရတာပေါ့''

ပဲခူးဦးမောင်ကြီးဘက်က တယ်လီ ဖုန်း ချသွားလေသည်။

စိုင်းနော်ခမ်းတစ်ဖြစ်လဲ ဝရဖိန် ဘမင်းသည် ရှမ်းဝတ်စုံကို ဝတ်ပြီးနောက် သူငယ်ချင်းကိုစိန်ဝင်း၏ ဝီလီဂျစ်ကို ကိုယ် တိုင်မောင်းကာ ပဲခူးဦးမောင်ကြီးတိုက်ရှိ ရာ ပဲခူးဟင်္သာကုန်းခြံသို့ ထွက်လာခဲ့ သည်။

ပဲခူးဟင်္သာကုန်းဘက်တွင် ဦးမောင် ကြီးသည် တသီးတသန့် ခြံကျယ်ကြီးနှင့် နေထိုင်သူဖြစ်၏။ ထိုစဉ်က ဟင်္သာကုန်း ဘက်မှာ တောရိပ်တောင်ရိပ်ကျသဖြင့် ခြံ ကျယ်ကြီးတွေရှိသလို၊ ဦးမောင်ကြီး၏ခြံ ကျယ်ကြီးမှာလည်း ဟပည့်တပန်းများနှင့် မြင်းတွေ မွေးထားလေသည်။

ဦးမောင်ကြီးက စီးပွားရေးသမား ပီသသူ ဖြစ်၏။ စိုင်းနော်ခမ်းနှင့် ကိုစိန်ဝင်း ကို ဧည့်ခန်းထဲမှ ထိုင်စောင့်နေလေသည်။

စိုင်းနော်ခမ်းတို့ ရောက်သွားသည် နှင့် လက်ဖက်ရည်၊ ကိတ်မုန့်များနှင့် ဧည့် ခံပြီးနောက် အလုပ်ကိစ္စ စကြသည်။

ဝရဖိန်သည် စိုင်းနော်ခမ်းအသွင် ယူထားသည်မို့ သိန်းကျော်တန် ပတ္တမြား နှင့် အခြားသောင်းကျော်တန် ကျောက် အချို့ကို သယ်ဆောင်လာခဲ့သည်။ မိုးကုတ်



www.burmeseclassic.com

www.burmeseclassic.com

ကျောက်သူဌေး စိုင်းနော်ခမ်းအဖြစ် ပိပိရိရိ ရှိစေရန် ဦးမောင်ကြီးကို အယံသွင်းလိုက်သည်။

ဦးမောင်ကြီးက စိုင်းနော်ခမ်းထုတ်ပြသည့် အရှည်အသွေးကောင်း ပတ္တမြားကြီးကို အကြိုက်တွေ့သွားပြီး ဈေးစကားပြောဆို ငွေချေလိုက်သည်။

"ခင်ဗျားက ရှမ်းပီပီ တကယ်တော်ကျတာပဲ။ ခင်ဗျားဆိုတဲ့ တစ်သိန်းက အပြင် ထပ်မလျှော့ပေမဲ့ ကျုပ်ဘက်ကလည်း အကြိုက်တွေ့နေတော့ ခင်ဗျားပြောတဲ့ဈေးပဲ ပေးလိုက်ပါ့မယ်"

ဦးမောင်ကြီးက သူအသင့်ဆောင်ထားသော ငွေထုပ်မှ ငွေတစ်သိန်းထုတ်ချေသည်။ စိုင်းနော်ခမ်းမှ ငွေစက္ကူနံပါတ်ကို သူ့ဦးနှောက်အကန့်မှာ သွင်းထားရာက ပဲခူးငွေတိုက်နံပါတ်များဖြစ်ကြောင်း အတိအကျ သိလိုက်လေပြီ။

ငွေချေပြီးနောက် ဦးမောင်ကြီး သူ့ရှေ့မှာချထားသော ပတ္တမြားကို သိမ်းယူရန် လက်လှမ်းလိုက်စဉ် စိုင်းနော်ခမ်း ရှမ်းတိုက်ပုံအိတ်ထဲမှာ အသင့်ယူဆောင်လာသော လက်ထိတ်က 'ချောက်' ခနဲ အသင့်ခတ်လိုက်နိုင်သလို လက်တစ်ဖက်မှလည်း သူ၏လက်ရှိတော် ခြောက်လုံးပြူးကို ထုတ်ထားလိုက်ပြီးဖြစ်သည်။

"ရှမ်းကြီး။ ဒါက ဘာလုပ်တာလဲ"

ဦးမောင်ကြီး အလန့်တကြားထရပ်ပြီးအပြော ရှမ်းကြီးတစ်ဖြစ်လဲ ဝရဇိန်ဘမင်း လေသံအေးအေးနှင့် ပြောလိုက်လေသည်။

"သွေးရူးသွေးတန်း မလုပ်ချင်စမ်းပါနဲ့ ဦးမောင်ကြီး။ ပဲခူးငွေတိုက်ဖောက်မှုမှာ ခင်ဗျားလက်ရာမကင်းဘူးဆိုတာ သိထားပါပြီ။ သက်သေခံပစ္စည်းအနေနဲ့ ပေါ့ဒီငွေစက္ကူက နံပါတ်တွေပဲ"

"ဪ ... ဪ ... မင်းက ဒီလိုလား။ မင်း ငါ့ပိုင်နက်ထဲရောက်နေတယ်ဆိုတာကိုလည်း သတိရဦးမှပေါ့"

"သတိရတာပေါ့ ဦးမောင်ကြီးရယ်။ ဒါကြောင့်လည်း ခင်ဗျားဆီကိုမလာခင် ကျုပ်က ကျုပ်လူတွေကို ခင်ဗျားခြံဝန်းကျင်မှာ ရုပ်ဖျက်အသွင်ပြောင်း နေရာချထားခဲ့ပြီးသားဗျ။ ခင်ဗျားပိုင်နက်မို့ ခင်ဗျားလူတွေ ကျုပ်ကို အန္တရာယ်ပေးဖို့ ကြိုးစားတာနဲ့ ကျုပ်က ကျုပ်ရှေ့မှာ ပစ်ကွင်းဖြစ်နေတဲ့ ခင်ဗျားအသက်ကို ဖိဖိနှိပ်ခြွေပြီးသားပဲ"

"ဒီ .. ဒီငွေစက္ကူတွေ တွေ့တာနဲ့ ကျုပ်က ပဲခူးငွေတိုက်ဖောက်ထွင်းတဲ့ တရားခံဖြစ်ရရောလား။ ကျုပ်လို စီးပွားရေးအခိုင်အမာနဲ့ လူကြီးလူကောင်းတစ်ယောက်က ဒီလိုအောက်တန်းကျတဲ့ ငွေတိုက်ဖောက်တဲ့အလုပ်ကို လုပ်မတဲ့လားဗျာ ..."

"ခင်ဗျား ခုမှ ဆင်ခြေတွေ၊ ကာသီကမာတွေ လုပ်မနေနဲ့။ ငွေတိုက်ဖောက်တာ ခင်ဗျားအစီအစဉ်။ ခင်ဗျားကိုယ်တိုင်မဖောက်ပေမဲ့ ဖောက်ထွင်းဝိဇ္ဇာ မြေကြွက်ရဲဒင်ကိုငှားပြီး ဖောက်ခဲ့တာပဲ။ ပြီးတော့မှ ဖောက်ထွင်းဝိဇ္ဇာမြေကြွက်ရဲဒင်ကို နှုတ်ပိတ်တဲ့အနေနဲ့ ဝေစုမပေးဘဲ ခင်ဗျားလူတွေက သတ်ပစ်ခဲ့တာပဲ မဟုတ်လား"

ဝရဇိန်ဘမင်း၏ ဖော်ထုတ်ချက်တွေအားလုံး အမှန်တွေချည်းမို့ ဦးမောင်ကြီး မငြင်းဆန်နိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားလေ၏။

သူ့တပည့်အချို့ကလည်း အပြင်မှ ရုပ်ဖျက်အသွင်ပြောင်းထားသော ဝရဇိန်ဘမင်း၏ အဖွဲ့က အပိုင်သိမ်းထားလိုက်နိုင်သည်။

× × × × ×

(၇)

သို့နှင့် ... ပဲခူးမှ ဓော်ဖျက်သူဌေး အခွင့်တူးခံ ခပြိုနီလက်ဟောင်း ဦးမောင်

ကြီး၏ ငွေတိုက်ဖောက်လွင်းခိုးယူ
လူသတ်မှုမှာ ပဲခူးတွင် ပြီးပြတ်သွား
ဟု ထင်ရမည်ဖြစ်သော်လည်း လ
သတ်မပြီးသေးပါ။

ထိုခရိုနီလက်ဟောင်း ဦးမော
၏ အမှုနှင့် ဆက်စပ်ပြီး အင်းစိန်စီ
အတွင်း ဝင်မွှေနေသော အသား
လောက်တစ်ကောင်ကို ထပ်မံဖမ်း
လိုက်ရပြန်သည်။

ထိုအသားထဲကလောက်မှာ ဦး
ကြီးငွေနှင့်ပေါက်၍ မွေးထားသော စီ
ဒီဝန်ထမ်း ဒုရဲအုပ်ကိုခင်မောင်ပင်
လေသည်။

"ကဲ ... ကိုခင်မောင်၊ ခင်ဗျာ
မှ ငြင်းမနေနဲ့။ ကျွန်တော် ပဲခူးမသွ
ရခဲ့တဲ့ ခြိမ်းခြောက်စာဟာ ခင်ဗျား
နှိပ်စက်က ထွက်လာတဲ့ ခြိမ်းခြောက်
သေတ်ကလေး ထိပ်ပွဲနေတာရယ်၊
ကြီးတင် ဆံခတ်ပြုန်းနေတာတွေရ
သက်သေခံအထောက်အထားတွေ

"ခင်ဗျား အချင်းချင်းလူလည်
နဲ့။ ဒါဆို အဲဒီတုန်းကတည်းက ကျ
ဘာလို့မဖမ်းတာလဲ"

"အဲဒီတုန်းကတည်းက ဖမ်း
ရင် ကျုပ်တို့ရဲ့ အဓိကပစ်မှတ် လွတ်
မှာပေါ့။ ခင်ဗျားကို ဖမ်းလိုက်တာနဲ့
သတိပေးလိုက်ရာ ရောက်သွားမယ်
ဗျ။ ဒါကြောင့် ရန်ကုန်မှာကျန်ခဲ့တဲ့
အစ်ကို ကိုဘလင်းကို ကျုပ်အထက်
ရှိတဲ့ ညှိနှိုင်းဆက်သွယ်စေပြီး ကျ
အရောက်မှာ ခင်ဗျားပြဿနာကို
ရှင်းရတာပဲဗျ"

စီအိုင်ဒီအချင်းချင်းပေမည့်
မောင် သူ၏သစ္စာဖျက်ယွင်းဖော
မှုနှင့်သူ ဖမ်းဆီးအရေးယူခံလိုက်ရ

ကျော်မင်း



www.burmeseclassic.com

www.burmeseclassic.com



# ထူးခြားပါပေသည်

ကိုရွှေတောသား

ဆေးခန်းရှေ့တည့်တည့်ကို 'ကျွဲ' ကားထိုးရပ်လိုက်သံကြောင့် ဂျာနယ်စစောင်ဖတ်နေရာက ဒေါက်တာအာဘော လှမ်းကြည့်လိုက်သည်။

ကားက အကောင်းစား။

မကြာခင် ကားတံခါးပွင့်လာပြီး ကားထဲမှ လူတစ်ယောက်ဆင်းလာသည်။ ပိုးအစ်အစ်၊ ဗိုက်ရွှဲရွှဲ၊ တကယ့်အသားတိုး ဝက်ကြီးအလား အိပ့်အိပ့်နှင့် ဆေးခန်းကို မျက်နှာမူ၍ လျှောက်လာသည်။ ပုံစံကြည့်ရသည်က လူမမာတော့ မဖြစ်တန်ရာ။ အသွင်အပြင်က ကျားကိုးစားမကုန်သည့် အသွင်ပေပဲ။

"ဒေါက်တာအာဘော ... ရှိပါသလား"

သည်သို့ အမေးစကားနှင့်အတူ ဆေးခန်းထဲ ဝင်လာသည်။ သိဖူးကျွမ်းဖူးသူ မဟုတ်တာတော့ သေချာသည်။

"ဟုတ်ကဲ့၊ ကျွန်တော် ဒေါက်တာအာဘောပါပဲ။ ထိုင်ပါ ... ကျွန်တော်ဘာများ ကူညီပေးရပါ့မလဲ"

လောကဝတ်နှင့်လျော်ညီစွာ နေရာပေး၍ စကားလမ်းခင်းပေးလိုက်သည်။

"ကျွန်တော်က OTTO ကုမ္ပဏီကနေ့နေ့ဂျင်းဒါရိုက်တာ ဦးခွန်းထစ်ပါ။ ကျွန်တော့်ကျန်းမာရေးကိစ္စနဲ့ ပက်သက်ပြီး ဒေါက်တာ့ဆီက အကြံဉာဏ်တွေတောင်းခံချင်လို့ပါ"

သို့ဆိုရင်း ခေတ္တစကားရပ်သည်။ သည်လိုမျိုး အကြံဉာဏ်လာတောင်းသည့် ပုဂ္ဂိုလ်တွေ မနည်း။ ယောက်ျားသားအတော်များများဆိုလျှင် ၎င်းတို့ယောက်ျားမပီသသည့်ကိစ္စအတွက် ဆွေးနွေးတတ်ကြသည်။ တစ်မြန်နေ့ကပင် မှူခင်းဂျာနယ်တစ်စောင်၏ အယ်ဒီတာချုပ်ဖြစ်သူ ဆရာဦးငြိမ်းတူ ရောက်လာပြီး စွမ်းဆောင်ရည်ကျဆင်းနေသော ၎င်း၏ အဖြစ်သနစ်ကို လာဆွေးနွေးခဲ့သေးသည်။ သည့်အတွက် သည်လိုကိစ္စ၌ လွန်စွာမှ ဆေးစွမ်းထက်သော မိတ်ဆွေကြီး ဒေါက်တာမောင်မောင်စိန်လင်း၏ နတ်မောက်ဆေးကုခန်းရှိရာ ညွှန်ပေးလိုက်ရသေးသည်။

ခုလည်းလာပြန်ချေပြီ။ သူလည်း အနီးရောဂါပေပဲလား။

တကယ့်တကယ်ကျ ထင်သလိုမဟုတ်။

"ကျွန်တော် အရမ်းဝနေတယ် ဒေါက်တာ။ အဲသည်အတွက် နေရထိုင်ရတာမကောင်းဘူး။ ဝိတ်ချချင်တယ် ဒေါက်တာရယ်။ ကူညီပါဦး"

"အဆီများတဲ့ အသားငါးတွေ ရှောင်ပေါ့ ဦးခွန်းထစ်ရယ်။ စားရင်လည်း တော်ရုံသင့်ရုံပဲစားပါ။ အသီးအရွက်ကို ဦးစားပေးစားပါ။ သံပရာရည် တစ်နေ့နှစ်ခွက်လောက်သောက်ပါ။

အင်း ... အကောင်းဆုံးကတော့ မြင်းစီးလေ့ကျင့်ပေးရင် ကောင်းမယ်။ ဒါဆို တစ်ပတ်လောက်နဲ့တင် ဝိတ်အတော်ကျသွားမှာပဲ"

"ဟန်ကျလိုက်လေ ... ဒေါက်တာရယ်။ ကျွန်တော့်သူငယ်ချင်းတစ်ယောက် မြင်းမွေးထားတယ်။ သူ့ဆီက မြင်းကို နေ့တိုင်းသွားစီးမယ် ဒေါက်တာ"

"ကောင်းတယ် .. ကောင်းတယ်၊ တစ်ပတ်ပြည့်ရင် အခြေအနေကို လာပြောလှည့်ပါဦး"

"စိတ်ချ ဒေါက်တာ ... စိတ်ချ"

ဦးခွန်းထစ်တစ်ယောက် ဒေါက်တာ အာဘောရဲ့ အကြံပေးချက်ကို ဝမ်းမြောက်ဝမ်းသာလက်ခံပြီး ပြန်သွားသည်။

နောက်တစ်ပတ် ...။

မျှော်လင့်ထားသည့်အတိုင်း အဖိုးတန် အကောင်းစားကားကြီးနှင့် ဦးခွန်းထစ်ပြန်လာသည်။ အခြေအနေကို အကဲခတ်ကြည့်လိုက်တော့ ဟိုအရင်တစ်ပတ်တုန်းကနှင့် မခြား။ သို့ရာတွင် အကျိုးအကြောင်းကိုတော့ ခြေခြေမြစ်မြစ်သိရဖို့ မေးမြန်းရဦးမည်။

"ဘယ်လိုလဲ ဦးခွန်းထစ်၊ မြင်းစီးလေ့ကျင့်ခန်း လုပ်ဖြစ်ရဲ့လား"

"လုပ်ပါတယ် ဒေါက်တာ။ တစ်ရက်ကလေးမှ မပျက်ခဲ့ပါဘူး"

"ဟား .. ကောင်းတာပေါ့။ ဘယ့်နှယ် အခြေအနေကော ထူးခြားရဲ့လား"

"သိပ်ထူးခြားတာပေါ့ ဒေါက်တာရယ်"

သည်သို့အစချီလျက် ဆက်စပ်ပြောဆိုသော စကားကြောင့် ဒေါက်တာအာဘောအဖို့ ပါးစပ်အဟောင်းသားဖြစ်သွားရပါပကော။

"ထူးခြားတာမှ ကျွန်တော်စီးတဲ့မြင်းဟာ တစ်ပတ်အတွင်း ၁၀ ပေါင်တိတိ ဝိတ်ကျသွားတယ် ဆရာ ..." တဲ့။

မြို့မေတ္တာခံယူမယ့်
ကိုရွှေတောသား



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ယမ်းဘီလူးအောင်ဒင် ဖိနပ်မောကျနေခြင်းကြောင့် တယ်လီဖုန်း ခေါ်သံကို မကြားပါချေ။

ညှော်ခန်းတွင်းမှ တယ်လီဖုန်းသံက စူးစူးရှရှနှင့် အချိန်ကြာမြင့်စွာ မြည်နေသည်။

ယမ်းဘီလူးအောင်ဒင် မနိုးပါ။ တကယ်ပင် နှစ်နှစ်ခြိုက်ခြိုက် ဖိနပ်မောကျနေခြင်းပင်။

မနေ့က နည်းနည်းများသွားသည်ဟု ဆိုရမလား။ မနေ့ညနေက ယမင်းစားတော်ဆက်တွင် ဥပဒေအကျိုးဆောင် ဆရာကြီးများဖြစ်ကြသည့် ဆရာမောင်မောင်စိန်လင်း၊ ဆရာချစ်ကိုကိုယုတို့နှင့် မိမိဆောင်ရွက်ပေးရမည့် မှုခင်းရေးရာတစ်ခုအတွက် ဆွေးနွေးရာ စကားဝိုင်းကောင်း၍ နည်းနည်းများသွားသည်။

ပြီးနောက် ညဘက်တွင် သည့်အမှုနှင့် ပတ်သက်သည့် အကြောင်းအရာများ ဆက်စပ်လေ့လာနေရာ ညဥ့်တစ်နာရီမှ အိပ်ရာဝင်ဖြင့် ယမ်းဘီလူးအောင်ဒင်မှာ ခါတိုင်းရက်လို စောစောမနိုးဘဲ အိပ်မောကျနေဆဲ ညှော်ခန်းမှ တယ်လီဖုန်းကလည်း အဆက်မပြတ်မြည်နေသည်။

"ဒုန်း…ဒုန်း…ဒုန်း"

"ကိုအောင်ဒင်…ကိုအောင်ဒင်"

တံခါးထုသံ၊ ခေါ်သံနှင့် တယ်လီဖုန်းသံဆူညံမှုကြောင့် ယမ်းဘီလူးအောင်ဒင် နိုးခဲ့ပြီ။

"လာပြီဗျို့…လာပြီ"

ယမ်းဘီလူးအောင်ဒင် အိပ်ရာမှ လူးလဲထကာ အပြင်ထွက်၍ တံခါးကို အရင်ဖွင့်သည်။ ပြီးနောက် အဆက်မပြတ်မြည်နေသော တယ်လီဖုန်းရှိရာ လှမ်းလာရာ တယ်လီဖုန်းမြည်သံက ရပ်သွားသဖြင့် ယမ်းဘီလူးအောင်ဒင်က တံခါးဘက်ကို





www.burmeseclassic.com

ပြန်ကြည့်သည်။

မိမိအား စိုက်ကြည့်နေသော ဒုရဲအုပ်မြင့်မြင့်အေးနှင့် ဆေးတံကိုကိုင်၍ ရပ်နေသော ရဲအုပ်ကြီးဦးတင်မောင်ဖေကို တွေ့ရသဖြင့် ယမ်းဘီလူးအောင်ဒင်က ခါးကိုင်းကာ လက်ကိုဆန့်၍ အရိုအသေပေးပြီး ထိုင်ရန် ညွှန်ပြလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ရဲဘော်အောင်ဒင်"

"ဘာကို ဘာဖြစ်ရမှာလဲ ဦးတင်မောင်ဖေရဲ့"

"အခန်းထဲ ဖုန်းသံမြည်တာလည်း မသိ၊ တို့များတံခါးခေါက်နေတာလည်း ကြာပြီလေ"

"ကျွန်တော် တကယ်ပဲ အိပ်မောကျသွားတာပါ"

"ကိုအောင်ဒင့်ကို အရေးတကြီး ပြောစရာရှိလို့"

"ဟုတ်ကဲ့"

"နင်းဆီမမဆိုတဲ့ အမျိုးသမီးက ကျွန်မတို့ဆီ ဖုန်းဆက်တယ်။ ကိုအောင်ဒင်နဲ့ အမြန်ဆုံးတွေ့ချင်ပါသတဲ့ . . .။ ကိုအောင်ဒင့်ကို သဲသဲမဲမဲ ရှာနေတယ်"

"နင်းဆီမမက ဘယ်မှာနေသတဲ့တုံး"

"အဲဒါပဲ ကျွန်မတို့ စိတ်ဝင်စားနေတယ်။ ကိုအောင်ဒင့်ကို တွေ့ချင်တယ် ပြောတယ်၊ သူ့နာမည်က နင်းဆီမမတဲ့"

ယမ်းဘီလူးအောင်ဒင် ခေါင်းယမ်းလိုက်သည်။ ရဲအုပ်ကြီးဦးတင်မောင်ဖေကတော့ သူ့ဆေးတံကြီးကို လက်ဖဝါးပေါ် ခေါက်၍ စဉ်းစားနေဟန်ပင်။

"မင်းရည်းစားဟောင်းများလား ကွာ"

"ဟာ . . . ဦးအောင်ဖေက မဟုတ်တာပြောတော့မယ်။ ကျွန်တော့်မှာ ရည်းစားဟောင်းလည်းမရှိဘူး။ ရည်းစားသစ်လည်းမရှိဘူးဗျ"

ယမ်းဘီလူးအောင်ဒင် ကျွဲမြီးတိုသလို ဖြစ်သွားသည့်အတွက် ရဲအုပ်ကြီးဦးတင်မောင်ဖေက အားရပါးရ ဟားတိုက်ရယ်လိုက်သည်။

"စောစောက ဆက်တိုက်ဖုန်းဆက်နေတာ အဲဒီ နင်းဆီမမပဲ ဖြစ်နိုင်တယ်"

ဒုရဲအုပ်မြင့်မြင့်အေးက ကောက်ချက်ချသည်။

"ကဲ . . . ဖိုးအောင်ဒင်၊ အရေးတကြီးကိစ္စပြောရမှာမို့ အခုပဲပြောရမယ်။ အားတော့နာပါရဲ့"

"ရပါတယ် ဦးတင်မောင်ဖေ။ ကျွန်တော်သဘောပေါက်ပါတယ်"

"တရုတ်တန်းက ဦးရှောင်နဲ့ အိမ်ဖော်ထားမေ ပျောက်ဆုံးနေတဲ့ကိစ္စမှာ ဒေဝီမှူးယဉ်နဲ့ ဆက်နွယ်နေတယ်လို့ ထင်ရတာပဲ"

ဦးတင်မောင်ဖေ၏စကားကြောင့် ယမ်းဘီလူးအောင်ဒင် တွေဝေသွားသည်။ အမှန်တော့ ဒေဝီမှူးယဉ်ကား ယမ်းဘီလူးအောင်ဒင်တို့ ခြေရာခံလိုက်နေသော မှူးယဉ်ကိစ္စတွင် ယမ်းဘီလူးအောင်ဒင်ကလည်း လွန်စွာမှ စိတ်ဝင်စားနေခြင်းပင်။ ဦးရှောင်ဆိုသော တရုတ်အမျိုးသားကြီးသည် လူမှုအဖွဲ့အစည်းတစ်ခုတွင် ပါဝင်ဆောင်ရွက်နေသောသူဖြစ်၍ သူ့ကို အကဲဖမ်းနေခိုက် ဦးရှောင်သည် သူ့အိမ်မှ အိမ်ဖော်မလေး ထားမေနှင့်အတူ ပျောက်ဆုံးသွားသည့်သတင်းက ယခုအခါ သိသိသာသာ ပေါ်လွင်လာခဲ့သည်။

ထားမေ၏ ဘဝက ဖြစ်ရိုးဖြစ်စဉ်လား၊ သို့မဟုတ် ဘဝကံမှာ နှံ့ချာလေသလား။

ထားမေမှာ မိခင်မရှိတော့ဘဲ အဖို့ ပေါက်ဘဝတွင် ဖခင်ကြီးနှင့်နှ၍ ဘဝကို ရုန်းကန်နေရသည်။ ထားမေ၏ ဖခင်ဦးမောင်ကြီးက တစ်နေ့တွင် မထင်မှတ်ဘဲ မိန်းမတစ်ယောက်နှင့်ငြိစွန်းရာ ထားမေမှာ မိထွေးတစ်ယောက်ရခဲ့ပါ၏။ သို့သော် ထိုမိထွေးက မိခင်မဆန်။ ထားမေကို အနိုင်ကျင့်နှိပ်စက်သဖြင့် ထားမေအိမ်ပြေးဘဝဖြစ်ခဲ့ကာ တွယ်ရာမဲ့ဖြစ်နေချိန်တွင် မော်လမြိုင်အဝေးပြေးဂိတ်မှ စားသောက်ဖွယ်စုံဆိုင်တစ်ဆိုင်တွင် အလုပ်ရခဲ့သည်။ ဆိုင်ပိုင်ရှင်မှာ ရုပ်ရည်ချောမော၍ သဘောမနောကောင်းသူ ဖြစ်သည်။ ဆိုင်အမည်ကို "ဝေဝေ မြန်မာထမင်းဆိုင်" ဟု နာမည်ပေးထားသည်။ သူ့အမည်ကလည်း ဝေဝေပင်။

ထားမေကို ဝေဝေသဘောကျသည်။ ထားမေက အလုပ်ကြိုးစားသည်။ သွက်လက်သည်။ ဝေဝေ့ထမင်းဆိုင်တွင် အဝေးပြေးကားများ ရပ်နားစားသောက်ကြသည်။

ရန်ကုန်-မော်လမြိုင် အဝေးပြေးကားများအနက် "နိုင်မာလာ" အမည်ရှိကားသည် အဝင်အထွက် အများဆုံး။ ဆိုင်ပိုင်ရှင်ဝေဝေနှင့် လွန်စွာရင်းနှီးကြောင်း ထားမေ အကဲခတ်မိသည်။

ထိုအခါ နိုင်မာလာကား၏ အရေးပါသော ဦးရှောင်နှင့် စိန်ပန်းတို့ကို ထားမေ သိခွင့်ရလာသည်။

ဝေဝေသည် ဦးရှောင်နှင့် စိန်ပန်းကို အလေးထားအခွင့်အရေးပေးသည်။ တစ်ခါတစ်ခါ ဦးရှောင်နှင့် သူဌေးဆိုသော လူတစ်ယောက်လည်း ပါလာတတ်သည်။ သူ့ကိုတော့ ဝေဝေက အထူးခန်းမှ ဧည့်ခံသည်။ သူမကိုယ်တိုင် ပြုစုသည်။

အနေကြာတော့ အနေခက်ရသူမှာ ထားမေပင်။ ထားမေကို စိန်ပန်းက



www.burmeseclassic.com

www.burmeseclassic.com

ရှိသဲ့သဲ့လုပ်လာသည်။ ထားမေ မျက်ချိုက်သော်လည်း မိမိဘဝအခြေအနေအရ ဆက်ဆံနေရသည်။

တစ်နေ့ ထားမေအတွက် ရှောင်ကွင်းမရသော အလုပ်တစ်ခု ဆောင်ရွက်ရသည်။

ထိုအလုပ်မှာ ထားမေတစ်ယောက် ခရီးသည်ဟန်ဆောင်၍ မော်လမြိုင်သို့ လိုက်သွားရခြင်းပင်။ ဝေဝေ၏ စီစဉ်မှုကို ထားမေ မလွှန်ဆန်ပုံ။ ဝေဝေက မိမိ ကျေးဇူးရှင်မဟုတ်ပါလား။ သည်မှာပင် ထားမေဘဝ တစ်ဆစ်ချိုးပြောင်းခဲ့သည်။ မော်လမြိုင်ရောက်၍ လုပ်ငန်းဆောင်ရွက်မှု ပြီးစီးသည်နှင့် ထားမေတစ်ယောက် စိန်ပန်း၏ ကျော့ကွင်းမှ မလွတ်တော့။

ယခုတော့ ထားမေ ကလေးနှစ်ယောက်ပင် ရနေလေပြီ။ ဝေဝေမြန်မာ ထမင်းဆိုင်၌ ထားမေကလေးနှစ်ယောက်နှင့် နေသားကျနေပြီ။

ယခုအခါ ဝေဝေသည်လည်း ခြံမြေဝယ်၍ တိုက်အိမ်ဆောက်နေသဖြင့် ထမင်းဆိုင်ကို ထားမေက ဦးစီးသည့်အခါ ဦးစီးရသည်။

တစ်နေ့တွင် ဦးရှောင်၊ စိန်ပန်းနှင့် မိန်းကလေးတစ်ဦးသည် ဆိုင်သို့ အရေးတကြီး ကားနှင့်ရောက်လာပြီး အရေးတကြီး မော်လမြိုင်သို့သွားရမည်ဆိုကာ စိန်ပန်းနှင့် မိန်းကလေးက ကပျာကသီ နှင့် ... သွား၏။

"ထားမေ၊ ငါအရေးတကြီးတာဝန်ရှိလို့ ဆရာကြီးကို ကောင်းကောင်းစောင့်ခဲ့ ... "

ကားမှာ ယခင်လို ခရီးသည်တင်ကားမဟုတ်။ ထားမေ ဘာမျှပြန်မပြောခင် စိန်ပန်းတို့ ထွက်သွားသည်။

ထိုအချိန်တွင် ဝေဝေက အပြင်မှ ပြန်ရောက်လာသဖြင့် ဝေဝေနှင့် ဦးရှောင်ကို ညှော်ခန်းမှာ တီးတိုးဆွေးနွေးကြသည်ကို ထားမေသတိပြုမိသည်။

ထိုနေ့ညတွင် စိန်ပန်းတို့ကား ချောက်ထဲကျသွားသည်ဟူသော သတင်းကြောင့် ထားမေ မျက်ရည်ဝေရတော့သည်။

× × × × ×

စိန်ပန်းဘဝ ဇာတ်သိမ်းသွားပြီးနောက် ထားမေဘဝ တစ်ဆစ်ချိုးပြောင်းလဲခဲ့ပြန်သည်။ ဝေဝေထမင်းဆိုင်တာဝန်သာမက ဦးရှောင်နဲ့အတူ မော်လမြိုင်သို့ လိုက်ရသည်။ ဒါက ဝေဝေ၏စီစဉ်မှုကို ထားမေ မရှောင်သာ။ မိမိကလေးနှစ်ယောက်ကို လိုလေသေးမရှိ တာဝန်ယူထားသည်။ လိုအပ်သမျှ ဖြည့်ဆည်းပေးသည်။ နောက်တော့ ထားမေမှာ ဦးရှောင်၏ မထင်ရှားသော ဇနီးဖြစ်လာသည်။

ယမ်းဘီလူးအောင်ဒင်က ထားမေအကြောင်းဇာတ်လမ်းအရှည်ကြီးကို တွေး၍ ပင့်သက်ချသည်။

"ဘယ်လိုလဲ ဖိုးအောင်ဒင်၊ ဘာတွေများ အခက်အခဲတွေ့နေသတုံး။ ဇတို့တော့ ပြန်တော့မယ်ဟေ့။ အရေးကြီးတဲ့ ကိစ္စတွေက ရှိသေးတာကွ"

ဦးတင်မောင်ဖေက သိပ်ကျေနပ်ပုံမရ။ သို့သော် ယမ်းဘီလူးအောင်ဒင်က ပခုံးနှစ်ဖက်ကို တွန့်ပြရုံမှလွဲ၍ ဘာမျှမတတ်နိုင်။

"ကျွန်မတို့ ပြန်လိုက်ဦးမယ် ကိုအောင်ဒင်"

"ဟုတ်ကဲ့ပါ မမြင့်မြင့်အေး"

× × × × ×

"ဆရာ့ကို အမျိုးသမီးတစ်ဦးစောင့်နေတယ်ဆရာ။ အပေါ်ထပ်မှာပါ"

ဆိုင်မန်နေဂျာက ပြုံးစိစိနှင့် ယမ်းဘီလူးအောင်ဒင်အား ကြိုဆိုလိုက်ခြင်းကြောင့် ယမ်းဘီလူးအောင်ဒင် ပြုံး၍ ခေါင်းညိတ်၏။

ယမင်းစားတော်ဆက်၏ ညနေခင်းက အပန်းဖြေသူများဖြင့် သာယာသော ညနေခင်းကို ကြိုဆိုနေ၏။

*ကိုအောင်ဒင် . . .*

*ဒီညနေ ယမင်းမှာစောင့်မယ်။*

*နှင်းဆီမမ*

ယမ်းဘီလူးအောင်ဒင်က နှင်းဆီမမစာကို အိတ်ထဲမှထုတ်၍ အပေါ်ထပ်သို့ ဖြည်းဒေးစွာ တက်ခဲ့၏။

အပေါ်ထပ်သို့ရောက်လျှင် ပြတင်း

ယမ်းဘီလူးအောင်ဒင်ကလည်း နှင်းဆီမမ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုကို တီးခေါက်လိုက်သည်။ နှင်းဆီမမ ငိုင်သွားသည်။ ယမ်းဘီလူးအောင်ဒင် အငိုက်ဖမ်းလိုက်ခြင်းကို နှင်းဆီမမ မချန်းသာပါ။



www.burmeseclassic.com

www.burmeseclassic.com

တံခါးအနီးမှာ လုပကြော့ရှင်းစွာထိုင်နေသော အမျိုးသမီးကို ယမ်းဘီလူးအောင်ဒင် တွေ့လိုက်၏။ ထို့နောက် ယမ်းဘီလူးအောင်ဒင်က အမျိုးသမီးဆီ လျှောက်သွားကာ အိတ်ထဲမှစာလေးကို ထုတ်၍ စားပွဲပေါ်တင်လိုက်သည်။

"သက်သေပြစရာမလိုပါဘူး . . . ကိုအောင်ဒင်။ ကျွန်မ ရှင့်ကိုသိပါတယ်"

ရုပ်ချောသလောက် စကားပြောလည်း ညက်ညောလှသည်ကို ယမ်းဘီလူးအောင်ဒင်စိတ်ထဲ မှတ်ချက်ချလိုက်ကာ စားပွဲခုံ၌ အေးဆေးစွာ ထိုင်လိုက်ပြီး -

"နှင်းဆီမမဆိုတဲ့ အမည်နဲ့ လိုက်ဖက်ပါတယ်။ တော်တော်လှတာပဲ"

"ကျေးဇူးတင်ပါတယ် ကိုအောင်ဒင်။ အခြားသူတွေ ကျွန်မကို လှတယ်၊ ချောတယ်လို့ပြောတာ ကျွန်မဝမ်းမသာဘူး၊ စိတ်မဝင်စားဘူး။ သူတို့တစ်တွေက အလှကြည့်တာ မဟုတ်ဘူး။ သူတို့ရဲ့ တပ်မက်စိတ်ကြောင့် ပြောကြတာပါ။ ကိုအောင်ဒင်ကတော့ ကျွန်မအလှကို ရိုးသားစွာထုတ်ဖော်တယ်လို့ ကျွန်မခံစားလိုက်ရတယ်"

ယမ်းဘီလူးအောင်ဒင်က ပြုံး၍ နှင်းဆီမမကို မေးခွန်းထုတ်လိုက်သည်။

"ကျွန်တော့်ကိုတွေ့ချင်တဲ့ကိစ္စ သိရပါစေ"

"ဟုတ်ကဲ့၊ သိရတာပေါ့။ ဒါပေမဲ့ အမောပြေ ကျွန်မစီစဉ်ထားတာလေး သုံးဆောင်လိုက်ပါဦး။ ဝက်အူချောင်းနဲ့ အာလူးကြော်၊ ကြက်ဥကော်ဖီခရိုက်"

သည့်နောက်တစ်ချက်တော့ ယမ်းဘီလူးအောင်ဒင် အံ့ဩသွား၏။ မိမိအကြိုက်အမြည်းကို နှင်းဆီမမ ဘယ်လိုသိပါလိမ့်။

"အံ့ဩသွားလား ကိုအောင်ဒင်။ ရှင့်လို နာမည်ကြီးတစ်ယောက်ရဲ့ နှစ်သက်မှုကို ကျွန်မ မသိထားလို့ ဘယ်ဖြစ်မလဲ။ ပြီးတော့ ရှင်စွဲစွဲလမ်းလမ်းသောက်တတ်တဲ့ မန္တလေးအိပ်စပို့ရမ် . . ."

နှင်းဆီမမက သူ့ဘေး၌ ချထားသော အိတ်ထဲမှ လေးထောင့်ရမ်ပုလင်းကို ထုတ်လိုက်ကာ စားပွဲပေါ်တင်လိုက်ပြီး သူမသည် အဝါရောင်လိမ္မော်ရည်ခွက်ကိုကိုင်၍ နှုတ်ခမ်းတွင်တေ့လိုက်ပြီးမှ

"အို . . . ဆောရီးနော်။ ကျွန်မ ကိုအောင်ဒင်အတွက် တစ်ခွက်ငှဲ့ပေးခွင့်ပြုပါနော်"

ယမ်းဘီလူးအောင်ဒင်က ခေါင်းညိတ်လိုက်သည်။ မိမိကြိုက်နှစ်သက်သော စားသောက်ဖွယ်များကို စီစဉ်ထားသည်ကိုလည်း ယမ်းဘီလူးအောင်ဒင်က စိတ်ထဲကျိတ်၍ အံ့ဩစွာခံစားရသည်။

နှင်းဆီမမက အိပ်စပို့ရမ်တစ်ခွက်ကို ဆော်ဒါ ရေခဲရောစပ်ပြီး ယမ်းဘီလူးအောင်ဒင်ဘက်သို့ ကမ်းပြီး မိမိသောက်ရန် ထည့်ထားသော လိမ္မော်ရည်ခွက်ကို ကိုင်ကာ ယမ်းဘီလူးအောင်ဒင်၏ အရက်ခွက်နှင့် တေ့ထိလိုက်ပြီး -

"မင်္ဂလာပါ ကိုအောင်ဒင်"

"ဟုတ်ကဲ့၊ မင်္ဂလာပါနှင်းဆီ"

ယမ်းဘီလူးအောင်ဒင်က သူ့ခွက်ကို တစ်ကျိုက်တည်းအပြတ်ရှင်းပြီး အာလူးကြော်တစ်ဖတ် ယူ၍ တမြုံ့မြုံ့ဝါးကာ -

"နှင်းဆီလို့ပဲ ခေါ်ပါရစေနော်။ နှင်းဆီကို ကူညီရမယ့်ကိစ္စလေး သိပါရစေ"

"ဟုတ်ကဲ့ . . . ကိုအောင်ဒင်။ ကိုအောင်ဒင်တို့ ရှင်းလင်းဖို့ ရည်ရွယ်ထားတဲ့ ဒေဝီမွှေးယစ်ကိစ္စပါ။ ဘယ်တော့လောက် အပြတ်ရှင်းမှာလဲဟင်"

"ဗျာ . . ."

"မအံ့ဩပါနဲ့ ကိုအောင်ဒင်ရယ်။ နိုင်ငံတကာမှာလည်း ဒီလိုကိစ္စမျိုးတွေ ရှိတာပဲ။ လျှို့ဝှက်ချက်ပေါက်ကြားတယ်ဆိုတာ တစ်ဖက်ရဲ့ အားနည်းမှုကြောင့်လည်း ဖြစ်နိုင်ပါတယ်"

သည်တစ်ကြိမ်တော့ ယမ်းဘီလူးအောင်ဒင်က သူ့ခွက်ထဲ အရက်တစ်ပက်ခန့် ထည့်၍ ရေခဲတစ်တုံး ထည့်လိုက်သည်။

"ဆော်ဒါနဲ့ နည်းနည်းရောလိုက်ပါလား ကိုအောင်ဒင်။ အခုလိုသောက်လိုက်တော့ တစ်ပူပေါ် နှစ်ပူဆင့်သလို ရင်ထဲပူလောင်သွားမှာပေါ့။ ကျွန်မမေးခွန်း လွန်သွားရင် ခွင့်လွှတ်ပါ"

"မမှားပါဘူး နှင်းဆီ။ ကျွန်တော့်ရင်လည်း မပူလောင်ပါဘူး။ ဒါပေမဲ့ ထားမေရဲ့ ရင်သွေးတွေကိစ္စ ကျွန်တော်ရင်လေးပါတယ်"

ယမ်းဘီလူးအောင်ဒင်ကလည်း နှင်းဆီမမ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုကို တီးခေါက်လိုက်သည်။ နှင်းဆီမမ ငိုင်သွားသည်။ ယမ်းဘီလူးအောင်ဒင် အငိုက်ဖမ်းလိုက်ခြင်းကို နှင်းဆီမမ မရှုန်းသာပါ။

"ဒါဆို ဒေါ်ပုံမိကျောင်းမွေးကန်ကို အမြန်ဆုံးသွားရမှာနော်"

× × × × ×

ဒေါ်ပုံမိကျောင်းမွေးကန် . . .။ မနေ့က ဤစကားကိုဆို၍ ရုတ်ခြည်းပြန်သွားသော နှင်းဆီမမကို အမှတ်ရချိန်၌ မွှန်းတည့်နေသည် ပူပြင်းနေလေပြီ။ မနေ့ညနေက အဖြစ်ကို အခု တစ်မှို့မှိုင်ပြန်တွေးရသည်။

"ဒေါ်ပုံမိကျောင်းမွေးကန်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ယမ်းဘီလူးအောင်ဒင် ချက်ချင်းစိတ်လှုပ်ရှားနေချိန်တွင် တယ်လီဖုန်းသံရုတ်တရက်မြည်လာ၏။ ယမ်းဘီလူးအောင်ဒင် တယ်လီဖုန်းကို ကောက်ကိုင်နားထောင်လိုက်တော့ ရဲအုပ်ကြီးဦးတင်မောင်ဖေ အသံက ပြတ်သားစွာ ပေါ်လာ၏။

"ဖိုးအောင်ဒင်လား"

"ဟုတ်ပါတယ်… "

"ဒီနေ့ထုတ် ဗမာ့ခေတ်သတင်းစာ စာမျက်နှာ-၉ မှာ ထူးဆန်းတဲ့သတင်းတစ်ပုဒ်ပါတယ်။ အမြန်ရှာဖတ်ပါ"

စကားဆုံးသည်နှင့် တယ်လီဖုန်းချသွား၏။ ထိုအခါ ယမ်းဘီလူးအောင်ဒင်က စားပွဲပေါ်မှ သတင်းစာသုံးဆောင်အနက် ဗမာ့ခေတ်သတင်းစာကိုယူ၍ ဖတ်လေ၏။

*ဒေါ်နှင်းဆီ…*

*သစ္စာဖောက်ရင် သေးတွေ့တတ်တယ်။ ကျုပ်တို့ဆီမှာရှိတယ်။ ဆက်သွယ်ပါ။*

*မိကျောင်း*

ကြော်ငြာကို ဖတ်မိသည်နှင့် မနေ့က နှင်းဆီမမ ပြောခဲ့သည်။ မိကျောင်းကန်ဆိုသည်ကို ယမ်းဘီလူးအောင်ဒင် ချက်ချင်းအမှတ်ရလိုက်သည်နှင့် ချက်ချင်း ရဲအုပ်ကြီးဦးတင်မောင်ဖေဆီ ဖုန်းပြန်ဆက်သည်။

"ဘာလဲဟေ့…ဖိုးအောင်ဒင်"

"ဦးတင်မောင်ဖေ ဘယ်လဲ၊ ဘာလဲ လုပ်မနေနဲ့။ ခင်ဗျားနဲ့အဖွဲ့ အခုချက်ချင်း ဖေါ့ပုံတောင်ဘက်ခြမ်းက မိကျောင်းကန်ဂိုဒေါင်ကို လိုက်ခဲ့။ ဟာ…နေပါဦး၊ နေပါဦး ဦးတင်မောင်ဖေ"

"ဟေ…ဘယ်လိုလဲကွ။ ဘာဖြစ်သွားပြန်ပြီလဲ"

ယမ်းဘီလူးအောင်ဒင်က တယ်လီဖုန်းခွက်ကို အတန်ငယ်ကြာအောင် ကိုင်ထားရင်းက -

"သတင်းစာထဲပါတာ ကျွန်တော်တို့ကို လှည့်စားတာဖြစ်ရမယ် ဦးတင်မောင်ဖေ။ မသမာအကြံအစည်ရှိတဲ့သူက ဘယ်လိုလုပ်ပြီး အမှန်ပြောမလဲ"

"ဒါဆို…"

"ဟုတ်ကဲ့၊ ကျွန်တော် ဦးတင်မောင်ဖေဆီ ပြန်ဆက်သွယ်ပါ့မယ်"

ယမ်းဘီလူးအောင်ဒင် တယ်လီဖုန်းချကာ လိုအပ်သည့် ကွင်းဆက်များကို စိတ်ထဲမှ ချိတ်ဆက်နေမိ၏။

ထားမေဘဝအစ၊ ပြီးနောက် စိန်ပန်းဆိုသူနှင့် ကလေးနှစ်ယောက်ရရှိခဲ့ပြီးမှ စိန်ပန်းသည် မိန်းမချောတစ်ဦးနှင့် ခရီးထွက်သွားစဉ် ကားချောက်ထဲကျ၍ အစပျောက်သွားခြင်း။ ထိုအခါ ထားမေမှာ စိန်ပန်း၏အရှင်သခင်ဖြစ်သော ဦးရှောင်နှင့် လက်တွဲရခြင်း။ ထိုအခါ ထားမေကို ကယ်တင်ခဲ့သော ဝေဝေမြန်မာထမင်းဆိုင်နှင့် ပတ်သက်၍ ခိုင်မာလာမှာ အဝေးပြေးကားလည်း ပါဝင်ပတ်သက်နေသည် မဟုတ်ပါလား။

ဝေဝေက အထူးဧည့်သည်ကို ဧည့်ခံသည်ဆိုသည်လည်း မေ့ထား၍မဖြစ်။ ယမ်းဘီလူးအောင်ဒင် ကွင်းဆက်များကို ဆက်ကြည့်နေသည်။ စိန်ပန်းနှင့် မိန်းကလေးတစ်ဦး ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ် တစ်နေရာတွင် ကားချောက်ထဲကျသွား၍ သေဆုံးခဲ့ကြောင်း သိခဲ့ရပြီး သည်မိန်းမချောလေးက မည်သူပါနည်း။ သူတို့သူတို့နှင့် နှင်းဆီမမ ဘယ်လိုပတ်သက်ပါလိမ့်။ ယမ်းဘီလူးအောင်ဒင်၏ အတွေးများကို ချာချာလည်စေပါ၏။

"တီ…တီ…တီ"

ယမ်းဘီလူးအောင်ဒင်က ဖုန်းကောက်ကိုင်လိုက်သည်။ တယ်လီဖုန်းခွက် ပါးသို့ကပ်လိုက်သည်နှင့် ကြည်လင်ချိုမြသော အသံသည် ညက်ညောလှပါ၏။

"ဟဲလို မင်္ဂလာပါ ကိုအောင်ဒင်"

"မင်္ဂလာပါ မနှင်းဆီ"

"ကိုအောင်ဒင် နေကောင်းတယ်နော်"

"ကျွန်တော်က မနှင်းဆီကို မေးရမယ့်မေးခွန်းပါ။ ဘာကြောင့်လဲဆိုတော့ ဒေါ်နှင်းဆီ၊ သစ္စာဖောက်ရင် သေးတွေ့တတ်တယ်။ ကျုပ်တို့ဆီမှာရှိတယ်။ ဆက်လုပ်ပါ၊ မိကျောင်းဆိုတဲ့ ငြိမ်းချောက်မှု သတင်းတစ်ခု ဗမာ့ခေတ်သတင်းစာ၊ စာမျက်နှာ-၉ မှာ မနေ့က ဖတ်လိုက်ရတယ်။ ငြိမ်းချောက်မှုက နည်းနည်းစိုးရိမ်စရာဖြစ်လို့ပါ မနှင်းဆီ"

"ကိုအောင်ဒင်"

"ဗျာ…"

"ရှင် ကျွန်မအတွက် ပူပန်မှုရှိနေပြီပေါ့နော်"

"ဒါကလည်း ကျေးဇူးတရားကြောင့်ပေါ့ မနှင်းဆီရယ်။ ကျွန်တော့်ကို မနှင်းဆီက တကူးတကဖိတ်ပြီး ကျွန်တော့်ကို ဧည့်ခံခဲ့တယ်လေ။ မနှင်းဆီရဲ့ ဧည့်ပြုမှုကို ကျွန်တော်လေးစားခံယူခဲ့ပါတယ်။ မနှင်းဆီ… တစ်လုတ်စားဖူး သူ့ကျေးဇူးတဲ့"

"ကိုအောင်ဒင်"

ယမ်းဘီလူးအောင်ဒင်စကားမဆုံးခင်ပင် နှင်းဆီမမက ကြားဖြတ်လှုပ်ရှားမှုပြုပါသည်။

"ကျွန်တော် ဆက်မပြောရတော့ဘူးလား မနှင်းဆီ"

"တယ်လီဖုန်းထဲ မပြောပါနဲ့တော့။ ကျွန်မကို အရေးတကြီးကူညီပေးပါ ကိုအောင်ဒင်။ ကျွန်မ ပုလဲမြိုင် အခန်း(၇)



www.burmeseclassic.com

www.burmeseclassic.com

မှာ စောင့်နေမယ်။ ကိုအောင်ဒင် ဆက်ဆက်လာခဲ့ပါနော်။ ပုလဲမြိုင်ဆိုတာ… ခွပ် …"

ယင်းအသံနှင့်အတူ တယ်လီဖုန်းမှ စကားသံပျောက်သွားပြီး တီ‥တီ‥တီဟူသော အသံရှည်ကြောင့် ယမ်းဘီလူးအောင်ဒင် ကြောင်စီစီဖြစ်သွား၏။ ယင်းကိစ္စမျိုးနှင့် ပတ်သက်၍ ကျင့်သားရပြီးသော ယမ်းဘီလူးအောင်ဒင်က အခြေအနေကို သုံးသပ်မိသည်။ အခြေအနေကို သုံးသပ်ခြင်းနှင့်အတူ ဆုံးဖြတ်ချက်ကို ချလိုက်၏။ ယင်းဆုံးဖြတ်ချက်မှာ ယမ်းဘီလူးအောင်ဒင် မနင်းဆီဆိုသည့်နေရာသို့ မသွားတော့ဟု ဆုံးဖြတ်လိုက်သည်။

ယမ်းဘီလူးအောင်ဒင် ရဲအုပ်ကြီး ဦးတင်မောင်၏ ရုံးခန်းသို့ရောက်လာချိန်ကား ညခုနစ်နာရီဖြစ်သည်။ ထိုအချိန် ဦးတင်မောင်ဖေက ဆေးတံကြီးကို အားရပါးရ ဖွာနေသည်မှာ မြစ်ထဲ မီးသင်္ဘော ခုတ်မောင်းနေသလား ထင်ရပါ၏။

"ဆေးလိပ်မီးခိုးမွှန်ဘူးလား ဦးတင်မောင်ဖေ။ ကျွန်တော်တောင် အသက်ရှူကျပ်သလိုပဲ"

"ဟင် · · ·မင်းဒီကိုရောက်လာတယ်"

"ဘာဖြစ်လို့လဲ ဦးတင်မောင်ဖေရဲ့"

"ဟာ…မင်းအချစ်တော်နင်းဆီမမ အသတ်ခံရတဲ့ ပုလဲမြိုင် အခန်း(၇)ကို ရောက်ပြီး အလောင်းပိုက်လို့ မျက်ရည်ကျနေပြီလို့ ထင်နေတာ။ ငါတို့တောင် အခု အဲဒီကိုလိုက်တော့မလို့"

"ဗျာ · · ·ဦးတင်မောင်ဖေ ပြောလိုက်တာက"

ယမ်းဘီလူးအောင်ဒင်က ဘာမျှမသိသလိုဖြင့် ဦးတင်မောင်ဖေကို ပြန်လည်မေးခွန်းထုတ်သလို မေးလိုက်ရာ

"ငါပြောတာ ရှင်းနေတယ်လေ။ မင်းကောင်မလေး နင်းဆီမမ ပုလဲမြိုင် အခန်း(၇)မှာ အသတ်ခံရတယ်။ ငါတို့ဆီ သတင်းဝင်လာပြီး မင်းဆီဖုန်းဆက်တာ မရဘူးကွ။ ဒါကြောင့် မင်းအဲဒီကိုရောက်နေပြီလို့ ထင်တာ။ ဒေါ်မြင့်မြင့်အေးတို့ အဖွဲ့တောင် အဲဒီကိုသွားပြီ။ မောင်ရင် တကယ်မသိတာလား"

"မသိတာထက် မယုံဘူးဖြစ်နေတယ်"

"ဘာကွ။ ဘာမယုံရမှာလဲ။ မောင်ရင်သိနေရင်လည်း ငါတို့ကို အခြေအနေလေးအသိပေးပါ့ကွ"

ဦးတင်မောင်ဖေက ရှုးရှုးရှဲရှဲနှင့် ကျွဲမြီးတိုသလို ဖြစ်သွားကာ မီးခိုးအလိပ်လိပ်တက်နေသော ဆေးတံကို စားပွဲပေါ် ခေါက်ခနဲ အသံမြည်အောင် ခေါက်ချလိုက်၏။

"စိတ်ရှည်ရှည်ထားပါဦး ဦးတင်မောင်ဖေ"

"စိတ်ရှည်ရှည်ထားရမလားကွ။ နင်းဆီမမ အသတ်ခံရတဲ့အကြောင်း တိတိကျကျ သတင်းရတာကွ"

ထိုအခိုက် တယ်လီဖုန်းသံမြည်လာ၍ ယမ်းဘီလူးအောင်ဒင် တယ်လီဖုန်းရှိရာ သွား၏။

"ဟော့…မင်းမကိုင်နဲ့ ငါကိုင်မယ်"

ဦးတင်မောင်ဖေက ယမ်းဘီလူးအောင်ဒင်ကို တား၍ တယ်လီဖုန်းကိုင်လိုက်၏။

"ဟဲလို‥ပြောပါ တင်မောင်ဖေပါ"

"… …"

"ဟော · · · ဘယ်လို ဘယ်လို။ အလောင်းမတွေ့ဘူးဟုတ်လား"

× × × × ×

ခေတ်မီသလောက်၊ တိုးတက်နေသလောက် အခုခုက သတိထားစရာတွေ မဟုတ်ပါလား။ လူတစ်ယောက်ကို လူညွှန်တိုးအောင် လည်းတတ်နိုင်သော အချိန်ကာလ။

ဝေဝေမြန်မာထမင်းဆိုင်အတွင်း၌ စားသောက်သူများနှင့် စည်ကားနေသည်။ ည ၈ နာရီခန့်အချိန် ခရီးသည်ကားအဝင်များခြင်းကြောင့် လူစည်ကားနေသည်။

ဆိုင်မှာမရှောင်းသော်လည်း အပြင်မှယူလာသည့် ဝီစကီ၊ ဘီယာ၊ ရမ်နံ့တို့ သင်းနေပါ၏။ ဝေဝေမြန်မာထမင်းဆိုင်သည် ယခင်ကလို မဟုတ်။ ယခုအခါ နေရာထိုင်ခင်းများ ပိုမို၍ အဆင်ပြေလာသည်။ သီးသန့်ခုံများ၊ အချိုစုံတွဲများ တသီးတခြား နေနိုင်အောင် စီမံထားသည်။

ထွေးမေနှင့်ပတ်သက်၍ စုံစမ်းရေးဆင်းခဲ့သည်။ အချိန်နှင့်အတူ လပိုင်းလေးအတွင်းမှာ တော်တော်လေး ထူးခြားသွားသည်ဟု ယမ်းဘီလူးအောင်ဒင် ကောက်ချက်ချသည်။



www.burmeseclassic.com

www.burmeseclassic.com

လွန်စွာမှ စတိုင်ပြောင်၍ အနောက်တိုင်းသားဟန်ပန်ဖြင့် အများအထင်ကြီးခံရလောက်၏။ ယောက်ျားပီပီ ရှိုးကျကျ မဝတ်ကျေကျ ဝတ်ဆင်၍ ချိုပြုံးသော မျက်နှာလေးဖြင့် ရောက်လာသော ကိုရွှေညှာသည့် ယမ်းဘီလူးအောင်ဒင်ကို မည်သူမျှ ပြည်သူ့အချစ်တော် ပြည်သူ့ဘက်တော်သား ယမ်းဘီလူးအောင်ဒင်ဟု မမြင်ကြ။ နိုင်ငံရပ်ခြားမှ တိုးရစ်ခရီးသွားပုဂ္ဂိုလ်သားဟု ထင်မှတ်ခြင်းခံရသော ပြည်သူ့ဘက်တော်သား ယမ်းဘီလူးအောင်ဒင်။

အမှန်တော့ ယမ်းဘီလူးအောင်ဒင်က ပြည်သူတွေ ထိခိုက်နစ်နာစေမည့်၊ ပြည်သူပြည်သားများ အကျိုးယုတ်စေမည့် အကြောင်းရပ်များကို မိမိတတ်နိုင်သည့်ဘက်မှ နိုင်ငံတော်၏ အင်အားဖြစ်သော၊ ခုစရိုက်သမား,ဆိုးမိုးသူများ,မသမာသူများကို နှိမ်နင်းနေသော ရဲတပ်ဖွဲ့နှင့်အတူ ယမ်းဘီလူးအောင်ဒင်က ပါဝင်ကူညီနေခြင်းပင်။

ယမ်းဘီလူးအောင်ဒင်အား "ဝိုကင်အိုင်ဒူးဖော်ယူ"ဟူ၍ ချိုသာနွဲ့လျသံဖြင့် ကြိုဆိုနှုတ်ဆက်သူ၏အသံကို ကြား၍ ယမ်းဘီလူးအောင်ဒင်သည် မိမိအား မိတ်ဆက်လာသောသူအား ပြန်လှည့်ကြည့်၍ ပြုံးပြပြီး "သင့်ကျူး"ဟု ဆိုကာ ထိုညှေ့ကြိုမိန်းမလက်ကို ဆွဲခေါ်၍ လွတ်လပ်သော ထောင့်စားပွဲတစ်နေရာရှိ စားပွဲသို့ ခေါ်သွားလေသည်။

သည်အဖြစ်အပျက်ကို စိတ်ဝင်စားမည့်သူမရှိသလောက်ပင်။ အားလုံးက ရီရီဝေဝေ ကိုယ့်အဖော်နှင့်ကိုယ် ရှုနေကြသည်မဟုတ်လား။

"ထိုင်ပါ မနှင်းဆီ"

"ရှင်..."

လွန်စွာမှ တအံ့တသြဖြစ်ရသူက နှင်းဆီမမပင်။ သူ့ကို ပြည်ပသားညှေ့သည် တစ်ဦးဟုသာ ထင်ခဲ့သည်။ ယခုတော့ နှင်းဆီမမ ဟန်မဆောင်နိုင်တော့ပါ။

"အင်း...ဒါကြောင့်လည်း ယမ်းဘီလူးအောင်ဒင်ရယ်လို့ နာမည်ကြီးတာပဲ။ ကျွန်မ ရှင့်ကို တကယ်လေးစားသွားပါပြီ"

"မနှင်းဆီ ကျွန်တော့်ကို စိတ်သောကပေးခဲ့တယ်နော်"

"ရှင်...ကျွန်မက ကိုအောင်ဒင့်ကို စိတ်ဒုက္ခပေးခဲ့တယ် ဟုတ်လား။ ကိုအောင်ဒင့်စိတ်ထဲ ဘယ်လိုခံစားရလဲဟင်။ ပြောပါဦး၊ ဘယ်လိုဝေဒနာခံစားရလို့လဲ"

"ပြောသူမှာ မပြုပေမဲ့ ခံစားရသူမှာ အသစ်ဖြစ်ရပါတယ် မနှင်းဆီ"

"ကြည့်စမ်း၊ ကြည့်စမ်း။ ပြည်သူချစ်တဲ့ စုံထောက်ကြီးက ကဗျာဆန်လိုက်တာနော်"

"မနှင်းဆီ"

ယမ်းဘီလူးအောင်ဒင်က ခပ်ပြတ်ပြတ်လေသံနှင့် ခေါ်လိုက်သဖြင့် နှင်းဆီမမ ချွဲချွဲပျစ်ပျစ် ပြောနေသော အမူအရာကို ရပ်လိုက်သည်။

"ကိုအောင်ဒင် ဘာသိချင်လဲ"

သည်တော့ နှင်းဆီမမကလည်း ခပ်ပြတ်ပြတ်ပြန်မေးသည်။

"မနှင်းဆီ အသတ်ခံရတယ်ဆိုတဲ့ သတင်းကို ရဲကိုအကြောင်းကြားတာ ဘယ်သူလဲ"

"အဲဒါ ကျွန်မမသိဘူး ကိုအောင်ဒင်"

"ခင်ဗျား ဘာဖြစ်လို့ အခုလို ရုပ်ဖျက်ပြီးနေတာလဲ။ ပြီးတော့ အဲဒီဝေဝေ မြန်မာထမင်းဆိုင်ပိုင်ရှင်က ဘယ်သူလဲ"

"မေးခွန်းတွေ မများဘူးလား"

"ဒါတွေကို သိချင်တယ်"

"ကဲ...အဖြေပေးပါ့မယ်။ လာလိုက်ခဲ့"

နှင်းဆီမမ ဦးဆောင်ခေါ်သွားသဖြင့် ယမ်းဘီလူးအောင်ဒင်က စားသောက်နေသော ပရိသတ်များကို ကွေ့ကောက်ဖြတ်ကျော်၍ နှင်းဆီမမဦးဆောင်ရာသို့ ပါခဲ့ပါ၏။

အပြင်၌ ညဥ့်အမှောင်က စိုးမိုးနေပါ၏။ ဝေဝေမြန်မာထမင်းဆိုင်အတွင်း၌တော့ လရောင်ဖြာကျနေသကဲ့သို့ အလင်းရောင်က ရှိနေခဲ့၏။ နှင်းဆီမမ ဦးဆောင်ခေါ်ခဲ့သော သီးသန့်အခန်း၌ကား တေးသံငြိမ့်ငြိမ့် စီးဆင်းနေသည်။ အလင်းရောင်က မလင်း။ အမှောင်ခန်းထဲ ဝင်လိုက်သည်နှင့် အေးစိမ့်သောဝေဒနာကို ယမ်းဘီလူးအောင်ဒင် ခံစားလိုက်ရပါ၏။

"ထိုင်...ကိုအောင်ဒင်၊ ရှင်ကြိုက်တဲ့အမြည်း လုပ်ပေးပါ့မယ်"

"နေပါစေ မနှင်းဆီ။ ကျွန်တော်သိချင်တာလေး ဖြေပါ"

"ဖြည်းဖြည်းပေါ့ ကိုအောင်ဒင်ရယ်။ ကိုအောင်ဒင်ပင်ပန်းလှပါပြီ။ ကျွန်မအတွက် စိုးရိမ်ပူပန်ပေးတဲ့အတွက် ကျေးဇူးတင်လှပါတယ်။ ကျွန်မ ကိုအောင်ဒင့်ကို ပြုစုကျေးဇူးတုံ့ပြန်ပါရစေလားရှင်ရယ်"

× × × × ×

"အာလူးကြော် ကြွပ်ကြွပ်ရွရွလေးနှင့် ဝက်အူချောင်းကြော်၊ ကြက်ဥဟာပ်ဖရိုက်နှင့် အိပ်စပို့ရမ် အရသာရှိလိုက်တာ နှင်းဆီရယ်...နှင်း...ယမ်းဘီလူးအောင်ဒင် တွေ့ကြုံခံစားချက်များက ဖော်မပြနိုင်။

မနှင်းဆီ လွတ်ထွက်သွားမှာစိုး၍



www.burmeseclassic.com

www.burmeseclassic.com

တအားဖက်ထားမိသလား။

"နှင်းဆီ . . . နှင်းဆီ . . . မနှင်းဆီ ကျွန်တော့်ကို ထားမပစ်ခဲ့နဲ့နော်လို့"

"ဆရာ . . . ဘယ်လိုလုပ်ကြမလဲ"

"ဆေးရုံပို့လိုက်ကြစို့"

အချိန်ကလည်း ညဉ့်နက်နေပြီ။ ရန်ကုန်မြို့တော်၏ လူစည်ကားရာ ရပ်ကွက်ဖြစ်သော ဘိုကလေးဈေးပတ်ဝန်းကျင်မှာပင် ငြိမ်သက်နေပြီဖြစ်၏။

"ကဲ . . . မန်နေဂျာကြီး၊ ကျုပ်တို့တော့ သူ့ကို ဒီအတိုင်းနဲ့ မဖြစ်တော့ဘူး။ ဆေးရုံခေါ်သွားပြီး သူ့အခြေအနေကို ဆရာဝန်နဲ့ စစ်ဆေးဖို့ လိုပြီ"

"ဟုတ်ကဲ့ ခင်ဗျား။ ကောင်းပါတယ်။ လိုအပ်တာရှိလည်း ပြောပါ။ ဆရာအောင်ဒင် ဒီကိုရောက်လာတဲ့အချိန်အထိ ဖြစ်ပျက်မှုကို ပြောပြလို့ရပါတယ်"

"အေးဗျာ၊ ကျေးဇူးပဲ။ လိုအပ်ရင် အကူအညီပေးပါ"

"ဟုတ်ကဲ့ပါခင်ဗျား။ ဒါနဲ့ ကျွန်တော် ဒီငွေငါးသောင်း ဘယ်လိုလုပ်ရပါမလဲ ခင်ဗျား"

"ငွေငါးသောင်းဟုတ်လား"

"ဟုတ်ပါတယ်။ ဆရာအောင်ဒင်ကို လာပို့သွားတဲ့လူတွေက ဒီမှာ ဆရာအောင်ဒင်ရဲ့ ဧည့်ခံပွဲရှိကြောင်း၊ ဧည့်သည်တွေလာမည်ဖြစ်ကြောင်း၊ ဆရာအောင်ဒင်က ဧည့်သည်တွေကို စောင့်မည်ဖြစ်ကြောင်း၊ အပေါ်ထပ်၌ ဆရာအောင်ဒင်ကို နေရာချပေးဖို့ ပြောပြီး ဧည့်ခံစရိတ်အဖြစ် ငွေငါးသောင်းပေးကြောင်း" ဆိုင်မန်နေဂျာက ရှင်းပြသဖြင့် ရဲအုပ်ကြီးဦးတင်မောင်ဖေနှင့် ဒုရဲအုပ်မြင့်မြင့်အေးတို့အဖွဲ့သည် တစ်ဖက်မှ စီစဉ်မှုကို တွေးမရအောင် ဖြစ်ရ၏။

ရဲအုပ်ကြီးဦးတင်မောင်ဖေက လွန်ခဲ့သော ကိုးနာရီကျော်ကျော်ခန့်အချိန်တွင် မိမိတာဝန်ကျရာစခန်းသို့ တယ်လီဖုန်းဝင်လာ၍ ယမ်းဘီလူးအောင်ဒင်အား ဘိုကလေးဈေးလမ်း၊ ယမင်းစားတော်ဆက်တွင် သွားရောက်အကူအညီပေးရန် အထူးလိုအပ်ကြောင်း၊ အချိန်နှောင်းက ယမ်းဘီလူးအောင်ဒင် အသက်စိုးရိမ်စရာရှိကြောင်း ဖုန်းသတင်းကြောင့် မိမိတို့ လျင်မြန်စွာ ယမင်းစားတော်ဆက်သို့ ရောက်ခဲ့ကာ ယခုကဲ့သို့ ရင်ဆိုင်ရသည် မဟုတ်ပါလား။

"ဆရာ အားလုံးအဆင်သင့်ဖြစ်ပါပြီ"

"အေး . . . သွားကြစို့။ ဆေးရုံကြီး အရေးပေါ်ဌာနကို မောင်းခိုင်းလိုက်တော့"

"ဟုတ်ကဲ့ ဆရာ။ ဆရာ . . . ဒီငွေတွေက"

"မန်နေဂျာကြီး သိမ်းထားလိုက်ပါ။ အမှန်တော့ ဒီငွေက မောင်အောင်ဒင်နဲ့ သက်ဆိုင်နေတယ်။ သူသတိရလာရင် ဘာလုပ်မလဲဆိုတာ ကြည့်စီစဉ်တာပေါ့"

"ဟုတ်ကဲ့ဆရာ"

× × × × ×

ဒုရဲအုပ်မြင့်မြင့်အေးက ယမ်းဘီလူးအောင်ဒင်အား အကဲခတ်စူးစိုက်နေချိန်၌ ယမ်းဘီလူးအောင်ဒင်နှုတ်ခမ်းလေး လှုပ်ရှားလာသည်ကို တွေ့ရသောအခါ ဝမ်းသာအားရဖြစ်ကာ ဟန်ပင်မဆောင်နိုင်တော့။

"ဆရာ . . . ဆရာ သတိရလာပြီ ဆရာ"

ရဲအုပ်ကြီးဦးတင်မောင်ဖေမှာ ဒုရဲအုပ်မြင့်မြင့်အေးကိုကြည့်၍ ကျိတ်ပြုံးမိ၏။ သို့သော် ဟန်မပျက် ဦးတင်မောင်ဖေက တုံ့ပြန်၏။

"ဝမ်းသာစရာပါပဲ။ ဒါပေမဲ့ သူ့ ကျန်းမာရေးအခြေအနေကိုတော့ အထူး စစ်ဆေးဖို့ လိုတယ်"

ဦးတင်မောင်ဖေ ယင်းသို့ ဆုံးဖြတ်ချက်ချကာ တာဝန်ကျဆရာဝန်နှင့် ခေါင်းချင်းရိုက်ရ၏။ ခေတ်မီသလောက်၊ တိုးတက်နေသလောက် အရာရာက သတိထားစရာတွေမဟုတ်ပါလား။ လူတစ်ယောက်ကို လူညွှန့်တုံးအောင်လည်း တတ်နိုင်သော အချိန်ကာလ။ ဦးတင်မောင်ဖေက ယင်းအတွေးဖြင့် ယမ်းဘီလူးအောင်ဒင်အတွက် စိုးရိမ်မကင်းချေ။

ယင်းအခိုက်တွင် ယမ်းဘီလူးအောင်ဒင် ရုတ်ခြည်းထထိုင်လိုက်သဖြင့် အားလုံးက ပျာပျာသလဲနှင့် ဖြစ်ကုန်၏။

ယမ်းဘီလူးအောင်ဒင်ကလည်း သူ့ရှေ့မှာမြင်နေရသော မြင်ကွင်းကို ကြည့်၍ အံ့အားသင့်သလို ဖြစ်နေ၏။ သူ့မျက်လုံးအစုံကလည်း ပတ်ဝန်းကျင်ကို စူးစမ်းသလိုနှင့် ကြည့်နေ၏။ ထိုအခိုက် ရဲကြပ်ကြီးတစ်ဦးက ကပျာကသီနှင့် အခန်းထဲဝင်လာပြီး ရဲအုပ်ကြီးဦးတင်မောင်ဖေအား တီးတိုးစကားပြောပြီး အလေးပြု၍ ပြန်ထွက်သွား၏။ ဦးတင်မောင်ဖေက ယမ်းဘီလူးအောင်ဒင်နားသို့ လျှောက်သွား၏။ ယမ်းဘီလူးအောင်ဒင်က တစ်ခုခုကို ရှာဖွေနေသလို . . .။

"မောင်အောင်ဒင် . . . ဘာလဲ မင်း နှင်းဆီမမကို ရှာနေတာလား။ မင်းနှင်းဆီမမ အသတ်ခံရတယ်"

"ဗျာ . . ."

(ရှေ့လဆက်ဖတ်ရန်)

ရွှေမြိုတ်သောင်းတင်



www.burmeseclassic.com

www.burmeseclassic.com



# မောင်မြေကြီးအာလူမ်း

( အ တို ဆုံး ဝ တ္ထု )

မောင်မြင့်မား(ဘိုကလေး)

ကျွန်တော်နဲ့ မောင်မြေကြီး (ပန်းတောင်း)တို့ဟာ စာပေညီအစ်ကို ဖြစ်သလို၊ အပြင်လောကမှာလည်း ညီအစ်ကိုလို၊ သူငယ်ချင်းလို ပေါင်းကြပါတယ်။ သူ့မှာရှိရင်လည်း ကိုယ်ကစားသောက်၊ ကိုယ့်မှာရှိရင်လည်း သူ့ကို တိုက်ကျွေးနဲ့ တစ်ယောက်နှင့်တစ်ယောက် အင်မတန်ချစ်ခင်ကြပါတယ်။

ကိုမြေကြီးက ကျွန်တော့်ကို တချို့ကိစ္စကလေးတွေမှာ အကူအညီပေးတာတွေများတော့ သူ့ကို ဒီတစ်ခါဆုံရင် (ကျွန်တော့်အိတ်ထဲမှာ ငွေယားကလေးရှိနေရင်) ကျွေးမွေးပြုစုဖို့ ကျွန်တော်စိတ်ကူးထားပါတယ်။ ထုံးစံအတိုင်း ကျွန်တော် သောကြာနေ့တစ်ရက် ရန်ကုန်ကို ရောက်တော့ သူနှင့် ရောင်ပြန်တိုက်မှာ ဆုံကြရင်း ကိုမြေကြီးကို နန္ဒာမိုးကြယ် မမြင်အောင် လက်ကုတ်ခေါ်ပြီး မဂ္ဂဇင်းတိုက်အောက်က လက်ဖက်ရည်ဆိုင်ရောက်တော့ ...

"ကိုမြေကြီး ဒီညနေ ခင်ဗျားကို ကျွန်တော်ပြုစုမယ်။ စိတ်ဆိုးလား"

"ဟာ ... မောင်မြင့်မားရာ။ ငါက ဒီညနေ မင်းလိုလူမျိုးကို တွေ့ချင်လို့ လိုက်ရှာနေတာ။ မောင်မင်းကြီးသား အသက်ရာကျော် ရှည်ပါစေကွာ"

"ကဲ ... ဒါဆို အားမာန်သစ်ကို ချီတက်ကြမယ်။ တော်ကြာ မိုးကြယ်ဆင်းလာလို့ ကျွန်တော်တို့ကို တွေ့သွားရင် နောက်ကနေ လိုက်လာနေဦးမယ်"

"အေး .. ဒါဆိုရင် သွားကြမယ်"

ကျွန်တော်တို့နှစ်ယောက် အားမာန်သစ်ကိုရောက်တော့ ကိုကျော်ခင်နဲ့ ကိုမြင့်စိုး(ပန်းချီ)တို့ နှစ်ယောက်ကို တစ်ဝိုင်းမှာ တွေ့လိုက်တယ်။ ကျွန်တော်တို့နှစ်ယောက်က သီးခြားဝိုင်းမှာထိုင်ရင်း ဘတ်ဂျက်အခြေအနေအရ အိုးလ်ဘရန်ဒီတစ်ပိုင်း မှာလိုက်တယ်။ အမြည်းကိစ္စကို ကျွန်တော်က ...

"ကိုမြေကြီး ဘာစားမလဲ"

"မင်းက ဒကာပဲကွာ၊ မင်းကြိုက်တာ မှာပါ"

ကျွန်တော့်အိမ်မှာက ဇနီးသည် မရွှေဆိုရင် ကန်စွန်းရွက်ကို မကြိုက်တော့ ကန်စွန်းရွက်ကြော် မစားရတာကြာလို့ ကျွန်တော်က စားပွဲထိုးကောင်လေးကို

"ညီလေးရေ ကန်စွန်းပလိန်း တစ်ပွဲဟေ့"

လို့ မှာလိုက်တယ်။ အဲဒီအခါ (အိုးလ်)တစ်ပတ်လောက်ကို အငမ်းမရ မော့သောက်နေတဲ့ ကိုမြေကြီးက ပျာပျာသလဲနဲ့ ...

"ဟာ .. ဟေ့ မြင့်မား။ ငါ့ကိုချစ်ရင်ကွာ ကန်စွန်းပလိန်းတော့ မမှာပါနဲ့။ တခြားကြိုက်တာမှာပါ"

"ဟာ ... ဘာဖြစ်လို့လဲ။ ဘတ်ဂျက်အခြေအနေလည်း ကြည့်ရသေးတယ်လေဗျာ။ နောက်ပြီး ကျွန်တော်က ကန်စွန်းရွက်မစားရတာကြာလို့"

ကိုမြေကြီးက မျက်ရည်ကလေး စမ်းစမ်း စမ်းစမ်းနဲ့ ...

"ဘတ်ဂျက်အခြေအနေ မကောင်းရင် ငါလည်းပါသလောက် စိုက်ပါ့မယ်။ ကန်စွန်းရွက်ကြော်တော့ မမှာပါနဲ့။ ငါစိတ်နာလို့ပါ"

"ဘာဖြစ်လို့ စိတ်နာရတာလဲ"

ကျွန်တော့်မေးခွန်းကို သူဖြေလိုက်ပုံကို ကြားရတော့ ကျွန်တော် တော်တော်စိတ်မကောင်း ဖြစ်သွားရပါတယ်။ သူက အသံတုန်တုန်ရီရီနဲ့ ...

"ငါက အိမ်မှာ ကန်စွန်းရွက်ကို နေ့တိုင်း ကြော်လိုက်၊ ချက်လိုက်နဲ့ စားနေရလို့ပါကွာ" ... တဲ့။

မောင်မြင့်မား(ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အခန်းဆက်ဝတ္ထုရှည်

# တနင်္ဂနွေ

ဇာတ်သိမ်းပိုင်

စာမေးပွဲနောက်ဆုံးနေ့။

စာမေးပွဲအပြီး ကျောင်းသားများ စုပြုံထွက်လာကြ၏။ အုပ်စုလိုက် မိမိတို့ဖြေဆိုခဲ့ကြသည်များကို ဆွေးနွေးကြ၏။ တိုက်ဆိုင်ကြ၏။ ဖြေနိုင်သူများ ပျော်၍၊ ဖြေနိုင်သူများ မပျော်နိုင်ကြ။ သို့သော် စာမေးပွဲနောက်ဆုံးနေ့ ဖြစ်သဖြင့် ကျောင်းသားအများစု အပျော်ကြီးပျော်နေကြလေ၏။ ပေါက်ဆိန်တို့ အုပ်စုလည်း ကျောင်းရှေ့ရှိ လက်ဖက်ရည်ဆိုင်တွင် စုဝေးကြ၏။ အရင်ရောက်သူများကြီးကျော်ညွန့်နှင့် မြင့်သိန်းမြိုင်တို့က လက်ဖက်ရည်သောက်ရင်း ပေါက်ဆိန်တို့ကို မျှော်နေကြ၏။

"ဟေး . . ဟေး . . တက်လိုက်ရတဲ့ ကျောင်း၊ ကျက်လိုက်ရတဲ့စာ၊ ဒီကနေ့တော့ပြီးဆုံးပါပြီခင်ဗျား . ."

ပေါက်ဆိန်နှင့် ကပ္ပလီစိုးမြင့်အော်၍ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာကြ၏။ နောက်တွင် မမြလွင်၊ ဝင်းဝင်းမော်၊ မခင်စန်း၊ မကျော့ရင်တို့ တတွေပါ လာကြ၏။

"ကျောင်းတက်ရတာ၊ စာကျက်ရတာတော့ ဟုတ်ပါပြီ။ စာမေးပွဲကြီးကော အောင်မှာလား"

မမြလွင်က ထိုင်လိုက်ရင်း မေးခွန်းထုတ်၏။

"အာ . . သိပ်အောင်တာပေါ့အစ်မကြီးရာ၊ "ဒီ"ပါမပါဘဲ စောင့်ကြည့်ရမယ်"

"အလဲ့ . . တကယ်"

ဝင်းဝင်းမော်က ပေါက်ဆိန်ကို မော့ကြည့်ကာပြော၏။

"ပညာရေး လျှော့လျှော့ပေါ့ပေါ့ မတွက်နဲ့နော် ပေါက်ဆိန်"

"မတွက်ပါဘူး ဝင်းဝင်းမော်ရာ၊ တကယ်တော့ ပညာဆိုတာ စာအုပ်ထဲက စာတွေအားလုံးဟာ ဆရာ/ဆရာမတွေရဲ့ မျက်လုံးက တစ်ဆင့် လျှာဖျားကို ကူးပြောင်းပြီး၊ တို့ကျောင်းသား/ကျောင်းသူတွေရဲ့ ဖောင်တိန်ထဲကို ဝင်ရောက်ဖြတ်သန်းလို့ မှတ်စုစာအုပ်တွေထဲ ရောက်သွားတာဟာ ပညာပေါ့ဟ။

အဲဒီမှတ်စုစာအုပ်ထဲက စာတွေ၊ သင်္ချာတွေကို တို့တတွေက တွက်၊ ကျက်ပြီး ပြန်ဖြေရတာများ ဘာခက်လို့လဲဟ၊ အောင်ကိုအောင်ရမယ်ဟေ့"

"တယ်ဆိုတဲ့စာပါလားကွာ။ မှတ်သားလောက်တယ်ဟေ့၊ မှတ်သားလောက်တယ်။ ဘာ . . ပညာဆိုတာ . . . ပြန်ပြောစမ်းပါဦး ပေါက်ဆိန်။ မင်းပြောတာ ငါသဘောကျတယ်ကွာ"

"ဟင်းအင်း . . ပြောဘူး၊ ပညာရှိဆိုတာ နှစ်ခါမပြောဘူး။ တစ်ခါပဲ ပြောတယ်။ နှစ်ခါပြောရင် ပေါတယ်"

"ထားပါတော့၊ ပညာရှိရယ် ထားပါတော့ . . ငါပြောမယ်၊ နားထောင်"

"နားရွက်ထောင်ထားရအောင် အနော်တို့က ကြောင်တွေ ခွေးတွေကျနေတာပဲ"

ကပ္ပလီစိုးမြင့်က ပြော၏။ မမြလွင်က ဆက်ပြော၏။

"နားထောင်သည်ဖြစ်စေ၊ နားမထောင်ဘဲ ချထားသည်ဖြစ်စေ၊ ငါကတော့ ပြောမှာပဲ။ ဘာပြောမလဲဆိုတော့ ဒီကနေ့ဟာ စာမေးပွဲကြီးပြီးတဲ့နေ့၊ နှစ်ချိန်ကြီးများတောင်ဖြေရတော့ ညနေစောင်းသွားပြီ။ တို့တတွေ ပျော်ဖို့အချိန်မရှိတော့ဘူး။ ရုပ်ရှင်သွားကြည့်ရင်လဲ မိုးချုပ်မယ်။ တစ်ခါ ကျောင်းကြီးလဲ ပိတ်ပြီးဆိုတော့ တို့တတွေ နှစ်လကျော်သုံးလခွဲခွာကြရတော့မှာ။ ကျောင်းပြန်ဖွင့်ရင်လည်း ဒီလို သိုက်သိုက်ဝန်းဝန်းပြန်တွေ့ချင်မှ ပြန်တွေ့ကြတော့မှာ . . .

ဒီတော့၊ ဒီနေ့ သောကြာနေ့၊ တနင်္ဂနွေကို ပျော်ပွဲစားထွက်မယ်။တို့တတွေ နှုတ်ဆက်

ပဍ္ဍလောက်



www.burmeseclassic.com

www.burmeseclassic.com

ပွဲပေါ့။ ဘယ်ကိုသွားကြ မလဲ ဆိုတော့ သာခုကန်ကို သွားမယ်။ အင်မတန်သာယာတယ်။ ကားငှားမယ်။ စားဖို့ သောက်ဖို့ ဝယ်သွားမယ်။ မနက်ဖြန် စနေနေ့မနက် (၁၀) နာရီကို ငါ့အိမ်မှာ ပိုက်ဆံ လာပေးကြ။ ငါရယ်၊ ဝင်းဝင်းမော်ရယ်၊ မကျော့ရင်ရယ်၊ မခင်စန်းရယ်က ထည့်ပြီးပြီ။ မင်းတို့ ယောကျ်ားလေးတွေပဲ လိုတယ်။

မနက်ဖြန် အိမ်လာပြီး ပိုက်ဆံလာမထည့်တဲ့ လူကို မလိုက်တော့ဘူးလို့ သတ်မှတ်မယ်။ ပိုက်ဆံရတာနဲ့ စားစရာတွေ ဝယ်ရမယ်။ ကဲ - ဘယ့်နှယ် သဘောတူကြရဲ့လား"

"အိုကေ . . ဘဲရီးဂွတ်၊ ဘဲမဂွတ် သိပ်ကောင်းတဲ့အကြံ၊ မနက်ဖန် ဆက်ဆက် ဒေါ်ကြောင်းပြန်ပါ့မယ် ခင်ဗျာ"

ပေါက်ဆိန်တို့ အုပ်စု တညီတညွတ်တည်း ထောက်ခံလိုက်ကြလေ၏။

❋

ကောင်းခြောက်ဆယ့်လေးသွယ် ××× သွေးထပ်တဲ့ ရုပ်ညီတယ် ××× ရှေးနိပါတ်ထုတ်စံမမှီတယ် ××× ဖုသသတီထွင့်ထားအလားကွယ် ×××

- ဇာလီဆောင်ခန်းသာလယ် ××× မောင်မှန်းမေ့မထွာသွယ် မရှောင်တန်းချစ်ပါမယ် ××× ရှစ်ကမ္ဘာဝယ် ပြုံးစေတော့တယ် ×××

- ဘဝတွင် ဘယ်မမုန်းတယ် ××× သက်ဆုံးချစ်ပါမယ် ××× ရွှေမြင့်မိုရ်ကြွေဖြစ်ပစေ ××× ရှောင်ပုန်းပစ်တော့ ××× မောင်ဖုန်းချစ်ပါမယ် ×××

"ဖြောင်း . . . ဖြောင်း . . ဖြောင်း"

"ကောင်းလိုက်တဲ့ သီချင်းလေးကွာ။ အလိုက်ကလေးကလည်းကောင်း၊ စာသားလေးကလည်း မဆိုး၊ ဘယ်သူဆိုတဲ့ သီချင်းလဲကွ။ တစ်ခါမှ မကြားဘူးပါလား"

မမြလွင်အုပ်စုက ပေါက်ဆိန် ဂီတာနှင့် ဟစ်နေသော သီချင်းကို ထောပနာပြုလိုက်၏။ သာခုကန်ဘုရားပေါ်တွင် ပစ္စည်းများချပြီး ခေတ္တအပန်းဖြေစဉ် ပေါက်ဆိန်က ဖျော်ဖြေခြင်းဖြစ်၏။ မောင်ရွှေ၊ အာကြီးသိန်းဝင်းနှင့် အထစ်သန်းစိန်တို့က သန့်ရှင်းရေးလုပ်နေကြ၏။

"ဘယ်သူရေးတဲ သီချင်းမှမဟုတ်ဘူး မမြလွ ... တော်ကိုယ်တိ ... းထားတာ ခင်ဗျ၊ ပဲ . ဟဲ"

ပေါက်ဆိန်က မင်္ဂလာယူလိုက်၏။ ဤသီချင်းလေးမှာ ထိုအချိန်က မည်သူ ရေးစပ်မှန်းမသိ၊ လူငယ်တစ်ချို့၏ နှုတ်ဖျားတွင်ရေပန်းစားနေ၏။

"ဟော့ကောင်ပေါက်ဆိန်၊ ရေနွေးထည့်လာတဲ့ ဓာတ်ဘူးကြီးကွဲသွားပြီဟေ့။ နောက်ဟင်းတွေလဲ နည်းနည်းနွေးချင်တယ်ကွာ။ရေနွေးကလည်း တစ်နေကုန် သောက်ကြမှာဆိုတော့ ဒီအနီးအနားမှာ ထင်းကလေး ဘာလေးရှာကြကွာ"

"ငါတို့ကတော့ အိမ်မှာ ချက်ခဲ့ပြုတ်ခဲ့ကြရလို့ ဟင်းနွေးတဲ့ တာဝန်၊ ကော်ဖီဖျော်တဲ့ တာဝန်၊ ရေနွေးအိုးတယ်တဲ့ တာဝန်တွေ မယူနိုင်တော့ဘူးဟေ့၊ ဘုရားပေါ်မှာ ကောင်းကောင်းနှပ်တော့မယ်"

မခင်စန်းက ပြောပြောဆိုဆို ခင်းထားသော အခင်းပေါ်တွင် လှဲချလိုက်၏။

"ကဲ . . ဒါဆို ကျုပ်ပဲ သွားရှာရမှာပေါ့ခင်ဗျာ"

ပေါက်ဆိန်က ပြောပြောဆိုဆို ဂီတာကိုချကာ မတ်တတ်ရပ်၍ ဘုရားပေါ်မှ သာခုကန်၏ အလှအပများကို လှမ်းကြည့်လိုက်ပြီး -

"ဟာ . . တကယ့်ကို သာယာတာပဲဟေ့၊ ကြည့်စမ်းဟိုး . . ကမြင်နေရတဲ့ရေတွေဟာ ကြည်လင်နေတာပဲကွာ။ တောအုပ်ကလေးတွေကလဲ ဟိုတစ်စု၊ဒီတစ်စု တကယ့်ကို လှမှလှ"

ပေါက်ဆိန်က ပြောလိုက်ရာ မမြလွင်နှင့်ဝင်းဝင်းမော်တို့ ထိုင်စကားပြောနေရာမှ ထကြည့်လိုက်ကြ၏။

"ဟုတ်ပဟာယ်၊ တကယ့်ကို သာယာတာနော့၊ ဒါကြောင့်လဲ သာခုကန်ဟာ နာမည်ကြီး... တာပေါ့"

ဝင်းဝင်းမော်က လှမ်း... ကြည့်ရင်း ပြော၏။

"ကဲ . . ဒါဆို ထင်းရှာ... ရင်း လျှောက်ကြည့်ကြတာ... ပေါ့။ ဘယ့်နှယ် . . အစ်မကြီး... နဲ့ ဝင်းဝင်းမော်လည်း လိုက်... ပေါ့"

"အေး . . ကောင်းသာ... ဟ၊ နေသိပ်မပူခင် လိုက်... မယ်။ မကျော့ရင်နဲ့ မခင်စ... လဲ လိုက်ခဲ့ပါလားဟာ။ ဒီ... မြင့်သိန်းမြိုင်ရယ်၊ သိန်းဝ... ရယ်၊ အထစ်သန်းစိန်ရ... မောင်ရွှေတို့ရယ် ရှိသားပဲ"

"ဒါဆိုလဲ လိုက်ရ... ပေါ့။ ဟေ့ မောင်ရွှေ . . ငါ... ပြန်မလာခင် စားမပစ်ကြ... နော်"

မခင်စန်းက သတိ... ၏။

"သွားမှာ သွားစမ်း... ဟာ၊ ထင်းသာ မြန်မြန်ရှာ... ကြ၊ ဒါမှ ကော်ဖီပူပူ၊ ... ကြမ်းပူပူလေးနဲ့ ဆိတ်... စာပဲဟင်းပူပူကလေးဝါး... ဟ"

ပေါက်ဆိန်၊ မမြ... ဝင်းဝင်းမော်၊ မခင်စန်း... တွေ သာခုကန်ဘုရား... သို့ ဆင်းခဲ့ကြပြီး ရှ...



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင်း ထင်းကောက်ကြလေ၏။ သာစုကန်ဘုရားကြီးကား သာယာဖွယ်၊ အေးချမ်းဖွယ်၊ ဘယ်နေရာကြည့်ကြည့် ကောင်းကင်ပြာပြာ၊ ရေပြင်ဖွေးဖွေးနှင့် တောအုပ်စိမ်းစိမ်းကလေးများကို မြင်ရသည်မှာ ကြည်နူးဖွယ်ရာ။ မြို့တွင်းတွင် ကားသံ၊ လူသံများနှင့် ဆူညံစိတ်ရှုပ်ဖွယ်ကောင်းသလောက် သာစုကန်တစ်ခွင်ကား ပျို့လွှင် အေးချမ်းဆိတ်ငြိမ်လှပါ၏။

ပေါက်ဆိန်နှင့် မြလွင်တို့ ရှုခင်းများကို ငေးရင်း ထင်းရှာကြ၏။ ကြည်ကြည်လင်သော ရေပြင်ကို ငေးကြ၏။ စိမ်းစိုနေသော တောတစ်ခိုကိုလည်း ကြည့်ရင်း ရင်ဖိုကြ၏။ အလှတရားများကို ခံစားရင်း ချုံတစ်ချုံအကွယ်သို့ အရောက် -

"ဟိတ် - တစ်ယောက်မှ မလှုပ်နဲ့၊ အားလုံး ခေါင်းငုံ့"

အမှတ်မထင် လုံးဝထင်မထားသော အဖြစ်အပျက်တစ်ခုကို ကြုံတွေ့လိုက်ရသဖြင့် ပေါက်ဆိန်တို့ အုပ်စု ဒိတ်ကနဲ ရင်တုန်လျှက် ခေါင်းငုံ့လိုက်ကြရလေ၏။

"ထိုင် .. အားလုံးထိုင်စမ်း၊ လုံးဝ မော့မကြည့်နဲ့"

ခါးကိုင်-လူသုံးဦးက အမိန့်ပေး၏။ သူတို့၏ မျက်နှာများကို ပုဆိုးကြမ်းကြီးများဖြင့် ဖုံးအုပ်ကာ မျက်လုံးပေါက်များသာ ဖောက်ထားကြ၏။ ပေါက်ဆိန်တို့အုပ်စု ကြောက်လွန်း၍ ဆတ်ဆတ်တုန်နေလေပြီ။ ရုပ်ရှင်ထဲကလို လူဆိုးများအား ပေါက်ဆိန်တစ်ဦးတည်းနှင့် ရင်ဆိုင်ရန် မဖြစ်နိုင်။ ဓားကိုင်လူဆိုးသုံးဦးကို ပေါက်ဆိန်ခမျာမော့၍ပင် မကြည့်ရဲ။

"ပါတဲ့ လက်ဝတ်လက်စားတွေ အကုန်ချွတ်ပြီး ဟောဒီ မျက်နှာသုတ်ပဝါထဲထည့်"

ဓားကိုင် လူဆိုးခေါင်းဆောင်ဟုထင်ရသူက မျက်နှာသုတ်ပဝါကို ဖြန့်ချပေးကာ အသံမာမာနှင့် အမိန့်ပေး၏။ ပေါက်ဆိန်တို့အုပ်စုလည်း ဘာမှ ပြန်မပြောရဲဘဲ ပေါက်ဆိန်က သူ့လက်တွင် ဝတ်ထားသော အိုမီဂါနာရီကို ချွတ်ပြီး မျက်နှာသုတ်ပဝါထဲသို့ ထည့်လိုက်၏။ မြလွင်၊ ဝင်းဝင်းမော်နှင့် မခင်စန်းတို့ကား သူတို့၏ ဆွဲကြိုး၊ နားကပ်၊ လက်ကောက်လေးများကို မဖြုတ်ချင် ဖြုတ်ချင်နှင့် လုပ်နေကြသဖြင့် လူဆိုးခေါင်းဆောင်က ဓားပြားဖြင့် မြေကြီးကိုရိုက်ကာ -

"ဘာ နှေးတုံ့နှေးတုံ့ လုပ်နေကြတာလဲ၊ မြန်မြန်ချွတ်"

လူဆိုး၏ ငေါက်ငမ်းမှုကြောင့် မိန်းကလေးသုံးဦး တုန်တက်သွားကာ အမြန်လက်ဝတ်လက်စားများ ချွတ်ပြီး မျက်နှာသုတ်ပဝါထဲသို့ ထည့်လိုက်ကြလေ၏။ လက်ဝတ်လက်စားလေးများ ချွတ်ပြီးခေါင်းကလေးများ ငုံ့နေကြစဉ် လူဆိုးခေါင်းဆောင်က ငေါက်ပြန်လေ၏။

"ဒါနဲ့ ဘယ်ပြီးဦးမလဲ။ ပါတဲ့ ပိုက်ဆံလေးတွေလည်း ထုတ်ပြီး ထည့်၊ မြန်မြန်"

ဟု ဆိုပြန်သဖြင့် လေးဦးသား ပါသမျှ အကြွေရော၊ အရွက်တွေပါ ထုတ်၍ ထည့်ရပြန်လေ၏။ ပိုက်ဆံများထည့်ပြီးသောအခါ လူဆိုးတစ်ဦးက မျက်နှာသုတ်ပဝါကိုဆွဲယူကာ-

"အားလုံး ဒီအတိုင်းငုံ့နေကြ၊ မော့ကြည့်တာနဲ့ ဇက်ပြုတ်သွားမယ်"

လေးဦးသား ဇောချွေးများ ပြန်ကာ တုတ်တုတ်ပင် မလှုပ်ရဲဘဲ ငုံ့နေကြရာ အချိန်အတော်ကြာမှ ပေါက်ဆိန်က အရဲစွန့်မော့ကြည့်ပြီး-

"ဟော့ - ထကြ၊ ထကြ၊ ဟိုကောင်တွေမရှိတော့ဘူး။ တို့နေရာကို ပြန်ကြမယ်"

သည်တော့မှ မြလွင်တို့ သုံးဦး မျက်ပြူးဆန်ပြာနှင့် ကမန်းကတန်း ထကာ ပေါက်ဆိန်၏ လက်ကို ဆွဲလျက် သုတ်ခြေတင်ကြလေ၏။ မကြာမီ ဘုရားပေါ်သို့ရောက်သောအခါ အထစ်သန်းစိန်က -

"ကြာ . . ကြာ . . လိုက်ကြတာကွာ . . . မင်းတို့ . . ထင်း . . သွားရှာတာ . . က . . . လဲ"

"ဘာကြာရမှာလဲ ငထစ်ရဲ့၊ ခု ငါတို့ဘာဖြစ်ခဲ့တယ်ထင်လဲ၊ လုခံရတယ်ကွ။ လုခံရတယ်"

"ဟေ . . လုခံရတယ်၊ ဟုတ်ရဲ့လားကွာ၊ မင်းကတော့ နောက်ပြန်ပြီ"

"နောက်တာမဟုတ်ဘူး ငရွှေ၊ မယုံရင် မြလွင်တို့ကို မေးကြည့်"

သည်တော့မှ တုံတုံချိချိနှင့် ငိုမဲ့မဲ့ဖြစ်နေကြသော မြလွင်တို့အုပ်စုကို ကြည့်လျက် အာကြီးသိန်းဝင်း၊ မောင်ရွှေနှင့် အထစ်သန်းစိန်တို့ အံ့သြကုန်ကြလေ၏။ မြလွင်၊ ဝင်းဝင်းမော်နှင့် မခင်စန်းတို့ တရှုံ့ရှုံ့ငိုနေကြ၏။ ဒါကိုမြင်သော အထစ်သန်းစိန်က -

"ငါ . . ဒီ . . ဒီ . . ရှာသား . . ကွ၊ ဒါ . . မျိုးလုပ်လို့ . . ရ . . ရ . . မလား . . . သိမယ်"

အထစ်သန်းစိန်သည် သာစုကန်သားဖြစ်၏။ အသက်ဆယ်နှစ်ကျော်မှ မြို့တွင်းရှိ ဦးလေးအိမ်သို့ လာနေခြင်းဖြစ်၏။

"နေဦးဟေ့ကောင် . . ဘယ်သွားမှာလဲ။ ရဲစခန်းသွားမှာလား၊ သူကြီးအိမ်လား"

ပေါက်ဆိန်က မေးရာ အထစ်သန်းစိန်က -



www.burmeseclassic.com

www.burmeseclassic.com

"ရဲစခန်းလဲတိုင်မယ်၊ သူကြီးကိုလည်း သွားပြောမယ်။ နောက် . . ဟို . . ဟို . . ဟာလဲ ရှိသေး . . သက္ကွ"

"ဘာရှိတာလဲ . . ."

မောင်ရွှေနှင့် အာကြီး သိန်းဝင်းတို့က ပြိုင်တူမေး၏။

"ဟို . . ဟို . . အ . . ကြား အမြင် . . ဆ . . ရာ"

"ဟေ . . အကြားအမြင်ဆရာ . . အရေးထဲကွာ"

မောင်ရွှေက -

"အရေးမထဲနဲ့ . . လာ၊ အဲဒီအိမ်ကို အရင်ပြ . . ဘယ်နှယ့်လဲ ပေါက်ဆိန်"

"အေး . . မေးရမယ်ကွာ . . တို့က အဲဒီမှာ အရင်သွားမေးမယ်။ အထစ်သန်းစိန်က သူကြီးကို အကျိုးအကြောင်းပြောပြီး ရဲစခန်းသွားကွာ။ လာ . . အစ်မကြီးတို့ . . . အကြားအမြင် ဆရာအိမ် အရင်သွားကြတာပေ့ါ။ ဘာမှ မကြောက်နဲ့ အားလုံး ပြန်ရကိုရရမယ်"

"ဒုက္ခပါပဲဟာ၊ အိမ်ပြန်ရောက်ရင်တော့ လူကြီးတွေက ကောင်းကောင်း ဆော်တော့မှာပဲဟာ"

ဝင်းဝင်းမော်က ငိုသံပါကြီးနှင့် ပြော၏။ မခင်စန်းက ဘာမှ မပြောနိုင်တော့ကြောက်လန့်၍ ဆတ်ဆတ်တုန်နေလေ၏။

"ဒီလောက်လဲ ကြောက်မနေပါနဲ့ဟာ . . ဖြစ်သမျှ အကြောင်းအကောင်းပေါ့။ အားတင်းထားစမ်းပါ"

မမြလွင်က မခင်စန်းကို အားပေးရင်း ဖက်လိုက်လေ၏။

"ဒါဆို . . . မောင်ရွှေ ပစ္စည်းတွေခဏစောင့်၊ ငါတို့ရယ်၊ အထစ်သန်းစိန်ရယ် ရွာထဲကိုသွားကြမယ်"

"ဟာ . . ငါတစ်ယောက်တည်း မလုပ်နဲ့လေကွာ။ အာကြီး သိန်းဝင်းပါနေခဲ့ကွာ"

"ကဲ - ဒါဆိုလဲ နေခဲ့ကွာ၊ တို့အမြန်ဆုံး ပြန်လာခဲ့မယ်"

ပေါက်ဆိန်နှင့် မမြလွင်တို့ အုပ်စုသည် အထစ်သန်းစိန်နောက်သို့ လိုက်ခဲ့ကြလေ၏။ ခပ်သွက်သွက်ကလေး လျှောက်ကြရင်း ရွာထဲသို့ ရောက်ခဲ့ကြ၏။ လမ်းတစ်ချို့ကို ဖြတ်ကျော်ကွေ့ကောက်ပြီး အကြားအမြင်ဆရာကြီးအိမ်သို့ ရောက်ခဲ့ကြ၏။ အထစ်သန်းစိန်က ရှေ့ဆုံးမှ ဝင်သွားပြီး အုန်းပွဲ၊ ငှက်ပျောပွဲများရှေ့တွင် ထိုင်နေသော ခေါင်းပေါင်းဖြူ၊ အင်္ကျီဖြူ၊ ပုဆိုးဖြူ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများပါ ဖြူနေသည့် ပိန်ပိန်ပါးပါး ဆရာကြီးအား တိုးတိုးတိတ်တိတ် အကျိုးအကြောင်း ပြောပြလေ၏။

တစ်ကိုယ်လုံး ဖြူနေသော ဘိုးဘိုးဖြူကြီးက အထစ်သန်းစိန် ထစ်ထစ်ငေါ့ငေါ့ ပြောနေသည်ကို ဂရုတစိုက် နားထောင်ကာ ခေါင်းတဆတ်ဆတ်ငြိမ့်နေ၏။ အထစ်သန်းစိန် ပြောပြီးသောအခါ ဘိုးဘိုးဖြူကြီး ကခေတ္တမျှ စဉ်းစား၍-

"ပစ္စည်းတွေ ပြန်ရကိုရမှာ၊ ဘယ်မှဝေးဝေးမရောက်သေးဘူးကွဲ့။ ဒီဘုရားဝန်းကျင်မှာပဲ ရှိတယ်"

"ဟုတ်လား ဆရာကြီး၊ ဘယ်နေရာမှာလဲခင်ဗျ။ နေရာကို ရောအတိအကျ ပြောလို့ မရဘူးလားခင်ဗျ"

ပေါက်ဆိန်က အာရုံယူ၍ ပြောပြနေသော ဘိုးဘိုးဖြူအား မေးလေ၏။ မမြလွင်တို့တတွေလည်း ပစ္စည်းတွေ ပြန်ရမည်ဆို၍ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ကျေနပ်သွားကြလေ၏။ ဘိုးဘိုးဖြူက ပြောလေ၏။

"နေရာအတိအကျပြောရမယ်ဆိုရင် . . ဘုရားရဲ့ အနောက်ဘက်တည့်တည့် တစ်မိုင်အကွာ၊ အဆောက်အအုံတစ်ခု၊ တဲလိုလို . . ရဲ့ ဘေး သစ်ပင်အောက် . . ဒီလောက်ပဲ ငါအာရုံရတယ်ငါ့တူ"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ ဘိုးဘိုး"

ပေါက်ဆိန်က ဘိုးဘိုးဖြူအား ကန်တော့လိုက်ကာ အထစ်သန်းစိန်အိတ်ထဲမှ ငွေတစ်ဆယ်နှိုက်ယူလိုက်ပြီး ဘိုးဘိုးဖြူ၏ ငှက်ပျောပွဲတွင်းသို့ လှူလိုက်လေ၏။

"အမြန်သွားကြ၊ နေမွန်းတည့်ရင် နေရာပြောင်းသွားနိုင်တယ်"

ဘိုးဘိုးဖြူက ပြောသဖြင့် ပေါက်ဆိန်နှင့်အထစ်သန်းစိန်တို့က မမြလွင်တို့အား ခေါ်ကာ ဘုရားဆီသို့ ပြန်ခဲ့ကြ၏။

"ပေါက်ဆိန် . . ဟောဒီလမ်းတည့်တည့်သွား၊ ဘယ်မှ မကွေ့နဲ့။ ဘုရားကို တန်းရောက်သွားလိမ့်မယ်။ ဘုရားရောက်ရင် ဟိုကောင်တွေကိုပါ ခေါ်သွား၊ ငါ သူကြီးအိမ် ပြေးလိုက်ဦးမယ်"

အထစ်သန်းစိန်က ပြောပြီး လမ်းခွဲသွား၏။ ပေါက်ဆိန်တို့ လေးဦးဘုရားဆီသို့ အမြန်သုတ်ခြေတင်ကြ၏။ အချိန်က နံနက် (၁၀)နာရီ ကျော်ပေပြီ။ မိနစ်အနည်းငယ်တွင် ဘုရားခြေရင်းသို့ ရောက်ခဲ့ကြ၏။

"မမြလွင်တို့ ဒီမှာပဲ စောင့်နေကြ၊ ကျွန်တော် မောင်ရွှေနဲ့ သိန်းဝင်းကို တက်ခေါ်လိုက်အုံးမယ်"

ပေါက်ဆိန် ဘုရားပေါ်ပြေးတက်သွားပြီး မကြာမီ မောင်ရွှေတို့ကိုခေါ်၍ အပြေးအလွှား ပြန်ဆင်းလာ၏။

"လာကွာ၊ ဘုရားအနောက်ဘက်ကိုသွားမယ်။ ဘိုးဘိုးဖြူက ဘုရားအနောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com

တစ်မိုင်ကျော်ကျော်မှာ ပစ္စည်းရှိနေတယ်တဲ့"

ပေါက်ဆိန်က မောင်ရွှေနှင့် အာကြီးသိန်းဝင်းအား ပြောရင်း ရှေ့မှ ခပ်သုတ်သုတ် လျှောက်လေ၏။

"ဟုတ်မှလဲလုပ် . . ဟော့ကောင်၊ တော်ကြာ ခါးပြတွေနဲ့ ထိပ်တွေ့လို့ရှိရင်ဒုက္ခ"

မမြလွင်က အပြေးလိုက်ရင်း ပြောသည်။

"ဒီတစ်ခါ ကြိုက်တဲ့ကောင်နဲ့ တွေ့စမ်း၊ ဆော်ပစ်မယ်။ မောင်ရွှေနဲ့ အာကြီးသိန်းဝင်းပါတယ်"

ပေါက်ဆိန်က မောင်ရွှေနှင့် အာကြီးသိန်းဝင်းတို့ကို အားကိုးတကြီး ကြည့်ရင်း ပြော၏။

ဓားပြတွေက ဓားတွေ ပါတယ်နော်။ သတိလဲထားကြအုံး"

ဝင်းဝင်းမော်က ပြေးလိုက်ရင်း ပြော၏။

"ဓားမကလို့ သေနတ်ပဲကိုင်ကိုင်၊ ဝင်လုံးပြီး အသေဖိုက်မယ်ကွာ၊ ဖြစ်ချင်ရာဖြစ်"

အာကြီးသိန်းဝင်းက လမ်းတွင်တွေ့သော တုတ်တစ်ချောင်းကို အားပြု၍ ပြော၏။ မောင်ရွှေနှင့် ပေါက်ဆိန်တို့ကတော့ စကားမပြောတော့ဘဲ ရှေ့ကိုသာ မဲ၍ သွားနေကြ၏။ တစ်မိုင်နီးပါးရောက်သောအခါ ပေါက်ဆိန်က -

"ဟော့ကောင်တွေ စကားတိုးတိုး၊ ခြေသံလုံလုံနင်းကြကွ၊ နီးလာပြီ။ ဘိုးဘိုးဖြူပြောတဲ့ အဆောက်အအုံတစ်ခု၊ ဒါမှမဟုတ် တဲတစ်ခုကို တွေ့အောင် ရှာကြ"

ပေါက်ဆိန်တို့အုပ်စု ချုံကြိုချုံကြားတို့၌ ဟိုဟိုဒီဒီရှာဖွေကြ၏။ ချုံနွယ်များကိုတိုးကြရင်း မမြလွင်က -

"ဟော . . ဟိုမှာကြည့်စမ်း၊ တဲကလေးလား . . ဂိုဒေါင်လား"

ပေါက်ဆိန်တို့အုပ်စု မမြလွင်၏ အသံကြောင့် လှမ်းကြည့်လိုက်ကြရာ တဲကလေးတစ်ခုကို တွေ့ရ၏။

"ဟော့ကောင်တွေ၊ ခဏနေအုံး၊ လူတိုင်းရရာ တုတ်တစ်ခုစီကိုင်၊ ဖြည်းဖြည်းချင်း တဲနားကို တိုးမယ်။ ဓားပြတွေရှိရင် ရှိမယ်။ ကိုယ်က ဦးအောင်ဆော်ရမယ်နော်၊ ကဲသွားမယ်"

ပေါက်ဆိန်က တိုးတိုးတိတ်တိတ်ပြောရင်း မမြလွင်တို့အုပ်စုကပါ ရ[illegible]ာ်များကိုင်၍ ဖြည်းဖြ[illegible] ခြသံလုံလုံ တဲနားကို [illegible]ကပ်သွားကြသည်။ တဲနားတွင် သစ်ပင်ကြီးတစ်ပင် ရှိနေသည်။

"တဲနားကို ကပ်ရင်ချက်ချင်း မကပ်ကြနဲ့။ သစ်ပင်အကွယ်မှာ ပထမနေရာယူ၊ အဲဒီကနေ အခြေအနေကြည့်ပြီးမှ တဲထဲဝင်မယ်"

ပေါက်ဆိန်က သူ့အစီအစဉ်ကို တိုးတိုးတိတ်တိတ် ပြောလိုက်သည်။ ပေါက်ဆိန်နောက်က မောင်ရွှေ၊ မောင်ရွှေနောက်က အာကြီးသိန်းဝင်း၊ သိန်းဝင်းနောက်က မမြလွင်နှင့် မခင်စန်း၊ မကျော့ရင်ဝင်းဝင်းမော်က နောက်ဆုံး။

ပေါက်ဆိန်က အရင်ဆုံး သစ်ပင်ကြီးနား ပြေးကပ်လိုက်သည်။ပြီးမှ အခြေအနေကြည့်ပြီး အာကြီးသိန်းဝင်းနှင့် မောင်ရွှေကို လက်ပြလိုက်သဖြင့် သူတို့လည်း သစ်ပင်ကြီးနားသို့ တိုးကပ်လိုက်ကြသည်။ မမြလွင်တို့အဖွဲ့ကိုတော့ ချုံပုတ်တွေထဲ ပုန်းနေကြသည်။

"ဟော့ကောင်တွေ . . တဲက ကျဉ်းကျဉ်းလေးပါးလား၊ လူတစ်ယောက်စာပဲရှိမယ်ထင်တယ် . . ဘယ်လိုလဲကွ"

ပေါက်ဆိန်က မောင်ရွှေနှင့် အာကြီးသိန်းဝင်းကို တိုးတိုးပြောသည်။ မောင်ရွှေတို့နှစ်ယောက်ကလည်း တဲကို အသေအချာကြည့်ကာ သုံးသပ်နေကြသ[illegible]

"တစ်[illegible]တော့မကပါဘူးကွ။ [illegible]ဖြစ် တို့သုံးယောက်ပြို[illegible] တဲထဲဝင်မယ်။ အ[illegible] ပစ္စည်းတွေရှိမယ်။ လူတော့ရှိပုံမပေါ်ဘူးကွ။ တို့ဝင်သွားရင် မမြလွင်တို့ကို အပြင်က စောင့်ခိုင်းထား။ ချုံပုတ်ထဲမှာနေပစေနော်။ ထွက်မလာစေနဲ့၊ မင်းသွားပြောလိုက်"

ပေါက်ဆိန်က အာကြီးသိန်းဝင်းကို ခြေလှမ်းသုံးဆယ်မျှ ဝေးနေသော မမြလွင်တို့အုပ်စုဆီသို့ သွားပြောခိုင်းလိုက်သည်။ အာကြီးသိန်းဝင်းပြန်လာသောအခါ ပေါက်ဆိန်တို့ သုံးဦးတဲတံခါးကို အသာလှပ်ကာ ပြိုင်တူတစ်ဦးပြီးတစ်ဦး ပြေးဝင်လိုက်ကြသည်။ အရင်ဝင်မိလိုက်သော ပေါက်ဆိန်တဲအတွင်းရှိ အပေါက်တွင်းသို့ ခြေကျွံကျသွားသည်။ မောင်ရွှေက လှမ်းဆွဲလိုက်သဖြင့် ခြေတစ်ဖက်သာ ကျွံသွား၏။

"ဟိုက် . . အောက်က ဗွက်တွေလားမသိဘူး။ ငါ့ခြေထောက်နစ်သွားပြီ"

ပေါက်ဆိန်ကခြေထောက်ကို ဆွဲထုတ်ရင်း ပြောလိုက်သည်။ ခြေထောက် ဆွဲထုတ်လိုက်သည်နှင့် အနံ့ဆိုးကြီးတစ်ခုက သူတို့သုံးယောက် နှာခေါင်းဝသို့ ဝင်တိုးလိုက်သည်။

"ဟိုက် . . ဘာနံ့လဲသိန်းဝင်း"

"ဒါ ချေးနံ့ကွ၊ ချေးနံ့။ ထွီ"

"ဒါဆို ငါချေးတွင်းထဲ ငါ့ခြေထောက်ကျတာကွ၊ ထွီ"

"လက်စသတ်တော့ ဒါ



www.burmeseclassic.com

www.burmeseclassic.com

ဂိုဒေါင်လဲမဟုတ်၊ အိမ်သာ ပျက်ကြီးပဲကွ။ ထို . . တော်တော် ဆိုးသကွာ . . ဝေါ့"

မောင်ရွှေက ပြောရင်း နောက်ပြန်ဆုတ်မည်အလုပ်တွင် အိမ်သာတံခါးအား တစ်စုံတစ်ယောက်က ဆောင့်တွန်းလိုက်သဖြင့် ပေါက်ဆိန်နှင့် အာကြီးသိန်းဝင်းတို့နှစ်ဦးနှင့် တိုက်မိလေ၏။ တံခါးကို တွန်းပိတ်လိုက်သူများကား အခြားမဟုတ်။ သစ်ကိုင်းပေါ်တွင် ပုန်းနေသော ဓားပြသုံးဦးဖြစ်လေ၏။

ထိုဖြစ်စဉ်ကို အဝေးမှ မြင်တွေ့နေရသော မမြလွင်တို့ အုပ်စုသည် ပေါက်ဆိန်တို့အား ကူညီရန်ပြေးထွက်လာကြပြီး လက်ထဲမှ တုတ်များဖြင့် ဓားပြသုံးဦးကို အလစ်အငိုက်ဝိုင်းရိုက်ကြလေ၏။ အိမ်သာတွင်းမှ ပေါက်ဆိန်တို့သည်လည်း အိမ်သာတံခါးပွင့်သွားသဖြင့် အပြင်သို့ ပြေးထွက်ကြပြီး ဓားပြများကို ဝိုင်းဖိုက်ကြလေ၏။

"ကြောက်ပါပြီဗျ။ ဖြေးဖြေးလုပ်ကြပါဟ၊ သေပါပြီဗျ"

"ဘာ အခုမှကြောက်ပါပြီလဲ၊ ပေးစမ်း ငါတို့ပစ္စည်းတွေ"

မမြလွင်တို့အုပ်စုက ပြောရင်း တုတ်များဖြင့် ဆော်ကြရာ ဓားပြသုံးဦးသည် မျက်နှာတွင် ဖုံးထားသော ပုဆိုးကို ချွတ်ပြလိုက်လေ၏။

"ဟောတော့ . ."

"ဟင်"

"ဟယ်"

မမြလွင်တို့အဖွဲ့ အံ့အားသင့်ကာ တုတ်များကို ပစ်ချလိုက်ကြလေ၏။ အာကြီးသိန်းဝင်းနှင့် မောင်ရွှေတို့လည်း ကြောင်ကုန်ကြ၏။ ပေါက်ဆိန်တစ်ယောက်သာ ဘာမှမဖြစ်၊ စပ်ဖြီးဖြီးလုပ်နေလေ၏။

"ကြည့်စမ်း၊ နင်တို့ တော်တော် ပိပိရိရိနောက်ကြတာကိုး။ တတ်လဲတတ်နိုင်ကြပါပေတယ်ဟာ"

မမြလွင်က ပြောရင်း ထိုင်ငိုတော့၏။ သည်တော့မှ ဓားပြသုံးဦးဖြစ်သော ကပ္ပလီစိုးမြင့်၊ ဝင်းကြည်နှင့် ကျားကြီးကျော်ညွန့်တို့က -

"ဒါ ငါတို့လုပ်တာမဟုတ်ဘူး၊ ဟောဟိုကောင် ချီးပေ ပေါက်ဆိန်အကြံပါ။ ပေါက်ဆိန်ချီးပေ"

"ဘယ်သူ့အကြံပဲဖြစ်ဖြစ်၊ ကြည့်စမ်း၊ တို့ ဘယ်လောက်လန့်သွားကြတယ်မှတ်လဲ။ တကယ်လို့များ နှလုံးရောဂါတွေ ဘာတွေရှိရင် သေသွားနိုင်တယ်။ တော်တော်ဆိုးတဲ့ကောင်တွေ"

ဝင်းဝင်းမော်က ပြော၏။ ဒီတစ်ခါတော့ နင်တို့ သိပ်လွန်တယ်ဟာ"

"ထားပါတော့ . . ဘယ်မလဲ ငါတို့ပစ္စည်းတွေ"

ကျားကြီးကျော်ညွန့်က သစ်ကိုင်းပေါ်တွင် ချိတ်ထားသော အထုပ်ကိုယူပြီး မမြလွင်တို့အား ပေးလိုက်လေ၏။ မမြလွင်တို့က သူတို့ပစ္စည်းများကို ပြန်ယူကြ၏။

"နာလိုက်တာကွာ၊ နင်တို့တတွေ ဝိုင်းရိုက်တာ၊ ငါ့ခေါင်းတော်တော်အီသွားတယ်ဟာ"

ဝင်းကြည်က ပြော၏။ ကျားကြီးကျော်ညွန့်ကလည်း-

"ငါ့ပခုံးလဲ တော်တော်အီသွားတယ်ကွာ။ မလွယ်ဘူးဟေ့"

"နည်းသေးတယ်ဟေ့။ နည်းသေးတယ်။ တို့လန့်သွားတာနဲ့စာရင် ဒီထက်မိုးပြီး တီးပစ်ရမှာ"

မခင်စန်းက သူ့ပစ္စည်းများ ပြန်ယူရင်း မျက်စောင်းထိုးကာပြော၏။ ချီးပေ ပေါက်ဆိန်ကတော့ တခစ်ခစ်ရယ်ရင်း ပီတိဖြစ်နေလေ၏။

"ဟော . . ဟို . . ဟို . . မှာ . . တွေ့ပြီ . . . တွေ့ . . ပြီ"

အထစ်သန်းစိန်သည် ရပ်ကွက်လူကြီးများနှင့် ရဲများကို ခေါ်လာရင်း ပေါက်ဆိန်တို့ အုပ်စုထံရောက်လာ၏။

"ဟာ . . နေ . . နေ . . ပါ . . အုံး . . အုံး . . မင်း . . မင်းတို့က . . . ဘယ်တုန်း . . က . . ရောက်နေတာလဲ"

အထစ်သန်းစိန်က . . ကပ္ပလီစိုးမြင့်တို့ကိုတွေ့သဖြင့် အံ့အားသင့်စွာ မေး၏။

"အဲဒါမှ ရှုပ်ကုန်ပြီ ပေါက်ဆိန်ရေ၊ ရှုပ်ကုန်ပြီကွာ၊ တော်တော်နဲ့ ရှင်းလို့ရမှာမဟုတ်တော့ဘူးဟေ့"

မောင်ရွှေက ရဲများနှင့် အရပ်လူကြီးများကို ကြည့်၍ ကြောက်လန့်ကာ ပြော၏။

"ဓားပြတိုက်ခံရတယ်ဆို" ရဲကြပ်ကြီးက မေးလေ၏။

"ဟုတ်၊ ဟုတ် . . ဟို . . ဟို . . . ဒီ"

အထစ်သန်းစိန်က ဘာပြောရမှန်းမသိဖြစ်နေရာ . . ကြောင်တောင်တောင်ဖြစ်နေသော အရပ်လူကြီးက -

"ကဲ - ငါ့ညီတို့၊ အကျိုးအကြောင်းလဲ ရှင်းပြပါအုံး"

ပေါက်ဆိန်တို့အုပ်စု ဘာပြောရမှန်းမသိဘဲ အကြောင်ကြောင် ဖြစ်နေကြလေ၏။ ဘယ်သူ့ဆီကမှ အသံထွက်မလာ။ ဘယ်ကစ၍ 'ဘယ်လို' ရှင်းပြရမည်မသိ။

"ဟာ . . . ဘယ်လိုလဲကွာ၊ မင်းတို့ဟာက တို့ကို အရူးလုပ်သလိုဖြစ်နေပြီ။ ကဲ . . ပြောကြကွာ။ ဘယ်လိုဖြစ်တယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com

ရဲကြပ်ကြီးက မေးတော့ မောင်ရွှေက -

"ဟေ့ကောင်ပေါက်ဆိန်၊ ပြောလိုက်လေကွာ။ ဘာ ခုမှ နှုတ်ဆိတ်နေတာလဲ"

သည်တော့မှ ပေါက်ဆိန် မနေသာတော့ဘဲ -

"ဒီလိုပါခင်ဗျာ . . . ကျွန်တော် ဟောဒီက ကျွန်တော့်သူငယ်ချင်း မိန်းကလေးတွေကို နောက်ချင်တာနဲ့ . . ကပ္ပလီစိုးမြင့်၊ ဝင်းကြည်၊ ကျားကြီးကျော်ညွန့်၊ ကိုဘန်း၊ ဟို . . ဟို . . ဘိုးတော်ဖြူတို့နဲ့ တိုင်ပင်ပြီး ခုလို နောက်ပြောင်တာပါခင်ဗျာ။ ဒီလို ပြဿနာကြီးကျယ်လာလိမ့်မယ်လို့ မထင်မိပါဘူးခင်ဗျာ"

"ပေါက်ဆိန် မင်းကတော့ တကယ်ပါပဲကွာ။ ငါတို့ကိုတောင် ကြိုမပြောထားဘူး။ ငါတို့ကလည်း တကယ်အောက်မေ့လို့"

မောင်ရွှေက ပြော၏။

"ဟုတ် . . ဟုတ် . . . ပါ . . . ကွာ"

အထစ်သန်းစိန်ကလည်း ထောက်ခံ၏။

"ကဲ-ထားတော့ကွာ၊ ခု ဘယ်လိုရှင်းကြမလဲ။ အရပ်ထဲမှာရော၊ ဂိတ်တဲမှာပါ လူတွေ အကုန်သိကုန်ပြီ။ ဒီတော့ . . ဒီဇာတ်လမ်းကစတဲ့ မောင်ပေါက်ဆိန်နဲ့ ကြံရာပါအားလုံး ခဏဂိတ်တဲကို လိုက်ခဲ့ကြပါ"

ရဲကြပ်ကြီးက ပြောသောအခါ ပေါက်ဆိန်က -

"ဟာ . . ဟာ . . ကျွန်တော်နောက်တာပါခင်ဗျာ . . ဟို . . ဟို နောက်မလုပ်တော့ပါဘူးခင်ဗျာ . . ဟို . . ဟို . ."

"မဟုတ်ပါနဲ့တော့ ညီလေး၊ တို့က တာဝန်နဲ့ ဝတ္တရားအတိုင်းလုပ်ရတာ၊ ဒါ ဝတ္တရားနှောင့်ယှက်မှုပဲ။ တို့မှာ တခြားအလုပ်တွေရှိသေးတယ်။ အချိန်ကုန်မခံနိုင်ဘူးကွ။ ကြည့်စမ်း၊ ခု မင်းနောက်လိုက်တာ တို့အဖွဲ့ရော၊ အရပ်ထဲမှာပါ ဘယ်လောက် အလုပ်ရှုပ်ကုန်လဲကွာ။ နောက်တယ်ဆိုတာ . . နေရာ၊ ဒေသ၊ အခြေအနေကြည့်နောက်ရတယ်ကွ။ ကဲ - ခေါ်ခဲ့ကွာ"

ရဲကြပ်ကြီးစကားဆုံးသောအခါ အရပ်လူကြီးများနှင့် ရဲတပ်ဖွဲ့ဝင်များက ပေါက်ဆိန်၊ ကျားကြီးကျော်ညွန့်၊ ကပ္ပလီစိုးမြင့်နှင့် ဝင်းကြည်တို့ကို ဝိုင်းရံကာ ဂိတ်တဲသို့ ခေါ်သွားကြလေ၏။ သည်တော့မှ ပေါက်ဆိန် မျက်ရည်လည်၍ သဘောပေါက်ကာ . . .

"နောက် ဒီလိုမစတော့ပါဘူး အစ်ကိုကြီးရယ်၊ ဒီတစ်ခါတော့ သည်းခံပါခင်ဗျာ။ ကျွန်တော်တို့ နောက်ကို ဒီလိုမျိုး ဘယ်တော့မှ မကျီစားတော့ပါဘူးခင်ဗျာ"

ငိုသံပါကြီးနှင့် တောင်းပန်လေ၏။ ကျားကြီးကျော်ညွန့်၊ ဝင်းကြည်နှင့် ကပ္ပလီစိုးမြင့်တို့ကလည်း ငိုတော့မည့်မျက်နှာကလေးများဖြင့် အနူးအညွတ်တောင်းပန်ကြသော်လည်း ရဲကြပ်ကြီးက လက်မခံသဖြင့် လောလောဆယ် ဂိတ်တဲသို့ လိုက်ရလေတော့၏။

ကျားကြီးကျော် ညွန့်၊ ဝင်းကြည်နှင့် ကပ္ပလီစိုးမြင့်တို့မှာ အူကြောင်ကြားနှင့် ခေါင်းကလေးများ စိုက်လျက် ရဲ ^ ရပ်ကွက်လူကြီးများကြားတွင် ပါသွားလေ၏။ ပေါက်ဆိန်နှာ: နောက်လှည့်ကြည့် လှည့်ကြည်လုပ်လျက် -

"ဟေ့ကောင်၊ မောင်ရွှေတို့၊ သိန်းဝင်းတို့လုပ်ပါဦးကွ။ ဝိုင်းပြောကြပါဦးကွ။ ဂိတ်တဲမှာ လိုက်ပြီး ဖြေရှင်းပေးကြပါဦးကွ။ ငါတောင်းပန်ပါတယ်။ တကယ်မဟုတ်ပါဘူးဆိုတာ သက်သေလိုက်ပြကြပါဦးကွာ"

ပေါက်ဆိန် ငိုသံပါကြီးနှင့် ပြောသောအခါ မောင်ရွှေ၊ အာကြီးသိန်းဝင်း၊ အထစ်သန်းစိန်နှင့် မမြလွင်တို့အုပ်စုသည် သနားရမည့်အစား အလွန်ပင် ရယ်ချင်လာကြလေ၏။ စိတ်ထဲမှာလည်း မိမိတို့အား အမြဲပြဿနာပေးနေသော ပေါက်ဆိန် ယခု နောင်ကျဉ်မည့်အရေးအလွန်ပင် ဝမ်းသာလျက်ရှိလေ၏။ ဝင်းဝင်းမော်က ပြောလေ၏။

"ကောင်းတယ်၊ မမြလွင်ရေ၊ သိပ်ကိုကောင်းတယ်။ ဒီကောင်တွေ ငါတို့ကို သည်းထိတ်ရင်ဖိုဖြစ်အောင်ဘင်မရ၊ ရင်သိမ့်တုန်အောင် မကြာခဏ လုပ်ကဲ့ဟာတွေ၊ ခု ဝဋ်လည်တာ ဟ။ လွှတ်ထားလိုက်၊ မောင်ရွှေတို့ အာကြီးသိန်းဝင်းတို့နော် ဒီကောင်တွေကို အာမသွားမခံနဲ့။ တစ်နှစ်လောက် ဂိတ်တဲမှာ အိပ်ကြပါစေ . . ဟီ - ဟီ"

ဝင်းဝင်းမော်၏ စကားဆုံးသောအခါ မမြလွင်တို့အုပ်စု တဝါးဝါး ပြိုင်တူရယ်လိုက်ကြလေ၏။ အထစ်သန်းစိန်က ပြောလေ၏။

"ဟား . . ဟား . . ဟား . . ခံလိုက်ပေဦးတော့ . . တန်း . . တန်း . . တန်းမြင့်ဂျင်ကြီးရေ့ . . ဘဲထီးမဂွတ် . . ဘဲ . . မ . . ဂွတ် . . ဝါး . . ဟား . . ဟား . . ဟား . ."

မမြလွင်တို့အုပ်စု တဝါးဝါးအူတက်မတတ်ရယ်နေကြသလောက် ပေါက်ဆိန်တို့အုပ်စုကား ငိုမဲ့မဲ့နှင့် အံကြိတ်ရင်း ဂိတ်တဲဆီသို့ ပါသွားလေတည်း။

ပြီးပါပြီ

**ပန္နလက်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆင်ရိုင်းမောင်မောင် နှင့် ရှေဘဝအမှုကြီး (၂)

**မောင်မောင် (မြန်မာပြည်)**

**(ယခင်လမှအဆက်)**

**ရှေဘဝသဲလွန်စနောက်သို့**

ရေမိုးချိုးလိုက်ရ၍ လန်းလန်းဆန်းဆန်းပြန်ဖြစ်သွား၏။ မိမိအတွက် အင်တာပိုရဲတပ်ဖွဲ့မှ ပေးအပ်လိုက်သော ရှေဘဝကေ့(စ်)ဖိုင်နှင့်ပါဆယ်ထုပ်ကို ယူကာ အိပ်ရာပေါ်ခြေဆန့်ကာ ကျောကိုခေါင်းအုံးခုပြီး နောက် ကေ့(စ်)ဖိုင်ဖတ်ရန် ခေါင်းရင်းရှိ စာကြည့်မီးကို ဖွင့်လိုက်၏။ ကေ့စ် ဖိုင်ထဲတွင်တော့ ရှေဘဝပေါ်ကလူသတ်မှုအကြောင်းများကို အသေးစိတ် ဓာတ်ပုံနှင့်တကွ ဖော်ပြထား၏။

သေသူမောင်ချစ်ပိုလှမှာ ကုန်းပတ်တတိယအရာရှိအခန်း တံခါးဝတွင် အသတ်ခံရကြောင်း လူသတ်သမားမှာ ချွန်မြသည့်လက်နက်ဖြင့် ရင်ဝနှလုံးသားတည့်တည့်သို့ တစ်ချက်၊ နောက်တစ်ချက်ကား အော်ဟာန်ပြုစဉ် လည်ပင်းသို့ တစ်ချက်ထိရှပြတ်ဒဏ်ရာကြောင့် သေဆုံးခဲ့ရသည်။ တတိယအရာရှိမှာ ပျောက်နေသည်။ တတိယအရာရှိ ဓာတ်ပုံအားဖော်ပြထား၏)

သင်္ဘောကုမ္ပဏီမှ တတိယအရာရှိလိပ်စာတောင်းပြီး တတိယ အရာရှိ မိသားစုနေထိုင်ရာ အိမ်ခန်း(တတိယအထပ်)သို့ သွားရောက်စစ်ဆေးရာ တတိယအရာရှိမှာ သူရှောင်ပြေးရတော့မည်ဟု ပြောပြီး ယောင်ကောင်ငွေ ၁၂သိန်းခန့် မိသားစုကို ပေးသွားခဲ့ကြောင်း ထွက်ဆိုသည်။ လူသတ်သမားများသည်



www.burmeseclassic.com

www.burmeseclassic.com

မုးယစ်ဂိုဏ်းသားများ ဖြစ်ပုံ ရပြီး တတိယအရာရှိ သစ္စာဖောက် ၍ လာရောက်သတ်ရန်သင်္ဘောပေါ် သို့ တက်ရောက်ကာ တတိယအရာရှိအခန်းတွင်း သန့်ရှင်းရေးလုပ်ကိုင်နေသော မြန်မာသင်္ဘောသား မောင်ချစ်ပိုလှကို လူမှားကာ သတ်ဖြတ်သွားခဲ့ကြောင်း ယူဆသည်။

ဆင်ရိုင်းမောင်မောင်အနေနှင့် ရေဘဝဲသင်္ဘောပေါ်တွင် ဆက်သွယ်ရေးအရာရှိအဖြစ် အမှုထမ်းကာ အမှုမှန်ပေါ်ပေါက်ရေးအတွက် တာဝန်ပေးအပ်လိုက်သည်။ လိုအပ်ပါက အသုံးပြုရန် လျှို့ဝှက်တီထွင်ထားသော ကိရိယာပစ္စည်းအသုံးအဆောင်များ ပေးပို့ပါသည်။ ရေဘဝဲသင်္ဘောသည် မူးယစ်ဆေးဝါးဂိုဏ်းနှင့် ပတ်သက်နေကြောင်း သံသယစာရင်းဝင် ဖြစ်သည်။

ဟော်တယ်အပေါ်ထပ်တွင် လောင်းကစားဝိုင်းရှိသည်။ သွားပါ၊ အဆက်အသွယ်က မေဝမ်းလီဖြစ်ပြီး သူမက အနက်ရောင်ဂါဝန်ရှည်ဝတ်ဆင်ထားပြီး ခေါင်းဆံထုံးမှာ နှင်းဆီပန်း အနီရဲရဲတစ်ပွင့်ပန်ထားမည်။ ည ၁၀ နာရီ ၃၀မိနစ်တွေ့ဆုံပါရန်။

မောင်မောင်ပါဆယ်ထုပ်ကိုဖွင့်ကာ အထဲမှ ပစ္စည်းများသွန်မှောက်ကာ ထုတ်လိုက်ရာ ဖောင်တိန်နှစ်ချောင်းမှာ နောက်ဖက်လှည့်လိုက်ပါက အဆက်က အလင်းမီးတန်းထွက်လာမည်ဖြစ်ပြီး ထူထဲသော သံမဏိတံခါးကိုလှီးဖြတ်တောက်နိုင်သည်။ နောက်တစ်ချောင်းမှာ နောက်ဖက်လှည့်ကာ ဖောင်တိန်ချိတ်တံဖိလိုက်ပါက သေးငယ်သောမေ့ဆေးအပ်ကလေးများ နှိပ်ချတိုင်းတစ်ချောင်းခြင်း ထွက်လာမည်။

ဂက်စ်မီးခြစ်မှာ ဆက်သွယ်ရေးစက်ပါရှိ၏။ နောက်ဖုံးကိုဖွင့်လိုက်ပါက နားကြပ်လေးတစ်ခုထွက်လာမည်။ စကားပြောခွက်မှာ နောက်ဖက်အတွင်းတွင်ရှိသည်မို့ ပါးစပ်နှင့်ကပ်ပြောပါရန်။ ပါဝါမျက်မှန်တွင် ကင်မရာတပ်ဆင်ထားသည် ဘေးကိုင်းပေါ်မှ အမှတ်တံဆိပ်ကို လက်နှင့်နှိပ်လိုက်ပါက ဓာတ်ပုံရိုက်ပြီးသား ဖြစ်သည်။

ဆင်ရိုင်းကိုင်ဆွဲနေကျ ဝါလ်ကာ ပီပီကေ ၉ မမပစ္စတိုပါထည့်ပေးလိုက်သည်။ ကျည်ကပ်အပိုနှစ်ခုပါသည်။ သေနတ်ကလိုအပ်မှ အသုံးပြုပါ (မောင်မောင်တို့ တစ်ခြားနိုင်ငံသို့ သွားရောက်အမှုထမ်းဆောင်ပါက လက်နက်ကိုင်ဆောင်ခွင့်မရှိပါချေ။ လိုအပ်၍ ဌာနေရဲတပ်ဖွဲ့မှ ကိုင်ဆောင်ခွင့်ပြုပါမှသာ သုံးစွဲခွင့်ရှိပါသည်။) မောင်မောင်သေနတ်ထည့်ရန်အတွက် ရှူးဖိနပ်အောက်ခံရော်ဘာဆိုးလ်အောက်တွင် ခလုတ်နှစ်ခုပါရှိ၏။ လက်ဖြင့်ပြိုင်တူနှိပ်လိုက်ပါမှ အောက်ခံရော်ဘာဆိုးလ်ကွာဟသွားပြီး သေနတ်ကိုထုတ်ယူနိုင်သည်။ နောက်တစ်ဖက်တွင်တော့ ကျည်ကပ်အပိုနှစ်ခု ထည့်သွင်းထားပေးသည်။

လက်ထိပ်နှင့်အခန်းတံခါးများဖွင့်ရန်အတွက် သော့ချောင်းများ... သော သော့ချိတ်ပါ ပါ၏။ မော... မောင်က မီးခြစ်မှ စကားပြော... ဖြင့် ဌာနခွဲသို့ ခေါ်လိုက်၏။

"ကောင်းကင်..ကောင်းကင်... ကြားလား"

"ဟေ့..မောင်မောင်..အ... မခေါ်ရသေးဘူးဟ"

"မှန်ပါတယ်ဗျာ..အခု ခေ... တာက ဟိုတတိယအရာရှိ... မိသားစုကို လုံခြုံတဲ့နေရာမှာ ပြော... ရွှေ့ထားဖို့ပါဗျာ"

"ဟေ..ဘာ..ဘာဖြစ်လို့.."

"လူသတ်သမားတွေက သူ... သတ်ချင်တဲ့သူမဟုတ်မှန်းသိသွားရင်"

"ဟုတ်ပြီ သဘောပေါက်... ကျေးဇူးဘဲကွာ..ဒါပဲ.."

"ဒါထက်..ကျွန်တော်... ဆက်သွယ်ရမည့် မေဝမ်းလီက ... ရှိလားဗျ"

"ဟုတ်.."

မောင်မောင်ကလိုလိုက်ရလို့ ... လိုက်မိပါသည်။ လက်ပတ်န... ကြည့်လိုက်သည့်အခါ ည၉ ... ရှိနေပြီဖြစ်၏။ ညနေစာ စားသော... ထားမှတော်မည်မို့ အနောက်တိ... ဝတ်စုံ လဲလှယ်ဝတ်ဆင်ရမည်... သဏ္ဌာန် လုပ်သရုပ်ပါစေရန်အတွ... မိမိသုံးစွဲ ရန် ဟောင်ကောင်ငွေ ... သိန်းအား ကုတ်အင်္ကျီထဲ ဟိုဘ... သည်ဘက် ခွဲထည့်လိုက်... အခန်းထဲမှ ထွက်ခဲ့ပါတော့သည်... ဆက်သွယ်ရမည့် မေဝမ်းလီ...



www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောသားနှင့် ပတ်သက်သော စာရွက်စာတမ်းများ ရယူရမည်ဖြစ်၏။

မနက်ဖြန်နံနက်တွင် အင်တာပိုဌာနမှ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ကိုယ်ပိုင်အငှားကားဖြင့် ၁၀း၃၀မိနစ်တွင် လာရောက်ခေါ်မည်ဖြစ်ပြီး သူတို့က သင်္ဘောကုမ္ပဏီထံ ပို့ဆောင်ပေးမည်ဖြစ်၏။ မောင်မောင်ဟော်တယ်အောက်ထပ်သို့ ဓာတ်လှေကားဖြင့် ဆင်းသက်လာခဲ့ပြီး စားသောက်ခန်းမကိုမေးကာ စားသောက်ရန် လျှောက်လှမ်းခဲ့၏။ စားသောက်ခန်းတွင်းတွင်တော့ လူသူရှင်းနေ၏။ အတွဲစုံတွဲ နှစ်တွဲသာတွေ့သည်။

မောင်မောင်ထိုင်လိုက်သောအခါ စားပွဲထိုးလေးက အနားရောက်လာပြီး မီနူး(Menu)ကတ်လာရောက်ပေး၏။ မိမိစားသောက်ချင်ရာများကို မီနူးကတ်ထဲပါသည့်အတိုင်းမှာစားနိုင်ပေသည်။ မောင်မောင်က ပုစွန်ထမင်းကြော်(Prawn fryrice)မှာပြီး ဝက်အခေါက်ကင်ကြွပ်နှင့် ၁၂မျိုးဟင်းချိုမှာလိုက်ပြီး သောက်ရန်အတွက် မာတီနီ(Martini)နှစ်ပက်ပါမှာလိုက်၏။ ခေတ္တစောင့်ဆိုင်းရစဉ် မာတီလို စီးကရက်ထုတ်ကာ မီးခြစ်အသစ်ဖြင့် မီးငြိသောက်နေမိ၏။

အမှုအတွက် မစဉ်းစားလိုသေးပါချေ။ ကြိုတင်စဉ်းစားစရာလည်း အကြောင်းမရှိပါချေ။ အခုအချိန်တွင် ဦးနှောက်ရှင်းရှင်းထားသည်က ပိုသင့်တော်၏။ မောင်မောင်တို့ အထူးရဲတပ်ဖွဲ့ဝင်များသည် ကိုယ်ခံပညာကအစ ဗဟုသုတအဖြာဖြာကို လေ့လာသင်ကြားခဲ့ကြရင်း။ ဆက်သွယ်ရေးအရာရှိအဖြစ် ထမ်းရွက်နိုင်ရန် မော့ကုတ်(Morse Code)ပါ တတ်ထားရပါသည်။

ဘုတ်ကိပင်း(Boor Keeping)၊ ကြေးနန်းစာ(Telegraph)ပါ ရေးတတ်ရပါသည်။ ရာသီဥတုသတင်းပို့ချက်(Wheather Report)ပါ အသံလှိုင်းများမှ တစ်ဆင့် ဖမ်းယူရပါသည်။ မှာယူထားသည့် အစားအစာများ ရောက်လာသဖြင့် စီးကရက်မီးငြိမ်းသတ်လိုက်ပြီး စားသောက်ရန်ပြင်ဆင်ရတော့၏။ ပူပူနွေးနွေးမို့ စားသောက်ရပိုကောင်းရ၏။ ဟော်တယ်ကြီးများမှာ နိုင်ငံတကာအဆင့်မီသည်မို့လည်း ချက်ပြုတ်လက်ရာ ကောင်းပါမှ လာရောက်တည်းခိုသူများ စိတ်ကြိုက် တွေ့စေမည်ဖြစ်၏။

မောင်မောင်တို့ ရဲတပ်ဖွဲ့ဝင်ခြင်းမှာ စွန့်စားခြင်းကိုဝါသနာပါ၍ဖြစ်၏။ စွန့်စွန့်စားစားတာဝန်ထမ်းဆောင်ရခြင်းကို နှစ်သက်၏။ ပြဿနာတစ်ခု အခက်အခဲတစ်ခုကို ရင်ဆိုင်ဖြေရှင်းရာတွင် မည်သို့ပြုရမည်ကို စဉ်းစားတွေးခေါ်ရသည်က ဉာဏ်ရည်ထက်မြက်စေ၏။ တစ်ခါတစ်ရံ ကျဉ်းထဲကျပ်ထဲတွေ့ရပါသေး၏။ သေဘေးအန္တရာယ်များကတော့ မိမိတို့၏ မိတ်ဆွေအပေါင်းအသင်းလိုပင် မခွဲမကွာရှိလာတတ်ကြပေသည်။

မိန်းကလေးများနှင့်ကြုံတွေ့ရသော်လည်း တာဝန်အရသာ ဆက်ဆံလိုက်လျောစွာနေကြရ၏။ အစွဲအလမ်းထားမိပါက မိမိတို့သာ အသည်းကွဲမ အဆွေးအလွမ်းဝေဒနာ ခံစားကြရမည်ပေ။ ဘဝအတွက် လက်တွဲဖော်ထားရန် စိတ်မကူးဝံ့ပါချေ။ မိမိတို့က နေ့ညမဟူတာဝန်ထမ်းဆောင်ရသည်မို့ တစ်ခါတစ်ရံ ပြန်ရောက်လျှင်ပင် အိမ်သူသက်ထားက မှတ်မိမည်မဟုတ်ပါချေ။ မောင်မောင်အစားအသောက်ကို လက်စသတ်လိုက်သလို ဟိုရောက်သည်ရောက် မရေမရာအတွေးများကိုလည်း အတွေးစဖြတ်လိုက်ကာ စားပွဲထိုးအား ခေါ်လိုက်၏။ လက်ပြလိုက်သည်နှင့် ခဏအတွင်း ရောက်ရှိလာကာ လင်ပန်းပေါ်ပါသည့် စားသောက်ခ ကျသင့်ငွေစာရင်းနှင့် ဘော်ပင်ပါမိမိရှေ့မှောက် ချထားပေး၏။

တည်းခိုသူတို့ စားသောက်မှုကအစ ဝန်ဆောင်မှုစရိတ်များကို မိမိတို့အခန်းနံပါတ်နှင့်နာမည်လက်မှတ် ရေးထိုးပေးလိုက်ရုံဖြစ်၏။ ဟော်တယ်မှထွက်ခွာသောအခါမှ ကျသင့်ငွေအားလုံး ရှင်းပေးရမည်ပေ။ စားပွဲထိုးလေးအား မိမိလောင်းကစားချင်ကြောင်း မေးမြန်းရာ အပေါ်ဆုံးအထပ်တွင်ရှိကြောင်း သို့သော် ကစားမည့်သူတစ်ဦးသည် အနည်းဆုံး ဟောင်ကောင်ငွေ နှစ်သိန်းကိုင်ဆောင်သူမှ ဝင်ရောက်နိုင်ကြောင်း ပြော၏။ မောင်မောင်က မချိပြုံးလေးပြုံးပြ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ကာ ကျေးဇူးတင်ကြောင်းဆိုပြီး စားပွဲထိုးလေးအား ဟောင်ကောင်ဒေါ်လာ တစ်ရာတန်တစ်ရွက် လင်ဗန်းလေးပေါ် ဘောက်ဆူးတင်ပေးလိုက်တော့သည်။ (ထိုစဉ်က ဟောင်ကောင်ဒေါ်လာ ခုနစ်ဒေါ်လာသည် အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှ၏။)

လက်ပတ်နာရီကြည့်လိုက်သောအခါ ၉း၃၈မိနစ်သာရှိသေး၏။ ကစားပွဲစတင်ချိန်မှာ ၁၀း၀၀ဖြစ်ပေသည်။ အချိန်ရသေးသည်မို့ ဟောင်ကောင်ညအား ခံစားရန် ဟော်တယ်အပြင်သို့ ထွက်လာခဲ့၏။ ဟော်တယ်အပြင်သို့ ထွက်ခွာပါက ကောင်တာတွင် မိမိ၏အခန်းနံပါတ်သော့အား အပ်နှံထားခဲ့ရပေသည်။

ဟောင်ကောင်ညချမ်းကား နီယွန်မီးရောင်စုံများ ဖြာလျက်ရှိတော့၏။ ကုန်တိုက်ကြီးများမှာ ည ၉နာရီတွင် ပိတ်ကုန်ပြီဖြစ်၏။ လူအများကတော့ ဥဒဟိုသွားလာလျက်ရှိသေး၏။ ညဉ့်နံနက် ၂ နာရီလောက်တွင်တော့ လူခြေတိတ်ဆိတ်စပြုပြီး နံနက် ၄ နာရီတွင် ပြန်လည်သက်ဝင်လှုပ်ရှားလာကြပြန်တော့၏။ မောင်မောင် ကမ်းနားဘက်သို့ လျှောက်၏။ စတားဖယ်ရီ(ကြယ်ကူးတို့သင်္ဘောဆိပ်)များက ကိုလွန်းဘက်နှင့် ဟောင်ကောင်မြစ်သို့ လွန်းထိုးသကဲ့သို့ ကူးလာစုန်ဆန်နေလျက်ရှိ၏။

ကမ်းနားဘက်တွင်တော့ လူပေါင်းစုံ၏။ အလုပ်သွားအလုပ်ပြန်

> မူးယစ်ဆေးဝါးဂိုဏ်းသားများကား လက်မရွံ့လူသတ်သမားများစွာ လက်သပ်မွေးထားကြပေသည်။ ရောဘဝ်တတိယအရာရှိ လီရှောက်ပုံ ကိုယ်စား သူ၏မိသားစုအား ဓါးစာခံ လက်တုံ့ပြန်ခြင်းပြုနိုင်ပေသည်။

ကြသူများ၊ မူးရူးနေသူများပါမက ညဉ့်ငှက်မလေးများလည်း လှုပ်ရှားအဖော်ရှာနေကြပြီပေ။ ဟောင်ကောင်ကား နယ်ချဲ့ဗြိတိသျှကိုလိုနီအောက်တွင် ထိုစဉ်က ရှိနေပေသေး၏။ အနောက်တိုင်းယဉ်ကျေးမှုများက ဖုံးလွှမ်းနေပေသည်။ မောင်မောင် မာဘိုရို စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်၏။

ပင်လယ်ကူးသင်္ဘောကြီးများဘက်တွင်တော့ ကုန်တင်ကုန်ချရပ်နားပြီမို့ တိတ်ဆိတ်နေချေပြီ။ သင်္ဘောကြီးများသို့ ဖယ်ရီဘုတ်များရှိ၏။ သင်္ဘောကုမ္ပဏီများက စီစဉ်ပေးထားခြင်းပါပေ။ မောင်မောင် ရောဘဝ်သင်္ဘောသို့ တက်ရောက်တာဝန်ထမ်း ဆောင်မည်ဆိုပါက ထိုဖယ်ရီဘုတ်များဖြင့်သာ သွားလာရမည်ပေ။ ညဉ့်နက်ချိန်တွင်တော့ အခပေး ဖယ်ရီအုတ်များဖြင့်သာ သင်္ဘောသို့ ပြန်ကြရမည်ဖြစ်၏။ လူသတ်သမားကိုကော ဖယ်ရီဘုတ်ဖြင့် လာရောက်ခဲ့ကြခြင်းပေလော၊

ထိုသူတို့သာ သိကြပေလိမ့်မည်၊ ရောဘဝ်တတိယ အရာရှိက သူသွာ ဖောက်မှုကြောင့် သတ်မည်ကို သိပုံရ၏။

သင်္ဘောဟောင်ကောင်မှ ကျောက်ဖြတ်ဘွိုင်ချည်ပြီးသည်နှ တစ်ချိုးတည်းလစ်ပြေးပါတော့သည် မောင်ချစ်ပိုလှမှာတော့ ထိုတတိယ အရာရှိနှင့်ရုပ်ချင်းဆင်တူသည်မို့ မှာ ယွင်းအသတ်ခံလိုက်ရခြင်းပါပေ အပြစ်ရှိသူက ထွက်ပြေးလွတ်မြော နေခဲ့ပြီဖြစ်၏။ သူ့မိသားစုကို အချိ လူသတ်သမားတို့လက်မှ ကယ်တ နိုင်ပါစေလို့သာ ဆုတောင်းမိပါသည်

မူးယစ်ဆေးဝါးဂိုဏ်းသားမျ ကား လက်မရွံ့လူသတ်သမားမျာ လက်သပ်မွေးထားကြစေသည် ရောဘဝ်တတိယအရာရှိ လီရှောက် ကိုယ်စားသူ၏ မိသားစုအား ဓါးစာ လက်တုံ့ပြန်ခြင်းပြုနိုင်ပေသည်။ မိ လည်း ရောဘဝ်သင်္ဘောပေါ်ရောက် က သတိထားကာ ထောက်လှ ဖော်ထုတ်ရပေမည်။ မည်သူ



www.burmeseclassic.com

www.burmeseclassic.com

ကြည်စိတ်ချ၍မရပေ။

မောင်မောင်လက်ပတ်နာရီကြည့်လိုက်ရာ ၁၀း၀၀ခန့် ရှိနေပြီမို့ ဟော်တယ်ဘက်သို့ ပြန်လျှောက်လာခဲ့တော့သည်။ ဟော်တယ်သို့ရောက်သည်နှင့်ကောင်တာသို့သွားရောက်ကာ မိမိအခန်းသော့တောင်း ခံရပါသေး၏။ ပြီးသော် အပေါ်ဆုံးထပ်ရှိ လောင်းကစားဝိုင်းများရှိရာသို့ တက်ရောက်ခဲ့တော့သည်။ ကြယ်ငါးပွင့်အဆင့်ရှိသော ဟော်တယ်ကြီးများတွင် လာရောက်တည်းခိုသူ ဧည့်သည်များအတွက် စိတ်တိုင်းကျဖြစ်စေရန် စီစဉ်ထားရှိမှုပါပေ။

အချိုကြိုက်သူအချို၊ အခါးကြိုက်သူ အခါး၊ အရာရာဖြစ်ရစေ၏။ ဟော်တယ်လုပ်ငန်းဆိုသည်က ဝန်ဆောင်မှုအပြည့်အဝပေးနိုင်မှ ဖြစ်ပေမည်။ အပြိုင်အဆိုင်များလှ၏။ လာရောက်တည်းခိုသူများ းမငြိုငြင်စေရန် ဝန်ထမ်းများက ဖော်ရွေစွာဆောင်ရွက်ပေးကြရလေ့ရှိကြ၏။ တည်းခိုသူက စိတ်တိုင်းမကျ၍ တိုင်တန်းခံရပါက ထိုဝန်ထမ်းမှာ အလုပ်ဖြုတ်ခံရမည်မှာ သေချာသလောက်တည်း။

ဓာတ်လှေကားပွင့်သွားသည်နှင့် လောင်းကစားဝိုင်း ဧည့်ကြိုမိန်းမပျိုလေးများက တန်းစီကာ စောင့်ဆိုင်းကြိုနေကြကုန်၏။ လာရောက်ကစားမည့်သူတို့သည် ငွေကြေးတတ်နိုင်သူများမဟုတ်ပါလား။ ဟောင်ကောင်ဒေါ်လာငွေနှစ်သိန်းအောက်ထစ်သုံးဖြုန်းနိုင်ကြခြင်းမှာ တော်ရုံငွေကြေးနှင့် မဖြစ်ချေ။ မောင်မောင့်အား ဧည့်ကြိုမိန်းကလေးတစ်ဦးက လမ်းပြခေါ်ဆောင်လာခဲ့၏။ သူမတို့မှာ တရုတ်အမျိုးသား၀တ်စုံများကို ဝတ်ဆင်ထားကြ၏။ လာရောက်ကြသူများကိုတော့ ငွေကြေးသတ်မှတ်သည့်အတိုင်း ပါမပါစစ်မေးမြန်းရှာဖွေခြင်းမပြုကြပါချေ။ တိုကင်နှင့်ငွေလဲလှယ်ရာဌာနတွင်မှ စစ်ဆေးစရာမလိုဘဲ ငွေနှစ်သိန်းအထိ လဲလှယ်ရမည်မို့တည်း။ ပို၍လဲလှယ်လိုပါကလည်း လဲလှယ်နိုင်၏။ ဧည့်ကြိုမိန်းမပျိုလေးကတော့ ငွေလဲလှယ်ရာသို့ ပို့ဆောင်၍ ပြန်သွားပေသည်။

မောင်မောင်က တိုကင်ပြားများကို ဟောင်ကောင်ဒေါ်လာ ၃သိန်းထိ လဲလှယ်လိုက်၏။ ငွေပိုလဲလှယ်လိုက်သောကြောင့်ဖြစ်မည်ထင်၏။ ကစားဝိုင်းဝန်ထမ်းများက ပို၍ဖော်ရွေစွာဆက်ဆံလာခဲ့သည်။ မကစားမီအစားအစာများစားသောက်နိုင်ရန် စီစဉ်ထား၏။ မောင်မောင်နာရီကြည့်လိုက်ရာ ၁၀း၂၀ခန့်သာ ရှိသေးသဖြင့် မာတီနီနှစ်ပက်နှင့်ဆာလာမီတစ်ပွဲမှာကာ စားသောက်ခန်းတွင် အချိန်ဖြုန်းနေမိပါသည်။ အစားအသောက်အတွက် ငွေပေးချေစရာမလိုတော့ပေ။ ကောင်တာနှင့် ငွေလဲလှယ်စဉ်ကတည်းက ၁၀%ရာခိုင်နှုန်းဖြင့် ဖြတ်တောက်ပြီးသားဖြစ်၏။

စားသောက်ပြီးစီးသည်နှင့် လောင်းကစားဝိုင်းရှိရာအခန်းပေါက်သို့ လျှောက်လာခဲ့၏။ အခန်း၀တွင်တော့ ဟော်တယ်လူမိုက်လေးဦးရှိပြီး ဧည့်ကြိုမိန်းမပျိုလေးများပါရှိနေသည်။ သူတို့က ဧည့်သည်အပေါက်ဝရောက်လာတော့မှ တံခါးပေါက်ဖွင့်ပေးကြပါသည်။ အထဲတွင်တော့ သူ့နေရာနှင့်သူ ကစားဝိုင်းများ ရှိနေကြ၏။ ရုပ်(စ်) (Route) ခေါ် ဂေါ်လီလုံးဖြင့် စက်ဝိုင်းလှည့်ကစားသောနေရာတွင် တချို့ကံစမ်းနေကြ၏။ ဂဏန်းနံပါတ်မိမိထိုးကွက်အတိုင်း ဂေါ်လီကျပါက အဆ ၆၀၀ ရမည်ဖြစ်၏။ မက်မောလောက်စရာတည်း။ သို့သော် ကျဖို့မလွယ်လှပေ။ ကစားဝိုင်းဒိုင်များက ဂေါ်လီလုံးလေးထဲတွင် သံလိုက်ထည့်ထားတတ်၏။ သူတို့ပေါ်ချင်သော ဂဏန်းပေါ်လာစေရန် အောက်စက်ဝိုင်းရှိ ဂဏန်းကွက် ဂေါ်လီပေါက်များတွင်လည်း သံလိုက်များထားရှိပြီး မိမိပေါ်လိုသော ဂဏန်းကွက်ကို သံလိုက်ကပ်စေကာ ဂေါ်လီကို ကျသွားစေအောင် လုပ်ပေသည်။ ဂဏန်းကွက်များသဖြင့် ကစားသူတို့အနိုင်ရဖို့ လွယ်ကူလှသည်တော့ မဟုတ်ပါချေ။

မောင်မောင်က အနီရောင်နှင်းဆီပန်းပန်ပြီး အနက်ရောင်ဂါဝန်ဝတ်ဆင်ထားသော မေဝမ်းလီကိုရှာဖွေရ၏။ တွေ့ပါပြီ သူမက တစ်ချပ်မှောက်ဝိုင်းထဲတွင် ထိုင်နေသည်။ မောင်မောင် ထိုဝိုင်းသို့လျှောက်လှမ်းသွား



www.burmeseclassic.com

www.burmeseclassic.com

၏။ သူမကလည်း ဆက်သွယ်လာမည့် မောင်မောင်ကို ဟိုကြည့် သည်ကြည့် ရှာဖွေလျက်ရှိနေ၏။ ၁၀း၃၅ နာရီပင် ရှိနေပြီမဟုတ်ပါလား။

မောင်မောင်က သူမအနား နောက်သို့ ရောက်ရှိပြီး..

"မေဝမ်းလိ..ရှုံးနေပြီလား.. ကိုယ်ကစားပေးမယ်လေ.."

"အို..မောင်မောင်..အတော်ပဲ မေ အရမ်းရှုံးနေပြီရှင့် လာဝင်လေ"

ထိုသည်က အချိန်းအချက် စကားဝှက်ပါပေ။ မောင်မောင်က သူမဖယ်ပေးသောနေရာတွင် သူမကိုယ်စားဆက်ကစားမည်ဖြစ်၏။ သူမ၏ လက်ကျန်ငွေများနှင့် သူ၏ ငွေဒေါ်လာ သုံးသိန်းတိုကင်များ ပေါင်းလိုက်လေရာ ကျန်ကစားသူများဘာမှမပြောလိုတော့ချေ။

"မေ..ကိုယ့်အတွက် မာတီနီ တူးပက် ပလိ(စ်).."

"အိုကေ..မောင်မောင်"

မေဝမ်းလိထသွားပြီဖြစ်၏။ ထိုသည်မှာလည်း မောင်မောင်တို့ အချိတ်အဆက်ရပြီဖြစ်ကြောင်း သတင်းပို့ခိုင်းလိုက်ခြင်းတည်း။ တကယ်တော့ မောင်မောင်ဖဲကစားတတ်သည်တော့ မဟုတ်ချေ။ သို့သော် မိမိတို့ အထူးမှူခင်းရဲတပ်ဖွဲ့ဝင်များသည် အသွင်သဏ္ဌာန်အမျိုးမျိုး သရုပ်ဆောင်ကြရသည်မို့ သဏ္ဌာန်လုပ် သရုပ်ပါရပေသည်။

ကစားဝိုင်းတာဝန်ခံများက ဖဲချပ်ဝေသူတစ်ယောက်ထားပေးထားသည်။ မောင်မောင်တို့ဝိုင်းတွင် ကစားသူ ခြောက်ယောက်ဝိုင်း တစ်ချပ်မှောက်ကစားခြင်းဖြစ်၏။ ဖဲထုတ်တစ်ဝက်သာ ကစား၏။ နံပါတ် (၈)မှနေ ၁ ဂဏန်းအထိပါပေ။ ဖဲဝေသူက စတင်ဝေသည်။ ဖဲချပ် နှစ်ချပ်မှောက်ပေးခဲ့၏။ တစ်ချပ်ကို လှန်ရမည် မောင်မောင်တစ်ချပ်ကို လှန်လိုက်၏ (၈)ဂဏန်းချပ်တည်း။ အောက်ဖဲကို ကြည့်လိုက်ရာ (၈)ဂဏန်းမို့ ပူးနေပြီဖြစ်၏ သို့သော် ကြီးစဉ်ငယ်လိုက် အရ အငယ်ဆုံးပါပေ။

ကျန်သူများက ကင်း၊ တစ်၊ တစ်ဆယ်၊ ကွင်းနှင့်ဂျက်များမို့ ကြီးသော တစ်သမားက စတင်ခေါ်၏။ လက်ဦးရစ်အတိုင်းလိုက်မလိုက်ဆုံးဖြတ်ရသည်မို့ တစ်သမားပြီးတော့ မောင်မောင်လိုက်ရမည့် အလှည့်မို့သူခေါ်သည့်အတိုင်း ငွေ ငါးထောင်တန်တိုကင်တစ်ပြားဝိုင်းထဲ ထည့်လိုက်ရ၏။ အားလုံးထည့်လိုက်ကြသည်မို့ ဖဲဝေသူက အိမ်ဓေ့ဝေပေးရ၏။ ဖဲတစ်ပြားငါးထောင်တန်နေပြီဖြစ်၏။ ထိုအချပ်ကို လှန်ပေးရာတွင်တော့ မောင်မောင်ထံ(၈)ဖဲတစ်ပြားထပ်ကျသဖြင့် ထရိုင်(TRI)သုံးလုံးပူးပြီဖြစ်၏။ တစ်သမားက ကင်းဖဲရပြီး၊ ဂျက်သမားကကွင်း၊ ကွင်းသမားက တစ်ဆယ်၊ ကင်းသမားက ကိုးဖဲနှင့် တစ်ဆယ်သမားက တစ်ရ၏။

မောင်မောင်က အမြင်ပူးသမားမို့ စတင်ခေါ်ရသည်။ တိုကင်ငါးထောင်တန် ငါးခုတင်လိုက်၏။ နှစ်သောင်းခွဲပါပေ။ ကင်းနှင့်ကိုးဖဲရသူက အကဲစမ်းလိုက်၏။ သူက ငါးထောင်တန် ငါးခု အပြင် ထပ်ပြီး တစ်သောင်းတန်တိုကင် သုံးပြား ထပ်ခေါ်ရာ ဂျက်ကွင်းရသူက လိုက်၏။ တစ်ကင်းသမားလည်း လိုက်ပြန်ပြီ၊ ကွင်းသမားကလည်း လိုက်၏။ တစ်ဆယ် သမားကတော့ မလိုက်တော့ပေ။

ဖဲဝေသမားက ထပ်မံဖဲတစ်ချပ် ဝေပေးပြန်သည်။ သည်တစ်ခါတော့ မှောက်ပေးခဲ့၏။ ဖဲတစ်ချပ်၏ တန်ဖိုးက သောင်းချီတန်နေပြီမဟုတ်ပါလား၊ သည်တစ်ချပ်က အရေးကြီးလှ၏။ အခေါ်အပြောလည်း လိုသည်။ လူတို့၏ မျက်နှာရိပ် မျက်နှာကဲကိုလည်း ကြည့်ရလေ၏။ ပြီးတော့ ဖဲချပ်များကိုပါ တွက်ချက်ရပြီး သူ့အိမ်တွင် ပူးရှိ မရှိ၊ ရှိပါက မိမိနိုင်မနိုင်၊ ပြီးတော့ မိမိဖဲချပ်မှော် လင့်ချက်ရှိမရှိပါ ခေါင်းပူအောင် စဉ်းစားတွက်ချက်ရပေသည်။

လွယ်တော့မလွယ်ပေ။ တချို့ကလည်း ဘာမှမရှိသော်မှ အဖော် ဖဲများအမြင်ဖြင့် ဟောက်စားလုပ်စား သွားတတ်ပါသေး၏။ သူ့ပညာနှင့် သူပေ။ ဘယ်ပညာမဆို အသုံးချ တတ်လျှင် အသုံးတည့်၏။ မောင် မောင်ထံသို့ ကင်းဖဲထပ်ရ၏။ အပေါ် တွင် (၈)နှစ်လုံး ကင်းပါပေ။ ကင်း ကိုး၊ ရသူထံသို့ ကိုးဖဲထပ်ကျသဖြင့် ကိုးပူးကင်းအမြင်ရှိနေပြီတည်း။ တစ်



www.burmeseclassic.com

www.burmeseclassic.com

ကင်းသမားပေါ်တွင်တော့ ကွင်းဖဲကျပြီး၊ ဂျက်ကွင်းသမားက ကိုးဖဲရကာ ကွင်းတစ်ဆယ်သမားထံသို့ တစ်ဆယ်ဖဲထပ်ကျသဖြင့် ဆယ်ပွူးအမြင်ရှိသဖြင့် သူကစတင်ခေါ်ရမည်ပေ။

ဆယ်ပွူးလူက မျက်နှာပြုံးသွား၏။ သူ့ထက်သာသူမရှိပြီဖြစ်၏။ အကယ်၍ သူ၏အောက်ဖဲက ဆယ်သာဆိုပါက ဆယ်သုံးလုံးမို့ ယခုလက်ရှိအခြေအနေအရ သူကသာလွန်လျက်ရှိ၏။ သို့သော် ဆယ်တစ်လုံးထွက်နေပြီမို့ ဆယ်လေးလုံးမဖြစ်နိုင်တော့ချေ။ သူက တစ်သောင်းတန် ငါးပြားတိုကင်ကို အလယ်ငွေပုံတိုကင်ထဲသို့ စတင်ထည့်လိုက်၏။ ဂျက်ကွင်း ကိုးဖဲသမားကတော့ မလိုက်ပါတော့ပေ။ ကင်းနှင့်ကိုးပွူးအမြင်သမားကတော့ လိုက်၏။ လိုက်သော်လည်း သူ့အတွက် ဖဲကန်းနေပြီ၊ သည်ထက်ပိုမကျရောက်နိုင်တော့ပေ။ တစ်ကင်းကိုးသမားကလည်း လိုက်သလို မောင်မောင်ကလည်း လိုက်သည်။ နောက်ဆုံးဖဲတစ်ချပ်က အဆုံးအဖြတ်ပေတည်း။

နောက်ဆုံးဖဲကား ရင်တထိတ်ထိတ်ရှိရ၏။ နှလုံးရောဂါရနိုင်ပေသည်။ အလယ်တွင်တော့ သိန်းဂဏန်းအထက်ငွေတိုကင်ပုံကြီး ဟီးနေပြီဖြစ်၏။ ဆယ်ကွင်းသမားကတော့ တစ်ပန်းသာနေသူမို့ သူကတော့ပြုံးပန်းများပန်ဆင်နေပြီဖြစ်၏။ သူ့ထံသို့ ကွင်းဖဲကျပြီး ကိုးပွူးကင်းသမားပေါ်သို့ ဂျက်ဖဲကျပြီး တစ်ကိုးကင်းသမားပေါ်သို့ တစ်ဖဲကျကာ မောင်မောင်ထံသို့ (၈)ဖဲထပ်မံကျ၏။ ထို့ကြောင့် အမြင်တွင် (၈)သုံးလုံးမို့ အားလုံးထက်သာလွန်နေပါတော့သည်။ ကိုးပွူးကင်းသမားကတော့ အခေါ်ပင်မစောင့်ဘဲ အရှုံးပေးသွားတော့၏။ (၈)သုံးလုံးအမြင်ကို သူရှုံးနေပြီမို့ပေ။

မောင်မောင်စတင်ခေါ်ရမည်ဖြစ်၏။ မောင်မောင်က အတော်ကြာကြာစဉ်းစားသလို စိတ်လှုပ်ရှားဟန်ဖြင့် မေဝမ်းလီယူဆောင်လာသော မာတီနီအရက်ကို ခပ်ဖြည်းဖြည်းစုပ်ယူသောက်လိုက်၏။ မေဝမ်းလီကတော့ မကြည့်ရဲသလိုသူ့မျက်ဝန်းအစုံကို လက်ဖြင့် ပိတ်ထားပြီတည်း။ မောင်မောင်က ချီတုံချတုံဖြစ်ဟန်ဖြင့် တစ်သောင်းတန် (၈)ခု တိုကင်အထဲသို့ မထည့်ချင်ထည့်ချင်ဖြင့် ထည့်လိုက်ပြီး လက်ကျန်မာတီနီအရက်ခွက်အား တစ်ရှိန်ထိုးမော့ချသောက်လိုက်လေတော့သတည်း။

တစ်ပွူးကင်းကိုးအမြင်ရှိသူက မောင်မောင်ခေါ်သလောက်သာလိုက်ပါထည့်သည်။ ထိုသည်ကို အမြင်ဆယ်ပွူးကွင်းပွူးသမားက သူကအသာရသူမို့ တစ်သောင်းတန်(၈)ခု တိုကင်ထည့်ပြီး သူ၏ အောက်တွင်ရှိသမျှပါထပ်မံအောလိုက်လေတော့သည်။ မောင်မောင်ချေးပြန်ရတော့၏။ (ထိုသည်က အယုံသွင်းခြင်းတည်း) မောင်မောင်က (၈)အားလုံးမို့ သူတို့အားလုံးကိုနိုင်ပြီးသားသူသာ ဖြစ်ခြင်းကြောင့်ပေ။

ထိုသူက အောင်နိုင်...သူ...ကနေ မောင်မောင်ကပြုံးလိုက်ပြီး

"ကဲ..ခင်ဗျားထပ်ပြီးစိမ်ခေါ်ချင်ရင်တော့ ကျွန်တော့်အိတ်ထဲမှာ ငွေနှစ်သိန်းကျန်သေးတယ်၊..."

မောင်မောင်က အိတ်ကပ်ထဲမှ ဒေါ်လာ ၂သိန်းထုတ်ပြီး စားပွဲအလယ်သို့ တင်လိုက်လေတော့သည်။ သည်တစ်ချီတော့ ဂျောင်ပိတ်မိနေသော ကြွက်ကလေးလို မျက်ကလူးဆန်ပျာဖြစ်ရတော့၏။ သူ မောင်မောင့်ပုံးနှိမ့်ဖို့ဆိုသည်က (၈)လေးလုံးသာရှိပေသည်။ သည်အချိန်ကျမှ မတတ်နိုင်တော့ ထိုသူက သူ့အိတ်ကပ်ထဲမှ ငွေများပါထုတ်ကာ လိုက်လိုက်ပါတော့သည်။

မောင်မောင်က ရိသဲ့သဲ့အပြုံးဖြင့် "ကျေးဇူးပါပဲဗျာ"ဆိုပြီး သူ၏အောက်မှောက်ဖဲ(၈)ဖဲတစ်ချပ်ကို လှန်ပြလိုက်ပါတော့သတည်း။ ဝိုင်းသိမ်းပွဲသိမ်းပါပေ။ မေဝမ်းလီကဝမ်းသာအားရပွေ့ဖက်အနမ်းမိုးရွာသွန်းလိုက်၏။ ထိုသည်က ပိုပြီး သဏ္ဌာန်လုပ်သရုပ်ပါသွားသည်မဟုတ်ပါလား။

ရှေ့လဆက်ရန်...

မောင်မောင်(မြန်မာပြည်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တည်ကြွက်

## DECOY *By C.L.Sweeney*

■ ဘနှိုင်း (မြန်မာပြန်)

အတွင်းခန်းသို့ ရောက်သည်နှင့် ဘရက်ဒီက ရှေ့ဆက်မသွားသေးဘဲ တံခါးကိုပြန်ပိတ်ဖို့ အေးစက်မာကြော သော မျက်လုံးအစုံဖြင့် အခန်းတစ်ခုလုံး အား အလေ့ကျင့်ရှိပြီးဟန်အတိုင်း ကြည့် လိုက်သည်။

ဤပတ်ဝန်းကျင်တွင် တွေ့ရတတ် သော အရက်ဆိုင်မျိုးပင် ဖြစ်၏။ အရက် ကောင်တာ အမြည်းပါရသည်။ မီးရောင်ကို မှိန် ထားသော တွန်းထားသည်။ အခန်းနံရံတစ် ဖက်တွင် အခန်းလေးများရှိပြီး အခြား တစ်ဖက်တွင် စားပွဲခုံများ ပြွတ်သိပ်စွာ ချထား၏။

သူမအား ဘရက်ဒီ ချက်ချင်းပင် တွေ့လိုက်သည်။ ချိန်းဆိုထားသည့် အတိုင်း အစွန်းဆုံးစားပွဲတွင် ထိုင် လျက်ရှိ၏။ အပေါ်အင်္ကျီကိုချွတ်၍ ကုလား ထိုင်နောက်မှီတွင် ဖြန့်ချိတ်ထားသည်။

အဖြူရောင် သူနာပြုဝတ်စုံအသစ် ကို ဝတ်ထားသည့် ဤမိန်းကလေးမှာ သေးသွယ်ပုံရ၏။ အထီးကျန်ဟန်လည်း ရှိသည်။ အနည်းငယ်လည်း တုန်လှုပ်နေ မည်ဟု ဘရက်ဒီက တွေးလိုက်၏။

ငယ်ရွယ်စဉ်တစ်ချိန်က ယာခင်းထဲ သို့သွား၍ သိန်းငှက်ပစ်သည်ကို သတိရ မိသေး၏။ မိမိ၏ သေနတ်တစ်ကမ်း အကွာသို့ သိန်းငှက်ရောက်လာစေရန် အဖြူရောင် တည်ချိုးလေးဖြင့်ပြကာ ခေါ် ရ၏။

သိန်းငှက်က ပစ်ကွင်းထဲသို့ရောက် လာသည်။ သေနတ်သံက မြည်ဟိန်း သွား၏။ သိန်းငှက်အော်သံကြားရကာ ပြုတ်ကျလာသည်။ သို့သော် နောက်ကျရ ပြန်ချေပြီ။ တည်ချိုးလေးအား ကာကွယ် ချိန် မရလိုက်။ နူးညံ့ဖြူဖွေးသော ကိုယ် လုံးလေးထဲသို့ ချွန်မြသော လက်သည်း များ ဖောက်ဝင်သွားခြင်းကို ကာကွယ်နိုင် ရန် နှောင့်နှေးခဲ့ချေပြီ။

ခွေခေါက်၍ သွေးစွန်းနေသည်

www.burmeseclassic.com

www.burmeseclassic.com

တည်ချိုးလေးမှာ မိမိခြေထောက်နားတွင် ရောက်နေသည့်အဖြစ်ကို ဘရက်ဒီ ယခု တိုင် မြင်ယောင်နေဆဲဖြစ်၏။

သူက မိန်းကလေးအား လှမ်း ကြည့်လိုက်သည်။ ဤအကြိမ်တွင်မူ နောက်မကျပါစေနှင့်ဟု မျှော်လင့်ထားမိ သည်။

ကိုယ့်အတွေးနှင့်ကိုယ် ရစ်ပတ်နေ မိသည့်အဖြစ်ကို သတိရ၍ ပခုံးတစ်ချက် တွန့်လိုက်သည်။ စိတ်ကူးအတွင်းမှ ရုပ်ပုံ များအား ဖယ်ရှားရင်း ယခုကိစ္စနှင့် ငှက် ပစ်သည့်ကိစ္စမှာ မတူညီပါဟု စိတ်ထဲမှ ပြောမိသည်။

သူကလေးသည်လည်း မိမိကဲ့သို့ ပင် အလုပ်တစ်ခုအတွက် အခကြေးငွေရ သည့် ရဲဝန်ထမ်းတစ်ဦးသာ ဖြစ်၏။ သို့ ဖြစ်၍ ပေးအပ်သည့်တာဝန်ကို အကောင်း ဆုံးကျေပွန်အောင် ဆောင်ရွက်ရမည်သာ ဖြစ်တော့သည်။

ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် တာဝန်အရ ဘာမှတော့ ကွဲပြားမှုမရှိ။ သို့ သော် ယခုကိစ္စတွင်မူ လူသတ်သမားတစ် ယောက်အား ဖမ်းဆီးရေးအတွက် မိမိ ကလေးတစ်ဦးအား ငါးစာအဖြစ် မျှားခြင်း ကို သူ့ရင်တွင်းမှ ဆန့်ကျင်နေမိသည်။

ဤသို့လုပ်ရန်မှတစ်ပါး အခြား နည်းလမ်း မရှိကြောင်း ဘရက်ဒီ နား လည်ပါသည်။ သူ၏ တုတ်နိုင်သောလက် အစုံကို ဂါဟာဒင် မိုးကာအင်္ကျီအိတ် အတွင်းသို့ နှိုက်ရင်း မိန်းကလေးထံသို့ အရောက်သွားလိုက်သည်။ မွန်းလွဲပြီးခါစ ဖြစ်၍ ဆိုင်တွင် လူရှင်းနေသည်။

ဆံပင်တိုတိုနှင့် လူရွယ်နှစ်ဦးသာ ရှိ၏။ သူတို့ရှေ့တစ်လှမ်းရှိ ဆေးရုံမှ လက် ထောက်ဆရာဝန်ကလေးများ ဖြစ်ပုံရ၏။ ၎င်းတို့က အရက်ကောင်တာတွင်ထိုင်၍ ဘီယာသောက်ရင်း စကားခပ်တိုးတိုး ပြောနေကြသည်။

အရက်ရောင်းသူကမူ ဖန်ခွက် တိုက်ချွတ်နေ၍ အားပုံမပေါ်။ ဘရက်ဒီ က စကားတစ်ခွန်းမှ မဟဘဲ အားလုံးကို ခေါင်းညိတ်၍ နှုတ်ဆက်ပြီး မိန်းကလေး ထံသို့ ရောက်သွား၏။

သူကလေးမှာ မြီးကောင်ပေါက် သာသာ အရွယ်ကလေးဖြစ်၍ ဘရက်ဒီ အံ့အားသင့်သွားမိသည်။ ရဲသိပ္ပံကျောင်း သူတစ်ဦးထက် ကောလိပ်ကျောင်းသူ လေး တစ်ဦးနှင့်ပင် ပို၍တူနေသေးတော့ င ။

ဤကဲ့သို့ ငယ်ရွယ်သော မိန်းက လေးတစ်ဦးအား သူတို့က အဘယ် ကြောင့် တာဝန်ပေး၍ လွှတ်လိုက်ကြပါ သနည်း။ သူမထက်ပို၍ ကြံ့ခိုင်သူ၊ ကြီး မားသူ၊ ကိုယ့်ကိုယ်ကို စောင့်ရှောက်နိုင် မည့်သူ တစ်ဦးအား လွှတ်၍ မရနိုင်ပါ သလော။

မကောင်းလှသော်လည်း ထိုမိန်း ကလေးမှာ လူသတ်သမား သဘော တွေ့နိုင်လောက်ဖွယ် ငယ်ရွယ်လှသည်။ ချစ်စဖွယ်ကောင်းလှသည်ကမူ အမှန်ပင်။

သူကလေးအနေဖြင့် ယောက်ျား လေးမိတ်ဆွေတစ်ဦးနှင့် အပြင်ထွက် လည်၊ အချိုရည်သောက်၍ တစ်ဦးပေါ် တစ်ဦး နောက်ပြောင်ကျီစယ်ကာ ရယ် မောနေဖို့ကောင်းသည်။ ယခုလို အရက် ဆိုင်၏ မှုန်ကုပ်ကုပ်ထောင့်တစ်နေရာတွင် ဘုရားသခင်သာ သိနိုင်မည့် မည်သည့် အဖြစ်မျိုး ကြုံရမည်မှန်း မသိသောအဖြစ် ကို ရင်ဆိုင်ရန် ထိုင်စောင့်ပေးခြင်းမျိုး မဖြစ်သင့်။

ဘုရား ... ဘုရား ဆိုးရွားလှပါ တကားဟု ဘရက်ဒီကတွေးမိရင်း ချောင်း တစ်ချက်ဟန့်လိုက်၏။ ချောင်းဟန့်သံ ကြောင့် သူမ လန့်သွားကာ မော့ကြည့် လာသည်။ ဆံပင်အမည်းကို ခပ်တိုတို ညှပ်၍ နားသယ်စတွင် ဖြူစပြုနေ၍ တည်ပြီးသော ကိုယ်လုံးအစုံနှင့် နှုတ်ခမ်း ပါးပါးပိုင်ရှင် ဂါဟာဒင်းမိုးကာအင်္ကျီ ဝတ် ထားသော ဘရက်ဒီကို သူမတွေ့လိုက် ၏။

"မစ္စကောလင်းပါလား"

ဘရက်ဒီက မိုးကာအင်္ကျီအိတ်ထဲ မှ လက်ကိုမထုတ်သေး။ သူမအား တည် ငြိမ်စွာပင် စိုက်ကြည့်နေသည်။ သူမ ခေါင်းညိတ်ပြ၏။ ဘရက်ဒီက ဘေး ကုလားထိုင်ကိုဆွဲယူပြီး ထိုင်ချလိုက်

"ကျုပ်က ရဲအုပ်ဘရက်ဒီပါ။ ... သတ်မှုစုံစမ်းရေး တပ်ဖွဲ့ကပါ"

"ဟုတ်ကဲ့ ဒီမှာ ရှင်လာတွေ့မ လို့ သူတို့က ပြောထားကြပါတယ်"

"ဒါဆိုရင် ကိစ္စအကြောင်းကိုတော့ မင်း အတိုချုံး သိပြီးပြီပဲ ဖြစ်လိမ့်မယ် ဘယ်လိုလဲ မင်းလုပ်နိုင်ပါ့မလား"

ဘရက်ဒီမှာ အချိန်ဖြုန်းသူမဟုတ် အပိုဆာဒါးများ ပြောတတ်သူလည်း မဟုတ်ကြောင်း သူမက တွေးမိသည် သူက ထိုအတိုင်း အလိုရှိပါက သူမ လည်း ထိုအတိုင်း တုံ့ပြန်ဆက်ဆံလို ရုံသာ ရှိတော့၏။

"ညနေလေးနာရီ သူနာပြု လူစားလဲတဲ့အချိန်မှာ ကျွန်မသွားသတ် ပို့ရလိမ့်မယ်"

သူမ၏လေသံက ပကတိငြိမ်သက် လှ၏။ အနိမ့်အမြင့် ရှိပုံမရ။

"ည ၁၂ နာရီ ထိုးပြီးရင် ... နာရီခွဲ ထွက်မယ်။ ဘမ်ဗုဒ်လမ်း ဘတ် ကားဂိတ် ဂိတ်ဆုံးအထိ စီးပြီးရမယ် ဂိတ်ကနေ အိမ်အထိ မိုင်ဝက်လောက် လမ်းလျှောက်ရဦးမယ်"

"အိမ်က မစ္စက်ဟာပေး အမျိုးသမီးကြီးရဲ့ အိမ်ပဲ။ သူက သူနာ တွေအတွက် အခန်းငှားတယ်။ ကျွ အတွက်လည်း တစ်ခန်းရထားတ ကျွန်မက ဆေးရုံကို နောက်တစ်နေ



www.burmeseclassic.com

www.burmeseclassic.com

သည့် ၁၂ နာရီမှာ ပြန်ပြီး ဂျူတီဝင်ရမယ်။ တရားဝင် ကျွန်မကို ရုံးက ပြန်ခေါ်သရွေ့ ဒီတိုင်းပဲ နေ့စဉ်သွားလာနေမှာပဲ''

ဘရက်ဒီက သူ၏ တုတ်ခိုင်သော လက်အစုံကို စားပွဲပေါ်ထောက်၍ အနည်းငယ်ရှေ့ကို ကိုင်းညွတ်လိုက်၏။

''ဘာများ ပြောစရာရှိသေးလဲ''

''ရှိသေးတယ်''

သူကလေးက လေသံကို အတည်ငြိမ်ဆုံးဖြစ်ရန် ကြိုးစားနေရ၏။

''ခုအမှုရဲ့ တာဝန်ခံက ရှင်ပဲမို့ သံသယရှိတာမှန်သမျှ ရှင့်ကိုပဲ တိုက်ရိုက်သတင်းပို့ရမယ်တဲ့၊ တစ်ယောက်က ကျွန်မကို ကားကြိုတင်ခေါ်ဖို့ကြိုးစားရင် ကျွန်မလိုက်သွားရမယ်တဲ့။ သူ့ဆီက ရနိုင်သမျှသတင်းယူရမယ်တဲ့''

သူမက စကားဖြတ်လိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

''လိုအပ်မှသာ ကျွန်မလက်ကိုင်အိတ်ထဲက သေနတ်ကို သုံးရမယ်တဲ့''

ထိုအခွင့်မျိုး ရခဲ့ရင်ပေါ့လေဟု ဘရက်ဒီက တွေးမိ၏။ ရခဲ့ရင်ပေါ့ ...

အရက်ရောင်းသူက ရောက်လာသည်။ ဘရက်ဒီတို့မှာသော ဘီယာနှစ်လုံးကို သူပေးပြီး ပြန်ထွက်သွား၏။

ဘရက်ဒီက ဖန်ခွက်အသီးသီးသို့ ငှဲ့ပေးပြီး သူ့ဖန်ခွက်ကို မြှောက်လိုက်သည်။

''ကံကောင်းပါစေ''

သူမက ပထမဆုံးအကြိမ် ပြုံးလာ၏။ နှစ်ယောက်သား ဖန်ခွက်ကိုယ်စီ မော့သောက်လိုက်၏။ ဘရက်ဒီက ဖန်ခွက်ကို အသာပြန်ချပြီး နှုတ်ခမ်းပတ်လည်မှ အမြှုပ်ကလေးများကို ငေးကြည့်နေ၏။

''မင်း ဘာလုပ်နေတယ်ဆိုတာတော့ သိပါတယ်နော်''

ဘရက်ဒီက မေးသာမေးသော်လည်း မျက်လွှာကို ချထားမိ၏။

''ဘာဖြစ်လို့လဲ သိပါတယ်''

သူမက စိတ်ရှုတ်ထွေးသွားဟန်တူ၏။

''ဟုတ်ပါတယ်။ ကျွန်မလုပ်နေတာကို ကျွန်မသိတယ်လို့ ထင်ပါတယ်ရှင့်''

ဘရက်ဒီက သူမကလေးကို ကြည့်လိုက်၏။ မျက်နှာသွယ်လေးပေါ်ဝယ် ဆံပင်တချို့က ဝဲကျနေတယ်။ နီစွေးသော နှုတ်ခမ်းအစုံက နွေးထွေးလှ၏။ သူနာပြုဝတ်စုံအောက်မှ သူမ၏ ရင်အစုံကလည်း ပြည့်ဖြိုးသည်။ ဤအတိုင်း အခြားသူနာပြုဆရာမလေးတစ်ဦးကို တွေ့ပါက ပျိုမျစ်နုငယ်၍ ပျော်ရွှင်လန်းဆန်းပေလိမ့်မည်။ ယခုတော့ ထိုသို့မဟုတ်။ နှုတ်ခမ်းကြားမှ တန်းလန်းကျနေသည့် လျှာ၊ ပေါက်ပြဲ၍ ဖူးရောင်နေသည့် နှုတ်ခမ်း၊ လည်ပင်းပေါ်မှ တအားဆုပ်ညှစ်ထားသော ဒဏ်ရာတို့ကိုသာ မြင်ယောင်နေမိ၏။ ထို့အပြင် မြေမှုန့်များ၊ ဖုန်မှုန့်များ ပေကျံနေသည့် သူနာပြုဝတ်စုံမှာ ရင်ဘတ်နေရာမှ စုတ်ပြဲနေပေလိမ့်မည်။ ပေါင်ရင်းအထက်သို့လည်း လန်တက်နေဦးမည်။ အနည်းငယ်နာကျင်သောဝေဒနာနှင့်အတူ ကောင်းကင်ပြင်ကြီးအား ပြူးကျယ်သော မျက်ဝန်းအစုံဖြင့် ကြည့်နေပေဦးမည်။

စိတ်တွင်းမှ မြင်ယောင်နေမှုကြောင့် သူ၏လေသံမှာ ခပ်ဆတ်ဆတ်ထွက်သွား၏။

''ကိုယ် ဘာလုပ်နေတယ်ဆိုတာ မင်းသိပါတယ်နော်။ မင်းကို အတိအကျ သိထားစေချင်လို့ပါ''သူက တိုးတိတ်စွာ ဆက်ပြောနေသည်။

''မင်းဟာ လွန်ခဲ့တဲ့ တစ်လခွဲက လည်ပင်းညှစ်သတ်ခံခဲ့ရတဲ့ သူနာပြုဆရာမလေးလို နေရာမျိုးမှာ ဝင်လုပ်နေရမှာ။ သူလုပ်ခဲ့တဲ့အလုပ်ကို မင်းလုပ်ရသလို သူနေခဲ့တဲ့ နေရာမှာပဲ မင်းနေနေရမယ်။ သူ့အတိုင်းပဲ ဘတ်စ်ကားစီး၊ လမ်းမိုင်ဝက်လောက်လျှောက် လုပ်ရတော့မှာ။ တို့ကံကောင်းရင်တော့ လူသတ်သမားဟာ အနေးနဲ့အမြန်ဆိုသလို ဖြစ်မှုကို ထပ်ကြိုးစားလာမှာပဲ''

ဘရက်ဒီက စကားကိုဖြတ်၍ သက်ပြင်းချလိုက်၏။

သူဟာ ငါ့ကို သဘောမပေါက်ဘူးဟု ကလေးမလေးက တွေးမိ၏။ ငါဟာ သိပ်ငယ်တယ်၊ အတွေ့အကြုံ လုံးဝမရှိသေးဘူး။ ငါကြောက်တဲ့အတွက် သူတို့ဖမ်းမရခင် လူသတ်သမား ထွက်ပြေးသွားနိုင်ခွင့် ရသွားစေမှာပဲလို့ သူတွေးနေတာပဲ။

''ဒါတွေအားလုံးကို ကျွန်မသဘောပေါက်ပြီးသားပါ ရဲအုပ်ကြီး''

သူမ၏ လေသံက တည်ငြိမ်လှ၏။ နှုတ်ခမ်းကိုလည်း တင်းတင်းစေ့ထားလိုက်သည်။

ဘရက်ဒီကမူ သူမ၏စကားကို မကြားသလို ဆက်ပြောပြန်၏။

''မင်းကို တို့အနေနဲ့ တတ်နိုင်သမျှ အကာအကွယ်ပေးထားပါ့မယ်။ ဒါပေမဲ့ ဒီလိုလုပ်ရုံနဲ့ ကောင်းလွန်းလှပြီလို့ မဆိုနိုင်ဘူး။ သူ့ကို ခြောက်လှန့်သလို ဖြစ်သွားစေတာမျိုးလည်း အဖြစ်မခံနိုင်ဘူး''

''ခါတိုင်းလိုပဲ ရှိနေကြမှာ။ ဒီမြို့ဟာ တိတ်ဆိတ်အေးချမ်းတဲ့ နေရာလေးဖြစ်တာမို့ ပတ္တရောင်ကားတစ်စီးပဲ တာဝန်ပေးထားတာရှိတယ်''

''ဘမ်ငှ(ဒ)ဆတ်(စ)ကားဟာ ဂိတ်ဆုံးကို ည ၁၂ နာရီ ၄၅ မိနစ်မှာ ရောက်လိမ့်မယ်။ အဲဒီကနေ အဆောင်ကို မင်းလမ်းလျှောက်တာ ၁၅ မိနစ်လောက်ကြာမယ်။ အခန်းကိုရောက်တာနဲ့ မင်းဖွင့်ပြီး ပြတင်းပေါက်လိုက်ကာကို ဆွဲချထား



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါ''

''မင်း ဒီလိုလုပ်မလုပ်ကို တာဝန်ချထားတဲ့ ရဲသားက ကြည့်နေလိမ့်မယ်။ ခုနက ငါပြောတဲ့အတိုင်း မင်းလုပ်တာကို တွေ့ရင် မင်းဟာ ဘာမှအန္တရာယ်မရှိဘူးလို့ သူနားလည်လိမ့်မယ်။ ဒီလိုမှ မတွေ့ရင်တော့ ...''

ဘရက်ဒီက မိုးကာအင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်လိုက်သည်။ သူမအား တစ်လိပ်လှမ်းပေးသည်။ သူမက ခေါင်းခါသည်။ ဘရက်ဒီက သူ့ဘာသာသူ မီးညှိသောက်ပြီး စားပွဲအထက် မီးမှိန်ကာမှ ဝေ့တက်သွားသည့် မီးခိုးငွေ့တွေကို ကြည့်နေပြန်သည်။

''ခုကိစ္စကို အပွင့်လင်းဆုံး ပြောရရင် မင်းမှာ ဘယ်လောက်အခွင့်အလမ်းတွေရှိတယ်၊ ရှိတဲ့အခွင့်အလမ်းတွေကလည်း သိပ်မကောင်းဘူးဆိုတာ မင်းသဘောပေါက်ထားအောင်လို့ပါ။ ပတ္တရောင်ကားကို အချက်ပေးလိုက်တာနဲ့ ရောက်လာမယ့်ရဲကားက ဆယ်စီးရှိတယ်။ ဒါပေမဲ့ လူသတ်သမားအတွက် လွတ်ပြေးနိုင်တဲ့ အခွင့်အလမ်းတွေက ရှိမှာပဲ၊ သူ့ကို အနေးနဲ့အမြန်ဆိုသလိုတော့ မိမှာပါ။ ဒါပေမဲ့ မင်းဆီကို တို့အမြန်ရောက်ဖို့ကသာ အရေးကြီးပါတယ်''

ဘရက်ဒီက သွေးစွန်း၍ ပျော့ခွေနေသည့် တည်ချိုးကို သတိရလိုက်မိပြန်သည်။

''မင်း သဘောပေါက်ပါတယ်နော်''

ဘရက်ဒီက သေချာစေရန် မေးလာပြန်၏။

''ဟုတ်ကဲ့ ရဲအုပ်ကြီး''

သူမ၏ အသံက ပြတ်လာ၏။

''ကျွန်မ ခုနက ပြောခဲ့သလိုပဲ။ ကျွန်မ လုံးဝသဘောပေါက်ပါတယ်''

''ကောင်းပါပြီကွာ''

သူက အားပျော့၍ နွမ်းနယ်သော လေသံဖြင့် ဆက်ပြန်သည်။

''သူ့ကို ချောင်ပိတ်နေပါစေကွာ။ တို့ကိုလည်း အချိန်တတ်နိုင်သမျှ ပေးပါ။ သေနတ်သုံးနိုင်ခွင့်ရတာနဲ့ ချက်ချင်းသာ သုံးလိုက်ပေတော့''

ဘရက်ဒီက ဖန်ခွက်အတွင်းမှ လက်ကျန်ကိုရှင်းပြီးမှ သတိရ၍ ပြောပြသည်။

''မင်းကိုသိထားစေချင်တာ တချို့တော့ရှိသေးတယ်။ တို့မှာ ဘာသဲလွန်စ ဘာသံသယတစ်ခုမှ ရှိမထားဘူး။ ဒီမြို့နယ်တစ်ခုလုံးမှာ လိင်ကိစ္စနဲ့ပါ ပတ်သက်ပြီး ဖြစ်ခဲ့တဲ့ လူတွေရဲ့ မှတ်တမ်းအားလုံးကိုတော့ စစ်ဆေးကြည့်ခဲ့ပြီးပါပြီ''

''သေသွားတဲ့ သူနာပြုဆရာမလေးက ယောကျ်ားလေးမိတ်ဆွေဆိုလို့ တစ်ယောက်မှ မရှိဘူး။ အချင်းဖြစ်တဲ့ ညက မိုးသဲသဲမဲမဲ ရွာနေခဲ့တယ်။ ကားဘီးရာကိုတောင် တို့မရခဲ့ဘူး။ ဘာသဲလွန်စမှ မရခဲ့ဘူး။ ဒါပေမဲ့ သူနောက်တစ်ကြိမ် ပြစ်မှုထပ်မကျူးလွန်ခင် တို့မိနိုင်စရာ ရှိပါတယ်။ တို့အတွက် တစ်ခုတည်းရှိတဲ့ အခွင့်အရေးက သူ့ကို ငါးစာပြဖော်ထုတ်ဖို့ပဲ။ ဒီနည်းဟာ သဘောကျစရာမဟုတ်သလို၊ ဂုဏ်မယူချင်ဘူး။ ခက်တာက သုံးစရာဆိုလို့ ဒီတစ်ခုပဲ မစွဂော...
လင်း''

ဘရက်ဒီက ရုတ်ခြည်း ထရပ်...
လိုက်၏။

''ကံကောင်းပါစေကွယ်''

ဘရက်ဒီက လက်ကမ်းပေးလိုက်...
၏။ သူမ၏လက်မှာ သူ့လက်ထဲဝယ်...
သေးကွေး၍ မာကျစ်ကျစ်ကလေး ဖြစ်...
၏။ ဘရက်ဒီက လက်ကိုပြန်လွှတ်...
တုံ့ဆိုင်းနေမိဟန်ဖြင့် အတန်ကြာ...
ထားသည်။

''အော် ... မင်းရဲ့ ပထမနာမည်...
ကို မသိရသေးဘူးနော်''

''ဂျနက် ... ပါ''

''ကံကောင်းပါစေ ဂျနက်''

ဘရက်ဒီက သူမကို လှမ်းမကြည့်...
တော့ဘဲ ကျောခိုင်းထွက်သွားတော့...

သူမက တစ်ယောက်တည်း ဆက်...
ထိုင်ပြီး လက်ကျန်ဘီယာကို သော...
လိုက်သည်။ ဘီယာက အရသာမ...
လက်မှ နာရီကြည့်လိုက်သည်။ ထို့...
စီးကရက်တစ်လိပ်ကို မီးညှိသည်။ အ...
အင်္ကျီကို ပြန်ဝတ်၍ ထွက်လာ...
နောက်တစ်လမ်းအကွာရှိ ဆေးရုံရှိ...
လျှောက်လာချိန်တွင် သုံးနာရီခွဲ တော့...
ပြီဖြစ်၏။

ကိုက်အနည်းငယ် မဝေးတော့သော အဆောင်ရှိရာ...
အပြေးတစ်ပိုင်းဖြင့် လျှောက်လာခဲ့ရသည်။
တံခါးဝသို့ရောက်မှ လုံခြုံမှုရှိသလို ခံစားမိသည်။
အတန်ကြာ ရပ်နေရသေး၏။ ပင်ပန်းမှု၊ မောပန်းမှု...
တုန်လှုပ်မှုတို့ကြောင့် ပျော့ခွေကျလုနီးပါး
အသက်ကို မနည်းရှူနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံအုပ်ချုပ်ရေးမှူးအား ... အကြောင်းကြားထားပြီး သူမ၏အမည်ကို ပြောလိုက်သည်။ ထို့နောက် ရှစ်နာရီလုံးလုံး မဂ္ဂဇင်းဟောင်းများ ဖတ်လိုက်၊ ကော်ဖီသောက်လိုက်နှင့်သာ အချိန်ဖြုန်းနေသည်။

အိပ်ရန် ကြိုးစားသော်လည်း မရ။ နံရံပေါ်ရှိ နာရီမှ လက်တံသွားနေပုံမှာ နှေးကွေးလွန်းလှသည်ဟု ထင်မိသည်။ ည ၁၂ နာရီ ထိုးသည်နှင့် အခြားသူနာပြုဆရာမလေးများနှင့် ရောထွက်လာခဲ့၏။ လမ်းထိပ်ကားမှတ်တိုင်တွင် ဘမ်ဂျူ (၁)လမ်း ဘတ်စ်ကားကို စောင့်နေလိုက်၏။ မကြာခင် ဆိုက်ရောက်လာသော ဘတ်စ်ကားပေါ်သို့ တက်လိုက်သည်။ ညနေ ၂ နာရီဖြစ်၍ ကားပေါ်၌ လူမပါလုနီးပါး ရှိနေ၏။ ဂိတ်ဆုံးအရောက်တွင်တော့ သူမတစ်ဦးတည်းသာလျှင် ကျန်တော့သည်။

ကားမောင်းသမားအား နှုတ်ဆက်ပြီး ဆင်းအလာတွင် လမ်းပေါ်၌ တစ်ယောက်တည်းသာ ရှိနေ၏။ တစ်လမ်းလုံးမှာ မီးတစ်လုံးသာ ရှိနေ၏။ သူမက နာရီကို ကြည့်လိုက်သည်။ ၁၂း၄၅ နာရီ။ လမ်းတစ်လျှောက် ကားများ၊ အိမ်များမှ မီးတို့ကို မတွေ့ရ၊ အားလုံး အမှောင်လွှမ်းလျက်ရှိ၏။ လမ်းက အမှောင်ထဲဝယ် ပျောက်ကွယ်နေသည်။

လမ်း၊ သစ်ပင်တန်းများ၊ ည၏ အသံဗလံများနှင့် အမှောင်ထုမှလွဲ၍ ဘာဆိုဘာမှမရှိ။ ထို့ထက်ပို၍ ဘာအန္တရာယ်မရှိရန်လည်း သေချာဖို့သာလို၏။ နောက်ထပ်လျှောက်ရမည့် မိုင်ဝက်ခရီး ၁၅ မိနစ်မှာ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး ခရီးနှင့်အချိန်သာ ဖြစ်ပေတော့သည်။

ခြေလှမ်းလိုက်သည်နှင့် အချိန်ကို ရေတွက်မိသည်။ ကြောက်နေ၍ဟု သိလိုက်သည်။ ဘာမှကြောက်စရာမလိုဟု ကိုယ့်ကိုယ်ကို ပြောရသည်။ သူမ လုပ်ရမည့်ကိစ္စ၊ သူမပြောရမည့်စကား၊ အိတ်ထဲမှသေနတ် စသည်တို့ကိုသာ အားစိုက်၍ အာရုံပြုနေလိုက်သည်။

ကားနှစ်စီးက ဖြတ်သွားသည်။ တစ်စီးဖြတ်သွားတိုင်း ခန္ဓာကိုယ်ကတောင့်၍ စိတ်ကတင်းကျပ်မိသလို ကားမီးရောင်အောက်တွင် အဖော်မဲ့သည့်ဘဝကို ခံစားရမိသည်။ ကားများက သူ့ခရီး သူထွက်သွားသည့်အခါဝယ် အမှောင်ထုအောက်သို့ ပြန်ရောက်ပြီးသား ဖြစ်သွားသည်။

အဆောင်သို့ ရောက်လုဆဲတွင် အပြာရောင် ရဲကားတစ်စီးကို ပထမဦးစွာ တွေ့လိုက်ရ၏။ သူမနောက်မှ ကွေ့ကာလိုက်လာသည်။ ကားက နှေးလာသည်။ ကားမီးရောင်ထဲဝယ် သူမကိုယ်ကို အထင်းသား မြင်လိုက်ရ၏။

ကိုက်တစ်ရာမျှသာ ဝေးတော့သော အဆောင်ကို လှမ်းမြင်မိသည်။ အော်ဟစ်လိုက်ချင်သည်။ ပြေးလွှားလိုက်ချင်သည်။ သို့သော် စိတ်ကိုထိန်း၍ မှန်မှန်သာ လျှောက်နေလိုက်၏။

ရဲကားက ဘေးသို့ရောက်လာပြီးမှ အရှိန်ကိုမြှင့်ကာ ကျော်သွား၏။ သူမက ရပ်၍ ကားနံပါတ်ကို မှတ်မိရန် ကြိုးစားသည်။ သို့သော် မရ။ ကားနံပါတ်မီးမှာ ကွဲနေ၍လော၊ မှိန်၍လားမသိ၊ ဖတ်၍မရ။ ကားက လမ်းထောင့်သို့ ချိုးကွေ့ကာ ပျောက်ကွယ်သွားတော့၏။

ကိုက်အနည်းငယ် မဝေးတော့သော အဆောင်ရှိရာသို့ အပြေးတစ်ပိုင်းဖြင့် လျှောက်လာခဲ့ရသည်။ တံခါးဝသို့ ရောက်မှ လုံခြုံမှုရှိသလို ခံစားမိသည်။ အတန်ကြာ ရပ်နေရသေး၏။ ပင်ပန်းမှု၊ မောပန်းမှုနှင့် တုန်လှုပ်မှုတို့ကြောင့် ပျော့ခွေကျလုနီးပါး အသက်ကို မနည်းရှူနေရသည်။

ရုတ်တရက်ပင် သူမ၏ အချက်ပြမှုကို စောင့်ကြည့်နေမည့်ကိစ္စကို သတိရလိုက်မိ၏။ တစ်နာရီထိုးရန် နှစ်မိနစ်သာ လိုတော့၏။ ပတ္တရောင်ကား မီးဖွင့်ရန်လည်း နှစ်မိနစ်သာ လိုတော့၏။ ပတ္တရောင်ကား မီးဖွင့်ရန် လိုက်ကာခန်းစည်းချရမည်။ သူမအား ပေးထားသည့်သော့က အိတ်ထဲတွင်။ ကတုန်ကရီဖြင့် စမ်းရှာကြည့်၏။ အပေါ်ကိုပြေးတက်၍ အိပ်ခန်းအတွင်းမှ မီးကို ဖွင့်လိုက်သည်။ အိမ်ရှေ့ဘက် ပြတင်းပေါက်ဆီသို့ ခပ်သုတ်သုတ်သွားပြီး လိုက်ကာကို ဆွဲချရ၏။

ယခုမှ ကိုယ့်အခြေအနေကို ပြန်၍ သုံးသပ်မိ၏။ မစွက်ဟာဗေးမှာ ယခုအချိန်ဆိုလျှင် အိပ်ပျော်နေလောက်ပြီဖြစ်၏။ သူမက အဝတ်အစားများကိုချွတ်၍ ရေချိုးခန်းသို့ ဝင်သည်။ ရေပန်းအောက်တွင် အတန်ကြာအောင် ရပ်နေမိသည်။ ပူနွေးသောရေပန်းကလေးများက ပင်ပန်းနွမ်းနယ်နေသည့် သူမ၏ခန္ဓာကိုယ်အား နှိပ်နယ်ပေးသလို ခံစားရ၏။ အိပ်ခန်းသို့ ပြန်အရောက် ပိတ်ထားပြီးသော ပြတင်းပေါက်ကိုကြည့်ပြီး စောင့်ကြည့်နေသူအား စိတ်သက်ရာရသွားစေလိမ့်မည်ဖြစ်ကြောင်း တွေးမိလိုက်သည်။

လိုက်ကာကိုသာ သူမ မချလိုက်ပါမူ သတိပေး အချက်ပေးမှုက ရဲတပ်ဖွဲ့ဆက်သွယ်ရေးစက်များသို့ ဝင်ရောက်သွားပေမည်။ မိနစ်ပိုင်းအတွင်းမှာပင် နေရာအသီးသီးမှ ရဲကားများ ရောက်လာပေတော့မည်။

သူမက ကုတင်ပေါ်သို့ တက်လှဲလိုက်၏။ သန့်ရှင်း၍ အေးစက်သော အိပ်ရာဖုံး၏ အတွေ့ကို ခံစားမိသည်။ မိနစ်ပိုင်းအတွင်းမှာပင် သူမမျာ အိပ်မောကျသွားပါတော့သည်။

ဤသို့ဖြင့် ပုံမှန်သွားလာရင်း တစ်ပတ်ကြာခဲ့၏။ ထို့နောက် ရက်သတ္တနှစ်ပတ်ဖြစ်သွား၏။ တစ်နေ့ဝတာမှာ ယခင်



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ဖြစ်သလို တစ်ညတာမှာလည်း မပြောင်းလဲပါ။ အမြဲတမ်း အမှောင်ထု လမ်းတွင်လျှောက်ရ၏။ အမြဲတမ်း ကြောက်ရွံ့မှုကို ခံစားရသည်။ ကားတစ်စီး၏မီးရောင် အနီးကပ်လာတိုင်း အမြဲတမ်း စိတ်ရောကိုယ်ပါ တင်းကျပ်နေခဲ့ရ၏။ ကားကျော်သွားလျှင် တုန်လှုပ်မှုမကင်းသော သက်သာမှုကို အမြဲတမ်း ခံစားနေရ၏။

အမြဲတမ်းလည်း ရဲကားအပြာကို တွေ့ရသည်။ ညတိုင်းပေါ်လာသည်။ တစ်ဖက်တည်းမှ လာတတ်သလို တစ်ဖက်မှလည်း ရောက်လာတတ်၏။ ဘယ်တော့မှမရပ်။ လိုက်လံစောင့်ကြည့်လျက်သာ ရှိ၏။ ကားကျော်သွားပြီးမှ ရပ်လိုက်၍ လင်းလာသော ဘရိတ်မီးကို တစ်ခါ နှစ်ခါ မြင်ခဲ့မိ၏။ သို့သော် ကားပေါ်မှ ပုဂ္ဂိုလ်မှာ ရည်ရွယ်ချက်ရှိရှိ ဆုံးဖြတ်ပြီးမှ စိတ်ပြောင်း၍ ဆက်မောင်းသွားပုံဖြစ်၏။

သူမက ဘရက်ဒီနှင့် အဆက်အသွယ် မပြုလုပ်ခဲ့ချေ။ ရဲကားအပြာအကြောင်းကို ဘရက်ဒီအား သတင်းပို့ရန် ကြံရွယ်ခဲ့သော်လည်း ထိုစိတ်ကူးကို ပယ်လိုက်မိသည်ချည်းသာဖြစ်သည်။

အမှန်တော့ ဤကားမှာ သံသယဖြစ်ဖွယ်ရာမရှိ၊ ခံစားမှုတစ်ရပ်သာ ဖြစ်၏။ ကျိုးကြောင်းမခိုင်လုံဘဲ ပြောလိုက်ပါက သူမကို ကြောင်နေ၍ဟု အထင်မခံနိုင်။ ထိုရဲကားအပြာကလည်း ဖြတ်သွားနေသည်သာ ဖြစ်၏။ ကားရောက်လာစဉ် စိတ်သက်သာမှုကို ခံစားရမိသော်လည်း ကားပျောက်ကွယ်သွားသည့်အခါတွင်တော့ အမှောင်ထုကြားဝယ် ကျန်ရစ်ခဲ့ရသည်ချည်းသာ ဖြစ်ပေတော့သည်။

ဤသို့ဖြင့် တစ်စီယပတ်၏ ဗုဒ္ဓဟူးနေ့သို့ ရောက်လာသည်။ ထိုညတွင် မိုးက သည်းလှ၏။ ဘတ်စ်ကားပေါ်မှဆင်း၍ တစ်ဦးတည်းရှိနေစဉ် မိုးစက်လေးများကြောင့် မျက်နှာပေါ်တွင် ဆံစများက ကပ်ငြိနေ၏။ လည်ကုပ်တွင် မိုးရေတို့ကြောင့် စိုစွတ်၍ အေးစက်နေသည်။ ကိုက်တစ်ရာမျှလျှောက်အပြီးဝယ် စိတ်ညစ်လာမိသည်။ မကြာမီပင် ကားအပြာကလည်း သူမ၏နောက်မှ ရောက်လာသည်။ ကားမှတ်တိုင် တစ်နေရာဝယ် စောင့်နေပြီးမှ အချိန်ပိုင်းအတွင်း ရောက်လာခြင်းမျိုး ဖြစ်၏။

အဆုံးအစရှိသည် မထင်ရသော ကားမီးရောင်အောက်ဝယ် ကားဘီးလိမ့်လာသံကို တဖြစ်ဖြစ်ကြားရသည်။ ဘရက်ဒီ၏စကားကို ပြန်လည်၍ သတိရလိုက်၏။ မိုးရွာသောည။ သူနာပြုဆရာမလေးတစ်ဦး။

ရင်းနှီးရပြီးသော အကြောက်တရားက စိုးမိုးလာတော့၏။ ကားကရပ်၍ ခေါ်တင်သွားပါစေဟု ဆုတောင်းမိသည်။ ရောမကြွက်ထောင်ချောက်တစ်ခု၏ အသွားများကြားမှ လှုပ်ယမ်းနေသည့် အစာလေးမျိုးမဟုတ်။ အမျိုးသမီးတစ်ဦး၏ ပင်ကိုသဘာဝမျိုးအဖြစ်ကို ပြန်လည် ခံစားရမိလိုက်သည်။

ကပ်လာသည့် ကား၏မီးက ရှေ့ဘက်လမ်းချိုးအကွေ့တွင် ဖျတ်ခနဲဝေ့ကာ ထိုးမိသွားသည်။ ကားဘီးလိမ့်လာသံကို ကျယ်လောင်စွာကြားရ၏။ ကားကကျော်ပြီးနောက် ကွယ်သွားတော့၏။ သူမရပ်၍ ကားကို မျှော်ကြည့်သည်။ နောက်ကားတစ်စီးက ရောက်လာပြန်၏။

ခေါင်မိုးပေါ်မှ အချက်ပြမီးလုံးနှင့် လီမွှော်ရောင်စာလုံး ခပ်ထူထူဖြင့် ရေးထားသော 'ရဲ'ဟူသော စာတမ်းကိုတွေ့ရ၏။ ဤကားက အနက်ရောင် ချက်ပလက်ကားဖြစ်သည်။ စိတ်တင်းကျပ်မှုက ရုတ်ခြည်းပျောက်ကွယ်သွားတော့သည်။

ရဲကားက ကျော်တက်သွားပြီးမှ ဂငယ်ကွေ့ ပြန်ကွေ့ကာ သူမဘေးတွင် ရပ်လိုက်၏။ ကားမှန်တံခါးက ကျယ်သည်။ ကားအတွင်းရှိ မှိန်ပျပျမီးဖြင့် ဦးထုပ်အောက်မှ ပြုံးပြနေသည့် ငယ်ရွ[...] ၍ ချောမောသော မျက်နှာတစ်ခုကို [...] ရေးရေး တွေ့ရသည်။ ၎င်းက သူမရှိ[...] ဘက်သို့ ကိုယ်ကိုညွတ်လိုက်သည်။

"ခုည လမ်းလျှောက်သွားရင်တော[...] ရွှဲစိုတော့မှာပဲ။ အကောင်းဆုံးက ကျွ[...] တော်လိုက်ပို့မှပဲ ဖြစ်မယ်"

ဘရက်ဒီ လွှတ်လိုက်တာပဲ ဖြ[...] မည်ဟု သူမက တွေးမိလိုက်သည်။ သူ[...] ကတော့ ပြောမထားခဲ့။ သို့သော် သူ[...] ကဲ့သို့ပင် ဖတ်လမ်းအတိုင်း လုပ်ဆော[...] ခြင်းလည်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်[...]

ကားကြုံတင်ခေါ်ပါက လိုက်သွာ[...] ရန် သူတို့က မှာထားခဲ့၏။ မည်သူခေ[...] ခေါ် ရဲတစ်ဦးမှလွဲ၍ လိုက်သွားပါတဲ့[...]

"ကားပေါ်တက်လေ"

ကားအတွင်းမှလူမှာ စိတ်ရှည်[...] တော့ဟန် မတူ။

ကျောပြင်တစ်ခုလုံးလည်း စိုရွှဲနေ[...] ဖြစ်သည်။ ကားအတွင်းဝယ် နွေးထွေး[...] ခြောက်သွေ့နေပုံက ဖိတ်ခေါ်မှုရှိနေ[...] သည်။

"ကောင်းပါပြီရှင်"

သူမက ကားထဲသို့ ဝင်ထိုင်ပြီး[...] တံခါးပိတ်လိုက်သည်။ မှန်တံခါးကို တင်[...] ထားလိုက်ပြန်သည်။ ထောင့်တွင်မှီထိုင်[...] ရင်း အပေါ်အင်္ကျီကြယ်သီးများကို ဖြုတ်[...] ချလိုက်၏။ လက်ကိုင်ကားဘောင်ပေါ်သို့[...] တင်အပြီး သက်သောင့်သက်သာမှုနှင့်[...] စိတ်အေးရမှုက ချက်ချင်းဖြစ်ပေါ်လာ[...] သည်။

သူမက ကားမောင်းသူဘက်သို့[...] လှည့်ပြုံးပြသည်။ ညစဉ်စောင့်ရှောက်ခဲ့[...] မှုအတွက် ကျေးဇူးတင်သည့် သဘော[...] ဖြစ်သည်။ သို့သော် သူ့အားကြည့်လိုက်[...] စဉ်မှာပင် သူမအားကြည့်နေသည့် မျက်[...] လုံးအစုံဝယ် တစ်စုံတစ်ရာကို တွေ့[...]



www.burmeseclassic.com

www.burmeseclassic.com

လို ဖြစ်မိ၏။ မည်သည့်အရာမှန်းတော့ သိ။ သို့သော် သူမကိုတော့ စိတ်မသက် စေသည်က အမှန်ပင်။ သူမက ကားစမြည်ပြုပြီး ငြိမ်နေလိုက်၏။

သူက ရယ်ပြုပြီး ကားဂီယာကို ထိုး လိုက်သည်။

"အဲဒါတွေကြောင့် သူနာပြုဆရာ လေးတွေကို ကျွန်တော်သဘောကျ တာ။ မရုက်တတ်ဘူး။ ကားကြုံခါရင် လည်း ကြီးကြီးကျယ်ကျယ် ငြင်းမနေ တတ်ဘူး"

ကားက စတင်ထွက်လာပြီ ဖြစ် သည်။

သူမက ကားသမားအား စိုက် ကြည့်လိုက်မိ၏။ သူနာပြုဆရာမလေး တွေဆိုပါကလား ...

ဒါကြောင့်မို့ သူနာပြုဆရာမလေး တွေကို သဘောကျတာဟု ဆို၏။ ရဲမေ လေးများဟု သူကမပြော။ သူနာပြုဆရာ မလေးများတဲ့။ မိမိမှာ မည်သူဖြစ်ကြောင်း ကို သူမသိပေဘူးလော။ အမှန်ပင် မသိ သလော။ ယခုဇာတ်လမ်းအတိုင်း ဟန် ဆောင်နေခြင်းပေလော။

ကားအရှိန်က မြန်လာသည်။ သူ က လက်တစ်ဖက်တည်းဖြင့် ကားမောင်း ၏ ကျန်လက်တစ်ဖက်က နှစ်ယောက် ကြားတွင် ချလိုက်သည်။ ရှေ့ကိုသာ မဲ၍ ကြည့်နေ၏။

ကားက လမ်းကိုကွေ့လိုက်သည် နှင့် ရှေ့မှ မစွက်ဟာပေး၏ အဆောင်မှ မီးတို့ကို မြင်ရသည်။

"အဲဒီအိမ်ပဲ"

သူမက စိတ်အားထက်သန်စွာဖြင့် လက်ညှိုးထိုးပြလိုက်သည်။

"ကျွန်မနေတာ အဲဒီအိမ်ပါပဲ"

ကားအရှိန်က လျော့မသွား။ နှစ် ဦးကြားမှ လက်ကသာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ သူမ၏ တစ်ကိုယ်လုံးရှိ ကြွက်သားများက တင်းခနဲ ဖြစ်သွားမိ၏။ သူ၏လက်များက ချောမွေ့သော ချည် ထည်သား သူနာပြုဝတ်စုံပေါ်သို့ ရောက် လာသည်။ ပေါင်အား ခပ်သာသာပွတ် သပ်နေပြန်သည်။ သူက ပြုံးပြလာသည်။

"မင်း အိမ်မပြန်ချင်သေးဘူးဆိုတာ သိပါတယ်ကွာ။ ဘယ်လိမ်လို့ရပါ့မလဲ။ မင်းတို့ သူနာပြုဆရာမလေးတွေဟာ အချိန်ကောင်းကို ဖန်တီးပေးနိုင်တယ်ဆို တာ ငါသိပါတယ်လေ"

သူမက ၎င်းနှင့်ဝေးရာသို့ဆုတ်၍ ချောင်တွင်ကပ်နေလိုက်၏။ ကားသမား မှာ မည်သူဖြစ်မှန်းသိပြီဖြစ်၍ ကြောက် လန့်သွားမိသည်။ သူမအတွက် ကြုံတွေ့ လာရမည့်အဖြစ်ကို နားလည်နေမိ၏။

"တောင်းပန်ပါတယ်ရှင်"

ကိုယ့်အသံမှ ဟုတ်မှဟုတ်ပါလေစ ဟု ထင်မိသည်။

"ကျွန်မ ဆင်းပါရစေတော့"

ကားက အဆောင်ကို ကျော်သွား ပြီဖြစ်သည်။

ကား၏နောက်ဝယ် ချမ်းအေး၍ မှောင်မည်းသော ကာလညသာလျှင်ရှိ တော့သည်။ တစ်ကိုယ်လုံး၏ အကြောက် တရားမှာ စိတ်ကောကိုယ်ပါ ထုံထိုင်းသွား စေတော့၏။

သူက ရုတ်တရက် ဘရိတ်ကိုနင်း ၍ ညာဘက်သို့ ချိုးကွေ့လိုက်၏။ ကား မီးရောင်ဖြင့် သစ်တောအုပ်အဝင်လမ်းကို တွေ့ရသည်။ လမ်းသည် အသုံးမပြုဘဲ ပစ်ထားသည်မှာကြာ၍ ချုံနွယ်များ ဖုံး ပိတ်လျက်ရှိ၏။ ကားအား သစ်ကိုင်းများ က တဖြောင်းဖြောင်း ရိုက်ခတ်လာသည်။ ကားအရပ်ဝယ် သစ်ကိုင်းများက နောက် ဖက်မှ ဖုံးကွယ်ပြီးသား ဖြစ်နေတော့၏။

ကားရပ်သည်နှင့် သူမက ကား လက်ကိုင်ကိုစမ်း၍ ဖွင့်ရန်ကြိုးစားသည်။ သို့သော် ထိုသူက မြန်လှ၏။ သူမ၏ အပေါ်အင်္ကျီကိုဆွဲ၍ သူ့ဆီ... ဆွဲယူ လိုက်သည်။ ယခုကဲ့သို့ ကြာချိန်မျိုးတွင် မည်သည့်စကားပြောရန်၊ မည်သို့ခါချိန် ဆွဲရန်ကို အကြိမ်ပေါင်းများစွာ ...ွေးတော ခဲ့ပြီး ဖြစ်၏။ ယခုတော့ ...ုံအဖြစ်မျိုး ရယူနိုင်စွမ်းမရှိ။ သူမက ကိုက်ရန်၊ ကုတ် ရန် ကြိုးစာ... ...သော်လည်း မအောင်မြင်။ ထိုသူကသာလျှင် ကားခုံပေါ်သို့ သူမအား ဖိကာတွန်းလှဲလာတော့၏။

လက်ကိုင်အိတ်အား လှမ်းဆွဲရ၏။ သို့သော် အမျိုးသားက မြင်သွားပြီး ရိုက် ချလိုက်သည်။ ကြမ်းပြင်ပေါ်သို့ ကျသွား ... ကြားရ၏။ သူ၏နှုတ်ခမ်းအစုံက သူမနှုတ်ခမ်းပေါ်သို့ ပိကျလာသည်။

သူမအား ကျောကျသွားရန် ဖိရင်း သွေးကြွနေသည့်လက်က သူမတစ်ကိုယ် လုံးအား လျှောက်စမ်းနေ၏။ လက်ကို လွတ်အောင်ရုန်း၍ ထိုသူ၏ မျက်လုံးထဲ သို့ လက်မဖြင့်နှိုက်ရန် ကြိုးစားကြည့်၏။ မျက်လုံးနှင့်လက် ထိသွားသည့်အချိန်တွင် လက်ကောက်ဝတ်အား ချိုးလိမ်ခံလိုက် ရ၏။

"ခွေးမ"

သူက အသက်ရှူမြန်နေ၏။ လည် ပင်းအား မညှာမတာ ညှစ်လာသည်။ မိန်းကလေးအဖို့ အသက်ရှူကျပ်သွားရ ၏။ ကျန်လက်တစ်ဖက်ကလည်း သူမ၏ အဝတ်များကို ဆွဲဖြဲနေသည်။ သူမက ပြန်၍တိုက်ခိုက်ရန် ကြိုးစားသည်။ သို့ သော် ဓါးခါင်းထဲတွင် ရီဝေ၍ မျက်လုံးထဲ တွင် အလင်းရောင်စုံကို တွေ့နေမိ၏။ ခုခံအားတို့ ကွယ်ပျောက်သွားပြီး သိစိတ် ကင်းလွတ်သလို ခံစားလိုက်ရသည်။ သိပ် သည်းသော ခရမ်းရောင်တိမ်တိုက်ကြား သို့ လွင့်မြောဝင်ရောက်သွားသလို ခံစားမိ သည်။ သူ၏ ဆဲရေးသံကို အဝေးတစ် နေရာမှကဲ့သို့ ကြားရ၏။

ကားတံခါးပွင့်သွားပြီး မြက်ခင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com

သို့ ဖုတ်ခနဲ ပြေးလာသံများ၊ ထို့နောက် သေနတ်သံတစ်ချက်၊ ဥဩသံများ . . .

ရီဝေနေသည့် ဖုန်ထုထဲမှ တဖြည်းဖြည်းထွက်လာသလို ခံစားရမိ၏။ သူမအပေါ် ကိုယ်အလေးချိန်က မရှိတော့။ ကားထဲတွင် တစ်ယောက်တည်းရှိတော့ကြောင်း သိလိုက်မိ၏။ မျက်လုံးကို တဖြည်းဖြည်းဖွင့်ကြည့်သည်တွင် အမှောင်ထုဟူ၍ မတွေ့ရတော့။ အားလုံးမှာ ပကတိ သက်ရှင်လှုပ်ရှား လင်းထိန်လျက်ရှိ၏။ ထိုသူသည် ကားကိုမှီ၍ ခေါင်းငိုက်စိုက်ကျနေသည်။

ပခုံးကိုဆုပ်ထားသည့် သူ့လက်က ပျော့ခွေနေ၏။ ပျို့မျစ်ငယ်ရွယ်သော အသွင်မျိုးကို မတွေ့ရ။ အိုစာ၍ အရှုံးပေးလိုက်ရသည့် အသွင်ကိုသာ မြင်ရသည်။

ထိုစဉ် တစ်စုံတစ်ယောက်က သူမထံမှနေ၍ အဓမ္မသမားကို တွန်းဖယ်လိုက်သည်။ ကားအတွင်းသို့ လူကြမ်းကြီး ဘရက်ဒီ၏ ကိုယ်တစ်ပိုင်းက ဝင်လာတော့၏။

"ဂျနက်"

သူမ၏ လှုပ်ရှားမှုကို မတွေ့ရ။ သွေးဆုတ်နေသည့် မျက်နှာ၊ စုတ်ပြဲနေသည့် အဝတ်အစားများကိုသာ တွေ့ရ၏။

"ဂျနက် . . . ဘယ်လိုနေသေးလဲ။ မင်းကို သူက . . ."

ဘရက်ဒီ၏ မျက်လုံးအစုံတွင် နူးညံ့ပျော့ပျောင်းမှု၊ စိုးရိမ်မှုတို့ တွေ့လိုက်ရသည်။

သူမက ဘရက်ဒီအား မော့ကြည့်လိုက်သည်။

"ကျွန်မ ဘာမှမဖြစ်ပါဘူး။ ရှင်တို့ သိပ်နောက်မကျပါဘူးရှင်"

ဤမျှသာ ဖြစ်၏။ သူမလုပ်ရမည့် တာဝန်မှာ ပြီးဆုံးသွားပြီ ဖြစ်သည်။ ပင်ကိုမိန်းကလေးတစ်ဦး၏ သဘာဝက ပြန်ပေါ်လာသည်။ မျက်နှာကို လက်ဖြင့်အုပ်၍ ငိုချလိုက်သည်။

ဘရက်ဒီက မိုးကာအင်္ကျီကို ချွတ်၍ သူမအား ခြုံပေးလိုက်သည်။ အငိုတိတ်သွားချိန်ဝယ် လက်ကိုင်ပဝါဖြင့် မျက်ရည်များကို ခပ်ဖွဖွသုတ်ပေးသည်။ ထို့နောက် ဂျနက်အား သူ့ကားဆီသို့ ခေါ်သွားတော့၏။ နောက်ထပ် အပြာရောင် ရဲကားတစ်စီးသာ ဖြစ်သည်။

မြို့တွင်းသို့ရောက်ကာနီးမှ ဘရက်ဒီက စကားစလာသည်။

"ငါ ဝမ်းနည်းပါတယ်ကွာ။ ဒါပေမဲ့ သူ့ကိုဖမ်းမိဖို့ဆိုတာ ဒီတစ်နည်းပဲ ရှိနေတယ်။ သူဟာ မိန်းကလေးတွေကိုပဲ ယုံတတ်တဲ့ လူတစ်ယောက်။ စုံစမ်းကြည့်လို့မရနိုင်တဲ့ လူတစ်ယောက်ပဲ"

သူမက ဘရက်ဒီအား လှမ်းကြည့်လိုက်သော်လည်း ဘာမှတော့ မပြောဖြစ်။

"ဒါကြောင့်မို့လည်း သူမသိသေးတဲ့ ရဲသိပ္ပံဆင်းပြီးခါစ မင်းကို တို့သုံးရတာပါ"

ဘရက်ဒီက စကားဆိုပြန်သည်။

"တရားခံဟာ တို့အထဲက လူတစ်ယောက်လို့ တို့မပြောပြနိုင်ခဲ့ဘူး။ ပြောလိုက်လို့ရှိရင် မင်းဟာ သူ့သံသယဝင်သွားအောင် တစ်မျိုးတစ်ဖုံ ပြောလိုက်မိနိုင်စရာရှိလို့ပဲ။ ဒါဆို တို့မှာ ဒုတိယအကြိမ် အခွင့်အရေး မရှိတော့ဘူး။ မင်းရဲ့ ရဲသိပ္ပံမှတ်တမ်းဟာ သိပ်ကောင်းတယ် ဂျနက်။ မင်းကို သူခေါ်သွားတဲ့အခါမှာ ဘယ်လိုလုပ်ရမယ်ဆိုတာ သိတယ်။ မင်းမှာ အသိဉာဏ်ထက်ထက်မြက်မြက်ရှိတယ်လို့ တို့က ယုံကြည်ထားခဲ့ကြတယ်လေ"

ဘရက်ဒီက ရှင်းပြနေခြင်းမဟုတ်။ မိမိသိစေရန်၊ သဘောပေါက်စေရန် ပြောပြနေခြင်းသာဖြစ်သည်ဟု ဂျနက်က တွေးမိ၏။

"မင်းကို လှည့်ပြီးကစားခဲ့တယ်ရယ်လို့ မထင်စေချင်ဘူး ဂျနက်။ မင်းကို တို့က ပစ်မထားခဲ့ပါဘူးကွာ"

ဘရက်ဒီက ဒက်ရှ်ဘုတ်အော... ရှိ အသံလွှင့်ဖမ်းစက်ကလေးကို လ... ညှိုးထိုးပြသည်။

"သူ့ကားကို ငါကျော်တက်သွား... ပြီး မစ္စတာဟာပေးအိမ်ရှေ့ ကွက်လပ်... ရပ်ထားခဲ့တယ်။ အသံလှိုင်းတစ်ခုပြော... ပြီး ကျန်ကားတွေကို ထပ်လှည့်ထား... လိုက်တယ်။ သူ့ကားက အိမ်ကို ကျော်... သွားတော့ ကိုယ်က မီးပိတ်ပြီး ခပ်ဖြည်း... ဖြည်း လိုက်လာခဲ့တာ။ ရှေ့တစ်... လောက်ကလည်း အခြားပတ္တရောင် ကား... တစ်စီးကို ပိတ်ပြီး စောင့်ခိုင်းထားတယ်... ကားနှစ်စီးကြားညှပ်ပြီး ဖမ်းနိုင်ဖို့ပဲ။ ... တို့အချိန်မီ ဖမ်းနိုင်ဖို့ဆိုတာ တစ်ခု... တော့တာပေါ့ကွာ"

"ဒါဆိုရင် ကျွန်မခန်းဆီးလိုက်... ချတာကို သူက စောင့်ကြည့်နေ... မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး။ စောင့်ကြည့်နေ... က ကိုယ်ပဲ။ ဒီအကြောင်းတွေကို ... ဘာမှမသိဘူး"

သူမအား ဘရက်ဒီက ည... စောင့်ကြည့်နေကြောင်း၊ အကာအကွ... ပေးနေကြောင်း သိရ၍ ရင်ထဲတွင် ကြ... နူးနှစ်သိမ့်သွားမိ၏။

"ကျေးဇူးပါပဲ ရှင်ရယ်"

"ကိုယ့်ကို ကျေးဇူးမတင်ပါနဲ့... ဒီအလုပ်ကို လုပ်နိုင်တာဆိုလို့ မင်း... ယောက်ပဲ ရှိတယ်။ ခု လှုပ်ရှားမှု... ဝင်တဲ့ လူကလည်း မင်းတစ်ယောက်... ပဲ။ မင်း တာဝန်ကျေပါတယ် ဂျနက်"

ဘရက်ဒီက ဂျနက်ကို လှမ်း... ပြီး ပြုံးပြလိုက်၏။

ဘာ...

*C.L Sweeney JR* ၏ *'Dec...* ပြန်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာမှားတော့ ဆောရီးပေါ့

■ ရှစ်ခွင်ကျော်-ဖောင်တော်သီ

ဌာနဆိုင်ရာ ညှိခံကျွေးမွေးရေး **အစီစဉ်တွေမှာ 'အချိုမှုန့်'မသုံးရဆိုတဲ့** သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနက ထုတ်တဲ့ ရုံးမိန့်။ ကျုပ်မိတ္တူဆွဲပြီး ကိုယ်နဲ့မကွာ သိမ်းထားပါတယ်။ ဒီရုံးမိန့်ဟာ ကျုပ်အတွက် အထောက်အကူပေးမှာဖြစ်လို့ပါ။

ကျုပ်ဆိုတဲ့ မောင်ဘိုကြီးက ဌာနဆိုင်ရာ ညှိခံကျွေးမွေးရေးမှာ လိုင်စင်ရသလို တာဝန်ပေးခြင်းခံရလို့ပါပဲ။

အမှန်ကတော့ ညှိခံကျွေးမွေးရေး ခေါင်းစဉ်အတိုင်း ဆောင်ရွက်ပေးရတာကတော့ အရာရှိမဟုတ်တဲ့ သာမန်ရုံးဝန်ထမ်းတွေလောက်ပါ။ အရာရှိ၊ ဒုချုပ်၊ ညွှန်ချုပ်နဲ့ အထက်ပုဂ္ဂိုလ်ကြီးတွေကိုတော့ သီးသန့်အခန်းမှာစီစဉ်ပြီး ကျုပ်တို့က ထမင်းဟင်းလျာစုံ စတီးဗန်းပေါ်တင်၊ အဲဒီဗန်းကို အမျိုးသမီးအရာရှိတွေက VIP လို့ခေါ်တဲ့ ပုဂ္ဂိုလ်ကြီးတွေစားပွဲပေါ် သွားချပေးကြတာပါ။ နှမ်းဖြူးတယ်ခေါ်မှာပေါ့။

ပုဂ္ဂိုလ်ကြီးတွေက "ကောင်းတယ်ကွာ"ဆိုရင် ကျွန်မတို့ကိုယ်တိုင်စီမံချက်ပြုတ်ထားတာပါ။ "မကောင်းဘူး"ဆိုရင် ကျုပ်ကို ထိုးချပေါ့။ ဒါမျိုး မောင်ဘိုကြီး ခံစားရပေါင်းများလို့ ရိုးနေပါပြီ။

ကျုပ်လက်ထဲ ရုံးမိန့်ရောက်ပြီး မကြာလိုက်ဘူး။ ဦးစီးဌာနခြောက်ခုပေါင်းပြီး နှစ်ပတ်လည်အစည်းအဝေးလုပ်တယ်။ သိတယ်ဟုတ်လား။ ဘယ်အဆင့်ရှိတဲ့ VIP ပုဂ္ဂိုလ်ကြီးတွေတက်မယ်ဆိုတာ . . .။

အစည်းအဝေးနား။ မနက်စာစားချိန်လည်းရောက်ရော VIP အကြီးဆုံးကြီးက တည်ခင်းထားတဲ့ ဟင်းတွေအကုန် လုံးခပ်မြည်းတယ်။ တစ်ခွန်းမြည်းကြည့်လိုက်၊ မျက်နှာကြီးက ရှုံ့သွားလိုက်၊ အရာရှိမမတွေ ပခုံးတွန့်သွားလိုက်၊ ဟင်းခနဲ ဟားခနဲ၊ ထွီခနဲဆို မမတွေပါးစပ်ကြီးတွေဟာ၊ မျက်လုံးကြီးတွေပြူးသွားလိုက်နဲ့ပေါ့။ ကျုပ်ဘက်လှည့်တော့မယ်ဆိုတာ သိနေပြီ။ ကျုပ်အနားမှာ အကဲခတ်စောင့်ကြည့်နေတာကိုး။

"ဘယ်သူချက်တာလဲကွာ"

"ကိုဘိုကြီး ပြောလိုက်လေ"

ကျုပ်မပြောဘူးလား။ ကျုပ်ဘက်ထိုးချတော့မယ်ဆိုတာ။ ကျုပ်မကြောက်ပါဘူး။ ဒီကိစ္စနဲ့ ကျုပ်ကိုဖြုတ်ပစ်လို့မှ မရတာ။

"မင်းဟင်းတွေကလည်း တစ်ခွက်မှ အရသာမရှိဘူး"

ဘယ်ရှိမလဲ။ ဘယ်ဟင်းမှာမှ အချိုမှုန့်မသုံးဘဲဟာလို့ပြောရမှာ ဒီအဆင့်နဲ့ ထိုက်တန်တဲ့စကား မဟုတ်လို့ မပြောဘဲ အိတ်ကပ်ထဲကရုံးမိန့်ကို ထုတ်လိုက်တယ်။

"ပြမနေပါနဲ့။ အဲဒီရုံးမိန့် ငါကိုယ်တိုင် ထပ်ဆင့်ထုတ်ခိုင်းလိုက်တာပါ"

ကျုပ်ကမ္ဘာကျော်စစ်ဗိုလ်ကြီးများစာအုပ်ဖတ်ဖူးတယ်။ ဘယ်ဗိုလ်ချုပ်ကြီးရယ်လို့တော့ မမှတ်မိတော့ပါဘူး။ အဲဒီဗိုလ်ချုပ်ကြီးက "လောကကြီးမှာ ဘာအခက်ခဲဆုံးလဲဆိုတော့ ကိုယ်ထုတ်တဲ့ရုံးမိန့်ကို ကိုယ်ကိုယ်တိုင် မလိုက်နာခြင်းပဲ" တဲ့၊ ဒါသတိရလို့ ပြုံးမိတယ်။

ကျုပ်အဆင့်နဲ့က ခွန်းတုံ့ပြန်ပြောလို့မှ မဖြစ်တာ။ ဒါကြောင့် လုပ်ကြံဖန်တီးယူတဲ့မျက်နှာလေးနဲ့ ပြန်ကြည့်ပေးထားတယ်။ ဆူရင်လည်း ခံရမှာပါဆိုတဲ့ သဘော။

"မင်းတို့ကွာ၊ အမေမှာတဲ့ဆန်တစ်ခွဲ သုံးစိတ်နဲ့မလဲဆိုတဲ့ ကောင်ပဲ၊ တပည့်လိမ္မာ ဆရာအာပတ်လွတ်ဆိုတာ ခေါင်းထဲထည့်ပေးကြပါဦး"

လို့ပြောပြီး ဘာမှမစားဘဲ ထွက်သွားပါလေရော။ အဲဒါပေါ့နော်၊ ဆရာမှားတော့ ဆောရီးနဲ့ ကျေနပ်လိုက်ရတာ။

ရှစ်ခွင်ကျော်—ဖောင်တော်သီ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# လူသတ်မှုတစ်မှု နှင့် နောက်ဆက်တွဲ

ဖြစ်စဉ်(၁)

အောင်မြတ်ဦး

"ကွို . . ဝုန်း"

"အို . . အမလေး"

ညနေခင်း . . ။

နေဝင်တော့မည့်အချိန် . . လေပြည်နေ့သွေးနေ၏။ ကောင်းကင်၌ တိမ်ရောင်စုံကွန့်မြူးနေ၏။

ကောင်းကင်၌ အိပ်တန်းပြန် ငှက်တစ်အုပ် ပျံသန်းနေ၏။

နေရာက ရပ်ကွက်တစ်ခုအတွင်း။

မိုးအောင်သည် စက်ဘီးကို မှန်မှန်နင်းလာ၏။ ရှေ့မှာ လမ်းကွေ့တစ်ခု။ ရှေ့တွင် ကားတစ်စီး အရှိန်ပြင်းစွာချိုးကွေ့လိုက်သည်ကို တွေ့၏။

မိုးအောင် စက်ဘီးကို ကပျာကယာ ဘရိတ်ဆွဲလိုက်၏။ သို့သော် မရ။ ကားက အရှိန်ပြင်းသည်မို့ စက်ဘီးကို တိုက်မိသွား၏။



www.burmeseclassic.com

www.burmeseclassic.com

မိုးအောင် . . စက်ဘီး တစ်ခြား လူတစ်ခြား လွင့်သွား၏။ သူ ကပျာကယာလူးလဲထ ပြီး စက်ဘီးကို ကြည့်လိုက်၏။ စက်ဘီးက ရှေ့ဘီးခွင်သွားပြီ။ နောက် ဘာဖြစ်ဦးမည်မသိ။

ကားသမားက တစ်ချက် ကြည့်ပြီး မောင်းထွက်ရန် ပြင်သည်။ မိုးအောင် ဆတ်ခနဲ ကားရှေ့ပိတ်ရပ်လိုက်၏။ ကား ဆရာကို စူးရဲစွာ ကြည့်သည်။

"မင်း ဘာကြည့်တာလဲ"

"ကားကို မဆင်မခြင် မောင်းပြီး မျက်နှာလွှဲ ခဲပစ် လုပ်မလို့လား"

"ဘာလဲ မင်းအလျော်လို ချင်လို့လား။ စိမ်းမြကို လိုက်ခဲ့"

ဟု ပြောပြီး ကားကို ဝူး ခနဲ မောင်းထွက်သွားသည်။ မိုး အောင် ကပျာကယာရှောင် လိုက်ရ၏။ နို့မို့ဆို တိုက်မိသွား မလားမသိ၊ ဒေါသလည်းထွက် သွားမိ၏။

"တောက် . ."

တောက်တစ်ချက် ခေါက် လိုက်၏။

△△△

## ဖြစ်စဉ်(၂)

စိမ်းမြဆိုသည်မှာ စတိုး ဆိုင်ကြီးတစ်ခု။

မိုးအောင်ကလည်း ဒီရပ် ကွက်မှာ နေခဲ့ဖူးသဖြင့် ဤဆိုင် ကို သိ၏။ မိုးအောင် စိမ်းမြသို့ ချက်ချင်းလိုက်ခဲ့၏။

"စိမ်းမြစတိုး"

ဆိုင်ရှေ့မှာ ကားရပ်ထား သည်။

မိုးအောင် စက်ဘီးအား ဆိုင်ရှေ့တွင် ထားခဲ့ပြီး ဆိုင်ထဲ ဝင်ခဲ့၏။ မိုးအောင် ဆိုင်ဝသို့ ရောက်ချိန် သူ့ကို တွေ့ရ၏။ သူ့ဘေးတွင်လူရွယ်သုံးယောက် ရှုးသိုးသိုးနှင့်။

"ဩော် . . မင်းကလိုက် လာတာကိုး"

"ခင်ဗျားက လူမှုရေး ခေါင်းပါးလွန်းလို့ လိုက်လာ တာ၊ ခင်ဗျား ကားနဲ့ တိုက်သွား တဲ့ကိစ္စ ဘာလုပ်မလဲ"

"မင်းက အလျော်လိုချင် လို့လား။ ငါက မင်းစက်ဘီး စုတ်မျိုး ဆယ်စီးလျော်နိုင် တယ်"

"ခင်ဗျား ဒီလို မပြော သင့်ဘူး။ ခင်ဗျားဆယ်စီးမက လို့ အစီးတစ်ရာ လျော်နိုင် လျော်နိုင် . . ဒါ ခင်ဗျားကိစ္စ။ ကျုပ် သိချင်တာက ကျုပ်နဲ့ ခင်ဗျားဆိုင်ခဲ့တဲ့ကိစ္စ ဘာလုပ် မလဲ"

သူက ပြုံးပြီး . .

"မင်းက သိချင်လား၊ ဒါဆို သိရမယ်"

ဟု ပြောရင်း သူ့တပည့် များဘက်လှည့်ကာ . .

"ဒီကောင့်ကို ဆွဲထုတ် လိုက်စမ်းကွာ"

ဟု ပြော၏။

"ခွေးကောင်၊ အတော် လုပ်ပါးဝတယ်"

ဟု ကြိမ်းဝါးပြီး စတင်ထိုး ၏။ မိုးအောင်ကလည်း ဇနှင့် လူမို့ မခံ၊ တုန့်ပြန်သည်။

သို့သော် ခက်သည်က တစ်ယောက်နှင့် အများ။ တစ် ဖက်ကို ရင်ဆိုင်တော့ တစ်ဖက် ဟာသွား၏။

"ခွပ်"

နီးရာတုတ်နှင့် ဆွဲရိုက် လိုက်သည်။

"အား"

မိုးအောင် တစ်ချက်သာ အော်လိုက်နိုင်၏။ မျက်လုံးတွေ ပြာဝေပြီး လဲကျသွားသည်။ ထမည်လုပ်တော့ ဗိုင်းကန်ကြ သည်။

မိုးအောင်ခမျာ ဆန်ကော ထဲ ဆီးဖြူသီးထည့်လှိမ့်သလို ဖြစ်နေပြီ။

မခံနိုင်တော့။

နောက်ဆုံးထပြေးရသည်။

သို့သော် သူတို့က သွေး အလူးလူးနှင့် ပြေးသည့် မိုး အောင်အား လိုက်ရိုက်ကြ သည်။ မိုးအောင်က အရှေ့ အကြံရှိပြီး ပြေးနိုင်လို့ပေါ့။ မဟုတ်လျှင် အသက်နဲ့ ခန္ တစ်ခြားစီဖြစ်သွားမည်လား မသိ။

△△△

## ဖြစ်စဉ်(၃)

"မင်း ရဲတိုင်မလား ကိစ္စနဲ့ပတ်သက်လို့တော့ မ ဇော်နိုင် သိပ်လွန်တယ်၊ သ သက် အနိုင်ကျင့်တာပဲ"

မိုးအောင် တစ်ချက်သာအော်လိုက်နိုင်၏။
မျက်လုံးတွေ ပြာဝေပြီးလဲကျသွားသည်။
ထမည်လုပ်တော့ ဗိုင်းကန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မိုးအောင် သူငယ်ချင်း တင်မင်းက ပြော၏။

မိုးအောင် က ဝေဒနာကို ကြိတ်မှိတ်ခံစားရ၏။ ခေါင်းခါသည်။

"မတိုင်ဘူး။ ဒီကောင်က ရဲတိုင်ခြင်းနဲ့ တန်တဲ့ကောင် မဟုတ်ဘူး။ ဒီမျိုးဇော်နိုင်ဆိုတဲ့ ကောင် မိုးအောင်အကြောင်း သိရမယ်"

"မင်း . . မင်း . . ဒါဆို"

မိုးအောင် ဘာမျှဆက်မပြောဘဲ အိပ်ရာပေါ် လှဲချလိုက်၏။ စင်စစ် မိုးအောင်က ဇနှင့်လူပင်။ ပြောရလျှင် မိုးအောင်က ထောင်ထွက်။ လူသတ်မှုနှင့် ထောင်ကျပြီး ထောင်မှထွက်လာသည်မှာ တစ်နှစ်မပြည့်သေး။

"မင်းပြန်မမိုက်တော့ဘူးဆို"

"မမိုက်ချင်ဘူး။ ဒါပေမယ့် ဒီလို လူရမ်းကားတွေကို ဆုံးမဖို့ မိုက်ရဦးမယ်။ ဒီကောင်နောက် ဘယ်သူ့ကိုမှ ထပ်မစော်ကားနိုင်အောင် ငါဆုံးမမယ်။ ဒီကောင် နောင်တရစေရမယ်"

"ငါတော့ မတိုက်တွန်းချင်ဘူးကွာ"

"ဘာမှမပြောနဲ့တော့ တင်မင်း"

သူပြောပြီး မျက်လုံးမှိတ်လိုက်သည်။

အမှန်တော့ မိုးအောင်က လူမိုက်။ လက်ယဉ်သူ။အကွက်ချကောင်းပြီး တိကျသူ။ သူ မျိုးဇော်နိုင်ကို ဆုံးမဖို့ စဉ်းစားနေပြီ။

ပြောရလျှင် မျိုးဇော်နိုင်လိုလူအား အကွက်ချရသည်မှာ ခက်သည်မဟုတ်။ မပြီးခင် သူ ဘယ်သွားတတ်သည်၊ ဘယ်သူနှင့်တွေ့တတ်သည်ကို သိနေသည်။

"မျိုးဇော်နိုင်ရယ် . . ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြသေးတာပေါ့"

△△△

ဖြစ်စဉ်(၄)

မျိုးဇော်နိုင်ဟာ . . . အသောက်အစားရှိသလို မိန်းမလည်း ပွေသူ။ ညနေဆို မိုးပြာမှာ ဘီယာသောက်သည်။ ဒီလို မိုးပြာတွင် ဘီယာသောက်သည်မှာလည်း ရှိစီကြောင့် ဖြစ်၏။

ရှိစီက မိုးပြာစားသောက်ဆိုင်မှာ သီချင်းဆိုသူ။ မျိုးဇော်နိုင်က မိုးပြာတွင် ဘီယာသောက်၊ ရှိစီသီချင်းဆိုသည်ကို မျက်စိစားပွဲထိုင်။ ပန်းကုံးစွပ်ပြီး ည ၁၀ နာရီကျော်လျှင် ရှိစီကို ခေါ်ပြီးပြန်သည်။

တနင်္ဂနွေညဆို . . ရှိစီနှင့် အပြင်မှာ အိပ်သည်။ စနေညကျတော့ ရှိစီကို အိမ်ပြန်ပို့သည်။ ဒါက သူ့အလုပ်။

ဒီနေ့က စနေနေ့။

ည ၁၀ နာရီ ၃၀ မိနစ်။

သူ့ကားကလေး ရှိစီအိမ်နှင့် မနီးမဝေး ရပ်သည်။ ရှိစီနှင့် လမ်းနည်းနည်းလျှောက်သည်။ အိမ်ဝရောက်လျှင် ရှိစီ့ကို ဘိုင့်ဘိုင်လုပ်ပြီး ကားဆီပြန်လာသည်။

ပြန်လာပြီး ကားပေါ်တက်၍ထိုင်လိုက်စဉ် သူ့ခေါင်းကို မာကျောသော အရာဝတ္ထုနှင့် အရိုက်ခံလိုက်ရ၏။ အားဟု တစ်ချက်အော်ပြီး လောကကြီးနှင့် ခေတ္တအဆက်အသွယ်ပြတ်သွားသည်။

သူ သတိရလာတော့ သူ အလွန်တရာ အံ့ဩသွားရ၏။ ပွင့်နေသော တံခါးကို ခြေနှင့်ကန်ပြီး သူ့ကို စူးရဲစွာကြည့်နေသည့် မျက်နှာတစ်ခုကို မြင်လိုက်ရသောကြောင့် ဖြစ်၏။

"မင်း . . မင်း . ."

"ဟုတ်တယ် . . မင်း ငါ့ကို ကားနဲ့တိုက်၊ ပျက်စီးသွားတဲ့ စက်ဘီးမျိုး ဆယ်စီးလျော်နိုင်တယ်လို့ပြောပြီး ငါ့ကို ရိုက်ပုတ်စော်ကားတာ ခံလိုက်ရတဲ့ မိုးအောင်လေ"

"မင်း . . မင်း . . ဘာလုပ်မလို့လဲ"

သူက ဟိုသည်ကြည့်ရင်း မေး၏။

"မင်း မျက်လုံးအညောင်းခံပြီး ကြည့်မနေနဲ့။ နောက်ဆုံး မင်းစကီကလေးလည်း မင်းကို မကူညီနိုင်ဘူး။ မင်းနားမှာ ကြွေးရှင် ငါပဲရှိတယ်။ ထိုက်သင့်တဲ့ ကြွေး ငါပြန်ယူရမယ်။ မင်း ဘဝကူးကောင်းအောင် ဆုတောင်းတော့"

"ဟင်"

သူ ဒါပဲ ပြောနိုင်၏။ မိုးအောင်က အသင့်ယူလာသည့် ဓားနှင့် သူ့နှလုံးသားတည့်တည့်သို့ စိတ်ရှိလက်ရှိထိုးခဲ့၏။ သူ ငြိမ်သက်သွားမှ ဂျိမ်းကနဲ ကားတံခါးပိတ်ပြီး မှန်မှန်လျှောက်ထွက်ခဲ့သည်။

ညသည် သူ့ဘာသာသူ ဘာသိဘာသာရှိနေ၏။

△△△



www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်စဉ်(၅)

ရဲပတ္တရောင်အဖွဲ့မှ မျိုးဇော်နိုင်အလောင်းကို တွေ့ခဲ့သည်။ မျိုးဇော်နိုင်အသတ်ခံရသည့်သတင်း ရပ်ကွက်ထဲ ပျံ့နှံ့သွားချိန်၌ မိုးအောင်က သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းသို့ သူကိုယ်တိုင် သွားရောက်အဖမ်းခံပြီး ဖြောင့်ချက်ပေးပြီးနေပြီ။

မိုးအောင်က ဥပဒေက ပေးသည့် အပြစ်ကို ကျေနပ်စွာ ခံယူဖို့အသင့်။

ထိုစဉ် ရပ်ကွက်ထဲ၌ မျိုးဇော်နိုင်အသတ်ခံရပြီးနောက် နောက်ဆက်တွဲ ထူးခြားဖြစ်စဉ်များ ဖြစ်ပျက်ခဲ့၏။

မျိုးဇော်နိုင် အသတ်ခံရခြင်းနှင့် ပတ်သက်၍မည်သူမျှ ကရုဏာမသက်ကြ၊ သေသည်ကို ဝမ်းသာသည်ဟု မပြောရုံတမယ်။

"အသတ်ခံရတာတောင် နည်းသေးရဲ့။ သတ်တဲ့ကောင်လေးရဲ့ စက်ဘီးကို သူ့ကားနဲ့တိုက်ပြီး အလျော်မပေး၊ မတောင်းပန်တဲ့အပြင် ရိုက်ပုတ်နှိပ်စက်လိုက်တာ အားလုံးအသိပဲ"

"ဟုတ်တယ်၊ မျိုးဇော်နိုင်က ရပ်ကွက်ထဲမှာ ငွေလမ်းခင်းပြီး လူတိုင်းကို အနိုင်ကျင့်နေတာ။ သူက လူမိုက်မွေးထားလို့ သူ့ကို ဘယ်သူမှ ပြန်မလုပ်ဝံ့တာ။ ခု တစ်တောရှင်းသွားပြီ"

ဟု ပြောသံဆိုသံတွေ ညံနေ၏။

ပြောရရင် ဒီလောက်ဆိုတော်သေးရဲ့။ ခုတော့ အသံတွေက ပို၍ ဆိုးလာ၏။ တချို့က သူသေမှ ပြောရလျှင် . . ကြောက်ရမည့်ဘေးဝေးတော့မှ တူးဖော် ဖော်ထုတ်စကားတွေ ဆိုလာ၏။

"ဟုတ်တယ်၊ ပြောရရင် စိမ်းမြစတိုးဆိုတာက သူ့မိဘတွေလက်ထက်က စတိုးဆိုင်အစစ်ပဲ။ သူ့လက်ထက်ကျတော့ ယောင်ပြဖြစ်သွားပြီး ဟန်ပြဖွင့်ထားတာ"

"မူးယစ်ဆေးဝါးရောင်းဝယ်နေတယ်ဆို"

"ဟုတ်တယ်၊ တပည့်တွေမွေးပြီး မူးယစ်ဆေးဝါး မှောင်ခိုလုပ်တယ်။ နှစ်လုံး သုံးလုံးနဲ့ ဘောလုံးပွဲ လောင်းကစားဒိုင်လုပ်တယ်၊ ဒါနဲ့ ကြီးပွားပြီး မောက်မာနေတာ"

"ရပ်ကွက်ထဲမှာ အလှူအတန်းတွေလုပ်နေတော့ လူမှုရေးတွေ လုပ်နေတာလည်း ဟန်ပြပေါ့"

"အစစ်ပေါ့၊ ဒါတွေသိပေမယ့် မပြောရဲလို့ မပြောတာ၊ ခုတော့ သူ့စရိတ်နဲ့သူ ပြီးသွားပြီ"

စကားတွေ၊ အသံတွေ။

ဒါတွေက ဥပဒေဘက်တော်သားတွေရဲ့ နားရောက်တော့ ချက်ချင်း ရှောင်တခင် စစ်ဆေးမှုတွေလုပ်သည်။ ထို့ကြောင့် မျိုးဇော်နိုင် ရက်လည်ဆွမ်းသွတ်တရားနာမလုပ်ရခင် မူးယစ်ဆေးဝါးများ၊ လောင်းကစားဒိုင်လုပ်သည့် လယ်ဂျာ၊ ဘောက်ချာအထောက်အထားများနှင့် ဖမ်းဆီးနိုင်ခဲ့၏။ ပိုင်ဆိုင်မှုတွေ ချိတ်ပိတ်လိုက်ပြီ။

ယခုမူ . . မျိုးဇော်နိုင် အသက်ဆုံးရှုံးရသကဲ့သို့ . . မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ ဆိုသည့်အတိုင်း . . မကောင်းမှုတွေ ဘွားကနဲ ပေါ်ပေါက်ခဲ့သဖြင့် သိက္ခာလည်း ဆုံးရှုံးရပြန်သည်။

လူသေရုံမက နာမည်ပါ သေပြန်ပြီတော။

△△△

## ဖြစ်စဉ်(၆)

တရားရုံးမှ မိုးအောင်[illegible] မျိုးဇော်နိုင်အား သတ်မှု[illegible] ထောင် ၇ နှစ် ချခဲ့၏။

မိုးအောင်က ခပ်ပြုံးပြုံး[illegible] ပင်။

"ဒီလူသတ်မှုအတွ[illegible] ကျွန်တော့် ပြစ်မှုကြေးကို ခွေး[illegible] အကြေဆပ်မယ်။ ဘာပဲဖြစ်[illegible] အမျိုးကို အညွန့်တုံးစေတဲ့ [illegible] ယစ်ဆေးဝါး မှောင်ခိုသမား[illegible] ထု ဒုက္ခရောက်အောင်လုပ်[illegible] တဲ့ လောင်းကစားဒိုင် မျိုးဇော်[illegible] နိုင်ကို သတ်ဖြစ်အောင် ဖန်[illegible] တဲ့ ကံကြမ္မာကိုလည်း ကျွန်[illegible] တော် အပြစ်မတင်ဘူး"

ဟု ပြော၏။

မှန်သည်။ ထူးခြားသ[illegible] က လူသတ်သမားဟု ခေါ်[illegible] မည့် မျိုးဇော်နိုင်အား သ[illegible] သည့် လူသတ်တရားခံ [illegible] အောင်အား ထောင် ၇ [illegible] ကျသွားသည့်အတွက် သ[illegible] ကရုဏာသက်နေကြ[illegible] ကြောင့် ဖြစ်သတည်း။

စာဖတ်သူများရဲ့
အောင်မြတ်ဦး



www.burmeseclassic.com

www.burmeseclassic.com



# နောက်ဆုံး

■ သျှက်ပြုံး(မြန်မာစာ)

ရုံးပိတ်ရက်တစ်ရက်တွင် ပန်းဆိုးတန်းရှိ ဝင်းသူဇာဆိုင်တွင် လိုအပ်သော ဆပ်ပြာ၊ ဖယောင်းတိုင်၊ ဆေး စသည့် လိုအပ်သော ပစ္စည်းများကို စိတ်အေးလက်အေး ဝယ်ပြီး ဆိုင်အပြင်ဘက် ထွက်၍ လမ်းဘေးအထပ်နှင့်ရောင်းသော ဖွဲ့မုန့်တီဆိုင်လေးတွင် ဝင်ကာ မုန့်တီဝင်သောက်နေမိ၏။ ဘတ်စ်ပင်ရိပ်အောက်ဖြစ်သည့်အတွက် လမ်းဘေး ကားအသွားအလာများကို ငေးပြီး အေးအေးလူလူ။

ထိုစဉ် ကားအကောင်းစားတစ်စီးက လမ်းဘေးတွင် ထိုးရပ်လိုက်သည်။ ကားပေါ်မှ ဆင်းလာသူကို ကြည့်လိုက်တော့ -

"ဟယ်···စိန်စိန်ပါလား"

"အေး···လာ၊ ရိုစီအေးရေ။ မုန့်တီသောက်ဦးလေ"

"အေး···နင်နဲ့တွေ့တုန်း စကားပြောရင်း မုန့်တီသောက်ဦးမယ်လေ။ ငါ့ကားကို အရိပ်အောက်မှာ ရပ်နိုင်းထားတယ်"

"နင်က စတိုင်နဲ့ မလိုင်နဲ့ဆိုတော့ ငါ့လို လမ်းဘေးစားပါ့မလားပေါ့"

"ငါ့ဘဝမမေ့ပါဘူးဟယ်။ ငါတို့ငယ်ငယ် ကျောင်းတက်တုန်း အတူစား၊ အတူသွားခဲ့တာတွေ ဘယ်မေ့မှာတဲ့လဲ"

"ကြုံတုန်း နင့်ကိုငါ ဆေးရောင်းရဦးမယ်။ ငါဆေးကိုယ်စားလှယ်ယူထားတယ်လေ။ ဒီမှာကြည့် ငါဖတ်ပြမယ်"

"ဒီဘူးလေးက Green Tea တဲ့။ အဖုအပိမ့်တွေ၊ အနာမကျက်ဘဲ ပြည်တည်နေတာတွေ၊ အဲဒီ အဆီကိုလိမ်းရင် ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို ပြုပြင်ပေးတဲ့အပြင် အသားအရေနုပျိုစေနိုင်တယ်တဲ့။

နောက်ပြီး အူအတွင်းရှိနေတဲ့ အဆိပ်အတောက်တွေ ဆေးကြောပေးတဲ့ဆေး။ လေးဖက်နာရောဂါလည်း ပျောက်တယ်။ ကိုယ်အလေးချိန်ကို လျှော့ချပေးတယ်။ ဒီဘူးအညိုရောင်လေးက··· Nature's Tea လို့ခေါ်တယ်"

"အေးဟယ်···ကောင်းလိုက်တာ။ Green Tea က ခြင်ကိုက်လို့ အဖုအပိမ့်ထွက်နေတာ ကောင်းလား။ အူမကြီးလည်း ငါဆေးချင်တယ်ဟယ်။ ငါက ဝမ်းချုပ်နေတာဟဲ့"

"နေပါဦး···ဒီမှာရှိသေးတယ်။ ဒါက ဆီးချို နလုံး၊ သွေးတိုးတွေကောင်းတာ။ သွေးအတွင်းအဆီတွေကို လျှော့ချပေးတယ်လေ။ ကင်ဆာရောဂါလည်း ကာကွယ်တယ်"

"ဆေးနာမည်က Bio ife တဲ့။ အစာအိမ်လမ်းကြောင်းမှာဖြစ်တတ်တဲ့ ကင်ဆာတွေကို ကာကွယ်တယ်"

"ဟယ်···ကောင်းလိုက်တာ။ ငါ့ကြီးတော်တစ်ယောက် အခု ဆီးချိုထနေတာ အတော်ပဲဟယ်"

"ဒီမှာရှိသေးတယ်။ အမျိုးသမီးတွေ ဓမ္မတာလာချိန် ကိုက်တာခဲတာ၊ ဗိုက်အောင့်၊ ခေါင်းကိုက်ပျောက်တဲ့ဆေး။ ခံတွင်းအနံ့လည်း ပျောက်တယ်"

"ဟယ်···ဟုတ်လား။ ငါခံတွင်းနံ့နံတတ်တော့ အတော်ပဲ"

"နောက်ပြီး နင့်အစ်မကြီး မအေးစိန် အရမ်းဝနေတယ်ဆို။ Bios Life Stim ကိုသာ ဝယ်နိုင်းလိုက်။ အဝလွန်တွေအတွက် အဆီချနိုင်တယ်။ တစ်ဘူးတည်းနဲ့ သိသာသွားမယ်။"

"ဒါကြောင့် နင်လည်း ဝနေတာ ဗိုက်ကိုချုပ်ပြီး လာနေတာပဲ။ အဲဒီဆေးတွေ သောက်မှာပေါ့နော်"

"ဘယ်ကလာ ဟုတ်ရမှာလဲ။ ငါ ဗိုက်ချပ်တာ သားရေကွင်း မနက်တိုင်းလုညှလို့ဟဲ့။ လေ့ကျင့်ခန်းပေါ့။ အဲဒီဆေးတွေက တစ်ဘူးကို သိန်းကျော်၊ သောင်းကျော်တွေချည်းပဲ"

"ဟယ်···ငါလည်း ဒီဆေးတွေ ဒီလောက်ဈေးကြီးတာ ဘယ်လိုလုပ်"

သျှက်ပြုံး(မြန်မာစာ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ဝေဒါကို

# ပန်းနိုင်အားပါဘူးလေ

ချက်ကြ၊ ပြုတ်ကြဆို အုတ်အော်သောင်းနင်း ချက်ချက်ချာချာရှိတဲ့ မိပူတူးတို့ကတော့ ထိပ်ဆုံးကပဲ။ သူသာဦးဆောင် လို့ကတော့ ဖက်တီးမတို့၊ မိုင်လေးတို့၊ ကြွယ်သန်းတို့လည်း မနေရတော့ဘူးသာမှတ်။ တစ်ခုတော့ ရှိတယ်။ အခုလိုခါမျိုးက ရွာတွေမယ်လို လုပ်လို့ကရတာမျိုးမဟုတ်ဘူး။ လစ်မစ်ရှိတယ်။ ကန့်သတ်ချက်ပဲ။ မကျော်စေရဘူး။ ကျော်လို့လည်း မရပါဘူး။ လိုရင်စိုက်ပေါ့။

ကိုယ်ကတော့ စေတနာပါ။ ကောင်းကောင်းလေး စားစေချင်တာပေါ့နော့။ လူပဲလေ။ ဘာပဲဖြစ်ဖြစ် ကောင်းကောင်းမွန်မွန်၊ တူတူတန်တန်လေး စားလိုက်ရရင်ပဲ ခမျာတို့တစ်တွေမယ် စိတ်ထဲမယ် ပင်ပန်းခဲ့ရသမျှ အနွမ်းတွေလန်းဝေနိုင်ခဲ့သေးပ။ လှုပ်လှုပ်ရှားရှား လုပ်ခဲ့ရကိုင်ခဲ့ရပြီးမှ စားချိန်သောက်ချိန်ကာကျ ကျီးမဆွဲ ခွေမစား.အဲသဟာမျိုးတွေနဲ့များ ကြုံလိုက်ရရင်ဖြင့် စဥ်းစားသာကြည့်ပါ။ သူသူကိုယ်ကိုယ် ဘယ်စားနိုင်မလဲလေနော့။

ခက်တာက ခေတ်ကာလဈေးနှုန်း။ ဝယ်ရခြမ်းရတာပြောရင်တော့ အလွယ်လေးပေါ့။ ပါးစပ်ကနေ တောက်ကနဲ၊ တောက်ကနဲ ဘယ်ဒင်းဘယ်ဟာ ဘယ်လိုဆိုပြီး ရွတ်ကနဲ ရွတ်ကနဲ ပြောတတ်ကြတာ၊ လူတွေရဲ့ သဘောလားတော့ မဆိုတတ်။ ကိုယ်ကိုယ်တိုင် မလုပ်ကြ၊ မကိုင်ကြပါဘဲနဲ့ လေသေနတ်ကိုအော်တိုဆွဲ၊ လေကြီးဖင်ခေါင်းကျယ်၊ အာပေါင်အာရင်းသန်သန် သူရဲကောင်းကြီးဟန်ပန်တွေနဲ့ နှမ်းဖြူး၊ ဆားပက်၊ ငါ့စကားနွားရပြောနေကြသေးတာကိုတော့ မိပူတူးအမုန်းဆုံး။ မပြောနဲ့၊ လာလုပ်၊လက်တွေ့ပဲ။ ကိုယ့်ထမင်းကိုယ်စားပြီး ဘကြီးနွားအလကားကျောင်းပေးရဲရင် လုပ်ကြပေါ့။ ဖြစ်ပါလိမ့်မယ် အားကြီးကြီး။

အဲဒါပြောတာပေါ့။ အလှူပွဲမှမဟုတ်တာ။ အလှူရှင်၊ အလှူဒါယကာဆိုတာလည်း နိမ်းဟဲပါ။ ဒါကတစ်မျိုးလေ။ အစုအဖွဲ့တစ်ခုအတွက် ဦးရေကို ချိန်တွက်ချက်။ စကေးနှုန်းထားနဲ့ အညီ ချက်ရပြုတ်ရမှာလေ။ သိတယ်မဟုတ်လား။ ဆိုတော့ရင် လူအင်အားနဲ့ ငွေအင်အားအမြဲပဲ ကတ္တားချိန်ပေါ်တက်တက်နေရတာပဲလေ။ အချိန်အတွယ်ကို လည်လည်ဝယ်ဝယ်သိထားဖို့တော့ လိုတာပေါ့။ ခွင်တည့် ခွင်ကျဖြစ်ရအောင် စီမံရတာလွယ်တဲ့ကိစ္စလို့တော့ မမှတ်လေနဲ့။ မသကာ တစ်ခုခုများ တိမ်းပါးယိမ်းပါးဖြစ်သွားလို့ကတော့ အလှူပွဲမဟုတ်သမို့ အော်လိုက်ကြမည့်အမျိုး။ သောက်သောက်ကိုလဲရောပဲ။ မကြားချင်နားပိတ်ထားလိုက်ပေတော့။ အဲသဟာမျိုးရယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်မို့လည်း မိပူတူးနဲ့ ခက်ပါသေးတယ်။ ဘယ်နဲ့ပြောပါလိမ့်။ အခုအဖွဲ့ထဲမယ်လည်း မိပူတူးရဲ့ ယောက်ျားအဲဗားဆိုတာလည်း နေ့စဉ်နဲ့အမျှဆိုသလို သူ့အချိန်နဲ့သူ လှုပ်ရှားရတာတွေကို လှုပ်ရှားနေရတာပဲ။ ကျွေးလိုက်ချင်ဘာပေါ့။ နေပူကျဲကျဲ၊ ချွေးရွှဲရွှဲနဲ့ တဟဲဟဲချဲနေကြရတာပဲမှုတ်လား။ ဒါပေသိလည်း ဝမ်းအစ်(စ်)တူအော ဆိုသလိုနဲ့အများအတိုင်းလိုက်ကြရတာက မှုတစ်ခုပဲမှုတ်လား။ ဒါမို့လည်း အားလုံးတန်းတူပဲ။ ဟင်းတစ်ဖတ် အပိုမရစေရဘူး။ ဒီတော့ ရင်ကားချက်ရ ပြုတ်ရတဲ့ ငွေရေးကြေးရေးမှာသာ လက်ပေါက်စိပ်ချင်စိပ်ကောင်းစိပ်မယ်။ အချက်အပြုတ်မယ်တော့ လွှတ်လက်ဖွာတယ်။ ကောင်းစေချင်တာလေ။

ဘယ့်နှယ်ပြောပါလိမ့်။ ဒါလေးပဲ စည်းစိမ်ခံရတာမှုတ်လား။ ကောင်းကောင်းကန်းကန်းလေး စားလိုက်ရရင် ဘယ်လောက်ပဲ ပန်းခဲ့ ပန်းခဲ့ ဖြေလို့ သိမ့်လို့ရသေးပ။ ဟုတ်သယ်ရယ်။ လူကလည်း မောလာသေး၊ စားမယ်ကြံတော့လည်း ပြလရမ်းဟင်းတွေဆိုတော့ မောလာတဲ့အပြင် ပန်းသွားရောမှတ်သယ်။ အဲသည်လောက်ကို။

□□□

အခမ်းအနားရက်ကတော့ မစသေးပါဘူး။ ဒါပေသိလို့လည်း ကြိုကျက်ပြီး လေ့ကျင့်တာတွေ၊ လုပ်ကြကိုင်ကြရတော့ ခမျာတို့မယ်လည်း ပန်းကြရှာပါတယ်။ သင်းတို့တတွေကို ကြည့်ရတာ ရှိဘော့စက်ရုပ်တွေနှယ်ပါပဲလားနော်လို့တောင် အောက်မေ့မိပါရဲ့။ ဟုတ်သယ်ရယ်။ အချိန်ကိုက်။ ဘယ်အချိန်ဆိုရင် ထ၊ ဘယ်အချိန်ဆိုရင်အရောက်။ ဘယ်အချိန်ဆိုရင် ဘယ်နည်းကားလုပ်ကြ၊ ကိုင်ကြ။ အားလုံးဟာ သဟဇာတတည့်နေရအောင် လေ့ကျင့်နေကြရသလေ။ နေပူကျဲကျဲ မစဲပဲ တကဲကဲနဲ့ လုပ်နေကြရရှာသပေါ့နော်။ တအောင့်တနားဖြုတ်လိုက်ရင်ပဲ ချွေးတွေက သပ်ချလို့တောင် ရရဲ့။ နေပူကြီးထဲဆို ဖြစ်ပြီပေါ့။

သည်ပွဲ နွှဲဖို့အရေးလေ့ကျင့်ရတာကိုက သုံးရက်။ သည်ကြားမယ် ဟန်ကျ ပန်ကျ ရှိ မရှိဆိုတာကို လာစစ်တဲ့နေ့များဆိုရင်ပြီးပါလေရောပလေ။ ချွေးဒီးဒီးကျ။ နေကပြင်းသမှ။ နို့သည်နှယ် မလုပ်ရင်ကလည်း မဖြစ်ပေဘူးလေ။ ပွဲနေ့ကျ လူကြားသူကြားမယ် အရှက်တကွဲသောက်ကျိုးနဲဖြစ်ကုန်ကြရော့မယ်မှုတ်လား။ ဇာတ်တိုက်လေ့ကျင့်တာကတော့ ရှိရစမြဲပဲလေ။ ဘယ်ကိစ္စပဲဖြစ်ဖြစ်ပါလေ။ ကြိုတင်စီစဉ်ထားကာမှ အဆင်ပြေချောတတ်တာမျိုးပဲ မှုတ်လား။ နို့မဟုတ်ရင်တော့လား အားလုံး ပရမ်းပတာနဲ့ အရှုံးချေးပန်းဖြစ်ကရောပဲ။

သည်လိုတော့ ဘယ်အဖြစ်ခံနိုင်မလဲလေ။ ဒါဆိုတာ နေ့ကြီးရက်မြတ်အထိမ်းအမှတ်ပွဲကြီးဆိုတော့ ခမျာတို့တတွေ ပန်းရှာကြပါတယ်။ သူတို့တွေပန်းတယ်သာ လူမြင်တာရယ်။ မိပူတူးတို့ အဖွဲ့လည်း ပန်းတာပဲ။ ဒါကိုတော့ လူမမြင်ဘူးရယ်။ လူတစ်ရာကျော်စာ ချက်ရပြုတ်ရတဲ့အလုပ်များ အလွယ်မှတ်နေလား။ စမ်းကြည့်လိုက်။ သူတို့တတွေ ပန်းနည်းကားပဲ မိပူတူးတို့လည်း ပန်းကြရတာပဲလေ။ စဉ်းစားကြည့်။ မနက်ခင်း လင်းအားကြီး သူများတကာအိပ်လို့ကောင်းတုန်း သည်မယ်က မီးမွှေးနေရပြီ။ မမွှေးလို့မှ မရတာ။ ခဏနေကျရင် သူတို့တစ်တွေက တန်းစီကြတော့မယ်။ အဲသည်တန်းစီအမီကို သူတို့တတွေ ထမင်းကြော်လေးစားနိုင်အောင် ကိုယ်က တော့ အိပ်မှုန်စုံမွှားနဲ့ ပြင်ရဆင်ရတော့ တာလေ။

သင်းတို့ကတော့ ဘာသိမှာလဲ။ သ လည်း သူ့တာဝန် ကိုယ့်တာဝန်ဆိုပြီး ကျောပေးနေလိုက်ကြတာချည်းပဲ။ အချိန် မီ ထမင်းကြော်မစားရလို့ကတော့ ခုန် သံချီအော်ပြီသာမှတ်။ မနေ့ကပဲ ကြည့် သင်းတို့တတွေက အိပ်ရာထနောက်ကျ ပြီးလာတယ်။ သူများတကာတွေ တန်း တော့မယ်။ သည်အခါကျမှ ထမင်းကြော် မစားရသေးလို့ဆိုပြီး ရစ်နေတော့ ဘယ် နဲ့တတ်နိုင်မလဲလေ။ စဉ်းစဉ်းစား လေးလည်း လုပ်ကြည့်ဦး။ သူတို့အလုပ် တော့ သူတို့ပေါ့။ နို့ပေသိကွယ် စားရ အချိန် သူတကာနှယ် လာစားကြပါလာ သည်လိုလည်း မဟုတ်ဘဲနဲ့။ နောက်ကျ လာတော့ မိပူတူးမတတ်နိုင်။ နိုင်းကျ ကားဂျောင်းပဲ။ မကျေနပ်လည်း မ နိုင်ဘူး။ လဲသာသေလိုက်ကြတော့။ ဟု သယ်ရယ်။ ဘယ့်နှယ် သူများတကာ လည်း ငဲ့ကြည့်ကြဦး။ အိပ်ချင်လ မနက်ခင်း နှစ်ချက်တီးကတည်းက နေကိုင်နေရတာ လူသူမြင်တာမ ဘူးရယ်။ သူတို့လိုပဲ ပန်းကြရတာပဲ အကုန်လုံး အတူတူနဲ့အနူနူစဲ။ တ ပိုမရှုလေနဲ့။ ဒါမို့ကြောင့် ပြော အလျှုမဟုတ်ဘူး။ ဒါက သမရိုးကျ အထမို့ လုပ်နေကိုင်နေကြရတာ လား။ သူသူကိုယ်ကိုယ်ပါ။ ကိုယ့်အိမ် လည်းမဟုတ်။ အများတကာအ ပြောရရင်ပြောပြောပဲရှိရော့မယ်



www.burmeseclassic.com

www.burmeseclassic.com

အချိန်မီကလေးမစားလိုက်ရရင် ဗျစ်ဗျစ်တောက်တောက်။

သည်ဖက်ခြမ်းမယ် လုပ်ရကိုင်ရတာတွေ သင်းတို့မတွေးတော့ဘူး။ တွေးရောလည်း မလိုဘူးလေ။ သူတို့အလုပ်မှ မဟုတ်ဘဲ။ တာဝန်တွေက အသီးသီးခွဲထားပြီးနေမှ။ ပြောပြီကော။ အလှူပွဲတစ်ခုကို လုပ်နေရတာမဟုတ်ပါဘူးလို့။ ဆို-တဲ ဘာပြောမလဲ။ သူ့အပိုင်း သူ့အကန့်နဲ့ အလျင်မီလုပ်ကြ ကိုင်ကြရံမှပဲလေနော့၊ အဲသာပြောတာပေါ့။ ဘုမသိ ဘမသိ။ သောက်မှန်းကမ်းမှန်းမသိဘဲ ပြောပြောနေကြတာကိုပဲ မိပူတူး အရွံဆုံး။ အဟုတ်သားရယ်။ ဘယ်နှယ့်တော် . . စားကောင်းခြင်းမစားရအောင်လည်း ပရမ်းပတာလုပ်နေတာမျိုးမှ မဟုတ်တာလေ။ ကိုယ့်စေတနာကိုယ် အသိပါရယ်။

×××

ဖက်တီးမနဲ့ ခိုင်လေးတို့ ကြက်သွန်နီသင်နေတာ မြန်မြန်လုပ်ဖို့ လိုတယ်။ အရှည်ကြီးက မီးဖိုကို သုံးဖို့ တစ်ခါတည်း တစ်လက်စတည်း မွေးမှ တော်ကာကျမယ်။ ပဲဟင်းအိုးထဲ ပိန္နဲသီးထည့်တာ ပျစ်ပျစ်နှစ်နှစ်ရှိတော့ရှိတယ်။ နို့ပေသည့် အချိန်နည်းနည်းကြာမှာမို့ မီးနာနာထိုးမှ တန်မယ်။ ဝက်သားနီချက်အတွက် ပဲဆီနဲ့ မချက်တော့ဘူး။ ဆီအရင်သတ်ပြီးတာနဲ့ သကြားထည့်ကြော်။ ရဲရဲနီလာကာမှ ဝက်သားထည့်ပြီးရင်လုံးပစ်လိုက်။ အရေးစစ်သွားလို့ ဖြစ်ဖြစ်မြည်လာပြီဆိုမှ ရေထပ်ထည့်ပြီး နှပ်ထားတော့။ မီးကိုတော့ အရှိန်မသေစေနဲ့။ သူတို့တွေလာချိန်ကလိုပါသေးတယ်။ နေ့ခင်းစာပဲ။ ကောင်းကောင်းမီပါတယ်။ တအောင့်နေဝက်သား ဒယ်အိုးဆင်းလာမှာပဲ။ အဲဒီအခါကျမှ ကြက်သွန်နီ လေးခြမ်းစိတ်ထည့်ပြီး နောက်တစ်ရေထပ် တည်လိုက်ပေါ့။ ကြွယ်သန်းက ပဲဟင်းအိုးကို မီးထိုက်လိုက်ဦး။ ငရုတ်သီးခွဲခြမ်းက ငါးပိကြော်ဖို့ ခပ်များများလေး ကြိတ်ထားလိုက်။ သုံးရက်စာ တစ်ခါတည်း ကြိတ်ထားလိုက်တော့မယ်။ ကတီးကတီး ကြော်နေရင် ဆီပိုကုန်တယ်မှတ်လား။ ထည့်ဝေတဲ့အခါကျမှ ချင့်ချင့်ချိန်ချိန်လေးမျှထည့်ပေးမှရယ်။ သည်အတိုင်း လွှတ်ထားလိုက်တော့ နည်းနည်းတောင်နည်းသေးလို့တောင် ပြောနေဦးမယ်။ သိတယ်မှတ်လား။ သင်းတို့တွေက စည်းနဲ့ကမ်းနဲ့ လုပ်ပေးတာတောင်မှ မလစ်နဲ့၊ လစ်ရင် တွယ်ချိုးပစ်လိုက်ကြတာချည်းပဲ။ ဘယ်သောအခါမှ ရှေ့နောက်ကြည့်ကြတာမျိုး မရှိဘူးရယ်။ ဒါမို့ကြောင့်လည်း အာအက်(စ်)အာကြီး တစ်ယောက်မယ် ငါးစိမ်းသည်မကြီးတစ်ယောက်လိုပဲ အလိစီ အယုတ်နတ္တတစ်တစ်ခွခွ အာကြမ်းလျှာကြမ်းအသံပြလန်လန်နဲ့ အော်ဟယ်ငေါက်ဟယ်နဲ့ ပွက်ပွက်ညံနေတာပေါ့။ သူ့အလွန်လို့လည်းမပြောသာပါဘူးနော။ သည်လိုမှ မအုပ်ချုပ်ရင်လည်း မတစ်ထောင်သားဆိုတာ လွယ်မှတ်လို့ရယ်။ တစ်ယောက်တစ်ပေါက်ရယ်သာ။ အဲ . . အဲ . . ပဲအိုးကြည့်ပါဦး။ ပိန္နဲသီးနူးပြီလားလို့။ အရှည်ကြီး၊ မီးလေးထပ်ထိုးလိုက်ပါအေ။

ဘယ်နှစ်နာရီထိုးသွားပြီလဲ မသိဘူး။ ကြည့်ကြပါဦး။ ဖက်တီးမ၊ ဆယ်နာရီမကျော်လောက်သေးပါဘူး။ ကောင်းကောင်းမီပါတယ်။ သူတို့တွေ ထမင်းစားနေခါမှ အချိုရည်ဖျော်လိုက်ရင်ရပါတယ်။ ရေခဲတုံးကိုတော့ ဂိုဒင်းစစ်စတား ကုလားမဆိုင်လေးရာဖိုးလောက်ဆို သည်လူသိုက်နဲ့ လောက်ပါသယ်နော့။

အချိုရည်ဖျော်ရင် ပါဝါကူမှ။ သကြားချည်းဆိုမနိုင်ဘူး။ သူတို့တွေက မောပန်းလာကြမှာမို့ ဓာတ်ဆားထုပ်ပါ အချိုရည်ထဲထည့်ဖျော်လိုက်တော့ ချွေးထွက်သွားတဲ့ ဆားဓာတ်တွေ ပြန်ဖြည့်ပေးပြီး ဖြစ်တာပေါ့အေ။ ဆားထုပ်တစ်ထုပ်လုံးတော့ ထည့်လိုက်လို့ မဖြစ်ဘူး။ တော်ကြာနေ အချိုရည်ပျောက်ကာ အငန်ရေဖြစ်ကုန်မှ ဟုတ်ပေ့ဖြစ်နေဦးမယ်ရယ်။ တစ်ဝက်လောက်တော့ ထည့်လိုက်မှ။ မြည်းကြည့်စမ်း ခိုင်လေး။ ဘယ့်နှယ်လဲ။ အတော်ပဲလား။ သည်မယ်က ကွမ်းငုံထားလို့။ ဘယ်နှယ့်နေလဲ။ အတော်ပဲလား။ အချိုမပေါ့လောက်ပါဘူးနော်။ ဘာလိုသေးလဲ။ အံကိုက်ပါနော်။

ဟယ့် ဟဲ့ . . နားထောင်စမ်း။

ကားသံတွေ ကြားနေရတယ်။ သူတို့တွေ ပြန်လာကုန်ကြပြီထင်တယ်။ ဟုတ်ပတော်။ လာကုန်ပြီ။ ကဲ - ကဲ . . ဟင်းတွေ ခပ်ဖို့ ပြင်ကြတော့။ ဟောဟိုမှာ မိပူတူးရဲ့ လင်တော်မင် အဲဖား။ ချွေးတရွှဲရွှဲ သဲတရွှဲရွှဲနဲ့ အသားတွေလည်း နေလောင်ထားသမို့ နဂိုမည်းနေတဲ့အသားက ပြာနှမ်းနေရောပဲ။

"မောနေပြီလားမောင်"

"မောတော့မောတာပေါ့၊ ဒါပေမယ့် မမောဘူးမေ"



**ဝေအိကို**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆိတ်ကွယ်ရာမဲ့ ရပ်ဝန်း

◆ ဒါရိုက်တာ မျိုးဇော်အောင်

အ,ကာလ… ညအချိန်ဖြစ်သော်လည်း ညချမ်းက လတစ်ခြမ်းပဲ့ကလေးကြောင့် အလင်းရောင်ဖြော့သော့သော့ ရှိနေသည်။ ဟေမဝန်ဂေဟာသည် ကျယ်ဝန်းသော ခြံအတွင်း၌ ငြိမ်သက်တိတ်ဆိတ်စွာနေ၏။

ထိုအချိန်မှာပင် ငြိမ်သက်တိတ်ဆိတ်ခြင်းကို ရုတ်တရက်ဖြိုခွဲလိုက်သောကြောင့် ဟေမဝန်ဂေဟာနှင့် ခြံကြီးသည် အိပ်စက်ခြင်းမှ နိုးထလာလေ၏။

တစ်စုံတစ်ယောက်သော သူက လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲလှုပ်လိုက်သောကြောင့် တချွင်··ချွင် ··ချွင်ဖြင့် လူခေါ်ခေါင်းလောင်းသံမြည်လာခြင်းကြောင့်ဖြစ်သည်။

"ဘယ်သူလည်း မသိဘူး ခေါင်းလောင်းသံကြားတယ် ··· မင့်သားကောင်းမွန် မူးမူးရူးရူးနဲ့ ပြန်ရောက်လာတယ်နဲ့တူတယ်၊ ဒီကောင့် မျက်နှာကိုငါမကြည့်ချင်ဘူး မင်းသွားပြီး ခြံတံခါးဖွင့်ပေးလိုက် ···"

ကိုကျော်ကြီးက မအိပ်သေး၊ စာအုပ်တစ်အုပ်ကို ဖက်နေရင်းက လူခေါ်ခေါင်းလောင်းမြည်သံကြား၍ မအေးမွန်ကို လှမ်းပြောလိုက်သည်။ မအေးမွန်သည် ကိုကျော်ကြီး၏ ဇနီးဖြစ်သကဲ့သို့ အရက်သမားကောင်းမွန်၏ အမေလည်းဖြစ်သည်။ ဖအေရင်းဖြစ်သော်လည်းပြောမရ ဆိုမရသောကြောင့် ကိုကျော်ကြီးက ကောင်းမွန်ကို ကြည့်မရပေ။

မအေးမွန်ကမူ ကိုကျော်ကြီးကဲ့သို့ မဟုတ်၊ သူ့သား ကောင်းမွန်ကို တစ်ဦးတည်းသောသားမို့ အလွန်ချစ်၏။ အလိုလိုက်၏။

မအေးမွန် ခြံထဲဆင်း၍ ခြံတံခါးဖွင့်ပေးဖို့လုပ်စဉ် လူခေါ်ခေါင်းလောင်းဆွဲသူမှာ သားကောင်းမွန် မဟုတ်ပဲ မျက်နှာစိမ်းတစ်ယောက် ဖြစ်နေသောကြောင့် အံ့အားသင့်ပြီး အကဲခက်ခါ ခြံတံခါးဖွင့်မည့် လက်ကို ပြန်၍ ရုတ်ကာ···

"ဘယ်သူနဲ့ တွေ့ချင်ပါသလဲရှင်" ဟု မအေးမွန်က မေးလိုက်သည်။

"ကျွန်တော် ···ခရီးသွားတစ်ယောက်ပါ၊ တည်းခိုခန်းတွေပိတ်သွားလို့ ဒီမှာ···တစ်ညလောက် တည်းခိုခွင့်ရ



www.burmeseclassic.com

www.burmeseclassic.com

မလားလို့ အကူအညီလာတောင်းတာပါ ခင်ဗျား…"ဟု မျက်နှာစိမ်းညွှဲ့သည်က အကူအညီတောင်းသည်။

မျက်နှာစိမ်းညွှဲ့သည်မှာ လူရည်သန့်တစ်ယောက်ဖြစ်သည်။ လက်စွဲအိတ် အတက်ချီကေ့(စ်)တစ်လုံးကို သူ၏ ညာဘက်လက်၌ ဆွဲကိုင်၍ထား၏။ မအေးမွန်သည် ညွှဲ့သည်ကိုသေသေချာချာ အကဲခက်ပြီးနောက်…

"ခဏလေးစောင့်ပါ…ကျွန်မခင်ပွန်းကို သွားပြောပြီး ခေါ်လာခဲ့ပါမယ်" ဟုဆိုကာ မအေးမွန် အိမ်ကြီးပေါ်သို့ ပြန်၍တက်သွားလေ၏။ ခဏမျှကြာသောအခါ မအေးမွန်နှင့်အတူ ခင်ပွန်းဖြစ်သူ ကိုကျော်ကြီးပါလာသည်။

"မိတ်ဆွေက…ဘယ်ကလဲ ဟောမဝန်က…တည်းခိုခန်းမဟုတ်ဖူး ခင်ဗျ့"ဟုပြော၍ မျက်နှာစိမ်း ညွှဲ့သည်ကို အကဲခက်သလို ကြည့်သည်။

"ဟုတ်ကဲ့ခင်ဗျ၊ တည်းခိုခန်း မဟုတ်မှန်း ကျွန်တော်လည်း သိပါတယ် ညဉ့်နက်နေလို့ ဘယ်တည်းခိုခန်းမှ မရတော့လို့ပါ၊ ပြီးတော့ ကျွန်တော်မှာလည်း ငွေသိန်းငါးဆယ်ကပါလာလို့၊ အဲဒါ…စိတ်ချရအောင်လို့ ဒီမှာအကူအညီ တောင်းတာပါခင်ဗျား" ဟု မျက်နှာစိမ်းညွှဲ့သည်က ပြောလေသည်။ ကိုကျော်ကြီးသည် ထိုမျက်နှာစိမ်းညွှဲ့သည်၏ လက်ထဲက အတက်ချီကေ့(စ်)ကို လှမ်းကြည့်သည်။

"တကယ်ပဲ…မိတ်ဆွေမှာ အခက်အခဲရှိနေတယ်ဆိုရင်တော့ ကျုပ်တို့ကူညီပါ့မယ်၊ ဒါထက်…ဒီတစ်ညပဲမဟုတ်လား"ဟု ကိုကျော်ကြီးက မေးသည်။

"ဟုတ်ပါတယ်ခင်ဗျား… ကျေးဇူးတင်ပါတယ်"ဟု မျက်မှာစိမ်း ညွှဲ့သည်ကဆိုသည်။ ထိုအခါ ကိုကျော်ကြီးက မအေးမွန်ဘက်လှည့်၍ "ဖွင့်ပေးလိုက်ပါ" ဟု ဆိုသည်။

မအေးမွန် ခြံတံခါးဖွင့်ပေးလိုက်သည်။

"ခုလို အကူအညီပေးတာ အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျား" ဟု မျက်နှာစိမ်းညွှဲ့သည်ကဆို၍ ခြံထဲဝင်လိုက်သည်။

ထို့နောက် ကိုကျော်ကြီးကပင် ရှေ့မှနေပြီး ထိုမျက်နှာစိမ်းညွှဲ့သည်အား ဦးဆောင်၍ ခေါ်သွားပြီး အခန်းတစ်ခန်း စီစဉ်ပေးလေသည်။

၎င်းအခန်းမှာ လူမနေတာ ကြာပြီဖြစ်သော အခန်းတစ်ခန်း ဖြစ်သည်။ အခင်းမရှိ၊ စောင်မရှိ၊ ခေါင်းအုံးမရှိ၊ ခြင်ထောင်မရှိ၊ ခုတင်တစ်လုံးသာရှိသော အခန်းတစ်ခန်းဖြစ်၏။ ဖုန်၊ အမှိုက်သရိုက်တွေနှင့် ရှုပ်ပွ၍နေသည်။

"အားတော့နာတယ်ဗျာ…အခန်းကတော့ မိတ်ဆွေမြင်တဲ့အတိုင်းပဲ၊ ဘာမှမရှိဘူး ခုတင်တစ်လုံးပဲရှိတယ်။ ကျုပ်တို့မှာကလဲ အပိုအလျှံမရှိတော့ ဖြစ်သလိုပဲပေါ့ဗျာ…မိတ်ဆွေအိပ်နိုင်ပါ့မလားမသိဘူး…"

"ဟာ…ရပါတယ်၊ အစ်ဖို့ အခန်းရတာနဲ့တင် ဝမ်းသာလှပါပြီဗျာ ကျေးဇူးတင်ပါတယ်၊ တစ်ခုတော ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျား အဲဒါ ဘာလဲဆိုတော့…ကျွန်တော်နဲနဲပါး သောက်တယ်… ဒီလိုမှ မသောက်ရ ကျွန်တော်က…ညညအိပ်မပျော်ဘူး ခင်ဗျ့…နောက်ပြီး စောင်၊ ခြင်ထောင် ခေါင်းအုံးမရှိပဲ အိပ်ရမှာဆိုတော့ ပိုဆ တာပေါ့ဗျာ…အိပ်ပျော်အောင် ဒီည ပိုသောက်မှဖြစ်မယ်နဲ့တူတယ်ခင်ဗျ" ဟု ပြောပြီး မျက်နှာစိမ်းညွှဲ့သည်က အတက်ချီကေ့(စ်)သေတ္တာကို ကုတင် စောင်းပေါ်တင်၍ ဖွင့်သည်။ ဖွင့်သွား သော် သေတ္တာထဲတွင် ငွေကျပ်တ သောင်းတန် ငွေစက္ကူတွေက အထ နှင့် ရမ်ပုလင်းအပြားကို ကိုကျော်ကြီ မြင်လိုက်လေ၏။

မျက်နှာစိမ်းညွှဲ့သည်က ရ ပုလင်းအပြားကို ထုတ်ယူ၍ အတ ချီကေ့(စ်)ကို ပြန်ပိတ်လိုက်သည်။

"ရပါတယ်…ရပါတယ်… လွှတ်လွှတ်လပ်လပ် ကိုယ့်အခန်း ကိုယ်သောက်တာပဲ…ကျွန်တော် ခွင့်ပြုပါတယ်…" ဟု ကိုကျော်ကြီ လိုလိုလားလား ပြန်ပြောလိုက်၏။

"ကျေးဇူးတင်ပါတယ်…"

"စိတ်ချ လက်ချသောက်ပြီး စိတ် လက်ချ အိပ်နိုင်ပါတယ်၊ မိတ် ဘာလိုအပ်သေးလဲ… လိုအပ်တာ ပြောပါ"ဟု ကိုကျော်ကြီးက ဆက် လိုက်၏။

"လုံလောက်ပါပြီခင်ဗျာ"

"ဟုတ်ကဲ့…ဒါဆို… ကျွန် တို့ကို ခွင့်ပြုဦး"



www.burmeseclassic.com

www.burmeseclassic.com

"ကိုကျော်ကြီး၏ စကားသံနှင့် ငိုရှိုက်နေသံက မအေးမွှန်၏နှလုံးသားကို နာကြင်စံရစေခဲ့၏၊ သားကောင်းမွှန်မှာ သွေးအလူးလူးဖြင့် ခုတင်ပေါ်၌ငြိမ်သက်လျက်ရှိနေသည်။ အသက်ကား မရှိတော့..."

"ဟုတ်ကဲ့ပါ ခင်ဗျား..."

ကိုကျော်ကြီးနှင့် မအေးမွှန်တို့ နှုတ်ဆက်ပြီး အခန်းတွင်းမှ ပြန်ထွက်လာချိန်မှာ ည ၁၂ နာရီတိတိဖြစ်လေသည်။

◆ ◆ ◆

ကိုကျော်ကြီး၏ မျက်စိထဲတွင် မျက်နှာစိမ်းညှော်သည်၏ အတက်ချိကေ့(စ်)သေတ္တာထဲက ငွေတစ်သောင်းတန်အထပ်လိုက်နှင့် သိန်းငါးဆယ်ကို အာသာ ဆန္ဒ ပြင်းပြင်းထန်ထန်ဖြင့် မက်မက်မောမော ဖြစ်နေလေသည်။

ကိုကျော်ကြီး၏ လောဘ၊ ဒေါသကိုကောင်းစွာနားလည် သဘောပေါက်နေသော မအေးမွှန်က...

"ရှင်...အိပ်တော့လေ... ဘယ်အချိန်ရှိနေပြီလဲ"ဟု မေးလိုက်သည်။ ကိုကျော်ကြီးက ခေါင်းကို ရမ်းခါ၍...

"ငါ...မျက်စိတွေ ကြောင်နေတယ်၊ အိပ်လို့မရသေးဖူး ဒီစာအုပ်ပြီးအောင်ဖတ်လိုက်ဦးမယ်၊ မင်းအိပ်တော့လေ"ဟု စာအုပ်ထဲ စိတ်မပါပဲ စိတ်ပါဟန်ဖြင့် ကိုကျော်ကြီးက ပြောလိုက်ပြီး စာအုပ်ကို ဆက်၍စိုက်ကြည့်နေလိုက်၏။

မအေးမွှန်သည် မျက်စိများ စင်းကျလာပြီးမကြာခဏ သန်းနေသောကြောင့် နောက်ဆုံး မဟန်နိုင်တော့ပဲ အိပ်ရာဝင်လိုက်လေ၏။ မအေးမွှန် မည်မျှကြာအောင် အိပ်ပျော်သွားသည်တော့မသိ၊ မျက်နှာစိမ်းညှော်သည် အခန်းမှ "အား...အား..."ဟူသော အသံကြောင့် မအေးမွှန်...လန့်နိုးသွားခြင်းဖြစ်သည်။ အော်သံက... ကျယ်လောင်စူးရှ၍ အသံနက်ကြီးဖြင့် ကြောက်မက်ဖွယ်ကောင်းသော အသံမျိုးဖြစ်သည်။

ကုတင်ပေါ်၌ကား မအေးမွှန် တစ်ယောက်တည်း၊ ကိုကျော်ကြီးကား မရှိ၊ စောစောက စာဖတ်နေသော စားပွဲ၌လည်း ကိုကျော်ကြီး ရှိမနေပေ။

ထို့ကြောင့် မအေးမွှန်တစ်ယောက် ကိုကျော်ကြီးအတွက် စိုးရိမ်၍သွားလေ၏။ ကိုကျော်ကြီးမှာ လောဘ၊ ဒေါသ သမားဖြစ်သည်။ တစ်စုံတစ်ခုတော့ ပြဿနာတက်ပြီဟု မအေးမွှန်နားလည်လိုက်သောကြောင့် ချက်ချင်းပင် မျက်နှာစိမ်းညှော်သည်ရှိရာ အခန်းသို့ သုတ်သုတ် ထွက်ခွာသွားလေ၏။

အခန်းနားသို့ ရောက်သည့် အခိုက်မှာပင် ကိုကျော်ကြီး၏ ငိုရှိုက်သံကြီးကို မအေးမွှန် ကြားလိုက်ရသည်။ စကားသံကိုလည်း ကြားရလိုက်သောကြောင့် မအေးမွှန် အခန်းအတွင်းသို့ ငွတ်ခနဲ ပြေးဝင်လိုက်၏။

"သား...သား...ကောင်းမွှန် အဖေလူမှားပြီး ခုတ်မိတာ...အဖေမှားသွားတယ်သား...အဖေမှားတယ် အဖေလေ သားကိုသတ်တာ မဟုတ်ဘူး။ အဖေ သားကို သတ်တာ မဟုတ်ဘူး။ အီး...ဟီး..."

ကိုကျော်ကြီး၏ စကားသံနှင့် ငိုရှိုက်နေသံက မအေးမွှန်၏ နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com

ကိုနာကြင်ခံခက်စေ၏၊ သားကောင်းမွန်မှာသွေးအလူးလူးဖြင့် ခုတင်ပေါ်၌ ငြိမ်သက်လျက်ရှိနေသည်။ အသက်ကားမရှိတော့။

"ရှင် . . .ရှင် ကျုပ်သားလေးကိုသတ်တယ် ရှင့်ကိုလဲ ကျွန်မသတ်မယ် ရှင်ကိုသတ်မယ်"ဟုအော်၍ ကိုကျော်ကြီး၏ လက်ထဲက သွေးစွန်းနေသော ငှက်ကြီးတောင်ဓါးကို မအေးမွန် လုယူလိုက်စဉ်မှာပင် . . .

"မအေးမွန် သတ်စရာမလိုပါဖူး ကိုကျော်ကြီးကို ကျွန်တော်ဖမ်းမှာပါ" ဟု ပြောပြောဆိုဆို လျှင်မြန်စွာဖြင့် ကိုကျော်ကြီး၏ လက်နှစ်ဖက်ကို လက်ထိက်ခတ်လိုက်လေ၏။ မအေးမွန်မှာ မျက်နှာစိမ်း ညှေ့သည်ကို တအံ့တသြ အထူးအဆန်းဖြင့် ကြောင်ပြီးကြည့်နေမိလေသည်။

"ကျွန်တော့် ရည်ရွယ်ချက်က ပောမဝန်ကို စုံစမ်းထောက်လှမ်း စစ်ဆေးဖို့ တာဝန်အရ လာခဲ့တာ၊ ကျွန်တော်က…ပြည်သူ့ဝန်ထမ်း ရဲတစ်ယောက်ပါ၊ မောင်ကောင်းမွန် သေဆုံးခြင်းဟာ မတော်တဆ တိုက်ဆိုင်မှုလို့ ပြောလို့ရပါတယ်…

နာရီပြန် (၃)ချက်တီးလောက်မှာ အရက်မူးပြီး ကျွန်တော်တည်းနေတဲ့ အခန်းကို ရောက်လာတယ် အရက်ကလည်း တော်တော်မူးနေတယ်၊ ကျွန်တော်ကို ခင်ဗျား ဘယ်သူလဲ အဖေ့သူငယ်ချင်းဆိုရင် ခင်ဗျားအခုချက်ချင်း ထွက်သွား ကျုပ်ချစ်တဲ့ လေးလေးဇော်ကြီးကိုသတ်တာ ဖေဖေဗျ၊ ဖေဖေက အရမ်းရက်စက်တယ်၊ သူ့ညီအရင်းလေးလေးကိုတောင် သက်ပြီး ဒီအိမ်ကြီးကိုလဲ မတရား သိမ်းယူထားတယ်။ အတွင်းပစ္စည်း၊ အပြင်ပစ္စည်း၊ ဘဏ်မှာရှိတဲ့ငွေတွေအားလုံးကိုလဲ ဖေဖေပဲ မတရား သိမ်းယူထားတယ်၊ ဒီစည်းစိမ်တွေအားလုံးဟာ လေးလေးဇော်ကြီး ကျွန်တော့်ဦးလေး အပိုင်တွေချည်းပဲ၊ ဦးကိုလည်း သူသတ်လိမ့်မယ် . . . ဦးဆီက ပိုက်ဆံတွေလဲ သူယူလိမ့်မယ် ပြီးရင်တော့ ဦးကိုလဲ ကျွန်တော့် လေးလေးလို အင်္ဂတေကိုင်ပြီး ဒီအိမ်အတွင်းမှာပဲ မြှုပ်ထားလိုက်လိမ့်မယ်၊ ဒီအကြောင်းတွေကို သိလို့ မြင်လို့ အဖေက ကျွန်တော်ကို အိမ်ကမောင်း ထုတ်ထားတာ ကျုပ်လဲ အဲဒီလို စိတ်ဆင်းရဲဒါတွေ လေးလေးအလောင်း မြှုပ်ထားတွေ အို . . .ဗျာ ဦး မြန်မြန်ပြန်တော့ဆိုပြီး သတိပေးလို့ ကျွန်တော်ခဏ ရှောင်နေလိုက်တာ၊ ဒီအိမ်ထဲကနေ ဘယ်မှထွက်မသွားပါဘူး ဒါပေမဲ့ ကျွန်တော်နောက်ကျသွားတယ်၊ ခုကိစ္စ လူမှားသက်မိတယ်ဆိုတာ၊ ကိုကျော်ကြီးပြောတဲ့စကား မှန်ပါတယ်

မအေးမွန် ကိုကျော်ကြီး ကျုပ်ပြောတာတွေ မှန်ရဲ့လား"ဟု မျက်နှာစိမ်း ညှေ့သည် ရဲဝန်ထမ်းက မေးလိုက်သည်။

"မှန် . . .ပါတယ် ကျုပ်သားကောင်းမွန်ရောက်လာမှန်း ကျုပ်မသိလိုက်ဘူး။ မူးပြီး အခန်းထဲ အိပ်နေတဲ့ ကောင်းမွန်ကို ခင်ဗျားမှတ်ပြီးသတ်လိုက်တာ၊ တကယ်တော့…ကျွန်တော့်ဒေါ

ကျွန်တော့်လောဘကြောင့် သား

ကျွန်တော်သတ်မိတာပါ . . .အီး . . .ဟီး . . ." ဟုပြောပြီးငိုနေလေ၏။

"ဒီမယ် ကိုကျော်ကြီး ခင်ဗျားရဲ့ ဇော်ကြီးဟာ ကျွန်တော်နဲ့ကျောင်း ဘက် သူငယ်ချင်းဆိုတာ ခင်ဗျ မသိလိုက်လို့ပါ၊ သိရင် ခင်ဗျား ကျွ တည်းခိုခွင့်ပေးမှာ မဟုတ်၊ အမှုမှ ပေါ်မှာ မဟုတ်ဘူး။ ကျုပ်စိတ်မကော တာက အမှန်တရားကို ရဲရဲဝံ့ဝံ့ပြေ ပြီး၊ စေတနာမှန်တဲ့ မောင်ကောင်း တစ်ယောက် သေဆုံးခဲ့တာကိုပဲ၊ စိ ကောင်းဖြစ်မိတာပါ၊ ကိုကျော်ကြီး သ ခဲ့တဲ့ ကိုဇော်ကြီး အလောင်း ဖော်ထုတ်ဖို့ မကြာခင် ကျုပ်တို့ရဲတ ဝင်တွေ ရောက်လာတော့မှာပါ . . ရာဇဝတ်ဘေးဆိုတာ ပြေးမလွ ပါဘူး… ကိုကျော်ကြီး ဆိတ်ကွယ် ဆိုတာလဲ . . .မရှိဘူး၊ ထိုက်တ အပြစ်ဒဏ်ကိုတော့ ကိုကျော်ကြ ခံရမှာပေါ့ဗျာ . . .ဒါဟာ ဥပဒေရဲ့ အ ကန်ဆုံး တရားတစ်ခုပဲ ကိုကျော်ကြ ဟု မျက်နှာစိမ်းရဲဝန်ထမ်းက ပြေ လိုက်၏၊ စကားအဆုံးမှာ ဝါယာလ ကားဟွန်းသံ၊ အချက်ပေးသံများ ကြားလိုက်ရလေတော့၏ . . ."။

ဒါရိုက်တာမျိုးဇော်အောင



www.burmeseclassic.com

www.burmeseclassic.com



# မတိုင်တော့ပါဘူး

သူ့နာမည်က ဦးလှလို့ ခေါ်ပါတယ်။ အသက်ကတော့ (၇၀)နားကပ်နေပါပြီ။ အသက်ကြီးလို့သာ လူကြီးလို့ ခေါ်တာ။ စိတ်ဓာတ်ကတော့ လူကြီးမပီသပါဘူး။

တစ်နေ့ ရပ်ကွက်ရုံးခန်းကို ဦးလှ ရောက်လာတယ်။ သူ ရောက်လာတဲ့ အကြောင်းရင်းက သူနဲ့ အိမ်ချင်းကပ်လျက်ရှိတဲ့ အိမ်က ကက်ဆက်သံဆူညံလို့ သူဟာ နေ့ခင်းနေ့လယ် ကောင်းကောင်း မအိပ်ရဘူးလို့ဆို လာတိုင်တာ။ ရပ်ကွက် လူကြီးတွေလည်း ဦးလှတို့အိမ်ချင်းကပ်က ကက်ဆက်သံဆူဆူညံညံဖွင့်တဲ့ အိမ်က လူတွေကိုခေါ်ပြီး နောက်နောင် ကက်ဆက်ကို ဆူဆူညံညံ မဖွင့်ပါနဲ့လို့ခေါ်ပြီး ဆုံးမတယ်။ သူတို့ကလည်း နာခံပြီး ကက်ဆက်မဖွင့်တော့ဘူးတဲ့။

အဲဒီလိုဖြစ်ပြီး တစ်ပတ်လောက်ကြာတဲ့အခါမှာ ရပ်ကွက်လူကြီးတစ်ဦးနဲ့ ဦးလှတို့ လမ်းတစ်နေရာမှာဆုံကြတယ်။

ရပ်ကွက်လူကြီး။ ။ ဗျို့- ဦးလှ ဘယ်သွားမလို့လဲ။

ဦးလှ ။ ။ သီချင်းသံတွေ ဆူညံလွန်းလို့ ဘုန်းကြီးကျောင်းသွားအိပ်မလို့လေ။

ရပ်ကွက်လူကြီး ။ ။ ဦးလှတို့နဲ့ အိပ်ချင်းကပ်အိမ်က ကက်ဆက်သံတွေ ဆူညံအောင်ဖွင့်ပြန်ပြီလား။ ဒါဆိုရင်လည်း ရုံးကိုလာတိုင်ပါတော့လား။

ဦးလှ ။ ။ မတိုက်တော့ပါဘူး။ အခုဖွင့်တာက အိမ်က မြေးမတွေ ကာရာအိုကေဆိုကြတာလေ။

လို့ ဦးလှပြန်ပြောပြီး ဘုန်းကြီးကျောင်းကို ထွက်သွားပါတော့တယ်။

**အောင်ကြိုးကြိုးအောင်**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ငှက်ပုံးတစ်ကောင်

ဒေါင်းနွယ်

(၁)

မထင်မှတ်ပဲနေခင်း ၂ နာရီလောက်က မိုးကော လေပါရွာချလိုက်သည့် မိုးသက်လေပြင်းသည် တော်တော်လေးပြင်းထန်သည်။ လေတိုက်တဲ့ အချိန်ကလည်း ၁ နာရီနီးပါးကြာသည်။ ကိုလွင်မောင်မတိုးတို့အိမ်ရှေ့က မီးတောက်ပင်တောင် လေဒဏ်ကြောင့် ပဲ့ကျသွားသည်။ ကိုလွင်မောင်က အိမ်မှာမရှိ နံနက်ပိုင်းက တိုက်ကြက်မတစ်ကောင်ကိုပိုက်ကာ အိမ်မှထွက်သွားသည်။ မတိုးကလည်း မီးဖွားပြီးတာ ၁၂ ရက်သာရသေးသည်။

"ကျွန်မဖြင့်ကြောက်လိုက်တာရှင်ကလည်း ခဏတဖြုတ်လေးတောင် အိမ်ဘက်ကိုခြေဦးလေလှည့်မလာဘူး"

"ရာသီဥတုကို ငါလည်းဘယ်ခန့်မှန်းလို့ရမှာလဲကွ၊ ထင်လည်းမထင်ဘူးလေ၊ သိလျှင်ဘယ်သွားမှာလဲ"

"ကျွန်မကလည်း ခါတိုင်းလိုမဟုတ်ပဲသွေးနုသားနုနှင့်မို့ပါ"

"အေးပါကွာ လေတွေတိုက်လို့တို့လည်း ဝိုင်းပျက်သွားတယ်"

ကိုလွင်မောင်နှင့်မတိုးတို့က သူကိုဝယ်လိုက်သည့် နွားပွဲလမ်းသို့ပြောင်းရွှေ့လာသည်မှာ မကြာသေးပေ။ မတိုးက ကိုယ်ဝန်မရင့်မီအထိ မုန့်လက်ဆောင်းလှည့်လည်ရောင်းသည်။ ကိုလွင်မောင်က လက်သမား (နောက်လိုက်) နေ့စားဖြင့်လိုက်လုပ်သည်၊ သူ့မှာ အစွဲအမဲကြီးလှသည့် ဝါသနာက ကြက်တိုက်ခြင်း၊ ကြက်သမားအလုပ်ဖြစ်သည်။ အားလျှင်ကြက်လျှောက်တိုက်သည်။ လောင်းကစားလုပ်သည်။ သူပိုင်မွေးထားသည့် တိုက်ကြက်ဖက အလွန်ခွပ်လံက်ကောင်းသည်။ နိုင်ပွဲရှိတဲ့အခါနိုင်ကြေးငွေက ရာဂဏန်း၊ ထောင်ဂဏန်းထိရသည်။



www.burmeseclassic.com

www.burmeseclassic.com

ရက်သတ္တတစ်ပတ်တစ်ခါ အရောင်းအဝယ်လုပ်သောနေရာ(ဝါ) ဈေးနေရာကို အညာဒေသအခေါ် အားဖြင့် (နွားပွဲ)ဟုလည်း ခေါ်ဝေါ်ကြပါသည်။ မြို့နီစီပယ်(စည်ပင်သာယာ)မှ လူသွားလူလာနည်း၍ မြေကွင်းကျယ်ကျယ်ရှိသော မြို့ပြင်တစ်နေရာကို နွားဈေးနေရာအဖြစ် သတ်မှတ်ပေးထားလေ့ရှိရာ အညာဒေသ၏ မြို့တိုင်းလိုလိုမှာ နွားဈေးကွက်များရှိပါသည်။ နွားရောင်းလိုသူ နွားဝယ်လိုသူ နွားချင်းလဲလှယ်လိုကြသည့် တောင်သူလယ်သမားများသည် ထိုဈေးမှာ ဆုံကာအရောင်းအဝယ်လုပ်ကြသည်။

သရက်မြို့ရဲ့နွားဈေးနေရာသည် မြို့ရဲ့အနောက်တောင်ဘက် မြို့အထွက်နေရာမှာ ရှိပါသည်။ နွားဈေးကွက်ကို လွန်သော် ၁ ဖာလုံခန့်အကွာတွင် သုသာန် မြေတည်ရှိသည်။

ကိုလွင်မောင် မတိုးတို့နေထိုင်ရာ လမ်းသည် ဖော်ပြပါနွားဈေးသို့ သွားရာလမ်းတစ်ခုဖြစ်သည်မို့ နွားပွဲလမ်းဟု ခေါ်ပါသည်။ သုသာန်သင်္ချိုင်းသို့သွားရန် နောက်ဆုံးမြို့အပြင်သို့ ထွက်သွားရသည့်လမ်းလိုလည်း ဖြစ်နေသည်။

(၂)

"ကွတ်..ကွတ်"

ည ၁၀နာရီကျော်လေပြီ၊ မတိုးက အိပ်မပျော်သေး၊ ကိုလွင်မောင်ကတော့ တခေါခေါအိပ်ပျော်နေသည်။ အိမ်ခေါင်မိုးဆီမှ တချွတ်ချွတ် တကွတ်ကွတ်အသံလိုလို မကြားမကြားကြားနေရသည်။ မတိုးကြောက်လာ၍ သူ့မဘေးမှာ အိပ်ပျော်နေတဲ့ ကိုလွင်မောင်ကိုလှုပ်နှိုးသည်။

"ကိုလွင်..ကိုလွင်"

"ဟင်..ဘာလဲကွာ"

"အပေါ်က တကျွတ်ကျွတ် တကွတ်ကွတ်နှင့် ဘာလဲမသိဘူး ထပြီးကြည့်ပါဦး"

"ကွာ..ဘယ်အနားကလဲ"

"အပေါ်က ခေါင်နားက ကြားတာ"

"တောက်တဲ့တို့ အိမ်မြှောင်တို့ ဖြစ်မှာပေါ့ကွာ"

"ကွတ်..ကွတ်"

"ဟော ကြားလား..မြွေတွေ ဘာတွေများလားတော်"

"အေး..ကြားလိုက်ပါယ် မီးခွက်ထွန်းလေကွာ"

ကိုလွင်မောင်က အိမ်မှုံစုံမွှားဖြင့် မီးတိုင်ခွက်ကိုမြှောက်ကာ ကွတ်ကွတ်သံကို ရှာသည်။

"တွေ့ပြီ..တွေ့ပြီ"

"ဘာတွေ့တာလဲရှင့်"

"ရော့ မီးတိုင်ခွက်ကိုသာမြှောက်ပြထားပေး"

ကိုလွင်မောင်က ပုဆိုးကို တိုတိုပြင်ဝတ်ကာ အိမ်ရဲ့အလယ်တိုင်ကို ဖက်တက်ပြီး ကြွက်လျှောက်(ကြွက်ရှောက်)တန်း နှစ်ခုပေါ်သို့ကူးလိုက်သည်။ တစ်စုံတစ်ရာကို လှမ်းကိုင်လိုက်သည်။

"ငှက်ကလေးပါကွ"

"ခီး..ခီး..ပြွတ်ပြွတ်"

ငှက်ကလေးက သူ့ကိုကိုင်လို[က်]သည်နှင့်အော်တော့သည် အတော[င်]နှင့်ခတ်သည်။ ကိုလွင်မောင်ရဲ့လ[က်]ကိုလည်း ကိုက်တော့သည်။

"ခီး..ခီး.."

"ဟာ..ကိုက်တယ်ဟ..မတိုးေ[...]"

"ရှင်.."

"အဝတ်တစ်ထည်ပစ်လိုက်စမ်း"

ကိုလွင်မောင်က မတိုးပစ်တ[င်]ပေးသည့် အဝတ်ဖြင့်အုပ်ဖမ်းလိုက်သည်။ နောက်မလှုပ်နိုင်အော[င်] အဝတ်ဖြင့်အထပ်ထပ်ရစ်ပတ်ပြ[ီး] အောက်သို့ချလိုက်သည်။

"ဖုတ်..ခီး..ခီး"

ကိုလွင်မောင်အောက်သို့ပြန်ဆ[င်း]လာပြီး သေသေချာချာကြည့်ကြ[ည့်]သည်။ ဟာ..ကြွက်တူရွေးလေး[...] ဟုပြောသည်။ ကြွက်တူရွေးလေး[...]လည်း မြည်သည်။

"ခီး..ခီး"

"ဟယ် စကားပြောတ[ာ]နေသလိုတော့ ချစ်စရာလေး"

"ကိုလွင်ရေ"

"ပိုင်ရှင်ရှိတဲ့တစ်အိမ်အိမ်[...]ကောင်ဖြစ်ရမယ်"

"နေ့လယ်က လေတိုက်တာ[...] ဆက်မပြန်နိုင်ပဲဒီမှာဝင်ခိုနေတာ[...] လိမ့်မယ်"

"မနက်ကျမှမေးစမ်းပြီးပြ[န်...] တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"အို..ချစ်စရာလေး မပို့ပါနှင့်ဆော့ ကျွန်မတို့မွေးထားရအောင်လေ"

"မင်းအလုပ်ပိုလုပ်နိုင်ရင်တော့ မွေးပေါ့ သူ့ကိုအစာကျွေးဖို့ စောင့်ရှောက်ဖို့တာဝန်တော့ရှိလာလိမ့်မယ်"

"ရပါတယ် ကျွန်မမွေးမယ်"

သို့ဖြင့် လေပြင်းနှင့်လွင့်ပါလာသော ကြက်တူရွေးလေးသည် ကိုလွင်မောင်၊ မတိုးတို့အိမ်မှာ သောင်တင်နေတော့သည်။

(၃)

"ကိုလွင်မောင်"

"ဗျာ.."

"အဲ တာက ဘာကြီးလဲ တို့လူရဲ့"

ကိုလွင်မောင်က ဇနီးသည်မတိုးရဲ့ ဆန္ဒကို အလိုလိုက်ကာ ကြက်တူရွေးလေးကို အိမ်မှာမွေးထားသည်။ ကြက်တူရွေးကိုထည့် (လှောင်)ထားရန် ငှက်လှောင်ချိုင့်လေးတစ်လုံး ဝယ်လာသည်။ ကြက်ဝါသနာပါတဲ့ အပေါင်းအသင်းတွေက မေးကြသည်။

"ငါ့မိန်းမက ငှက်ကလေးတစ်ကောင်မွေးထားချင်တယ်ဆိုလို့"

"ဘာငှက်လဲ..သာလိကာလား.. ကြက်တူရွေးလား.."

"ကြက်တူရွေး"

"အဲသည်ကောင်တွေကို မွေးချင်သတိထားရတယ်နော်"

"ဘယ်လို..ဘယ်လို"

"သာလိကာ ကြက်တူရွေး၊ မန်ဒါလီဘဲ၊ သူတို့ကိုဂရုစိုက်ရတယ်။ မကြာမကြာအတောင်ကို ဖြတ်ဖြတ်ပေးရတယ်။ အတောင်ကို ဖြတ်မထားလျှင် လှောင်ချိုင့်အပြင်ကို ရောက်တာနှင့်ဦးတည်ရာဆီပျံသွားတော့တာပဲ၊ တောရိုင်းတဲ့သူတို့မျိုးနွယ်ငှက်အုပ်နှင့်အတူ တောထဲကိုပါသွားတော့တာပဲ၊ ပြန်မလာတော့ဘူး"

သာလိကာနှင့်ကြက်တူရွေးကတော့ ဟုတ်ပါပြီ မန်ဒါလီဘဲကကော"

"မန်ဒါလီဘဲကလည်း အတောင်ရှည်လျှင် ထ..ထပျံတတ်တယ်၊ ငှက်တွေလိုတော့ လေထဲမှာကြာကြာတော့ မပျံနိုင်ဘူး၊ သူများရဲ့အိမ်ထဲခြံထဲမှာ သွားကျရော၊ ပျောက်ရောမသမာသူနှင့်တွေ့တော့ ဒယ်အိုးထဲကိုရောက်သွားရောပေါ့"

"အိမ်ရောက်မှပဲ အခြေအနေကိုကြည့်ပြီး အတောင်ကိုဖြတ်သင့်လျှင်ဖြတ်ထားဦးမှပဲ"

"သတိမမေ့နှင့်နော် ခဏခဏကြည့်ပေးကွ၊ ခြောင်တွေခွေးတွေကိုလည်း သတိထားရတယ်၊ သည်ကောင်တွေက အညှော်နံ့ကို လည်းကြောက်တယ်လို့ ကြားဘူးတယ်"

"အေးဗျာ ခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကတော့ ငှက်ကလေးကိုချစ်လို့ သနားလို့ မွေးထားတာချင်တာလောက်ပဲသိပါတယ်"

ကိုလွင်မောင်ယူလာတဲ့ ငှက်လှောင်အိမ်လေးက မတိုးအတွက် သဘောကျစရာဖြစ်ခဲ့သည်။

"ကိုလွင်"

"ဟင်"

"ခြေထောက်ကိုကြိုးနှင့်ချည်ထားတာနှင့်စာလျှင် လှောင်ချိုင့်လေးနှင့်ဆိုတော့ သူ့အတွက် ချောင်ချောင်ချိချိနေရတာပေါ့နော်"

"အေးပေါ့ကွာ၊ ဒီကောင်ကို စကားလည်းသင်ပေးရဦးမှာ"

"သူ့ကို မှတ်မိအောင်နာမည်ပေးထားမှကောင်းမယ် ထင်တယ်"

"အေး ကောင်းတောပေါ့"

"ဘယ်လိုပေးလျှင်ကောင်းမလဲ စဉ်းစားစမ်းပါဦး"

"ကံကောင်းလို့ တို့ဆီရောက်လာတာဆိုတော့ (ကံကောင်း)လို့"

"သိပ်ကောင်းတာပေါ့..ခေါ်ကြည့်ဦးမယ် ကံကောင်းရေ"

"ဂစ်..ဂစ်"

"ဟော ထူးတယ်ကြားလား လှောင်ချိုင့်ကို အိမ်ရှေ့ခန်းမှာပဲ ချိတ်ထားလိုက်ပါတော့"

(၄)

"မောင်လွင်မောင်"

"ခင်ဗျာ"

"လာထိုင်ကွ"

"သူကြီးမင်းခေါ်တယ်ဆိုလို့"

"အေး ဟုတ်တယ်ကွဲ့"

ပန်းသတင်းလေပြင်းဆောင်၊ လူသတင်း လူချင်းဆောင်ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com

စကားအတိုင်း ကိုလွင်မောင်၊မတိုးတို့ထံ၌ ကြက်တူးရွေးတစ်ကောင်ရောက်နေတယ်ဆိုတဲ့သတင်းက တဖြည်းဖြည်းပြန့်နှံ့သွားရာ မူလပိုင်ရှင်က သူ့ရဲ့ကြက်တူးရွေးကို ပြန်လည်ရလိုကြောင်းဖြင့် သူကြီး၊ရပ်ကွက်ရုံးသို့ သတင်းပို့သည်။

“ဟုတ်တယ်ကွ မင်းသူ့ကို သိလား”

“ဟုတ်ကဲ့ သိပါတယ် ဦးကြားမောင်ပါ”

“ကြက်တူရွေးလေးတစ်ကောင် မင်းဆီမှာရောက်နေတယ်ဆို”

“ဟုတ်ပါတယ်”

“အဲသည်ကိစ္စပဲ၊ အဲသည်ငှက်က ဦးကြားမောင်ရဲ့ ငှက်တဲ့ လေတွေမိုးတွေကျတဲ့နေ့က ပျောက်သွားတာတဲ့ အဲဒါ သူ့ငှက်ကိုပြန်လိုချင်သတဲ့”

“ဟာ..ပြဿနာပဲ”

“ဘာပြုလို့လဲကွ”

“ကျွန်တော်တို့လင်မယားက ငှက်ကလေးကို သိပ်ချစ်တာ တယုတယနှင့်စောင့်ရှောက်ထားတာ စကားတောင်ပြောနေပါပြီ”

“အေး..ချစ်တာတော့ချစ်တာပေါ့ကွာ..ပိုင်ရှင်က ပေါ်နေပြီဆိုတော့ အကျယ်အကျယ် မငြင်းဖွယ်ဖြစ်ပြီး ရုံးခန်းတွေဘာတွေရောက်လျှင်လည်း ပိုပြီး ရှုပ်ထွေးကုန်ဦးမယ်။ တို့ဆီမှာပဲ ပြီးတန်တာပြီးကြလျှင် ကောင်းတယ်”

ဤတွင်ဦးကြားမောင်က

“မောင်လွင်မောင်တို့ စောင့်ရှောက်ပေးထားလို့ ပြန်ရတာမှန်ပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ ယခုလို စောင့်ရှောက်ပေးတဲ့အတွက် ငွေတစ်ထောင်ပေးပါ့မယ်”

ဟု ပြောသည်။

“အဲတာဆိုလည်း သူကြီးမင်းတို့အဆုံးအဖြတ်ကို ကျွန်တော်နာခံပါ့မယ်”

ပြဿနာရပ်က မရှည်လျားပဲ အောက်ခြေရပ်ကွက်အဆင့်မှာတွင်ပြီး ပြတ်သွားသည်။

သူကြီးမင်းက ဟာသနှောလိုက်သည်။

“ခွေးဖိုးတစ်ထောင်၊ ကြောင်ဖိုးတစ်သိန်းဆိုတာပဲ ကြားဘူးတယ်ဟေ့ ယခုတော့ ငှက်ဖိုးတစ်ထောင်ဆိုတဲ့ စကားပုံပါ အသစ်တိုးလာပါပေါ့လား..ဟား..ဟား..”

နောက်နေ့နံနက်ပိုင်းမှာတော့ ဦးကြားမောင်က ငှက်လှောင်အိမ်ကိုဆွဲကာ သူကြီးထံသို့ရောက်လာပြန်သည်။

“သူကြီးမင်းခင်ဗျာ”

“ဘာလဲ ကိုကြားမောင်”

“လွင်မောင်အတော်ယုတ်မာတယ်”

“ဘာဖြစ်လို့တုန်း”

“ငှက်ကိုဘာတွေသင်ထားသလဲ မသိဘူး”

မနေ့က ပြီးပြတ်သွားပြီဟုထင်သည့် ငှက်ဖိုးတစ်ထောင်ပြဿနာက အမျှင်တန်းလန်းဖြင့် နောက်ဆက်တွဲပေါ်လာပြန်သဖြင့် ကိုလွင်မောင်ကို[...] ခေါ်ပြီး ပြဿနာရှင်းရပြန်သည်။

“မောင်လွင်မောင်”

“ခင်ဗျာ”

“မင်းက ငှက်ကိုဘာစကားတွေ[...] သင်ထားသလဲ”

“ကျွန်တော်တို့က ဘာမှတိတ်[...] ပပမသင်ရသေးပါဘူး၊ လှောင်ချိုင့်[...] ထဲမှာထည့်ပြီး အိမ်ရှေ့ခန်းမှာ ဆွဲထား[...] တာပဲ၊ ဘာဖြစ်လို့လဲသူကြီးမင်း”

“ဦးကြားမောင်က အဲတာ[...] မကျေနပ်လို့တဲ့”

“ငှက်က ဘာတွေပြောလို့လဲ[...] ..ဗျာ”

“အေး..မင်္ဂလာသံတွေ[...] အော်..အော်နေလို့”

“တိရစ္ဆာန်ပဲ သူအော်ချင်တာ[...] အော်မှာပေါ့ဗျာ”

“မဖြစ်နိုင်ဘူး သက်သက်[...] တမာနှင့်ယုတ်မာပြီး သင်ထားတာ[...] ဖြစ်ရမယ်”

ငှက်က တိရစ္ဆာန်၊ ကျွန်တော်[...] လူ့တိရစ္ဆာန်ကတော့ သူအော်ချင်[...] ကို အော်မှာပဲ၊ ကျွန်တော်မှာ [...] အပြစ်မှမရှိဘူး၊ ကျွန်တော်တို့လင်မယား[...] က သိပ်ချစ်ပါတယ် ပြန်မပေးလို့[...] မဖြစ်လို့သာ ပေးလိုက်ရတာပါ[...] ကျွန်တော့်မိန်းမဆိုလျှင် ကံကောင်း[...] ပေးလိုက်ရလို့ မျက်ရည်နှင့်မျက်ခွက်[...] ပါ”

ဤတွင် သူကြီးမင်းက[...] ဦးကြားမောင်သို့ ငှက်ကဘာ[...] ပြောလို့တုန်းဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

''မသိပါဘူး သူအော်သလို ကျွန်တော် မပြောတတ်ပါဘူး သူကြီးမင်း''

''ခင်ဗျားတို့အရှုပ်က ရှင်းမလို လိုနှင့်ပိုရှုပ်လာပြီ၊ ပြီးပြတ်မလိုလိုနှင့်လည်း ရှည်လာပြီ''

''ယုတ်မာလွန်းလို့ပါ''

''အဲတာဆိုလျှင် ငှက်ကိုအော် ခိုင်းပြစမ်းပါ''

''သူက မိုလင်းစမှာမှ အော်တာပါ။ အခုချိန်မှာတော့ ခိုင်းလို့မရပါဘူး သူကြီးမင်း..''

''ကောင်းပြီလေ သည်တစ်ခါတော့ ပြတ်အောင်ရှင်းမှဖြစ်တော့မယ်။ သည်တော့ ဦးကြားမောင်လက်မခံနိုင်လောက်အောင် ကြက်တူရွေးက ဘာတွေအော်လို့လဲဆိုတာကို ကျုပ်သိချင်တယ်၊ အထောက်အထား ခိုင်ခိုင်မာမာနှင့်ဆုံးဖြတ်ချင်တယ်''

''ကောင်းပါတယ်သူကြီးမင်း''

''သည်တစ်ည ကျုပ်အိမ်မှာယူထားမယ်၊ ကျေနပ်ကြလား''

''ကျေနပ်ပါတယ်ခင်ဗျာ''

သူကြီးမင်းရဲ့သြဝါဒကို နှစ်ဘက်စလုံးကသဘောတူကျေနပ်ကြသည်။ အမှုကို ‑ ‑ ‑ ‑ ဘက်နေ့သို့ ချိန်းဆိုလိုက်ပြီး ငှက်လှောင်အိမ်ကို သူကြီးအိမ်မှာထားရစ်ခဲ့ကြသည်။

(၅)

သူကြီးအမှု ရှာပတ်ဟု ဆိုရိုးစကားရှိသော်လည်း၊ ယခုသော် ရှာသားအမှုက သူကြီးမင်းကိုပတ်နေသည်။ ငှက်အော်မည့်အသံကို ကိုယ်တိုင်ကြားရန် စိတ်စောနေသဖြင့် သူကြီးမင်းမှာ စိတ်ချလက်ချအိပ် မပျော်နိုင်ပဲရှိနေရသည်။

တုံ..တုံ..တုံ

အာရုံတက်လာပြီဖြစ်၍ ခပ်လှမ်းလှမ်းဆီက ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းဆီမှ တုံးမောင်းခေါက်သံ ပေါ်လာသည်။ မရှေးမနှောင်းမှာပဲ အိမ်ရှေ့မှာ ဆွဲထားသည့် လှောင်ချိုင့် တွင်းရှိ ကြက်တူရွေး(ဝါ) ကံကောင်းရဲ့အသံက ပေါ်လာသည်။

..အို..အမေရဲ့..အီး..သမီးတို့ကို ထားခဲ့ပြီလားအမေရဲ့..ဟီး..ဟီး..

''ဟိုက်..''

သူကြီးမင်း ဟိုက်ကနဲ စတွန့်သွားသည်။ တကယ်တော့ ကြက်တူရွေးကိုလူက သင်ထားသည်မဟုတ်၊ သူနေရတဲ့ကိုလွင်မောင်တို့ အိမ်မှာနေ့စဉ်လိုလိုနာရေးကိစ္စများ ဖြတ်သန်းသွားရာလမ်းပေါ်မှာ ရှိနေခြင်းသည် သူကြီးမင်းဖြေရှင်းနေရတဲ့ ပြဿနာရဲ့ ရေသောက်မြစ်ပဲဖြစ်ပါ၏။ သူကြီးမင်းလည်း တော်တော်နားလည်သဘောပေါက်သလိုရှိသွားသည်။

''သည်ငှက်ကို ဦးကြားမောင်က အလိုမရှိတော့ဘူးဆိုတော့ မောင်လွင်မောင်ကို ပြန်ပေးတော့မယ်ဆိုတဲ့သဘောလား''

''ဟုတ်ပါတယ်၊ ကျွန်တော်ပေးထားတဲ့ ငွေတစ်ထောင်''

''ကဲ..မောင်လွင်မောင် ဦးကြားမောင် ပြောတာကို ကြားတယ် နော်''

''ဟာ ပိုရှုပ်ကုန်ပြီ အဲသည် ငွေတစ်ထောင်နဲ့ ကျွန်တော်က တိုက်ကြက်ဖတစ်ကောင်ဝယ်ပစ်လိုက်ပြီ။ သည်တော့ ငွေတစ်ထောင်ကို အခုချက်ချင်းမပေးနိုင်ပေမယ့် ကြက်ပွဲနိုင်တဲ့အခါတဖြည်းဖြည်းဖဲ့ဆပ်ပေးပါ့မယ်''

''ကဲ..ဦးကြားမောင်ကြားတယ် နော်။ သူကမပေးနိုင်ဘူးလို့ မငြင်းဘူး၊ တရွေ့ရွေ့ဆပ်ပါမယ်တဲ့၊ ဘယ်နှယ့်လဲ''

''ခွဲ..ခွဲဆပ်မယ်ဆိုတာကဟုတ်ပါပြီ၊ သူ့ကြက်က ဘယ်တော့နိုင်မှာ.''

''ကြွေတစ်လှည့် ကြက်တစ်ခုန်ပါဗျာ၊ ကြက်ကလည်း တိရစ္ဆာန်ဆိုတော့ ပြောရခက်ပါတယ်''

ငွေတစ်ထောင်ချက်ချင်းမရသည်ထက် မိုးမလင်းမီ (အံမယ်လေး အမေရဲ့အော်သည့်)ကြက်တူရွေး သူ့အိမ်မှ ရွှေ့လျားသွားသည်ကိုပဲ ဦးကြားမောင်ရင်အေးသွား၏။

ဒေါင်းနွယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ညောင်ပင်သာရွာမှာ ဦးမိုးဆိုသော လယ် ပိုင်ရှင်ကြီး တစ်ယောက် ရှိပါသည်။ ဦးမိုးမှာ ရိုးရိုးလယ်ပိုင်ရှင်မဟုတ်ဘဲ ကွဲများ၊ နွားများနှင့် လယ်ဧကများစွာကို ပိုင်ဆိုင်သော မြေပိုင်ရှင်တောသူဌေးတစ်ယောက်ဖြစ်ပါသည်။ ဦးမိုးမှာလယ်ဧကများ ပိုင်ဆိုင်ထားသော်လည်း အနေအထိုင် ရိုးသားပြီး ဆက်ဆံရေး ကောင်းသောကြောင့် ညောင်ပင်သာရွာအပြင် တခြားရွာမှ လူများကလည်း ဦးမိုးကို အားကိုး၍ ဆက်ဆံကြပါသည်။ ဦးမိုးကလည်းအားလုံးကိုလိုက်လျော၍ မြေလိုသူကို မြေငှားသည်။ ငွေလိုသူကို ငွေချေးပါသည်။ သည်လိုငွေချေးကြရာမှ ငွေပြန်မပေးနိုင်သောအခါ ဦးမိုးကို လယ်ထိုးအပ်ပါသည်။ ဦးမိုး လယ်တွေ ပိုင်ဆိုင်လာသည်မှာ သည်နည်းနှင့် ပိုင်လာခြင်း ဖြစ်ပါသည်။ ဦးမိုးမှာ ယခင်အခါများက ကြိုးစားပြီး ရှာဖွေစုဆောင်းခဲ့သော်လည်း ယခုအခါသားနှင့်သမီးကလည်း မြို့မှာ နေထိုင်ပြီး ဇနီးကလည်း ဆုံးသွားပြီဖြစ်၍ မုဆိုးဖိုဘဝနှင့် တစ်ယောက်တည်း အိမ်ကြီးတစ်လုံးနှင့်နေထိုင်ပါသည်။ လယ်ငှား၊ မြေငှားခရသောငွေများကို တချို့သားသမီးများကို ပေး၍ တချို့ကို မိမိ သုံးပါသည်။ ဦးမိုးမှာတစ်ခုပြောစရာရှိသည်က အလှူအတန်းများ





www.burmeseclassic.com

www.burmeseclassic.com

ကို ဝါသနာ မပါခြင်းနှင့် ဉပုသ် မစောင့်၊ ကျောင်းကို မသွားခြင်းပင် ဖြစ်ပါသည်။ ဦးမိုး အလှူအတန်းဝါသနာမပါသည့် ကိစ္စနှင့်ပတ်သက်ပြီးသူ့မိတ်ဆွေ တစ်ယောက်က အမြဲတမ်း နားချပါသည်။

'ကိုမိုး ခင်ဗျား မလှူရက်၊ မစားရက်နှင့် စုဆောင်းထားသည့် ပစ္စည်းဉစ္စာတွေဟာ ခင်ဗျားနောက်ကို ပါမသွားပါဘူးဗျာ'

'ကျုပ် ဘယ်နေ့သေမည်ဆိုတာ မပြောနိုင်ဘူးလေဗျာ၊ သည်တော့ မသေခင် စားရအောင် စုဆောင်းရသေးတယ်၊ သေသွားတော့လည်း ကျုပ်သားသမီးတွေ ယူကြမှာပေါ့'

'တရားသဘောအရ ကွေးသော လက် မဆန့်မီ သေနိုင်တယ်လို့ ဆိုထားတာပဲ။ မသေခင် လှူတန်းထားတော့ ကိုယ့်အတွက် ပါတာပေါ့။ နောက်တစ်ခုက လှူတာဟာ ကုန်မသွားဘူး။ ယူတာလို့ ဆရာတော်က ပြောတယ်'

'ကျုပ်ကတော့ သည်စကားကို လက်မခံနိုင်ဘူး။ ကျုပ် နားလည်ထားတာက ဉစ္စာပစ္စည်းဆိုတာ ကိုယ်က စုဆောင်းမှသာ တိုးပွားတာ။ လှူမယ်လို့ကျရင် ကုန်သွားမှာပေါ့'

'ကိုမိုး အယူမှားသက လွဲနေတယ်ဗျား၊ ကျွန်တော် ခင်ဗျားကို ခင်မင်လို့နောက်ပြီး ဘဝကူး ကောင်းအောင် သံသရာမှာ ပါသွားအောင် လာပြောနေတာပါ။ ခင်ဗျား လှူတာ ကျွန်တော် မရပါဘူး'

'ကျုပ်လည်း အလိုက်အထိုက် လှူခဲ့ပါတယ်ဗျာ။ ကျုပ်မိန်းမ ရှိတုန်းကဆိုရင် တစ်နှစ်ကို သင်္ကန်းတစ်စုံ ကထိန်ပွဲတိုင်း လှူခဲ့တာပဲ မဟုတ်လား'

'ခင်ဗျား မိန်းမလှူတာ ခင်ဗျား မရဘူး။ သူ့ပဲ ရမှာပေါ့။ နောက်ပြီး ခင်ဗျားက တစ်ခါမှ ကျောင်းမသွားဖူးဘူး၊ ဉပုသ်လည်း မစောင့်ဖူးဘူး၊ တရားလည်း မနာဘူး'

'ကျုပ်က စီးပွားရှာနေတာလေဗျာ။ ကျုပ်ရှာလို့ ရသည့်ငွေနှင့် လှူတာ ကျုပ်လည်းရရမှာပေါ့။ ခင်ဗျား အယူအဆမှားနေပြီ'

'ကျွန်တော့် အယူအဆ မှားသည်ပဲ ထားပါ။ ခုလာမည့် ဉပုသ်နေ့ကျရင် ကျောင်းကို လိုက်ခဲ့ပါ။ ဘုန်းကြီးကလည်း မေးနေတယ်။ နောက်ပြီး ရွာ ကထိန်အစည်းအဝေးလည်း ရှိတယ်'

'ကျုပ် မလိုက်အားသေးဘူး။ အိမ်အလုပ်ကလေးတွေ ရှိသေးတယ်။ အဲ ကျုပ်မိန်းမ အတွက်တော့ သင်္ကန်းတစ်စုံ လှူပေးမယ်'

'သည်နှစ် စပါးအထွက်နည်းကြလို့ ကထိန်အတွက် ငွေလိုနေပါတယ်။ ငွေပါ ထည့်ပေးပါလားဗျား၊ ခင်ဗျား အနေနှင့် လှူနိုင်ပါတယ်'

'ငွေတော့ မလှူနိုင်သေးဘူး။ ကျုပ်မှာ ငွေ မရှိဘူး။ နောက်ပြီး မြို့မှာနေသည့် သမီးကိုလည်း ပို့ပေးရဦးမှာ'

ဦးမိုးမှာ အလွန်ကပ်စေးနှဲသူ ဖြစ်သည်။ မိမိကိုယ်တိုင်ပင် ထမင်းတစ်အိုးချက်ပြီး ထမင်းရည်ကို သွန်မပစ်ဘဲ ခံထားပါသည်။ ထမင်းကျက်လျှင် ငါးခြောက်ဖုတ်ဆီဆမ်းပြီး ထမင်းရည်နှင့် ရော၍ မနက်၊ ည စားပါသည်။ ဦးမိုးသည်လောက် ချမ်းသာပြီး ထမင်းရည်သောက်ရသလားဟု ပြောလာသူများကို ဦးမိုးက မင်းတို့ ဘာနားလည်လို့လည်း။ ထမင်းရည်ဟာ အားရှိတယ်။ အားဆေး မလိုဘူး။ လေလဲကြေသည်ဟု ပြောပြီး အမြဲ ထမင်းရည် သောက်ပါသည်။

တကယ်တော့ ဦးမိုးမှာ ညောင်ပင်သာရွာသား မဟုတ်ပါ။ လွန်ခဲ့သော နှစ်ပေါင်း (၄၀)ကျော်လောက်က အညာမှ ရောက်လာပြီး လယ်လုပ်ရင်း ညောင်ပင်သာရွာသူနှင့် အိမ်ထောင်ကျ၍ ညောင်ပင်သာရွာမှာပင် အခြေချနေထိုင်နေခြင်း ဖြစ်ပါသည်။ ဦးမိုးမှာ အကျင့်ဆိုးတစ်ခု ရှိပါသည်။ ထိုအကျင့်မှာ မိမိလယ်မှာ လာရောက်လုပ်ကိုင်သော အလုပ်သမားများကို ထမင်းကျွေးရာမှာ အမြဲတမ်း ငရုတ်သီး မပါသော ငါးပိရေကျဲ တစ်မျိုးတည်းဖြင့်သာ ထမင်းကျွေးပါသည်။ မိမိ လယ်စပါးခင်းထဲမှာ 'ဆည်'လုပ်၍ ငါးထောင်ထားပါသည်။ ထိုဆည်မှာ ငါး အလွန်ရပါသည်။ သည်မှရသော ငါးများကို အလုပ်သမားများကို ချက်မကျွေးဘဲ ငါး အားလုံးကို ငါးပိ၊ ငါးခြောက်များ လုပ်ပါသည်။ အလုပ်သမားများက မကျေနပ်၍ ထွက်မည်ဟု ပြောလျှင် ဦးမိုးက အောက်ပါအတိုင်း ပြောပါသည်။

'မင်းတို့ကို ငါ စပြီး ငှားကတည်းက လယ်အပြီးမှာ စပါးတင်း ၅၀ ပေးပါ့မယ်လို့ ပြောထားတယ်။ သူများ လယ်ရှင်တွေ စပါး ၄၅တင်း ပေးတာ၊ ငါက ငါးတင်း ပိုပေးထားတယ်။ စပါး မပေါ်ခင် ထွက်သည့်အတွက် မင်းတို့ကို လုပ်ခ မပေးနိုင်ဘူး။ နောက်ပြီး သည်စည်းကမ်းကလည်း မင်းတို့ သဘောတူထားသည့် စည်းကမ်းပဲ'

ဟု ပြောပြီး လုပ်ခ မပေးပါ။ တချို့လယ်ငှားများက စိတ်မရှည်၊ သည်းမခံနိုင်၍ ထွက်သွားပါသည်။ တ
သည်းခံ၍ လုပ်နေပြီး စ
ပေါ်မှ ထွက်သွားသည်။ ဦး
မတရား လုပ်သော်လည်း အလုပ်ဝင်စက သတ်မှတ်ထား
သော စည်းကမ်းကြောင့် အလုပ်သမားမှာ တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

လုပ်ခဲ့သော လုပ်ခ ဆုံးရှုံး ရရှာပါသည်။

ငယ်စဉ်ကလောဘနောက် လိုက်ပြီး မတရားစီးပွားရှာခဲ့သော ဦးမိုးမှာ အသက်ကြီးလာမှ ဝဋ်လည်လာပါသည်။ ဦးမိုး ဝဋ်လည်ပုံမှာ မြို့မှာသွားနေသော သားနှင့်သမီးတို့က နှိပ်စက်ပြီး အကြောင်းပြ၍ ငွေများ အလီလီ လာတောင်းကြသောကြောင့် ဖြစ်ပါသည်။ ယခုလည်း သမီးကိုယ်တိုင် သားလေးတစ်ယောက် ခေါ်၍ အိမ်ကို ရောက်လာပါသည်။

'သမီးကို ကယ်ပါဦး အဖေရယ်။ အဖေ မကယ်ရင် သမီးယောကျ်ား ထောင်ကျခံရတော့မှာ'

'ဟဲ့ မောင်အောင်မြတ်ဘာဖြစ်လို့လဲ'

'အဖေ့သားမက်က လူရိုးလူအ,လေ။ သူ့သူငယ်ချင်းအတွက် အာမခံကောင်းလို့ ခုလျော်ရတော့မယ်။ မလျော်နိုင်ရင် ထောင်ကျမယ်။ ထောင်ကျရင် အလုပ်ပြုတ်မှာ အဖေရဲ့'

'အင်း အလုပ်ပြုတ်လို့ မဖြစ်ဘူး။ သားသမီးတွေနှင့် ဒုက္ခရောက်မှာ၊ နောက်ပြီး သူက လယ်လည်း မလုပ်တတ်ဘူး။ ဒါနှင့် လျော်ရမည့်ငွေက ဘယ်လောက်လဲ'

'တစ်သိန်းကျော်လောက် လျော်ရမှာတစ်သိန်းခွဲလောက် လိုတယ် အဖေ'

'နင်တို့ မိဘကိုတော်တော် ဒုက္ခပေးတာပဲ။ လွန်ခဲ့သည့် လကလည်း နင့်အစ်ကို သူ့မိန်းမ ဆေးရုံတင်ရလို့ဆိုပြီး ငွေလာတောင်းသွားသေးတယ်'

'ဆေးရုံတက်တာ အမှန်ပဲ အဖေရဲ့။ သမီးတောင် ဆေးရုံကို နှစ်ခေါက်လောက် သွားကြည့်သေးတယ်။သားသမီးတွေကလည်းများတော့ မပြေလည်ရှာဘူး'

'အင်း ငါလည်း အသက်ကြီးမှ သားသမီးအပူတွေကို ခါးစီးပြီး ခံနေရတယ်'

'အဖေ သမီး ကြာကြာ နေလို့ မရဘူး။ မြန်မြန်ပြန်မှ ဖြစ်မှာ အိမ်မှာ တလေးတွေပဲ ထားခဲ့တာ'

တကယ်တော့ ဦးမိုး သားမက်မှာ ဦးမိုးထင်သလို လူရိုးလူကောင်း မဟုတ်ပါ။ ဖဲရိုက်၊ မြင်းလောင်း လုပ်နေပြီး မိန်းမကို အလွန်နိုင်သူဖြစ်ပါသည်။ ဦးမိုး သမီးမှာ လင်ကို ကြောက်ရ၍ ယောကျ်ားက ငွေလိုတိုင်း အမျိုးမျိုးလှည့်၍ ဖခင်ဆီ လာတောင်းနေခြင်းဖြစ်ပါသည်။ဦးမိုးသားကလည်း မိသားစု များပြီး ဆင်းရဲသော မိန်းကလေးကို ယူထား၍ မိန်းမဘက်မှ မိသားစုများကို ထောက်ပံ့နေရပါသည်။ နောက်ဆုံး ပြောရလျှင် ဦးမိုး တစ်သက်လုံး မစားရက်၊ မသောက်ရက် စုဆောင်းထားသော ငွေများမှာ သားနှင့် သမီးကို ပေးနေရသဖြင့် လူမသိ၊ သူမသိ ကုန်နေပါသည်။ သည်လိုနှင့်ဂျပန်ခေတ်ရောက်လာပြီး တိုင်းပြည် မငြိမ်မသက် ဖြစ်လာပါသည်။ တိုင်းပြည် မငြိမ်သက်ချိန်တွင် တောရွာတွေမှာလည်း သူခိုး ဓားပြတွေ ထလာပါသည်။ ညောင်ပင်သာရွာကိုလည်း ဓားပြများ မကြာခဏဝင်တိုက်ပါသည်။ ထိုအချိန်က မဲလုံးဆိုသော ဓားပြဗိုလ်ကြီးမှာ ထိုနယ်တစ်ဝိုက်မှာ အလွန်နာမည်ကြီးပါသည်။ မဲလုံးမှာ ဓားပြတိုက်ရာမှာ ပစ္စည်း မရလျှင် လူကိုပါ သတ်ပါသည်။ တစ်နေ့မှာ မဲလုံး တပည့်တစ်ယောက်က မဲလုံးကို ဦးမိုးအိမ်အား ဓားပြတိုက်ရန် ပြောပါသည်။

'ဆရာ ကျွန်တော်တို့ ဦးမိုးအိမ်ကို တိုက်ရအောင် အိမ်တစ်လုံးနှင့်တစ်ယောက်တည်းဆိုတော့ တိုက်ရလွယ်မှာပါ'

'အေး ဟုတ်တယ်။ ငါမျက်စိမှောက်နေတယ်။ပစ္စည်းလည်း တော်တော် ရှိမှာပဲ'

'လယ်တွေ အများကြီး ပိုင်ထားတာ။အထုပ်ရှိမှာ သေချာပါတယ်'

'ပြောနေတာကြာပါတယ်။ သည်ညပဲ တိုက်မယ်ကွာ'

ဓာတ်ပျက်နေချိန်မှာ ရွာထဲက ငွေကြေးရှိသူများ ရွာမှာ မနေဘဲ ရှောင်နေကြပါသည်။ ဦးမိုးမှာ အပေါင်းအသင်းလည်း မရှိ။ အိမ်တစ်လုံးနှင့်တစ်ယောက်တည်း နေသည်။ ဓားပြတွေ သောင်းကျန်းနေသော်လည်း မိမိမှာ ဘာပစ္စည်းမှ မရှိတော့၍ ဓားပြတိုက်မှာလည်း မကြောက်ဘဲ နေပါသည်။ ထိုညက မမျှော်လင့်ဘဲ ဦးမိုးအိမ်ကို မဲလုံးတို့အဖွဲ့ ရောက်လာပါသည်။

'ဟေ့ကောင်တွေ အဖိုးကြီးကို ငါ့ရှေ့ခေါ်ခဲ့'

'ချမ်းသာပေးပါ ငါ့တူရာ။ မင်းနှင့်ငါက အသိတွေပဲ မဲလုံးရာ။ နောက်ပြီး ဦးလေးမှာလည်း ဘာပစ္စည်းမှ မရှိပါဘူး'

'ခင်ဗျားကြီး စကား မရှည်နဲ့။ သေတ္တာသော့ပေးပါ'

'သော့သည်မှာပါ ဦးလေးမှာ ဘာပစ္စည်းမှ မရှိပါဘူး'

'သူ့ကို ပါးစပ်ပိတ်ထားလိုက်ပြီး မင်းတို့တစ်အိမ်လုံးနှံ့အောင်ရှာကြစမ်း။ ရှာလို့ပြီးရင် သူ့ကို နှုတ်ပိတ်လိုက်'

'ဆရာပြောတာဟုတ်တယ်။ သူက ဆရာ့ကို သိနေတယ်'

မဲလုံးတို့ အဖွဲ့သားများမှာ ပစ္စည်းတွေရှာယူကြပြီးနောက် ဦးမိုးကို သတ်ခဲ့ပါသည်။ နံနက်လင်းမှသာ ညက ဦးမိုးအိမ်ကို ဓားပြတိုက်ပြီး ဦးမိုးကိုပါ သတ်ခဲ့ကြောင်း သိသွားကြပါသည်။

ညွန့်မောင်ဦး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အလွတ်စုံထောက်မြဒင် နှင့် အပေါက်ကျဉ်း

ဇော်မော်လင်း

အခန်း(၁)

အလွတ်ထောက်မြဒင်သည် ရန်ကုန်မြို့ Stand Road စတင်းရုတ်ရှိ Police Head Quarter ပုလိပ်မင်းကြီးရုံးသို့ လာခဲ့သည်။ ပုလိပ်မင်းကြီးရုံးသို့ ရောက်လျှင် အစောင့်ကျနေသော ဖောင်းထုပ်နှင့်ပန်ချာပီ ပုလိပ်အားသူ၏ စိစစ်ရေးကတ်ပြား indenity-facation card ကို မြဒင်ပြပြလိုက်သည်။

ဖောင်းထုပ်နှင့် ပန်ချာပီပုလိပ်သည် မြဒင်အား ဝင်ခွင့်ပြုသည်။ မြဒင်သည် မင်းကြီးရုံးခန်းသို့လာခဲ့သည်။ ရောက်လျှင် မင်းကြီး၏ နောက်ဘက်သို့ ယူနီယံဂျက်အလံကို အလေးပြုလိုက်သည်။ Sit Down ထိုင်ပါဟုဆို၍ မင်းကြီးက မြဒင်အား အပြုံးနှင့် ကြိုဆိုသည်။

မြဒင်သည် ပုလိပ်မင်းကြီး ဒစ်တမင်အား ဆလံပေးပြီး ရှေ့ရှိကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"မောင်မြဒင်"

"အမိန့်ရှိပါ မင်းကြီး"

"မနေ့ညဉ့်က ပုဇွန်တောင်ချောင်းထဲက အလောင်းတစ်လောင်းရတယ်ကွ"

"မှန်ပါ"

"ဒီအလောင်းရဲ့ နောက်ကွယ်မှာ လျှို့ဝှက်ချက်တွေ ကပ်ပါလာနိုင်တယ်ဟေ့"

"မှန်ပါတယ် မင်းကြီး"

"အဲဒါကြောင့် ... မောင်မင်းကို အရေးပေါ် ခေါ်လိုက်တာပဲကွ"

"ဟုတ်ကဲ့ပါ မင်းကြီး"

"ငါ့ပုလိပ်တွေက မင်းလို အားကိုးလို့မရဘူးကွ။ ရိက္ခာယူပြီး မှိန်းစားနေကြတာကွ ...ဟင်း။ တရားခံတွေဆီကလည်း ဖြတ်စားလုပ်တယ်၊ တရားလိုတွေဆီကလည်း ငွေတောင်းတယ်"

မြဒင်သည် နှုတ်မှမပြောဘဲ ပုလိပ်မင်းကြီး ဒစ်ကမင်အား ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဗမာလူမျိုး အလွတ်စုံထောက်တွေထဲမှာလည်း အရေးဆို မင်းတစ်ယောက်ပဲ ငါအားကိုးနေရတာကွ"

မြဒင် ငြိမ်နေလိုက်သည်။

"အခုအမှုကို အမြန်ဆုံး ဖော်ထုတ်ပေးပါ မောင်မြဒင်။ အမှုလိုက်ခ Thirty Ruppes အိန္ဒိယသုံးကျပ် ဒင်္ဂါး(၃၀)ပေးမယ် ကျေနပ်လား"

"ကျွန်တော်မျိုးက အလွတ်စုံထောက်ဆိုတော့ အမှုအပေါ်မှာပဲ အာရုံထားပါတယ် မင်းကြီး"

"Very Good"

"Yes, Sir"

"ဒီအမှုကို တောင်လုံးပြန် ပုလိပ်ဌာနက အင်စပက်တာခရစ်ပင်နှင့် ပူးပေါင်းပြီး ဖော်ထုတ်ပါ မောင်မြဒင်"

"ကောင်းပါပြီ မင်းကြီး"

ပုလိပ်မင်းကြီး ဒစ်ကမင်သည် အိန္ဒိယသုံး ကျပ်ဒင်္ဂါး(၃၀)ကို အံဆွဲထဲမှ ထုတ်၍ မြဒင်အား ပေးသည်။

မြဒင်သည် ပုလိပ်မင်းကြီးဒစ်ကမင် ပေးသော အိန္ဒိသုံးကျပ်ဒင်္ဂါး(၃၀)ကိုယူပြီး ပြောလိုက်သည်။

"I try my best"

"Belive in yourself"

"Yes, Sir"

× × × × ×

## အခန်း(၂)

အလွတ်စုံထောက် မြဒင်သည် တောင်လုံးပျံပုလိပ်ဌာနရှိ အင်စပက်တော်ခရစ်ပင်ထံ လာခဲ့သည်။ အင်စပက်တော်ခရစ်ပင်သည် R.G.H Rangoon General Hospitel ရန်ကုန်အထွေထွေကုဆေးရုံကြီးသို့ သွားပြီဟု ဆိုသောကြောင့် လန်ချားဖြင့်လိုက်ခဲ့သည်။

ဆေးရုံကြီးအတွင်းသို့ လန်ချားဖြင့် ဝင်လာသော မြဒင်ကိုတွေ့လျှင် ရုံးခန်းအတွင်းမှ သူနာပြုဆရာမလေး တစ်ယောက် ပြေးထွက်လာပြီး ရင်ခွဲရုံသို့ လက်ညှိုးညွှန်ပြသည်။

အလွတ်စုံထောက်မြဒင် ကြည့်လိုက်သည်။ အလောင်းတင် ခြာကလီလှည်းကို ရင်ခွဲရုံရှေ့တွင် တွေ့ရသည်။

မြဒင်သည် လန်ချားကုလား အပွနားကို ပိုက်ဆံတစ်မတ်ပေးပြီး ရင်ခွဲရုံသို့ လာခဲ့သည်။ ရင်ခွဲရုံစောင့် မုတ်ဆိတ်မွေးထူလပစ်နှင့် ကုလားသည် မြဒင်အား အလွတ် စုံထောက်မှန်းသိနေသောကြောင့် တံခါးကို ဖွင့်ပေးသည်။

အတွင်း၌ အင်စပက်တော် ဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသော မစ္စတာခရစ်ပင်နှင့် Duty Coat ဂျူတီကုတ်အဖြူရောင်ကို ဝတ်ဆင်ထားသော မှူခင်းဆရာဝန်ကြီး ဘင်္ဂါလီလူမျိုး ဒေါက်တာဘရူးဝါးတို့ကို တွေ့ရသည်။

မြဒင်သည် အင်စပက်တော် ခရစ်ပင်ထံသို့သွား၍ ပြောလိုက်သည်။

"မင်းကြီးက ဒီ case ကို ခင်ဗျားနှင့်ပူးပေါင်းပြီး ဖော်ထုတ်ပါလို့ မှာလိုက်တယ်"

"ဟုတ်ပါတယ် ကိုမြဒင်။ မင်းကြီးကလည်း ခင်ဗျားကို အကူညီပေးဖို့ ကျွန်တော့်ကို ညွှန်ကြားထားပါတယ်"

ဟုဆိုပြီးနောက် မှူခင်းဆရာဝန်ကြီး ဒေါက်တာဘရူးဝါးနှင့် မြဒင်ကို မိတ်ဆက်ပေးသည်။ မှူခင်းဆရာဝန်ကြီး ဒေါက်တာဘရူးဝါးသည် မြဒင်အား လက်ဆွဲနှုတ်ဆက်ရာမှ တစ်ဖက်သို့ မေးငေါ့ပြသည်။ မှူခင်းဆရာဝန်ကြီး ဒေါက်တာဘရူးဝါးမေးထိုးပြရာသို့ မြဒင်ကြည့်လိုက်သည်။

စားပွဲရှည်ကြီးတစ်လုံးပေါ်တွင် ပိတ်စအဖြူနှင့် လွှမ်းခြုံထားသော အလောင်းကို တွေ့ရသည်။ အလောင်း၏ တစ်ဖက်တစ်ချက်တွင် အလောင်းကိုင်ကုလားနှစ်ယောက် ရပ်နေပြီး ခေါင်းရင်းတွင် သူနာပြုကရင်မလေး အသင့်ရှိနေသည်။

အလောင်းတင်ထားရာ စားပွဲရှည်ကြီးရှိရာသို့ မြဒင်သွားသောကြောင့် အင်စပက်တော်ခရစ်ပင်နှင့် မှူခင်းဆရာဝန်ကြီးဒေါက်တာဘရူးဝါးတို့ မြဒင် နောက်မှ လိုက်ပါလာကြသည်။

အလောင်းတင် စားပွဲရှည်ကြီးသို့ ရောက်လျှင် မှူခင်းဆရာဝန်ကြီး ဒေါက်တာဘရူးဝါးက သူနာပြုကရင်မလေးကို ပြောသည်။

"Sister စစ္စတာနော်အဲလာ အလွတ်စုံထောက် ကိုမြဒင်ကို အလောင်းကို ဖွင့်ပြလိုက်ပါ"

သူနာပြုကရင်မလေး နော်အဲလာသည် အလောင်းကိုဖုံးအုပ်ထားသော ပိတ်ဖြူစကို လှစ်၍ပြသည်။

တစ်မျိုးပါလား။ သေဆုံးသူ အလောင်းသည် မှောက်ခုံကြီးဖြစ်နေသည်။ တကယ်ဆိုလျှင် သေဆုံးသူ အလောင်းသည် ပက်လက်အနေအထား တွင် ရှိရမည် မဟုတ်လား။ အခုတော့ ထိုသို့မဟုတ်။

"ဒါဘယ်လိုဖြစ်တာလဲ စစ္စတာ နော်အဲလာ"

ဟု သူနာပြုကရင်မလေးကို မြဒင် မေးလိုက်သည်။

"ဒဏ်ရာကို ရှာဖွေနေဆဲပါ ကိုမြဒင်"

ဟု မှူခင်းဆရာဝန်ကြီး ဒေါက်တာဘရူးဝါးက သူနာပြုကရင်မလေး နော်အဲလာကိုယ်စား ဝင်ပြောသည်။

"sorry"ဟု သူနာပြုဆရာမလေး နော်အဲလာအား မြဒင်တောင်းပန်လိုက်သည်။

ဒေါက်တာဘရူးဝါးသည် သေဆုံးသူ၏နားအုံနောက်မှ ဒဏ်ရာလေး



www.burmeseclassic.com

www.burmeseclassic.com

က်သို့ထိုးပြောသည်။

"ဒဏ်ရာဆိုလို့ နားအုံနောက်က ဏ်ရာလေးကလွဲ၍ ဘာမှမတွေ့ရဘူး မြင့်။ တကယ်လို့ ကိုမြင့်သံသယရှိ ယ်ဆိုရင် ထပ်ပြီးစစ်ဆေးနိုင်ပါတယ်"

ဟု ပြော၍ အလောင်းကိုင်ကုလား ယောက်ကို လှန်လျှောပြုရန် အမိန့်ပေး သည်။

"မလိုပါဘူးခင်ဗျား။ ဒေါက်တာ ရူးဝါးက မှုခင်းဆရာဝန်ကြီးပါ"

"ကျွန်တော်တွေ့ရှိချက်အရ ပြောရ င် နားအုံနောက်က ဒဏ်ရာလေး ကြောင့် သေဆုံးသွားတာဖြစ်ပါတယ် မြင့်"

"ပုဖွန်တောင်ချောင်းထဲက ရတယ် တော့ ရေနစ်သေဆုံးတာ မဖြစ်နိုင်ဘူး ား ဒေါက်တာ"

"မဖြစ်နိုင်ပါဘူး ကိုမြင့်"

မြင့်သည် နားအုံနောက်မှ ဒဏ် ကိုကြည့်လိုက်သည်။ ဒဏ်ရာ၏ လယ်ဗဟိုတွင် အပ်ဖျားမျှ အပေါက် လေးကိုတွေ့ရပြီး ဝန်းကျင်တွင် ပြာနှမ်း အရောင်များဖြင့် ရောင်ရမ်းနေသည်။ င့်သည် ထပ်၍ အနီးကပ်ကြည့်လိုက် သည်။ သေချာသွားပြီ။

ဤတွင် "အပေါက်ကျဉ်း"ဟု အလွတ်စုံထောက်မြင့်နှုတ်မှ လွှတ်ခနဲ က်သွားပါတော့သည်။

× × × × ×

အခန်း(၃)

ရုံးခန်းထဲသို့ အလွတ်စုံထောက် မြင့်ဝင်လာသောကြောင့် အင်စပက် တာ်ခရစ်စပင်းသည် ဂွတ်မောနင်းဟု တ်ဆက်သည်။ မောနင်းဟု ပြန်၍နှုတ် ဆက်ရာမှ မြင့်သည် အလုပ်စားပွဲတွင် ဝင်ထိုင်လိုက်သည်။

"ဒီမှာ ကိုမြင့်"

"ပြောပါ အင်စပက်တာ"

"ဒီရက်ပိုင်းအတွင်း အမှုကို ဖော်ထုတ်နိုင်လိမ့်မယ်လို့ မင်းကြီးက ယုံကြည်နေတယ်ဗျ"

"ကျွန်တော် အလွတ်စုံထောက်မြင့်ပါ အင်စပက်တာ"

"သိပါတယ်ဗျာ၊ သိပါတယ်။ အားလုံးက သိပြီးသားပါ အလွတ်စုံထောက်ကြီးရဲ့"

"ဒါထက် အင်စပက်တာ"

"ပြောပါ ကိုမြင့်"

"သေဆုံးသူရဲ့ ကိုယ်ရေးရာဇဝင် ရပြီးပြီလား"

"ရပြီးပါပြီ ကိုမြင့်"

"ဒါဆို ပြောစမ်းပါဦး အင်စပက်တာ"

"ခင်ဗျားတို့ ကန်တော်လေးက လူမိုက်တင်မြကြီးဗျ"

"ဩော် ... ဒါကြောင့် အပေါက်ကျဉ်းစာမိသွားတာဗျ"

"နေပါဦး ကိုမြင့်"

"ဆိုပါ အင်စပက်တာ"

"အပေါက်ကျဉ်းဆိုတာ ဘာကို ပြောတာလဲဗျ"

"အပေါက်ကျဉ်းဆိုတာ ဖဲထိုးသံချောင်းကို ချွန်အောင်သွေးပြီး လူမိုက်အချင်းချင်း အစဖျောက်တာကို ပြောတာပါ အင်စပက်တာ"

"နေစမ်းပါဦးဗျ။ ဓားကိုမသုံးဘဲ ဘာလို့ ဖဲထိုးသံချောင်းကို သုံးတာလဲ ကိုမြင့်"

"သတ်ဖြတ်တာလွယ်ကူလို့ဗျ"

"ဗျာ ..."

အင်စပက်တာခရစ်စပင်ထံမှ အာမေဋိတ်သံ ထွက်လာသည်။

"နောက်ပြီးတော့ အလောင်းကို ဖျောက်ဖျက်ပစ်ရတာလည်း ခက်ခက်ခဲခဲ မရှိလို့ပါ အင်စပက်တာ"

"ဆက်ပါဦး ကိုမြင့်"

နားအုံနောက်က အပေါက်ကို လှန်ထိုးလိုက်တယ်ဆိုတော့ ဦးနှောက်ကို တိုက်ရိုက်ထိတယ်မဟုတ်လား အင်စပက်တာ"

"ဟုတ်ကဲ့"

"အာရုံကြောကို တိုက်ရိုက်ထိသွားတယ်ဆိုတော့ ရုတ်ခြည်း သတိလက်လွတ်ဖြစ်သွားတယ်လေ"

"ဟုတ်ပါတယ် ကိုမြင့်"

"ဒီတော့ အထိုးခံရတဲ့သူဟာ ရုန်းကန်လှုပ်ရှားဖို့နေနေသာသာ အသက်ဘယ်ကထွက်သွားတယ်ဆိုတာ တောင်သိလိုက်မှာမဟုတ်ဘူး"

"ဩော် ... ဒီလိုလား"

"ဟုတ်ပါတယ် အင်စပက်တာ"

"အလောင်းကို လွယ်လွယ်ကူကူ ဖျောက်လို့ရတယ်ဆိုတာလည်း ရှင်းစမ်းပါဦး ကိုမြင့်"

"အခုလို လုပ်ကြံသတ်ဖြတ်ပြီးရင် ရေထဲကိုပစ်ချတာကို ပြောတာဗျ"

"ဘာဖြစ်လို့ ရေထဲကိုပစ်ချတာလဲ ကိုမြင့်"

"ရေထဲကိုပစ်ချတယ်ဆိုတာက အလောင်းကို လတ်တလောဖျောက်ဖျက်နိုင်အောင်ပေါ့"

"ဟုတ်ပါတယ် ကိုမြင့်။ ဒါပေမဲ့ အလောင်းက ပြန်ပေါ်လာမှာဗျ"

"ကျွန်တော့်စကား ဆုံးအောင်နားထောင်ပါဦး အင်စပက်တာ"

"ပြောပါ ကိုမြင့်"

"ခင်ဗျားပြောသလို အလောင်းပြန်ပေါ်လာတဲ့အခါ နားအုံနောက်က ဒဏ်ရာက ရေဝလို့ပိတ်သွားပြီလေ"

"ဩော် ... ဟုတ်ပါရဲ့"

"ဟုတ်ပါတယ် အင်စပက်တာ။ အခုအမှုမှာ မှုခင်းဆရာဝန်ကြီး ဒေါက်တာဘရူးဝါးကို ကျေးဇူးတင်ရမယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com

တကယ်လို့သာ မှုခင်းဆရာဝန်ကြီးဒေါက်တာဘရှူးဝါးသာ ပေါ့ပေါ့တန်တန်စစ်ဆေးခဲ့ရင် လူမိုက်ကြီးတင်မြ ရေနစ်သေဆုံးတယ်ဆိုပြီး ပြည်ဖုံးကားချလိုက်ရမှာ အမှန်ပဲဗျ''

''မှန်ပါတယ် ကိုမြဒင်''

''နောက်ပြီးတော့ လူမိုက်ကြီးတစ်ယောက် သူ့စရိတ်နဲ့သူ သွားတယ်ဆိုတော့ အားလုံးက ဝမ်းသာကြမှာဗျ၊ ခင်ဗျားအတွက်လည်း တာဝန်တစ်ခုပေါ့သွားတာပေါ့ဗျာ။ မဟုတ်လား ... ဟဲ ... ဟဲ''

''ကိုမြဒင်ကလည်းဗျာ၊ ဒီလိုမပြောပါနဲ့။ ကျွန်တော့်မှာလည်း တာဝန်ရှိပါတယ်ဗျ''

''အခုလို တာဝန်သိတတ်တဲ့အတွက် ခင်ဗျားကို ကျွန်တော်လေးစားပါတယ် အင်စပက်တာ''

''ကျွန်တော်မသိတာတွေကို ပြောပြတဲ့အတွက် ကိုမြဒင်ကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ။ ဒါထက် အပေါက်ကျဉ်းနဲ့ အခုလိုလုပ်ကြတာ ဘာသဘောလဲ ကိုမြဒင်''

''နှုတ်ပိတ်ချင်လို့ဗျ၊ ရန်ငြိုးရန်စရှိလို့ဗျ။ နောက်ပြီးတော့ မလွှန်ဆန်ဝံ့သူများကိုလည်း ဒီနည်းနဲ့ လုပ်ကြံတတ်ကြတယ်''

''ကိုမြဒင်က ကျွန်တော်တို့ ပုလိပ်တွေထက်တောင် သိနေပါလားဗျ''

''ကျွန်တော်က အလွတ်စုံထောက်မြဒင်လေ''

ဟု ရယ်ရယ်မောမောနှင့် မြဒင်ပြောလိုက်သည်။

''ဒါကြောင့် ခင်ဗျားကို မင်းကြီးက အားထားတာဗျ''

မြဒင်ငြိမ်နေလိုက်သည်။

''ဒီမှာကိုမြဒင်''

''ပြောပါ အင်စပက်တာ''

''အခုလောက်ဆို သက်သေခံဖဲထီးသံချောင်းကို ဒီကောင်တွေ ဖျောက်ဖျက်ပြီးရောပေါ့''

''သေချာပါတယ် အင်စပက်တာ''

''ဒါဆို ဒီကောင်တွေကိုမိဖို့ မလွယ်ဘူးထင်တယ်''

''သဲလွန်စ ရထားပြီဆိုတော့ သိပ်တော့အခက်အခဲမရှိပါဘူး။ အနေးနဲ့အမြန်ပေါ့ အင်စပက်တာ''

''မင်းကြီးက ပြောတယ်ဗျ''

''ဆိုပါ အင်စပက်တာ''

''ဒီရက်ပိုင်းအတွင်း တရားခံတွေမိမယ်ဆိုရင် ခင်ဗျားကို အိန္ဒိယသုံးငွေဒင်္ဂါး (၁၀)ပြားကို ဘောက်ဆူးချမယ်လို့ ပြောတယ်ဗျ''

''တကယ်တော့ဗျာ၊ ဒီဆုငွေထက် ခင်ဗျားတို့က ကျွန်တော့်အတွက် အရေးကြီးတယ် အင်စပက်တာ''

''ဘာဖြစ်လို့လဲ ကိုမြဒင်''

''ခင်ဗျားတို့နဲ့ ပူးပေါင်းမှ ဒီကောင်တွေကို အချိန်မီ ဖမ်းလို့ရမှာဗျ''

''စိတ်ချပါ ကိုမြဒင်''

''ဒါဆိုမပူနဲ့။ ဒီဆုငွေကို ခင်ဗျားတို့နဲ့ ကျွန်တော် Fifty Fifty - Half by Half''

ဟု အင်စပက်တော်ခရစ်စပင်ကို အလွတ်စုံထောက်မြဒင် ပြောလိုက်ပါတော့သည်။

× × × × ×

## အခန်း(၄)

အလွတ်စုံထောက်မြဒင်သည် ပုဇွန်တောင်ဈေးသို့ လာခဲ့သည်။ ဈေးကြီးထိပ်ရှိ ချောင်းကူးတံတားတွင် မုတ်ဆိတ်နှင့် ကုလားကြီးတစ်ယောက် ထိုးပြင်နေသည်ကို တွေ့ရသည်။ မုတ်ဆိတ်ကြီးသည် ရခိုင်လုံချည်ကို ဝတ်ဆင်ထားသောကြောင့် ရန်ကုန် တွင် လာရောက်လုပ်ကိုင်စားသောက်နေသော (ခေါ်တော်) ရခိုင်ကုလား ဖြစ်သည်။

မြဒင်သည် မုတ်ဆိတ်ထံသွား၍ ဝင်လုံးလိုက်သည်။

''ဦးမုတ်ဆိတ်က ရခိုင်ပြည်ကနေ တူတယ်''

''ဟုတ်တယ် ကောင်လေး''

''အလုပ်အကိုင်ကောင်းရဲ့လား ... ဦးမုတ်ဆိတ်''

''ကောင်းတယ် ... ကောင်လေး တစ်ခါတလေ ဖဲထီးချောင်းတစ်ချောင်းက ထီးအသစ်တစ်လက်ထက်ပိုပြီး ဈေးကောင်းရတယ်''

''တယ်ဟုတ်ပါလားဗျ၊ ဘာဖြစ်လို့ ဈေးပိုရတာလဲဆိုတာ ပြောစမ်းပါဦး''

''ထိပ်ကို ချွန်ပေးရလို့''

ဟုဆိုသည်။

မုတ်ဆိတ်ကြီးသည် ထန်းရည်သောက်မထားဘဲ ကျွဲခိုးပေါ်လာသည်။ မြဒင်အတွက် အခွင့်သာလေပြီ။ မြဒင်သည် ဖဲထီးချွန်နိုင်းသူများကို မေးရန်ကြံပြီးမှ ပရိယာယ်သုံး၍ မုတ်ဆိတ်ကြီးကို ပြောလိုက်သည်။

''ကျွန်တော်လည်း ထိပ်ချွန်ဖဲထီးသံချောင်း လိုချင်လို့''

''ရတယ်ကောင်လေး၊ ဈေးကောင်းကောင်းပေးရမယ်''

''ကျွန်တော် ဈေးမစစ်ပါဘူး ... ဦးမုတ်ဆိတ်''

''မနက်ဖြန်လာခဲ့ ကောင်လေး''

''အခုမရဘူးလားဗျာ''

''ချွန်ရဦးမယ်လေ''

''ဩော် ... ဟုတ်ပါရဲ့''

ဟုဆို၍ သီလျက်နှင့် မုတ်ဆိတ်ကြီးအား မြဒင်ပတ်တီးရိုက်လိုက်သည်။ မုတ်ဆိတ်ကြီး သဘောကျသွားသည်။ မုတ်ဆိတ်ကြီးသည် သူ၏မုတ်ဆိတ်များကိုသရာမှ တစ်ဖက်သို့ကြည့်သည်။

မုတ်ဆိတ်ကြီးကြည့်ရာသို့ မြဒင်



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးကစားလိုက်သည်။ တစ်ဖက်အတ္တရာလမ်းပေါ်တွင် လူသုံးယောက်ခွင်ပေါင်တန်း လျှောက်လာနေသည်။ ရှန်ရှူး ဒီးလစ်နှင့် ဓားငမိုး။

သူတို့သည် မြဒင်အား မသိသော်လည်း မြဒင်သည် အလွှတ်စုံထောက်ပီပီ သူတို့အား သိနေသည်။ သူတို့ပင်မက အနောက်ပိုင်းမှ လူမိုက်များကိုလည်းသိသည်။ သူတို့သည် ရန်ကုန်အရှေ့ပိုင်းတွင် နာမည်းဆိုးဖြင့် မှတ်တမ်းဝင်သူများဖြစ်သည်။

ရှန်ရှူးသည် ပိုလ်တထောင်ပုလိပ်ဌာနတွင်လည်းကောင်း၊ ဓားငမိုးသည် ဆောင်လုံးပြန်ဌာနတွင်လည်းကောင်း၊ ဒီးလစ်သည် ကျောက်တံတားဌာနတွင်လည်းကောင်း မင်နီတားခံထားရသူများဖြစ်သည်။

သူတို့ကိုတွေ့လိုက်သည်နှင့် မြဒင်အတွက် နောက်ထပ်ဘောက်စူးရရန် သေချာသွားပြီဖြစ်၏။ သူတို့သည် မုတ်ဆိတ်ကြီးထံ လာခြင်းဖြစ်သည်။ ထိုအဖြစ်ကိုရိပ်စားမိသော မြဒင်သည် မုတ်ဆိတ်ကြီးအား ပြောလိုက်သည်။

"မနက်ဖြန် ကျွန်တော်လာခဲ့မယ်။ ဖဲထီးသံချောင်းချွန်ထားပေးပါ"

"စိတ်ချကောင်လေး။ မနက်ဖြန် မနက် ၁၀ နာရီ လာခဲ့ကောင်လေး"

"စိတ်ချပါ။ မနက် ၁၀ နာရီ အရောက် ကျွန်တော်လာခဲ့မယ် ဦးမုတ်ဆိတ်။ ဖဲထီးသံချောင်းကိုသာ ချွန်ထားပေးပါ"

ဟု ပြောပြီး ခပ်လှမ်းလှမ်းရှိ ကွမ်းယာဆိုင်သို့ လာခဲ့သည်။ ကွမ်းယာဆိုင်သို့ရောက်လျှင် အိပ်ထဲမှ ပိုလိုစီးကရက်ကိုထုတ်၍ မီးညှိဟန်ဆောင်၍ တိုင်ကွယ်မှ ကြည့်လိုက်သည်။ မုတ်ဆိတ်ကြီးသည် ဓားငမိုးတို့ကို မြဒင်အား လက်ညှိုးထိုးညွှန်ပြနေသည်။

မြဒင် မှုစရာမလိုပါ။ အလွှတ်စုံထောက်မြဒင်သည် ခဲထားသည့် ပိုလိုစီးကရက်ကို အနီးတွင်ချိတ်ဆွဲထားသည့် အုန်းဆံကြိုးမှမီးကူးယူပြီးလျှင် မောင်ဂိုမာရီလမ်းဘက်သို့ ထွက်ခွာခဲ့ပါတော့သည်။

× × × × ×

## အခန်း(၅)

မောင်ဂိုမာရီ လမ်းမကြီးအတိုင်း ကျောခိုင်းလျှောက်သွားသော အလွှတ်စုံထောက်မြဒင်ကို လက်ညှိုးထိုးပြီး ရှန်ရှူးက မုတ်ဆိတ်ကြီးကိုပြောသည်။

"ဒီကောင့်ကိုသိလား မုတ်ဆိတ်"

"မသိဘူး"

ဟု မုတ်ဆိတ်ကြီးဖြေသည်။

"ဒီကောင်ဘာလာလုပ်တာလဲ"

ဟု ဒီးလစ်က မေးသည်။

"ချွန်ထားတဲ့ ဖဲထီးသံချောင်း လိုချင်လို့"

ဟု မုတ်ဆိတ်ကြီးက ဖြေသည်။

"ဒါဆိုမရိုးသားဘူး။ တင်မြကြီးနဲ့ အဆက်အသွယ်ရှိနိုင်တယ်"

ဟု ဓားငမိုးက ဆိုသည်။

"ဟုတ်တယ်။ ဒီကောင်ကိုကြည့်ရတာ စုံထောက်လိုလို၊ဘာလိုလိုနဲ့။ တို့အတွက် အန္တရာယ်ရှိနိုင်တယ်"

ဟု ရှန်ရှူးက ပြောသည်။

"တင်မြကြီးန ့ပတ်သက်လာရင် ခင်ဗျားလည်း အမှုတွဲပါတယ်နော်"

ဟု ဓားငမိုးက ခြိမ်းခြောက်သောကြောင့် မုတ်ဆိတ်ကြီး သွေးပျက်သွားသည်။

"မကြောက်ပါနဲ့ မုတ်ဆိတ်ကြီးရာ။ ဒီကောင့်ကိုအပြတ်ရှင်းလိုက်ရင် ပွဲပြီးသွားမှာပါ"

ဟု မုတ်ဆိတ်ကြီးကို ဒီးလစ်က ပြောပြီး စည်းရုံးသည်။

"ဒီမှာ မုတ်ဆိတ်[illegible] [illegible]င်က ချွန်ထားတဲ့ ဖဲထီးသံချောင်း လို[illegible]တယ် ဆိုတာ ဘာသဘောလဲ"

ဟု ရှန်ရှူးက မေးသည်။ ရှန်ရှူးရဲ့အမေးကို မုတ်ဆိတ်ကြီးက ခေါင်းခါပြသည်။

"[illegible]ပြောသွားသလဲ မုတ်ဆိတ်။ တို့ကို မှ[illegible]ပြော"

"မနက်ဖြန် ၁၀ နာရီမှာ ချွန်ထားတဲ့ ဖဲထီးသံချောင်း လာယူမယ်လို့ ပြောသွားတယ်"

"ဒါဆို ဒီလိုလုပ်။ မနက်ဖြန် ဒီ[illegible]ကောင် ဖဲထီးသံချောင်းလာယူရင် ဈေး[illegible]က်က ဂိုဒေါင်ပျက်ထဲကို ခေါ်ခဲ့ ဟုတ်လား"

မုတ်ဆိတ်ကြီးသည် ဘာမှပြန်မပြောဘဲ လက်ဝါးဖြန့်လိုက်သည်။

"ပေးမှာပေါ့ဗျာ။ ဒီကောင့်ကို ဂိုဒေါင်ထဲအရောက်သာ ခေါ်ခဲ့ပါ"

ဟု ရှန်ရှူးကပြောသောကြောင့် မုတ်ဆိတ်ကြီးသည် အလွှတ်စုံထောက်မြဒင်အား လှမ်းကြည့်ရာမှ သူ၏မုတ်ဆိတ်များကို သလိုက်ပါတော့သည်။

× × × × ×

## အခန်း(၆)

ရုံးခန်းထဲသို့ အလွှတ်စုံထောက်မြဒင် ဝင်လာသောကြောင့် အမှုလိုက်ရန်ပြင်ဆင်နေသော အင်စပက်တော် ခရစ်ပင်က ပြောသည်။

"ဘယ်လိုလဲ ကိုမြဒင်"

"ထိုင်ပါရစေဦးဗျာ"

"Sorry စောရီး ကိုမြဒင်"

ဟု အင်စပက်တော်ခရစ်ပင်က ဆိုသည်။ မြဒင်သည် စားပွဲတွင် အခန့်သားထိုင်လိုက်ပြီး အင်စပက်တော်ခရစ်ပင်ကို အပြုံးဖြင့် ပြောလိုက်သည်။

"တင်မြကြီးကို ရှင်းလိုက်တဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com

တွေကို တွေ့ခဲ့ပြီ အင်စပက်တာ"

"ဒါဆို ခင်ဗျားဘောက်ဆူး အိန္ဒိယသုံးငွေ ကျပ်ဒင်္ဂါး ၁၀ ရဖို့ သေချာသွားပြီ"

"ဘောက်ဆူးထက် ဒီကောင်တွေကိုမိဖို့က ပိုပြီးအရေးကြီးပါတယ်ဗျ"

"ဟုတ်ပါတယ် ကိုမြဒင်"

"တင်မြကြီးလည်း သေပြီ ...။ ဒီကောင်သုံးကောင်ကို မိမယ်ဆိုရင် ရန်ကုန်အရှေ့ပိုင်းမှာ မှုခင်းတွေလျော့သွားနိုင်တယ်။ ခင်ဗျားတို့ ပုလိပ်တွေအတွက်လည်း အလုပ်မရှုပ်တော့ဘူးပေါ့ဗျာ"

"ဟုတ်ပါတယ် ကိုမြဒင်။ ဒီကောင်တွေက ဘယ်သူတွေလဲဗျ"

"အလီမူလာက ရှန်ရှူး"

"ဟုတ်ကဲ့"

"(၃၅)လမ်း၊ (၃၆)လမ်းအလယ်ဘလောက်ဝန်းကျင်မှာ မင်းမူနေတဲ့ လူမိုက် ဒီးလစ်"

"ဟုတ်ပါတယ် ကိုမြဒင်"

"ခင်ဗျားတို့ တောင်လုံးပြန်အပိုင် ပုဇွန်တောင်က လူမိုက် ဓားငမိုး"

"ဓားငမိုးကို ကျွန်တော်သိပါတယ် ကိုမြဒင်"

"သိရုံနဲ့မရဘူးလေဗျာ။ အရေးယူဖို့လည်း လိုတယ်ဗျ"

"ဟုတ် .. ဟုတ်ကဲ့ပါ ကိုမြဒင်"

"ဒီမှာအင်စပက်တာ၊ ပုလိပ်အရာရှိတစ်ယောက်အနေနဲ့ ရပ်သူရပ်သား၊ ရွာသူရွာသားတွေကို ကူညီစောင့်ရှောက်ဖို့ ခင်ဗျားတို့မှာ တာဝန်အပြည့်ရှိတယ်နော်"

"မှန် ... မှန်ပါတယ် ကိုမြဒင်"

"ဒါတွေက ကျွန်တော်ပြောရမယ့်အလုပ်မဟုတ်ပါဘူး။ ဒါပေမဲ့ ခင်ဗျားတို့သိထားရင် ခင်ဗျားတို့အတွက်လည်း ကောင်းတယ်။ ရပ်သူရပ်သား ရွာသူရွာသားတွေလည်း အန္တရာယ်ကင်းပြီး စိတ်ချမ်းသာကြမှာ အမှန်ပဲ"

"ဟုတ်ပါတယ် ကိုမြဒင်"

"အဲဒီလို ရပ်သူရပ်သား၊ ရွာသူရွာသားတွေ ဘေးအန္တရာယ်ကင်းပြီး သွားလာနေထိုင်နိုင်တယ်ဆိုရင် သူတို့က လည်း ခင်ဗျားတို့ကို ကျေးဇူးတင်ကြမှာ အမှန်ပဲ အင်စပက်တာ"

"ဟုတ်ကဲ့"

"ဒါတင်မကဘူး။ သူတို့ကလည်း ခင်ဗျားတို့ပုလိပ်တွေကို မေတ္တာပို့ကြမှာ အမှန်ပဲဗျ။ အခုတော့ဗျာ ..."

"ပြောပါ ကိုမြဒင်။ ခင်ဗျားကို ကျွန်တော်လေးစားပြီးသားပါ"

"မပြောတော့ပါဘူးဗျာ"

ပြောရန်ကြံပြီးမှ မြဒင်ငြိမ်နေလိုက်သည်။

"ထားပါတော့ ကိုမြဒင်။ ကန်တော်လေးက လူမိုက်ကြီးတင်မြကို ဘာကြောင့် ဒီကောင်တွေက အပေါက်ကျဉ်းနဲ့ ရှင်းတာလဲဆိုတာ ကျွန်တော်သိချင်တယ်"

"ရှင်းပါတယ် အင်စပက်တာ"

"ပြောပါ ကိုမြဒင်"

"တင်မြကြီးက နယ်မြေမထားတာရယ်၊ ဗိုလ်ကျလို့ပေါ့ဗျ"

"အင်း ..."

"တင်မြကြီးက နယ်နယ်ရရ မဟုတ်ဘူးဗျ"

"ပြောပါ ကိုမြဒင်"

"တစ်ချိန်က အနောက်ပိုင်းက လူမိုက်ကြီး၊ လမ်းမတော်ဖိုးတုတ်ရဲ့ လက်ကျန် တပည့်လူမိုက်တွေတောင် ဆက်ကြေးပေးနေရတာဗျ"

"ဘယ်သူတွေလဲဗျ"

"တရုတ်တန်းက ဟုပ်ကွမ်၊ ကြည့်မြင်တိုင်က ဖိုးစော၊ အလုံက မုတ်ကြီး"

"ဩော် ... ဒီလိုလား"

"အဆုံးတော့ဗျာ၊ ရန်ကုန်အရှေ့ပိုင်းက လူမိုက်တွေဖြစ်တဲ့ မြို့လယ် ဒီးလစ်ရယ်၊ ပုဇွန်တောင်က ဓား ရယ်၊ ဗိုလ်တထောင်အလီမူလာက ရှူးရယ် ပေါင်းပြီး ရှင်းလိုက်တယ် တော့"

"ဆက်ပါဦး ကိုမြဒင်"

"တင်မြကြီးကို လျှော့တွက်လို့ ဘူးဗျ။ ဝိတ်လဲမတယ်၊ နောက်ပြီးတော့ မြင်းစီးပုလိပ်လူထွက်ဗျ"

"ဩော် ... တင်မြကြီးက ပု လူထွက် ဟုတ်လား"

အင်စပက်တော်ခရစ်ပင် အ မပြောဘဲ မြဒင်သည် မစ္စတာခရစ်စပင် ခေါင်းညိတ်ပြလိုက်သည်။ အင်စ တော်ခရစ်ပင်သည် ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"တင်မြကြီးက အားကော မောင်းသန်ဗျ။ နောက်ပြီးတော့ ခရ ခေါ် သံလိုးဓားကိုလည်း အမြဲဆောင် တယ်"

"ဟုတ်ပြီ၊ ဟုတ်ပြီ။ အဲဒါကြော တင်မြကြီးကို အပေါက်ကျဉ်းနဲ့ ရှင်း လုပ်ကြံတာဖြစ်မယ်"

"သိပ်မှန်တာပေါ့ အင်စပက်တာ တင်မြကြီးကိုချော့ခေါ်ပြီး အရက်မူး တိုက်ပြီး အပေါက်ကျဉ်းနဲ့ ရှင်းလိုက်တာ လေ။ မယုံမရှိပါနဲ့ အင်စပက်တာ"

"ယုံပါတယ် ကိုမြဒင်"

"ရေထဲပစ်ချပြီး အမှုကိုဖျောက် မဲ့ မှုခင်းဆရာဝန်ကြီး ဒေါက်တာဘ ရဲ့ စေ့စပ်သေချာမှုကြောင့်သာ အ ပေါ်လာတာဗျ။ နို့မဟုတ်ရင် လူမိုက် တင်မြ ရေနစ်သေဆုံးသွားပြီးလို့ ပြ ကားချလိုက်ရမှာ အမှန်ဘဲ"

"မှန်ပါတယ် ကိုမြဒင်"

"ဒီတော့ဗျာ၊ မနက်ဖြန် ထိတ်တွေယူပြီး လာခဲ့ကြဗျာ"

"ဘယ်ကိုလာရမှာလဲ ကိုမြဒ



www.burmeseclassic.com

www.burmeseclassic.com

"ပုဇွန်တောင်ဈေးလေဗျာ"

"ပိုင်လှချည်လားဗျ"

"ပိုင်ဆို အလွတ်စုံထောက်မြဒင်လေ"

ဟု မြဒင် ရှင်းပြလိုက်သည်။

"ဘယ်အချိန်လာရမှာလဲ ကိုမြဒင်"

"နံနက် ၁၀ နာရီ"

ဟု အင်စပက်တော်ခရစ်ပင်ကို အလွတ်စုံထောက်မြဒင် ပြောလိုက်ပါတော့သည်။

× × × × ×

## အခန်း(၇)

အလွတ်စုံထောက်မြဒင်သည် ပုဇွန်တောင်ဈေးရှိ ထီးပြင်ကုလားမုတ်ဆိတ်ကြီးထံ လာခဲ့သည်။ ထီးပြင်ကုလားမုတ်ဆိတ်ကြီးသည် သူ၏မုတ်ဆိတ်မွေးများကိုသပ်၍ မြဒင်ကိုကြိုသည်။ သူ၏အပြုအမူကြောင့် မုတ်ဆိတ်တွင် အကြံရှိနေပြီဟု မြဒင်ခံစားလိုက်သည်။

သို့တစေ မသိကျိုးကျွန်ပြုလျက် မုတ်ဆိတ်ကြီးကို မြဒင်မေးလိုက်သည်။

"ဘယ်လိုလဲ ဦးမုတ်ဆိတ်။ ကျွန်တော်ချုန်နိုင်းထားတဲ့ ဖဲထီးသံချောင်းရပြီလား"

မုတ်ဆိတ်ကြီးသည် မဖြေ။ သူ၏မုတ်ဆိတ်မွေးများကိုသာ သနေသည်။

"ဘယ်လိုလဲဗျ"

"ကောင်လေး လာမှလာပါ့မလားလို့ ငါစိတ်ပူနေတာ။ အခုမှပဲ စိတ်အေးရတော့တယ် ... ဟဲ ... ဟဲ"

မေးခွန်းနှင့်အဖြေ တခြားစီဖြစ်၏။ မြဒင်သည် ချက်ဆို နားခွက်က မီးတောက်သူ ဖြစ်သည်။ မုတ်ဆိတ်ကြီးဘာကို အကွက်ဆင်ထားသည်လဲ၊ မြဒင်ရယ်ချင်သည်။

"ဒီမှာ ဦးမုတ်ဆိတ်၊ ခင်ဗျားတို့ဘာတွေအကွက်ဆင်ထားတယ်ဆိုတာ ကျွန်တော်ရိပ်စားမိပါတယ်ဗျာ။ ကျွန်တော်ကလည်း ဒီယုံမြင်လို့ ဒီချုံထွင်ခဲ့သူပါဗျ"

ဟု ပြောလိုက်ချင်သော်လည်း မြဒင်သည် နှုတ်ဆိတ်နေလိုက်သည်။

မုတ်ဆိတ်ကြီးသည် မြဒင်၏အတွင်းစိတ်ကိုမသိ။ မုတ်ဆိတ်ကိုသပ်၍ တဟဲဟဲနှင့် ရယ်သည်။

"ဘယ်လိုလဲ ဦးမုတ်ဆိတ်။ ကျွန်တော်ချုန်နိုင်းထားတဲ့ ဖဲထီးသံချောင်း ရပြီလား"

"ချုန်နိုင်းထားတယ် ကောင်လေး"

"ဘယ်မှာချုန်နိုင်းထားတာလဲ"

"ဈေးအနောက်က ဂိုဒေါင်ပျက်ကြီးထဲမှာ ကောင်လေး"

မြဒင်သိလိုက်ပြီ။ သို့သော်လည်း မြဒင်သည် လူနုံ၊ လူတုံးအသွင်ဆောင်လျက် မုတ်ဆိတ်ကြီးကို ပြောလိုက်သည်။

"ဒါဆိုလည်း ဂိုဒေါင်ပျက်ဆီ သွားကြရအောင်"

မုတ်ဆိတ်ကြီး အကြိုက်တွေ့သွားသည်။ မုတ်ဆိတ်ကြီးသည် သူတို့၏အကြံအောင်မြင်ပြီ အထင်ရှိသည်မသိ။ မုတ်ဆိတ်မွေးတသသနှင့် ရှေ့မှဦးဆောင်သွားသည်။

"ဒီမှာ ဦးမုတ်ဆိတ်။ ခင်ဗျားမုတ်ဆိတ်ကို ပျားစွဲမှာမဟုတ်ဘူးနော်။ ပျားတုပ်မှာဗျ"

ဟု ပြောလိုသော်လည်း အလွတ်စုံထောက်မြဒင်သည် ရေငုံနှုတ်ပိတ်၍ မုတ်ဆိတ်ကြီးနောက်မှ လိုက်ပါသွားပါတော့သည်။

× × × × ×

## အခန်း(၈)

အလွတ်စုံထောက် မြဒင်သည် နောက်ဘက်မှ အသံထွက်လာသောကြောင့် နောက်သို့လှည့်ကြည့်လိုက်သည်။

"ဂျိန်း ..."

မုတ်ဆိတ်ကြီးသည် ဂိုဒေါင်တံခါးမကြီးကို ပိတ်နေသည်။ မြဒင်သဘောပေါက်သွားသည်။ မုတ်ဆိတ်ကြီးကို မြဒင်ပြောလိုက်သည်။

"ဒီမှာ ဦးမုတ်ဆိတ်။ ခင်ဗျားလူတွေ ထွက်ပြေးမှာစိုးလို့လား။ ဒီကောင်တွေ ကျွန်တော့်လက်က မလွတ်ပါဘူးဗျ။ ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

တစ်ဖက်မှ ရယ်သံများ ထွက်လာသည်။ ရှန်ရှူး၊ ဒီးလစ်နှင့် ပုဇွန်တောင်ဖားငမိုးတို့ ပုန်းကွယ်ရာမှထွက်လာသည်။

"ဟား ... ဟား ... ဟား"

သူတို့သည် တဟားဟားနှင့် ရယ်သွမ်းသွေးရာမှ မြဒင်ကို ဝိုင်းရံလိုက်ကြသည်။ မြဒင်အတွက် ဒါတွေရိုးစင်းနေပါသည်။ မုတ်ဆိတ်ကြီးထံမှ အသံထွက်လာသည်။

"ငါတာဝန်ကျေပြီ"

ဟု ဆို၍ လက်ကိုဖြန့်ထားသည်။

ရှန်ရှူးသည် ပိုက်ဆံကိုထည့်ထားသော အိတ်ရှုံ့ကို မုတ်ဆိတ်ကြီးအား ပေးလိုက်သည်။ နောက် မြဒင်ကိုပြောသည်။

"မင်းက ဖဲထီးချောင်းကို ဘာအတွက် လိုချင်တာလဲ"

"လူမိုက်ကြီးတင်မြအတွက်ကွ"

"ဘာကွ"

ဟု ရှန်ရှူးဆိုသော်လည်း သူ၏မျက်နှာ သိသိသာသာ ပျက်သွားသည်။

"ကန်တော်လေးက လူမိုက်ကြီးတင်မြကို အပေါက်ကျဉ်းနဲ့ မင်းတို့ရှင်းခဲ့တာ ငါသိတယ်"

ဟု မြဒင်အပြတ်ပြောလိုက်သည်။

ရှန်ရှူးငြိမ်သွားသည်။ သို့သော် ဒီးလစ်ခုန်ဝင်လာသည်။ မြဒင်သည်ခုန်ဝင်လာသည့် ဒီးလစ်ကို ဒူးပျံကြွေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒူးပုံ့စာမိသွားသော်လည်း ဒီးလစ် နောက်မဆုတ်။ ရှေ့တိုးသည်။ မြဒင်ဟ ပေးလိုက်သောကြောင့် ဒီးလစ်ဝင်ပူး သည်။ ဒီးလစ်ကို လက်ဝါးစောင်းဖြင့် မြဒင် တုံ့ပြန်လိုက်သည်။

"အား ..."

ဒီးလစ်တွန့်သွားသည်။

ဤတွင် ဘယ်ညာလက်သီးများကို ဆင့်ကဲဝင်လိုက်သောကြောင့် ဒီးလစ် နောက်သို့ လန်ကျသွားသည်။ ထရန်မဆို နှင့် အသက်ကို မနည်းရှူနေရသည်။

ပုဇွန်တောင် ငမိုးဝင်လာသည်။ ငမိုးသည် ကန်ချက်များဖြင့် မြဒင်ကို ဝင် တိုက်သည်။ မြဒင်သည် ငမိုး၏ကန်ချက် များကို ညာဝိုက်ကန်ချက်များဖြင့် တုံ့ပြန် သည်။ ပြင်းထန်သော မြဒင်၏ ဝိုက်ချက် ကြောင့် ငမိုးယိုင်သွားသည်။

ဤတွင် မြဒင်သည် ဘယ်ဖြောင့် လက်သီးကို အပိုင်ထောက်ပြီး ညာပင့် လက်သီးဖြင့် ပွဲသိမ်းလိုက်သည်။

"ဟား ... ဟား ... ဟား"

ရှန်ရှူးထံမှ ရယ်သံထွက်လာ သည်။ ရှန်ရှူးသည် ပသျှူးလက်ဝှေ့ သမားများကဲ့သို့ မြဒင်ကို ဟန်ရေးပြလိုက် သည်။ မြဒင်ပျင်းသည်။ မြဒင်သည် လက်ပမ်းပေါက်ခတ်၍ တဟားဟားရယ် နေလိုက်သည်။

"တွေ့ကြသေးတာပေါ့ စုံထောက် စုတ်"

"လာထားလေ ကြာသလားလို့"

ရှန်ရှူး ဝင်လာပြီ။ ရှန်ရှူးသည် မြဒင်ကို အထင်သေး၍လားမသိ၊ လက် သီးများကို ဖွင့်ဝင်သည်။ မြဒင်ကို အကဲ စမ်းသည်လား။ မြဒင်ကို ဒီလိုလုပ်၍မရပါ။

မြဒင်သည် ရှန်ရှူးကို ဘယ် ထောက်လက်သီးဖြင့် မိတ်ဆက်လိုက် သည်။

"အား ..."

ရှန်ရှူးထံမှ အော်သံထွက်လာ သည်။ မြဒင်အတွက် ခပ်ပါးပါးပါ၊ သာ သာလေးပါ။

"ယား ..."

ရှန်ရှူးသည် ဘယ်ညာလက်သီး များတွင် အားထည့်ပြီးဝင်သည်။ နောက် ဆုတ်၍ မြဒင်ခံသောကြောင့် ရှန်ရှူးကျွံ ဝင်လာသည်။ ဖိလိုက်လာသော ရှန်ရှူး အား တွဲလက်သီးများဖြင့် မြဒင်တုံ့ပြန် လိုက်သည်။

"ဖုန်း ... အား"

"ဖုန်း ... ဖုန်း ... အား ... အား"

ရှန်ရှူးသည် ဆက်၍ မတိုးဝံ့သော် လည်း မြဒင်၏ အလစ်အငိုက်ကိုစောင့် သည်။ မြဒင်ကလည်း ရှန်ရှူး၏ အမှား ကို စောင့်၏။ ရှန်ရှူးအပြင်းနှင့် ဝင်လာ သည်။

အပြင်းနှင့် ဝင်လာသော ရှန်ရှူးကို အကြမ်းဖြင့် မြဒင် တန်ပြန်လိုက်သည်။ ရှန်ရှူးက ကန်ချက်ဖြင့် ပြောင်းတိုက် သည်။ ခြေချင်းဆိုင်လျှင် မြဒင်၏ကန် ချက်က မာသောကြောင့် ရှန်ရှူးနောက် ဆုတ်ရပြန်သည်။

ဘယ်ထောက်ချင်းယှဉ်လျှင် လက် တံရှည်သော မြဒင်ကို ရှန်ရှူးမယှဉ်သာ ဘဲရှိ၏။ နောက်ဆုတ်ခံသော ရှန်ရှူးအား အသိမ်းအနုတ် တွဲလက်သီးများဖြင့် မြဒင် ဖိလိုက်သည်။

ရှန်ရှူးသည် မြဒင်၏ တွဲလက်သီး များမှ ရှန်းထွက်သည်၊ မရပါ။ မြဒင်၏ ဘယ်ညာ တွဲလက်သီးများက မိုးပေါက် ကဲ့သို့ရှိသောကြောင့် ဒရီးဒယိုင်နှင့် အပြို ပြို၊ အလဲလဲ ရှန်ရှူးရှိ၏။

ဤတွင် မြဒင်သည် ရှန်ရှူးကုပ်ကို စွဲ၍ ဒူးပုံ့ဖြင့် အရှိက်ကို အပိုင်ကြွေးလိုက် သည်။

"အင့် ..."

အသံသဲ့သဲ့ဖြင့် ကြမ်းခင်းသို့ ရှ ရှူးခွေကျသွားသည်။

"ဟား ... ဟား ... ဟား"

ခေါင်မိုးထံမှ ရယ်သံထွက်လာ သည်။ ဓားငမိုးသည် ဘယ်အချိန်က သတိပြန်ဝင်လာသည်မသိ၊ အသင့်ပါလာ သောဓားဖြင့် မြဒင်ကို ပစ်ပေါက်သည်။

"ဝိုး ..."

"ဒုတ် ..."

မြဒင်ရှောင်လိုက်သောကြောင့် ဝင် ပေါက်တံခါးမကြီးရှေ့တွင် ရပ်နေသော မုတ်ဆိတ်ကြီး၏ ရင်ညွန့်ကို တိုးပေါက် ဝင်ရောက်သွားသည်။

"ကျား ..."

မြဒင်သည် ခုန်ဝင်၍ ဓားငမိုး၏ ရင်ဝကို စုံကန်လိုက်သည်။

"ဖုန်း ..."

"ဝုန်း ..."

ဓားငမိုး လွင့်ထွက်သွားသည်။ ထို စဉ် ...

"ဂျုံး ... ဂျက် ... ဂျက်"

ဂိုဒေါင်ဝင်ပေါက် တံခါးမကြီး ဖွင့် သံကြားရသည်။ နောက်သို့ မြဒင်လှည့် ကြည့်လိုက်သည်။

"Brovo... ဖျောင်း ... ဖျောင်း ... ဖျောင်း"

လက်ခုပ်သံများနှင့်အတူ အင်စ ပက်တော်ခရစ်ပင်နှင့် တောင်လုံးပြန် ပုလိပ်ဌာနမှ ပုလိပ်များ ဂိုဒေါင်ထဲသို့ ဝင် လာသည်ကို မြဒင်တွေ့ရသည်။

အလွတ်စုံထောက်မြဒင်သည် အင် စပက်တော်ခရစ်ပင်ကို ပြောလိုက်သည်။

"Fifty, Fifty, Half by Half"

ဖော်မော်လင်း



www.burmeseclassic.com

www.burmeseclassic.com

# လူသေမှုနှင့် လူသတ်မှု ဘယ်လိုခွဲခြားမလဲ

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

လူသေမှုနှင့် လူသတ်မှုသည် ဥပဒေပညာရပ်တွင် များစွာကွာခြား၊ ခွဲခြားမှု ရှိပေသည်။ တဖတ်ပရိသတ်များ အလွယ်တကူ နားလည်သဘောပေါက်နိုင်ရန်အတွက် လူတိုင်းနားလည်သည့် အရပ်သားစကားဖြင့်ပင် ဥပမာများနှင့်တကွ ရေးသားတင်ပြဖော်ပြသွားပါမည်။

လူသေမှုဆိုသည်မှာ (၁) ကြံရွယ်ချက်လုံးဝမရှိသော လူသတ်မှု၊ (၂) သေကြောင်းကြံစည်ကာ မိမိကိုယ်ကို မိမိသတ်မှု၊ (၃) မတော်တဆသေစေမှု (ဝါ) အရမ်းပေါ့ဆခြင်းကြောင့် သေစေမှု၊ (၄) ရုတ်တရက် အကြီးအကျယ်ဒေါသထွက်မှုကြောင့် ဖြစ်ပွားသော လူသတ်မှု၊ (၅) ကာကွယ်ခုခံပိုင်ခွင့်အရ လူသေမှု၊ (၆) တာဝန်အရ သေစေမှု၊ သတ်မှု၊ (၇) ကြိုတင်ကြံရွယ်ချက်မရှိဘဲ လူသေစေမှုသည်တို့ ဖြစ်ပါသည်။

## လူသေစေမှု ဥပမာရပ်များ

(က) မောင်နီသည် မိမိ၏ မယားက လင်ငယ်နှင့်အိပ်သည်ကို တွေ့ရှိသဖြင့် ရုတ်တရက် ဒေါသအကြီးအကျယ်ဖြစ်ပြီး ထိုလင်ငယ်အား သတ်မိခဲ့လျှင် လူသေစေမှုကို ကျူးလွန်သည် မည်ပေသည်။ ဤတွင် အထူးသတိပြုရန်မှာကား ယခုချက်ချင်းမသတ်ဘဲ နောင်မှ အကြံရရှိပြီးသတ်လျှင် လူသတ်မှု ဖြစ်သွားပေသည်။

(ခ) ရဲသားတစ်ဦးသည် တရားခံကို ဖမ်းဆီးထားခဲ့ရာမှ တရားခံ ထွက်ပြေး၍ သေနတ်ဖြင့် ပစ်ပြီး သေခဲ့လျှင် လူသတ်မှုမဟုတ်၊ လူသေစေမှု ဖြစ်ပါသည်။

(ဂ) ဘောလုံးပွဲကြည့်ရာမှ ငယ်ထိပ် ဘောလုံးထိမှန်၍ သေစေခဲ့လျှင် လူသတ်မှုမဟုတ်ပါ။

(ဃ) ကားတိုက်မှုကြောင့်သော်လည်းကောင်း၊ ရေနစ်၍သေခြင်းကြောင့်သော်လည်းကောင်း။

(င) ရောဂါမပျောက်၊ စိတ်ညစ်လွန်းလှသဖြင့် အဆိပ်ကျွေးခိုင်း၍ ကျွေးခဲ့ခြင်း၊ သို့မဟုတ် သေနတ်ဖြင့် ပစ်သတ်ခိုင်းခြင်း၊ ယင်းအကြောင်းများကြောင့် လူကို သေစေလျှင် လူသတ်မှု မမြောက်ပေ။ လူသေမှုသာ ဖြစ်ပါသည်။

## လူသတ်မှုဆိုသည်ကား

(၁) တင်ကူးကြံရွယ်ချက်ရှိရမည်။ နောက်မှ အကြံရ၍ (After thought) ဖြင့်သတ်လျှင်၊ (၂) သတ်မှ အေးမည်၊ မကြာခဏပြောဆိုပြုလုပ် ပြင်ဆင်ကြံစည်လျှင်၊ (၃) ခုခံကာကွယ်ပိုင်ခွင့်ကို အလွဲသုံးစားပြုလုပ်လျှင်၊ (၄) တရားခံအား ဖမ်းချုပ်ထားခဲ့ရာမှ ခြေလွန်လက်လွန် ပြုကျင့်မိလျှင် (သေလျှင်)

ဥပမာ - ကြေးမုံနေ့စဉ်သတင်းစာ ဧပြီလ ၁၃ ရက်၊ ၂၀၁၃ ရက်ထုတ်၊ စာမျက်နှာ ၁၄ တွင် -

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကျိုင်းကျေးရွာတွင်နေထိုင်သူ ဖိုးတော(ခေါ်) ဝင်းထွဋ် (၃၂ နှစ်)သည် ဧပြီလ ၉ ရက်၊ နံနက် ၆ နာရီခန့်က မူးယစ်ရမ်းကားဆဲဆိုနေသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ထိပ်တုံးခတ်၍ ချုပ်ထားခဲ့၏။ ညအခါ လုံခြုံရေးမှူး အစောင့်ထားခဲ့ရာမှ အစောင့်လုံခြုံရေးမှူးက ခြေလွန်လက်လွန် ရိုက်နှက်၊ ထိုးနှက်၊ ကန်ကျောက်ခဲ့ခြင်းကြောင့် တရားခံသေဆုံးသွားခဲ့သည် ဆိုသည်။ ကျိုင်းရဲစခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (လူသတ်မှု)ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိသည်ဟု သိရသည်။

**ကေတီအောင်သိန်း**
(ရန်ကုန်တက္ကသိုလ်)

*Ref:*

(၁) ရာဇဝတ်ကြီးငြိကာ၊
(၂) ပြစ်မှုဆိုင်ရာဥပဒေ၊
(၃) ကြေးမုံနေ့စဉ်သတင်းစာ (၁၃-၄-၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ငါးရာ့ငါး(ခ)

ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ)

အခုတလော တန်းစီဆန္ဒပြတောင်းဆိုသံတွေ တော်တော်ညံညံလေး ကြားရပါသည်။

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေကလည်း ပြဋ္ဌာန်းပြီးပြီဆိုတော့ တန်းစီလှည့်လည် ဆန္ဒပြတဲ့အလုပ်တွေကို ဟိုက ထလုပ်လိုက်၊ ဒီက ထလုပ်လိုက်နဲ့ နေရာဒေသ အကြောင်းအရာအလိုက် ဖော်ထုတ်လာကြသည်။

သက်ဆိုင်ရာ ဥပဒေအရ တန်းစီလှည့်လည်ခွင့် ခွင့်ပြုချက် တောင်းခံရပါမယ်။ ခွင့်ပြုရင်တော့ တန်းစီလှည့်လည်ပေါ့။ သက်ဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့က ခွင့်မပြုရင်တော့ မလုပ်နဲ့ပေါ့။ ဒီသဘောပါ။

ဒါပေမဲ့ တန်းစီလှည့်လည် ဆန္ဒဖော်ထုတ်တဲ့သူတွေက သက်ဆိုင်ရာကို ခွင့်ပြုချက်တောင်းတယ်။ သက်ဆိုင်ရာကလည်း အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်ပေးလို့မရတဲ့ ကိစ္စတွေမှာ ခွင့်ပြုချက်မပေးဘူး။

ခွင့်ပြုချက်မရတော့လည်း တန်းစီလှည့်လည်သူ ဆန္ဒဖော်ထုတ်တဲ့သူတွေဟာ သူတို့ကိစ္စသူတို့ ဆက်လုပ်လာတယ်။ ဒီတော့ ဥပဒေနဲ့ ထိပ်တိုက်တိုးပြီပေါ့။

ခွင့်ပြုချက်မရတဲ့ တန်းစီလှည့်လည် ဆန္ဒဖော်ထုတ်တဲ့သူတွေကို တာဝန်ရှိသူတွေက တားတယ်။ တားမရတော့ ဖမ်းလားဆီးလား လုပ်လာတယ်။ ရုံးတင်ပြီးတော့ အဲဒီ ဥပဒေပုဒ်မ–၁၈ နဲ့ ခွင့်ပြုချက်မရဘဲ တန်းစီလှည့်လည်တယ်ဆိုပြီး တရားစွဲတယ်။

အဲဒီကိစ္စတွေမှာ အဲဒီလူတွေကို နောက်ဆက်တွဲ ပုဒ်မ ၅၀၅(ခ) ဆိုတာပါဘဲ။ အခုတလော အဲဒီငါးရာ့ငါး(ခ)ဆိုတဲ့ ပုဒ်မက ရေပန်းစားသလိုတောင် ဖြစ်လာတယ်။

ဒီတော့ ဆီလိုအပေါက်ရှာတတ်တဲ့ တောက ကျွန်တော့်ဦးလေးက ကျွန်တော့်ရုံးခန်းကို ပေါက်လာပြီး အမေးအမြန်းထူပြန်ရော။

❒

တောမှာနေတဲ့ ကျွန်တော့်ဦးလေးဆိုသူကလည်း ခေသူမဟုတ်။ ကျွန်တော့်ဦးလေးပဲလေ။

တောမှာနေပေမဲ့ ရေနွေးကြမ်းတစ်အိုးနဲ့ နေ့စဉ် ဘီဘီစီ၊ ဗွီအိုအေ R.F.A တို့ကို ရေဒီယိုဟောင်းကလေးတစ်လုံးနှင့် နားထောင်နေတတ်တဲ့သူ။

တော်ရုံတန်ရုံ မြန်မာ့သတင်းတွေတောင် သူပြောမှ ကျွန်တော်သိရတယ်။ တောမှာလည်း တိုးတက်လာနေပြီလေ။

ရောက်တယ်ဆိုရင်ပဲ သူယူလာတဲ့ တောကမုန့်နဲ့ လက်ဖက်ရည်အချို၊ အကြမ်း တည်ခင်းရင်း သူက စကားစလာပါတယ်။

"ဟဲ့ . . . နေပါဦး ငါ့တူရ။ အခုတလော သတင်းစာထဲတွေ၊ ဂျာနယ်တွေထဲမှာ ဖတ်ဖတ်နေရတယ်။ မင်းတို့ ပြစ်မှုငါးရာ့ငါး(ခ)က ဘာလဲကွ။ ငါ့ကိုပြောပြစမ်းပါဦး"

ဘယ့်နှယ်ကြောင့် အဲဒီကိစ္စ ကျွန်တော့်ခေါင်းပေါ် ရောက်လာလေလဲ မသိ။ သူယူလာတဲ့ မုန့်တွေနဲ့တောင် မကာမိဘူး။

"ဟာ . . . ဦးလေးကလဲ။ ဦးလေးက ကြောက်လို့လား။ ဦးလေးက ဟိုပြောဒီပြောနဲ့"

"ဟ . . . ငါက ဘာပြောလို့လဲကွ။



www.burmeseclassic.com

www.burmeseclassic.com

မင်းပုဒ်မကြီးက ဘာမှန်းမသိဘဲ။ ငါက ဘာကိုကြောက်ရမှာလဲ"

"ဟား ... ဟား ... ဦးလေးကို စတာပါ။ ဒါပေမဲ့ ဦးလေးနဲ့လည်း ဆိုင်တယ်နော်"

ဦးလေးက စိတ်မရှည်။ နဂိုကမှ စိတ်တိုတတ်တဲ့သူ။ ဟုတ်လည်း ဟုတ်တာပဲ။ ဥပဒေတွေမှာက သို့သော်လည်းတို့၊ သို့တည်းမဟုတ်တို့၊ ကင်းလွတ်ချက်တို့၊ ခြွင်းချက်တို့ ဆိုတာတွေကလည်း အမျိုးမျိုး။ မြန်မာတွေ ဖတ်ရင်တောင် မျက်စိလည်စရာ။ ဒီတော့ ကျွန်တော်က ဦးလေးကို ရှင်းပြရတယ်။

ဘယ်ကစရှင်းပြရင် ကောင်းမလဲလို့ စဉ်းစားကြည့်တော့ "ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေ"ကို စပြီးရှင်းပြဖို့ စိတ်ကူးရလိုက်တယ်။

"ဒီလိုရှိတယ် ဦးလေးရ။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် နည်းဥပဒေပုဒ်မ–၃ မှာဆိုရင် ငြိမ်းချမ်းစွာစုဝေးခွင့်ကို ဖြစ်စေ၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ကို ဖြစ်စေ ရရှိလိုသူသည် မိမိဆောင်ရွက်လိုသည့် ကိစ္စအတွက် သက်ဆိုင်ရာ ပုံစံ(၁)၊ ပုံစံ(၂)၊ ပုံစံ(၃)ပါအတိုင်း အချက်အလက်များကို ဖော်ပြ၍ မိမိဆောင်ရွက်လိုသည့် နေ့ရက်မတိုင်မီ အနည်းဆုံး ငါးရက်ကြိုတင်၍ သက်ဆိုင်ရာမြို့နယ်တပ်ဖွဲ့မှူးထံ လျှောက်ထားရမည်လို့ ပြောထားပါတယ်။

ပုဒ်မ–၄ မှာ ငြိမ်းချမ်းစွာ စုဝေးခြင်းကိုဖြစ်စေ၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းကိုဖြစ်စေ ဆောင်ရွက်လိုပါက သက်ဆိုင်ရာမြို့နယ်အားလုံး၏ ခွင့်ပြုချက်ရရှိရန် နည်းဥပဒေ–၃ ပါအတိုင်း ဆောင်ရွက်ရမည်ဟု ဆိုထားပါတယ်"

"ဟုတ်လား"

"ဟုတ်တာပေါ့။ ဦးလေးက အဲဒီလို မလျှောက်ဘူး။ မလုပ်ဘူး မဟုတ်လား"

"မင်းတို့ရှေ့နေဆီရောက်မှပဲ အမှုဖြစ်တော့မှာပဲ။ ငါကသိချင်လို့ မေးတာပါကွ။ အဲဒီလူတွေကို နောက်ထပ်ပုဒ်မ ၅၀၅(ခ) ဆိုတာကြီး ထပ်တပ်ပြီး တရားစွဲစွဲနေတာ။ ငါသိချင်လို့ကွ ၅၀၅(ခ) ဆိုတာ ..."

"ပြောပြပါမယ် ဦးလေးရ"

"အေး ... ပြော"

ဦးလေးက စိတ်ဝင်စားစွာ နားထောင်နေပါတယ်။ ကျွန်တော်က ရေနွေးကြမ်းတစ်ခွက်မော့ရင်း အာရှင်းလိုက်ပါတယ်။

❐

"ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅(ခ) မှာ ဆိုထားတာကို ပုဒ်မ–၅၀၅ ကို အရင်ပြောပြပါ့မယ်"

"ပြော ..."

"မည်သူမဆို ဖော်ပြချက်ကို ဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင်၊ သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင်၊ သို့တည်းမဟုတ် ဖြန့်ချိရာတွင်ဆိုပြီးတော့ အောက်မှာ (က)(ခ)ဆိုပြီး နှစ်ပိုင်းခွဲထားထယ် ဦးလေးရဲ့"

"မင်းတို့ဟာကလည်း ရှုပ်လိုက်တာကွာ"

ဦးလေးက စိတ်မရှည်။

"ဩော် ... ရေးထားတဲ့အတိုင်း ပြောရတာ။ ဦးလေးကလဲ ..."

"အေး ... ပြောကွာ။ (ခ)က ဘာတဲ့လဲ"

"(ခ)အပိုဒ်က နိုင်ငံတော်အစိုးရကို ဖြစ်စေ၊ နိုင်ငံတော်ငြိမ်းဝပ်ပိပြားရေးကိုဖြစ်စေ ထိခိုက်သည့်ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ချင်လာ

အောင် အများပြည်သူတွေကို
လည်းကောင်း၊ အများပြည်သူ၏
လူတစ်စုကိုသော်လည်း ကြောက်
ထိတ်လန့်ခြင်းတစ်ခုခုဖြစ်စေရန်
ရလျှင်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်
ရသည့် အကြောင်းရှိလျှင်လို့ ဆို
တယ်"

"ပြစ်ဒဏ်ကရောကွာ"

"အဲဒီသူကို နှစ်နှစ်ထိ ထောင်
တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊
နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်တယ်လို့
ထားပါတယ်"

"ဟ ... မလွယ်ပါလားကွ။
တန်းလှည့်လည်တဲ့သူတွေကလည်း
တွေအော် ဟစ်တောင်းဆိုနေမှန်းမှ
တာ။ ဖမ်းတဲ့သူက ဖမ်းရောပေါ့"

"ဒါပေမဲ့ ... ကင်းလွတ်ချက်
လည်း ရှိသေးတယ် ဦးလေးရဲ့"

"ဟာ ... မင်းတို့ဥပဒေတွေ
လည်း အမျိုးမျိုးကွာ၊ ရှုပ်နေတာပဲ"

"မရှုပ်ပါဘူး ဦးလေးရဲ့။ ရှင်း
တယ်"

"အင်း ... ဒါကိုပြောပါဦး"

"ကင်းလွတ်ချက်မှာ ဆိုထား
က တစ်ဦးတစ်ယောက်သောသူသ
ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလ
ဖြစ်စေ၊ သတင်းကို ဖြစ်စေ ပြုရာတွ
သို့တည်းမဟုတ် ထုတ်ပြန်ကြေညာ
တွင်၊ သို့တည်းမဟုတ် ဖြန့်ချိရာတွင်
ဖော်ပြချက်သော်လည်းကောင်း၊ ထို
လာဟလသော်လည်းကောင်း၊
သတင်းသော်လည်းကောင်း မှန်
သည်ဟု ယုံကြည်ရန် အကြောင်းရှိ
ပြင် အထက်ကဆိုခဲ့သော အကြံ
ပြုလျှင်၊ သို့တည်းမဟုတ် ထုတ်ပြန်
ညာရာတွင်လျှင်၊ သို့တည်းမဟုတ် ဖြ
လျှင် ဤပုဒ်မ၏ အဓိပ္ပာယ်အရ ပြ
မမြောက်လို့ ဆိုထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... မင်းဟာက အမှန်တွေ
ကို ထုတ်ပြောနေတယ်၊ ဖြန့်ချိနေတယ်။ ...ကောင်းဆိုနေတယ်ဆိုရင် ပြစ်မှုမမြောက်ဘူးပေါ့''

"အဲလိုတော့ အဓိပ္ပာယ်ရှိတာပေါ့"

ဦးလေးခပ်တွေတွေလေး စဉ်းစားသွားတယ်။ နောက်မှ သူက ပြောတယ်။

"ဒါဆို ဘာလို့ဖမ်းတာလဲကွာ"

ဦးလေးစိတ်ကလည်း ခပ်တိုတို။ ...ဟုတ်ရင် မခံတတ်တဲ့ လူမျိုး။ သူရုတ်...ရက်မေးလိုက်တဲ့ မေးခွန်းက ပြန်ဖြေဖို့...မလွယ်။ စဉ်းစားရပြန်တယ်။ နောက်... ဖြည်းဖြည်းချင်း ပြောလိုက်ရတယ်။

"အပြစ်မရှိရင်တော့ ပြန်လွှတ်ပေး...ပေါ့ ဦးလေးရ"

ကျွန်တော်က တရားဥပဒေသမား... ပြေလည်အောင် ဖြေလိုက်ပါတယ်။ ...လေးက သိပ်ဘဝင်မကျပုံမရ။ မျက်နှာ... အလိုမကျတဲ့ပုံပေါ်နေတယ်။

"ပြန်လွှတ်တာက အရေးမကြီးဘူး...ကွာ။ အပြစ်မရှိဘဲ အဖမ်းခံရတဲ့သူ...တွေကရော မနစ်နာဘူးလား"

"ဒါတော့ ဦးလေးရာ ... သူတို့ကို ...ရုံးမှာ စွဲဆိုတင်ပြပြီး အပြစ်ရှိတယ်၊ ...ဘူးဆိုတာ စစ်ဆေးကြည့်ရဦးမှာပေါ့"

"အေးလေ ... အဲဒါ ငါပြောတာ။ ...ဆီးမယ်၊ တရားရုံးတင်မယ်၊ စစ်...မယ်။ အဲဒီအချိန်အတွင်း အဖမ်းခံ...ရတဲ့သူတွေက နစ်နာမှုတွေ မရှိနိုင်...လား"

ဦးလေးမျက်နှာရော၊ အသံကပါ... တင်းမာလာသလိုပဲ။ သူနဲ့ဆက်ပြော...မှာ ကျွန်တော်တောင် လန့်သလိုလို ဖြစ်...ပါတယ်။ ဒါပေမဲ့ ဆက်ပြီးမျှောချရ...တယ်။

'ဒါတော့ ဒါပေါ့ ဦးလေးရာ"

"မဒါပေါ့နဲ့လေကွာ။ ဒီလို အမှန်...ထုတ်နေတဲ့လူတွေကို အလွယ်တကူ ဖမ်းတယ်၊ ဆီးတယ်၊ ရုံးတင်တယ်၊ စစ်ဆေးတယ် လုပ်နေရင်မခက်ဘူးလား"

ပြုံးဖြဲဖြဲလုပ်နေတဲ့ ဦးလေးနှုတ်ခမ်းက ခပ်ရွဲ့ရွဲ့ဖြစ်လာပါတယ်။

သူ့မေးခွန်းက အတော်မြင့်တက်လာပါတယ်။ ဖြေရမှာလည်း နည်းနည်းခက်ခဲပြီး နက်နဲလာတယ်။

"ဒါက တရားဥပဒေလေ ဦးလေးရဲ့"

ကျွန်တော်က ပါးစပ်ထဲရှိရာ ဦးလေးစိတ်ပြေပါစေဆိုတဲ့ သဘောနဲ့ ဖြေလိုက်ပါတယ်။ ဒီတော့မှ ပိုတောင်ဆိုးလာသေး။

"တရားဥပဒေဆိုတာ မှန်ကန်ရမယ်၊ မျှတရမယ်လေကွာ မဟုတ်ဘူးလား"

"ဟုတ်တာပေါ့ ဦးလေးရဲ့"

သူကျေနပ်ပါစေတော့ဆိုပြီး သူ့အကြိုက်ရောလိုက်ပြီး ဖြေလိုက်ပါတယ်။

သူကျေနပ်သွားပုံရပါတယ်။ သူပြုံးဖြဲဖြဲလုပ်တာက အခွဲ့တိုက်သလို၊ မယုံကြည်သလို သဘောတွေ ရောနှောနေကြောင်း အကဲခတ်မိပါသည်။

"အေး ... ဒါဆို မင်းကို ငါတစ်ခုပြန်မေးမယ်"

"မေးပါ"

"ကဲ ... အဲဒီအဖမ်းခံရတဲ့သူတွေကို ရုံးတင်တင်ပြီကွာ၊ စစ်ဆေးပြီကွာ၊ ဘာပဲဖြစ်ဖြစ် အပြစ်ပေးမှာပဲလား"

ဦးလေးမေးခွန်းက ကြောက်စရာကောင်းလာပါတယ်။ ဒီတော့ ကျွန်တော်ကလည်း အလိုက်အထိုက် ပြောပါတယ်။

"အဲလိုတော့လည်း မဟုတ်ဘူးလေ ဦးလေးရာ"

"ကဲ ... ဒါဆို အပြစ်မရှိဘူးဆိုရင် ရောကွာ"

ကျွန်တော်က ဝမ်းသာအားရ ခပ်ကြွားကြွားကလေး ဖြေပါတယ်။

"အပြစ်မရှိရင်တော့ တရားသေ လွှတ်ရမှာပေါ့ ဦးလေးရ။ ဒါတရားဥပဒေပဲ"

"ကဲ ... ဒါဆို အလွယ်တကူ ရမ်းပြီးဖမ်းတဲ့သူတွေကိုရော ပြန်ပြီး အရေးယူလို့မရဘူးလား"

အော် [illegible]လေးပျလို့ ထအော်လိုက်ချင်ပေမဲ့ ဦးလေးရှေ့မှာ ဘာပြန်ပြောရမလဲလို့ ခပ်တွေတွေလေး စဉ်းစားနေမိပါတယ်။

ကျွန်တော်နှုတ်လေးနေမှန်းသိလို့

"ကဲ ... ပြောလေကွာ"

ဦးလေးက အောင်နိုင်သူတွေ လေသံနဲ့ ကျွန်တော့်ကို ထပ်မေးပါတယ်။

"ဒါတော့ ဦးလေးရာ"

ကျွန်တော့်ပါးစပ်ထဲ တွေ့ရာပဲ ပြောလိုက်မိပါတယ်။

"ဒီနေ့ မင်းနဲ့ စကားပြောရတာ အဆင်မပြေပါဘူးကွာ။ အချိန်နည်းနည်းနောင်းသွားပြီ၊ ငါသွားမယ်ဟေ့"

ဦးလေးမကျေမနပ်နဲ့ နှုတ်ဆက်ပြီး ပြန်သွားပါတယ်။

ပြန်သွားတဲ့ ဦးလေးရဲ့ ကျောပြင်ကို ကြည့်ရင်း ...

"အင်း ... ဦးလေးပြောတဲ့ စကားတွေဟာ စကားလုံးအသုံးအနှုန်းတွေ၊ ဝေါဟာရတွေ မပါပေမဲ့ သူဟာ ဒီနေ့လူတွေ အော်ဟစ်မြည်တမ်းနေကြတဲ့ 'လူ့အခွင့်အရေး'၊ 'တရားဥပဒေစိုးမိုးရေး'ဆိုတဲ့ အဓိပ္ပာယ်တွေ အပြည့်အဝပါနေပါလား"

လို့ သတိထားမိလိုက်ပါတယ်။

တောမှာနေတဲ့ ကျွန်တော့်ဦးလေး ကို အထင်မသေးရဲတော့ပါ။

ကိုမောင်စံသိန်း(ဖိုလ်ချုပ်ရွာ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မဟူရာည၏ ကြေကွဲရိပ်

■ အောင်သာကျော်

ဝန်းကျင်တစ်ခုလုံးကို အမှောင်ထုက လွှမ်းမိုးထားသည်။ မည်းနက်ရှည်လျားစွာ တည်ရှိနေသည့် မဟူရာလမ်းကြောင်းပေါ် တိုးဝင်နေသည့် အလင်းတန်းတစ်ခု၏ နောက်ဝယ် ဂျစ်ကားတစ်စီး အရှိန်ပြင်းပြင်းဖြင့် ပြေးလွှားနေသည်။ ဂျစ်ကားလေးက အရှိန်တန့်သွားသည်၊ လျော့သွားသည်ဟူ၍မရှိဘဲ ပြေးသထက်သာ ပြေးလို့နေသည်။ လှည်းကူးကျော်လာကတည်းက လီဗာကို ဖိနင်းနေမိသည့် ဝင်းလွင် ထောက်ကြန့်လမ်းဆုံရောက်ပြီဆိုသည့်အသိကြောင့် လီဗာလျှော့ချဖြစ်တော့မှ မချိမဆံ့ ရှုန်းကန်ရေသည့် စက်သံများ ပြေလျော့ကာ ဂျစ်ကား၏ ပြေးနှုန်းကလည်း ပုံမှန်အနေထားသို့ ရောက်တော့သည်။

လမ်းဆုံရောက်သည်နှင့် ရန်ကုန်ဘက်သို့ ဦးတည်ရာလမ်းကြောသို့ ဝင်လိုက်ရင်း ဟိုဟိုသည်သည် ကြည့်လိုက်ရင်း လက်မှ လက်ပတ်နာရီဆီသို့ အကြည့်လွှဲဖြစ်သွားသည်။

"ဟာ ... ၁၂ နာရီတောင် ကျော်နေပြီ"

ဝင်းလွင်တစ်ကိုယ်ကြား ရေရွတ်လိုက်သည်။

မဖြစ်ဘူး။ ဒီညတွင်းချင်း အေးဆောင်ဆီ အရောက်သွားမှဖြစ်မယ်ဆိုသည့် အသိက ဝင်းလွင်ကို လှုံ့ဆော်နေသလို ထောက်ကြန့်လမ်းဆုံအကျော်က မဟူရာစံအိမ်ကြီးရှေ့က ဖြတ်မောင်းသွားရမည့်အရေး ရင်လေးနေမိသည်။ မထူးတော့၊ ဖြစ်ချင်ရာဖြစ်စေတော့။ ဒီညတွင်းချင်း အေးဆောင်ဆီ အရောက်သွားမှုကို ဖြစ်မည်ဆိုသည့် ဆုံးဖြတ်ချက်ကို အားထည့်ကာ လီဗာကို ဖိနင်းဖြစ်ပြန်သည်။

ဂျစ်ကားသည် မဟူရာရောင်လွှမ်းနေသည့် ညချမ်းမှာပင် လေးမှပစ်လွှတ်လိုက်သည့် မြားနှယ် ဖြောင့်တန်းစွာ ပြေးလို့နေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဝင်းလွင် စာအိတ်ကို ဖောက်လိုက်သည့်တွင် ပန်းနုရောင်စာရွက်လေးပေါ်မှ လက်ရေးဝိုင်းစက်စက်လေးများက သူ့ချစ်သူ နုနုငယ်ထံက ပေးလိုက်သော စာဆိုသည်ကို ချက်ချင်းသိလိုက်သည်။ စာကို သေသေချာချာဖတ်လိုက်မိတော့ အတော်လေးကို စိတ်ပူသွားမိသည်။ စာအိတ်ပေါ်မှ တံဆိပ်တုံးကို ကြည့်မိတော့ ပြင်ဦးလွင်မှ ထည့်သောစာဟု သိရသည်။ နုနုငယ်၏ မိဘလက်ငုတ်လက်ရင်းဖြစ်သော ပတ္တမြားကြီးတစ်လုံးမှာ သိန်းထောင်ချီတန်သော ပတ္တမြားတစ်လုံးဖြစ်ပြီး နုနုငယ်နှင့် သူ့အစ်မ စုစုသွယ်တို့ ထိန်းသိမ်းထားခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သည်။

ချိတ်ထားသည့် ခြံဝင်းကျယ်အတွင်းသို့ အကာလညအခါများတွင် မှောင်ရိပ်ခိုကာ ဝင်ရောက်လာသည့် လူရိပ်လူယောင်များ ပေါ်ပေါက်လာခဲ့သည်။ နုနုငယ်တို့ ညီအစ်မလည်း အိမ်တွင်ရှိနေသည့် ခြံစောင့်ကြီး ဦးခင်ရွှေကို ညအခါများတွင် သတိထားကြည့်ပေးရန် မှာကြားသလို ရဲတပ်ဖွဲ့ကိုလည်း အကြောင်းကြားဖြစ်ခဲ့သည်။ ရဲပတ္တရောင်များကလည်း ချယ်ရီမြိုင်ရိပ်သာခြံကြီးကို အထူးသတိထား စောင့်ကြည့်နေခဲ့ကြရာ မည်သည့်အရိပ်အယောင်ကိုမှ မတွေ့ရဘဲ ရှိနေခဲ့သည်မှာ တစ်လကျော်ကျော် ကြာသွားခဲ့သည်။

အေးငြိမ်းသော ကာလလေးရောက်ထား။ ပစ္စည်းငါ့ကိုပေးလိုက်။ နင်တောင်းထားတဲ့အတိုင်း ညနေသုံးနာရီအရောက် နင့်လက်ထဲကို လက်ကျန်ငွေ သိန်းထောင့်သုံးရာ ငါလာပို့ပေးမယ်''

ဟုပြောသဖြင့် စုစုသွယ် သူ့ရှေ့တွင် ပုံထားသော ငွေသိန်းနှစ်ရာကို အံ့အားတသင့် ကြည့်နေမိသည်။

''ညနေ ချက်ချင်း ငွေလာချေပေးမယ်ဆိုတော့ ဦးဆောင်က ဘယ်လောက်နဲ့ ရိုက်ထုတ်လိုက်လို့လဲ''

''ဒါတွေ နင်သိဖို့ မလိုဘူးလေ။ ငါ့ဟာငါ ဘယ်ဈေးနဲ့ရောင်းရောင်း နင့်ကို ညနေ နင်တောင်းထားတဲ့အတိုင်း လာချေရင် ပြီးရောမဟုတ်လား''

တစ်စတစ်စဖြင့် မဟူရာစံအိမ်ကြီးရှေ့ ရောက်တော့မည်ပင်။ ဝင်းလွင် လီဗာကို ဖိနင်းလိုက်သည်။ ကားသည် အရှိန်မြင့်တက်သွားရသလို ဝင်းလွင်၏ မျက်လုံးများလည်း ပြူးကျယ်သွားရသည်။ မဟူရာစံအိမ်တည်ရာ ခြံဝင်းဝတွင် ဖြူဖွေးဖွေးသဏ္ဌာန်တစ်ခု ရပ်နေကာ ကားကို လက်လှမ်းတားနေသည်ကို တွေ့လိုက်ရသောကြောင့်ပင်။

ပတ္တမြားကို ထုခွဲကာ ညီအစ်မနှစ်ယောက် စီးပွားရေးလုပ်ငန်းလုပ်ရန် ကြံစည်နေမိကြသည်က မကြာသေး။ နုနုငယ်တို့ ညီအစ်မက ဝင်းလွင်အား အားကိုးအားထားရှိနေမိကာ ပတ္တမြားကိစ္စအားလုံးကို ဝင်းလွင်အား ပြောပြရင်ဖွင့်ထားခဲ့ကြသည်။

ယခုလည်း စာထဲတွင် ပြင်ဦးလွင်သို့ အမြန်ဆုံးလာခဲ့ရန် ပါသဖြင့် ဝင်းလွင်စိတ်ထဲ ပူပန်စိုးမိုးနေဖြစ်သည်။ လွန်ခဲ့သည့်လအတွင်းက ချယ်ရီမြိုင်ရိပ်သာသို့ ရတနာပွဲစား အေးဆောင်လာသွားပြီးကတည်းက ချယ်ရီမြိုင်ရိပ်သာ စာတန်းရှိမှ မျှားမကြာမီ စုစုသွယ်တစ်ယောက် ပွဲစားအေးဆောင်၏ စကားများကို ယုံကြည်ကာ ပတ္တမြားရောင်းရန် ရန်ကုန်မြို့ ကျောက်ကုန်းတွင်နေထိုင်သည့် ဦးမြင့်ဝင်းထံ ထွက်သွားခဲ့သည်။ ရန်ကုန်ရောက်ပြီး အရောင်းအဝယ်ကိစ္စအတွက် ပွဲစားအေးဆောင်ခေါ်ရာ နေရာများသို့ လိုက်လံကာ ပတ္တမြားကို ပြသနေဖြစ်သည်။ တစ်နေ့ ပွဲစားအေးဆောင် သုတ်သီးသုတ်ပျာဖြင့် ရောက်လာကာ . . .

''စုစုရေ . . . ဒီတစ်ခါတော့ ပွဲဖြစ်ပြီဟေ့။ ရော့ . . . နင်စရန်သိန်းနှစ်ရာယူ

''ဟာ . . . ဦးဆောင်က အချင်းတွေပဲ။ ဝယ်လက်ကိုတောင် ပေးမတွေ့တော့ဘူးလား''

''တံငါဆိုတာ ဟင်းစားပဲပေးမယ်လေ။ ကွန်ချက်ကတော့ ဘယ်ပြလို့ဖြစ်မလဲဟ''

အပြန်အလှန်ပြောဆိုဖြစ်ကြပြီးနောက် ပွဲစားအေးဆောင်က ထောင်တန်ပတ္တမြားထည့်ထားသည့် ကတ္တီပါအိတ်ရှုံ့အနီလေးကို ယူကာ ရှင်လန်းတက်ကြွစွာဖြင့် ထွက်ခွာသွားသလို စုစုသွယ်ကလည်း ကျွန်းစားပွဲငယ်လေးပေါ် တင်ထား



www.burmeseclassic.com

www.burmeseclassic.com

သည့် ငွေသိန်းနှစ်ရာကို ပီတိပြုံးများဖြင့် ကြည့်လျက် ကျန်နေရစ်သည်။

* * *

စုစုသွယ် ငွေပုံကြီးကိုကြည့်ရင်း ပြုံးလိုက်မိသည်။ ပတ္တမြားကြီးကို ထုခွဲရန် ရန်ကုန်ကိုဆင်းတော့မည် ပြင်ဆင်တော့ နုနုငယ်နှင့် စကားအချေအတင် ပြောဖြစ်ခဲ့သည်။

"စုစု ... နင်တစ်ယောက်တည်းသွားမှာ ငါစိတ်မချဘူး။ ငါပါအဖော်လိုက်မယ်။ ဟိုနှုတ်ခမ်းမွေးစစ၊ ကွမ်းတပျစ်ပျစ်နဲ့ အေးဆောင်က နှာဘူးရယ်နော်။ အဲဒါ စုစုသတိထား"

"နုနုရယ် ... နင်ကလည်း သူများတကာကို ဒီလိုတော့ မပြောပါနဲ့"

"ဟဲ့ ... ငါက အရမ်းပြောတာမဟုတ်ဘူး။ နင်သတိထားကြည့်ပါလား။ သူ့သမီးအရွယ်လောက်ရှိတဲ့ တို့ကိုစကားပြောရင် ရိုးရိုးပြောတာမဟုတ်ဘူး။ ဟိုပုတ်ဒီတို့ လုပ်ပြီးမှ ပြောတယ်။

ကဲပါ ... ထားပါတော့။ ရန်ကုန်လိုက်သွားရင် သတိတော့ထားနော်။ ဒါထက် ဘယ်မှာ တည်းရမှာလဲ"

"ပွဲစားအေးဆောင်ရဲ့ အဒေါ်နေတဲ့ မဟူရာစံအိမ်ကြီးမှာလေ"

"နင်က သိလို့လား"

"သူပြောတာကတော့ ထောက်ကြန့်လမ်းဆုံကျော်ကျော်လောက်မှာ ရှိတယ်တဲ့"

နုနုသွယ်နဲ့ စကားအချေအတင်ပြောခဲ့သည်များကို ပြန်တွေးမိတော့ မလုံမလဲ ဖြစ်နေမိသည်။ ထောက်ကြန့်ရှိ မဟူရာစံအိမ်ကြီးမှာ လမ်းမနှင့် အတော်လေးလှမ်းကာ တည်ရှိသည်။ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးပင် ဖြစ်သည်။ အိမ်ကြီးမှာ ဟောင်းနွမ်းနေပြီဖြစ်သော်လည်း ရေနံချေးသုတ်ထားသဖြင့် မည်းနက်နက်ကြီး ရှိနေလေရာ ပတ်ဝန်းကျင်မှ ဖြတ်သန်းဖြတ်လာ ပြုနေကြသူတို့က မဟူရာစံအိမ်ကြီးဟု သတ်မှတ်ထားကြသည်။ အိမ်ကြီးအဝင်ဝရှိ ပန်းဆွဲတွင် ရောမဘီလူးခေါင်းရုပ်ကြီးတစ်ရုပ် ကပ်လျက်သား ရှိနေသည်။ ပန်းပုဆရာ၏ လက်ရာမြောက်မှုကြောင့် ဘီလူးခေါင်းရုပ်တုကြီးမှာ တကယ့်ဘီလူးခေါင်းကြီးအလား ထင်မှတ်မှားရသည်။ စုစုသွယ် အိမ်ကြီးထဲသို့ ဝင်လိုက်သည်။ ပွဲစားအေးဆောင်၏ အဒေါ် ဒေါ်အေးညွန့်နှင့် ဆုံသည်။ ဒေါ်တပ်ခေါ်ရသော်လည်း အသက်သုံးဆယ်ဝန်းကျင်သာ ရှိနေသေးသည်။

စုစု သတိထားမိသည့် နောက်ဆုံးအချိန်မှာ ဒေါ်အေးညွန့် လာရောက်ညွှေ့ခံသည့် လိမ္မော်ရည်လင်ပန်းထဲမှ လိမ္မော်ရည်ဖန်ခွက်ကို မော့သောက်မိသည့် အဖြစ်အပျက်ကိုပင် ဖြစ်သည်။ သတိရလာမိသည့် အချိန်တွင်မတော့ မဟူရာစံအိမ်ကြီးအတွင်းရှိ အိပ်ခန်းအတွင်းမှ ခုတင်ပေါ်တွင် ဖြစ်နေသည်။ အိစက်ညက်ညောလှသည့် မွေ့ရာ၏ အထိအတွေ့ပေါ်ဝယ် လူးလွန့်မိကာ ထရန်ဟန်ပြင်လိုက်သည်။ မထမိရဲတော့။ ခြုံလွှာအောက်တွင် မိမိခန္ဓာကိုယ်က မိမွေးတိုင်းဖမွေးတိုင်း ဖြစ်လို့နေပြီပင်။ ထိုစဉ်မှာပင် ပွဲစားအေးဆောင် ခုတင်အနီးသို့ လျှောက်လာရင်း ...

"စုစုရယ် ... ဒီကိစ္စတွေအားလုံး ဦးတာဝန်ယူတယ်။ တို့ ဘဝတစ်ခုကို လက်တွဲထူထောင်လိုက်ကြရအောင်"

ဆိုသည့် အချိုသာဆုံးစကားလုံးများ ပွင့်အန်ထွက်လာသည်။ စုစုတစ်ကိုယ်လုံး နာကျင်နေသယောင် ဖြစ်နေသည်။ စုစုမျက်နက်ဝန်းဆီက အပူလောင်ဆုံးသော ရေစီးကြောင်းလေးများ စီးကျလာကာ နုနုပြောခဲ့သည့်စကားများကို ပြန်လည်ကြားယောင်နေမိတော့သည်။

ဝင်းလွင် ကားလီဗာကို ဖွဖွလေး နင်းရင်း လမ်းဘေးဝဲယာကို သတိချပ်နေဖြစ်သည်။ ပြင်ဦးလွင်က သူ့ချစ်သူ နုနုသွယ်က အမြန်လာပါဆိုသည့် စာကြောင့် ပြင်ဦးလွင်ကို လိုက်သွားဖြစ်ခဲ့သော်လည်း နုနုသွယ်နှင့် တွေ့ခွင့်မရခဲ့တော့။ နုနုသွယ် ပတ္တမြားနှင့်ပတ်သက်၍ ရစရာငွေအတွက် ရန်ကုန်ကျောက်ကုန်းရှိ ပွဲစားအေးဆောင်၏ အိမ်သို့ နံနက်က ထွက်သွားခဲ့သည်ဟု သိရသဖြင့် အားချင်း ရန်ကုန်သို့ ပြန်ဆင်းလာခြင်း ဖြစ်သည်။ မဟူရာစံအိမ်ကြီးရှေ့မှ ဖြတ်သန်းရမည်ဆိုသည်ကို စိုးရွံ့လို့နေပြီပင်။ မဟူရာစံအိမ်ကြီးတွင် ပွဲစားအေးဆောင်နှင့် စုစုတို့ လောဘရမ္မက်အတွက် အတူပူးပေါင်းနေဖြစ်ကြသည်။ စပေါ်ငွေ သိန်းနှစ်ရာနှင့် ပီတိဖြစ်နေမိသော စုစု၊ ပွဲစားအေးဆောင် ပြန်အလာကို စောင့်နေမိဖြစ်သည်။ ပွဲစားအေးဆောင် ငွေသိန်းနှစ်ထောင်နီးပါးရလာသည်နှင့် စုစုအား ခေတ္တထားခဲ့ရာ မဟူရာစံအိမ်သို့ ပြန်လာခဲ့သည်။

အိမ်ခန်းအတွင်းရှိ မွေ့ရာပေါ်ဝယ် မားဒဏ်ရာအချက်ပေါင်းများစွာဖြင့် သေနေသည့် စုစုကို မြင်လိုက်ရသည်နှင့် ငွေထုပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ သူနေထိုင်ရာ ကျောက်ကုန်းဆီသို့ သုတ်ခြေတင်တော့သည်။ စုစုသေဆုံးထားသည့် မဟူရာစံအိမ်ကြီးရှေ့မှ ဖြတ်ရမည်ကို ဝင်းလွင်စိုးထိတ်နေမိသည်မှာ မဟူရာစံအိမ်ကြီး၏ လောဘမာယာဖြစ်ရပ်ကို နုနုငယ်၏ စာထဲတွင် ဖတ်ခွင့်ရသောကြောင့် ဖြစ်သည်။

တစ်စတစ်စဖြင့် မဟူရာစံအိမ်ကြီးရှေ့ ရောက်တော့မည်ပင်။ ဝင်းလွင် လီဗာကို ဖိနင်းလိုက်သည်။ ကားသည် အရှိန်မြင့်တက်သွားရသလို ဝင်းလွင်၏ မျက်လုံးများလည်း ပြူးကျယ်သွားရသည်။ မဟူရာစံအိမ်တည်ရာ ခြံဝင်းဝတွင် ဖြူ



www.burmeseclassic.com

www.burmeseclassic.com

ဖွေးဖွေးသဏ္ဍာန်တစ်ခု ရပ်နေကာ ကားကို လက်လှမ်းတားနေသည်ကို တွေ့လိုက်ရသောကြောင့်ပင်။ မျက်လုံးကို လက်ဖြင့်ပွတ်သပ်ကာ အသာအယာအား ထည့်ကြည့်လိုက်သည်။ အဖြူရောင်ဝမ်းဆက်ဝတ်ထားသည့် မိန်းမပျိုလေးတစ်ဦး ကားကို လှမ်းတားနေခြင်းပင် ဖြစ်သည်။ ကားကို အရှိန်လျှော့ကာ မိန်းမပျိုလေးကို လှမ်းကြည့်မိသည်။ ဘုရား . . . ဘုရား၊ နုနုငယ်ပါလားဆိုသည့် အသိစိတ်တို့ဝင်လာသည်နှင့် ကားကို ဘရိတ်နင်းကာ နောက်ကြောင်းပြန်ဆုတ်ရန် ပြင်လိုက်ဖြစ်သည်။

ဘတ်ဂီယာထိုးကာ နောက်သို့ ဖြည်းဖြည်းချင်း ပြန်ဆုတ်လိုက်သည်။ မူလမိန်းမပျိုလေး ရပ်နေသည့်နေရာ ကျော်လာပြီးဖြစ်သော်လည်း နုနုငယ်ကို မတွေ့တော့။ ကားကိုရပ်လိုက်ကာ ဝန်းကျင်တစ်ခွင် မျက်စိကစားနေလိုက်သည်။ မဟူရာညဝယ် အဖြူရောင်မင်းသမီးလေး ပျောက်ခြင်းမလှ ပျောက်လို့နေပြီ ဖြစ်သည်။ ဝင်းလွင် ခေါင်းနားပန်းကြီးသွားသည်။ ကြက်သီးများထလာပြီး ဘာကိုမှ ချင့်ချိန်မနေတော့ဘဲ ကားစက်ကို ပြန်နှိုးပြီး ဂီယာသွင်းပြီးသည်နှင့် လီဗာကို အားကုန်ဖိနင်းလိုက်ဖြစ်တော့သည်။ မဟူရာစံအိမ်၏ ဝန်းကျင်တွင် ဤသို့မကြာခဏ ဖြစ်လေ့ရှိသည်ကို သိထားမိသော အသိနှင့် နုနုငယ်၏ ပုံရိပ်လွှာကို လုစ်ခနဲမြင် တွေ့လိုက်ရသော အတွေ့တို့က ဝင်းလွင် ဦးနှောက်ကို အလုပ်ရှုပ်စေပြန်သည်။

ရှိစေတော့။ အချိန်တိုအတွင်း ကျောက်ကုန်းကို အရောက်သွားရမည်ဟု သော အသိကြောင့် လီဗာကိုသာ ခပ်သွက်သွက်လေး ဖိနင်းနေမိဖြစ်သည်။ မိနစ်ငါးဆယ်သာသာခန့်တွင် ကျောက်ကုန်းသို့ ရောက်လာခဲ့သည်။

ကားကို လမ်းထိပ်တွင် ရပ်ထားခဲ့ပြီး လက်နှိပ်ဓာတ်မီးကိုယူကာ မဟူရာလွှမ်းသောညဉ့်၏ စွမ်းအားကို ကာကွယ်သမှုပြုရင်း လမ်းကျဉ်းကလေးများအတိုင်း ဖြတ်သန်းဝင်ရောက်လိုက်သည်။ ဘောဂလှိုင်ဟု ဆိုင်းဘုတ်ငယ်ချိတ်ဆွဲထားသည့် တိုက်၏ ခြံဝင်းတံခါးသို့ ရောက်သည်နှင့် လက်နှိပ်ဓာတ်မီးကို ပိတ်လိုက်သည်။ ခြံဝင်းဝရှိ သံတံခါးသော့ခလောက် ပွင့်ရက်သား တန်းလန်းကြီး ဖြစ်နေသဖြင့် သံတံခါးကို အသာအယာတွန်းဖွင့်ကာ ခြံဝင်းထဲသို့ ဝင်ရောက်ဖြစ်သည်။ ခြေဖွနင်းကာ ခြံဝင်းထဲသို့ လျှောက်လှမ်းလာမိရင်း တိုက်ဆီသို့ အကဲခတ်မိသည်။ တိုက်၏ ခန်းမအလယ်တွင် ငါးတိုင်အား ကြည်ပြာရောင် မီးသီးတစ်လုံး လင်းလက်လျက်ရှိနေသည်။ တိုက်အဝင်ဝနှင့် နီးလာလေလေ သတိကြီးစွာထားမိလေလေဖြင့် တိုက်အဝင်ဝရှိ သံဘာဂျာတံခါးဝသို့ ကပ်လိုက်သည်။ သံတံခါးကို ကြည့်မိတော့ အံ့အားသင့်သွားရသည်၊ သော့ခလော်က်မှာ ပွင့်လျက်သားတန်းလန်းကြီး ဖြစ်နေသောကြောင့်ပင်။

သံတံခါးကို အသာအယာတွန်းဖွင့်လိုက်မိစဉ်မှာပင် . . .

"ဟော့လူ . . မလှုပ်နဲ့။ ရဲတွေဝိုင်းထားပြီ"

ဆိုသည့် အသံက ပေါ်ထွက်လာသည်။ အမှန်တကယ်လည်း ရဲများရောက်နေကြသည်ဖြစ်ရာ ဝင်းလွင် ဥပဒေဘောင်အတွင်းမှ ရင်ဆိုင်ရန်အတွက် ရဲများခေါ်ရာနောက်သို့ လိုက်ပါခဲ့ရတော့သည်။

* * *

ရဲစခန်းရောက်တော့မှ အဖြစ်မှန် အားလုံး သိခွင့်ရတော့သည်။ ပွဲစားအေးဆောင်မှာ ဓားဒဏ်ရာဖြင့် အတွင်းလူနာ အဖြစ် ရောက်နေကြောင်း၊ နုနုငယ်မှာ ဓားဒဏ်ရာဗလပွဖြင့် ကျောက်ကုန်းနေ အတွင်း သေနေကြောင်း။ ပွဲစားအေး ဆောင်မသေသေးမှန်းသိဖြင့် အပြတ်ရှင်း ရန်လာသူဟု ယူဆ၍ ခေါ်ယူလာကြောင်း များပင်။

ပွဲစားအေးဆောင် သိန်းထောင် ဖြင့် ရောင်းကာ စုစုနှင့် ဘဝတစ်ခုတည် ထောင်ရန် ကြိုးစားခဲ့ရာ စုစုယူလာ သော ပတ္တမြားမှာ အတုဖြစ်နေသဖြ ငွေရှင်လောဘသားတို့က ထောက်ကြ မဟူရာစံအိမ်တွင် အပြတ်ရှင်းခဲ့ကြသည် ယခုမှ နုနုငယ်က ပတ္တမြားအစစ်ကို ယူ ဆောင်လာခဲ့သဖြင့် ဝိသမလောဘသား တို့က ပွဲစားအေးဆောင်နှင့် နုနုငယ်တို့ကို အပြတ်ရှင်းရန် ကြံခဲ့ရာ ဓားဒဏ်ရာ လျက် ခုခံထွက်ပြေးရင်း ပတ္တရောင်ရဲသား တို့ ကောင်းမှုကြောင့် ဆေးရုံသို့ ရောက် သွားခဲ့သည်။ ဆေးရုံပို့ရာလမ်း၌ပင် ဦးမှု တူးတို့အဖွဲ့မှ ပတ္တမြားကို လာရောက်လု ယူကာ သူတို့အား အပြတ်ရှင်းခဲ့ကြောင်း များ ဖွင့်ဟပြောကြားခဲ့သည်။ ရဲတပ်ဖွဲ့ဝင် များက ညတွင်းချင်းပင် ဦးမှုတူးနှင့်အဖွဲ့ ကို ဖမ်းဆီးရရှိခဲ့သည်။

ဝင်းတွင် တိုက်တံခါးဝသို့ ရောက် လာချိန်တွင် နုနုငယ်၏ အလောင်းကို မသယ်ဆောင်ရသေးသောအချိန်ပင် ဖြစ် သည်။ ဝင်းလွင်၏ ရင်ထဲတွင်ကား မဟူ ရာစံအိမ်ရှေ့မှ လက်လှမ်းတားသည့် နုနု ငယ်၏ ရုပ်သွင်က အမှတ်တရ ထင်ကျန် ရစ်နေခဲ့ရပါသည်။

(၁၉၆၈ ခုနှစ်က အမှန်တကယ်ဖြစ် ပျက်ခဲ့သော ဖြစ်ရပ်မှန်တစ်ခုကို အမည် နာမများ လွှဲပြောင်းကာ ရေးဖွဲ့တင်ပြထား ခြင်း ဖြစ်ပါသည်။)

အောင်သာကျော်



www.burmeseclassic.com

www.burmeseclassic.com

# မှားမှန်ရောထွေး

## အမှန် ရွေးနိုင်ပါစေ

### စလင်း – ဦးအောင်သိန်း

ယခင်လမှအဆက်

"မောင်မိုးရေ၊ ပြီးခဲ့တဲ့ အပတ်က အောင်နိုင်ထွန်းအမှု ဆွေးနွေးကြတာ မှတ်မိသေးလား"

"မှတ်မိပါတယ် ဦးစလင်းရာ ကျွန်တော်မမေ့တတ်ပါဘူး၊ ကန့်ဘလူ မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ-၄၁၇ (လိမ်လည်ကာမရယူမှု) အရ ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ် ၆ လ ချမှတ်တယ်၊ စစ်ကိုင်းတိုင်း တရားရုံး၊ တရားရုံးချုပ် (မန္တလေး)တို့က အတည်ပြုတယ်၊ အထူးအယူခံမှာ အပြီးအပြတ် လွှတ်တယ်၊ ဥပဒေက သက်ညှာခွင့်ပေးပါ၏။ ပေးကား ပေး၏။ မရဆိုတာ ပြစ်ဒဏ်က ကျခံပြီးနေပြီ ဆိုတာလေ"

"တယ်ဟုတ် နေပါလား၊ တော်တယ်၊ တော်တယ်"

"လက်စနဲ့ ဆက်ပြောလိုက်ပါဦးမယ်၊ ဒိုက်ဦးမြို့နယ်ထဲက ညွန့်မောင်လည်း အလားတူ အစွဲခံရတယ်၊ အဲဒီမှာတော့ ညွန့်မောင်ကို တရားရှင်လွှတ်လိုက်တယ်။ ဟုတ်တယ် မဟုတ်လား၊ ဦးစလင်း"

"ဟုတ်ပါ့ ဟုတ်ပါ့"

"ဒါတင် ဘယ်ကမလဲ၊ ညွန့်မောင်အမှုက အဖွဲ့နဲ့ တရားစီရင်တဲ့ ဆိုရှယ်လစ်ခေတ်၊ အောင်နိုင်ထွန်းအမှုက ဥပဒေရှင်တွေ တရားစီရင်တဲ့ ခေတ်လေ၊ စဖြစ်တာက ၂၀၀၆ ခုနှစ်ပဲ"

"ဒီလောက်ဆို တော်ပါပြီ မောင်မိုးရာ"

"မတော်နဲ့ဦး၊ ဦးစလင်းရေ ကျွန်တော့်အမြင်တော့ ပုဒ်မဘယ်လောက်သေးသေး၊ ဒဏ်ငွေ အနည်းအကျဉ်းပဲ တပ်ရိုက်တာ ဖြစ်ပါစေ၊ မှန်မှန်ကန်ကန် ဖြစ်စေချင်တယ်ဗျာ၊ အသေးအဖွဲ့ဆိုပြီး ဒဏ်ငွေလေး စ,တီလောက် တပ်ရိုက်



www.burmeseclassic.com

www.burmeseclassic.com

တာဖြစ်ပါစေ၊ မမှန်ကန်ရင် အဲဒီဒဏ်ငွေလေး ရိုက်တာလဲ မကြိုက်ဘူး၊ လက်မခံဘူး"

"မောင်မိုးကလည်း ဆန္ဒတွေက တယ်ပြင်းထန်သကိုးကွဲ့"

"အမှန်တရားဖြစ်ဖို့ပဲဟာ လက်မခံတဲ့သူ မရှိလောက်ပါဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ဘာလဲ ဦးစလင်းက ဟုတ်ပေမယ့် လက်မခံချင်ဘူး ဖြစ်နေသလား"

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ သိပ်ထိခိုက် နစ်နာမှုမရှိရင် ဒဏ်ငွေလေး စ,တိလောက် တပ်ရိုက်တာမျိုးတော့ လက်ခံသင့်တယ် ပြောမလို့"

"အဲဒါကြောင့် ကျွန်တော်တို့ တိုင်းပြည် မတိုးတက်တာဘဲ၊ မှားရင် မှားတယ်၊ မှန်ရင် မှန်တယ်၊ ပြောရဲဆိုရဲရမယ်၊ ပြောခွင့်လည်းရှိရမယ်"

"မောင်မိုးရေ မင့်ဟာ နိုင်ငံရေးတွေပါလာပြီနဲ့တူတယ်"

"မဟုတ်ပါဘူး အမှန်တရားကို လေးစားဖို့၊ မြတ်နိုးဖို့၊ လက်ခံဖို့ ပြောတာပါ"

"ဟုတ်ပါတယ် မောင်မိုးရာ"

"ပုဒ်မ သေးပေမယ့် အောင်နိုင်ထွန်း ၆ လ ထောင်ဒဏ်ကျခံရတယ်ဆိုတာ နည်းတာမဟုတ်ဘူး၊ မိသားစု ဘယ်လောက် ဒုက္ခရောက်လိုက်မလဲ၊ ဒါကြောင့် အသေးအဖွဲဆိုပြီး လွယ်လွယ် မဆုံးဖြတ်သင့်ဘူး၊ ၁၉၇၂ ခုနှစ်မှာပါတဲ့ မောင်သန်းထွန်းအမှု စီရင်ထုံးက ရှိပြီးသားဟာကို"

"မောင်မိုးပြောတာ လက်ခံပါတယ်၊ ဦးစလင်း၊ တရားခံရဲ့ အကျိုးဆောင်အဖြစ် လိုက်ပါခဲ့တဲ့ အမှုလေး ပြောပြဦးမယ်"

"ဟုတ်ကဲ့"

ထော်နွတ်ကျေးရွာသည် ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာလေးဖြစ်သည်။ ရန်ကုန်-မန္တလေး ကားလမ်းပေါ်တွင်ရှိပါသည်။ ဦးကာကသည် ထိုရွာလေးတွင်နေသော ကရင်တိုင်းရင်းသားကြီးဖြစ်သည်။ အသက် ၆၀ နီးပါးရှိပြီ၊ အင်မတန် ရိုးသားပြီး စကားနည်းသူဖြစ်ပါသည်။ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းတွင် လယ်ရှိသည်။ ထော်နွတ်နှင့် ရစ်မိုင်ခန့် ကွာဝေးသည်။ မိုးတွင်းကာလ လယ်သွားရောက်လုပ်ကိုင်ရာ ထော်နွတ်သို့ပြန်လျှင် ရွှံ့ထဲဗွက်ထဲ ရစ်မိုင်ခရီးနှင်ရသည်။

တစ်နေ့တွင် ဦးစလင်း ထော်နွတ်ရောက်ခိုက် ဦးကာကနှင့် ဆုံဖြစ်သည်။

"ဟေ့ ကာက၊ မင်းဘယ်ကလာတာလဲ၊ မိုးတွေရွာနေတာ မိုးလျှော့ (ဝါးတာဖရ-ပလတ်စတစ်)လေး ဘာလေး ခြုံမှပေါ့ကွ"

ဦးတင်လှနှင့် ရေနွေးကြမ်းထိုင်သောက်နေရာ ဦးတင်လှက လှမ်းအော်ပြောဆို နှုတ်ဆက်ခြင်းဖြစ်သည်။ ဦးကာကလည်း ဝင်လာသည်။

"ဟာ မိုးလျှော့ ဘယ်ကျန်... ပါလိမ့်၊ လယ်တဲက လာတုန်းက ... ပါတယ်"

ဦးစလင်း အံ့သြသွားသည်။ မိ... လို့ မိုးလုံအောင်ခြုံလာတဲ့ မိုးလျှော့... ကျကျန်ခဲ့သည်ကို မသိခြင်းအတွက် ... သြခြင်းဖြစ်သည်။

"အံ့ပါရဲ့ ကာကရာ၊ မိုးလျှော့... ကျန်တာမသိဘူးရယ်လို့ မင်း... အဆန်းပဲ၊ လာ လာ ရေနွေး... သောက်လိုက်"

ဦးတင်လှက ရေနွေးငှဲ့ပေးသည်... ဦးကာက လှမ်းယူသောက်နေသည်...

"ဒါ ညောင်လေးပင်က ရှေ့နေ... ငါနဲ့ အင်မတန်ရင်းနှီးတာ၊ ဦးစလင်း... အညာသားပေါ့ကွာ"

ဦးကာက ဘာမှမပြောပါ။ ရေနွေး... ကြမ်းသာ သောက်နေသည်။ ... အတွက် အရေးပါသည်လည်း မဟုတ်... မပါသည်လည်းမဟုတ်။ မသိလိုက်... မသိဘာသာပင်နေသည်။ ဦးတင်... လည်း ဆက်မပြောတော့။

ဆက်မပြောတော့ပေမယ့် နောက်... အဲဒီ ဦးကာက ရာဇဝတ်မှု၊ ပြစ်မ... ဆိုင်ရာ ဥပဒေပုဒ်မ-၄၀၆/၄၂၀ အ... တရားစွဲခံရသည်။ ဦးတင်လှနှင့် နှယ်... ဦးစလင်း အကျိုးဆောင်အဖြစ် လိုက်... ခဲ့ရသည်။

အမှုအဖြစ်အပျက်ကတော့ ရိုးရ... ပါသည်။ မတ်ပဲစိုက်ရန် မျိုးမရှိ၍...



www.burmeseclassic.com

www.burmeseclassic.com

…ည်။ ပိုက်ဆံရှိလျှင်တော့ မျိုးဝယ် …ရပါသည်။ မရှိ၍ ယခုလိုချေးခြင်း …သည်။ အတိုးက တင်းတိုးဖြစ်သည်။ …တင်းယူလျှင် ပဲပေါ်ချိန် နှစ်တင်း …ရသည်။ ဦးကာက ခြောက်တင်းယူ …ည်။ စယူသည့်နှစ်က ပဲထွက် …ကောင်း။ ပိုးဖျက်သည့်အတွက် ၁၀ …ပဲရသည်။ ရသည့် ၁၀ တင်းသွား …လိုက်သည်။ နှစ်တင်းကို အယူမှတ် …ည်။ နောက်နှစ်ဆပ်လျှင် လေးတင်း …ရမည်။

နောက်နှစ်မှာ အလားတူ ခြောက် …ချေးပြီးစိုက်သည်။ ကံ မ,မတော့ …ကျယုတ်သည်။ ၁၀ တင်းပဲ ဆပ် …ည်။ ယခင်နှစ်အကျန်နှင့်ဆိုတော့ … ခြောက်တင်း ကျန်နေသည်။ …ပ်ကြသည်။ ယူသည့်ပဲ ခြောက် … ကြွေးဆပ်ရန် ခြောက်တင်းဖြစ် …ည်။

တရားစွဲတော့ ပဲပေါ်ချိန်ပေးပါမည် …ပြောဆိုပြီး ပဲခြောက်တင်းကို ယုံ …ပြီး ပေးလိုက်ပါသည်။ ပဲပေါ်ချိန် …် မပေးသည့်အတွက် လိမ်လည်ရ …သည်ဟု အမှုဖွင့်သည်။

ဦးကာက ပေးသည်ကား စာချုပ် …သော်လည်း ထမ်းပိုးသယ်ယူရသည့် …တွက် သက်သေတွေရှိနေသည်။ …လမ်းကြောင်း ကောင်းပါသည်။ …သော် . . .

ထောင်ဒဏ် သုံးလ ကျခံစေရန် …ဒဏ်ချမှတ်ခံရသည်။ နိုင်ငံတော်အတွက် လိုက်ပါသည့် ဥပဒေအရာရှိက အင်မတန်ရင်းနှီးသည့် သူငယ်ချင်းဖြစ်သည်။ အလုပ်သဘောအရ ကိုယ့်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြသည်။ အမှုတွဲ ပေါ်ပေါက်ချက်အရ အခြေအနေ ကောင်းပါသည်ဟုတော့ ပြောပါသည်။

တရားသူကြီးနှင့်လည်း ခင်မင်ရင်းနှီးပါသည်။

ဒါဆို ဘာဖြစ်လို့ ပြစ်ဒဏ်ချမှတ်ခံရပါသနည်း။

ကြွက်မနိုင် ကျည် မီးနဲ့ရှို့သည်ဟုပြောရလေမည်လော။ သည်အချက်ကိုတော့ ရှင်းမှ ကောင်းလိမ့်မည်ထင်သည်။ နစ်နာစေလိုသည့် စိတ်မရှိသည်ကတော့ အမှန်ဖြစ်ပါသည်။ ယနေ့ထိ ခင်ခင်မင်မင်ရှိသူများ ဖြစ်ပါသည်။

ကိုတင်မြင့်မှာ ကောင်းကွက်ကလေးများရှိပါသည်။ ကူညီတတ်သည်။ အနစ်နာခံစရာရှိလျှင် သူအနစ်နာခံမည်။ ပြောစရာရှိလျှင် ပြောမည်။ သိပ်တော့အားမနာတတ်။ ခင်မင်သူများရှိသလို ရှောင်သူများ၊ အဆက်အဆံမပြုလိုသူများလည်း ရှိပါသည်။

အဲဒီကိုတင်မြင့်ကြောင့် ဦးကာက ဒုက္ခရောက်ရတော့သည်။ အာမခံကိစ္စ၊ သက်သေများ ဆင့်ခေါ်သည့်ကိစ္စ စသည်ဖြင့် အမှုနှင့် သက်ဆိုင်သည်များကို ပြင်ပမှ အကူအညီပေးသည်။ ရုံးချိန်းတိုင်းမှာ ရုံး (တရားခွင်)ထဲ ဝင်လိုက် ထွက်လိုက် လုပ်သည်။ ရုံးထိုင် တရားသူကြီးက ကြည့်မရ။

"ဦးစလင်း ဦးစလင်းပိုက်တဲ့ ဦးကာက အမှုမှာ မဆိုင်ဘဲ သူတွေ ခြေရှုပ်နေတယ်၊ သတိထားပါ"

တရားသူကြီးက ကိုတင်မြင့်ကို ကြည့်မရ၊ ကိုတင်မြင့်ကို ပြောရအောင်ကလည်း စစ်ဆေးစီရင်သည့်အထဲ ဝင်စွက်သည်မဟုတ်။ တရားခံကို တတ်နိုင်သလောက် ကူညီတာပဲရှိသည်။ တရားခံကလည်း စီးပွားရေး ပြေလည်သူမဟုတ်တော့ သူ့ဆီက ကြံဖို့ ဖန်ဖို့ ကြံလို့ ဖန်လို့ ရကိန်းမမြင်။ တရားသူကြီးက ကိုတင်မြင့်ကို ကြည့်မရတာ ဦးစလင်း မတတ်နိုင်။ ကိုတင်မြင့်ကို တရားရုံး မလာပါနဲ့လို့ ပြောပိုင်ခွင့်မရှိ။ သူတို့နှစ်ဦးကြားမှာ ရေငုံနှုတ်ပိတ်နေလိုက်သည်။ အပြန်အလှန် သတင်းမပို့ပါ။ ညှိနှိုင်းစေ့စပ်ပေးခြင်းလည်း မပြုပါ။

ကိုတင်မြင့် ကြည့်မရတာနဲ့ ဦးကာက ထောင်ဒဏ် ၃ လ ပြစ်ဒဏ် စီရင်ခံရတော့သည်။ ပဲခူးတိုင်းတရားရုံးသို့အယူခံဝင်ရောက်ခဲ့ပါသည်။ အယူခံမှုလက်ခံပြီး တရားသူကြီး ပြောင်းသွားသည်။ နောင်ဆက်ခံသော တရားသူကြီးလက်ထက်တွင် ဦးကာက ပြစ်ဒဏ်က လွတ်နေပြီ။ ဘာအမိန့်ချချ ဦးကာကအတွက် အကြောင်းမထူးတော့။ ဦးစလင်းသည် ရုံးချိန်းမသွားတော့။ ရန်ကုန်ရောက်ပြီး အဆက်ပြတ်



www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ ရုံးချိန်းလာဖို့ ပဲခူးတိုင်းရုံးက မှာကြောင်း ရှေ့နေ အချင်းချင်း အကြောင်းကြားသည်။ သို့သော် မသွားဘဲ နေလိုက်တော့သည်။ နောက် စုံစမ်းကြည့်တော့ အပြီးအပြတ်လွှတ်ကြောင်း စီရင်ချက် ချမှတ်သည်ဟု သိရသည်။

"ကျွန်တော့် အမြင်တော့ တရားသူကြီးမှားတာပဲ၊ လက်ညှိုးမကောင်း လက်ညှိုး။ လက်မ မကောင်း လက်မ ဖြစ်ရမှာပေါ့၊ ကျွဲနစ်ကောင်ခတ်တဲ့ကြား မြေစာပင်အဖြစ်မျိုးတော့ မဖြစ်သင့်ဘူးလေ"

"မောင်မိုးပြောတာ သိပ်မှန်တာပေါ့၊ ဒါပေမယ့် အနှုပထုဇဉ်တွေဆိုတာ တစ်လွဲမာနတွေ ထောင်လွှားတတ်ကြတယ်မဟုတ်လား။ ဒီတော့ မနိုင် နိုင်ရာ တွယ်တတ်ကြတယ်လေ"

"ခင်တာ မခင်တာ၊ မုန်းတာ မမုန်းတာနဲ့ မဆိုင်ဘူးလေ၊ အမှုစစ်ဆေးစီရင်တာ ကဏ္ဍခြား ထားရမှာပေါ့၊ ဥပဒေမျက်နှာပဲ ကြည့်ရမယ်လေ"

"အင်း ခက်တယ်၊ ဒါမျိုးတွေက ဗြာနဆိုင်ရာတွေမှာ တွေ့နေရတာပဲ၊ ကြိုက် ကြိုက်၊ မကြိုက်ကြိုက် လက်မခံလို့မှ မရတာ"

"ဦးစလင်းတို့က လူကြီးပိုင်းမို့ ဖြစ်သမျှအကြောင်းဆိုပြီး လက်ခံပေမယ့် ကျွန်တော်တို့ လူငယ်ပိုင်းကတော့ လက်မခံဘူး"

"ထားပါတော့ မောင်မိုးရာ The old and Yang never agree တဲ့ ကိုတင်မြင့်ကြည့်မရသလို၊ ဇာတ်လိုက်ကြီး ဦးတင်လှကြောင့် အထက်တန်းကျောင်းသားလေး ပြစ်ဒဏ်စီရင်ခံရတဲ့ အမှုလေး လက်စနဲ့ ဆွေးနွေးတင်ပြချင်သေးတယ်"

"ကောင်းပါတယ် ဗဟုသုတ ရတာပေါ့"

"လက်တို့စရာမလိုတူး ပြောချင်နေတာနဲ့ အတော်ပဲ"

"လက်တို့စရာ မလိုတူးဆိုတာ ဘာဆိုလိုတာလဲ ဦးစလင်းရဲ့ ရှင်းပါဦး"

"အော် ဒါလား အေး. . .အေး"

တစ်ခါတုန်းက ကျေးရွာတစ်ရွာမှာ နားလည်းမကြား။ မျက်စိလည်း မမြင်တဲ့ လူတစ်ယောက်ရှိသတဲ့။ သူက အမြင်အာရုံ၊ အကြားအာရုံ ချို့တဲ့နေပေမယ့် ပွဲလမ်းသဘင်တော့ ဝါသနာပါ ဆိုပဲ။ ဒါနဲ့ တစ်နေ့မှာ ဘုရားပွဲလာကပြတဲ့ ဇာတ်ပွဲကို အဖော်တွေနဲ့အတူ ကြည့်နေတာပေါ့။ အဲလေ ကြည့်နေတာ မဟုတ်ဘူး။ ဇာတ်ပွဲ ရောက်နေတာပေါ့၊ အဖော်တွေက လူရွှင်တော် ပျက်လုံးတွေကို သဘောကျကြတော့ တဟား ဟားရယ်ကြတာပေါ့။ အဲဒီတော့ ကိုရွှေမျက်မမြင် နားမကြားက "ဒီတစ်ခါ ရယ်စရာအခန်းကြုံရင် လက်တို့လိုက်စမ်းပါ။ ငါလည်း ရယ်ချင်လို့" ဆိုပြီး ပြောထားသတဲ့။ သူ့အဖော်တွေက "အေးပါ" ပြောလို့လည်း ကြားမှာမှမဟုတ်[…] အတူ ငြိမ်နေတာပေါ့။

အဲဒီလိုနဲ့ ဇာတ်ကလို့ ပြီးသွား[…] ပြန်ကြမယ်ဆိုပြီး အဲဒီ ကိုရွှေမျက်[…] နားမကြားကို လက်တို့ပြီး ပြန်ကြ[…] ဆိုတဲ့သဘောနဲ့ အချက်ပေးတာ[…] ကိုရွှေမျက်မမြင် နားမကြားက[…] "ရယ်စရာ အခန်းပဲ၊ ဒါကြ[…] လက်တို့တယ်ထင်ပြီး" တဟား ဟား[…] အားရ ပါးရ ရယ်နေသတဲ့။

"အဲဒါကြောင့် လက်တို့[…] မလိုဘူး ပြောချင်နေတာလို့"

"ဦးစလင်း ဟာ တကယ့် ဟာ[…] ပါပဲဗျာ"

အထက်တန်း ကျောင်းသား[…] ထောင်ဒဏ်ကျခံရတာကိုတော့ နော[…] ဆောင်းပါးတွင် ဆက်ပါတော့မည်[…]

*စိတ္တ ကာယ နှစ်ဖြာ ပြည့်[…]*
*ချမ်းသာကြပါစေ . . .*

**စလင်း – ဦးအောင်သ[…]**





www.burmeseclassic.com

www.burmeseclassic.com

## ခက်ခဲကျဉ်းမြောင်းသည့် တောင်ကြားလမ်း အန္တရာယ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂေါင်ပောပြည်နယ်၊ ရှင်ကျီခရိုင်အတွင်းရှိ ဗျာန်ဂွမ်းရွာကလေးအနီးတွင် ကျဉ်းမြောင်းသော တောင်ခါးပန်းလမ်းကို အသုံးပြုရသည်မှာ နှစ်ပေါင်းလေးဆယ်မျှရှိပေပြီ။ မတ်စောက်ပြီး ကျဉ်းမြောင်းလှသဖြင့် အန္တရာယ်ကြီးကာ မတော်တဆမှု မကြာခဏကြုံရသည်။

သို့ဖြစ်၍ ထိုရွာရှိ ကျောင်းသို့ ကျောင်းဆင်း/ကျောင်းတက်ကြရသည့် ကလေးငယ်များ ထိုကျောင်းအုပ်ဆရာကြီးက နေ့စဉ်စောင့်ရှောက်ရသည့် လုပ်ငန်းက တာဝန်ကြီးမားလှပေသည်။

မောင်ကောင်းယဉ်

N.S.T-24.3.13



## ပေါက်ကွဲအားပြင်းသော ခါးပတ်အသေခံဗုံး (၄၅) ယီမင်မှာဖမ်းမိ

ယီမင်နိုင်ငံမြို့တော် ဆင်နင်အေမြို့တော်တွင် လူကိုသေစေသော ပေါက်ကွဲအားပြင်းထန်သည့် ခါးပတ်ဖောက်ခွဲရေးဗုံး (၄၀)ပါသော ပါကင်တစ်ခုကို ထောက်လှမ်းဖမ်းဆီးရမိပြီး အကြမ်းဖက်အဖွဲ့ အယ်လ်ကိုင်ဒါနှင့် ဆက်သွယ်ထားသော စစ်သွေးကြွ ၇ ဦးကိုလည်း ဖမ်းဆီး စစ်ဆေးလျက်ရှိကြောင်း (၁၀.၃.၁၃) သတင်းက ဆိုသည်။

ယီမင်နိုင်ငံတွင် "အင်န်ဆာအယ်လ်ရှာရီ"အမည်ရှိ စစ်သွေးကြွအုပ်စုတစ်စုသည် အဗီအင်းတောင်ပိုင်းပြည်နယ်ကို သိမ်းပိုက်ယူပြီး အစိုးရကို အန်တုနေသည်။ ၎င်းအုပ်စုသည် အစွန်းရောက် ဘာသာရေးသဘောတရားရှိပြီး လက်ရှိ ယီမင်အစိုးရကို ဆန့်ကျင်နေကြသည်။ ငြိမ်းချမ်းရေးဖိတ်ခေါ်မရသော ထိုအကြမ်းဖက်အုပ်စုသည် ကမ္ဘာတစ်ဝန်း ကွန်ယက်ရှိသော အယ်လ်ကိုင်ဒါ(အိုစမာဘင်လာဒင် ထူထောင်ခဲ့သည်) ကွန်ယက်နှင့် အဆက်အသွယ်ရှိသည်။ ဖေဖော်ဝါရီလအတွင်းကလည်း နိုင်ငံတည်ငြိမ်ရေးအတွက် တိုက်ပွဲဝင်နေကြသော မျိုးနွယ်စုဝင် တိုက်ခိုက်ရေးသမား ၄၅ ဦးကို အင်န်ဆာအယ်လ်ရှာအဖွဲ့က ခါးပတ်ဗုံးဖြင့် အသေခံတိုက်ခိုက်သဖြင့် တိုက်ခိုက်ရေးသမားတို့ သေဆုံးခဲ့ကြသည်။ ခါးပတ်ဗုံး၏သဘောမှာ ဘောင်းဘီသားရေခါးပတ်တွင် ပေါက်ကွဲအားပြင်းသော ယမ်းစသည့်ပစ္စည်းများ လျှို့ဝှက်စွာ ကပ်ထည့်ထားပြီး ဓာတ်ခဲ/စနက်တံနှင့် မီးဆက်ဖောက်ခွဲသော ပြင်းထန်သည့်ကိရိယာဖြစ်သည်။ သာမန်အားဖြင့် ကြည့်ပါက ရိုးရိုးခါးပတ်ဟု ထင်ရသည်။ ဤပစ္စည်းများ ရှာဖွေတွေ့ခြင်းကြောင့် လူရာထောင်မကသော ပြည်သူတို့၏ အသက်ကို ကယ်တင်နိုင်ခဲ့သည်။ ယီမင်နိုင်ငံ၊ ဆင်နင်အေမြို့တော်ဝန်က ဤကဲ့သို့ အကြမ်းဖက်တိုက်ခိုက်/ဗုံးခွဲခြင်းသည် အာရပ်ကမ္ဘာ၏ တိုးတက်မှု/ငြိမ်းချမ်းမှုကို လွန်စွာမှ ဆုတ်ယုတ်စေကြောင်း ပြောကြားခဲ့သည်။ USA ကလည်း ယီမင်နိုင်ငံရှိ ထိုအဖွဲ့သည် ကမ္ဘာတစ်ဝှမ်းရှိ အကြမ်းဖက်အဖွဲ့များနှင့် ကွန်ယက်ရှိသဖြင့် အန္တရာယ်အလွန်များသော အဖွဲ့ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။

ညိုမြင်းလွင်(မော်ကျွန်း)

*Ref: Internet News (3.4.2013)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဘဘ

ချိုသာ

ငါက ငါ့အဖေကို "အဖေ"လို့၊ "ဖေဖေ" မခေါ်ဘူး။ "ဘဘ"လို့ခေါ်တယ်။ "ဘဘ"လို့ ခေါ်ရတာကိုပဲ အရမ်းအားရတယ်။ ငါတို့ရွာအနောက်ပိုင်းက ဘကြီးဖိုးစိန်ကုလားကို သူ့သားတွေဖြစ်ကြတဲ့ ကိုဖိုးလှနဲ့ ကိုဖိုးခတို့ ညီအစ်ကိုတွေက "အဘ"လို့ ခေါ်ကြတယ်။ ဘကြီးကိုဖိုးရေးကိုလည်း သူ့သားတွေဖြစ်ကြတဲ့ ကိုတရုတ်ကြီးတို့၊ ကိုထွန်းရှိန် (ထိပ်ပဲ့)တို့၊ ကိုသိန်းမောင်တို့၊ ဝင်းလှိုင်တို့ ညီအစ်ကိုတွေကလည်း "အဘ"လို့ ခေါ်ကြတယ်။ တစ်ဦးတည်းသော သားဖြစ်တဲ့ ကိုစန်းမြင့်ကလည်း သူ့အဖေ ဘကြီးကိုစံညိမ်းကို "အဘ"လို့ပဲ ခေါ်တယ်။ တောသူ တောင်သားတွေမို့ ရိုးရိုးစင်းစင်း တောခေါ် ခေါ်တာ ဖြစ်ပါလိမ့်မယ်။

ငါ့ဘဘက ငါ့ကို "လူလေး"လို့ ခေါ်တယ်။ တစ်ခါတလေ ဘဘတို့ ဂျပန်ခေတ်စစ်တပ်မှာ အဖျားပျောက်ဆေး "အက်(စ)ပလို"ကို ဘဘတို့ စစ်သားတွေ အရမ်းတန်ဖိုးထားကြတာမို့ ငါ့ကို ဘဘက "အက်(စ)ပလို"လို့ ခေါ်တယ်။ ငါသူငယ်တန်းစနေတော့ ငါ့ ဘဘက ငါ့ကို ကျောက်သင်ပုန်း၊ ဖတ်စာအုပ်၊ ငွေမင်ရောင်ကော်ပေတံတစ်ချောင်း ဝယ်ပေးတာ ငါကောင်းကောင်းမှတ်မိတယ်။ ငါ့ကို ငါ့အသက် (၈)နှစ်ရောက်မှကျောင်းစထားတာ။

"ဟော့ကောင်မ . . မလှသန်း၊ ငါ့သားကို သူများ မရိုက်စေနဲ့နော်"ဆိုပြီး ငါ့မေမေက သူ့သူငယ်ချင်းမ ငါ့ဆရာမကိုအပ်တာ။



www.burmeseclassic.com

www.burmeseclassic.com

“အေးပါ၊ သူကြီးကတော် ကောင်မရယ်၊ မရိုက်စေရပါဘူး”လို့ ဆရာမက ကတိပြုတယ်။ ငါနဲ့ နခြံ(နွားခြံ)က လှကံလည်း နပန်းထလုံးရောတို့နှစ်ယောက် ကျောပြင်ကို ဆရာမ ဖြောတင်တာ ကြိမ်တစ်ချောင်း အစိပ်စိပ်အမွှာမွှာဖြစ်ကရော။ ငါသေးတောင် ဖျန်းဖျန်းပါတယ်။ လှကံက ဇွဲပေခတ်နေတော့ဒီကောင် ကြိမ်အသစ်နဲ့ ပိုအရိုက်ခံရတယ်။

ငါ့ အဘက ငါ့ကို ဗိုလ်ချုပ်အောင်ဆန်းမိုးကာအကျီ၊ ဦးထုပ်နဲ့ တောဘွတ်တစ်ရံ ဘဘ စိတ်ကြိုက်ဝယ်ဆင်တယ်။ ငါတို့ လှော်ကား-ကျောင်းကုန်းရွာတစ်ရွာလုံး၊ ငါတို့ လှော်ကားအလယ်တန်းတစ်ကျောင်းလုံးမှာ ငါတစ်ယောက်တည်း စဝတ်တာ။ ငါ့ ဘဘက ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပြည်သူ့ရဲဘော်မို့ သူ့ဗိုလ်ချုပ်ဝတ်ပုံစားပုံအတိုင်း သူ့ရှုသွပ်မှုနဲ့သူ၊ သူ့သား ငါ့ကိုဆင်တာ။ အောင်မာကွာ . . .။

တို့ရွာကို မြို့က အမတ်ဦးသာနု လင့်ရိုတာကားနဲ့ဆင်းလာတော့ လူကြီးတွေနဲ့အတူ ငါ့ဘဘက ငါ့လက်ဆွဲပြီး ပေတစ်ရာတန်းဘက် ခြေလျင်သွားကြတာ ငါမှတ်မိတယ်။ ဘဘက ငါတို့ လှော်ကား-ကျောင်းကုန်းကျေးရွာရဲ့ မဲ သူကြီးမို့၊ ပြီးတော့ကျတော့ ပြည်သူ့ရဲဘော်(ရဲဘော်ဖြူ) သူပုန်အလင်းဝင်မို့ အများက ချစ်ကြောက်ရိုသေလေးစားကြတယ်။ ကျောင်းကုန်းရွာတစ်ရွာလုံး ပေါ့ . . ဆိုကာနဲ့ အားလုံးပြီးတယ်။ သြဇာရှိတယ်။ ဘဘ ငါနဲ့ကိုင်တုတ်လည်း မလှုပ်ရဲကြဘူး။

ဘဘ မယားပါသား တပ်ကြပ်ကြီးငွေ (ငါ့အစ်ကိုကြီး) သကြံန်တွင်းမှာ ရွာအရှေ့ပိုင်းက မကျင်လွှမ်ကို ရေပက်ရာက ပြဿနာတက်တယ်။ လက်ဆွဲပက်ပါတယ်ဆိုပြီး အမှုကြီးအောင် ဖွတယ်။ မကျင်လွှမ်က တရုတ်သွေးပါလို့လား မသိဘူး။ ကက်ကက်လန်အောင် စွာတာ။ ဘယ်ရမလဲ။ ငါ့ဘဘ သူ့အဖေကို အိမ်ခေါ်ပြီး သက်သေရွာသူရွာသားထုရှေ့မှာတစ်ခွန်းပဲမေးလိုက်တယ်။ အုပ်စုလိုက် အမြီးကုပ်ပြီး အိမ်ပေါ်က ဆင်းသွားကြတယ်။ ဘာသံမှ မကြားရတော့ဘူး။

ဘကြီး ဖိုးစိန်ကုလား၊ ကြီးတော်မစိန်ညွန့်သား ကိုဖိုးလှကလည်း လက်ယဉ်တယ်။ ထစ်ခနဲဆို လက်ရောက်ပြီးသား၊ ရိုက်ပြီးသားမို့ ဘဘခမျာ သူ့အစ်မသား သူ့တူကို မနည်းထိန်းနေရှာတယ်။

“ဟေ့ကောင် ဖိုးလှ၊ မင်း ဦးလေးသူကြီး ပူပူနွေးနွေးဆိုပြီး လက်စွမ်းမပြနဲ့နော်။သူများ ရိုက်ဖို့ကြံရင် ငါ့မျက်နှာကို ထောက်ဦး၊ နောက်ဆုံးမရိုက်မဖြစ်လို့ ရိုက်ရမယ်ဆိုရင် ငါ့ခေါင်းအရင်ရိုက်ပါကွာ”

လို့ မေတ္တာရပ်ခံထားရသတဲ့။

ဘဘတူတော်မောင်တွေဖြစ်ကြတဲ့ ဘကြီးကိုလှမောင်၊ အဒေါ်မလှကြီးသား ကိုခင်သောင်းတို့၊ ကိုတင်အောင်တို့ကလည်း တစ်မှောင့်။ ဘကြီးကိုဖိုးရေး၊ အဒေါ်မဖွားမယ်သားတွေဖြစ်ကြတဲ့ ကိုတရုတ်ကြီးတို့၊ ကိုထွန်းရှိန်(ထိပ်ပဲ့)တို့၊ ကိုသိန်းမောင်တို့ကလည်း တစ်မှောင့်။ ဂျပန်ခေတ် လက်ကျန်မီးကျိုးမောင်းပျက် သေနတ်တို့၊ သေနတ်ရှည်တွေကို လက်ပူတိုက်ပြီး စလွယ်သိုင်းသူကသိုင်း၊ ပုဆိုးခါးကြားထိုးသူကထိုးနဲ့ ကျေးရွာကာကွယ်ရေးအဖွဲ့ဝင်တွေဖြစ်ချင်တိုင်း ဖြ[…] နေကြတာ။

တစ်ညတော့ . . ကွင်[…] ထဲ ကိုအောင်ထွန်းဆည်က ကိ[…] အောင်ထွန်းတူ မြအေးတ[…] ယောက်တည်း ငါတို့ရွာထဲဝ[…] လာပြီး ကြက်ခိုးသတဲ့။ ဘယ်[…] မလဲ။ ကိုခင်သောင်းတို့ ကျေ[…] ရွာ ကာကွယ်ရေးတွေသိပြီ[…] ဝိုင်းလိုက်ကြတော့တာပေါ့။ မြအေး နီးရာအိမ်တစ်အိမ်ရဲ့ နောက်ဘေးက ချေးယိုအိမ်[…] သာထဲ ဝင်ပုန်းသတဲ့။ ဘယ်[…] မလဲ။ ကိုခင်သောင်းရဲ့ တိုင်[…] မကွယ်နဲ့ ရှိုင်ဖယ်နဲ့တွေ့သွား[…] တော့ မြအေးကားခနဲဖြစ်သွား[…] တယ်။ ဓားနဲ့ဆီးခုတ်လို့ ကိုယ့်[…] အသက်ကိုယ်ကာကွယ်တဲ့[…] အနေနဲ့ ပစ်ရတယ်ပေါ့။ တိုင်[…] ပြည်ကလည်း မင်းမဲ့စရိုက်တွေ[…] နဲ့ ရောင်စုံသောင်းကျန်းသူတွေ[…] နဲ့၊ တိုင်းပြည်ကလည်း ငြိမ်သေ[…] တာမဟုတ်ဘူး။ ဘာအမှု[…] မဖြစ်ဘူး။ ပြီးသွားတယ်တဲ့။

ဘဘမှာ ဒသမ ၃၀၃[…] ရှိုင်ဖယ်သေနတ်တစ်လက်[…] တယ်။ ကျည်ဆံ ၁၅၀ ထ[…] ကျည်လွယ်အိတ်အနီရောင်ထဲ[…] ထည့်ပြီး ခေါက်တုပ်ချည် ထ[…] မှာ ချိတ်ထားတယ်။ သေနတ်[…]



www.burmeseclassic.com

www.burmeseclassic.com

ကြီးက မဟော်ဂနီရောင် ကျည်ဆံတွေက ဝင်းလက်နေတယ်၊ ဟိုမင်္ဂလာဒုံစစ်တပ်က ရွာထဲ ဝင်ပြီး လက်နက်ပုန်းရှာရင် ငါ့အစ်ကိုကြီး တပ်ကြပ်ကြီးငွေက ဘကြီးကိုအုန်းမောင်ကန်ပျက်ထဲ သွားသွားဝှက်ရတယ်၊ စစ်တပ်ပြန်မှ သူနေရာမှန် သူပြန်ထားတယ်၊

ညညဆို အိပ်ကောင်းခြင်း မအိပ်ရဘူး၊ ဟိုဘက်ရွာက သေနတ်သံဖြောက်ဖြောက်၊ ဖြောက် ဖြောက်၊ ဖောက်၊ ဖောက်၊ ဖောက်၊ ဖောက်နဲ့၊ မီးခွက်မှုတ်ပြီး ဘကြီးဖိုးမြတ်ထွန်းတန်ထဲ ဆင်းပုန်းလိုပုန်းရ၊ ကွင်းထဲက ကောက်ရိုးပုံတိုးလိုတိုးရနဲ့ အရမ်းကြောက်ဖို့ကောင်းတာ၊ ချောင်းတောင်ကျယ်ကျယ်မဆိုးဝံ့ဘူး၊ လသာညများဆို ဟိုတစ်စု၊ သည်တစ်စု အတိုင်းသားမြင်နေရတယ်၊ စိတ်ချရလောက်ပြီဆိုမှ အိမ်ပေါ် ပြန်တက်ဝံ့တာ၊ မီးခွက်ထွန်းထားဝံ့တာ၊ ချောင်းကျယ်ကျယ်ဆိုးဝံ့တာ၊ အောင်မာကွာ . . ၊

ဘဘခမျာ သူကြီးမဖြစ်ခင်ကလည်း ရွေးကောက်ပွဲနိုင် အမြဲ ပုဒ်မ (၅)နဲ့ အဖမ်းခံရတယ်၊ ငါငယ်ငယ် ဘဘကို အင်းစိန်ရဲ့အချုပ်ခန်းထဲမှာ ရုံးမထုတ်ခင်မြင်ဖူးတယ်၊အင်းစိန်တရားရုံးထုတ် ရဲ့အချုပ်ခန်းက သည်ကနေ့လို အောက်ထပ်မှာ မဟုတ်ဘူး၊ အပေါ်ထပ်မှာ၊ ငါ့မေမေက ငါ့ကို ကတ္တီပါလွှာချင်းစောင်အနီကလေးခင်းပြီး အင်းစိန်ရုံးကြီးရဲ့ အပေါ်ထပ်လူသွားစင်္ကြံဘေးမှာ အိပ်ခိုင်းထားတာ ငါကောင်းကောင်း မှတ်မိတယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀)ကျော်ကဆိုပါတော့၊ အခု ငါ့အသက် (၆၀)ကျော်ပြီ၊ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှစ်ပတ်လည်အစည်းအဝေးတို့၊ စာပေဟောပြောပွဲနှင့် ရေးသူ ဖတ်သူဆွေးနွေးပွဲတို့တက်ရောက်ရတဲ့အခါ အိပ်ခဲ့ဖူးတဲ့ အများသူငါ ခြေနင်းဖတ်နေရာကလေးကို ငါ အမှတ်တရ လွမ်းလွမ်းဆွေးဆွေးနဲ့ အရူးတစ်ယောက်လို မျက်တောင်မခတ် ငေးကြည့်ဖူးတယ်၊ အောင်မာကွာ . . ၊

ငါ သမိုင်းဆိုတာ လုံးဝမသေဘူးဆိုတာ ယုံကြည်တယ်၊ ငါ့ အခုကိုယ်တွေ့ကို ပြောပြမယ်၊ ငါ့ဘဘ ပုဒ်မ (၅)နဲ့ အထဲဝင်ရတော့ ငါ့မေမေ သူကြီးကတော်ခမျာ ရိုးပြတ်ရိတ်စားရသတဲ့၊ ငါ့အစ်ကိုကြီး တပ်ကြပ်ကြီးငွေနဲ့အတူပေါ့၊ သားအမိနှစ်ယောက် ရိုးပြတ်အထုံးတစ်ရာရိတ်မှ နှစ်ကျပ်ရသတဲ့၊ အလကား ရိုးပြတ်ရိတ်ခွင့်ကို လယ်ပိုင်ရှင် လှော်ကားသူကြီး ဘကြူးကိုသူတော်က ပေးသတဲ့၊ မေမေတို့ အစ်ကိုကြီးတို့သားအမိ နေ ့ ကျွဲထဲ ရိုးပြတ်ရိတ်နေချိန်မှာ ငါ့ကို ဒန်ရေခရားလေးနဲ့ တစ်ဖက်ရပ် ယာယီကောက်ရိုးတဲကလေးထိုးပေး၊ မိုးပေးထားပြီး အရိပ်အောက်မှာ ထားသတဲ့၊ မြွေပွေးကြီးတွေကလည်း ပေါပါဘိသနဲ့၊ အသက်နဲ့ရင်းပြီး ရုန်းကန်ကြရတာ၊ ဘဝရပ်တည်ကြရတာ၊

သည်သတင်းကို ကြားရတော့ ဘဘရဲ့ဘော် ဇီးကုန်းပန်းခြံစုက သခင်မြသောင်းက မနေဘူး၊ ငါတို့ အိမ်ခေါင်းရင်းက ဘကြီးဖိုးမြတ်ထွန်းဆီလာပြီး ငွေတစ်ရာပေးသွားသတဲ့၊ ငါ့မေမေ ရှက်ရွံ့သိမ်ငယ်မှာစိုးလို့ ကွင်းထဲအထိ လိုက်မသွားတာတဲ့၊ ဟိုးတုန်းက လူတွေရဲ့ စိတ်ဓာတ်တွေ . . ၊

မနေ့တစ်နေ့က (နှစ်ပေါင်း ၅၀ ကျော်ကြာမှ)အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းရုံးခန်းမှာ သခင်မြသောင်းရဲ့သား အစ်ကိုကြီး ဦးမြဝင်းနဲ့ ဒ ဖက်မထင် ပြန်ဆုံရတယ်၊ ငါ ငါ့ကို ငါ့မေမေ ပြောပြဖူးတဲ့အတိုင်း အစ်ကိုကြီးဦးမြဝင်းကို အရင်းအတိုင်း ပြောပြမိတယ်၊ ဘဘကို သိကြောင်း၊ သူ့အဖေနဲ့ ရင်းနှီးကြောင်း ဦးမြဝင်းက ပြောတယ်၊ ကျောင်းကုန်းရွာမှာ သူ့တပည့်တွေရှိကြောင်း၊ ယနေ့အထိ အဆက်အသွယ်ရှိကြောင်း၊ အထက်တန်းပြကျောင်းဆရာအဖြစ်က အငြိမ်းစားယူပြီး "ဆရာမြ"ကလောင်အမည်နဲ့ စာရေးဖို့အစီအစဉ်ရှိကြောင်းတွေလည်းပြောပြပါတယ်။

ငါကလည်း ငါ့ကိုယ်ရေးအကျဉ်းပြပြီး၊ ငါ့လိပ်စာကတ်ပေးလိုက်တယ်။ ငါက စာရေးဆရာ၊ သတင်းထောက်အဖြစ်က တစ်ပြားမှမလျော့ဘူး။ အောင်မာကွာ . . ။

ဘဘတို့ သခင်မြသောင်းတို့က ကိုယ်ကျိုးမဖက်တဲ့ တကယ့်နိုင်ငံရေးသမားတွေ၊ ကွယ်လွန်ကုန်ကြပါပြီ။

ချိုသာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



၁၈ ·၉ ·၉၈နေ့ နံနက်(၉)နာရီ အချိန်။

ဝီးကုန်းမြို့နယ်၊ စပါးမြောင်ကျေးရွာနေ ကိုလှရွှေ၏ဇနီး မသန်းသန်းဦးသည် နေအိမ်အရှေ့ဘက်မလှမ်းမကမ်းရှိ ရေမြောင်းရိုးဘက်သို့ ကန်စွန်းရွက်ခူးရန် သွားခဲ့သည်၊ မသန်းသန်းဦးသည် ရေမြောင်းရိုးထဲတွင် ကန်စွန်းရွက်ခူးရင်း ဟိုသည်ကြည့်လိုက်မိသည်။

"ဟယ်"

ရေမြောင်းရိုး၏ရေထဲတွင် လုံချည်တစ်ခုကပေါ်နေသည်။ မသန်းသန်းဦး၏ စိတ်ထဲတွင် သူနှင့်လင်ညီအစ်မတော်စပ်သူ မမြင့်မြင့်နိုင်က ရက်သားအရွယ်ကလေးငယ်နှင့်မို့ ကလေးအနီးစများကို ရေမြောင်းရိုးထဲတွင် ရေစိမ်ထားသည်ဟု ထင်လိုက်မိ၏။

"ကျွတ် · · ခက်လိုက်တာ" မသန်းသန်းဦးက ကန်စွန်းရွက်ခူးပြီးသည်နှင့် အိမ်ဘက်သို့ပြန်လာခဲ့သည် သည်အိမ်၏အောက်ဘက် တောင်ဘက်ခြမ်းတွင် အကြီးဆုံးကိုလှရွှေနှင့် ဇနီးမသန်းသန်းဦးတို့နေထိုင်ကြ၏။ အိမ်အောက်ထပ်မြောက်ဘက်ခြမ်းတွင် အလတ်ကောင် ကိုကံမြင့်နှင့်ဇနီးမမြင့်မြင့်နိုင်တို့နေထိုင်ကြ၏။ အိမ်အပေါ်ဆုံးထပ်မှာတော့ အငယ်ဆုံးတင်ချိုနေထိုင်၏။

"ဟဲ့ · မမြင့်နိုင်၊ ညည်းနဲ့အေ၊ ရက်သားအရွယ်လေးရဲ့အနီးကို ရေမြောင်းရိုးထဲမှာသွားစိမ်ထားရတယ်လို့၊ ကလေးကနုနုငယ်ငယ်လေးရှိသေးတာ။ အနီးမှာပိုးမွှားတွေပါလာရင် ကလေးကို ကူးစက်ပြီး ရောဂါရမယ်ဟဲ့ · · ·"

မသန်းသန်းဦး၏ စကားကြောင့် မမြင့်မြင့်နိုင်မှာ တွေဝေစွာစဉ်းစားနေသည်။

"ရေမြောင်းရိုးထဲမှာ ကျွန်မကလေးအနီး စိမ်မထားဘူး"

"ညည်းကသာ ကလေးအနီးကို မစိမ်ထားဘူးပြောနေတယ်။ ညည်းယောက်ျားကံမြင့်ပုဆိုးကို ရေမြောင်းထဲမှာ ငါတွေ့ခဲ့တယ်"

"ဟင်·· ဟုတ်လို့လား မသန်းဦးရယ် · · ·"

"ဟာ ငါပြောတာညည်းမယုံရင် ညည်းလိုက်ခဲ့၊ လာ·· လာ·· ငါလိုက်ပြမယ်"

မမြင့်မြင့်နိုင်က မသန်းသန်းဦးခေါ်ရာရေမြောင်းဘက်သို့ လိုက်လာသည်။ ရေမြောင်းထဲတွင် ပုဆိုးစက မြုပ်ချည် ပေါ်ချည်ဖြစ်နေသည်။

"ဟိုမှာတွေ့လား ပုဆိုးစ · ·"

မမြင့်မြင့်နိုင်က ရေမြောင်းထဲသို့ ဆင်းသွားသည်။ ရေမြောင်းရိုးထဲတွင် တွေ့ရသောပုဆိုးစကို ဆွဲ၍မလိုက်၏။ ထိုအခါ ရေထဲတွင်မြုပ်နေသော လူ၏ခန္ဓာကိုယ်ကြီးကပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်·· ကိုကံမြင့်၊ အောင်မလေး။ ကယ်ကြပါဦး။ ကိုကံမြင့်ရေမြောင်းထဲမှာ ရေနစ်သေဆုံးနေတယ်တော့···"

မမြင့်မြင့်ခိုင်က ကမ်းပါးပေါ်သို့ပြေးတက်သွားပြီး ကဆုန်ပေါက်အော်ငိုနေသည်။ မသန်းသန်းဦးမှာ မမျှော်လင့်ထားသည်ကို မြင်တွေ့လိုက်ရသဖြင့် အံ့ဩနေမိလေ၏။ ရွာထဲမှအိမ်နီးချင်းများ၊ ဆွေမျိုးသားချင်းတော်စပ်သူများသည် ရေမြောင်းရှိရာသို့ ပြေးလာကြသည်။ မမြင့်မြင့်ခိုင်နှင့် ဆွေမျိုးတော်စပ်သူများက ကိုကံမြင့်၏အလောင်းကို ကမ်းပါးပေါ်သို့ဆွဲတင်ကြသည်။

"ရေမြောင်းရိုးဘက်ကို ထွက်သွားတာ ဘာမှမကြာသေးဘူး။ ဘယ်လိုဖြစ်ပြီး ရေနစ်သေရတာလဲ။ ကံဆိုးလိုက်တာကိုကံမြင့်ရယ်··"

"မမြင့်ခိုင်သတိထားဦးလေ။ ညည်းမီးဖွားပြီးတာ ရက်ပိုင်းရှိသေးတယ်။ သွေးတက်နေဦးမယ်။ ဟဲ့ သန်းနိုင်၊ ကိုလှရွှေ လယ်ထဲကိုမြက်သွားရိတ်တယ်။ လိုက်ခေါ်စမ်း"

တစ်ရွာတည်းသား သန်းနိုင်ဝင်းက ကိုလှရွှေ၏နောက်သို့လိုက်သွားသည်။ ကိုလှရွှေမှာလယ်ကွင်းထဲတွင် မြက်ရိတ်နေဆဲ။

"ကိုလှရွှေ··၊ ကိုလှရွှေ"

ကိုလှရွှေမှာခေါ်သံကြားမိ၍ မြက်ရိတ်နေရင်းမှထ၍ရပ်၏။

"ဟော့ကောင်သန်းနိုင်ဝင်း၊ ဘာဖြစ်လာတာလဲကွ··"

"ကိုလှရွှေရဲ့ညီ ကိုကံမြင့် ရေနစ်သေနေလို့"

"ဟင်· ငါ့ညီလေးရေနစ်သေပြီ"

"ဟုတ်တယ်"

"ဘယ်လိုဖြစ်တာလဲကွာ"

ကိုလှရွှေကတံစဉ်ကို မြက်ခြင်းထဲသို့ပစ်ထည့်ပြီး မြက်ခြင်းကိုထမ်းလိုက်၏။ ထို့နောက် ခြေလှမ်းကျဲကြီးဖြင့် ရွာထဲသို့ပြန်လာခဲ့သည်။

"ကံမြင့်က ဘယ်လိုကဘယ်လို ရေနစ်သေရတာလဲ။ ရေမြောင်းရိုးထဲက ရေက သိပ်နက်တာလဲမဟုတ်ဘူး"

မသန်းသန်းဦးက ကိုကံမြင့်အလောင်းတွေ့ရှိပုံကို ကိုလှရွှေအားပြောပြလိုက်သည်။ ကိုလှရွှေက ကိုကံမြင့်၏အလောင်းအနားသို့ရောက်လာသော ကျေးရွာလူကြီး ဦးဝင်းတင်၊ ဦးဟန်ထွန်း၊ မောင်ချိုကြီး၊ ပေါက်စကြီး၊ ဆွေမျိုးသားချင်းများနှင့်အတူ ဝိုင်းဝန်းကြည့်ရှုရာ ကိုကံမြင့်၏ဦးခေါင်းအလယ်၌ သုံးမြှောင့်ပုံသဏ္ဍာန်ပေါက်ပြဲသွေးထွက်ဒဏ်ရာကို တွေ့ရသည်။ သေဆုံးနေသူ၏နှာခေါင်းထဲမှ အဖြူရည်များထွက်ကျနေသည်။

"ဒီကိစ္စကို ဇီးကုန်းရဲစခန်းကိုသွားပြောပြမှဖြစ်မယ်။ ဘာကြောင့်သေသွားမှန်းမသိဘူး"

"ဟာ··ကိုလှရွှေကလဲဗျာ။ ခင်ဗျားညီကံမြင့်ရေနစ်ပြီး တစ်စုံတစ်ရာနဲ့ခေါင်းကိုဆောင့်မိတာနေမှာပေါ့"

ရွာသားတစ်ဦးကပြောသည်။

"တောက် ကိုယ့်စိတ်ထဲကထင်တာတွေ လာမပြောကြနဲ့ကွာ။ ငါ့ညီသေလို့စိတ်ညစ်နေတာ။ ကံမြင့်အလောင်းကို ဘယ်သူမှမထိမကိုင်ကြနဲ့တော့။ ငါနဲ့ရွာလူကြီးတွေ ဇီးကုန်းရဲစခန်းကိုသွားမလို့"

ကိုလှရွှေက ကျေးရွာလူကြီးများနှင့်အတူ ဇီးကုန်းရဲစခန်းသို့သွားသည်။ ဇီးကုန်းရဲစခန်းမှူးရဲအုပ်လှဝင်း၊ နယ်ထိ[illegible] ခေါင်းဆောင် ဒုရဲအုပ်ဟန်ဝင်းအော[illegible] ဒုရဲအုပ်တင့်ထူး၊ ဒုရဲအုပ်စိုးလွင်နှင့် [illegible] တပ်ကြပ်ကြီး(စာရေး) မောင်ကိုတို့[illegible] စပါးမြောင်ရွာသား ကိုလှရွှေ၏ပြော[illegible] သမျှကို အာရုံစိုက်၍နားထောင်[illegible] ကြသည်။

စခန်းမှူးရဲအုပ်လှဝင်းက မြို့နယ်[illegible] တပ်မှူးထံသို့ ချက်ချင်းသတင်းပို့သည်။ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ဝင်းမြင့်က စခန်းမှူးရဲအုပ်လှဝင်း၊ နယ်ထိန်း[illegible] ခေါင်းဆောင် ဒုရဲအုပ်ဟန်ဝင်းအော[illegible] ဒုရဲအုပ်တင့်ထူး၊ ဒုရဲအုပ်စိုးလွင်၊ ရဲအ[illegible] ခံသိန်းဟန်၊ နယ်ထိန်းဒုတပ်ကြပ်ခ[illegible] မောင်ချို၊ နယ်ထိန်းတပ်သား အောင်မြ[illegible] သန့်၊ ရဲတပ်သားမြင့်စိုး၊ ရဲတပ်သားမြ[illegible] တင့်အောင်၊ ရဲတပ်သားဇော်ဝင်းနှင့် အတူ အခင်းဖြစ်ပွားရာနေရာသို့ လိုက်လာခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များက သေဆုံးသူ ကံမြင့်၏အလောင်းကို စနစ်တကျ စစ်ဆေးကြသည်။

စခန်းမှူးရဲအုပ်လှဝင်းက အခင်း ဖြစ်နေရာကိုစစ်ဆေးပြီးသည်နှင့် မြေ[illegible] ကြမ်းရေးဆွဲသည်။ ရဲတပ်ကြပ်ကြီး (စာရေး) မောင်ကိုက သေဆုံးသူ၏ အလောင်းနှင့် အလောင်းတွေ့ရှိသော[illegible] ရာကို မှုခင်းဓါတ်ပုံများရိုက်ကူးသည်။

"အလောင်းရဲ့ အနေအထားကို ကြည့်ရတာကတော့ ရေနစ်သေဆုံး သွားသူရဲ့ ပုံသဏ္ဍာန်အတိုင်းပဲ။ ဒါပေ မယ့် သေဆုံးသူရဲ့ဦးခေါင်းကဒဏ်ရာ ဟာ ရေနစ်တုန်းကတစ်စုံတစ်ခုနဲ့ တိုက် မိလို့ရတဲ့ဒဏ်ရာမျိုးမဟုတ်ဘူး။ တစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးက ကိုကံမြင့်ကို အနှောင့်ရှိတဲ့ လက်နက်မျိုး ဥပမာ-ရဲဒင်းအနှောင့်မျိုးနဲ့ ထုခုတ်ထားတာလို့ယူဆမိတယ်"

စခန်းမှူးရဲအုပ်လုဝင်းက ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ဝင်းမြင့်အား ပြောပြသည်။ ရဲအုပ်ဝင်းမြင့်က မှုခင်းဓါတ်ပုံများကို သေချာစွာကြည့်ရင်း စဉ်းစားနေသည်။

"ကိုလုဝင်း ယူဆတာဖြစ်နိုင်ပါတယ်။ ကျွန်တော်လည်း ဒီလိုပဲယူဆမိတယ်။ သေဆုံးသူကံမြင့်၏အစ်ကို ကိုလုရွှေရဲ့ပြောစကားအရ ကံမြင့်ဟာ ဒီရေမြောင်းရိုးထဲကို အမြဲဖြတ်သွားနေကျဆိုတော့ ရေနစ်သေဆုံးစရာအကြောင်းမရှိဘူး။ တစ်စုံတစ်ယောက်ရဲ့ လုပ်ကြံခံရတာပါ။ လူသတ်မှုနဲ့ အမှုဖွင့်ပေးလိုက်ပါ။ ကိုလုဝင်းက သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှာ တာဝန်ထမ်းဆောင်ရင်း အတွေ့အကြုံစုံလာသူဆိုတော့ အမှုမှန်ပေါ်ပေါက်အောင်ဖော်ထုတ်နိုင်မှာပါ။

ဇီးကုန်းမြို့ရဲစခန်းမှူး ရဲအုပ်လုဝင်းက ကံမြင့်သေဆုံးမှုနှင့်ပတ်သက်၍ သက်သေမသန်းသန်းဦး၊ မမြင့်မြင့်ခိုင်၊ ကိုလုရွှေ၊ ကျေးရွာလူကြီးဦးဝင်းတင်၊ ဦးဟန်ထွန်း၊ မောင်ချိုကြီး၊ ပေါက်စဝို့ကို စစ်ဆေးပြီး အလောင်းကိုရဲဆေးစာနှင့်အတူ ဆေးရုံသို့ပို့နိုင်းလိုက်သည်။

◆ ◆ ◆ ◆ ◆

စပါးမြောင်ရွာက ကိုကံမြင့် အသတ်ခံရမှုကို စုံစမ်းကြည့်တဲ့အခါ သေဆုံးသူကံမြင့်ဟာ သန်းနိုင်ဝင်းဆိုသူနဲ့ စကားများ ရန်ဖြစ်ဖူးတယ်လို့ သိရတယ်။ အခင်းဖြစ်နေရာကို သွားရောက်စစ်ဆေးတုန်းက သေဆုံးသူကံမြင့်ရဲ့ အိမ်မြောက်ဘက်ကခြံထဲမှာ ကိုစန်းမြင့်ဆိုသူ နေထိုင်တယ်။ သူ့အိမ်တောင်ဘက်က ခြံထဲမှာ ကိုစံတင်ဆိုသူ နေထိုင်သည်။ ရေမြောင်းရိုးထဲကို ဆင်းပြီး လေ့လာကြည့်တဲ့အခါ ကိုစံမြင့်ခြံဘက်ကိုတက်သွားတဲ့ ခြေရာကိုမတွေ့ရဘဲ ဦးစံတင်ရဲ့ခြံဘက်ကိုတက်သွားတဲ့ ခြေရာကိုပဲတွေ့ရတယ်. . ."

ရဲအုပ်လုဝင်းက စဉ်းစားရင်း တစ်လုံးချင်း ပြောပြလိုက်သည်။

"အခင်းဖြစ်တဲ့နေ့က အခင်းဖြစ်တဲ့နေရာကို သွားရောက် စုံစမ်းတဲ့အခါ ကံမြင့်ရဲ့အလောင်းကို တွေ့တဲ့နေရာရဲ့ မလှမ်းမကမ်းလယ်ထဲမှာ လယ်ပဒ္ဒူးနေတဲ့ ဦးခင်ထွန်းတို့ ရှိနေကြတယ်ဆိုတာ သိရတယ်။ သူတို့နှစ်ဦးကို မေးမြန်းကြည့်တဲ့အခါ ရေမြောင်းရိုးထဲက ဘာအသံမှ မကြားရပါဘူးလို့ ထွက်ဆိုကြတယ်။ အခင်းဖြစ်တဲ့နေရာနဲ့ သူတို့ရှိတဲ့နေရာဟာ သိပ်အလှမ်းမဝေးကြဘူး။ ကျွန်တော့်အထင်တော့ ရေမြောင်းရိုးထဲက လှုပ်ရှားသံ၊ အော်သံကိုကြားနိုင်တယ်လို့ ယူဆတယ်"

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဟန်ဝင်းအောင်ကပြောသည်။

"အင်း ဟုတ်တယ်။ သေဆုံးသူကံမြင့်ရဲ့အလောင်းကို တွေ့ရှိတယ်ဆိုတဲ့ နေရာမလှမ်းမကမ်းမှာ ရေတမံတုပ်ထားပြီးပြန်လည်ဖောက်ချထားသယောက် မြင်တွေ့ရတယ်။ ရေမြောင်းရိုးထဲကို ကန်စွန်းရွက်သွားပြီး ရေထဲမှာ ပုဆိုးစကိုမြင်တယ်ဆိုတဲ့ ကိုလုရွှေရဲ့ဇနီး မသန်းသန်းဦးဟာ ရေထဲမှာပေါ်နေတဲ့ အဝတ်စကို မြင်တာနဲ့ ဘာလို့ကိုင်မကြည့်ဘဲ ကံမြင့်ရဲ့မိန်းမကိုသွားပြောရတာလဲ။ မမြင့်မြင့်ခိုင်တို့ရဲ့ ပုဆိုးစမှန်းသူသိနေတာပဲ။ ပြီးတော့ သူနဲ့လင်ညီအစ်မဖြစ်တဲ့ မမြင့်မြင့်ခိုင်ကို ရက်သားအရွယ် ကလေးငယ်လေးရဲ့အနီးကို ဘာကြောင့်ရေမြောင်းရိုးထဲမှာ သွားစိမ်ထားရတာလဲလို့ပြောရတာလဲ။ မမြင့်မြင့်ခိုင်က ရေမြောင်းရိုးထဲမှာ ကလေးအနီးစိမ်မထားတော့ မသန်းသန်းဦးနဲ့အတူ ရေမြောင်းရိုးထဲကို လိုက်ကြည့်တယ်။ သူ့ယောက်ျား ကံမြင့်ရဲ့ပုဆိုးစကိုမြင်တွေ့လိုက်ရတော့ မမြင့်မြင့်ခိုင် အံ့ဩသွားမယ်။ ရေမြောင်းရိုးထဲက ပုဆိုးစကို မမြင့်မြင့်ခိုင်ကသွားယူတဲ့အခါ မသန်းသန်းဦးက ဘာကြောင့် ကမ်းပါးပေါ်မှာပဲ နေခဲ့ရတာလဲ။ အဲဒါ မသင်္ကာစရာအချက်ပဲ. . ."

"အင်း ဗိုလ်ကြီးပြောတာဟုတ်ပါတယ်။ ဒါပေမယ့်သက်သေတွေက ရေမြောင်းရိုးထဲက ဘာသံမှမကြားရဘူးလို့ ပြောနေတော့ အလုပ်လုပ်ရတာခက်နေတာပေါ့"

စခန်းမှူးရဲအုပ်လုဝင်းက နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်တိုင်ပင်ပြီး သေဆုံးသူကံမြင့်နှင့် ခိုက်ရန်ဒေါသဖြစ်ခဲ့ဖူးသည့် စပါးမြောင်ရွာသား သန်းနိုင်ဝင်းအား ဖမ်းဆီးပြီး တရားရုံးတွင်ရီမန်ယူကာ စစ်ဆေးသည်။

ဇီးကုန်းမြို့ရဲစခန်းက စပါးမြောင်ရွာသားကံမြင့် အသတ်ခံရမှုကို တရားခံအား ဖမ်းမမိသေးဆိုသည့် သတင်းကို ကြားရတိုင်း စခန်းမှူးရဲအုပ်လုဝင်းမှာ မကျေမနပ်ဖြစ်နေမိ၏။ ထိုအတောအတွင်းစခန်းမှူးရဲအုပ်လုဝင်းကသင်တန်းတက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

စခန်းမှူးရဲ့အုပ်လုဝင်းသည် သူ၏တာဝန်များကို ယာယီစခန်းမှူးအားလွှဲအပ်ထားခဲ့ရ၏။ သင်တန်းတက်နေရပေမယ့် စပါးမြှောင်လူသတ်မှုအားအချိန်တိုင်း သတိရနေမိသည်။ လူသတ်မှုနှင့် ပတ်သတ်၍ ထူးခြားမှုရှိမရှိကို စခန်းသို့ဆက်သွယ်မေးမြန်းသော်လည်းအကြောင်းမထူး။

သင်တန်းဆင်းပြီး ရဲစခန်းသို့ ပြန်ရောက်တော့ စပါးမြှောင်လူသတ်မှုကိုအစပြန်ဖော်ရသည်။ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များအား အစည်းအဝေးခေါ်ရသည်။

အသတ်ခံရတဲ့ကံမြင့်ရဲ့ညီ တင်ချိုဟာ ကံမြင့်အသတ်ခံရတဲ့နေ့မနက်မှာပဲခရီးထွက်သွားတယ်ပြောလို့ စုံစမ်းကြည့်တဲ့အခါ တင်ချိုဟာမနက်အစောကြီးကတည်းက ကူးတို့စီးပြီးရွာကထွက်သွားတယ်လို့ စုံစမ်းသိရတယ်။ နယ်မှာသူ ရင်းတုံးလုပ်နေတာလည်း မှန်နေတယ်။ ကံမြင့်ကို သူ့ညီတင်ချိုသတ်တာမဟုတ်ဘူးလို့ ယူဆရမယ်

"ရေမြောင်းရိုးထဲကိုဆင်းပြီး စစ်ဆေးတုန်းက ရေမြောင်းရိုးထဲကအာတက်ခြေရာတွေဟာ ဦးစံတင်ရဲ့ခြံထဲကို ဦးတည်နေတာတွေ့ခဲ့ရတယ်။ ဦးစံတင်ရဲ့သားစိုးမြင့်နဲ့ သေဆုံးသူကံမြင့်တို့ဟာ စကားများရန်ဖြစ်ဖူးတာသိရတော့ စဉ်းစားစရာဖြစ်လာရသည်။ သေဆုံးသူကံမြင့်ရဲ့မြောက်ဘက်အိမ်မှာ စိုးမြင့်ကနေတယ်။ အဲဒီအိမ်က အိမ်သားတစ်ယောက်နဲ့လည်း ကံမြင့်ကရန်ဖြစ်ခဲ့ဖူးသတဲ့။ ဒါပေမယ့် အခင်းဖြစ်တဲ့နေ့က စိုးမြင့်ရဲ့အိမ်မှာ အဘိုးကြီးတစ်ယောက်တည်းရှိနေတာ စစ်ဆေးသိရတော့ အဲဒီအိမ်မှာ မသင်္ကာစရာလူမရှိဘူးလို့သတ်မှတ်ရမယ်။ မသန်းသန်းဦးရဲ့အခြေအနေကို လေ့လာကြည့်တဲ့အခါ ရိုးသားတာကို သိရပြန်တယ်။ ဒီတော့ ဒီလူသတ်မှုဟာ မသန်းသန်းဦးနဲ့ မဆိုင်ပြန်ဘူး . . ."

စခန်းမှူးရဲ့အုပ်လုဝင်းက နယ်ထိန်းရဲတပ်ဖွဲ့ဝင်များကိုခေါ်၍ စပါးမြှောင်ရွာသို့သွားသည်။ စပါးမြှောင်ရွာမှ တောင်နှင့်မြောက်စီးဆင်းနေသော ရေမြောင်းရိုးကိုလေ့လာသည်။ ကံမြင့်၏အလောင်းတွေ့သည့် ရေမြောင်းရိုး၏အောက်ဘက်တောင်ဘက်အရပ်တွင် စပါးမြှောင်ရွာထဲမှ ကိုစန်းဝင်းက လယ်ထဲသို့ရေဟင်ရန် ရေမြောင်းရိုးကို တမံတုပ်ထားသည်ဟုသိရသည်။

အခင်းဖြစ်စဉ်က ရေမြောင်းတစ်ဖက်ကမ်းရှိ လယ်ထဲတွင်ရှိနေသော မစံပယ်နှင့် လယ်ကွက်ထဲတွင် လယ်လုပ်နေသူ ဦးခင်ထွန်းကို စခန်းမှူးရဲအုပ်လုဝင်းနှင့် နယ်ထိန်းများက ထိုနေရာသို့ခေါ်သွားသည်။ အခင်းဖြစ်စဉ်က ၎င်းတို့ရောက်ရှိနေသော နေရာများကို ပြန်လည်ပြသစေသည်။ စခန်းမှူးရဲအုပ်လုဝင်းက မစံပယ်ရောက်ရှိနေသော လယ်ကွက်ထဲတွင်ရပ်ကာ စဉ်းစားနေမိတယ်။ စခန်းမှူးရဲအုပ်လုဝင်း၏ဘေးနားတွင်ရပ်နေသော နယ်ထိန်းရဲတပ်သားလေးက ရေမြောင်းရိုးဘက်သို့လျှောက်သွားပြီး ရေမြောင်းရိုးထဲသို့ဆင်းသွားသည်ကို မြင်တွေ့လိုက်ရသည်။

"မြင့်စိုးရေ"

စခန်းမှူးရဲအုပ်လုဝင်းက နယ်ထိန်းရဲတပ်သားမြင့်စိုးအား အသံအနည်းငယ်မြှင့်၍ခေါ်လိုက်သည်။

"ဗျာ . . ဆရာ"

"ကဲ မစံပယ်၊ ရေမြောင်းထ…
ကျုပ်တပည့်လေးကိုလှမ်းခေါ်လိုက်တေ…
ပြန့်ထူးသံကိုကြားတယ်မဟုတ်လား…"

"ဟုတ် . . . ဟုတ်ကဲ့ . . ကြား…
တယ်"

"ဒါဆိုရင် ရေမြောင်းထဲမှာ ကံမြ…
အသက်မခံရမီက တစ်စုံတစ်ဦးနဲ့စကား…
ပြောခဲ့မှာအမှန်ပဲ။ မစံပယ်က ရေ…
မြောင်းရိုးထဲက ဘာအသံမှမကြား…
ဘူးလို့လိမ်ညာနေရင်တော့ မစံပယ်ဟာ…
လူသတ်မှုနဲ့ ပတ်သတ်နေသူလို့ယူ…
ပြီး မသင်္ကာစရာလူအနေနဲ့ တရား…
မှာရှိမန့်ယူပြီး ချုပ်နှောင်စစ်ဆေးရတော့…
မှာပဲ"

စခန်းမှူးရဲအုပ်လုဝင်း၏ စကား…
ကြောင့် မစံပယ်မှာမျက်နှာပျက်သွား…
သူမ၏မျက်လုံးများက မျက်ဝန်းအိမ်…
မှာကစားနေသည်။

"အလားတူပဲ ရေမြောင်းရိုးထဲက…
စကားပြောသံကို လယ်ကွက်ထဲမှာ…
လယ်ပဒ္ဒူးနေတဲ့ ဦးခင်ထွန်းလည်းကြား…
ရမှာပဲ"

ဦးခင်ထွန်းက မစံပယ်၏မျက်နှာ…
ကြည့်နေသည်။

"ကျွန် . . . ကျွန်မ အဲဒီနေ့…
ရေမြောင်းရိုးထဲမှာ စကားများနေသံ…
ကြားမိပါတယ်ဆရာ။ ဘယ်သူဘယ်…
တွေလဲဆိုတာတော့ မသိပါဘူး"

"မစံပယ်၊ လူသတ်မှုနဲ့ပတ်သတ်…
လူသတ်တရားခံကိုသိရက်နဲ့ ဖုံးကွယ်…
ထားရင် ဥပဒေအရ အရေးယူခံရ…
နော်။ စောစောက အခင်းဖြစ်စဉ်တ…
က မစံပယ်ရှိနေတယ်ဆိုတဲ့ လယ်ကွ…
ထဲမှာ ကျုပ်ရပ်နေတယ်။ ကျုပ်တပ…



www.burmeseclassic.com

www.burmeseclassic.com

နယ်ထိန်းရဲ့တပ်သားမြင့်နိုးကို ရေမြောင်းထဲဆင်းခိုင်းတယ်။ ပြီးမှ သူ့ကိုအသံပြုပြီးခေါ်လိုက်တယ်။ သဘောကတော့ မစံပယ်ရှိနေတဲ့လယ်ကွက်ထဲက ရေမြောင်းရိုးထဲကို ခေါ်သံကြားရင် ရေမြောင်းရိုးထဲကစကားပြောသံကို မစံပယ်ကြားရမယ်ဆိုတာ ကျုပ်ကတွက်ဆလို့ရသွားပြီလေ. .”

မစံပယ်၏အစ်ကို ကိုစန်းသွင်က စခန်းမှူးရဲအုပ်လှဝင်း၏ အနားသို့လာ၍ ရပ်သည်။

“ကျွန်တော့်ညီမလေးက ကြောက်တတ်သူမို့ မပြောရဲတာပါဆရာ။ အဲဒီနေ့က ကျွန်တော်အိမ်ပေါ်မှာရှိနေတုန်း သေသူကံမြင့်နဲ့ ရွာထဲကဦးစံတင်ရဲ့သား စိုးမြင့်နဲ့စိုးတင့်တို့ ရေမြောင်းရိုးထဲမှာ တမံတုပ်တဲ့ကိစ္စနဲ့ ပတ်သတ်ပြီး စကားများကြတယ်။ ကျွန်တော့်အိမ်က ရေမြောင်းရိုးနဲ့တည့်တည့် ကမ်းပါးပေါ်မှာရှိနေတော့ သူတို့စကားများနေတာကို ကြားရတယ်။ လှမ်းမြင်နေရတယ်ဆရာ။ ကံမြင့်ကမချေမငံပြောတော့ စိုးမြင့်က သူမှာအသင့်ပါလာတဲ့ ပေါက်ပြားနဲ့ ကံမြင့်ကိုထုလိုက်တာ ကံမြင့်ရေထဲကိုစိုက်ကျသွားတာကို မြင်တွေ့လိုက်ရပါတယ်ဆရာ”

ကိုစန်းလွင်၏စကားကြောင့် စခန်းမှူးရဲအုပ်လှဝင်း ဝမ်းသာသွားသည်။

“ကိုစန်းလွင်၊ ခင်ဗျားပြောတာသေချာတယ်နော်”

“ကျွန်တော်အမှန်အတိုင်း ပြောပြတာပါဆရာ”

စခန်းမှူးရဲအုပ်လှဝင်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဟန်ဝင်းအောင်နှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များက စိုးမြင့်နှင့်စိုးတင့်တို့ညီအစ်ကိုကို သွားရောက်ဖမ်းဆီးပြီး ခေါ်ဆောင်လာခဲ့သည်။

“ဘယ်လိုလဲ စိုးမြင့်နဲ့ စိုးတင့်။ မင်းတို့ညီအစ်ကိုနဲ့ ကံမြင့်တို့ ရေမြောင်းရိုးထဲမှာ တမံလုပ်တဲ့ကိစ္စနဲ့ ပတ်သတ်ပြီး စကားများကြတာရယ်။ စိုးမြင့်က အသင့်ပါလာတဲ့ပေါက်ပြားနဲ့ ကံမြင့်ကို ခုတ်ခဲ့တာကို မစံပယ်ရဲ့အစ်ကို ကိုစန်းသွင်က မြင်တွေ့ထားတော့ မင်းတို့လိမ်ညာနေရင်လည်းအပိုပဲ။ ငါတို့မှာ ခိုင်မာတဲ့ မျက်မြင်သက်သေရှိနေပြီကွ။ ဒီတော့ ဖြစ်စဉ်ကို အမှန်အတိုင်းသိချင်တယ်ကွာ. .”

“ဆရာတို့သိနေမှတော့ အမှန်အတိုင်းဝန်ခံပါတော့မယ်။ အဲဒီနေ့ကကျွန်တော်တို့ညီအစ်ကိုနဲ့ ကိုစန်းဝင်းတို့ ရေမြောင်းရိုးအောက်တမံထဲမှာ ရှိနေကြပါတယ်ဆရာ။ တမံအောက်ပိုင်းကရေစီးလာတာမတွေ့လို့ ရေမြောင်းရိုးအထက်နားကို ကျွန်တော်ပေါက်ပြားကိုင်ပြီး လိုက်ကြည့်တော့ ကံမြင့်ကသူ့ခြံအဆင်းမလှမ်းမကမ်းနားမှာ တမံဖြတ်တုပ်ထားတာတွေ့လိုက်ရတယ်။ ကံမြင့်ကိုလည်း ရိုးချောင်းထဲမှာတွေ့ရတော့ ဟော့ကောင် ငါတို့အောက်ဘက်က တမံတုပ်ထားတာ သိရက်သားနဲ့ မင်းကဘာကြောင့် အထက်ပိုင်းက ဖြတ်တုပ်ထားတာလဲလို့ ကျွန်တော်ကမေးလိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ညီစိုးတင့်က ကျွန်တော်တို့အနားကိုရောက်လာတယ်။ ကံမြင့်က ရေမြောင်းရိုးထဲမှာ တမံတုပ်ထားတာ ဘာဖြစ်သလဲလို့ မချေမငံပြောတော့ သူနဲ့ကျွန်တော်တို့ညီအစ်ကိုစကားများကြပါတယ်။ ကျွန်တော်လည်းစိတ်မထိန်းနိုင်တာနဲ့ လက်ထဲမှာအသင့်ပါလာတဲ့ပေါက်ပြားနဲ့ ကံမြင့်ကိုခုတ်လိုက်တာ ကံမြင့်ဟာရေထဲကိုလဲကျသွားပါတယ်။ အဲဒီနောက် ကျွန်တော်တို့ညီအစ်ကိုလည်း အောက်ဘက်ကတမံကိုပြန်လာခဲ့ကြတယ်”

စိုးမြင့်က အမှန်အတိုင်းဝန်ခံသည်။ အခင်းဖြစ်စဉ်က အသုံးပြုခဲ့သော ပေါက်ပြားကို အပ်နှံနိုင်းရာ ပျောက်ဆုံးသွားပြီဟုပြောသည်။

စခန်းမှူးရဲအုပ်လှဝင်းက ယင်းလူသတ်မှုအား သက်သေစုံလင်စွာဖြင့် အမှုခိုင်မာစွာ တည်ဆောက်၍ တရားခံ စိုးမြင့် ၃၈နှစ်(ဘ)ဦးစံတင်၊ စပါးမြောင်ရွာသားညီအစ်ကိုအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အရ သာယာဝတီခရိုင် လက်ထောက်တိုင်းတရားရုံးသို့ တရားစွဲဆို တင်ပို့ခဲ့သည်။ တရားရုံးက ကြားနာစစ်ဆေးပြီး ပြစ်မှုထင်ရှားသဖြင့် တရားခံစိုးမြင့်အား အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် လည်းကောင်း၊ တရားခံစိုးတင့်အား အလုပ်နှင့်ထောင်ဒဏ် ၇နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

လောဘအတွက်ဒေါသကို ရှေ့တန်းတင်ပြီး လူသတ်မှုကိုကျူးလွန်ခဲ့သော စိုးမြင့်နှင့်စိုးတင့်တို့ညီအစ်ကိုအတွက် သောကရက်များမှာ အဘယ်မျှရှည်ကြာကြဦးမည်မသိ။ သူတို့ကို မှီခိုအားထားနေရသော မိသားစုမှလည်း သူတို့အတွက် သောကဝေဒနာကို အဘယ်မျှရှည်ကြာစွာ ခံစားနေရဦးမယ်ဆိုတာ မသိနိုင်တော့ပါချေ။

ဝင်းဖော် (သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

## USA တွင် အသက်(၂၁)နှစ်ရှိမှ ဆေးလိပ်ဗူးခွင့်ရှိ

USA နယူးယောက်မြို့တော်တွင် စီးကရက်/ဆေးလိပ် ဝယ်ယူသောက်သုံးခွင့်ကို ယခင်ကအသက် ၁၉ ကျား/မ ဝယ်ယူသောက်ခွင့်ရှိသော်လည်း ယခု ၂၂-၄-၁၃ မှစပြီး အသက် ၂၁ နှစ်ရှိသူမှသာ ဆေးလိပ်ဝယ်ယူခွင့်ရှိကြောင်း ဥပဒေဖြင့် သတ်မှတ်လိုက်သည်။ ဆေးလိပ်များ ကျောင်းများ၊ အများပြည်သူဆိုင်ရာ နေရာများတွင် ရောင်းချခြင်းကိုလည်း တားမြစ်ခဲ့သည်။ ကုသရခက်သော ကင်ဆာ၊ အဆုတ်နာတို့သည် ဆေးလိပ်၊ ဆေးရွက်ကြီးတရားခံဖြစ်၍ ပြည်သူများကို ကျန်းမာရေးအတွက် ဥပဒေပြုပေးခြင်း ဖြစ်သည်။

ညီုမင်းလွင်(မော်ကျွန်း)

*Ref: Internet News*




## သားကောင်ဖြစ်သွားခဲ့သောမုဆိုး ဖြစ်ရပ်မှန်



သားကောင်ဖြစ်သွားခဲ့သောမုဆိုး ဖြစ်ရပ်မှန်တစ်ခု တရုတ်ပြည်တွင် ဖြစ်ပွားခဲ့၏။

ယင်းဖြစ်ရပ်မှန်ဖြစ်စဉ်မှာ လွန်ခဲ့သော (၂၅-၃-၂၀၁၃) ရက်၊ တနင်္လာနေ့က တရုတ်ပြည် ကျမ်ကျန်းပြည်နယ်၊ ကွဲကျိုးမြို့နယ်မှ အသက်(၃၂)နှစ်အရွယ်ရှိ အလုပ်သမား၊ ခြံသမားတစ်ဦးဖြစ်သူ မစ္စတာ လျောင်မော်ဖိန်းသည် တောင်ပေါ်တက်ပြီး တောဟင်းရွက်ခူးရာတွင် တောဝက်ကလေးတစ်ကောင်က ၎င်း၏ ဘယ်ဘက်ခြေထောက်ကို မလွှတ်တမ်း ကိုက်ခဲညှပ်ချုပ်ထားခဲ့ရာ လွတ်မြောက်ရန် ရုန်းကန်နေစဉ် တောတောင်နက်ထဲမှ ဝက်မကြီးတစ်ကောင် ထွက်လာခဲ့ပြန်ပြီး ၎င်း၏ ညာဘ ခြေထောက်ကို ထပ်မံကိုက်ခဲ ညှပ်ချုပ်ထားခဲ့ပြန်သဖြင့် ကိုယ်ထဲ၌ တောင်ခြေအောက်နေ မိသားစု၊ ရွာသားများနှင့် ဆက် သွယ်စကားပြောရန် လက်ကိုင်ဖုန်းပါမလာ၍ ဆက်သွ အကြောင်းကြား၍မဖြစ် ဖြစ်နေခဲ့ရ၏။

သို့ဖြစ်လေရာ မစ္စတာလျောင်သည် ကိုက်ခဲညှပ်ချ ထားခံခဲ့ရသော နာကျင်လွန်းလှသည့် ဝေဒနာကိုခံစား တောဝက်ရိုင်းကလေးနှင့် တောဝက်မကြီး ကိုက်ခဲညှပ်ချုပ် လျက် တန်းလန်းနှင့် တောင်အောက်သို့ ငွတ်တရွတ်ဆွဲ လိမ့်ချခဲ့ရလေသည်။ တောင်အောက်ခြေသို့ရောက်ရှိခါမှ ရွာ များတို့၏ ကယ်ဆယ်ခြင်းခံခဲ့ရပြီး အသက်ဘေးမှ လွတ်မြော သွားခဲ့ရသည့်အပြင် တောဝက်အမဲကောင်နှစ်ကောင်ကိုလ ဖမ်းဆီးရမိခဲ့သည်ဆိုသည်။ မကြုံစဖူး၊ မတွေ့စဖူး ကြုံတေ ကြုံခဲ့လှသော လက်တွေ့ ဖြစ်ရပ်ဆန်း၊ ဖြစ်ရပ်မှန်တစ် တည်း။ ရုပ်ပုံမှာ ရွာသားလုံခြုံရေးအဖွဲ့က မစ္စတာလျောင်အ ကယ်ဆယ်နေစဉ် တွေ့မြင်ရပုံဖြစ်သည်။

ဂေတီအောင်သိန်း(ရန်ကုန်တက္ကသို

*Ref:* *C.S.T. (Singapore)*
*(29.3.2013)*
*Page (24)*



www.burmeseclassic.com

www.burmeseclassic.com

## အကွတ်မြို့ ရှိဟိုက်ဗလီကို အယ်လ်ကိုင်ဒါဖုံးခွဲ



၂၉-၃-၁၃ နေ့တွင် အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မှ မြောက်ဘက် မိုင် ၁၀၀ အကွာရှိ ကာကွတ်မြို့တော်ရှိ ရှိဟိုက်ဗလီတွင် သောကြာနေ့-ဝတ်ဘက်ခနစဉ် ဖုံးပေါက်ကွဲမှု ဖြစ်ပွားပြီး၊ ဝတ်ပြုနေသူ ၁၉ ဦးသေဆုံးပြီး အခြားလူ ၁၃၀ ဒဏ်ရာရခဲ့ကြသည်။

USA က အီရတ်သမ္မတ ဆက်ဒန်ဟူစိန်သည် အဖျက်စွမ်းအားပြင်း လက်နက်ထုတ်နေသည်၊ နျူကလီးယားဗုံး ထုတ်နေသည်ဟူသော အကြောင်းပြချက်ဖြင့် အီရတ်ကို အမေရိကန်ဦးဆောင်ပြီး အပေါင်းအပါတို့ဖြင့် ကျူးကျော်သိမ်းပိုက်ခဲ့သည်။ ထို့ဖြစ်၍ ရှိဟိုက်အားကောင်းသောအစိုးရသစ် ပေါ်ပေါက်လာကာ ဆွန်နီတို့သည် တော်လှန်ပုန်ကန်သူများဖြစ်သွားပြီး ရှိဟိုက်လူမျိုးတို့ကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိသည်။ ၎င်းဆွန်နီတို့သည် အကြမ်းဖက်အဖွဲ့ အယ်လ်ကိုင်ဒါနှင့် ဆက်သွယ်ထားသူများ ဖြစ်ကြသည်။ ဖုံးပေါက်ကွဲရာဒေသသည် ဆွန်နီ၊ ရှိဟိုက်နှင့် တတ်ခ်မင်လူမျိုးများ ရောထွေးနေထိုင်သော ဒေသဖြစ်သည်။ ယခုလအတွင်း၌ USA က အီရတ်ကို ကျူးကျော်ဝင်ရောက်သည့် (၁၀)နှစ်မြောက် အထိမ်းအမှတ်အဖြစ် အီရတ်ရှိ အယ်လ်ကိုင်ဒါတို့ အသေခံဖုံးဖောက်ခွဲခဲ့ရာ လူ ၆၀ သေဆုံးခဲ့ရသည်။

ညို့မြင်းလွင်(မော်ကျွန်း)

*Ref: Internet News (10.4.2013)*

---

## ခရီးသည်တစ်ဦး၏ အမှတ်မထင် လေယာဉ်တောင်ပံတွင် ဘဲဥပုံအပေါက်ကြီးတွေ့သဖြင့် လေယာဉ်ထွက်ရန်နှောင့်နှေး

ရုရှားနိုင်ငံ၊ မော်စကိုလေဆိပ်မှ ဆိုက်ဘေးရီးယားသို့ ထွက်ခွာတော့မည့် ခရီးသည်တင်လေယာဉ်တစ်စင်း တောင်ပံတွင် ဘဲဥပုံအပေါက်ကြီးတစ်ခု တွေ့ရှိရသဖြင့် ချက်ချင်းမပျံသန်းနိုင်ဘဲ လေဆိပ်တွင် ကြာနေခဲ့ရကြောင်း (၁၂-၄-၁၃) ရက်စွဲပါ သတင်းတစ်ခုတွင် ဖော်ပြထားသည်။

၂၁-၃-၁၃ နေ့တွင် ဆိုက်ဘေးရီး ယားမှ (၃)နာရီကြာ အစီအစဉ်ဖြင့် ပျံသန်းလာသော ခရီးသည်တင် ဘိုးရင်း (737) လေယာဉ်ကြီးသည် မော်စကိုမြို့ ဒိုမိုဒက် လေယာဉ်ကွင်းတွင် ဆင်းသက်ခဲ့ပြီး ခရီးစဉ်အတိုင်း ပြန်လည်ထွက်ခွာရန် ခရီးသည်များ လေယာဉ်ပေါ်တင်အပြီးတွင် ခရီးသည်တစ်ဦးက လေယာဉ်တောင်ဘက် အတောင်ပံကို ကြည့်မိသောအခါ တောင်ပံတွင် ဘဲဥပုံအပေါက်ကြီးကို တွေ့မြင်လိုက်ရသည်။ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သဖြင့် ထိုခရီးသည်က လေယာဉ်ပိုင်းလော့အခန်းကို အကြောင်းကြားခဲ့ရာ ထိုအခါတွင် ပိုင်းလော့က ခရီးသည်များကို အရေးပေါ်အချက်ပေးသောအခါ ခရီးသည်များ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ အမှန်တကယ်လည်း ဘဲဥပုံအပေါက်ဖြစ်နေပုံကို စစ်ဆေးတွေ့ရှိရသည်။ ဤကဲ့သို့ အပေါက်ကြီးဖြစ်နေခြင်းသည် လေယာဉ်မထွက်ခွာမီ လေယာဉ်ကို စစ်ဆေးစဉ် အခါက တောင်ပံအောက်ရှိ အင်ဂျင်ကို စစ်ဆေးလျှင် အပေါင်ပံ သံပြား/အလူမီနီယံကိုဖွင့်ပြီး လိုအပ်သည်များကို စစ်ဆေးပြီး ၎င်းအတောင်ပံပြားကို ပြန်ပိတ်ထားရမည်ဖြစ်သော်လည်း အကြောင်းအရာတစ်ခုခုကြောင့် ပြန်မဖုံးဘဲ ထားမိခြင်းကြောင့် ဖြစ်နိုင်သည်ဟု ကောက်ချက်ချခဲ့သည်။ တာဝန်ရှိသူတို့က ထိုကိစ္စသည် စက်မှုဆိုင်ရာ ကိစ္စသာဖြစ်ပြီး အန္တရာယ်မရှိနိုင်ကြောင်း ပြောကြားသော်လည်း ခရီးသည်များက လေယာဉ်ကို စွန့်ခွာသည်။ မည်သို့ပင်ဖြစ်စေ အတောင်ပံတွင်ဖြစ်နေသော အပေါက်ကြီးကြောင့် ကောင်းကင်သို့ပျံတက်ပြီး ဘာဖြစ်လာမည်ကို မည်သူမျှ မပြောနိုင်ဟု ဆိုသည်။ ယိုကိစ္စအတွက် မည်သူ့တွင် တာဝန်ရှိသည်ကို ပထမစုံစမ်းနေသည်။

ညို့မြင်းလွင်(မော်ကျွန်း)

*Ref: Internet News (12.4.2013)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# သတင်းထောက် ဒီပဇော် နှင့် ကျားသစ်ဖြူ

ဗညားဦး(အိမ်မဲ)

(၁)

အမှောင်ရိပ်ထဲမှ အရိပ်မည်းသုံးခုကို တွေ့လိုက်ရသည်။ စူးစမ်းစိုက်ကြည့်လိုက်သောအခါ ဆိုင်ကယ်သုံးစီး။

တိုက်ကွက်က လျှပ်တစ်ပြက် မြန်ဆန်လွန်းလှသည်။ ဆိုင်ကယ်သုံးစီးသည် ကျားရိုင်းအဟုန် မာန်ရှိန်းရှိန်းနှင့် အရှိန်ပြင်းစွာ ဒီပဇော်ထံ ဦးတည်တိုက်ခိုက်လာသည်။ ဆိုင်ကယ်သုံးစီး၏ မီးရောင်များ စူးစူးရှရှကြောင့် ဒီပဇော်မျက်လုံးများ ပြာထွက်သွားသည်။

ဒီပဇော်သည် သတိကို နှလုံးမူထားသူပီပီ အရှိန်ပြင်းစွာဝင်ရောက်လာသည့် ဆိုင်ကယ်သုံးစီးကို လျှင်လျှင်မြန်မြန် ရှောင်ရန်ကြိုးစားသည်။

သို့ပေမဲ့ ဆိုင်ကယ်သုံးစီး၏ ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် ဒီပဇော်သည် ဆိုင်ကယ်ပေါ်မှ လွင့်စဉ်သွားပြီး ဆိုင်ကယ်လည်းမှောက်သွားသည်။

ဆိုင်ကယ်သုံးစီးသည် အရှိန်ပြင်းစွာ မောင်းထွက်သွားသည်။ ဒီပဇော်သည် လူးလိမ့်ပြီး ဆိုင်ကယ်သုံးစီးကို လှမ်းကြည့်လိုက်သည်၊ ဆိုင်ကယ်သုံးစီးသည် အမှောင်ထုထဲ ပျောက်ကွယ်သွားသည်။

"ကိုဒီပဇော် ... ဘာဖြစ်လို့လဲ"

ထိုစဉ် ကင်းလှည့်လာကြသည့် ဦးအောင်မိုးတို့အဖွဲ့ ရောက်လာကြသည်။ ဦးအောင်မိုးသည် ဒီပဇော်ထံပြေးသွားပြီး မေးလိုက်သည်။

"ဆိုင်ကယ်သုံးစီး အမှောင်ရိပ်ထဲကထွက်လာပြီး ကျွန်တော့်ကို ဝင်တိုက်သွားတယ်။ အား ... ကျွတ် ... ကျွတ်"

"ဘယ်သူတွေလဲဗျ ... ကိုဒီပဇော်"



www.burmeseclassic.com

www.burmeseclassic.com

"အမှောင်ရိပ်ကြောင့် ဘယ်သူတွေလဲဆိုတာ မသိလိုက်ရပါဘူး"

"ကဲ ... ကဲ ... ကျွန်တော်တို့ ကိုဒီပဇော်အိမ်ကိုလိုက်ပို့ပေးမယ်"

ဦးအောင်မိုးတို့အဖွဲ့သည် ဒီပဇော်ကို အိမ်လိုက်ပို့ပေးလိုက်ကြသည်။

မနက်စောစောက အိမ်ကိုရောက်လာသူမှာ ခင်ခင်နိုင်။ ခင်ခင်နိုင်သည် အကြင်နာရွှန်းလဲ့လဲ့ မျက်ဝန်းနှင့် ဒီပဇော်ကိုလှမ်းကြည့်ပြီး စိုးရိမ်ထိတ်ထိတ်နှင့် မေးလိုက်သည်။

"ညကဘယ်လိုဖြစ်တာလဲ ကိုဇော်"

"ဒီလိုပါနိုင်။ မနေ့ နေ့လယ်ခင်းက တံတားကြီးအရောက်မှာ စိုးရာဇာနဲ့ ဒွေးကြည်တို့ ဆိုင်ကယ်နှစ်စီး အရှိန်ပြင်းပြင်းနဲ့ မောက်သွားတယ်။ အဲဒါသတင်း ဓာတ်ပုံသွားရိုက်တော့ စိုးရာဇာဘောင်းဘီအိတ်ထဲက ဘိန်းဖြူမှုန့်တစ်ထုပ်တွေ့ရလို့ စိုးရာဇာကို ရဲကဖမ်းလိုက်တယ်။ ညနေလောက်မှာ ရဲစခန်းကို ဦးနေကျော် ရောက်လာတယ်နိုင်"

"ဦးနေကျော်ဆိုတာက သူဌေးကြီး မဟုတ်လား"

"ဟုတ်တယ် နိုင်။ စိုးရာဇာက ဦးနေကျော်ရဲ့ တူတော်တယ်၊ ဦးနေကျော်ဟာ ချမ်းသာတယ်၊ မြို့မှာမျက်နှာဖုံး။ ဒီဂုဏ်အရှိန်အဝါနဲ့ စိုးရာဇာကို ပြန်လွှတ်ပေးဖို့ပြောတယ်။ ရဲစခန်းက လက်မခံဘူး နိုင်။ ဥပဒေဟာ မျက်နှာကို မကြည့်တတ်ဘူး။ အမှန်တရားကိုပဲ ကြည့်တတ်တယ်လို့ ကိုဇော်က ဦးနေကျော်ကိုပြောလိုက်တယ်။ ဦးနေကျော်လည်း ရဲစခန်းကပြန်သွားတယ်။ ကိုဇော်လည်း ကိုဇင်မင်းနဲ့ စိုးရာဇာကို ဘိန်းဖြူဘယ်က ဝယ်လာတာလဲလို့ စစ်ကြောရေးလုပ်တာစောင့်ကြည့်တယ်။ စိုးရာဇာက ဘာမှပြန်မပြောဘူး။ ကိုဇော်တို့ စစ်ဆေးမေးမြန်းလုပ်ရင်း ရဲစခန်းက ညသန်းခေါင်ကျော်ကျမှ အိမ်ပြန်ရတယ်။ ဈေးနားရောက်တော့ ဆိုင်ကယ်သုံးစီးက ကိုဇော်ကို ဝင်တိုက်ခိုက်တယ်"

ဒီပဇော်၏စကားကြောင့် ခင်ခင်နိုင် မျက်လုံးတွေ စိုးစိုးထိတ်ထိတ် ဝိုင်းဝိုင်းလည်သွားသည်။

"ကိုဇော် ဘာဖြစ်သွားသေးလဲ"

"လက်နဲ့ဒူးမှာတော့ ဒဏ်ရာရသွားတယ်။ ဒါပေမဲ့ သိပ်မများပါဘူးနိုင်"

"ဘယ်သူတွေလဲဆိုတာ ကိုဇော် မသိလိုက်ဘူးလား"

"မှောင်မှောင်မည်းမည်းထဲမှာဆိုတော့ ဘယ်သူ့ရဲ့ဆိုင်ကယ်တွေလည်းဆိုတာ မသိလိုက်ရဘူး"

ထိုစဉ် အိမ်ပေါ်ကို လှမ်းတက်လာသူမှာ ဒုရဲအုပ်ဇင်မင်း။

"ကိုဒီပဇော် ... ညက တိုက်ခိုက်လာတဲ့ဆိုင်ကယ်တွေ ဘယ်သူများဖြစ်နိုင်သလဲ"

"အင်း ... ကျွန်တော်ထင်တာကတော့ စိုးရာဇာရဲ့အုပ်စုထဲကပဲ ဖြစ်နိုင်တယ်။ စိုးရာဇာက အပေါင်းအသင်းများတယ်"

"နောင်ဆို ... သတိနဲ့သွားပေါ့ ကိုဇော်"

ခင်ခင်နိုင်က ကိုဒီပဇော်ကို စိုးရိမ်သောကန္ဒယ်ရစ်လျက် ပြောလိုက်သည်။ ဒုရဲအုပ်ဇင်မင်းက ခင်ခင်နိုင်ကိုလှမ်းကြည့်ရင်း ရယ်ကျဲကျဲလုပ်လျက် ...

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ ခင်ခင်နိုင်။ ကျွန်တော်တို့က အမှန်တရားဆိုတဲ့ အလင်းဘက်မှာ ရပ်တည်နေရတယ်။ ဒုစရိုက်သမားတွေက အမှောင်ရဲလမ်းမှာ ပြေးလွှားနေတာပါ"

"ဟုတ်ပါတယ် နိုင်"

"ကဲ ... ကိုဒီပဇော်ရေ ဒဏ်ရာက သက်သာတယ်မဟုတ်လား။ ဈေးသွားပြီး လက်ဖက်ရည်သွားသောက်ရအောင်"

ဒီပဇော်နှင့် ဒုရဲအုပ်ဇင်မင်းတို့သည် ဈေးသို့ထွက်ဟန် ပြုလိုက်သည်။ ခင်ခင်နိုင်က ...

"ကိုဇော်ရေ ... နိုင် လက်ဖက်ရည်ဆိုင်တော့ မလိုက်တော့ဘူး။ ပြန် လိုက်ဦး မယ်။ ကိုဇင်မင်း ... နိုင်ပြန် လိုက်ဦးမယ်"

ခင်ခင်နိုင်သည် လက်ဝှေ့ယမ်းရ[illegible] အိမ်ပြန်လာခဲ့သည်။

*****

(၂)

နံနက်ခင်းအချိန်ဖြစ်ပြီး ကားထွက် ချိန် ဝန်းကျင်ရောက်နေခြင်းကြောင့် ကား ဂိတ်အနီးရှိ လက်ဖက်ရည်ဆိုင်များတွင် လူများပြည့်ပြည့်ကျပ်ကျပ်။

ဒီပဇော်နှင့် ဒုရဲအုပ်ဇင်မင်းတို့သည် လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်ထိုင်ပြီး လက်ဖက်ရည်မှာသောက်နေလိုက်သည်။ အတန်ကြာတော့ လက်ဖက်ရည်ဆိုင်ရှေ့ တွင် ဆိုင်ကယ်သုံးစီး ထိုးရပ်လာသည်။ ဆိုင်ကယ်ပေါ်မှ ဆင်းလာပြီး လက်ဖက် ရည်ဆိုင်ထဲကို လှမ်းဝင်လာကြသူများ ဦးနေကျော်၏သမီးဖြစ်သူ ဝိုင်းဥမ္မာနှင့် [illegible] ငယ်များဖြစ်ကြသည့် ဂျင်မောင်၊ ဖော်[illegible] သူတို့သည် စိုးရာဇာအုပ်စုထဲမှ ဖြစ်သည်။

ဒီပဇော်သည် လက်ဖက်ရည် [illegible] တစ်ကျိုက်မော့သောက်လိုက်ပြီး ဝိုင်း[illegible] ကို စူးရှစွာကြည့်နေလိုက်သည်။ လက် ဖက်ရည်ဆိုင်ရှေ့တွင် ရပ်ထားသည့် ဆိုင် ကယ်သုံးစီးကို စူးစိုက်ကြည့်လိုက်[illegible] သည်။ ဒီပဇော်သည် စီးကရက်ကို [illegible] ရှိုက်ဖွာရင်း မေးစေ့ကိုပွတ်သပ်တွေး[illegible] နေသည်။

ဆိုင်အတွင်းမှာ ဝိုင်းဥမ္မာတို့[illegible] ရယ်မောသံများ လွှင့်လွှင့်မျောမျော [illegible] ဥမ္မာဝို့ ဝိုင်းတွင် အမျိုးသားလူငယ်[illegible] ချည်း။ ဝိုင်းဥမ္မာတစ်ယောက်တည်[illegible]



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေး။ ဗိုင်းဥမ္မာသည် မိန်းကလေးတစ်ယောက်ဟုဆိုသော်လည်း ယောကျ်ားလေးတစ်ယောက်လိုဝတ်ဆင်ပြီး စကားပြောဟန်ကလည်း ယောကျ်ားလေးတစ်ယောက်လို သွက်သွက်လက်လက် ဖျတ်ဖျတ်လက်လက်။ ဗိုင်းဥမ္မာသည် ဂျင်းဘောင်းဘီအဖြူရောင်၊ အင်္ကျီအနီကွက်၊ အနက်ရောင်ဦးထုပ်လေးကို ဆောင်းထားလျက် လက်ကြားထဲတွင်လည်း စီးကရက်ကိုမချ။ နားကြပ်ကက်ဆက်လေးနှင့် ...။ ဆိုင်ရှေ့တွင် ဆိုင်ကယ်တစ်စီးထိုးရပ်လာသည်။ ဆိုင်ကယ်ပေါ်မှ လူနှစ်ယောက်ဆင်းလာသည်။ ကျော်ဖြူနှင့် ငြိမ်းထွန်းတို့ ဖြစ်၏။ ကျော်ဖြူသည် ဆိုင်ကယ်ပေါ်မှ ခရီးသွားအိတ်ကို လှမ်းယူပြီး ကားပေါ်သို့တက်သွားခဲ့သည်။

"ကိုကျော်ဖြူ တော်တော်လေးအဆင်ပြေနေတယ်။ ခုဆို အိမ်လည်းအသစ်ပြန်ဆောက်နေတယ်။ မြေလည်းဝယ်နိုင်တယ်လို့ ကြားရတယ်။ ဘာလုပ်သလဲတော့ မပြောတတ်ဘူး"

"အေးကွာ.. ဟိုတုန်းက ကိုကျော်ဖြူဟာ ဦးနေကျော်ဆီမှာ အလုပ်လုပ်တယ်။ ခု ဦးနေကျော်ဆီမှ အလုပ်မလုပ်တော့ဘူး။ ဘာတွေလုပ်နေသလဲတော့ မသိဘူးကွာ။ ဒါပေမဲ့ ကိုကျော်ဖြူ တော်တော်လေးအဆင်ပြေနေတာတွေ့ရတယ်"

ဒီပဇော်တို့ စားပွဲနောက်က စားပွဲဝိုင်းတစ်ဝိုင်းမှ လွင့်ထွက်လာသည့်စကားသံများ။ ဒီပဇော်နှင့် ဒုရဲအုပ်ဇင်မင်းတို့သည် ကားပေါ်တွင်ထိုင်နေသည့် ကျော်ဖြူကို ကြည့်လိုက်သည်။ ဗိုင်းဥမ္မာတို့စားပွဲဝိုင်းပေါ်မှ ဂျင်မောင်သည် ကားပေါ်ကိုတက်သွားပြီး ကျော်ဖြူနှင့် စကားပြောနေသည်ကို တွေ့လိုက်ရ၏။

ကားထွက်ချိန်ရောက်ပြီး ကားဂိတ်မှထွက်ခွာသွားလျက် ဗိုင်းဥမ္မာတို့ဆိုင်ကယ်သုံးစီးလည်း လက်ဖက်ရည်ဆိုင်ရှေ့မှ တစ်ဟုန်ထိုး မောင်းထွက်သွားသည်။

ဒီပဇော်နှင့် ဒုရဲအုပ်ဇင်မင်းတို့သည် ဆိုင်အတွင်းအပြင်ကို ဝေ့ဝိုက်ကြည့်ပြီး ရဲစခန်းဆီသို့ ဦးတည်မောင်းနှင်လာခဲ့သည်။ ရဲစခန်းကိုရောက်ပြီး မကြာမီ ရဲဘော်မြင့်စိုး ရုံးခန်းထဲသို့ လှမ်းဝင်လာပြီး ဒုရဲအုပ်ဇင်မင်းကို အလေးပြုလျက် ...

"ဆရာ ... စခန်းရှေ့မှာ ဦးသိန်းလှိုင်ရောက်နေတယ်။ ဆရာနဲ့တွေ့ချင်လို့တဲ့"

"သြော် ... အေး ... အေး ... ရုံးခန်းထဲခေါ်လာခဲ့လိုက်"

"ဟုတ်ကဲ့ ဆရာ"

ရဲဘော်မြင့်စိုးသည် အလေးပြုလျက် ရုံးခန်းအပြင်သို့ ထွက်သွားသည်။ မကြာမီ ရုံးခန်းထဲသို့ ဦးသိန်းလှိုင်ရောက်လာ၏။

"ကဲ ... ဦးသိန်းလှိုင်ထိုင်ဗျာ။ ဘာကိစ္စရှိလို့လဲ"

"ကျွန်တော့်သားကို ဖမ်းပေးပါ"

ကုလားထိုင်အလွတ်တွင် ဝင်ထိုင်လိုက်ရင်း ထိတ်ထိတ်ပျာပျာပြောလိုက်သူမှာ ဦးသိန်းလှိုင်။ ဒီပဇော်သည် ဦးသိန်းလှိုင်ကို စူးစိုက်ကြည့်နေ၏။ ဦးသိန်းလှိုင်၏မျက်နှာပေါ်တွင် ချွေးဒီးဒီးစီးဆင်းနေလျက်။ ထိတ်ထိတ်လန့်လန့်မျက်လုံး၊ ရင်ဖိုချောက်ချားသော အသံလှိုင်းနှင့် ...

"ကျွန်တော့်သား ဘိန်းဖြူစွဲနေပြီဆရာ။ ဘိန်းဖြူဝယ်ဖို့ ပိုက်ဆံမရှိတော့ အမေလုပ်သူဆီမှာ ပိုက်ဆံတောင်းတယ်။ အမေကမပေးဘူး။ ကျွန်တော်ဈေးသွားတုန်း အမေဆီမှာပိုက်ဆံတောင်းလို့ မပေးရကောင်းလားဆိုပြီး ဆေးပေါက်ပေါက်နဲ့ အမေလုပ်သူကို ဓားနဲ့ခုတ်လို့ ခုအမြန်ဆုံး ကျွန်တော့်သားကို ဖမ်းပေးပါ"

ဒုရဲအုပ်ဇင်မင်းသည် ရဲဘော်မြင့်စိုးကို လှမ်းခေါ်လိုက်သည်။

"ရဲဘော် ... ဦးသိန်းလှိုင်နဲ့ လိုက်သွားပြီး သူ့ရဲ့သားကို အမြန်ဆုံး စခန်းကို ခေါ်လာခဲ့ပါ"

> မျက်လုံး
> ကြောင်တောင်တောင်၊
> လက်တွေ ခြေတွေ
> တုန်ယင်နေလျက်၊
> အသားအရေ
> ခြောက်ခြောက်နွမ်းနွမ်း၊
> ကိုယ်ခန္ဓာပိန်ပိန်ချုံးချုံး၊
> မောဟိုက်တုန်ရီလျက်
> အသံလှိုင်းများ
> ထွက်ပေါ်နေသည့်
> နီတွတ်ကို ကိုဒီပဇော်
> စူးစမ်းကြည့်နေရင်း

ရဲဘော်မြင့်စိုးသည် ရဲဘော်သုံးယောက်ကိုခေါ်ပြီး ဦးသိန်းလှိုင်နှင့်အတူ ထွက်သွားကြသည်။

"ဘိန်းဖြူဟာ တော်တော်ကြောက်စရာကောင်းတာပဲ။ ဘိန်းစွဲပြီဆိုရင် ကိုယ့်မိဘတွေကို ကိုယ်ပြန်သတ်ရဲတဲ့အထိ ဖြစ်ခဲ့ကြပြီး HIV/AIDS ရောဂါဆိုးတွေ ဖြစ်ပွားခဲ့တယ်။ ဘိန်းဖြူရဲ့နောက်ဆုံးလမ်းဟာ သေမင်းရဲ့လမ်းပဲ ကိုဒီပဇော်။ ဒါကြောင့် ဘိန်းဖြူရောင်းဝယ်မှုဂိုဏ်းကို အမြန်ဆုံးဖော်ထုတ်ကြရလိမ့်မယ်"

"ဟုတ်တယ် ကိုဇင်မင်း။ မူးယစ်ဆေးက မင်းဘဝကို လွှမ်းမိုးနေသလား။ မင်းဘဝ၊ မင်းပတ်ဝန်းကျင်မှာ မူးယစ်ဆေးအတွက် နေရာမရှိဆိုတဲ့ ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ မှုခင်းဆိုင်ရာရုံးက ချမှတ်ပေးလိုက်တဲ့ ဆောင်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com

အတိုင်းပေါ့။ လူသားအားလုံးရဲ့ ဘဝပတ်ဝန်းကျင်တစ်ခုလုံးမှာ ဘိန်းဖြူမူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီး ပပျောက်အောင် ဆောင်ရွက်ဖို့ ကျွန်တော်တို့လူသားတိုင်းရဲ့ တာဝန်ပါပဲ"

ဒုရဲအုပ်ဇင်မင်းသည် မှတ်တမ်းစာအုပ်ကိုဖွင့်ပြီး မှတ်တမ်းရေးရင်း . . .

"အဲဒီလို ဖော်ထုတ်တဲ့နေရာမှာ လူငယ်ထုထဲကို တိုးဖောက်ဝင်ရောက်ထောက်လှမ်းမှုလုပ်ဖို့ အရေးကြီးတယ်။ လူငယ်တွေ အများဆုံး သွားလာလှုပ်ရှားနေတဲ့ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်ဆိုက်ကားဂိတ်၊ ကားဂိတ်တွေကို မျက်ခြေမပြတ်ဖို့ အရေးကြီးတယ် ကိုဒီပဇော်"

ထိုစဉ်အခန်းထဲကို ရဲဘော်မြင့်စိုးတို့ ပြန်ရောက်လာကြသည်။

"ဆရာဦးသိန်းလှိုင်ရဲ့သား နီတွက်ကို ခေါ်လာတယ်ဆရာ"

ဒုရဲအုပ်ဇင်မင်းသည် နီတွက်ကို စူးစူးစိုက်စိုက်ကြည့်ရင်း မေးလိုက်သည်။

"မင်း ဆေးစွဲနေတာ်ဆို"

"မ . . . မ . . . မဟုတ်ပါဘူး"

"မင်းက ဘာလို့လိမ်ရတာလဲ၊ မင်းက မဟုတ်ဘူးလို့လာပြောနေတယ်။ မင်းအဖေကိုယ်တိုင်က လာအကြောင်းကြားလို့ မင်းကိုဖမ်းခိုင်းလိုက်တာ"

မျက်လုံးကြောင်တောင်တောင်၊ လက်တွေ ခြေတွေ တုန်ယင်နေလျက်၊ အသားအရေ ခြောက်ခြောက်နွမ်းနွမ်း၊ ကိုယ်ခန္ဓာ ပိန်ပိန်ချုံးချုံး၊ မောဟိုက်တုန်ရီလျက် အသံလှိုင်းများထွက်ပေါ်နေသည့် နီတွက်ကို ကိုဒီပဇော် စူးစမ်းကြည့်နေရင်း

"နီတွက် . . . မင်းမှန်မှန်ပြောလိုက်ပါ။ မင်းရဲ့သွင်ပြင်လက္ခဏာဟာ မူးယစ်ဆေးဝါးသုံးစွဲထားတဲ့ လက္ခဏာတွေပဲ။ နောက်ပြီး ဆေးဖိုးပြတ်တော့ အမေ့ဆီကဆေးဖိုးတောင်းတာမရလို့ အမေဖြစ်သူကို ဓားနဲ့ခုတ်လိုက်တာဟာလည်း နိုင်ငံတဲ့ သက်သေအထောက်အထားပဲ"

"ဟုတ် . . ဟုတ်ကဲ့ . . ကျွန်တော်ဆေးတွေသုံးမိပါတယ်"

"အေးဟေ့ . . . အဲဒီလိုမှန်မှန်ပြောစမ်း။ ဒါဆိုရင် အဲဒီဘိန်းဖြူတွေကို ဘယ်ကဝယ်သုံးသလဲ နီတွတ်"

နီတွတ်သည် ဒီပဇော်ကိုတစ်လှည့် ဒုရဲအုပ်ဇင်မင်းကိုတစ်လှည့်စီ ကြည့်နေမိသည်မှာ ငေးငေးကြောင်ကြောင်။

"ဘိန်းဖြူတွေကို သူငယ်ချင်းတွေဆီကရတာပါ။ သူတို့ပြောတာ ကျားသစ်ဖြူဂိုဏ်းကရောင်းတယ်လို့ ပြောတယ်"

"ကျားသစ်ဖြူဂိုဏ်း ဟုတ်လား"

ဒုရဲအုပ်ဇင်မင်းသည် နီတွတ်ကိုကြည့်ရင်း ဘိန်းဖြူရောင်းဝယ်ရေးဂိုဏ်း၏ သဲလွန်စနာမည်ကို သိလိုက်ရလေသည်။ ဒီပဇော်၏ နှုတ်ဖျားတွင် ရေရွတ်နေမိသည်မှာ .

"ကျားသစ်ဖြူ . . . ကျားသစ်ဖြူ . . . ကျားသစ်ဖြူ"

* * * * *

(၃)

မနက်လင်း ရန်ကုန်ကားဂိတ်ကို ဒီပဇော်ရောက်သွားသည်။

"မနေ့က ကျွန်တော်တို့ကားနဲ့ ကိုကျော်ဖြူ ရန်ကုန်က ပြန်လိုက်လာတယ်။ ဈေးဂိတ်အထိလိုက်မလာဘဲ တံတားမှာ ဆင်းသွားတယ်။ ဆိုင်ကယ်တစ်စီးက ကိုကျော်ဖြူကို လာစောင့်ပြီး ခေါ်သွားတာ တွေ့ရတယ်"

ကားစပယ်ယာတစ်ဦးက ဒီပဇော်ကို ပြောပြနေတယ်။ ဒီပဇော်သည် မေးစေ့ကိုပွတ်သပ်ရင်း တွေးတောနေပြီးမှ . .

"လာစောင့်ခေါ်တဲ့ ဆိုင်ကယ်ကို သိလား"

"မှောင်ရိပ်သန်းနေတော့ သဲသဲကွဲကွဲ မမြင်လိုက်ရဘူး ကိုဒီပဇော်"

ဒီပဇော်သည် ကားစပယ်ယာကို စူးစမ်းမေးမြန်းပြီး ပန်းခြံသို့မောင်းထွက်လာခဲ့သည်။ ဈေးထိပ်တွင် ဆိုင်ကယ်ကို ပတ်ရပ်လိုက်ပြီး ဆိုင်ကယ်ပေါ်မှနေ၍ ဈေးဝန်းကျင်ကို လှမ်းကြည့်လိုက်သည်။

ဈေးထိပ်တွင် ဝိုင်းညွှန့်မွှာ၊ ဂျင်မောင်ဇော်ဟိန်းတို့ကို မြင်လိုက်၏။ ဂျင်မောင်သည် ဈေးထိပ်ဘက်သို့ လျှောက်လာသော ကျော်ဖြူကို သွားရောက်စကားပြောသည်ကို တွေ့လိုက်ရ၏။ ကျော်ဖြူသည် ဂျင်မောင်နှင့် စကားပြောပြီး ဈေးထဲသို့ ဝင်သွား၏။

ဒီပဇော်သည် ကျော်ဖြူနောက်သို့ လိုက်သွားသည်။ ကျော်ဖြူသည် အကျႌစက်ချုပ်တန်းဘက်သို့ လျှောက်သွားသည်။ ပြီးမှ စက်ဆိုင်တစ်ဆိုင်ကဲပင်ပြီး သားရေအိတ်တစ်လုံးကိုင်လျက် ပြန်ထွက်သွားသည်ကို ဒီပဇော်မြင်လိုက်ရ၏။

ဒီပဇော်သည် စက်ဆိုင်အတွင်းသို့ ဝင်လာပြီး မေးလိုက်သည်။

"စောစောက ကိုကျော်ဖြူ ဘာလာယူသွားတာလဲ"

"သူ့ခါးပတ်အိတ်အတွင်းမှာ အတွင်းခံအိတ်တစ်လုံးချုပ်တာ ပြီးသွားလို့ လာယူသွားတာပါ ကိုဒီပဇော်"

ဒီပဇော်သည် ဈေးအပြင်ဘက်သို့ ပြန်ထွက်လာပြီး ဆိုင်ကယ်ပေါ်တက်ကာ မောင်းထွက်ခဲ့သည်။

ကားဂိတ်အနီး ကွမ်းယာဆိုင်တစ်ဆိုင်ရှေ့တွင် ဇော်ဟိန်းနှင့် စကားပြောနေသည့် ကျော်ဖြူကို တွေ့လိုက်ရသည်။ ဒီပဇော်သည် တစူးစိုက်ငုံ့စောင်းကြည့်ပြီး ရဲစခန်းဘက်သို့ ဆိုင်ကယ်မောင်းနှင်လာခဲ့သည်။ ရဲစခန်းရောက်တော့ ဒုရဲအုပ်ဇင်မင်းက ဒီပဇော်ကိုလှမ်းကြည့်ရင်း

"ဘယ်လိုလဲ ကိုဒီပဇော် . . . ကျားသစ်ဖြူဂိုဏ်းကို ခြေရာခံမိပြီလား"

"ကျော်ဖြူဟာ ဝိုင်းညွှန့်မွှာနှင့်



www.burmeseclassic.com

www.burmeseclassic.com

"အား...အား...အား"
ကော်ပီခွက်ကို
လွှတ်ချလိုက်ကာ
လည်ပင်းကို ပြန်နှိပ်ရင်း
အော်ရင်းကြမ်း
ပြင်ပေါ်ကို
အရုပ်ကြိုးပြတ်
လဲကျသွားသူမှာ
မျက်နှာဖုံးအမည်းရောင်
စွပ်ထားသည့်လူ၊
အဖြူရောင်
မျက်နှာဖုံးကို
ချွတ်လိုက်သည်။

မောင်တို့နဲ့ ဘာကြောင့်ဆက်နွယ်မှုရှိသလဲ၊ ခါးပိုက်အိတ်အတွင်းမှ အတွင်းခံအိတ်ဘာကြောင့် ချုပ်ရတာလဲ၊ ရန်ကုန်ကပြန်လာတော့ ဈေးဂိတ်မှာ မဆင်းဘဲ တံတားမှာ ဘာကြောင့်ဆင်းရတာလဲ၊ ဒီအချက်တွေကို ကျွန်တော်စဉ်းစားနေတာ။ ကျွန်တော်ကောက်ချက်ဆွဲမိဘာကတော့ ကျော်ဖြူကို ပစ်မှတ်ထားရမှာပဲ ကိုဇင်မင်း"

"ဒီတစ်ကြိမ် ကျော်ဖြူ ရန်ကုန်က ပြန်လာရင် ရှာဖွေကြည့်မယ်"

"ကောင်းတာပေါ့ ကိုဇင်မင်း"

ဒီပဖော်သည် စခန်းမှပြန်လာခဲ့သည်။ ရန်ကုန်ကားဂိတ်ကို ဝင်ရောက်ပြီး စုံစမ်းကြည့်သည့်အခါ ကျော်ဖြူသည် နံနက်ကားနဲ့ ရန်ကုန်ကိုသွားသည်ဟု သိရ၏။ ကျော်ဖြူရန်ကုန်မှ ပြန်ရောက်သည့်နေ့တွင် တံတားအနီးမှာ ဒီပဖော်နှင့် ဒုရဲအုပ်ဇင်မင်းတို့ စောင့်နေလျက်။ ည(၇)နာရီခန့်တွင် ရန်ကုန်ကားဝင်လာသည်။ တံတားရောက်တော့ ကျော်ဖြူကားပေါ်မှ ဆင်းလာသည်။

"ကိုကျော်ဖြူ ခဏနေပါဦး"

ဒုရဲအုပ်ဇင်မင်းသည် ကျော်ဖြူကို လှမ်းပြောရင်း လျှောက်လာသည်။

"ကျွန်တော်တို့တာဝန်အရ ရှာဖွေစရာရှိလို့ပါ"

ရဲဘော်များသည် ကျော်ဖြူ၏ခရီးသွားအိတ်ကို ရှာဖွေကြသည်။ ဒီပဖော်သည် ကျော်ဖြူခါးတွင် ပတ်ထားသည့် ခါးပတ်အိတ်နှင့် လက်ထဲတွင်ကိုင်ထားသည့် ဒူးရင်းသီးသုံးလုံးကို စူးစိုက်ကြည့်နေမိသည်။

"ဆရာ ဘာမှမတွေ့ဘူး"

ရဲဘော်ဝင်းညိုက ရှာဖွေကြည့်ပြီး ဒုရဲအုပ်ဇင်မင်းကို ပြောလိုက်သည်။ ဒီပဖော်သည် ကျော်ဖြူကို လှမ်းကြည့်ရင်း

"ကိုကျော်ဖြူ ခါးပတ်ကိုဖြုတ်လိုက်ပါ"

ကျော်ဖြူသည် ခါးပတ်အိတ်ကို ဖြုတ်လိုက်သည်။ ဒီပဖော်သည် ခါးပတ်အိတ်ကို လှမ်းယူပြီး အိတ်အတွင်းကို ကြည့်လိုက်သည်၊ အိတ်အတွင်းမှာ အတွင်းခံ အိတ်တစ်လုံးကို တွေ့လိုက်ရသည်။ ဖွင့်ကြည့်လိုက်တော့ အဖြူရောင် အထုပ်များ။

"ကိုဇင်မင်းရေ . . ဒီမှာတွေ့ပြီ"

ဒုရဲအုပ်ဇင်မင်းသည် ဒီပဖော်လက်ထဲမှ အထုပ်ငယ်လေးများကို လှမ်းယူပြီး ကြည့်လိုက်သည်။

"ဟုတ်တယ် ကိုဒီပဖော်။ ဘိန်းဖြူမှုန့်တွေပဲ"

ဒီပဖော်သည် ကျော်ဖြူလက်ထဲတွင်ကိုင်ထားသည့် ဒူးရင်းသီးသုံးလုံးကို လှမ်းကြည့်လိုက်သည်။ ဒူးရင်းသီးသုံးလုံးမှာ မူလအသီး၊ အရွယ်ပုံစံ မဟုတ်။ သေးပတ်လည်တွင် အက်ကြောင်းလေးတွေကို တွေ့ရသည်။ ဒီပဖော်သည် ဒူးရင်းသီးတစ်လုံးကို ယူကြည့်သည်။ အက်ကြောင်းလေးနေရာမှ ခွာကြည့်လိုက်တော့ ဘိန်းဖြူထုပ်များကိုသာ တွေ့ပြန်သည်။

"ကဲ . . . ကိုကျော်ဖြူ ၊ခင်ဗျားဘာပြောချင်သေးလဲ။ ရဲစခန်းကိုလိုက်ခဲ့ပါ"

ကျော်ဖြူ့ကို လက်ထိပ်ခတ်လိုက်ချိန်မှာ တံတားအနီးရှိ သစ်ပင်အောက်က ဆိုင်ကယ်တစ်စီး အရှိန်ပြင်းပြင်းတစ်ဟုန်ထိုး မောင်းထွက်သွားတော့သည်။ ထိုဆိုင်ကယ်ပြေးလမ်းသည် မှောင်မှောင်မိုက်မိုက်။

လရောင်က ရှက်သွေးဖြာ ပုန်းလျှိုးဖြာကျနေသည်။ လမ်းပေါ်တွင်လမ်းဘေးမီးတိုင်မှ အလင်းရောင်နုနု ဖိတ်ဝင့်ကြွေကျနေလျက်။

ဒီပဖော်သည် ရဲစခန်းမှ ညဉ့်နက်တွင် ပြန်လာခဲ့သည်။ ဆိုင်ကယ်ပြေးနှုန်း ပြေပြေလျှော့လျှော့ နှင်လာလျက်။ ဈေးထိပ်ရောက်တော့ ဆိုင်ကယ်သုံးစီးသည် အမှောင်ကို အားပြုပြီး ဒီပဖော်ကို ဦးတည်တိုင်ခိုက်မှုကြောင့် ဒီပဖော်မျက်လုံးကြယ်တွေ လင်းလက်သွားလျက်။

ဆိုင်ကယ်တခြား၊ လူတစ်ခြားဖြစ်သွားပြီး မဟူရာညထဲ အလည်ရောက်သွားသည်မှာ ဒီပဖော် . . .။

* * * * *

(၄)

မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်ကြည့်လိုက်သောအခါ အခန်းတစ်ခန်းထဲတွင် ရောက်နေသည်ကို သိလိုက်ရသည်။

အခန်းထဲတွင် မီးရောင်ပြာလဲ့လဲ့ဖြာကျနေသည်။ အခန်းပတ်လည်ကို လိုက်လံကြည့်မိသည်။ တံခါးပေါက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com

မှမတွေ့။ အခန်းအလယ်တွင် ပန်းချီကားကြီးတစ်ကားကို တွေ့မြင်လိုက်၏။ ပန်းချီကားမှာ ကျားသစ်ဖြူပုံ။ အနက်ရောင်ပေါ်မှာ အဖြူရောင်နှင့် ခြယ်မှုန်းထားသည်။ ပန်းချီကားကြီး အပေါ်ပိုင်းမှာ ဆောင်းဘောက်တစ်လုံးကို တွေ့ရပြန်သည်။

"ဟား ... ဟား ... ဟား ... သတင်းထောက်ဒီပဇော်၊ သတင်းထောက် ဒီပဇော် ... နာမည်သိပ်မွှေးနေတာကိုး။ မှတော့ ကျုပ်တို့အမှောင်တိုက်ထဲကို ရောက်နေပြီမဟုတ်လား။ ဟား ... ဟား ... ဟား ... မနက်စောစောကျမှ ကျုပ်တို့ကျားသစ်ဖြူဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ရမှာ။ ဒီညတော့ ကျုပ်တို့ကျားသစ်ဖြူဂိုဏ်းထဲမှာပဲ အိပ်လိုက်ဦး။ ဒီပဇော် ... ဟား ... ဟား ... ဟား ..."

ဆောင်းဘောက်ထဲမှ အသံဝါဝါကြီးသည် ကျယ်လောင်လှိုင်းခတ်ထွက်ပေါ်လာသည်။ ဒီပဇော်သည် မအိပ်ဘဲ အခန်းပတ်လည်နံရံကို စူးစူးစမ်းစမ်းကြည့်နေမိသည်။ ကြမ်းပြင်ပေါ်တွင် ပြန်ထိုင်ချလိုက်သည်။ မျက်လုံးကလည်း မှေးချင်လာသည်။ အတန်ကြာတော့ မှေးခနဲ အိပ်ပျော်သွားမိ၏။

"ဟား ... ဟား .... ဟား .."

ဆောင်းဘောက်ထဲမှ ရယ်သံများကြောင့် ဖျတ်ခနဲနိုးလာပြီး ဆောင်းဘောက်ကို လှမ်းကြည့်နေမိသည်။

"ဟား ... ဟား ... ဟား ... ဒီပဇော် နိုးနေပြီလား။ မကြာခင် ဆရာကြီးနဲ့ တွေ့ရမှာပါ။ ဟား ... ဟား ... ဟား"

ဒီပဇော်က ဆောင်းဘောက်ကိုပဲ စိုက်ကြည့်နေမိသည်။ ဆောင်းဘောက်ထဲမှ အသံများတိတ်ဆိတ်သွား၏။ အတန်ကြာတော့ ဆောင်းဘောက်ထဲမှ အသံနက်ကြီး ဟိန်းထွက်လာသည်။

"သတင်းထောက်ဒီပဇော် နိုးနေပြီလား။ ကျုပ်ဟာကျားသစ်ဖြူရဲ့ ဂိုဏ်းချုပ်ပဲ။ ကျုပ်ရဲ့လုပ်ငန်းကို ထောက်လှမ်းဖို့ ကြိုးစားနေတဲ့ သတင်းထောက်ကြီးကို သူ့ရဲကောင်းဘွဲ့ ချီးမြှင့်ချင်လို့ ဒီအခန်းထဲကို ခေါ်လာတာပါ။ သတင်းထောက်ကြီးရဲ့ရှေ့ကို ကျုပ်လာပြီး ဆုချီးမြှင့်ပါ့မယ်"

ဆောင်းဘောက်ထဲမှ အသံနက်ကြီး တိတ်ဆိတ်သွားသည်။ ငါးမိနစ်ခန့်အကြာတွင် ကျားသစ်ဖြူပန်းချီကားကြီး လှုပ်ရှားလာပြီး ပန်းချီကားကြီး နောက်ဘက်မှ တံခါးပွင့်လာသည်။ တံခါးနောက်တွင် အခန်းတစ်ခန်းကို တွေ့လိုက်ရသည်။ အခန်းဝတွင် လူနှစ်ယောက်ရပ်နေသည်ကို တွေ့ရသည်။ တစ်ယောက်မှာ အမည်းရောင်မျက်နှာဖုံး စွပ်ထားသည်။ တစ်ယောက်မှာ အဖြူရောင်မျက်နှာဖုံး စွပ်ထားသည်။

"ပထမအကြိမ် ဆိုင်ကယ်နှင့်ဝင်တိုက်ခဲ့တာ ကျုပ်ရဲ့ဂိုဏ်းသားတွေပဲ။ ကျုပ်ခိုင်းလိုက်တာ။ ကျုပ်ရဲ့လက်ရုံးတပည့်ကျော်ဖြူကို သတင်းထောက်ကြီးက ဖော်ထုတ်နိုင်လို့ ရဲကဖမ်းလိုက်တယ် မဟုတ်လား။ ဒီတစ်ကြိမ်တော့ သတင်းထောက်ကြီးကို ဆုချီးမြှင့်ချင်လို့ ဒီကိုခေါ်လာတာပဲ။ ဟား ... ဟား .. ဟား ... သတင်းထောက်ကြီးက တော်တော်အသက်ပြင်းတာပဲနော်..။ ဒီတစ်ကြိမ်တော့ အသက်ပြင်းနိုင်ဦးမလားဆိုတာ ကြည့်ကြသေးတာပေါ့။ ကော်ဖီနှစ်ခွက်နဲ့ မုန့်သွားယူပါ"

အမည်းရောင် မျက်နှာဖုံးစွပ်ထားသည့်လူက အဖြူရောင်မျက်နှာဖုံးစွပ်ထားသည့်လူကို ပြောလိုက်သည်။ အတန်ကြာတော့ ကော်ဖီနှစ်ခွက်နှင့် မုန့်များ ယူလာသည်။ အခန်းဝတွင်ရပ်နေသည့် အမည်းရောင် မျက်နှာဖုံးစွပ်ထားသည့်လူကို ကော်ဖီခွက်နှင့် မုန့်များ လှမ်းပေးလိုက်သည်။

"ကဲ ... သတင်းထောက်ကြီး သ
ဆောင်ပြီးမှ စကားဆက်ပြောကြတာပေ
သတင်းထောက်ကြီးကို ကော်ဖီနဲ့မုန့် သွာ
ပေးလိုက်ပါ။ ဟား ... ဟား ... ဟား"

အဖြူရောင် မျက်နှာဖုံးစွပ်ထား
သည့်လူက ဒီပဇော်ထံလျှောက်သွားပြီ
ကော်ဖီနှင့် မုန့်ပေးလိုက်သည်။ အမည်း
ရောင်မျက်နှာဖုံးစွပ်ထားသည့်လူက ရယ်
မောရင်း ကော်ဖီကို တစ်ကျိုက်မော့
သောက်လိုက်သည်။ ဒီပဇော်ထံ ခြေလှမ်း
တစ်လှမ်း လှမ်းလိုက်သည်။ နောက် တစ်
ကျိုက်မော့သောက်လိုက်ပြန်သည်။ ရှေ့
သို့ ခြေတစ်လှမ်း လှမ်းလိုက်ပြန်သည်။
ထိုစဉ် ...

"အား ... အား ... အား ..."

ကော်ဖီခွက်ကို လွှတ်ချလိုက်ကာ
လည်ပင်းကို ပြန်ညှစ်ရင်း အော်ရင်းကြမ်း
ပြင်ပေါ်ကို အရုပ်ကြိုးပြတ်လဲကျသွားသူ
မှာ မျက်နှာဖုံးအမည်းရောင်စွပ်ထားသည့်
လူ။ အဖြူရောင် မျက်နှာဖုံးကို ချွတ်လိုက်
သည်။

"ဝိုင်းဥမ္မာပါလား"

"ဟုတ်တယ် ကိုဒီပဇော်။ ကျွန်မ
က ဝိုင်းဥမ္မာပါ။ ဟိုမှာလဲကျနေတဲ့ လူကို
သိချင်လား"

ဝိုင်းဥမ္မာသည် လဲကျနေသည့် လူ
၏ အမည်းရောင်မျက်နှာဖုံးကို ခွာချလိုက်
သည်။

"ဦးနေကျော်ပါလား"

"ဟုတ်တယ် ကိုဒီပဇော်။ ဦးနေ
ကျော်ပါ။ သူ့တပည့်တွေရောက်လာလိမ့်
မယ်။ လာ ... လာ ... သွားကြမယ်
ဒီအခန်းမှာ အရေးပေါ်ထွက်ပေါက်တစ်ခု
ရှိတယ်"

ဝိုင်းဥမ္မာသည် အခန်းနောက်နံရံ
တစ်ချက်ကို ဆွဲလိုက်ပြီး တံခါးနောက်ကို
တွန်းဖွင့်လိုက်သည်။ တံခါးနောက်ကနေ
အပြင်ဘက်ကို ထွက်ပြေးလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ ဘယ်ပြေးမလဲ"

ဦးနေကျော်၏ တပည့်သုံးယောက်က ဒီပဇော်တို့ရှေ့တွက် ရပ်နေသည်။ ဂဃနိုင်ဗိုင့် လူတစ်ယောက်က ဒီပဇော်၏ မျက်နှာဆီကို လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ ဒီပဇော်က ရှောင်လိုက်ပြီး ထိုဗိုင့်ဗိုင့်လူကို ညာခြေထောက်နှင့် ကန်ထည့်လိုက်၏။ နောက်လူနှစ်ယောက်က ဝိုင်းဥမ္မာကို ဝိုင်းချုပ်လိုက်ကြသည်။

"ဟော့ကောင်တွေ ရပ်လိုက်စမ်း။ မင်းတို့ကို တို့ရဲတွေဝိုင်းထားပြီးပြီ"

ရဲဘော်များက ထိုလူသုံးယောက်ကို လက်ထိတ်ခတ်လိုက်ပြီး ခေါ်သွားကြသည်။ ဒုရဲအုပ်ဖင်မင်းရောက်လာပြီး ...

"ကိုဒီပဇော် .. ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး .. ကိုဖင်မင်း"

ဒီပဇော်နှင့် ဒုရဲအုပ်ဖင်မင်းတို့ စကားပြောနေစဉ် ဝိုင်းဥမ္မာက ဒုရဲအုပ်ဖင်မင်းကို ကြည့်ကာပြောလိုက်သည်။

"ကျွန်မကိုလက်ထိတ်ခတ်လိုက်ပါ။ ဦးနေကျော်ကို ကျွန်မအဆိပ်ခတ်သတ်လိုက်တာပါ"

"ဦးနေကျော်က ဝိုင်းဥမ္မာရဲ့အဖေမဟုတ်ပါဘူးလား"

ဒုရဲအုပ်ဖင်မင်းက မေးလိုက်သည်။

"ဦးနေကျော်ဟာ ကျွန်မရဲ့အဖေမဟုတ်ရပါဘူး။ ပထွေး ... ယုတ်မာကျားရှင်းကြီး"

"ကဲ .. ဝိုင်းဥမ္မာ ရဲစခန်းကိုပဲလိုက် ခဲ့ ။"

ဒုရဲအုပ်ဖင်မင်းက ဝိုင်းဥမ္မာကိုပြောလိုက်သည်။ စခန်းကိုလိုက်လာခဲ့သည့် ဝိုင်းဥမ္မာမျက်နှာပေါ်တွင် ကြွေးဟောင်းတင်ခုကို ဆပ်လိုက်ရသည့်အတွက် ကျေနပ်ရိပ်တွေ ဝေစည်နေလျက် ...။

*****

(၅)

"ဦးနေကျော်နဲ့ ကျွန်မအဖေဟာ သူငယ်ချင်းတွေပါ။ အိမ်ကိုအဝင်အထွက်များလာရင်း ဦးနေကျော်ဟာ ကျွန်မအမေကို တစ်ဖက်သတ် စွဲလမ်းချစ်ကြိုက်နေပါတယ်။ အဲဒီမှာ ဦးနေကျော်ဟာ အကြံပက်စက်ယုတ်မာလာခဲ့တယ်၊ အဖေ့ကို ဘိန်းတွေကျွေးတယ်။ တဖြည်းဖြည်းနဲ့ အဖေဟာဘိန်းရဲ့သားကောင်၊ ဘိန်းရဲ့ ကျေးကျွန်ဖြစ်လာရတယ်။ နောက်ဆုံး အဖေဟာ ဘိန်းကြောင့်သေဆုံးသွားရတယ်။ ဒီတော့ ဦးနေကျော်ဟာ အမေ့ကိုယူလိုက်တယ်။ အဖေရှာဖွေထားတဲ့ စည်းစိမ်အားလုံးကို ဦးနေကျော်က အပိုင်ကြံလိုက်တယ်။ ဒီတော့ ဦးနေကျော်ဟာ သူဌေးကြီးဖြစ်လာတယ်။ ဒါတွေကို ကျွန်မ သိလိုက်တာ မကြာသေးပါဘူး။ အဲဒီလို သိလိုက်ရတော့ ကျွန်မရင်ထဲမှာ ဦးနေကျော်ကို ခါးခါးသီးသီးမုန်းတီးလာခဲ့တယ်။ ကြီးမားတဲ့နာကြည်းချက်တွေနဲ့ ပေါ်ပေါက်လာခဲ့တယ်။ ဦးနေကျော်ဟာ တပည့်တွေမွေးပြီး ဘိန်းဖြူလုပ်ငန်းကို လုပ်ကိုင်ခဲ့တယ်။ လူသားအားလုံးကို သေမင်းငရဲလမ်းဆီ ပို့နေတဲ့လူဟာ ဦးနေကျော်ပဲ။ အဲဒီအချိန်မှာ ဦးနေကျော်ရဲ့ ဘိန်းဖြူလုပ်ငန်းကြီးကို စုံစမ်းဖော်ထုတ်လိုက်တဲ့ ကိုဒီပဇော်ကို ဖမ်းလာပြီး ကိုဒီပဇော်ကို ကော်ဖီခွက်ထဲမှာ အဆိပ်ထည့်ပြီး သတ်နိုင်းတယ်။ ဒီမှာ ကျွန်မစဉ်းစားတယ်။ ဦးနေကျော်ဟာ ကျွန်မအဖေကို သတ်ခဲ့တဲ့လူ။ လူသားအားလုံးကိုလည်း သေမင်းငရဲကို ပို့နေတဲ့လူ။ ကိုဒီပဇော်က လူတွေရဲ့အမှန်တရားကို ရှာဖွေဖော်ထုတ်ပေးနေတဲ့လူ။ ဒုက္ခရောက်နေတဲ့လူတွေကိုကယ်တင်ပြီး လူတွေအားလုံးကို အကျိုးပြုနေတဲ့လူ။ နောက်တစ်ချက်က ကျွန်မရင်ထဲမှာ တင်ကျန်နေတဲ့ အဖေ့အတွက် ကြွေးဟောင်းကို ဒီအချိန်မှာ အသုံးချလိုက်တာပဲ။ ကိုဒီပဇော်သောက်မဲ့ ကော်ဖီခွက်ထဲကို အဆိပ်မခတ်ထဲ ဦးနေကျော်သောက်မယ့် ဖန်ခွက်ထဲကို အဆိပ်ခတ်ထည့်လိုက်တာပါပဲ"

ဝိုင်းဥမ္မာ၏ ဆတ်ဆတ်တုန်နေသည့် နှုတ်ခမ်းပါးလွှာမှ စီးကျလာသည့် ဖြောင့်ချက်ကို ဒီပဇော်က အသံဖမ်းရင်းမှ အသံဖမ်းခလုတ်ကို ပြန်ပိတ်ထားလိုက်သည်။ ဒုရဲအုပ်ဖင်မင်းက မှတ်တမ်းရေးပြီး ဝိုင်းဥမ္မာကိုကြည့်ကာ ...

"ကျွန်တော်တို့ကတော့ ဥပဒေအတိုင်းဆောင်ရွက်ရပါလိမ့်မယ်"

ရဲဘော်မြင့်စိုးက ဝိုင်းဥမ္မာကိုလက်ထိတ်ခတ်လိုက်ပြီး အချုပ်ခန်းဘက်ကို ခေါ်ဆောင်သွားလေသည်။ ထိုစဉ် စခန်းအတွင်းသို့ ပြေးဝင်လာသူမှ ခင်ခင်နိုင်။

"ကိုဇော် .. ကိုဇော် .. ဘာမှမဖြစ်ပါဘူးနော်"

"ခိုင်ကတော့ စိုးရိမ်နေလိုက်တာ"

မျက်ဝန်းဝိုင်းဝိုင်းလည်လျက်ပြောနေသည့် ခင်ခင်နိုင်ကို ကြည့်ရင်း ဒီပဇော်၏ရင်ထဲတွင် ချစ်ရည်ရွှန်းစိုဝေလျက်။ ဒီပဇော်နှင့် ခင်ခင်နိုင်တို့ စကားပြောသည်ကို ကြည့်ပြီးဒုရဲအုပ်ဖင်မင်းကပြုံးလဲ့လဲ့လုပ်လျက် ...

"ကဲပါဗျာ ... အခုမှ အဖြစ်သည်းမနေကြပါနဲ့ ကိုဒီပဇော်"

ဒီပဇော်နှင့် ခင်ခင်နိုင်သည် ဒုရဲအုပ်ဖင်မင်း၏စကားကြောင့် ရယ်မောနေလျက် ...။

ဗညားဦး(အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မြို့ငင်သာယာ မှ ကျိန်စာရှင်

○ ဘိုဘို (ရွှေကံကူ)

၁၉၅၀ ခုနှစ်ကျော်ဝန်းကျင် အချိန် ကာလကဖြစ်ပါသည်။ လွတ်လပ်ရေးရ ပြီးစ အချိန်တွင် ပြည်တွင်းစည်းလုံး ညီညွတ်မှုများ ပျက်ပြား၍ လက်နက် ကိုင်အဖွဲ့အစည်းမျိုးစုံတို့သည် သူတလူ ငါတစ်မင်း ထင်ရာစိုင်းလျက်ရှိကြပေ သည်။ ဖ•ဆ•ပ•လ အစိုးရ၏ အာ ဏာဝက်သည် မြို့များပေါ်လောက်သာ သက်ရောက်ပြီး ကျေးလက်ဒေသများ တွင် မြန်မာပြည်အလယ်ပိုင်း၌ ကွန်မြူ နစ်ရဲဘော်ဖြူ ပြူစောထီးတို့ မင်းမူခြယ် လှယ်ကြီးစိုးလျက်ရှိပေသည်။

ထိုစဉ်က မြို့ငင်သာယာသည် တိုက် နယ်အဆင့်မျှပင် မရှိသေး၍ ရဲကင်းမျှ သာချထား၍ ညဉ့်ိုင်းရောက်လျှင် ရွာ အစွန်အဖျားများ နေအိမ်များသို့ ရဲဘော်ဖြူ ကွန်မြူနစ်နှင့် ပြူစောထီးတို့ ဝင်ထွက် သွားလာလျက်ရှိကြပါသည်။ ထိုအချိန် က လွတ်လပ်ရေးတိုက်ပွဲ ပြီးဆုံးခါစဖြစ် ၍ လူငယ်တို့သည် သွေးဆူ တက်ကြွ လျက်ရှိပြီး စည်းရုံးသိမ်းသွင်းခံကြရကာ လက်နက်ကိုင်အဖွဲ့အစည်းများ အတွင်း သို့ ရောက်ရှိသွားကြပါသည်။ နိုင်ငံရေး ရည်မှန်းချက် ကြီးကြီးမားမား ထားရှိ ကြသူများ မဟုတ်ကြပါ။ ရွာအတွင်းမှ သူလို ကိုယ်လို ရွယ်တူများ အများစု တောခိုလျက်ရှိကြပြီး သေနတ်ထမ်း၍ ဟန်ပါပါ လမ်းလျှောက် သွားလာလျက် ရှိကြသည်ကို တွေ့မြင်အားကျပြီး လူငယ် သဘာဝ စွန့်စားလိုခြင်း၊ ဇမ်း သပ်လိုခြင်းတို့ကြောင့်လည်း ဖြစ်ပေ မည်။ ကျွန်တော်သည်လည်း ထိုပုံစံမျိုး ဖြင့် ရဲဘော်ဖြူအတွင်းသို့ ဝင်ရောက်ခဲ့ ခြင်းဖြစ်ပါသည်။

ထိုခေတ်က စက်ဘီးပင် မရှိသ လောက်ရှားပါးသည်ဖြစ်ရာ ဆိုင်ကယ် ဟူသည်မှာ ဝေလာဝေး ကားဆိုလျှင် လည်း စစ်ကျန်ဂျစ်ကား တစ်စီးတလေ သာရှိ၍ ပျက်သွားသောအခါ ပစ္စည်းလဲ စရာမရှိ ပြင်လဲမပြင်တတ်သဖြင့် တစ်စစီဖြစ်ကာ ပျက်စပျောက်သွားရ ပါသည်။ အခြားမြို့များနှင့် ဆက်သွယ် သော ကားလမ်း၊ ရထားလမ်းများ၌ မရှိ ရှိသောလမ်းနှင့် တံတားများကိုလည်း မဟာမိတ်တို့က ဖြိုလှဲဖျက်ဆီးခဲ့ ကြသဖြင့် ဆက်သွယ်ရေးများ ပြတ် တောက်လျက်ရှိကာ ခြေလျင်နှင့်လှည်း မြင်းတို့ဖြင့်သာ ခရီးသွားကြရသည်။ ထို့ကြောင့် မိုင် ၂၀ မျှသာ ကွာဝေး သော တံတားဦး၊ ဝါနားစွန်း စသောမြို့ များနှင့်လည်းကောင်း၊ ၃၅-မိုင်ကွာဝေး သော မြင်းခြံမြို့နှင့်သော်လည်းကောင်း အသွားအလာ အရောက်အပေါက်မရှိ သလောက်ဖြစ်ပါသည်။

လမ်းခရီးတွင်လည်း ရောင်ဘော် ပြန်ခါးပြများ ပေါများလှပါသည်။ ရောင် တော်ပြန် ခါးပြဟူသည်မှာ လက်နက် ကိုင် ပုန်ကန်ထကြွသော သောင်းကျန်း သူ အဖွဲ့အစည်းများမှပင် ရပ်ဖျက်၍ နယ်မြေကျူးကာ ခါးပြတိုက်ကြခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ သူ့နယ်မြေ ကိုယ့်နယ်မြေ ပိုင်းခြားကာ အုပ်ချုပ်လက်ရှိကြပြီး၊ အခြားအဖွဲ့အစည်းမှ အုပ်ချုပ်သော နယ်မြေအတွင်းသို့ မိမိအဖွဲ့အစည်းမှ သွားရောက် ခါးပြတိုက် ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ မြိုင်သာယာမှ လူငယ်အများစုသည်ထိုခေတ် ထိုအခါက အချို့တပ်မတော်သို့၊ အချို့ ရဲတပ်ဖွဲ့သို့ဝင်ရောက်အမှုထမ်းကြပြီး အများ နီးစပ်ဆက်နွယ်ရာသောင်းကျန်းသူအဖွဲ့အစည်း အသီးသီးတွင်းသို့ ဝင်ရောက်သွားကြပါသည်။ ကျွန်တော်၏ ပင်ကိုယ်ဗီဇမှာ တရားမျှတခြင်းကို နှစ်သက်ပြီး လူတစ်ဖက်သားအပေါ်တွင် ကြင်နာသနားတတ်ပြီး အားနာတတ်သူ ကိုယ်ချင်းစာတတ်သူ ဖြစ်ပါသည်။

ကျွန်တော်သည် ရဲဘော်ဖြူ အတွင်းသို့ ရောက်ခါစက လူငယ်သဘာဝ ဆန်းသစ်သော ဘဝအတွေ့အကြုံများတွင် ပျော်ရွှင်မိသလို ဖြစ်ခဲ့သော်လည်း အချိန်ကြာလာသည်နှင့် အမှု ပင်ပမ်းဆင်းရဲခြင်း၊ စိတ်သဘောထားမတိုက်ဆိုင်ခြင်း၊အသက်အန္တရာယ်နီးကပ်ခြင်း၊ ရန်များခြင်း၊ ဘဝအာမခံချက်မရှိခြင်း၊ ယုံကြည်ချက်ကင်းမဲ့ခြင်းတို့ကြောင့် စိတ်ကုန်၍ လာပါသည်။

ကျွန်တော်တို့သည် တပ်မတော်ကိုလည်း ကြောက်ရသည်။ ရင်ဆိုင်မတိုက်ခိုက်ရဲပါ။ သက်နက်အင်အား၊ လူအင်အား၊ စစ်ရေးစွမ်းရည်ပါ မယှဉ်နိုင်သဖြင့် ရှိုးန်ရှုံ၍ ချောင်းမြောင်းပစ်ခတ်ခြင်းဖြင့်သာ အကြမ်းဖက်နေကြရပါသည်။ တောတွင်းအဖွဲ့အစည်းများအချင်းချင်းလည်း အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား လစ်လျှင်လစ်သလို အနိုင်ရမည်ထင်ပါက တိုက်ခိုက်ကြပါသည်။

ကျေးလက်နေ လူထုတို့သည် စားဝတ်နေရေးကို ပင်ပန်းကြီးစွာ လုံးပန်းနေကြရသည့်အထဲ ကျွန်တော်တို့အဖွဲ့အစည်းများမှ ရန်ပုံငွေကောက်ခံခြင်း၊ ထမင်းထုပ်များဆင်ခြင်း၊ စခန်းတည်ဆောက်ရေးအတွက် သစ်၊ ဝါးနှင့် ထန်းရွက်များအလှူခံခြင်း၊ လုပ်အားပေးဆင့်ခေါ်ခြင်းများရှိရာ အတော်ပင်ကျပ်တည်းကြကြောင်း တွေ့ရပါသည်။

ကျွန်တော်သည် ထိုစဉ်က ကျင်းသာရွာနှင့် လက်ပန်ကားယား ရွာနှစ်ရွာကို တာဝန်ယူလျက် ရွာနှစ်ရွာကြားရှိ မျက်ကွယ်ကောင်းသော လျှိုကြီးအတွင်းရှိ ကျောက်ဆောင်များ ဝိုင်းလျက်ရှိသော နေရာတွင် စခန်းချလျက်ရှိပါသည်။ ကျွန်တော်တို့ တပ်စုတွင် လူအင်အား ၂၀ ရှိပြီး ကျွန်တော့်အထက်တွင် သုံးယောက်သာရှိပါသည်။ ထို့ကြောင့် ဤတပ်ဖွဲ့တွင် အရာရှိငယ်ဖြစ်၍ အမည်၏ရှေ့တွင် "ဗိုလ်"တပ်၍ ခေါ်ဆိုခွင့်ရှိသဖြင့် ဗိုလ်ရဲတင့်ဟု အမည်တွင်ပါသည်။ ထိုခေတ်က သောင်းကျန်းသူအဖွဲ့များသို့ ဝင်ရောက်ကြသူတိုင်းသည် မိမိတို့၏ မူလအမည်များကို အားမာန်ရှိသော အမည်များဖြင့် ပြောင်းလဲမှည့်ခေါ်လေ့ ရှိကြသည့်အတိုင်း ကျွန်တော်သည်လည်း ဗိုလ်ရဲ

တင့်ဖြစ်သွားရခြင်းဖြစ်ပါသည်။ စစ်
အခြေအနေ နယ်မြေအခြေအနေ
သက်ပါက ကျွန်တော်သည် ငါးရ
တစ်ကြိမ်ခန့် မြိုင်သာယာသို့ ညအချိ
တွင် ဝင်ရောက်ကာ မိဘများန
တွေ့ဆုံလေ့ရှိပါသည်။ ညမအိပ်ပါ
နာရီခန့်တွင် ရွာတွင်းသို့ဝင်ပြီး ၁၁ နာ
ခန့်တွင် ပြန်လည်ထွက်ခွာပါသည်။

မြိုင်သာယာ၏ အနောက်ဘက်
ရွာကိုကွေ့ဝိုက်၍မိုးစပ်တောင်စမ်းချော
စီးဆင်းနေပါသည်။ ချောင်း၏အရှေ့
ဘက်တွင် မြင့်မားမတ်စောက်သော
ကမ်းပါးကြီးရှိ၍ ထိုကမ်းပါးထက်တွင်
မြိုင်သာယာသချိုင်း ရှိပါသည်။ သချိုင်း
သည် သစ်ပင်ချုံနွယ်များ ထူထပ်စွာ
ပေါက်ရောက်လျက်ရှိပြီး ရှားစောင်းကြီး
ပင်များ ရှားစောင်းပြာသစ်ပင်ကြီးများ
မှာ တောထလျက် မှောင်မည်းနေ
ညအချိန်တွင် ထိတ်လန့်ကြောက်ရွံ့ဖွယ်
ကောင်းလှသော်လည်း ကျွန်တော်
သည် ရဲဘော်ဖြူ ဖြစ်သည်ဟူသော
အရှိန်နှင့် သေနတ်များအားကိုးပြီ
သောကြောင့် တစ္ဆေသရဲများကိုကြော
ရွံ့သောစိတ်များ မဖြစ်ပေါ်ဘဲ
(ရန်သူ)ကိုသာ မျက်စိလျှင်၊ နားစွင့်
နေကြပါသည်။

ကျွန်တော်တို့တပ်စုတွင် အသ
အငယ်ဆုံးလည်းဖြစ်၊ အတန်းပညာ
လည်း တတ်မြောက်သူမှာ နှစ်ဦးသ
ရှိပါသည်။ ကျွန်တော်တို့သည် ဝါသ
တူ၊ စရိုက်တူချင်းဖြစ်သောကြော
အမြဲတမ်းတွဲဖြစ်ပါသည်။ စစ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ဇာတိမြင်း၍ အမည်ရင်းထွန်းခင်ဖြစ်ကာ ရဲဘော်အမည်မှာ ဗိုလ်ကျော်ဇောဖြစ်ပါသည်။ ကျွန်တော် မြိုင်သာသာသို့ ပြန်သည့်အခါတိုင်း ဗိုလ်ကျော်ဇောကို အဖော်ခေါ်သွားလေ့ရှိပါသည်။ ကျွန်တော်တို့စခန်းတွင် မြင်းငါးကောင်ရှိပါသည်။ မန်ကျည်းစေ့ရောင်၊ သန်မာထွားကျိုင်း၍ လိမ္မာလုသော ဗလဟုသည့် မြင်းပေါက်ကြီးကို ကျွန်တော်တို့နှစ်ယောက် ပိုးစီးသွားလေ့ရှိပါသည်။ မြင်းကြီးမှာ လိမ္မာလုပါသည်။ ချည်နှောင်ထားရန်မလိုပါ။ သခင်ပြန်လာသည်အထိ တခြားတစ်နေရာသို့ ထွက်သွားလေ့မရှိပါ။ ထားရစ်သော နေရာမှ သခင်အလာကို စောင့်နေတတ်ပါသည်။ အခြားလူစိမ်းကို တွေ့မြင်လျှင် အသံမပေးဘဲ ပုန်းကွယ်နေလေ့ရှိပါသည်။ ရောင်သာ၍ ပက်ပင်းတိုးလျှင်လည်း ကိုင်မခံ၊ အဖမ်းမခံပါ။ ကန်ကျောက်ခြင်း၊ ကိုက်ခြင်းတို့ဖြင့် တိုက်ခိုက်ပြီး လွတ်အောင် ထွက်ပြေးတတ်ပါသည်။ သခင့်ကိုမြင်မှ ထွက်ပြေးပုန်းရောင်နေရာမှ ထွက်ပေါ်လာလေ့ရှိပါသည်။

ထိုနေ့တွင်လည်း နေဝင်ဖျိုးဖျအချိန်တွင် ကျွန်တော်နှင့် ဗိုလ်ကျော်ဇောတို့ မြိုင်သာယာသို့ ထွက်ခွာရန် ဗလကြီးအား ကုန်းနှီးတင်၍ သိုင်းကြိုးနှင့် ခြေနင်းကွင်းများကို စစ်ဆေးလျက်ရှိကြပါသည်။ ထိုစဉ် ကျွန်တော်တို့ တပ်စခန်းတွင် တာဝန်ခံဖြစ်သော ဗိုလ်သံဒိုင် ရောက်ရှိလာပြီး "ဗိုလ်ရဲတင့် မြိုင်သာယာက မင်းရွာဆိုတော့ အစစအရာရာ မင်းတာဝန်ယူရလိမ့်မယ်။ ငါသဘောကတော့ မင်းတို့ အခုလိုပုံမှန်ကြီးသွားနေတာကို သဘောမကျဘူး။ ကြာလျှင် ရွာထဲကလူတွေ မင်းတို့လာတတ်တဲ့အချိန်၊ ပြန်တဲ့အချိန်နဲ့ ဝင်လမ်း၊ ထွက်လမ်းတွေကို သိသွားပြီး ရန်သူကို သတင်းပေးလိုက်လျှင် ခက်မယ်၊ အခု သတင်းရတာက တပ်မတော်စစ်ကြောင်း တစ်ခုက ရေဝတီကိုဖြတ်ပြီး ဒီဘက်ကို လာနေပြီတဲ့၊ နောက်သုံးရက်လောက်ဆို ရောက်လာတော့မှာ ဒီဘက်ကိုဝင်ရှင်းလျှင် ငါတို့ခဏရှောင်နေရဦးမှာ၊ မင်းရွာဆိုပေမယ့် မင်းကို မလိုတဲ့သူတွေလည်း ရှိဦးမှာဆိုတော့ သတိထားသွားပေါ့ကွာ၊ ဘာအကြောင်းပဲရှိရှိ ရွာထဲမှာဆို သေနတ်ကို အတတ်နိုင်ဆုံး မသုံးမိစေနှင့်၊ မင်းတို့သွားမည့်လမ်းမှာ ကွန်မြူနစ်တွေလည်း အင်အားပြန်တောင့်နေပြီလို့သိရတယ်။ ဒါကြောင့် မင်းတို့ခြောက်လုံးပြူး တစ်လက်စီအပြင် ကာဘိုင်တစ်လက်ပါ ယူသွား၊ ကျည်လည်းများများယူသွား။ မင်းအမေ နေမကောင်းဘူးဆိုလို့ လွှတ်ရတာ၊ ဒီလိုအခြေအနေမျိုးမှာ ငါသဘောကတော့ မသွားစေချင်တာအမှန်ပဲ"ဟု ပြောပါသည်။

ထိုအခါ ဗိုလ်ကျော်ဇောမှ "အစ်ကိုကြီးဗိုလ်သံဒိုင်ရဲ့ စေတနာကို ကျွန်တော်တို့လေးစားပါတယ်။ ကျွန်တော်က စစ်ကိုင်းသားပါဗျ၊ စစ်ကိုင်းဆိုတော့ ရေဝတီမြစ်နံဘေးမို့လား၊ ဒါကြောင့် ဗီးကွက်ဖျက်မြူး ရေထဲကျွ။ ငါမသေဘူး ရော့ကူးတတ် ဆိုသလိုပေါ့ ကျွန်တော်တို့ ဆက်ဆက်ပြန်လာပါမယ်လို့ ကတိပေးပါတယ်။ အစ်ကိုကြီး ဗိုလ်သံဒိုင်၊ "ဆက်ဆက် မျှော်နေမယ် ဗိုလ်ရဲတင့်၊ ဗိုလ်ကျော်ဇော အိုကေ"ဟုဆိုကာ ကျွန်တော်တို့သုံးဦး လက်ဝါးချင်းရိုက်၍ သစ္စာပြုလိုက်ကြသည်။ လဆန်း ၇-ရက် (တပေါင်းလ) မျှသာ ဖြစ်၍ လရောင်သည် အားမကောင်းပါ။ ထို့အပြင် ကောင်းကင်တစ်ခွင်တွင် မြူနှင်းတို့ ရစ်သိုင်းနေသဖြင့် မှုန်ရီလျက်ရှိပါသည်။

ဤဒေသသည် ပူပြင်းခြောက်သွေ့၍ မိုးနည်းပါးသော ရပ်ဝန်းဖြစ်၍ တောင်ကုန်းငယ်များ၊ လျှိုမြောင်များရှိသစ်ပင်ကြီးငယ်တို့သည် ရှိးတံများသာ ကျန်ရှိတော့၍ ရှင်းလင်းလျက်ရှိပါသည်။ ကျွန်တော်တို့၏ နယ်မြေအတွင်း၌ မြင်းကို ဒုန်းစိုင်းခဲ့ကြ၍ ခွါသံတဖြောင်းဖြောင်း မြည်လျက်ရှိပါသည်။ ရှေ့တွင် ရာဇဝင်ချောင်းသို့ရောက်ပြီ၊ ဤရာဇဝင်ချောင်းသည် မိုးတွင်းအခါတွင် ရေနီများ ဒလဟောကျဆင်းတတ်ပါသည်။ တောင်ဘက်အရပ်တွင်ရှိသော ကုက္ကိုတောင်ဆီ၌ မိုးများညိုနေပြီဆိုလျှင် ပေ ၂၀၀မျှကျယ်သော ထိုသဲချောင်းအား မြင်းနှင့်ဖြတ်ကူးလျှင်ပင် မလွတ်မြောက်နိုင်ဟု သိရပါသည်။ စက္ကန့်ပိုင်းအတွင်း လူတစ်ရပ်ခန့်အရှိန်ပြင်းထန်လှသော ရေလုံးကြီးရောက်ရှိလာတတ်သည်ဟု ကြားဖူးပါသည်။ ချက်ချင်း ရေများမရောက်လာနိုင်သေးဟု ယူဆကြပြီး အရဲကိုးကာ



www.burmeseclassic.com

www.burmeseclassic.com

ဤချောင်းကို ဖြတ်ကူးကြသဖြင့် လူနှင့် နွားလှည်းများပါ ဆုံးရှုံးခဲ့ခြင်းသို့ များလှပြီဖြစ်ကာ သေဆုံးသွားကြသော လူနှင့် နွားတို့သည် မကျွတ်လွတ်ကြဘဲ ဤနေရာမှာပင် ဝိညာဉ်ဘဝဖြင့် ရှိနေကြသည်။ မိုးရာသီ ဤချောင်းအား ဖြတ်ကူးရန် ရောက်ရှိလာသူတို့အား စိတ်ရင်းကောင်းသော ဝိညာဉ်များက ချောင်းကို ဖြတ်မကူးအောင် တားမြစ်ကြသည်။ တားမြစ်သည့် အထဲကမှ ဖြတ်ကူး၍ တောင်ကျရေနှင့် မျောပါသွားလျှင်လည်း ကူညီကယ်တင်ပေးကြသည်။ သဘောဆိုးယုတ်သော ဝိညာဉ်များကမူ ရေများလာနေသည်ကိုပင် မမြင်ရအောင် ကွယ်ထားပြီး ချောင်းကိုဖြတ်ကူးအောင် တိုက်တွန်းကြသည်။ ချောင်းရေတွင်ပါသွားလျှင်လည်း ရေနစ်သေဆုံးစေရန် ပြုလုပ်ကြသည်ဟု နယ်ခံရွာသားများမှ ပြောပြထား၍ သိရှိနေပါသည်။ သဲချောင်းခလယ်သို့ရောက်၍ အထက်သို့လည်းကောင်း၊ အောက်သို့လည်း ကောင်းကြည့်လိုက်လျှင် လရောင်အောက်၌ ဖွေးဖွေးဖြူလျက်ရှိသော သဲချောင်းကြီးသည် ကွေ့ကောက်လျက် တစ်မျှော်တစ်ခေါ် တည်ရှိနေပါသည်။ (ဤသဲချောင်းမှ ဝိညာဉ်များအကြောင်း ရေးသားပါဦးမည်။)

ဤရာဇဝင်သဲချောင်းသည် ကျွန်တော်တို့ ရဲဘော်ဖြူတို့၏ ပိုင်နက်နယ်မြေအဆုံး ဖြစ်ပါသည်။ ရှေ့ပြေးကင်းထောက်စခန်းမှ ရဲဘော်လေးနှစ်ဦးကထွက်၍ နှုတ်ဆက်ကြပါသည်။

"မင်းတို့ မအိပ်ငိုက်ကြနဲ့နော်၊ နယ်မြေသိပ်မအေးချမ်းဘူး။ သတိဝီရိယနှင့်နေကြ၊ ဒီတစ်နေ့ည ငါတို့လည်းခါတိုင်းလိုမနေဘူး မလင်းခင်ပြန်လာခဲ့မယ်၊ မင်းတို့အတွက် ခဲလိပ်ယူခဲ့မယ်" ကျွန်တော်သည် ရဲဘော်လေးနှစ်ဦးအား ထိုသို့မှာကြားပြီး ခရီးဆက်ခဲ့ကြပါသည်။ ကွန်မြူနစ်ပိုင်နက်အတွင်း ဝင်ရောက်လာပြီဖြစ်၍ ကျွန်တော်သည် မြင်းကြီးဗလအား လက်ပြင်နောက်သို့ စစ်ဖိနပ်ဦးဖြင့်တို့ကာ သတိပေးလိုက်လျှင် ခွါသံမထွက်စေသော သဲများ၊ ဖုန်များရှိရာ လမ်းကြောင်းအတိုင်း အသွားကျ ထွက်ခွာ၍ လာခဲ့ပါသည်။

ဤခရီးသည် ကျွန်တော်တို့အဖို့ သွားလာနေကျဖြစ်၍ အန္တရာယ်ကို ရှောင်ကွင်းနိုင်ခဲ့ပါသည်။ မိုးစပ်တောင်ချောင်းသို့ ဖြတ်ပါသည်။ အနောက်ဘက်တောင်ကုန်းရိုးများပေါ်ရှိ ထန်းပင်များအကြားသို့ လသည် ဝင်ရောက်လျက်ရှိပေပြီ။ မကြာမီ လရောင်ကွယ်ပျောက်ပေတော့မည်။ ကျွန်တော်တို့သည် မြိုင်သာယာ သချိုင်းအတွင်း ဝင်ရောက်သွားပြီး သစ်ပင်ချုံနွယ်ထူထပ်သောနေရာ၌ မြင်းကို ဖွက်ထားပါသည်။

ထို့နောက် ခြေလျင်ခရီး ဆက်ခဲ့ကြပါသည်။ မကြာမီ ရွာတံခါးအနီးသို့ ချဉ်းကပ် ရောက်ရှိလာပါသည်။ ကျွန်တော်တို့ ဤသို့ဝင်ထွက်နေသည်ကို ရွာမှကင်းသမားများ သိရှိပြီးဖြစ်ပါသည်။ ကျွန်တော်တို့သည် ရွာသို့ဝင်မည်

ပြုပါက ညဥ့်ငှက်အော်သံဖြင့် အချ... ပေးပါသည်။ အခြေအနေ အေးအေး... လျှင် ကင်းသမားများမှ အယ်ဘာရယ်... ခါတ်မီးကို မြေသို့စိုက်၍ တစ်ချက်ထိုး... မည်။ တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့ ရှိ... ပါက မိုးသို့ထောင်၍ ဓါတ်မီးတစ်ချက်... ထိုးပြမည်။ ထိုအခါ အမြန်နောက်... ကြောင်းလှည့်၍ ပြေးပေရော့။ အခြေ... အနေကောင်းလျှင် ရွာတံခါးသော... အသင့်ဖွင့်ထားမည်။ ကျွန်တော်တို့က... တံခါးတွင် ချိတ်ဆွဲထားသော နွား... လောက်ကြီးများ အသံမမြည်စေရ... ဂရုပြု တွန်းဖွင့်ပြီး ရွာထဲဝင်ရသ... ဖြစ်ပါသည်။

ကျွန်တော်သည် ညဥ့်ငှက် (ဒီး... ကွက်) အော်သံပြုလိုက်ပါသည်။ ကင်း... သမားများထံမှ မည်သည့်တုံ့ပြန်မှု... မရရှိပါ။ ကျွန်တော်တို့သည် လုံခြုံစိတ်... ချရသော ကျောက်တုံးကြီးကို အကာ... ကွယ်ယူထားပြီးဖြစ်ပါသည်။ ငါးမိနစ်ခန့်... ကြာသော် အသံတစ်ချက် ထပ်ပြုလိုက်... ပြန်ပါသည်။ မည်သည့်အချက်ပြမှု... ထွက်မလာပါ။ ကင်းသမားများသည်... အမှတ်တမဲ့ဖြစ်သွား၍ မကြားလိုက်လျှင်... ပထမတစ်ကြိမ်တွင်သာ ဖြစ်မည်။ ဤ... ဒုတိယအကြိမ်တွင်တော့ ကြားကိုကြား... ပေမည်။ ရွာထဲတွင် အခြေအနေ... ထူးခြားနေလောက်ပေပြီ။ "ဗိုလ်ရဲတင်... ငါတို့ ဒီကနေ့ည ရွာထဲမဝင်ဘဲ ပြန်ကြ... ရအောင်" အသံအုပ်၍ ဗိုလ်ကျော်... မှ ကျွန်တော့်ကိုပြောသည်။ မှန်ပါသည်... ယနေ့ည အခြေအနေအရ ရွာထဲ...

www.burmeseclassic.com

င်ရန်မသင့်ပါ။ သို့သော် အဖေ၊ အမေနှင့် အစ်မများသည် အပတ်စဉ်လာနေကျဖြစ်၍ မျှော်နေကြပေမည်။ အမေသည် ကျန်းမာရေး မကောင်းပါ၊ ကျွန်တော့်အတွက် သောကရောက်၍ စိတ်ထောင်းကိုယ်ကျေ ဖြစ်ရခြင်းပါ။ ကျွန်တော်သည် စိတ်ထားသိမ်မွေ့၍ ရှုပ်ရည်နှင့် အနေအထိုင် အပြောအဆိုတို့တွင် နုနယ်သိမ်မွေ့သော်လည်း တစ်ခါတရံ၌ ကြွပ်ဆတ်ဆတ်နိုင်ကာ တစ်ဇွတ်ထိုးပြုမူလေ့ ရှိပါသည်။ ကျွန်တော် ယခုကဲ့သို့ အသက်အန္တရာယ် အချိန်မရွေး ကျရောက်နိုင်ပြီး အနေအစား ဆင်းရဲလှသော ဘဝတွင် ပျော်မွေ့နေသည့်အတွက် ကျွန်တော့်မိသားစုသည် စိတ်ဆင်းရဲလျက်ရှိပါသည်။ ကျွန်တော်သည် အတွေးစကို ဖြတ်လိုက်ပြီး "ခဏနေပါဦးကွာ အခြေအနေကြည့်သေးတာပေါ့။ အမေကလည်း နေမကောင်းဘူး။ ငါ့ကိုမျှော်နေမှာ မကြာခင် ငါတို့စခန်းလည်း ဘယ်ကိုရွှေ့ရမှန်းမသိသေးတော့ နောက်တစ်ခေါက် တော်တော်နှင့် လာနိုင်သေးမှာ မဟုတ်တော့လို့ပါ" ကျွန်တော်တို့သည် အမှောင်ထဲမှနေ၍ ရွာကင်းတံခါးကိုသာ မမှိတ်မသုန် ကြည့်နေမိသော်လည်း ထူးခြားသော လှုပ်ရှားမှုအရိပ်အရောင် တစ်စုံတစ်ခုမှ ထွက်ပေါ်လာခြင်းမရှိပါ။

သေချာပါသည်။ ရွာတံခါးမှ ရန်သူသည် ကျွန်တော်တို့ကို ဆီးကြိုစောင့်ဆိုင်းနေပေပြီ။ အရဲမကိုးသင့်ပါ။ ထို့ကြောင့် ကျွန်တော်တို့သည် နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ပါသည်။ ခဏကြာလျှင် ရွာအတွင်းမှ သေနတ်ပစ်သံများကြားရသည်။ တိုက်ပွဲ ဖြစ်နေပေပြီ။ ရိုင်ဖယ်သံများ၊ စတင်းဂန်းသံများ အဆက်မပြတ် ထွက်ပေါ်လျက်ရှိသည်။ ရွာ၏ အရေးပါဆုံးမှုဖြစ်ရာ အင်အား ၂၀ ခန့်သာရှိသော ရဲကင်းအား အဖွဲ့အစည်းတစ်ခုခုမှ စီးနင်းခြင်းလော သို့မဟုတ် ရဲကင်းမှ အဖွဲ့အစည်းတစ်ခုခုအား နှိမ်နင်းခြင်းလော။

ကျွန်တော်သည် ရရှိသည့် အခွင့်အရေးကို လက်လွှတ်မခံပါ။ ပွဲလန့်တုန်းဖျာခင်းရမည်ဟူသော ရဲဘော်ဖြူဆရာ၊ ဆရာကြီးများ၏ ဩဝါဒကို ကျင့်သုံး၍ အရဲစွန့်ကာ ရွာစည်းရိုးတစ်နေရာကိုဖေါက်၍ ဝင်ခဲ့ကြသည်။ ၉ နာရီခွဲမျှသာရှိသေး၍ ကလေးငယ်များမှအပ ရွာသူ ရွာသားအများစုမှာ မအိပ်ကြသေးပါ။ သေနတ်သံများ ကြားသဖြင့် မိမိတို့၏ နေအိမ်တံခါးများကို ပိတ်ကာ ခုတင်များအောက်တွင် ဝပ်နေကြလောက်ပေပြီ။

တစ်ရွာလုံး မှောင်မည်း၍ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပါသည်။ အိမ်တိုင်းမီးငြိမ်းထားကြသည်။ လမ်းပေါ်တွင် ခွေးတစ်ကောင်သော်မျှ မတွေ့ရပါ။ မကြာမီ ကျွန်တော်တို့ အိမ်ပင်းအဟွင်းသို့ ရောက်ရှိလာသည်။ ကျွန်တော်တို့သည် အမှောင်ထဲမှာပင် မှောင်ရိပ်ခိုကာ ကာဘားယူလျက် မျက်စိကိုဖွင့်နားကိုစွင့်ကာ တရွေ့ရွေ့တိုးကပ်၍ သွားပါသည်။ နွားများသည် ကျွန်တော်တို့ကို မလန့်ပါ။ စားမြုံ့ပြန်လျက်ရှိပါသည်။

ကျွန်တော်သည် အိမ်တံခါးသို့ ရောက်လျှင် တံခါးနံဘေးတွင်ကပ်၍ ရပ်လိုက်ကာ ကျွန်တော်၏ထုံးစံအတိုင်း တံခါးကို လေးချက်၊ သုံးချက်၊ နှစ်ချက် ခေါက်လိုက်သည်။ ခဏကြာလျှင် တံခါးတစ်ချပ်လုပ်လာပါသည်။ ကျွန်တော်သည် အိမ်သို့ပြန်လာသည့်အခါတိုင်း တံခါးခေါက်လျှင် သင်္ကေတနှင့် ခေါက်လေ့ရှိသောကြောင့် အဖေမှ တံခါးလာဖွင့်ပေးခြင်းဖြစ်ပါသည်။ "မြန်မြန်လာကြ၊ တိုက်ပွဲဖြစ်နေတယ်" ဟု အသံတိုးတိုးဖြင့် ပြောပါသည်။ အိမ်ထဲတွင် မှောင်မည်းနေသော်လည်း အပြင်ဘက်မှကြယ်ရောင်မှိန်မှိန် အလင်းရောင်ကလေးအောက်မှာပင် အဖေ့လက်တွင် ကိုင်ဆောင်ထားသော ဓက်ကြီးတောင်ခါးကြီးမှာ ဝင်းခနဲလက်သွားပါသေးသည်။ အဖေသည် တံခါးကို အမြန်ပြန်စေ့လိုက်ပြီး မင်းတုပ်များချလိုက်ပါသည်။

ခဏအကြာတွင် သေနတ်သံများ တိတ်ဆိတ်သွားပါသည်။ သို့သော် မီးမထွန်းရဲသေးပါ။ အမေနှင့် အစ်မများလည်း ပုန်းအောင်းနေရာမှ ရောက်ရှိလာကြပါသည်။ အဖေသည် တိုက်ပွဲဖြစ်နေမှန်း သိလျက်နှင့် ရွာအတွင်းဝင်လာသဖြင့် အရဲကိုးလွန်းသည်ဟု အပြစ်တင်လျက်ရှိပါသည်။ အရေးထဲ အမေသည် ချောင်းများဆိုးလာသဖြင့် အသံထိန်းနိုင်စေရန် ပါးစပ်ပိတ်ထားရပါသည်။ ကျွန်တော်သည် မငြိမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com

သောဘာဝတွင် ပြည်သူတို့၏ အနေအထိုင် ကျပ်တည်းကျဉ်းမြောင်း၍ အသက်အိုးအိမ် စည်းစိမ်တို့အတွက် ပူပန်ကြောင့်ကြရပုံကို တွေးမိကာ စိတ်မကောင်းဖြစ်မိပါသည်။

မကြာမီ ရွာအရှေ့ပိုင်းမှခွေးဟောင်သံများထွက်ပေါ်လာသဖြင့် အမေသည် ကျွန်တော်တို့အား နွားစာတိုက် (တံခါးတစ်ချပ်သာပါသော အလုံပိတ်ကျီတဲ- နွားစာများသိုလှောင်သည်)အတွင်းသို့ ဝင်နေရန် ပြောပါသည်။ ကျွန်တော်တို့သည် နွားစာတိုက်အတွင်းရှိ ပြောင်းရိုးစဉ်းများ၊ ပဲခမှာ် (ပဲနွယ်အရိုးနှင့် အရွက်ခြောက်များ)အပေါ် ဝမ်းလျားမှောက်လျက် သေနတ်များကို အသင့်ပြင်ထားပါသည်။ တစ်စထက်တစ်စ ခွေးဟောင်သံများလည်း နီးကပ်၍လာပါသည်။ လူသံသဲ့သဲ့ပါ ကြားလာရသည်။ ခွေးဟောင်သံများသည် ကျွန်တော်တို့အိမ်ရှေ့အထိ ရောက်ရှိလာပြီး "မြင်သာယာကျေးရွာရှိ ပြည်သူအပေါင်းတို့ခင်ဗျား ကျွန်တော်တို့ရဲ့ ပြည်သူ့ရဲဘော်အဖွဲ့ဟာ မြင်သာယာကို ထိန်းချုပ်လိုက်ပြီဖြစ်ပါတယ်၊ ဒါကြောင့် ကျေးရွာနေ ပြည်သူလူထုအပေါင်းရဲ့ အသက်အိုးအိမ်စည်းစိမ်တွေဟာ ဘေးကင်းလုံခြုံစိတ်ချသွားပါပြီ၊ စိတ်ချ လက်ချ စိတ်ချမ်းသာကိုယ်ချမ်းသာ အိပ်စက်နိုင်ကြပါပြီခင်ဗျား။ မနက်ဖြန် မနက် ၆ နာရီမှာ ဗိုလ်တောက်ထိန်မှ ရပ်ရေး၊ ရွာရေးများကို တိုင်ပင်ဆွေးနွေး ပြောကြားမှာဖြစ်လို့ တစ်အိမ်တစ်ယောက် ဘာသင်ကျောင်းအတွင်းသို့ လာရောက်ကြပါရန် အသိပေး ကြေညာအပ်ပါတယ်ခင်ဗျား" ထိုကြေညာချက်ကို ကြားသိလိုက်ရသဖြင့် ကျွန်တော်တို့ စိတ်အေးသွားပါသည်။

ကျွန်တော်တို့ နွားစာတိုက်အတွင်းမှထွက်လာခဲ့ကြသည်။ မည်သည့်အိမ်မှ မီးမထွန်းရဲပါ။ ရွာထဲတွင် မှောင်မည်းလျက်ရှိပါသည်။ ကျွန်တော်တို့လည်း အိမ်ထဲတွင် စကားမပြောဖြစ်ကြသေးဘဲ အခြေအနေကို နားစွင့်လျက်ရှိပါသည်။ ခဏကြာလျှင် မသဲမကွဲစကားသံများနှင့် ခြေသံများ ကြားရပါသည်။ ကျွန်တော်တို့ အိမ်ရှေ့အထိ ရောက်လာပြီး ဓါတ်မီးဖြင့်ထိုးပါသည်။ အိမ်တံခါးပိတ်ထားသော်လည်း ထရံပေါက်များကြားမှ မြင်နေရပါသည်။ ကျွန်တော်ကိုလည်း ထိတ်လန့်သွားပြီး သေနတ်မောင်းများတင်လိုက်ပါသည်။ "ဗျို့ ဦးဘဝင်း၊ သူကြီးက ဆင့်နိုင်းလို့ သယ်အိမ်ခေါင်းတွေအားလုံး အခုချက်ချင်း သူကြီးအိမ် လိုက်ခဲ့ရမယ်တဲ့ ဒီမှာ ရဲဘော်တွေလည်းပါတယ်" ရွာခေါ် ဦးကျိုးညို၏အသံဖြစ်ပါသည်။ "အေးအေး လာပြီဟေ့ ခဏကလေး"ဟု အဖေမှ ပြန်ပြောလိုက်ပါသည်။ အဖေသည် ရွာခေါ်နှင့်အတူ ရဲဘော်ဖြူများနှင့် သူကြီးအိမ်သို့ လိုက်သွားပါသည်။

မကြာမီ အိမ်တိုင်းလိုလိုမှ ရေနံဆီမီးခွက်အရောင်ကလေးများ လင်းလက်၍လာပြီး တိုးတိုးအုပ်အုပ် စကားသံများ ထွက်ပေါ်လာပါသည်။ ရွာသူ ရွာသားများအားလုံးတို့သည် အသံဗလံများ နားစွင့်လျက် ရှိနေကြသောကြော အခြေအနေ အရပ်ရပ်ကို အား သိရှိပြီး ဖြစ်ကြပေလိမ့်မည်။ ကျွန်တော် တို့မြောက်ဘက်အိမ် (ဟောရှာများဖြစ် ခြံစည်းရိုးမကာပါ၊ အမှတ်အသ ကျောက်ငုတ်သာစိုက်ထူထားပါသည် ကိုရင်စက်ငြိမ်နှင့် မမခင်ဒွေး (ယ ဤစာရေးသားချိန် ၂၀၁၂ တွင် နှစ် စလုံး လူ့လောကတွင် မရှိကြတော့ မောင်နှမနှစ်ယောက် ရောက်လာ သည်။ ကျွန်တော်တို့ကို မြင်တွေ့သေ "အေးမင်း၊ မင်းတို့ ရဲဘော်ဖြူ အဖွဲ့တ တို့ရွာကိုသိမ်းလိုက်ပြီဆို၊ ငါတို့ကိုတေ ပစ်မထားပါနဲ့ စောင့်ရှောက်ပါကွ ငါတို့က ကွန်မြူနစ်တွေနှင့် ဆက်သွ ဘာမဟုတ်ပါဘူး။ သူတို့က အထ လာအပ်ကြလို့ပါ"ဟု ပြောသေးသည် ၎င်းတို့ မောင်နှမသည် မိဘအ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ကြသူမျ ဖြစ်ပါသည်။ ယနေ့ည မြင်သာယာ လာရောက်စီနင်းသော ဗိုလ်တောက်ထိ အဖွဲ့နှင့်အတူပါလာသည်ဟု ထင် ဟန်ရှိပါသည်။ ကျွန်တော်သည် အ အနေကို ရှင်းပြမနေတော့ဘဲ စိတ်အေ ရန် အလိုက်သင့်ပြောလိုက်ပြီး "ဒီ ကျော်ဖော၊ အမေကလည်း တော် နေမကောင်းဖြစ်နေတယ်၊ • အဲဒီတော မင်း စခန်းပြန်ပြီး အကျိုးအကြေ သွားပြောလိုက် မနက်ဖြန်မှ ငါလာ ငါ ဒီည ဒီမှာအိပ်လိုက်ဦးမယ် ကျွန်တော် ထိုညက ရွာတွင် အိပ်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ကျွန်တော့်မိသားစုသည် အနွှင်ရှင်လျက်ရှိကာ စကားများပြောကြနိုင်အောင်ရှိကြ၍ ည ၁ နာရီခန့် အိပ်ရာဝင်ကြရပါသည်။

နံနက်လင်းသော် အစည်းအဝေး ခေါ်ဦ ဗိုလ်တောက်ထိန်ထံ သွားရောက်တွေ့ဆုံကာ သတင်းပို့ပါသည်။ နံနက် ၁ နာရီခန့်တွင် ဗိုလ်သံဒိုင်နှင့်ကျွန်တော်၏ ရဲဘော်ဖြူအဖွဲ့ ရောက်ရှိလာကြပြီး ဗိုလ်ဟောက်ထိန်နှင့် စစ်ရေး၊ နယ်မြေ ငြိမ်ဝပ်ရေးကိစ္စကို တိုင်ပင်ဆွေးနွေးကြပါသည်။ နေ့လယ် ၁၂ နာရီခန့်တွင် ဗိုလ်သံဒိုင်တို့အဖွဲ့ မြင်းသာယာမှ ပြန်လည်ထွက်ခွာသွားကြပြီး ကျွန်တော်နှင့် ဗိုလ်ကျော်ဇောအား အေးအေးဆေးဆေးနေပြီးမှ လိုက်ခဲ့ကြရန် ထားရစ်ခဲ့ပါသည်။ ကျွန်တော့်အိမ်ရှေ့မန်ကျည်းပင်ကြီးမှာပင် မြင်းကြီးကို ချည်ထားလိုက်ပါသည်။ အဖေမှ ပြောင်းရိုးဆေးလိပ်များ ချကျွေးထားပါသည်။

ညနေ ၅ နာရီခန့်တွင် ကျွန်တော်နှင့် ဗိုလ်ကျော်ဇောတို့ မြင်းသာယာ အနောက်ဘက်က ရေချောင်းသို့ ရေချိုးသွားခဲ့ကြပါသည်။ အနိုက်အတန့်အားဖြင့် ကျွန်တော်တို့သည် စိတ်လွတ်လပ်ကာ ပျော်ရွှင်လျက်ရှိကြပါသည်။ ရေချိုးပြီး ကျွန်တော်တို့ ချောင်းထဲမှ တက်ကာ မန်ကျည်းရိုးကပ်လျက်ရှိသော အိမ်ဝိုင်းအတွင်းမှ ဖြတ်ခဲ့ကြပါသည်။ ကျွန်တော်သည်ရှေ့မှသွား၍ ဗိုလ်ကျော်ဇောသည် နောက်ကဖြစ်၍ ကျွန်တော်နှင့် ဝါးနှစ်ရိုက်စာမျှ ကွာဝေးပါသည်။ ထိုစဉ် ကြီးမားလှသော အင်းခွေးကြီး အိမ်အတွင်းမှထွက်လာပြီး လျင်မြန်စွာ ပြေးလာလျက် ဗိုလ်ကျော်ဇောအားနောက်မှ ခြေသလုံးကို ကိုက်ခဲ ဆွဲယမ်းလိုက်ရာ "အမလေးဗျ • ဟခွေး ဟခွေး" ဟုလန့်တကြား အော်ဟစ်ကာ ခွေးကိုမောင်းထုတ်ပါသည်။ ကာကီဘောင်းဘီ စုတ်ပြဲကာ သွေးများထွက်ကျလာသည်။ ခွေးကြီးသည် နောက်သို့အနည်းငယ် ဆုတ်သွားပြီး မျက်နှာကို ခုန်အုပ်တိုက်ခိုက်ရန် ဝပ်၍ အားယူလျက်ရှိပါသည်။ ကျွန်တော်သည် ဗိုလ်ကျော်ဇောအား ကူညီရန် အပြေးရောက်ရှိသွားပါသည်။ ဗိုလ်ကျော်ဇောသည် နာကျင်လွန်းလှသောကြောင့် ဒေါသများထွက်လျက်ရှိပြီး ရုတ်တရက် တိုက်ခိုက်ခံလိုက်ရသောကြောင့် ထိတ်လန့်လျက်ရှိသည့်အပြင် ခွေးကြီးမှ ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လျက်ရှိသောကြောင့် ခြောက်လုံးပြူးကို မောင်းတင်ကာ ခွေးကြီး၏ ဦးခေါင်းကို ချိန်ရွယ်၍ ပစ်ချလိုက်ပါသည်။ "ဒိုင်း" သေနတ်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ခွေးကြီးသည် သွေးအိုင်ထဲမှာပင် အသက်ပျောက်သွားပါသည်။

"ငါ့ခွေးကိုသတ်တာ နင်လား နင်လည်း ငါ့ခွေးသေသလို သေစေရမယ်" ဦးခေါင်းအထက်က တည့်တည့်တွင် ဆံထုံးထုံးထား၍ ကြောက်စရာကောင်းလောက်အောင် အရုပ်ဆိုး အကျည်းတန်လှသော အသက် ၆၀ ကျော် မိန်းမကြီးတစ်ဦး (ဒေါ်သိန်းခင်ဖြစ်၍ ဝမ်းတွင်း ချုလျှောက်ရန်ဖြစ်သော ကြောင့် တစ်ရွာလုံးမှ ကြောက်ရွံ့ကြသည်။ ထိုအကြောင်းကို သီးခြားရေးသားဖော်ပြပါဦးမည်။) ရောက်ရှိလာကာ ဗိုလ်ကျော်ဇောအား တားမတတ်ဝါးမတတ် စိုက်ကြည့်ကြည့်ပြီး ခြေဖနောင့်တစ်ဖက် မြေတွင်ပေါက်၍ ကစ်တွတ်တွက်နှင့် တစ်စုံတစ်ရာကို ရွတ်ဆိုလျက်ရှိပါသည်။ ဗိုလ်ကျော်ဇောသည် စိတ်ဆတ်သူဖြစ်၍ ဒေါ်သိန်းခင်အား သေနတ်ဖြင့် ထိုးချိန်လိုက်သဖြင့် ကျွန်တော်သည် ထိတ်လန့်သွားကာ ပျာပျာသလဲဖြင့် ဗိုလ်ကျော်ဇော မလုပ်နဲ့ အန္တရာယ်များသွားလိမ့်မယ်၊ ကျွန်တော်မှ ၎င်း၏ သေနတ်ကို ဆွဲယူလိုက်ပြီး "နောက်မှ အကြောင်းစုံရှင်းပြမယ်"ဟုဆိုကာ ဒေါ်သိန်းရှင် ရှေ့သို့စွဲခေါ်သွားပြီး ဒူးတုပ်ထိုင်ချလိုက်ပါသည်။ "အမေကြီး ကျွန်တော်က ဦးဘဝင်း၊ ဒေါ်ကောင်းသားပါ ဒါက ကျွန်တော့် သူငယ်ချင်းပါ။ တကယ်တော့ အမေကြီးရဲ့ ခွေးကို ကျွန်တော့် သူငယ်ချင်းက တမင်သက်သက် သတ်လိုက်တာ မဟုတ်ပါဘူး သူ့ကိုလည်း ကြည့်ပါဦး ဘောင်းဘီတွေလည်း စုတ်ပြဲလို့ အတော့်ကို နာသွားပါတယ်၊ ဒါတောင် ခွေးကြီးက သူ့မျက်နှာကို ခုန်ကိုက်တော့မှာမို့ သူလည်း မရှောင်သာလို့ ပစ်လိုက်ရတာပါ။ ပြီးတော့ သူက ဘာမှမသိတဲ့ ဧည့်သည်ပါ ခင်ဗျာ၊ ကျွန်တော့်အမေ နေ့မကောင်းလို့ ကျွန်တော် ခေါ်လာတာမို့ သူနှင့် ပတ်သက်ပြီး ကျွန်တော့်မှာ အပြစ်ရှိ



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်၊ ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ကို ခွင့်လွှတ်ပေးပါ" ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်လည်း ခွေးကိုက်ခံရလို့ နာနေတဲ့အထဲ မျက်နှာကို ခုန်အုပ်တော့မှာမို့ ကာကွယ်ရင်း ပစ်လိုက်မိတာပါ။ ခွင့်လွှတ်ပါ။ ကျွန်တော်နှင့်အတူ ဗိုလ်ကျော်ဇောကပါ ရှိသေစွာ တောင်းပန်၍ ကန်တော့လိုက်ကြပါသည်။

"အေးလေ ဟုတ်ပါတယ်၊ အောင်နက်ကလည်း ဆိုးလွန်းတော့ ခဏခဏ လူတွေကိုကိုက်နေလို့ ငါလည်း စိတ်ညစ်နေတာကြာပါပြီ၊ အေး ဒါပေမဲ့ ငါက စိတ်ညို့ပြီး ဒေါသနှင့် ကျိန်စာ တိုက်လိုက်တာဆိုတော့ ပြန်ဖျက်လို့မရတော့ဘူး။ ဒါပေမယ့် တစ်ခုတော့ရှိတယ် ခွေးကိုက်နာ မရင်းဘဲ အမြန်ပျောက်သွားအောင် တန်ပြန်ပေးလိုက်မယ်"ဟု ဆိုကာ မီးဖိုချောင်အတွင်း ဝင်သွားပြီး မီးစွဲလျက်ရှိသော ထင်းစတစ်ခုကို ယူလာ၍ ခွေးကိုက်ဒဏ်ရာ၏ အထက် လက်လေးလုံးခန့် အကွာတွင်ထားပြီး ရေလောင်းချလိုက်ပါသည်။ (ဤကုသနည်းမှာ အပြင်လောကတွင် အမှန်တကယ်အသုံးပြုလျက်ရှိကြပါသည်။ ခွေးကိုက်ခံရပါက ခွေးပိုင်ရှင်၏နေအိမ်မှ ထင်းစဖြစ်စေ၊ မီးကျီးခဲဖြစ်စေ၊ ဒဏ်ရာ၏အထက်တွင်ထားပြီး ရေလောင်းချလိုက်ပါက မကြာမီ ဒဏ်ရာ အတွင်း သက်သာ ပျောက်ကင်းသွားသည်ဖြစ်ပါသည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အမေကြီး" ကျွန်တော်တို့ နှစ်ဦးမှ ပြိုင်တူပြောလိုက်လျှင်

"ငါပြောသလိုပဲ ကျိန်စာကတော့ ပယ်ဖျက်လို့ မရတော့ဘူး။ ခဏကြာလျှင် တအားဆာလာလိမ့်မယ်၊ အခုကနေ နောက်ခြောက်နာရီအတွင်း ဘာမှ မစားမသောက်မိစေနှင့်၊ ခြောက်နာရီမကျော်ခင် တစ်ခုခုစားမိသောက်မိလျှင် ဘာဖြစ်မှာလည်း အမေကြီး" "အေး ဒါဆိုလျှင်တော့ ချက်ချင်းသေမှာပဲ၊ ငါပြောတာ ဂရုစိုက်ပြီး မှတ်သွားကြ" ဟု ပြောပါသည်။ ထို့နောက် ကျွန်တော်သည် ဗိုလ်ကျော်ဇောကို တွဲခေါ်၍ အိမ်သို့ပြန်ခဲ့ကြပါသည်။ ဗိုလ်ကျော်ဇောသည် ကျွန်တော့်ပခုံးကို မှီတွယ်အားပြုလျက် ထော့နဲ့ ထော့နဲ့ဖြင့် လိုက်ပါလာခဲ့ပါသည်။

အိမ်သို့ပြန်ရောက်သော် အဖေ၊ အမေနှင့် အစ်မများသည် ကျွန်တော်တို့ဖြစ်အင်ကို သိရှိသောအခါ စိတ်မကောင်းဖြစ်ကာ စိတ်ပူလျက်ရှိကြပါသည်။ ညနေပိုင်းသို့ရောက်သောအခါ ခွေးကိုက်ဒဏ်ရာမှာ ရောင်ရမ်းခြင်းတို့ ပြေပျောက်ပြီး ညှိုးရော်သွားသဖြင့် အနည်းငယ်စိတ်အေးရပါသည်။ ကျွန်တော်တို့မိသားစု ဝိုင်းဖွဲ့၍ ထမင်းစားသောက်ကြသောအခါ ဗိုလ်ကျော်ဇောသည် ထမင်းစားချင်လျက် ရေနွေးကြမ်းမျှ မသောက်ရဲဘဲ ဆာလောင်မွတ်သိပ်လျက်ရှိ၍ သနားစဖွယ်ပါသည်။ ထမင်းစားပြီးလျှင် အစ်မများမှ လက်ဖက်နှင့် ထန်းလျက်၊ ရေနွေးကြမ်းတို့ ပြင်ဆင်ပေးပြန်ပါသည်။ ကျွန်တော်သည် ဤကဲ့သို့ မိသားစု ရုံစုံညီညီနှင့် ဖွယ်ဖွယ်ရာရာ မစားသောက်ရသည်မှာ ကြာပြီဖြစ်၍ အားပါးတရ စားသောက်နေမိပါသည်။ ဗိုလ်ကျော်ဇောမှာမူ ဆာလောင်လျက် အူကျုံ့ကာ ခွေခေါက်လျက်ရှိပါသည်။

ညအမှောင် ရောက်ပြီဖြစ်၍ နွေညလရောင်ခြည် ဖိုးတဝါး ထွက်ပေါ်လျက်နေပေပြီ။ ထိုစဉ် ရွာအရှေ့ဖျားဆီမှ "ဒုန်း" နှင့် "ဝုန်း" ဖောင်းဖောင်းဖောင်း "ဒိုင်းဒိုင်း" "ဒက်ဒက်" လက်နက်ကြီးငယ်တို့၏ ပစ်ခတ်သံများ ဆူညံစွာ ထွက်ပေါ်လာပါသည်။ "စစ်တပ် ရောက်လာပြီး ရဲဘော်ဖြူတွေ အဝိုင်းခံထားရပြီ"တဲ့ လမ်းပေါ်မှ လူတစ်ဦးသည် ပြေးလွှားရင်း အော်ဟစ်သွားပါသည်။

ထိုတစ်ခဏအတွင်းမှာပင် လူသံသူသံများ တိတ်ဆိတ်၍သွားကာ မီးခွက်မှန်အိမ်များ၏ အလင်းရောင်များ ချက်ချင်း ကွယ်ပျောက်သွားပါသည်။ "ကဲ အဖေနှင့်အမေ အစ်မတို့လည်း လုံခြုံတဲ့နေရာမှာ ဝပ်နေကြပေတော့၊ ကျွန်တော်တို့ ပြေးမှဖြစ်တော့မယ်"ဟု ဆိုကာ ကျွန်တော်သည် ခြောက်လုံးပြူးကိုကျည်စစ်ကာ ခါးပတ်ဖြင့် ခါးတွင်ပတ်လိုက်ပြီး ကာဘိုင်ကို ကျည်အပြည့်ပါသော မောက်ဂိုဝတ်ဆင်ပြီး ကျောပတ်လွယ်လိုက်ပါသည်။ "ကဲ ဗိုလ်ကျော်ဇော ငါတို့ သွားကြစို့" ကျွန်တော်သည် ဗိုလ်ကျော်ဇောကို တွဲထူလိုက်ပါသည်။ ခြေထောက်တစ်ဖက်မှာ ကောင်းကောင်း မထောက်နိုင်သဖြင့် မြင်းပေါ်ကို မ,တင်ပေးရပါသေးသည်။ သေနတ်သံများ



www.burmeseclassic.com

www.burmeseclassic.com

ကြားသဖြင့် လိမ္မာလှသော မြင်းကြီးမှာ နားရွက်များ ထောင်လျက် ပြေးရန် အသင့်ဖြစ်နေပါသည်။

ရွာတံခါးမှထွက်၍ မဖြစ်ပါ။ စစ်သားများရှိနိုင်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ရွာ၏အနောက်မြောက်ထောင့်ရှိ ဦးထွန်းသိန်း၊ ဒေါ်ခင်မြိုင်တို့ အိမ်ဝိုင်းသို့ ထွက်ခဲ့ပါသည်။ ထိုခြံစည်းရိုးသည် အဝေရာ (ဘောစကိုင်း)အပင်များသာရှိ၍ တိုးထွက်ရန်လွယ်ကူပြီး ယာ ငါးကွက်ခန့်ကျော်လျှင် အကာအကွယ်ကောင်းလှသော သချိုင်းကုန်းသို့ရောက်ရှိမည်ဖြစ်ပါသည်။ အခြားနေရာရှိ ခြံစည်းရိုးများသည် ရှားစောင်းပြာသာဒ်ပင်များ ထူထပ်သိပ်သည်းသဖြင့် မြင်းပင်မတိုးနိုင်ပါ။

ဦးထွန်းသိန်း၊ ခြံဝင်းအတွင်း ရောက်သွားလျှင် ဦးထွန်းသိန်းသည် မျက်စိနှစ်ကွင်း အလင်းမှရသူဖြစ်၍ သေနတ်သံများ ကြားသောအခါ ကြောက်အားလန့်အားနှင့် အိမ်တံခါးပေါက် ရှာမတွေ့ဘဲ ထရံအား အတင်းတိုးလျက်ရှိကာ ကျွန်တော်တို့၏ မြင်းခွါသံကြားသောအခါ ၎င်းအား ရန်ပြုမည့်သူများဟု အထင်ရောက်ရှိကာ မလုပ်ပါနှင့်ဗျ ကျုပ်ကိုမသတ်ကြပါနှင့် ကြောက်ပါတယ်ဗျ" ဟု အော်နေရှာသည်ကို တွေ့ရသောကြောင့် စိတ်မကောင်းဖြစ်လိုက်ပါသေးသည်။ အပင်များသေးငယ်သော နေရာကိုရွေးချယ်၍ ခြံစည်းရိုးမှ တိုးထွက်လိုက်ပါသည်။ ဒိတ်သိမ်းကြီးစ ပဲခင်းရိုးပြတ်များ အတွင်းမှ မြင်းကို ဒုန်းစိုင်း၍သွားခဲ့ပါသည်။

"ဒိုင်း‥ဒိုင်း‥ဒိုင်း"ရွာတံခါးဆီမှ ကျည်ဆန်များ လွင့်ပျံလာသော်လည်း ကျွန်တော်တို့ကို မထိပါ။ တော်ပါသေးသည်။ သစ်ပင်ကြီးများ ထူထပ်စွာပေါက်ရောက်လျက်ရှိသော သချိုင်းအတွင်း ရောက်သည့်တိုင် ပစ်ခတ်နေသေး၍ ကျည်ဆန်တို့သည် သချိုင်းဇရပ်နှင့် သစ်ပင်များကိုထိမှန်လျက်ရှိပါသေးသည်။ "ဒိုင်း ဒိုင်း" "ဖေါက် ဖေါက် ဖေါက်" သချိုင်းလွန်သော် ကျွန်တော်တို့သည် ခြောက်ကမ်းပါးကြီးအောက်က ချောင်းရိုးမြေနိမ့်သို့ ရောက်ရှိသွားပြီဖြစ်ရာ သေနတ်သံများနှင့် ဝေးသွားပြီဖြစ်ပါသည်။

ချောင်းရိုးလွင်ပြင် ကျော်လွန်၍ အနောက်ဘက် ကုန်းရိုးသို့တက်ခဲ့ပါသည်။ ဤနယ်မြေသည် ကွန်မြူနစ်များ ထိန်းချုပ်ထားသော နယ်မြေဖြစ်၍ အထူးသတိထားရပါသည်။ ဤမှာဘက်ကမ်းရှိ ကွန်မြူနစ်တို့သည် မနေ့ညက ရဲဘော်ဖြူအဖွဲ့မှ မြိုင်သာယာကို သိမ်းပိုက်လိုက်ခြင်းနှင့် ယနေ့ညတွင် မြန်မာ့တပ်မတော်မှ ရဲဘော်ဖြူကို ချေမှုန်းလိုက်သည်တို့ကို ကြားသိပြီးဖြစ်ပေမည်။ ထိုအခါ ကွန်မြူနစ်တို့သည် ၎င်းတို့၏ နယ်မြေကို စွန့်လွှတ်၍ ထွက်ပြေးပြီလော၊ သို့မဟုတ် အသင့်အနေအထားဖြင့် တပ်မတော်စစ်ကြောင်းကို စောင့်မျှော်နေလေမည်လော၊ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့သည် အထူး သတိဝီရိယထားလျက် ရန်သူရှိမည်ဟု ယူဆရသော နေရာတို့ကို ရှောင်ကွင်း၍ ခြေသံလုံလုံဖြင့် ထွက်ခွာခဲ့ကြပါသည်။

ဗိုလ်ကျော်ဇောသည် မြင်းပေါ်တွင် ခွထိုင်လျက် ခြေတွဲလောင်း ချထားရသဖြင့် သွေးကျပြီး နာကျင်နေဟန်ရှိပါသည်။ တကျွတ်ကျွတ် စုတ်သပ်လျက်ရှိပါသည်။ ကျွန်တော်သည် ဗိုလ်ကျော်ဇောကို ရှေ့တွင်ထား၍ နောက်မှ သိုင်းဖက်ကာ စီးနင်းလာခြင်းဖြစ်ပါသည်။ ဗိုလ်ကျော်ဇောသည် ကျွန်တော့်ကို ကျောမှီ၍ အိပ်ငိုက်နေဟန်တူပါသည်။ ကျွန်တော်သည် ပတ်ဝန်းကျင်ကို မပြတ်တမ်း ကြည့်ရှုအာကဲခတ်၍ လာခဲ့ပါသည်။ ထိုစဉ် ဗိုလ်ကျော်ဇော၏ လက်သည် ကျွန်တော့်ခါးမှ ရေဘူးဆီသို့ရောက်ရှိလာသဖြင့် ကျွန်တော်သည် လက်ကိုဖြုတ်ချလိုက်ပါသည်။

"ဗိုလ်ရဲတင့် ငါမရတော့ဘူးကွာ တအား ဆာလာပြီ၊ မနေနိုင်တော့ဘူး။ အချိုမစေ့ လောက်ပါပြီ" "ဟာ မလုပ်ပါနဲ့ကွာ အနေကြီး ... သိပ်မစောင့်ရတော့ပါဘူး" ကျွန်တော် သူ့ကို နှစ်သိမ့်၍ မြင်းကို အသော့နှင်လိုက်ပါသည်။ မကြာမီ ရာဇဝင်ချောင်းသို့ ရောက်တော့မည်။ မိမိပိုင်နက်သို့ ရောက်တော့မည်ဖြစ်၍ အားတက်မိပါသည်။ လရောင် မှုန်ရေးရေး အောက်တွင် အညာဒေသ၏ နွေလွင်ပြင်ရှုခင်းသည် လွမ်းမောဖွယ် ကောင်းလှပါ၏။ ဟိုအဝေး ရိုးဖျားထက်ဆီရှိ လက်ပံပင်ကြီးထက်မှ ကြွေကွဲဆွတ်ကျင်ဖွယ် ကောင်းလှသော ဥဩတွန်သံကိုလည်း ကြားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်သဲချောင်းသို့ ရောက်ရှိလာပါသည်။ "ရန်ကုန်နယ်မြေ လွန်လာခဲ့ပြီ ခြေထောက်က သွေးကျလို့ထင်တယ် တအားကို နာနေတယ်၊ ချောင်းရိုးထဲ သောင်ခုံကောင်းတဲ့နေရာလေးမှာ ခဏနားကြရအောင်" မြင်ညို့ကြီးသည် မောနေပြီ၊ ကျွန်တော်လည်း စိတ်မောလူမောဖြင့် ပင်ပန်းလှပြီ၊ ထို့ကြောင့် လကျောင်များ ဖြာကျနေသည့် ချောင်းရိုး အံ့ထ[illegible]ကွေ့တစ်နေရာ ကျယ်ပြန့်လှသော သဲသောင်ခုံတစ်ခုတွင် နားလိုက်ကြပါသည်။ လူသူအရောက်အပေါက်နည်း၍ သဲများမှာ သန့်ရှင်းလျက်ရှိပြီး အေးမြ၍နေရာ ကျွန်တော်တို့နှစ်ဦးစလုံး ပက်လက်လှန်လှဲချလိုက်ပြီး ကျောအရသာခံလျက်ရှိစဉ် ဗိုလ်ကျော်ဇောသည် ရေဘူးကို လာစမ်းပြန်ပါသည်။ "ဗိုလ်ကျော်ဇော မလုပ်ပါနဲ့ကွာ ခဏကလေးသည်းခံပြီး စောင့်လိုက်ပါ" "တော်ပြီကွာ မစောင့်နိုင်တော့ဘူး၊ အချိန်စေ့လောက်ပါပြီကွာ ပေးစမ်းပါ အာခွတ်ရုံလေးပါ၊ ဗိုက်ထဲမှာ ပူလှပြီကွ" ဗိုလ်ကျော်ဇောသည် ရေဘူးကို လက်မှမလွှတ်ပါ၊ ခိုင်မာစွာ ဆုပ်ကိုင်ထားသည်။ အသံလည်း မာကျောလျက် ဗလုံးဗထွေးနိုင်လှသည်။ သူ၏မျက်လုံးတို့သည်လည်း ခွေး၏မျက်လုံးများနှင့် တူသာပါသည်။ "ကြြမ်းလို့ပါကွာ၊ အကြာကြီး [illegible]ရှည်ရှိတော့ပါဘူး" ကျွန်တော် သူ့ကို ချော့[illegible]နှစ်သိမ့်၍ ပြောပါသည်။ သူ့လက်ကို ဆွဲဖယ်သော်၊ မရပါ။ ထိုစဉ် သူ့ရော ကျွန်တော်ရော အကြံတူညီစွာဖြင့် သေနတ်များကို အတွဲထုတ်လိုက်သည်နှင့် မောင်းတင်ပြီး ချိန်ရွယ်ပြီးဖြစ်သွားကြပါသည်။ "တစ် နှစ် သုံးဆိုမယ် သုံးမရောက်ခင် မင်းသေနတ်ကို လွှတ်ချလိုက် မချလျှင်တော့ မင်းလည်း ငါ့ကို ပစ်ချင်ပစ် ငါကတော့ မင်းကို ပစ်မှာပဲ ဒါမှမဟုတ် ရေဘူး ငါ့ကိုပေး" ဗိုလ်ကျော်ဇောသည် ဆုံးဖြတ်ပြီးပြီ မထူးဇာတ်ခင်းတော့မည်မှာ သေချာပါသည်။ အသံနှင့် မျက်နှာထားပါ မာကျောလျက်ရှိပါသည်။ ကျွန်တော် သူ့ကို ပစ်လိုက်လျှင် သူသေမည်။ ကျွန်တော် သူ့ကို ရေဘူးမပေးလျှင် ကျွန်တော့်ကို သူတကယ်ပစ်မည်။ ကျွန်တော်တိချင်ထိ၊ သေချင်သေသွားမည်။ ထိုအခါ သူသည် ရေသောက်ပေမည်။ ရေသောက်လိုက်လျှင်လည်း သူသေပေမည်။ မည်သို့ပင်ဖြစ်စေ သူကတော့ သေလှုဖြင့်နေပြီ၊ ကျွန်တော် သူ့နောက် အဆစ်မလိုက်ပါလိုတော့ ကျွန်တော့်မှာ မိသားစုရှိသေးသည်။ "တစ်..နှစ်.." ဗိုလ်ကျော်ဇောမှ ၈၍ အမှတ်စဉ်ရေတွက်ပြီ ကျွန်တော် ရေဘူးကို လွှတ်ပေးလိုက်သည်။ သေနတ်ကိုတော့ လွှတ်မချပါ။ သူသည် စိတ်ဖောက်ပြန်သူကဲ့သို့ ဖြစ်နေ၍ စိတ်မချရပါ။ သူ၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ်ကြည့်နေမိသည်။ အရေးကြုံလျှင် ညှာ၍မဖြစ် ကိုယ့်အသက်ကိုတော့ ကာကွယ်ရပေမည်။ ကျွန်တော်သည် သေနတ်မောင်းပေါ်တွင် လက်ကို အသင့်တင်ထားပါသည်။

ဗိုလ်ကျော်ဇောသည် ကျွန်တော့်ခါးမှ ရေဘူးကို ဖြုတ်ယူ၍ အငမ်းမရ မော့သောက်လိုက်ပါသည်။ "ခွိုးခွိုး" နှာ[illegible] ခေါင်းနှင့် ပါးစပ်အကွင်းမှ အမြှုပ်ဖြူ[illegible] များထွက်လာပြီး နောက်သို့လန်ကျသွား[illegible] ကာ သောင်ပြင်ပေါ်တွင် လူးလိမ့်လျက် ရှိပါသည်။ "အားပူတယ် ပူတယ်" ဟု[illegible] ဆိုကာ ဝမ်းလျားမှောက်၍ ဗိုက်ကို နှိပ်[illegible] လျက် ဝေဒနာကို ခံစားလျက်ရှိပါသည်။ သဲများအား လက်နှစ်ဖက်ဖြင့် ရိုက်ပုတ်[illegible] သည်။ ယက်ထုတ်သည်။ ခြေဖြင့်ကန်[illegible] သည်။ ကျွန်တော်လည်း ဘာလုပ်ရမည် မသိ။ စိတ်လည်းပူသည်။ စိတ်လည်း[illegible] ညစ်ပါသည်။ ကြောင်၍ကြည့်နေမိ[illegible] သည်။ ထိုစဉ် ကျွန်တော်တို့အထက်[illegible] တည့်တည့် ကောင်းကင်ယံတွင် တစ်တီ[illegible] တူး သုံးကောင်ပျံဝဲလျက် "တစ် တစ် တစ် တစ်တီတူး" ဟု အော်မြည်လျက် ရှိပါသည်။ ကျွန်တော်တို့ဒေသတွင် တစ်တီတူးကို ငှက်ဆိုးဟု ယူဆပါသည်။ လသာသောညများတွင် ကျက်ပေါ်၍ အော်ဟစ်လေ့ရှိပါသည်။

ကျွန်တော့်တွင် မကောင်းသော နိမိတ်၏ အငွေ့အသက်များကို ခံစားရ[illegible] နေပါသည်။ ရုတ်တရက် ဗိုလ်ကျော်ဇောသည် ရှိသမျှ အားအင်ဖြင့် ကုန်[illegible] ရုန်းထကာ ဒယီးဒယိုင်ဖြင့် ထွက်ပြေး[illegible] ပါသည်။ "ကြောက်ပါပြီ၊ အမေကြီး[illegible] ကျွန်တော့်ကို မသတ်ပါနဲ့၊ ကျွန်တော် မသိလို့ပါဗျ" ဗိုလ်ကျော်ဇောသည် အော်[illegible] ဟစ်၍ ပြေးလွှားနေရာမှ "အား" က[illegible] အသံနက်ကြီးဖြင့် ကြောက်မက်ထိတ်[illegible] လန့်ဖွယ်ရာ အော်ပြီး လဲကျသွားပါသည်။ ဗိုလ်ကျော်ဇောအား ကူညီပေး[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ပြေးလိုက်သွားသည်။ ဗိုလ်ကျော်ဇောသည် တစ်ချက်မျှသာ တွန့်လျက် အသက်ပျောက်သွားပါတော့သည်။

ကျွန်တော်သည် ဗိုလ်ကျော်ဇော၏ အလောင်းအား အရှေ့ဘက်သို့ခေါင်းပြု၍ စနစ်လျက်အနေအထားသို့ ပြောင်းရွှေ့လိုက်ပြီး မြင်းဖြင့် ကင်းစခန်းသို့ထွက်ခဲ့ပါသည်။ ကင်းရဲဘော်လေးတစ်ယောက်အား အလောင်းကို စောင့်ကြပ်ရန် တာဝန်ပေးခဲ့ပါသည်။ ဤတော ဤတောင်များတွင် တောခွေးနှင့် ခွေးအများရှိ၍ အလောင်းမပျောက်ပျက်စေရန် စီစဉ်ရခြင်းဖြစ်ပါသည်။ ထို့နောက် ကျွန်တော်သည် ဌာနချုပ်စခန်းသို့ ထွက်ခဲ့ပါသည်။ ဌာနချုပ်ရောက်ရောက်ချင်း နာရီကိုမေးလိုက်ရာ ၁၁ နာရီခွဲသာသာမျှသာရှိသေးကြောင်း သိရပါသည်။ ဗိုလ်ကျော်ဇောသည် ၆ နာရီမပြည့်ပီ ၁၅ မိနစ်ခန့်အချိန်တွင် ရေသောက်မိ၍ သေဆုံးရခြင်းဖြစ်ကြောင်း တွက်ဆမိပါသည်။

ကျွန်တော်သည် ပထမဆုံး မြို့စ်သာယာရှိ စစ်ရေးအခြေအနေကို တင်ပြသည်။ ထို့နောက် ဗိုလ်ကျော်ဇော၏ အဖြစ်အပျက်ကို တင်ပြသည်။ "အေးကွာ ဗိုလ်ကျော်ဇောအကြောင်း ကြားရကာ စိတ်မကောင်းပါဘူးကွာ၊ ဒါပေမယ့် သူ့ကံပေါ့လေ၊ ဘယ်တတ်နိုင်မလဲ၊ အခုအတိုင်းတို စစ်ရေးအခြေအနေ မကောင်းဘူး။ ဗဟိုနဲ့လည်း အဆက်အသွယ်ပြတ်နေတယ်။ အဲဒီတော့ အထက်အမိန့်ကို စောင့်နေလို့ မဖြစ်တော့ဘူး။ ကိုယ့်ဘာသာ မီးစင်ကြည့်ကရမှာပဲ၊ ဆီမီးခုံကနေ ရောဝတီကိုဖြတ်ပြီး ဗိုလ်ဇေယျတို့အဖွဲ့နှင့် သွားပေါင်းရလိမ့်မယ်၊ အခု ဗိုလ်ရဲတင့်နှင့် ငါးယောက် ငါနဲ့လိုက်ခဲ့ကြ၊ ကျန်တဲ့ရဲဘော်တွေ ပစ္စည်းတွေသိမ်းနှင့် မြင်းတွေပြည့်စုံအောင် စီစဉ်ထား။ မနက်လင်းတာနဲ့ အနောက်ဘက်ကမ်း ကူးပြီးသားဖြစ်အောင် အခုညတွင်းချင်းခရီးထွက်မယ်" ကျွန်တော်နှင့် ဗိုလ်သံဒိုင်တို့ ဗိုလ်ကျော်ဇောရှိရာ ရာဇဝင်ချောင်းဆီသို့ ထွက်လာခဲ့ကြပါသည်။

ရဲဘော်ကလေးများကို ထန်းရွက်ခြောက်များနှင့် ထင်းခြောက်များကောက်ယူ စုပုံစေပါသည်။ ဗိုလ်သံဒိုင်သည် အမိန့်ပြန်ပေးပါသည်။ ကျွန်တော်သည် အတူသွား အတူလာ ရဲဘော်ရဲဘက် သူငယ်ချင်းဖြစ်သောကြောင့် စိတ်မထိန်းနိုင်ပါ။ ဝမ်းနည်းလွန်း၍ မျက်ရည်များ တလိမ့်လိမ့် ကျလာမိပါသည်။ ဗိုလ်ကျော်ဇောသည်ကား မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်အတွင်းရှိ ရာဇဝင်ချောင်းတစ်နေရာတွင် ထာဝရ အနားယူသွားခဲ့ပြီ။

အမိန့်ပြန်ပြီးသောအခါ ကျွန်တော်တို့သည် ဗိုလ်ကျော်ဇောအား အလေးပြုလိုက်ကြပါသည်။ ကျွန်တော်သည် ဗိုလ်ကျော်ဇောအား နောက်ဆုံးအနေနှင့် လက်ဝှေ့ယမ်းနှုတ်ဆက်ပြီး ထင်းပုံပေါ်သို့ အသာအယာ မ,တင်ပေးလိုက်ပါသည်။ ဗိုလ်သံဒိုင်မှ မီးရှို့လိုက်သည်။ ထန်းရွက်ခြောက်များကြောင့် တစ်ခဏအတွင်း မီးတောက်ကြီးများ မြင့်တက်လာပြီး ဗိုလ်ကျော်ဇောကို ဝါးမျိုသွားပါသည်။

"ကဲ ဗိုလ်ရဲတင့် အချိန်သိပ်မရှိတော့ဘူး။ ခရီးထွက်ကြရမှာဆိုတော့ ငါတို့ သွားကြစို့" ဗိုလ်သံဒိုင်မှ သတိပေးကာ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သဖြင့် ကျွန်တော်လည်း မြင်းပေါ်သို့တက်ကာ ၎င်းတို့၏ နောက်မှလိုက်ပါခဲ့ရပါတော့သည်။ ဗိုလ်ကျော်ဇောအား ဝါးမျိုတောက်လောင်လျက်ရှိသော မီးပုံကြီးမှ တလိပ်လိပ်တက်လျက် ရှိသော မီးခိုးလုံးကြီးတို့သည်လည်း တဖြည်းဖြည်းဝေး၍ ကျန်ခဲ့ပါတော့သည်။

ကျွန်တော်သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ ဗိုလ်ကျော်ဇောပြောဖူးသော လိပ်စာအတိုင်း သူ၏မိဘများထံသို့ သွားရောက်၍ ဤအကြောင်းအရာများကို ပြောပြကာ သူ၏ပစ္စည်းကလေးများကို ပြန်လည်အပ်နှံပေးပါမည်ဟု မျက်စိထဲတွင် မြင်ယောင်လျက်ရှိသေးသော ဗိုလ်ကျော်ဇောအား ကတိပြုမိပါတော့သည်။

သောင်းကျန်းသူများ ချုပ်ငြိမ်း၍ မိတ္တာအတတ်ပညာများ ဤကမ္ဘာမြေပေါ်မှ ကွယ်ပျောက်သွားပြီး နေရာတိုင်းတွင် သူတော်ကောင်းတရားများ ထွန်းတောက်ပါစေဟု ဆန္ဒပြုလျက် . . .

ဘိုဘို (ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# အမှောင်ခေတ ငါ့ဘဝ

မင်းရဲကျော်

(၁)

ကောက်ကွေ့ချောင်းကြီးကား ရိုးမတွင် အဖျားခံကာ ဧရာဝတီမြစ်မင်းထဲသို့ စီးဆင်းလေသည်။ သူဖြတ်သန်းရာ လမ်းကြောင်းမှာကား တောင်သူယာလုပ်သမား မရှိသလောက်၊ လယ်သမားတွေသာ ကြီးစိုးရာ လယ်ပြင်ကွင်းပြင်ကို ဖြတ်ဆင်းလာရ၏။ မိုးကာလဆိုပါမူ တစ်ဟုန်ထိုး 'ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်' ဆိုတဲ့အလား မောင်းကဲ့ပုံ ပွတ်တွက်လာလေသော မြင်းရိုင်းတစ်ကောင်ဟာ ဒုန်းစိုင်းပြေးလွှားသကဲ့သို့ ကြောက်စရာ၊ လန့်စရာ ရေစီးက သန်ပါဘိ။

သို့သော် နွေကာလသို့ရောက်ပါမူ မအီမသာ စီးနေသလိုလို၊ အိပ်ရေးပျက်ထားသော မျက်ကွင်းနက်နေသည့်၊ ဟောက်ချိုင့်ဝင်နေသည့် မျက်လုံးပမာ ညင်ညင်သာသာ လူ့ကာလွန်ကာ စီးတတ်ပါသော ချောင်း။ ထိုကောက်ကွေ့ချောင်း အထက်ရိုးမမှ စီးဆင်းဖြတ်သန်းစဉ် ချောင်း၏ဝဲယာတွင် ခနီမြိုင်ရွာ၊ ညောင်ပိုင်းရွာ၊ လက်ပံတောရွာ၊ ကုက္ကိုတန်းရွာ၊ မယ်ဇလီတောရွာ၊ ကျွန်းကြီးမြိုင်ရွာ စသည်ဖြင့် ရွာကြီးခြောက်ရွာ ရှိ၏။ ကျွန်းကြီးမြိုင်ရွာသည် ဧရာဝတီမြစ်နှင့် အနီးကပ်ဆုံးရွာကြီး၊ အိမ်ခြေသုံးရာကျော်သည့်အပြင် အလယ်တန်းကျောင်း ပါရှိ၏။

ရွာခြောက်ရွာအနက် ကျွန်းကြီးမြိုင်ရွာက အကြီးဆုံးဖြစ်သလို၊ စီးပွားရေး အကောင်းဆုံး ရွာကြီး။ ထိုရွာတွင်နေထိုင်သည့် ဦးမျိုးအေးနှင့် ဒေါ်မြအေးတို့မှာ လယ်ဧက ရာချီချမ်းသာသည့်အပြင် သူ့အိမ်တွင် ဟာလာစက်(ဆန်ကြိတ်စက်(ခေါ်) စပါးစက်)လည်း ရှိ၏။ မိရိုးဖလာ ချမ်းသာလာလေသော လယ်သမားကြီး။ ဒေါ်မြအေးမှာလည်း ထိုကျွန်းကြီးမြိုင်ရွာ၏ ဒုတိယအချမ်းသာဆုံး မိဘတွေမှ ဆင်းသက်လာသော လယ်ပိုင်ရှင်သမီး။

ဦးမျိုးအေးနှင့် ဒေါ်မြအေးတို့သည် ချမ်းသာကြွယ်ဝပါသော်လည်း အလကား မနေ။ နေအိမ်တွင် ကုန်စုံဆိုင်ကြီးတည်ကာ လပေး နှစ်ပေး အကြွေးရောင်း၏။ တစ်အိမ်သောင် ဘယ်ရွှေဘယ်မျှ သတ်မှတ်၏။ လယ်မရှိသူ စာရင်းငှားဆိုပါကလည်း အကြွေးရောင်းချမှု သတ်မှတ်ပြီး ပိုမရောင်း။ အလွန်သဘောကောင်း၍ စေတနာဖြူစင်လွန်းပါဘိ။ နှစ်ဖက်မိဘထံမှ လယ်များ အမွေဆက်ခံကြရသော လယ်ပိုင်ရှင် လယ်သမားများဖြစ်သော်လည်း လယ်ထဲသို့တစ်ယောက်မျှမဆင်း။ နှုတ်တွက်၊ စိတ်တွက်ဆိုသလို တစ်ဧကဘယ်မျှထွက်သည်၊ လယ်အထွက်ကောင်းပါက ဘယ်မျှပိုထွက်နိုင်၏။ အထွက်မကောင်းခဲ့လျှင်တော့ ဘယ်ရွှေ့ဘယ်မျှအထိ ကျဆုံးဆုတ်ယုတ်နိုင်ကြောင်း ကောင်းစွာတွက်တတ်သော လယ်ပိုင်ရှင်ကြီးတွေ ဖြစ်လေသည်။ သူတို့၏ စာရင်းငှားလုပ်သားတွေမှာ သဘောကောင်း၊ မနောဖြူ၊ စေတနာတံခွန်တူလောက်သည့်အတွက် သူတို့ဘက်ကလည်း စေတနာအပြည့်၊ လုပ်အားအပြည့်။

"မမြ ..."

"ရှင် ..."

"တို့သားကိုလေ မောင်လူအေးလို့ နာမည်ပေးမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော်ကော သျှောက်ပြီးပြီလား"

"ဆရာတော် သဘောတူပါတယ်ကွ။ တို့အကြောင်းလည်း မမြအသိပါ။ ဖေဒင်လည်း အသင့်အတင့် သင်ပေးထားသလို နေ့ကောင်းရက်သာကအစ နေ့သင့်နံသင့် တွက်တတ်ပါတယ် မမြရဲ့"

"ဟုတ်ကဲ့ပါ မောင်လှအေးရဲ့အဖေ ကိုလေအိုး ... အယ် .. ကိုမျိုး ခိခိခိ"

"ဟင်းနော် ... သားဦးကလေး မွေးပေးလို့ ခွင့်လွှတ်တာ။ ကိုလေအိုးက ငမြွေထိုးလို ... ဟားဟားဟားဟား"

"ကြည့် ... ကြည့် ... သဝေထိုးနေပြီ ... ဟဲဟဲဟဲဟဲ"

သားဦးလေးရ၍ ကိုမျိုးအေးတစ်ယောက် ဝမ်းမြောက်ဝမ်းသာ ဖနီးအပေါ်အကြင်နာပိုခဲ့ရ၏။ တစ်ဖန် သားဦးပြီးတော့ သမီးလေးမွေးပြန်တော့ 'ကြည်ကြည်အေး'တဲ့။ နောက်တစ်ယောက်မှာတော့ အသားလေးတွေ နီနီလေးမို့ 'နီနီအေး'၊ စနေသမီးထွေးလေး။

မောင်လှအေးသည် အလွန်အေး၍ ရိုးသားသော မိဘနှစ်ပါးမှ မွေးဖွား၍ ရိုးသားသလို စီးပွားချမ်းသာပါသော်လည်း တစ်ချက်မျှ မာန်မာနမထား။ ကျောင်းထားတော့လည်း ကျောင်းစာမှလွဲပြီး သူဘာမျှမတွေး၊ တစ်ခါဖူးမျှ ရန်လည်းမဖြစ်တတ်။ အဆိုအဆဲ လုံးဝကင်း၏။ ညီမလေးနှစ်ယောက်အပေါ်လည်း အစ်ကိုကြီးပီပီသသ ဂရုတစိုက်နေတတ်၍ မိဘနှစ်ပါး အလွန်စိတ်ချရလေသော မောင်လှအေး"

ကံကြမ္မာဆိုသည် ငင်တတ်ပါ၏။ မောင်လှအေး အလယ်တန်းကျောင်းသားဘဝ ရွာမှာ အလယ်တန်းကျောင်းသာရှိသဖြင့် အလယ်တန်းအောင်သောအခါ မြို့ကျောင်းသို့ ပြောင်းရ၏။ ဆယ်တန်းနှစ်အသက်ဆယ့်ခြောက်နှစ်ထဲအရောက်

တစ်နေ့မှာတော့ ကြမ္မာငင်ကြရလေပြီ။ မိုးမှောင်ကျသော ညဥ့်ဝယ် သူတို့အိမ်သို့ ဓားပြငါးယောက် ဝင်တိုက်ခိုက်လေ၏။

"ကိုမျိုးအေး ... အသက်မသေချင်ရင် ရှိတဲ့ရွှေနဲ့ ငွေတွေအားလုံးပေး"

"ဟော့ကောင် .. ပုတက်၊ မမြအေး ခေါ်ခဲ့။ ဟိုသုံးကောင် ... ကလေးတွေ မလှုပ်စေနဲ့။ လှုပ်တဲ့ကလေး ခုတ်သတ်လိုက်၊ ကြားလား ..."

"အေး ... စိတ်ချ။ လက်မရွံ့သားဓားက ထက်တယ်ကွ"

"ဒီမှာ ... ဒီမှာ၊ ကျွန်မမှာရှိတဲ့ ရွှေတွေပါ"

"ဟုတ်ပြီ၊ ကိုမျိုးအေး ... ငွေတွေလေ"

"ဒါအကုန်ပါပဲ။ ငွေကို အိမ်မှာ မထားပါဘူး။ မြို့က ဒေါ်လေးတို့အိမ်မှာ ထားတာပါ။ မမြမေးကြည့်၊ သားကြီးလည်းသိပါတယ်ဗျာ။ ဒါအကုန်ပါ"

"ဟားဟားဟားဟား ... မင်းဒါမျိုးမလုပ်နဲ့။ ငါလိုချင်တာ မင်းအသက်မဟုတ်ဘူးကွ။ ရွှေနဲ့ငွေ။ ကလေးကစားတာမဟုတ်ဘူးနော် ... ပေးပါ"

"ဟော့ကောင် ကျောက်ခဲ၊ ဟာ .. ခေါင်းဆောင် ... မင်းစကားမများနဲ့၊ ထုကွာ။ ဖယ် .. ငါလုပ်မယ်"

"နေစမ်းပါ။ မင်းစကားပြောတာ နှုတ်လုံလို့ ပြောထားရက်နဲ့။ ငါ့နာမည်ကို ဘာဖြစ်လို့ ခေါ်ရတာလဲ"

"ဟာ ... ရှုပ်ကုန်ပြီ။ မင်းကပါ ဝန်ခံနေပြီ။ ခေါင်းဆောင်အလုပ်သာလုပ်၊ ငွေမပေးဘဲ အသက်ပေးနေမှတော့ အသက်ပဲ ယူလိုက်ကွာ"

"အစ်ကိုတို့ရယ် ... ကျွန်မတို့ငွေတွေ ရွာမှာမထားပါဘူး။ မြို့က ဒေါ်လေးတို့အိမ်မှာ ထားတာ အမှန်ပါရှင်။ ကိုမျိုးကို မရိုက်ကြပါနဲ့"

"မရိုက်ပါဘူး။ ငွေမပေးရင် ...

အသက်ပေး"

"နောင်ကြီးတို့ သတ်လည်း သေ[...] မှာပါပဲ။ တစ်အိမ်လုံးသာ ရှာကြပါ။ ကျွ[...] တော်တို့ မဝှက်ထားပါဘူး။ အော်လည်[...] မအော်ပါဘူး။ ဒီမှာရှိတဲ့ ငွေကိုးသိန်[...] လက်ဝတ်လက်စား ဆယ်သိန်းဖိုးလော[...] ရှိပါတယ်။ အကုန်ယူပါ ..."

"မယုံဘူး။ မကဘူး"

ဓားပြများသည် သေနတ်အ[...] တစ်လက်၊ ဓားကိုယ်စီဖြင့် ကိုမျိုးအေးနှ[...] မမြအေးတို့အား ထုတော့၊ ထောင်းတော[...] သတ်တော့မည့်အသွင်။ မှန်အိမ်မှော[...] မှောင် လရောင်မရှိမို့ ထိုမှန်အိမ်အလ[...] ဖြင့် မောင်လှအေးတို့ မောင်နှမသုံးယော[...] သား ကြည့်နေကြ၏။ မျက်ရည်လည်[...] မကျကြ။ ကြောက်သည်ကတော့ တ[...] ကိုယ်လုံး နတ်ပူးနေသည့်ပမာ။ မောင်လ[...] အေးမှာ ညီမလေးနှစ်ယောက်ကို ပွေ့ဖ[...] ထားရင်း ဖခင်အတွက် ဘာလုပ်ရမှ[...] မသိတော့။

"ကိုမျိုးအေး ..."

"ဟုတ် ... ဟုတ်ကဲ့ပါ"

"မပေးဘူးလား"

"နောင်ကြီးတို့ တစ်အိမ်လုံးရှ[...] နောက်ပြီးပါပြီ။ ကျွန်တော်ပြောသည[...] အတိုင်းပဲဗျာ။ ရှိလို့ကတော့ ချက်ချင်းပေ[...] ပါတယ်"

"ကဲ ... မပေးချင်တဲ့အကောင်[...]"

"ဒုတ်"

"အား ..."

"အို ... ကိုမျိုး ... ကိုမျိုး"

"ကဲ ... ကြိုးတုပ်ထားခဲ့၊ က[...] တွေပါ ကြိုးတုပ်၊ ပါးစပ်တွေ ပိတ်စ[...] ထားခဲ့"

ဓားပြများသည် အားလုံးကြိုး[...] ၏။ သေနေပြီးဖြစ်သော ကိုမျိုးအေး[...] ဒီအတိုင်းထားခဲ့သည်၊ အားလုံးထွက်[...] သွားကြလေပြီကော။



www.burmeseclassic.com

www.burmeseclassic.com

ကိုမျိုးအေးကား သတိပြန်ရသည်နှင့် ရှိသမျှခွန်အားသုံးကာ ဖနီးသည် မမြအေးအား ကြိုဖြေရင်း အားခဲပြောလိုက်သော စကားမှာကား ...

"မမြ ... အော် ... အော် ... အင့် ... ဟူး"

"လာကြပါဦး ... လာကြပါဦး။ ဓားပြတွေ ... ဓားပြတွေ၊ ကိုမျိုးအေးကို သတ်သွားကြပါပြီ။ ကယ်တော်မူကြပါ။ အီး ... ဟင့်ဟင့်"

(၂)

မောင်လူအေးတစ်ယောက် ကျောင်းဆက်မတက်တော့။ အမေ့အနားတွင်လည်း မနေ။ ရွာစဉ်လယ်၍ ဖဲရိုက်၏။ အရက်တော့မသောက်ပါ။ သူ့ကိုယ်သူလည်း လူအေးလို့ မပြော။ မခေါ်စေဘဲ ရဲရင့်ဟုသာ အမည်တစ်ထားလိုက်၏။

"သားရယ် ... ဖဲမရိုက်ပါနဲ့"

"ဟုတ်ကဲ့ အမေ"

"သားမနေ့ညက ညောင်ပိုင်းရွာ အသုဘမှာ ဖဲသွားကစားတယ်ဆို။ အမေ့စကား နားထောင်ပါလား"

"သားနားထောင်ပါတယ်။ သားဖဲမကစားဘဲ မနေနိုင်ဘူး အမေ"

"ဒုက္ခပါပဲကွယ်"

အဖမဲ့သားမို့ မပြောရက်မဆိုရက်။ အရက်ကလေး မဖက်၍ တော်ပါသေး၏။ ဖဲကစားသွားတိုင်း ရင်တမမ။ ရန်ပွဲတွေက တောခေါ်လှအတိုင်း ဓား၊ တုတ်၊ လှံ ပလူပျံအောင် ပေါ်ပါဘိ။

လူအေး(ခေါ်)ရဲရင့်သည် ဖဲကစားတိုင်း ရှုံးသည်ကို မရှိ။ အမြဲလိုလို နိုင်နေ၍လည်း တချို့က ဆေးအဆောင်ကောင်းသည်ဟုပင် စွပ်စွဲသော်လည်း ရဲရင့်က ဂရုမစိုက်။ ခပ်မိုက်မိုက်နာမည်လေးနှင့် မလိုက်တော့။ သူပေးသော နာမည်သစ်အတိုင်း ရဲရဲရင့်ရင့် ပြတ်ပြတ်သားသားပင် အနိုင်ယူစမြဲ။

"ဟေ့ကောင်လေး။ မင်းအဆောင်ကောင်းတွေ ငါ့ပေးစမ်း"

"ကိုကျောက်ခဲ၊ အဆောင်ဆိုတာ မှားမြှောင်ရှိတယ်။ နိုင်ရင်ယူမယ်၊ ရှုံးရင်ပေးမယ်။ ဒါ ကစားသမားရဲ့ နှလုံးသားခံယူချက်ပဲ"

"ဘာကွ"

"မဟာနဲ့လေ။ ရှုံးရင် လုလို့မှမရတာ။ အဲဒီတော့ ရှုံးရင်ပေးလိုက်မယ်၊ အိမ်ပြန်ယူမယ်။ မရှိရင် မြို့က အဘွားလေးဆီမှာထားတဲ့ ငွေတွေ ဘာလုပ်ဖို့လဲဗျ ... ဟားဟားဟားဟား"

"တောက်"

"မငေါက်ပါနဲ့ဗျ။ ကျုပ်တို့အိမ်က ငွေတွေ မြို့မှာထားတယ်ဆိုတာ ခင်ဗျားအသိပါ"

"ဘာကွ"

"ကဲ ... ဝိုင်းထဲဝင်မှာလား။ မဝင်ရင် ဘေးထိုင် ဘိုင်မကျနဲ့ဗျာ"

"ဟေ့ကောင် ... ငါ ထောင်ထွက် ကျောက်ခဲကွ"

"သွားစမ်းပါဗျာ။ ကဲပါ ... ကစားမလား"

"တောက် ... မသာပေါ်ချင်ပြန်ပြီ"

"ခင်ဗျား တစ်လောင်းပဲ သတ်လို့ရမယ်ဆိုတာ မှတ်ထား။ နွားခိုးမှုနဲ့ ထောင်ကျတာများ ထောင်ထွက်လို့ အော်မနေပါနဲ့"

"မင်း ... မင်း"

"ဟေ့ကောင် ကျောက်ခဲ။ ငါ့မိန်းမ ဆုံလို့ စိတ်ဆင်းရဲရတဲ့အထဲ မင်းက တစ်မျောင့်။ ဘို့ လက်ပံတောရွာရဲ့ အရှင်သခင် ကိုကျောက်ခဲရယ် ... အကောက်ကလေးရမှ အသုဘစရိတ်ကာမိမှာကွ။ တော်ပါတော့"

အသုဘအိမ်မှ ဦးတင်အောင် ဝင်ရောက်ပြောတော့မှ လက်ပံတောရွာသား လူမိုက်ကျောက်ခဲ ဆက်မပြောတော့။ သို့သော် လက်ပံတောရွာသားတွေကား ရဲရင့်အပေါ် မကျေမချမ်းဖြစ်ကြ၏။ ရဲရင့်ကား လုံးဝမမှုပါ။ ဂရုလည်းမစိုက်ပါ။ ထိုနေ့ညဉ့်မှာလည်း ကောင်းကောင်းပွဲသိမ်းသည့်အတွက် အသုဘအိမ်မှ ဦးတင်အောင်အား တရိုတသေပင် ကူငွေဟုဆိုကာ သူနိုင်သမျှ အရင်းနုတ်ပြီး အားလုံးကူခဲ့လေ၏။ အားလုံးအံ့အံ့သြသြ။

"ကူမှာပေါ့ကွာ။ သူ့ငွေမှမပါတာ။ နောက်ပြီး ဖအေသေပြီးကတည်းက ဖဲသမားလေး ဖြစ်နေသလို၊ ကျွန်းကြီးမြိုင်ရွာရဲ့ သူဌေးလေ။ ဘယ်နေ့ သူ့အဖေလို ဓားပြအတိုက်ခံရပြီး သေမလဲမသိဘူး။ ကြည့်သာနေ ..."

မလိုတမာ လက်ပံတောရွာသားတွေ ဖဲသမား၊ အရက်သမားခပ်များများ၏ နှုတ်စကားကို ရဲရင့်ကြား၏။ ပြုံးပြီး စိတ်ထဲမှ ကြုံးဝါးလိုက်သည်။ ဒီတစ်ခါ ငါ့အလှည့်ပဲ။ ကျောက်ခဲတစ်ယောက် မဟုတ်ဘူး။ ခုတော့ တစ်ရွာလုံးဖြစ်နေပြီ။ အေး ... တစ်ရွာနဲ့ တစ်ယောက်မို့ ငါ နောက်ဆုတ်ခဲ့တယ်ဆိုတာ သတိသာ ယားကြ။

(၃)

တစ်လခန့်အကြာမှာတော့ လက်ပံတောရွာတစ်ရွာလုံး ဓားပြအတိုက်ခံလိုက်ရလေပြီ။ အချိန်ကာလမှာကား ၁၉၄၄-၄၅ ခုနှစ်ခန့် ခေတ်ပျက်ကြီးကာလဝယ် ကောက်ကွေ့ချောင်းဒေသတွင် ဓားပြတိုက်၊ လူသတ်၊ နွားခိုး၊ လုယက်နှင့် ဖြစ်ချင်တိုင်း ဖြစ်နေကြ၏။ ပုလိပ်အဖွဲ့လည်း ကောင်းစွာမထိန်းချုပ်နိုင်။ ဥပဒေမဲ့နေသလို ဖြစ်နေ၍လည်း ကျွန်းကြီးမြိုင်ရွာ ဓားပြတိုက်ပြီး သူဌေးကိုမျိုးအေးအား သတ်ဖြတ်မှု ပေါ်အောင်မဖော်နိုင်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com

အတွက်လည်း ခေါ်ခြင်းဆောင် ကျောက်ခဲယောက် နွားနိုးမှုကြောင့် တောက်ပြောင်စွာ ကျခဲ့၏။ လူသတ်မှု မပေါ်နိုင်ခဲ့။

ဓားပြများမှာ အင်အားနှစ်ဆယ် ခန့်ရှိ၍ ဓားပြမဟုတ်။ ဂုန်အုပ်စုပမာ ရွာတစ်ရွာလုံး ဖွတ်ဖွတ်ကြေအောင် မွှေနှောက်တိုက်ခိုက်ကြလေပြီ။

"ဟေ့ ... ဒီရွာက သူခိုးကျောက်ခဲ ထွက်ခဲ့စမ်း"

"ပုဆောက်ဆိုတဲ့ သက်တင် ထွက်ခဲ့။ ပုပ္ပါးနားလို့ကတော့ မင်းတို့အိမ်ပါ မီးရှို့ပြီ မှတ်"

"သေပါပြီတော့။ ကယ်တော်မူကြပါ။ နားက နားကပ်ဖြုတ်မရလို့ ဓားနဲ့ လှီးဖြုတ်မယ်တဲ့။ အမေရေ .. ကယ်ပါဦး"

"တိတ် .. အော်မနေနဲ့။ နင့်အမေ သေပြီဟ"

"ကိုပုတက်ရေ ... ဘယ်ထွက်ပြေးတာလဲ။ ကျုပ်ကိုသတ်တော့မယ်တဲ့"

"ကိုကျောက်ခဲရေ ... ရှင်လူမိုက်ဆို။ ခုတော့ ပြေးပြီလား။ ကျွန်မတို့ သားအမိ သေတော့မယ်တော့"

"အေး ... နင့်ယောက်ျားလူသတ်သမား၊ နွားသူခိုး၊ သူတောင်းစား ဘယ်ပြေးပြီလဲ"

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

ရွာတစ်ရွာလုံး မွှေနှောက်ကာ ရွှေနှင့်ငွေ ယူကြ၏။ ခေါင်းဆောင်မှာထားသည့်အတိုင်း သူကြီးဦးပွအိမ်ရှေ့ရှိ ရာဝင်အိုးကြီးတွေအားလုံး ရိုက်ခွဲသလို၊ တက်ပုအိမ်နှင့် ကျောက်ခဲအိမ်တို့မှာရှိသော အိုးခွက်ပန်းကန်ပါမကျန် ရိုက်ခွဲကြ၏။

ရက်ရက်စက်စက်ပင် ဓားပြအဖွဲ့သည် နှိပ်စက်သွားသော ဓားပြပွဲကြီးပါတကား။ မိသားစုမှ အသက်ရှင်၊ မိန်းမမကျန် ကြီးနှင့်ငယ်ကာ ရွာသူကြီးအိမ်ကွင် အမှိုက်ပုံကဲ့သို့ ပုံထားပြီးနောက် ထော်နှင့် ကျောက်ခဲတို့အား ရှာသော်လည်း မတွေ့။ ဒီနှစ်ကောင်အား အသေသတ်ရန် အားသွန်ခွန်စိုက်ရှာကြပြီးနောက် ကောက်ကွေ့ချောင်းသည့် ရန်ကုန်မြစ်နှင့်ပါဆုံ၍ ရေပြန်တက်လာသဖြင့် ဓားပြအဖွဲ့ စပါးတင်သော သမ္ဗန်ကြီးတွေဖြင့် ပြန်လည်ထွက်ခွာသွားကြလေပြီ။

"တောက် .. ကျောက်ခဲနဲ့ ပုတက်ကို သတ်ချင်တာကွ"

"ဟုတ်တယ်။ တစ်နေ့နေ့ ပြန်တွေ့မှာပေါ့ကွာ"

"ဘာမှမပူနဲ့။ တို့တစ်တွေရဲ့ ရန်ကြေး ဆပ်ရတာ ကျေနပ်တယ်ကွ။ သူတို့ တိုက်တော့ တစ်အိမ်၊ တို့မိုက်တော့ တစ်ရွာလုံးပဲ"

"ထားပါတော့ကွာ။ တို့တစ်တွေ တစ်ရွာလုံး မွှေနှောက်ရတာ ကျေနပ်တယ်ကွာ"

"ဟုတ်တယ်။ အတုံ့အလှည့်ဆိုတာ ရှိစမြဲပဲ။ ပေဘာဝမှာ ခံခဲ့ရပေမဲ့ တူဘဝရောက်တော့ နှံရတာ ကျေနပ်တယ်ဟေ့"

"မကျေနပ်သေးဘူး။ ကျောက်ခဲ ထမင်းဝအောင်စားထား"

(၄)

လက်ပံကောရွာကား တစ်ရွာလုံး စိစိညက်ညက် ကြေရလေပြီ။ ဓားပြထက်သာသော သူပုန်အဖွဲ့၏ ခြေရာလက်ရာ ဘာမျှမကျန်ခဲ့။ ကျည်ဆန်အခွံသုံးခွံသာ ရလိုက်သလို၊ ဓားပြ၊ နွားခိုး ကျောက်ခဲနှင့် တက်ပုတို့လည်း ပျောက်ဆုံးနေလေပြီ။

သူကြီးဦးပွမှာ ကျောက်ခဲ၏ ဦးလေး။ ဦးလေးဖြစ်သူမှာလည်း သူကြီးဖြစ်လင့်ကစား အာဏာဖြင့် ဖိနှိပ်ချုပ်ကိုင်အနိုင်ယူကတတ်သူမို့ တစ်ရွာလုံး ကြောက်ရွံ့ကြရ၏။ ခုတော့ ကောင်းကောင်း ထုနက်ခံရပြီး သွားတွေပါကျိုး၊ နံတွေ[illegible] ခါးတွေနာကာ မထနိုင်ရှာတော့။ [illegible] လုံးက မသနားကြ။ သေစေချင်ကြ[illegible]

"တောက် ... ဓားပြတွေ[illegible] ကျောက်ခဲနဲ့ တက်ပုသာ ရှာကြ[illegible] သူကြီးပါ သတ်သွားရင် ပြီးတာပဲ"

"ဟုတ်တယ်။ ကျောက်ခဲကြော[illegible] ဓားပြအတိုက်ခံရတာကွ"

"ဒီအကောင် အသေဆိုးနဲ့ [illegible] စေဗျာ"

ရွာသားတွေမှာ မိမိတို့အိမ် [illegible] ရှင်းလင်းကြ၊ အိုးကွဲ၊ ပန်းကန်ပွဲတွေ [illegible] လုံး သန့်ရှင်းရေးလုပ်ရင်း တစ်အိမ်နှင့်[illegible] အိမ် မတိုးမကျယ် မကျေမနပ်သော [illegible] သံတွေ ထွက်လာသည့်အခိုက် –

"သူကြီး .. သူကြီး။ ချောင်းထဲ[illegible] အလောင်းနှစ်လောင်းဗျို့၊ အလောင်း[illegible] လောင်း ..."

"ဟေ ... ဘယ်သူတွေလဲ"

"မသိဘူး။ ကြောက်လို့ မကြည့်[illegible] ဘူး"

"အား ... နာလိုက်တာ။ ဟေ့ ... သက်တင်နဲ့ မောင်ဝင်းတို့ ငါ့ကိုတွဲကြ[illegible] အလောင်းတွေ သွားကြည့်ရအောင်"

"ဟုတ်ကဲ့ သူကြီး"

သူကြီးအား သက်တင်နှင့် မော[illegible] ဝင်း တွဲကာ တရွတ်ဆွဲဆွဲရင်း ချော[illegible] အစပ်သို့ ရောက်သွားလေပြီ။ ရွာသူ[illegible] သားတွေ အားလုံးလည်း ချောင်း[illegible] ရောက်နေ၏။

"သူကြီး ... ဒီအလောင်း[illegible] တက်ပုဗျ။ ဟိုအလောင်းက ကျောက်[illegible]"

"ဟေ ... ကျောက်ခဲ"

"ကြည့် ... ကြည့်။ သူ့တူကျော[illegible] ခဲတဲ့၊ တက်ပုကျတော့ ဘာမှမပြောဘူ[illegible]"

တီးတိုးစကား မိန်းမသားတွေထံ[illegible] ထွက်လာလေပြီ။ ထိုအထဲမှ ဒေါ်ခင်[illegible] ဆိုသော မုဆိုးမကြီးသည်လည်း မ[illegible]



www.burmeseclassic.com

www.burmeseclassic.com

…ယ် ပြောလေပြန်၏။

"ဟဲ့ ... ကောင်မရဲ့၊ ကျောက်ခဲ … သူ့တူ၊ သူ့မိုလ်ကျနိုင်အောင် လူမိုက် … အကာအကွယ်ပေးနေတာလေ။ …နဲ့ လူတော သူပါသေသင့်တာဟဲ့"

"တိုးတိုးပြော"

ကျောက်ခဲနှင့် တက်ပုသို့နှစ်ယောက် …ဆုံးရသည်မှာ ဓားပြအဖွဲ့က သတ်၍ …တဲ့။ ကြောက်ကြောက်လန့်လန့်ဖြင့် …ာက်ကွေ့ချောင်းထဲ ဆင်းအပြေး …ာက်ကွေ့ချောင်းမှာ ရေတက်ရေကျ …ဖြင့် ရေအကျဝယ် နွံထဲနစ်နေသော် …ည်း သူတို့နှစ်ယောက် ရေအတက်ကို …င့်ရင်း မအော်ဘဲ ငြိမ်နေရာ ရေ…က်လာသော်လည်း သူတို့ ရုန်း၍မရ။ …ရင်း ရင်မှလည်မျိုသို့အရောက် ဓားပြ…ဲ့ သမ္ဗန်ကြီးတွေပေါ် တက်သည်ပတွင် …ပယက် စောင့်နေခိုက် ရေသည် …သည်ထက် တက်လာပြီးနောက် သူ…ယောက် ရှိသမျှခွန်အားဖြင့် ရုန်း …သော်လည်း မရတော့။ နောက်ဆုံး … နွံနစ်၊ ရေနစ်ကာ မတ်တတ်ကြီး … သေနေကြရလေပြီ။ သူတို့ လက်ပံ …ရွာကား ပေါ်ညည်းလို့ ဓားပြတွေ …တ်သော သေနတ်သံ သုံးချက်နှင့် … အမျိုးသမီးတွေ အော်ဟစ်သံများ …ာက် ငိုသံရှိုက်သံ ဆူညံပါသော် …ည်း ကယ်သူမဲ့ကြလေပြီကော ...။ …ခေါ်လာန်နက် …ါးမှာ အလောင်းနှစ် …ာင်းက … …တ်ရပ်လျက် သေနေ …ကြရလေပြီ။

…တွေ မသတ်လိုက်ရသော် …ည်း … ဘာဝဘေးအန္တရာယ်က သတ် …ပြီ၊ အသေဆိုးတွေဖြင့် သေ …ကြရသည့် သူကြီးဦးပွမှာလည်း …ဒံဆုံး မသန်မစွမ်းဖြစ်ကာ သူကြီး …ပင် လက်လွှတ်ရလေပြီကော ...။

(၅)

ထိုသတင်းကြား၍ ပုလိပ်အဖွဲ့ ရောက်လာပြီး ရွာ၏ အဖြစ်အပျက်တွေ ရေးသားရင်းမှ ထိုဓားပြအဖွဲ့အား ဝရမ်းထုတ်လိုက်သည်မှာ ဓားပြမဟုတ်တော့။ သူပုန်အဖွဲ့ဖြစ်၍ သတင်းပေးနိုင်သူများအား ဆုတော်ငွေချမည်ဟုလည်းကောင်း။

လက်နက်ဖွဲ့ကိုင်ပြီး ဓားပြတိုက်လေသော ဓားပြများအား ဤနေ့ ဤအချိန်မှစ၍ သူပုန်ဟု သတ်မှတ်လိုက်သည်။ အကယ်၍ လက်နက်ချ အလင်းဝင်ပါက အားလုံးကို ပစ်မှုမှ လွတ်ငြိမ်းချမ်းသာခွင့် ပြုမည်ဟု အမိန့်ထုတ်ကြော်ငြာတွေ ရွာစဉ်ဖြန့်လိုက်သောအခါဝယ်

"ကဲ ... သူငယ်ချင်းတို့၊ တို့ရဲ့ အမှားတွေ ကျေအေးကြစို့၊ ကလဲ့စားချေပြီးပြီ။ တစ်ခုတော့ ရှိတာပေါ့။ တို့မသတ်လိုက်ရပေမဲ့ သဘာဝက သတ်လိုက်ပြီလေ။ ဒီတော့ တို့ဟာ လူသတ်ကောင် မဟုတ်ဘဲ အောင်ပွဲရတာပဲ"

"မဟုတ်ပါဘူး ရဲရင့်ရေ။ ကလဲ့စားချေအောင်ပွဲတွေကွ"

"ဖအေးလေ ... ထားပါတော့။ ကံဆိုးချင်ခဲ့တစ်ရွာ ရန်ဖြစ်နေတာ မကောင်းပါဘူးလေ။ တို့လက်နက်ချကြပါစို့"

"ဟုတ်တယ်။ လာဘတုန်းမိုင်းပေါ်ပြီးပြီ။ ဟဲဟဲဟဲဟဲ ... လွတ်ငြိမ်းချမ်းသာခွင့်ဆိုတာ ဟို့အတွက်ကွ"

"ဟုတ်ပါ့ကွာ။ သူတော်ကောင်းအတွက် လွတ်ငြိမ်းချမ်းသာခွင့်၊ သူယုတ်မာတွေအတွက်က မတ်တတ်သေရေနစ်၊ သူတို့ဦးလေးက သေရာပါဒုက္ခတကြီး။ ပြီးပြီ ... ပွဲပြီးပြီကွ"

"အဖေ့သား ... အဖေ့အစား ကလဲ့စားချေပြီးပါပြီ အမေ။ မြွေပွေးမှာ အဆိပ်ရှိသလို မြွေပောက်မှာလည်း အဆိပ်နဲ့ပါပဲ။ ကလဲ့စားဆိုတာ ချေမှ ကျေတာ အမေရဲ့။ မကောင်းမှန်းသိပေမဲ့ အကောင်းလမ်းက ကြည့်မနေပါဘူး။ သားတို့ဟာ လူဆိုးလူမိုက် ဘက်တော်သားတွေ မဟုတ်လို့ အန္တရာယ်မဖြစ်တဲ့ အပြင် ခုတော့ သားနာမည်ဟာ ရဲရင့် မဟုတ်တော့ပါဘူး။ မောင်လူလေးပါ အမေရယ်"

"ဝမ်းသာလိုက်တာ သားရယ်။ ဓားပြ သူပုန်ဘဝမှာ ဆက်နေသွားမှာ စိုးရိမ်လိုက်ရတာ။ ခုတော့ အမေရင်အေးရပြီ။ သားမောင်လူအေးရယ်"

မောင်လူအေးတစ်ယောက် ဖခင်အသတ်ခံရမှုအတွက် ကလဲ့စားချေမည် ဆိုသည့် ဆုံးဖြတ်ချက်ချကာ လူငယ်ပီပီ သွေးပူပူဖြင့် သတ်သူတရားခံ၏ ခြေရာခံရင်း ဖဲသမားဘဝဖြင့် ဆက်လက်ရှာဖွေခဲ့၏။ သူသိရလေသောအခါ သူငယ်ချင်း ရွာသားများနှင့် တိုင်ပင်ကာ တန်ပြန် ကလဲ့စားချေ အနိုင်ယူ၊ အနိုင်ရကျေနပ်ခဲ့ပါသော်လည်း သူ့အတွေးထဲဝယ် သူ့ကြောင့် သူနှင့်အတူ သူငယ်ချင်းတွေ ဓားပြ…ဘက်ကြီးသည့် အပြစ်ဖေတ် သူပုန်အဖြစ် ခံရမည်ကိုသော… စိတ်မကောင်းခဲ့။

သို့သော် ကံအားလျော်စွာ လက်နက်ချပါက လွတ်ငြိမ်းချမ်းသာခွင့်ပေးမည် ဆို၍ သူတို့လက်နက်ချလိုက်ကြ၏။ အမှန်ပင် အပြစ်မယူ၊ ပညာပေးဆုံးမကာ ကျူးလွန်ခဲ့သော ဓားပြမှုသာဖြစ်ပြီး လူသတ်မှု မမြောက်၍လည်း ပိုမိုဝမ်းသာမဆုံးတော့။ သို့သော် တစ်လနီးပါး အမှောင်ဘဝထဲဝယ် စိုးရိမ်ကြောင့်ကြ ဗျာပါဒတွေ ခံစားရင်း သံဝေဂရသည်မှာ –

"အမှောင်ခေတ ငါ့ဘဝ စိုးရိမ်ကြောင့်ကြမှုတွေ များလိုက်တာ။ ဩော် ... ကလဲ့စား။ ကလဲ့စား။ တစ်ရွာလုံး အတိ ငါမှားခဲ့မိပါတကား ..."

မင်းရဲကျော်



www.burmeseclassic.com

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည်

## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့...

မိမိဘ၀ရဲ့ ကောင်းခြင်း ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည့်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘ၀ရဲ့ မွေ့တာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘ၀ရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘ၀ရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘ၀ဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘ၀ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့်...

■ အမှတ်(၂၀၅/က)၊
ဝိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ စီးပွားတက်ခြင်း၊ ပစ္စည်းဥစ္စာ အမွေအနှစ်များကို မမျှော်လင့်ဘဲ ရရှိမှာဖြစ်သလို အောက်ပါအဖြစ်အပျက်တွေကို ခံစားရမှာ ဖြစ်ပါတယ်။ ယခုကာလအတွင်း အလှူအတန်းကိစ္စတွေ မှုချလုပ်ရမှာ ဖြစ်ပါတယ်။ ထီပေါက်သလို ငွေများ အစုလိုက် အပုံလိုက် ဝင်လာတတ်ပါသေးတယ်။ ခရီးအကျိုးပေးသောကာလဖြစ်သောကြောင့် မကြာခဏ ခရီးသွားရပါလိမ့်မယ်။ အတူနေမိသားစုထဲမှ အကြီးအကဲ အဘိုးအဘွားများ နာရေးဖြစ်တတ်တယ်။ ကံကောင်းသောကာလ ဖြစ်ပေမယ့်လည်း ငွေနှင့်ပတ်သက်ပြီး အနည်းငယ် ပြဿနာပေါ်နိုင်ပါတယ်။ ကိုယ့်ဆီဝင်တဲ့ငွေတွေဟာ မတည်မမြဲ ဖြစ်တတ်ပါသေးတယ်။ ယခုကာလမှာ စာရွက်စာတမ်းကိစ္စတွေနဲ့ ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ အမှုထမ်း၊ အရာထမ်းတွေဖြစ်နေရင်တော့ မိမိကို ပစ်စာ တိုင်စာ ရောက်ရှိလာတတ်ပါတယ်။ လက်ရှိအလုပ်အကိုင်ကို စိတ်မဝင်စားခြင်း၊ ပြောင်းလိုစိတ် ဖြစ်ပေါ်ခြင်းမျိုး မကြာခဏ ဖြစ်လိမ့်မယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် ဝါခေါင်လ၊ ကဆုန်လနှင့် တန်ဆောင်မုန်းလများ ပါရင်တော့ ၎င်းလတွေမှာ ကျိန်းသေငွေဝင်ပါလိမ့်မယ်။ အပျို လူပျိုတွေ ဖြစ်လျှင်တော့ ကြင်သူကြင်ဖက် တွေ့မယ့်ကာလဖြစ်ပါတယ်။ ကိုယ့်ကို လာကမ်းလှမ်းတဲ့အထဲမှာ တနင်္လာသားသမီး၊ စနေသားသမီးတွေ ပါတတ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုးအကြောနှင့် ပတ်သက်တာတွေ ဖြစ်တတ်တယ်။ သင်သည် မိန်းကလေးဖြစ်နေရင်တော့ သွေးသားနဲ့ ပတ်သက်တဲ့ဝေဒနာ၊ အလုံးအကျိတ်ဝေဒနာတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကော်(၂)ညွန့်၊ ဆီး(ဇီး)ညွန့်(၈)ညွန့်(ဆူးဖြုတ်)၊ ကနက္ကဒန်ထီးဖြူ (၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၃၂

### အထူးသတိပြုရန်

ယခုကာလအတွင်း ခိုင်မာသော စီးပွားရေးတစ်ခု တည်ထောင်လိုက်ပါ။
လက်ရှိအခြေအနေမှ အဆပေါင်းများစွာ စီးပွားတက်လာပါလိမ့်မယ်။
အရက်သေစာ လုံးဝမသောက်ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

စိတ်ဝေဒနာရှင်တစ်ဦးကို အာလူးဟင်းချက်ပြီး ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့နေပါတယ်။ အညှံ့ကြီးမဟုတ်ပေမယ့် ထင်သလောက် အောင်မြင်မှု မရရှိနိုင်သေးတဲ့ကာလ ဖြစ်ပါတယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ကြုံရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်နေမယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ အလုပ်တွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန်စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စလိမ့်မယ်။ မြေတစ်ကွက် ဝင်တတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ ဘာသာရေးနှင့်ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိပါက ဆေးရုံသို့ ပို့ပါ။ အိမ်၌ မီးဖွားလျှင် အဆင်မပြေ ဖြစ်တတ်တယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးဖြစ်တတ်တယ်။ ယခုကာလတွင် ကြွေးပေးခြင်း၊ ကြွေးတောင်းခြင်း မပြုပါနှင့်။ အမွေပစ္စည်းများ ရတတ်တယ်။ ယခုကာလအတွင်း လက်ခံပါက အလဟဿ ကုန်သွားတတ်တယ်။ ကျန်းမာရေးဂရုစိုက်ပါ။ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေတတ်တယ်။ သင်သည် မိန်းကလေးဖြစ်ပါက သွေးဖောက်ပြန်ပြီး စိတ်နှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ အမျိုးသားဖြစ်ပါက ဝမ်းဗိုက်နှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၁)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၁၊ ၃၂၊ ၃၃

### အထူးသတိပြုရန်

ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာဧကောင်းကောင်းနှင့် မအိပ်ပါနှင့်။ အိပ်လျှင် ကျန်းမာရေးချူချာခြင်း၊ ပြဿနာဟောင်း၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထမင်းပေါင်းများရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် မပြောပလောက်တဲ့ အညံ့အခိုက်လေးတွေ တွေ့ရတတ်ပါတယ်။ အလုပ်တွေ အများကြီး လုပ်နေရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်နေမယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ အဲဒီအလုပ်တွေကလည်း ကိုယ့်အတွက် အကျိုးမရှိဘူး ဖြစ်နေတတ်တယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရတတ်တယ်။ အလုပ်တွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ အလုပ်ပြောင်းရန် စိတ်မကူးပါနှင့်ဦး၊ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး ဆရာသမားတွေက ကူညီစောင့်ရှောက်တတ်ပါတယ်။ သင်သည် အမျိုးသားဖြစ်နေလျှင် ဒီအချိန်မှာ ပဋ္ဌင်းခံရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ ငွေကြေးလည်း ထင်သလောက် မဝင်တတ်ဘူး။ ဒီကြားထဲ သူများကို အာမခံလုပ်ပေးလိုက်လို့ ငွေဆုံးခြင်း၊ ကိုယ်က စိုက်လျော်ရခြင်းမျိုး ဖြစ်တတ်တယ်။ သူခိုး,ခိုးခံရတတ်တယ်။ အလှူရက်၊ မင်္ဂလာရက်တွေလည်း နောက်ဆုတ်ရတတ်တယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းတွေ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တနင်္ဂနွေခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ (၅)ညွှန့်၊ ယပ်အဝါရောင် (၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၅၊ ၄၄၊ ၅၃၊ ၈၁

### အထူးသတိပြုရန်

ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်း မအိပ်ပါနှင့်။
အိပ်လျှင် ကျန်းမာရေး ချူချာတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ပေါင်မုန့်(၂)ချပ်နှင့် နွားနို့(၂)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ခရီးတို၊ ခရီးရှည်တွေ သွားနေရတတ်တယ်။ ထိုခရီး တွေကလည်း သင့်အတွက် အကျိုးထူးစေတဲ့ ခရီးစဉ်တွေ ဖြစ်နေတက်ပါတယ်။ မထင်မှတ်ဘဲ ပညာရပ်ဟာစ်ခု ထပ်မံသင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရ ခြင်းမျိုး ကြုံရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေအဖို့ မိမိရဲ့အကြ အကဲက မိမိကို ကူညီထောက်ပံ့မှုတွေ ပေးနေတဲ့ကာလဖြစ်ပါတယ်။ ဝန်ထမ်း ဆိုရင်တော့ ဌာနဆိုင်ရာအကြီးအကဲက မိမိကို မျက်နှာသာပေးတဲ့အချိန် ဖြစ်ပါ တယ်။ ကိုယ်ပိုင်စီးပွားရေးသမားဆိုရင်တော့ ဒီကာလမှာ လုပ်ငန်းမချဲ့ပါနှင့်ဦး ငွေနှင့် ရင်းနှီးရတဲ့ အရင်းအနှီးမျိုးကိုလည်း မတိုးချဲ့သင့်ပါ။ ကိုယ်ပိုင်လုပ်ငန်း ပဲ လည်ပတ်သင့်ပါတယ်။ သင်သည် ယောကျ်ားလေးဖြစ်နေရင် ဒီကာလမှာ အိမ်ထောင်မပြုသင့်ပါ။ ကျန်းမာရေးညံ့နေတဲ့ သက်ကြီးရွယ်အိုတွေ မိမိအိမ်က လာတည်းရင် ကျန်းမာရေး ပိုညံ့သွားတတ်တယ်။ မိမိကိုယ်တိုင်လည်း မတော် တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ရေနွေးပူလောင်ခြင်း၊ မီးဟပ်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ထီး (၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၁၊ ၆၆၊ ၁၆၊ ၆၁

### အထူးသတိပြုရန်

ယခုကာလတွင် မိမိလက်ရှိလုပ်နေတဲ့လုပ်ငန်းရဲ့ဆိုင်းဘုတ် မပြင်ရပါ။ ရေစက်ချပြီး အလှူကြီး မလုပ်ရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားဘွင် တနင်္ဂနွေနေ့တိုင်း အုန်းဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ညှံ့ပေမယ့်လည်း လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ငွေဝင်နည်းပေမယ့်လည်း ငွေအနည်းငယ် ဝင်တတ်ပါသေးတယ်။ ဒါပေမဲ့ စုလို့ဆောင်းလို့ရတဲ့ကာလ မဟုတ်ပါဘူး။ ထွက်နေတဲ့ လက်ဝတ်ရတနာပစ္စည်းများ ဒီအချိန်မှာ ပြန်ဝင်တတ်တယ်။ ကွဲကွာနေတဲ့ ဆွေမျိုး၊ မိတ်ဆွေတို့နဲ့ ပြန်လည်တွေ့ဆုံတတ်ပါတယ်။ အိမ်မှာ သားပျို၊ သမီးပျိုများ ရှိပါက အိမ်ထောင်ကျတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နဲ့ အဆင်မပြေကြီးစွာ ဖြစ်တတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေလည်း ဖြစ်ပေါ်လာကတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စလည်း လက်မခံပါနှင့်။ တပည့်လက်သားတွေက ဒုက္ခပေးတတ်တယ်။ သူတို့တွေကလည်း အမှုတွေ သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့် အစာအိမ်နှင့် ပတ်သက်တဲ့ ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွှန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူရောင်(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၄၆၊ ၆၄၊ ၄၂၊ ၂၄

### အထူးသတိပြုရန်

မိမိအိမ်သို့ ဘုရားတစ်ဆူကြွလာသော နိမိတ်တွေ့ပါက ငွေအစုလိုက် အပုံလိုက် ရတတ်တယ်။ မြောက်အရပ်သို့ ရေလမ်းခရီး မသွားရ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါလိမ့်မယ်။ မပြည့်စုံတာတွေ ပြည့်
လာလိမ့်မယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာမှာပါ။ အလုပ်နေရာ၊ အိမ်နေ
ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ခြင်း လုပ်ရတတ်တယ်။ အလုပ်သစ်ပေါ်
(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာ
လိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြ
လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထော
ကျတတ်သော ကာလဖြစ်ပါတယ်။ ယောကျ်ားလေးဖြစ်ပါက ဒီအချိန်မှာ
အိမ်ထောင်ကျလျှင် ကောင်းပါတယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော
မင်္ဂလာဆောင် ဖြစ်လိမ့်မယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ ဘုရား
ခရီးသွားရတတ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားလျှင် ဒီအချိန်မှာ ဆော
ရွက်လိုက်ပါ။ အဆင်ပြေပါလိမ့်မယ်။ ယခုအချိန်တွင် အိမ်ဆောက်လျှင် အိမ်
အိမ်ကောင်းရ၍ အကျိုးပေးသောအိမ်မျိုး ရတတ်တယ်။ ဘုရားဆင်းတုတော်
စွယ်တော်၊ ရဟန္တာများ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများလည်း ဝင်လာတတ်တယ်။ ယခုကာလတွ
ဝယ်သော ရွှေထည်ပစ္စည်းသည် ရာသက်ပန် အကျိုးပေးတာမျိုး ဖြစ်တတ်တယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာ
တတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်လိမ့်မယ်။ မြေအဝင်မခံရ။ စိတ်ညစ်ရ
တတ်တယ်။ မဖြစ်မနေ မြေဝယ်မယ်ဆိုရင်တော့ ဖျာချောလေး(၁)ချပ်ကို ရဟန်းတစ်ပါးကို လှူလိုက်ပါ။ အလုပ်တွင် အတိုက်
အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံ မှန်သမျှ အနိုင်ရမယ်။ အကြီးအကဲကို အကူအညီပေးတတ်တယ်။
ရပ်ဝေးကနေ မိမိကိုးကွယ်တဲ့ ဆရာတော်တစ်ပါး ကြွလာတတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလော
အောင် ပြဿနာဖြစ်တတ်တယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီး အကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ဖခင် ကျန်းမာ
ရေး ညံ့တတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများဝင်တတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်က လိမ့်ကျတတ်တယ်။ ဒါကြော
လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီပွဲင် တန်ခိုးကြီးဘုရားတစ်ဆူ၏ ဖမွေးနံထောင့်၌ ဝါးညွှန့်(၁)ညွှ
ပေါက်ပန်းဖြူ(၅)ညွှန့်၊ ဂြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၄၊ ၆၂၊ ၄၆၊ ၄၂

### အထူးသတိပြုရန်

အိုးပိုင် အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် မိမိနေထိုင်ရာ
အိမ်ခြံဝန်းအတွင်း သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်
မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း
လက်သုတ်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် ဆိုင်သစ်ဖွင့်ဖို့ ကြံရွယ်ထားရင် ဒီအချိန်ဟာ အကောင်းဆုံးအချိန် ဖြစ်ပါတယ်။ စက်ပစ္စည်းအသစ်များ ဝင်တတ်တယ်။ စိန်ထည်ပစ္စည်းတွေလည်း ဝင်တတ်တယ်။ မိမိနေအိမ်ကိုလည်း ဘေးမှာ တိုးချဲ့ခြင်း၊ အခန်းဖွဲ့ခြင်း၊ အသေးစားပြင်ဆင်မှုတွေ ပြုလုပ်ရတတ်တယ်။ ယခုကာလတွင် မိမိပိုင်ပစ္စည်းတွေကို ထုခွဲရောင်းချပြီး လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ငွေတွေလည်း ဝင်လာစရာရှိတာ မဝင်ဘဲနဲ့ တွန့်ဆုတ်ဆုတ် ဖြစ်နေတတ်ပါတယ်။ လုပ်ငန်းအသစ်ပြောင်းပြီး လုပ်ဖို့စိတ်ကူးထားရင်တော့ ရေတိုလုပ်ငန်း ဒါမှမဟုတ် စပ်တူလုပ်ငန်းဆိုရင် အောင်မြင်မှု ရတတ်ပါတယ်။ ငယ်ရွယ်သူတွေအဖို့ ပညာရေးနဲ့ပတ်သတ်ပြီး အထစ်အငေါ့ ဖြစ်တတ်ပါတယ်။ မြေကိစ္စ၊ အမွေကိစ္စများကို ယခုကာလ တွင် မပြုလုပ်ပါနှင့်။ မသွားချင်ဘဲနဲ့ ခရီးဝေးတစ်ခု သွားရတတ်တယ်။ တားအနည်းငယ် ပွတ်တိုက်မိတတ်တယ်။ ဘိုးတော်တု၊ ဆရာတုတွေလည်း ရောက်လာတတ်တယ်။ သင်သည် အမျိုးသမီး ဖြစ်ရင်တော့ အစွပ်အစွဲတွေ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၈)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကုက္ကားအဖြူ(၁၉)ခုကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၃၆၊ ၁၃၊ ၁၄၊ ၁၈၊ ၃၁

### အထူးသတိပြုရန်

အိမ်အနီးအနားတွင် အိမ်အသစ်ဆောက်ခြင်း၊ သွားလာနေရင်း အိုးစည်ဝိုင်းများ တီးမှုတ်နေသော နိမိတ်တွေ့ပါက သင့်အဖို့ အကြံအစည်များ မအောင်မြင်တတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း အုန်းဆွမ်း (၄)ဝန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ ပညာရပ်တစ်ခု ထပ်မံသင်ကြား တတ်တယ်။ အဲဒီပညာရပ်က ကိုယ့်ကို အကျိုးပေးနေတတ်တယ်။ ဘုရားဖူးခ များ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြ များ ကြုံမယ်။ မိတ်ဆွေကောင်းများ၊ ဆရာကောင်းများနှင့် တွေ့မည်။ လုပ်ငန် သစ်များ ညှိတယ်ဆိုပေမယ့်လည်း မဖြစ်မနေ လုပ်ရမယ်ဆိုရင်တော့ လုပ်ငန် သစ်များ စတင်ပြုလုပ်နိုင်သောကာလ ဖြစ်ပါတယ်။ လုပ်ငန်းဟောင်းများ ပြ ပေါ်တတ်တယ်။ ယခုကာလတွင် ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆ မပြေ လမ်းခွဲရခြင်းများ ဖြစ်တတ်တယ်။ ငွေအဝင်အထွက် ကြမ်းနေလိမ့်မယ လူငယ် လူရွယ်တွေအဖို့ အချစ်ရေးစန်းပွင့်တဲ့အချိန် ဖြစ်နေမယ်။ စေ့စပ်မင်္ဂလာ ပွဲများ၊ အလှူမင်္ဂလာပွဲများ ပြုလုပ်ရတတ်တယ်။ အိမ်ထောင်သည်တွေအ အိမ်ထောင်ဘက်နှင့် ပတ်သက်ပြီး စိတ်ညစ်စရာပေါ်တတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တ တယ်။ လောင်းကစား အပျော်အပါးမက်တဲ့သူတွေအဖို့ လူလိမ်ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဒူးနာ၊ ခါးနာ ဖြစ်တ တယ်။ နှလုံးနှင့်ပတ်သက်၍ ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွ တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်အဖြူ(၂၁)လုံးတို့ကို လှူပေးပါ။ အညံ့မျ ပြေပျောက်စေရန် ဆုတောင်းပါ။

BURMESE CLASSIC .com

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၅၅၊ ၉၉၊ ၉၅၊ ၅၉

### အထူးသတိပြုရန်

ယခုကာလအတွင်း နာရေးလုံးဝမသွားပါနှင့်။ ထောင်ဝင်စာ မတွေ့ရ

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း အမွှေးဆပ်ပြာခဲပေါ်တ အမွှေးတိုင်ထွန်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com